www.burmeseclassic.com

# မဟူရာ
(လှိုင်ကော်)

# လမင်းထဲကလူ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## မဟူရာ(လှိုင်ကော်)

# လမင်းထဲကလူ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၇၄၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၁၀၅၁၁

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀ိ/-


အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# မဟူရာ

## (လှိုင်ကော်)



# လမင်းထဲကလူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





သိုးမွေးဖွားဖွားလေးတွေ ထူပိန်းနေသည့် ဝါလုံလုံ လွယ်အိတ်လေးကို လွယ်လျက်ဖြင့် မုံ ကားပေါ်မှ ဆင်းနိုက် ...

"အိမ်မှာ ဧည့်သည်တွေ ရောက်နေတယ်မုံ၊ တောင်ကြီးက လေ၊ အစ်ကိုကြီးဆီ လာနေတဲ့ အစ်ကိုကြီးရဲ့ သူငယ်ချင်း ဦးစိမ်းကြည်တို့ မိသားစုပဲ"

ဟု ပြောတော့မှ မုံ ပြုံး၍ ...

"မုံ သိတယ် လေးလေးဆွေ၊ ဘွား မနက်ကပဲ ပြောတယ်၊ အန်ကယ်စိမ်းတို့ လာလည်ကြမယ်တဲ့၊ မုံ ဆယ်နှစ်သမီး တုန်းက တောင်ကြီးကို သွားလည်ခဲ့တာ၊ ခုထိ ပျော်တုန်း၊ စမ်းချောင်းတွေ ဘာတွေရှိတဲ့ တောတောင်တွေဘက်လည်း ရောက်ခဲ့တာ၊ လေးလေးဆွေ ခွင့်ယူပြီး ရှာပြန်၊ ဒေါ်လေးကို လက်ထပ်ယူတဲ့ အပတ်ကပေါ့၊ ဟင်း ... ဟင်း ... လေးလေး ဆွေသာ ပါခဲ့ရင် ဒေါ်လေးနဲ့ တူတူဆို ပိုပြီး မှတ်မိစရာ သတိရစရာတွေ ဖြစ်နေမှာ"

မုံကတော့ ကလေးလိုပဲ ပေါ့ပါးကြည်စင်စွာ ရယ်မောပြောတော့ လေးလေးဆွေ လိုက်ရယ်သည်။

"အေးကွာ၊ ငါ ခွင့်ယူတာ စောသွားခဲ့တာ"

www.burmeseclassic.com



ဟု ညည်းလိုက်ချေသေးသည်။

မုံ ဆိုတာ လေးလေးဆွေ လက်ထဲ ကြီးလာသလို ဖြစ်ရတာမို့ ကလေးလိုပဲ မုံ ဆိုးနေကျ။

"ဖေဖေ စင်ကာပူသွားတာ အန်ကယ်စိမ်းတို့ သိတယ်တဲ့၊ ဒါပေမဲ့ ဘွားနဲ့ တွေ့လဲ ဖြစ်တာပဲ ဆိုပြီး မိသားတစ်စု အလည်လာတာတဲ့လေ၊ ရန်ကုန်ကို အန်တီနက ဘုရားဖူး လာချင်နေတာတဲ့"

ဟု သိထားသမျှတွေ ပြောပြပြီး မုံ မှန်တံခါးရွက်ကြီးကို တွန်းဖွင့်ဝင်တော့ တကယ်ပဲ အန်ကယ်စိမ်းတို့ မိသားစု ဖြစ်နေကြသည်ပါပဲ။

အန်ကယ်စိမ်း ဘေးမှာ ထိုင်နေတာ အန်တီန။ မုံ အလည်ရောက်စဉ်တုန်းက အရမ်းကို အလိုလိုက် စိတ်ရှည်ခဲ့သော အန်တီန၏ လှပချောမွေ့သည့် မျက်နှာလေးကို မုံ ဘယ်မေ့နိုင်ချေမည်တဲ့လဲ။ နည်းနည်းလေး ဝလာတာပဲ ရှိသည်။ ဒါပေမဲ့ လှနေသည်ပါပဲ။

ဒါပေမဲ့ ... လူကြီးတွေကြားမှာ ဆိုဖာတစ်လုံး၌ ထိုင်ရင်း ဣန္ဒြေအကြီးစားကြီးဖြင့် လူတည်ကြီး လုပ်နေသည့် လတစ်ယောက်ကို မုံ ခပ်ရှုးရှူးလေး ကြည့်မိရပါပြီ။

ပုံကိုက မျက်နှာကြီး မှုန်တည်တည် ဖြစ်နေသည်။ လက်ထဲမှ သတင်းစာကို အလွတ်ကျက်နေသလိုကြီး ဖတ်နေသည့်ပုံ။ လူကြီးတွေက ရယ်မောပြောဆိုကြ၊ ပြုံးကြနှင့် ဖြစ်နေသည့်ကြားထဲမှာ မျက်နှာတည်ကြီးနှင့် ရေးရေးရာရာ စတိုင်ထွားနေသည့် လူ။



မျက်ခုံးထူကြီးကို တွန့်ထားသေးသည်။ မျက်နှာက လေးထောင့်ကျလျက် နှာတံက ထင်းသည်။ တိုက်ပုံအင်္ကျီတွေ ဘာတွေနှင့် သပ်သပ်ရပ်ရပ် ဝတ်ထားပေမဲ့ စိတ်လိုလက်ရ ပါလာသည့် ဧည့်သည်ပုံမျိုး မဟုတ်။

ဤမျက်နှာကို မုံ မြင်ဖူးပါသည်လေ။ ဖျတ်ဆို သူကလည်း မုံ့ကို တစ်ချက်လှမ်းကြည့်သည်။ မုံ တွေးသလိုလေး ကြည့်နေမိရာမှ ဖျတ်ခနဲ မှတ်မိလိုက်ပြီ။ မျက်ခုံးထူကြီးနှင့် ဤမျက်ဝန်းရှုးတည်တည်ကြီးကို မုံ အမြင်ကတ်ခဲ့သည်ပဲ။

"တိတ် ... နင် ... သိပ် ငိုကြောရှည်တာပဲ ငိုပြဲ ..."

ဆိုသည့် အသံမာမာကြီးကို ချက်ချင်း ကြားမိလာရသည် မဟုတ်ပါလားလေ။

ဘယ်သူရှိမည်တဲ့လဲ။

မာန်ပေါ့။ အားမာန်၏ သဘောကိုဆောင်၍ အမည်ပေးခဲ့တာ ဖြစ်ချင်ဖြစ်မည်။ ဒါပေမဲ့ အလွန်မာန်မဲသည့် ကိုမာန်။

"ဟော ... မြေးလေး လာ ... လာ ... ဒီမှာ အန်ကယ်စိမ်းတို့ ရောက်နေကြပြီ၊ ဒါ ဘယ်သူလဲ သိလား"

ဘွား ရယ်၍မေးတော့ မုံ ပြုံး၍ အန်တီန ဘေးမှာ ထိုင်လိုက်ရင်းမှ ...

"မှတ်မိတာပေါ့၊ အန်တီန ... မုံ့ကို ချစ်တဲ့ အန်တီနပဲဥစ္စာ၊ ဘယ်မေ့မှာလဲ၊ ခုမှပဲ လာတော့တယ် အန်တီနရာ"

ဟု ချွဲတော့ မျက်နှာထားကြီးနှင့် မကြိုက်သလိုကြီး လှမ်းကြည့်လာသည့် သူ့မျက်နှာကို အံ့ဩစွာ မုံ မြင်လိုက်ရသည်ပါပဲ။

www.burmeseclassic.com



အန်တီနုကို မုံ ချစ်ခင်စွာ ရွဲ့နွဲ့ ပြောနေတာကို ဘာကိစ္စ သူက ကြားထဲမှ အူပွရပါသတဲ့လဲ။

မုံနှင့်ဖြင့် စကားတစ်ခွန်းတောင် ပြောရသေးတာ မဟုတ်။ အလကားနေရင်း မျက်နှာကြော လာတင်းပြနေသည့်လူ။

"သူကရော ဘယ်သူလဲ"

အန်တီနု ရယ်လျက် မေးတော့ မုံ သိနေပါလျက်နှင့် ...

"ဟင့်အင်း ... မသိပါဘူး၊ သူ ဘယ်သူနဲ့ စိတ်ဆိုးလာလဲ ဟင်၊ အရမ်း တည်တာပဲနော်"

ဟု မုံ့ အကျင့်လေးအတိုင်း မအောင့်အည်းနိုင်စွာ ပြောတော့ ပို၍ မျက်နှာသံပတ် တင်းလာတာမို့ ...

"သံပတ်ပြတ်ထွက်မှ မျက်ကြောတွေ ပြတ်ပြီး အသေလိုက်ကြီး ဖြစ်နေမှာ၊ အလကား မာန်"

ဟု စိတ်ထဲမှ မေတ္တာပို့သည်။

ဘွား ရယ်မောလျက် အန်တီနုကို ကြည့်ရင်းမှ ...

"စွာတဲ့နေရာမှာ အဲဒါသာကြည့်"

ဟု ပြောတော့ ...

"ဟုတ်သားပဲ၊ မာန်ကလဲ မျက်နှာကြီး တည်နေလိုက်တာ၊ ညီမလေးကို မမှတ်မိဘူးလား၊ မုံလေ ... ယမုံဦးလေ"

အန်တီနု ဆူချင်သလိုလေး တစ်ချက်ကြည့်၍ပြောတော့ သူ မုံ့ကို လှမ်းကြည့်ပြီး လက်တွင်းမှ သတင်းစာကို ချသည်။

"ဟယ်လို ... မုံ ကျောင်းက ပြန်လာပြီလား"



ဒါ သက်သက်ရွဲ့တာဟု တွေးဖြစ်လျက် မုံ မျက်မှောင်လေး ကုပ်ကွေး၍ကြည့်တော့၊ သူကလည်း ခပ်တည်တည်ပဲ ပြန်ကြည့်သည်။ လူကြီးတွေကိုကြည့်တော့ ဂျစ်တူး နှစ်ကောင်ကို သဘောကျသလို ပြုံး၍ ကြည့်နေကြသည်ပါပဲ။

လျှော့ပေးချင်သည့် အကျင့်မရှိသည့် ဤနှစ်ကောင်တော့ တွေ့ကြပြီပဲ ဆိုသည့် အကြည့်။

"ရက်စ် ... မုံ ကျောင်းက ပြန်လာတာပါ"

သူကမှ "ဟယ်လို" လုပ်လာလျှင် မုံကလည်း ပြန်၍ "ရက်စ်" လိုက်ရုံပေါ့။

သူ့မျက်ဝန်းထဲမှာ တစ်ချက် လက်ခနဲ ဖြစ်သွားကာ သဘောကျသလို သဲ့သဲ့ပြုံးရိပ်သမ်း၏။ နောက်တော့ ပြန်၍ မျက်နှာတည်သွားကာ ...

"သူက သိပ်စွာတာပဲ မေမေ၊ ငယ်တုန်းက အတိုင်းပဲ၊ သူ့ ဘာသာသူ ချော်လဲရင်လဲ မာန် အဆူခံထိအောင် အော်ငိုပြတယ်၊ သံစူးတော့လဲ ချောင်ကြိုချောင်ကြား ခေါ်သွားရမလား ဆိုပြီး သူက အပြစ်တင်သေးတာ"

ငယ်ကျိုးငယ်နာကိုကျတော့ မမေ့။ မြန်ဖော်နိုင်အောင် မှတ်ဉာဏ်ကောင်းသည်။ မုံ့ ရုပ်ကိုကျတော့ မမှတ်မိပါတဲ့။

မုံ လွယ်အိတ်လေးကို ပိုက်၍ ခပ်တည်တည်လေး တစ်ချက်ကြည့်ကာ ...

"အောင်မာ ... ရေဆင်းကူးတုန်းကတော့ မုံ့ကို အဝတ်တွေ ထိုင်စောင့်ခိုင်းခဲ့တာ ကျတော့ရော၊ ပြီးတော့ ချောင်းရေထဲ မျောလာတဲ့ ဇေဒါပွင့်လေးကျတော့ ခူးမပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော … ဗေဒါပွင့် နွးမပေးရကောင်းလား ဆိုပြီး ငါ့အဝတ်တွေ ကမ်းစပ်ကနေပြီး ချောင်းထဲ မျှောပစ်တာ နင်ပဲ မဟုတ်လား၊ ဆောင်းဘီတို့နဲ့ ငါတို့ သူငယ်ချင်းတွေ ပြန်ရှာကျတော့ရော"

ပြောရင်း ပြောရင်းနှင့် ငယ်တုန်းက ကိစ္စတွေ အစိအရီ မှတ်ဉာဏ်ထဲ ပေါ်လာသမျှ ရန်ဖြစ်နေကြတော့ လူကြီးတွေမှာ ရယ်ရှင်နေကြသည်ပါပဲ။

မုံ လိုချင်သည့် ဗေဒါပွင့်ခရမ်းရောင်လေးကို ဗေဒါပင်ကြီး မျောလာသည့်အထဲမှ နွးမပေးဘဲ၊ ရေထဲမှ လက်ခုပ်တီး ရယ်ပြနေကြတာမို့ တကယ်လည်း စိတ်ဆိုးဆိုးနှင့် သူ့အဝတ်တွေ ရေထဲပစ်မျောပစ်ခဲ့တာ မုံ မှတ်မိနေသည်။

"သိသားပဲ၊ ခု ရောက်လာတော့လည်း မျက်နှာကြီးပုပ်ပြီး ထိုင်နေတဲ့ဥစ္စာ၊ မာန်ပဲ ဖြစ်မှာလို့၊ ငယ်တုန်းက အတိုင်းပဲ မျက်ကြောပြတ်ကြီး"

မုံ ပြောပြီး ညှိခန်းမှ ထွက်သွားတော့ …

"ဩော် … ဟဲ့ … ဒီကလေးနှယ်၊ ကိုယ့်အစ်ကို မာန့်ကို ဒီလိုပြောရလား၊ ကြည့် … ကြည့် … အဲဒါသာ ကြည့်တော့ နှရေ၊ မိမုံ ကလေးဆန်တာ၊ စွာတေးတာ၊ လက်ကုန်လောက်ပါရဲ့၊ ကဲ … မြေးလေးမာန်ရေ၊ ညီမလေးကို ခွင့်လွှတ်လိုက်ပါကွယ်"

"အို … ဘယ့်နှယ်၊ သားမာန်ကိုက အပြောမကောင်းတာ၊ ကလေးကို ရန်စကား စပြောတာ သူ၊ မာန်နော် … ရိုင်းတာ မေမေ မကြိုက်ဘူး ပြောရက်နဲ့"



"သူက စွာတာကိုးဗျ"

"ဟဲ့ … သူက ကလေး"

မုံ အပေါ်ထပ် လှေကားအတိုင်း တက်လာစဉ် ဧည့်ခန်းမှ စကားသံတွေကတော့ လိုက်လာနေဆဲ။

"ကောင်းတယ် … သိပ်ဘဝင်မြင့်တာပဲ၊ ဆူခံထိတာ နည်းသေး"

ဟု ရင်ထဲမှ ပျော်သွားမိရသည်ပါပဲ။

ဒါပေမဲ့ … ထိုမျှ ထောင့်အကျိုးမပြေသည့် မာန်ဆိုသည့်လူနှင့် မုံ့ကို စေ့စပ်ထားဖို့ကိစ္စဖြင့် အန်ကယ်စိမ်းနှင့် အန်တီနုတို့ ရောက်လာကြမှန်း၊ ဖေဖေ့ကို စောင့်ကြဖို့ ဆုံးဖြတ်ထားကြတာတွေကို မုံ ထိုစဉ်က သိမှမသိနိုင်ခဲ့ဘဲလေ။

ဒါကြောင့်လည်း သူ ဆူခံထိတာ တစ်ခုတည်းဖြင့် ပျော်နေမိခဲ့ရသည်ပဲ။

❦ ❦ ❦

www.burmeseclassic.com



"ဟင် … ဘွားကလဲ၊ မုံက ကလေးပဲ ရှိသေးတာ၊ အဲဒီ လူကြီးနဲ့ မစေ့စပ်ထားချင်ပါဘူး၊ သိပ်ကြီးကျယ်တာပဲ၊ မုံကငြင်းရင် ပေဖေ့ စည်းစိမ်ထဲက တစ်ဝက်ကို အန်ကယ်စိမ်းတို့ကို လွှဲပေးလိုက်ရမယ် ဆိုတာကြီးကတော့ ဘယ်တရားမလဲ၊ တစ်ခါမှလဲ ဒီလိုဥစ္စာမျိုး မုံ မကြားဖူးပါဘူး"

မုံ မျက်နှာလေးအို၍ ဘွားကို ပြောတော့၊ ဘွား တစ်ချက်ကြည့်သည်။ ဘွား၏ အကြည့်ထဲမှာ မုံ့ဘက်က လိုက်ပြောပေးမည့် အရိပ်အရောင်ကိုမျှ မမြင်။

မုံ့ဖြင့် စိတ်ဓာတ်ကြီးကို ကျလိုက်ရပါသည့် အဖြစ်။

"ဟဲ့ … မတရားဘူး မပြောနဲ့လေ၊ သူတို့သားဘက်က ငြင်းရင်လည်း အန်ကယ်စိမ်းတို့က သူတို့စည်းစိမ် တစ်ဝက် မုံ့ကို ပေးမှာပဲ၊ ဒါနှစ်ဖက်မျှတတဲ့ သဘောတူညီချက်ပဲ၊ ညည်းတို့ ငယ်ကတည်းက အဲသလို သဘောမျှထားကြတာ၊ ခု ကြီးကောင်ဝင်လာတဲ့ ညည်းတို့နှစ်ကောင်ကို စေ့စပ်ဖို့ တန်ပြီဆိုပြီး စီမံကြဖို့ ဖြစ်လာတာ၊ ညည်းရော မာန်ရော တက္ကသိုလ်တက်ကြပြီ၊ အသိလဲ ပေးထားသင့်ပြီလို့ လူကြီးဘက်က သဘောပိုက်ထားတာမို့ ခု ညည်းတို့ နှစ်ကောင်



စလုံးကို အသိပေးတာပဲ၊ မတော် ရည်းစားသန် ထားလိုက်ကြမှာစိုးလို့"

"ရည်းစားလဲ မထားဘူး၊ သန်လဲ မထားဘူး၊ မုံ အဲဒီ မာန်ကိုလဲ မကြိုက်ဘူး၊ သိပ်မုန်းတာပဲ၊ ဒီနေ့တွေ့တာတောင် နိုင်စားချင်နေပြီ"

"ညည်းကရော စကားကောင်း ပြောလို့လား၊ ဟိုက အနေခက်လို့ ဖြစ်မှာပေါ့၊ မျက်နှာမထားတတ်ဘဲ ဖြစ်နေရှာတာနေမှာ၊ အဲဒါကို ဘယ်သူနဲ့ စိတ်ဆိုးလာလဲ၊ မျက်နှာတည်သလေး ဘာလေးနဲ့ အိမ်ရှင်လုပ်ပြီး၊ အားမနာတမ်း စွာနေတာ၊ ညည်းနော် … မိမုံ၊ ကြပ်ကြပ်ရိုင်း၊ ညည်းအဖေ ပြန်လာမှ တိုင်ပြောမယ်"

ခုပဲကြည့်။ ဘွားကဖြင့် ခုကတည်းက မာန့်လူ ဖြစ်နေပြီ။ မုံပဲ ဆိုးနေသလိုကြီး၊ အပြောခံရတာမို့ ရင်ထဲ ဝမ်းနည်းပန်းနည်း ဖြစ်ချင်၏။

"မစေ့စပ်ဘူး ဘွား၊ မုံ မစေ့စပ်ဘူး"

"အေး … အဲဒါဖြင့် ညည်းဖေဖေ ရှာတဲ့ စည်းစိမ်တစ်ဝက် ပေးလိုက်ပေါ့"

မုံ ခေါင်းလေး ဆတ်ခနဲ မခံချင်ပုံလေးဖြင့် ထောင်လျက် …

"အို … ဘာလို့ ပေးရမှာလဲ၊ အလကား အမြတ်ကြီးစား"

ပါးစပ်ထဲတွေ့ရာ ထွက်သွားလျက်မှ မုံ ကလေးသိပ် ဟန်မဆောင်နိုင်စွာ မှိုင်တွေ ချနေပုံလေးဖြင့်၊ ဘွားကိုပဲ နှိပ်ပေးနေမိရပါ၏။

www.burmeseclassic.com



ဘယ်သူမှ မုံ့ကို လိုက်ပြောပေးချင်ပုံ မရပေ။ ဘွားက လည်း မာန့်ဘက်။

ဖေဖေကလည်း မာန့်ဘက်မဲ ရှိနေပြီးသား။ ရှိတာမို့ လည်း မုံ့ကို မာန်နှင့် ဆေ့စပ်ဖို့ သဘောမျှထားသည်ပေါ့။

ပုလဲရိပ်မြုံမှာ ဆုံးဖြတ်နိုင်သူဆို၍ ဘွားရယ်၊ ဖေဖေ ရယ်ပဲ ရှိသည်။ ခုကျတော့ ဖေဖေရော ဘွားရော မာန့်ဘက်က ဖြစ် နေမှ မုံ့တစ်ယောက်တည်း မပြတ်ဖြင့် ရှုံးပြီပေါ့။

"ဒီမှာ ပြည့်ထူးနဲ့ မောင်စိမ်းတို့ ဆိုတာ ငယ်သူငယ်ချင်း၊ တက္ကသိုလ်မှာ တူတူတက်ကြ၊ ဘွဲ့တူတူရကြ၊ မောင်စိမ်းက တောင်ကြီးမှာနေရင်း တက္ကသိုလ်မှာ မေတ္တာရှိခဲ့တဲ့ နုနုနဲ့ အိမ်ထောင်တွေကျ၊ ညည်းဖေဖေလဲ ညည်းအမေနဲ့ အိမ်ထောင်ကျ၊ ရှမ်းပြည်နယ်မှာ လီမွှော်ခြံ၊ ရောက်ရှိုသီးခြံတွေ ရှိတဲ့ မောင်စိမ်းနဲ့ စီးပွားစပ်တူ၊ စည်သွပ်ဘူးစက်ရုံ၊ နာနတ်သီး စည်သွပ်ဘူးစက်ရုံတွေ တည်ခဲ့ကြ၊ ဟော ... ဒီဘက်မှာရှိတဲ့ ရတနာဆိုင်လုပ်ငန်းမှာလဲ မောင်စိမ်းတို့ဘက်က စပ်တူစီးပွား ဖက်ပါကြနဲ့ နှစ်ဖက်စီးပွား တစ်စီးပွားတည်း ရှိခဲ့တာ နှစ် ရှည်ပြီ"

ဘွား ပြောပြီး ကွမ်းအစ်ကို လှမ်းယူကာ ကွမ်းရွက် ကို နှစ်ရွက်ထပ်၍ ယူသည်။ ထုံးဘူးထဲမှ ထုံးတစ်ကော် ကော်ထည့် ၏။ ခပ်မှုန်မှုန်စိတ်စိတ်လေး စိတ်ထားသည့် ကွမ်းသီးစိတ်ငယ်လေး တွေကို ထည့်သည်။ စမုံစပါးနည်းနည်း၊ ဖာလာနှင့် လေးညှင်းပွင့် လေးကို ထည့်ကာ ကွမ်းယာကို ပါးစပ်ထဲ ထည့်၏။ လက်တွင်း



မှထုံးကို ဆေးမှ လက်သုတ်ပဝါဖြင့် ဘွား သုတ်သည်။ မုံမှာ ထွေး ခံလေးကို ဘွားဘေးမှာ ချထားပေးလိုက်လျက် စိတ်ထဲမှာ မာန့်ကိစ္စ ကြောင့် မောကျနေရသည်ပါပဲ။

နေရင်းထိုင်ရင်း လူတစ်ယောက်နှင့် မုံ့မှာ ဆေ့စပ်ရ တော့မည့်အဖြစ်။

အဘယ်မျှ စိတ်ညစ်ဖို့ ကောင်းလိုက်ပါသလဲ။ မျက် နှာထား မာကျောကျောနှင့် မျက်နှာကြီး အပြတ်အသတ် ပုပ်တည် နေသည့် လူကန့်လန့် တစ်ယောက်ဖြင့် မုံက ပျော်ရွှင်စွာ ဆေ့စပ် လိုက်ရမည်တဲ့လား။

"အဲဒါ နှစ်စီးပွား မကွဲအောင် စည်းစိမ်နှစ်ခု၊ တစ်ခုတည်း ဖြစ်အောင် ညည်းတို့နှစ်ယောက်ကိုဖြင့် လက်ဆက်ပေးကြ မယ်လို့ ညည်းမေမေ မဆုံးခင်ကတည်းက ညည်းဖေဖေနဲ့ မောင်စိမ်းတို့က စဉ်းစား၊ မိန်းမတွေကလဲ သဘောကျ၊ အဲ... ငါကလည်း သဘောမျှ၊ အားလုံး သဘောတူပြီး အဲ သလို ဆုံးဖြတ်ခဲ့ကြတာ၊ စာချုပ်မရှိဘူး၊ နှုတ်ကတိပဲ၊ ကတိတည်တဲ့ လူတွေအတွက် စာချုပ်ဆိုတာ မလိုဘူး၊ ကိုယ့်တန်ဖိုးကို ကိုယ်ကိုယ်တိုင်က စောင့်ထိန်းတာ လူ့တန် ဖိုးပဲ၊ ညည်း ငြင်းရင် ဟိုဘက်က မာန်ကဖြင့် အလကားနေ ရင်း စည်းစိမ်တိုးဖို့ ဟန့်ကျသွားတော့မှာပေါ့"

သည်လိုကျတော့လည်း မုံ့ မခံချင်။ နေရင်း ထိုင်ရင်း ငုတ်တုတ်ကြီး အခန့်သားဖြင့် မုံ့ဖေဖေ့ စည်းစိမ်တစ်ဝက်ကို မာန် က အချောင်ရလိုက်မှာမျိုးတော့ မုံ့ အဖြစ်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



"မာန်က ဒီပုလဲရိပ်မြိုကို ကျောင်းစတက်ကတည်းက လာဖို့ပဲ၊ မောင်စိမ်းနဲ့ နတ်တို့ကလဲ မှာတယ်၊ ဒါပေမဲ့ ... ညည်းကိစ္စသိထားလို့ ရှက်တယ် ထင်ပါရဲ့၊ ရန်ကုန်ရောက်ပြီး တစ်ခေါက်တောင်မှ မလာရဲရှာဘူး"

မုံ ထုံးစံအတိုင်း ကောက်တေးပုံလေးဖြင့် ...

"မလာရဲရှာဘူး၊ မျက်နှာ မထားတတ်ဘဲ ဖြစ်နေရှာမှာနဲ့၊ ရှာ ... ရှာ ဆိုပြီး သနားနေလိုက်တာ၊ ဘွားက မုံ့ကို သနားရမှာဥစ္စာ၊ ဘာလို့ မာန့်ကို သနားနေရတာလဲ"

"ဟဲ့ ... ကိုယ်က အိမ်ရှင်၊ ဧည့်သည် လာတာကို ရိုင်းပျနေတဲ့ဥစ္စာ၊ ကျုပ်က မြှောက်ပေးနေရမှာလား၊ မိမုံနော် ... ကြပ်ကြပ်စွာ၊ အဘွားကိုလဲ စကားလာကပ်၊ ဟိုကောင်လေးသူ့မိဘနဲ့ ပြည့်ထူး စီမံသလိုများ ကျောင်းတက်ဖို့ လာတဲ့အခါ ပုလဲရိပ်မြိုကများတက်ရင်၊ ညည်းစောင်နေ မျက်စောင်းထိုးနေတာနဲ့ပဲ စိတ်ဆင်းရဲရှာမှာ၊ ခမျာ စဉ်းစားမိပုံ ရတယ်ထင်ပါရဲ့၊ အဆောင်ကျောင်းသားပဲ နေပါရစေဆိုပြီး ခွင့်ပန်နေခဲ့ရှာတာ"

လာပြန်ပြီ။ နေခဲ့ရှာတာ။ ဤမျှ မျက်နှာကြောကြီးမှုန်တည်နေသည့်လူကို ဘာကိစ္စဖြင့် ကရုဏာတွေ တရစပ် သွန်စီးနေကြရပါသတဲ့လဲ။

တကယ်ဆို မုံ့လို ရွဲနွဲ့ဆိုးတေတာမျိုးကို ပိုချစ်ကြရမှာ။ မုံ့ကို သနားရမှာ။ ဟုတ်သည်လေ။ မုံ ... ခု စိတ်ညစ်နေသည် မဟုတ်ပါလား။ မုံ့ကို သနားပေါ့။



"ငါ့မြေးလေး သနားပါတယ်၊ သူ့ခမျာ ရည်းစားသနံလဲ မရှိ၊ ကလေးလို နေရှာတာ၊ ခု စေ့စပ်ရမှာကို ငြင်းရှာတယ်၊ သနားစရာလေး၊ မျက်နှာလေးကို ငယ်နေရှာတာ၊ အဲသလို ပြောပါလား ဘွားရဲ့၊ မာန့်ကိုပဲ သနားနေ၊ သူက ဘွားရဲ့ မြေးလဲ မဟုတ်ဘဲနဲ့"

မုံ စိတ်ညစ်ညစ်နှင့် မျက်ရည်ကျရင်း စိတ်ကောက်တေးပုံလေးဖြင့် ပြောတော့ ဘွား တစ်ချက် တွေခနဲ ကြည့်၏။ နောက်တော့ အချော့ပေးမည့်ပုံ မပေါ်စွာဘဲ ...

"လူကြီးတွေက ကောင်းတာ စီမံတာ၊ ငါတို့ကပဲ ညည်းကို ဒုက္ခတွင်းထဲ ပို့နေကြတာကျလို့"

ဟု ခေါက်ဆတ်ဆတ်ပြောတော့ မုံ နှပ်ချေစ်ချက် ညှစ်ပစ်ရင်းမှ ထဘီအထက်ဆင်စနှင့် နှာခေါင်းကို ကလေးလိုပဲ သုတ်ပစ်ကာ ...

"မာန်ကဖြင့် မုံ့ကို ကြည့်ရမုံတောင် မပေါ်ဘူး"

ဟု တစ်ဖက်သားကို အပြစ်ပို့နေတော့ ...

"ဪ ... ညည်းကတော့ သူ့ကို ကြည့်ရနေလို့လား"

ဟု ဘွား ဒက်ခနဲ မေးလိုက်တော့ မုံ ဘွားကို ဘာမျှဆက်မပြောတော့ဘဲ ကန်တော့သည်။

သဘောက မုံ ညအိပ်ရာဝင်တော့မည် ဆိုသည့်သဘော။

မျက်နှာလေး မှုန်တေတေ။

ဘွားကို မကန်တော့ဘဲလည်း မအိပ်။

www.burmeseclassic.com

www.burmeseclassic.com



ဇူ ... မုံ့ဘက်က ဘွား တစ်ဇက်မှ မပါဘဲ ရှိနေတော့ ... မုံ့ သေသာသေလိုက်ချင်တော့သည့် အဖြစ်။

"မုံ့တော့ လဲသေလိုက်ချင်တာပဲ၊ အဟုတ်"

ဟု မျက်ရည်စကို တစ်ချက်သုတ်ပြောတော့ ဘွား သတ်ပြင်းငွေ့ငွေ့ ရှိက်သည်။

ဤမျှ ကလေးဆန်သော ဤမြေးတစ်ကောင်ကို ဘွား တစ်ဇက်မျှ စိတ်မရ။

ကျောင်းမှာ တစ်ယောက်ယောက်နှင့် ရည်းစားသနံ ဖြစ်လျှင် အခက်။

လူချမ်းသာသားသမီး ဆိုတာ သိုက်တူးချင်တာမျိုးနှင့် ကြုံလျှင် အခက်။

မုံ့ ဆိုတာကလည်း ဘာမျှ လူ့သဘောကို သိတာ မဟုတ်။ အိမ်မှာ ကလေးလိုပဲနေသည့် မုံ့။

ကျောင်းနှင့်အိမ်။ အိမ်နှင့်ကျောင်း။ သူငယ်ချင်းတွေနှင့် ဈေးဝယ်ထွက်သည့်အခါထွက်။ ဒါပဲ ရှိသည်။

"ကဲ ... မိချွေမုံ့ ထ။ မျက်နှာသွားသစ်၊ ပြီးရင် အိပ်"

"အိပ်မှာပဲ၊ စာလဲမကျက်ဘူး၊ အချဉ်ထုပ်တွေလဲ စားမယ်၊ ကျောင်းရောက်ရင် ရေခဲမုန့်တွေ စားမယ်"

ကြည့်။ မုံ့ ဆန္ဒပြပုံပြနည်း။

"အေး ... များတော့ ငါ မဟုတ်ဘူး၊ ညည်းပဲ။ စားချင်တာ စား၊ ဆေးခန်းပို့ပြီး ဆေးနှစ်ချောင်း တစ်ပြိုင်တည်း ထိုးနိုင်းမှာ။ ငါကို ဘာမှတ်လဲ"

ပြောသလို တကယ်လည်းလုပ်မည့် ဘွား။



မုံ့မှာ စိတ်ဓာတ်လက်ဓာတ်ကျလျက် ထိုင်ရာမှ ထ သည်။

ခြေအစ္စေ့သည် လေးတွဲ့တွဲ့နိုင်၏။ ခေါင်းကိုလည်း ကျောလည်ဝဲနေသည့် ဆံနွယ်လေးတွေ ဖွာထသွားအောင် ကုတ်ပစ် သည်ပါပဲ။

"ကြီးကြီးကျယ်ကျယ် သူ့ကို ဒီမှာ ဘယ်သူက နေစေချင် တာကျလို့၊ သူ မနေချင်လို့ဘဲ အဆောင်မှာ သွားနေတာကျ လို့၊ မုံ့က စေတနာ ကြာလေခန်းလေပဲ"

ပွစိ ပွစိရွတ်လျက် မုံ့ ထွက်သွားတော့ ခန်းဆီးစမိုး သားနုနု ပြာလွင်လွင်လေးသည် တနွဲ့နွဲ့ဝါ၍ ကျန်ခဲ့၏။

ဘွားကတော့ တစ်ယောက်တည်း ပြုံးကျန်ခဲ့သည်ပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေကွာ၊ ငါ သဘောမကျတာက အဲဒီ ပစ္စည်းတွေ အဆုံးမခံနိုင်လို့ သူ့ကို လက်ခံစေစပ်ပေးလိုက်ရမယ် ဆိုတာပဲ၊ ပြီးတော့ အဲသလို မဖြစ်ချင်ရင် မစေစပ်ချင်ရင် ပစ္စည်းတစ်ဝက် ဆုံးခံရမယ် ဆိုပြန်ရော၊ ဒါ ဘယ်ဟုတ်မလဲကွ"

မာန် ပြောနေသမျှ အားမှာ ကုလားထိုင်၌ ခြေတစ်ဖက်တင် တစ်ဖက်ချပုံဖြင့် ထိုင်ရင်း မြင့်ဆောင် နားထောင်နေသည်။ လက်ထဲမှာ တိုနေပြီဖြစ်သော ရွှေကျားဆေးပေါ့လိပ်တိုသည် အငွေ့တလူလူဖြင့် ရှိနေဆဲ။ ခွပ်ကျယ်ရှိုင်းပြတ်နှင့် ချည်ပုဆိုးကို ခပ်တိုတို ဝတ်ထားလျက် နံ့ဗိနပ်ကို ကုလားထိုင်ရှေ့ သမံတလင်း အခင်းနေရာမှာ ဖြစ်သလို ချွတ်ထားလျက် ဖြစ်သလို နေတတ်သမျှ ပညာရှိဂိုက်လည်း အရမ်းကို ဖမ်းနေပါသည့် မြင့်ဆောင်ပါ။

"ဒါကတော့ကွာ၊ မိဘတွေ လက်စွဲဖက်ရှင်ကြီး ဖြစ်နေတဲ့ နလုံးရောဂါတို့၊ သွေးတိုးရောဂါတို့၊ ဘာတို့ပေါ့ကွာ၊ ပိုမဆိုး ရအောင်၊ စိတ်ချမ်းသာအောင် ခေါင်းညိတ်ပေးဖို့ဆိုတဲ့ ဖာက်ယောင်းက နည်းစနစ်ကြီးကို ရိုးတယ်ထင်လို့၊ စနစ်သစ်နဲ့ သားသမီးကို အိမ်ထောင်ချပေးမဲ့ သဘောပဲ ဖြစ်နေတယ်၊ ငါကတော့ ဒီလိုပဲ သဘောပိုက်တယ်"



မြင့်ဆောင် ပြောတော့ အားမှ ပရိသတ် လုပ်နေသည့် ကြည်ဇင်က ခေါင်းညိတ်လျက် ...

"ဟုတ်သကွ၊ အဲဒါမျိုးဖြစ်မဲ့ သဘောပဲ၊ ငါ့ဒက်ဒီနဲ့ မာမီတို့ ဒီလိုမျိုး စီမံရင် ကောင်းမှာ"

အရေးထဲ စိတ်ကူးယဉ်နေသည့် ကြည်ဇင်ကိုလှမ်း၍ စိတ်ပျက်လက်ပျက်ကြီးပဲ သူ ကြည့်မိလိုက်ရပါပြီ။

"ငါဖတ်ဖူးတဲ့ စာတစ်အုပ်မှာ ဘာတွေ့ရလဲဆိုတော့"

အရေးထဲ စာအုပ်က ပါလာပြီ။ တကယ်လည်း မြင့်ဆောင်သည် စာအုပ်ချိုး၊ လမ်းဘေးပလက်ဖောင်းဆိုင်မှာ ရှာဖွေ၍ စာအုပ်ဟောင်းတွေ၊ အဖုံးမရှိတာတွေကအစ ရှာရှာဖွေဖွေ ဝယ်လာသည်။ ပြီးတော့ ခုတင်ပေါ် ပက်လက်အိပ်၍ ခြေထောက် တစ်ဖက်ကို ဒူးခေါင်းထောင်၊ တစ်ဖက်ကို ဒူးပေါ်ချိတ်တင်၍ ဖတ်ပြီ။ ပြီးလျှင် စကားဝိုင်းတွေမှာ လေသံကျယ်ကျယ်ဖြင့် တာသံ၊ ပေသံတွေ ညှပ်ညှပ်ပြောတတ်သည့် အဖြစ်။

အခန်းရှေ့ ကော်ရေတာမှ ရေဖလား ပလတ်စတစ်ခွက် ပန်းရောင်ကိုကိုင်၍ ရေချိုးခန်းမှ ပြန်လာသည့် ဇော်ဇော်က မြိုး၍ ရပ်ကြည့်လာတာမို့ စကားကို မဆက်သေးဘဲ မြင့်ဆောင် ခေါင်းညိတ်ခေါ်သည်။

မြင့်ဆောင်နှင့် ဇော်ဇော်က တစ်ခန်းထဲသမား။
ကြည်ဇင်က လှေကားထောင့်ချိုးမှ အခန်းမှာ။
မာန်ကတော့ တစ်ယောက်ခန်းကို ရသည်။

"လာခဲ့ _ မင်းလဲ နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



တဘက်ကို ကိုယ်ပေါ်လွှားတင်လျက် ခေါင်းရွက်ကျုံးမှုတိုးနှင့် ဓော်ဓော် အခန်းထဲ ဝင်လာပြန်၏။ ထိုင်ခုံရောက စုတင်ခုံ နှုတောဘတာရှိ စုတင်မှာထိုင်သည်။ စီးထားသော ရာဘာဖိနပ်ကို မီးညီညီလေး ချွတ်ပြီးမှ စုတင်ထက်မှာ ခြေပုပ်ချိတ်၍ ထိုင်၏။

"ငါဖတ်ဖူးတဲ့ စာအုပ်မှာကွာ၊ အင်္ဂလိပ်စာဆို ဆိုပါစို့ ... အဲဒီအထဲမှာ ဘာပါသလဲ ဆိုတော့ ဘယ်နည်းနဲ့မဆို အိမ်ထောင်ပြုလိုက်ပါတဲ့၊ ကြည့်ရတာ ဒီကောင်ကိစ္စမျိုး၊ ဟိုမှာလဲ ကြုံဖူးကြတယ် ထင်ရဲ့၊ အဲ ... နေဦး၊ မပြီးသေးဘူးကွ။ ဘာလဲ ဆိုတော့ စာစာကစကား ... ဘယ်နည်းနဲ့မဆို အိမ်ထောင်ပြုလိုက်ပါ၊ မိန်းကောင်းရလျှင် သင် ပျော်ရွှင်မည် ဖြစ်၍ မိန်းဆိုးရလျှင် သည်သည် အဘိဓမ္မာဆရာကြီး တစ်ယောက် ဖြစ်လာမည်တဲ့၊ အဲဒါကြောင့် ...။"

အဘယ်မှု မှတ်သားလိုက်နာရို့ ကောင်းလိုက်ပါသလဲ။ မာန် စိတ်ညစ်ညစ်နှင့် မြင့်ဆောင်ကို ကြည့်နိုက်၊ အားလုံးကလည်း မာန့်ကို ပြုံးစိစိနှင့် တက်ညီလက်ညီ ကြည့်ကြသည်ပါပဲ။

မြင့်ဆောင်က ဆေးလိပ်တိုကို ကတ်သတ် မှုခံနေရာမှ တစ်ချက် ဟက်ခနဲ ရယ်သည်။

"အဲဒီတော့ ဘာဖြစ်လဲကွာ၊ မင်း ... အဲဒီကောင်မလေး ... ဘယ်သူ ... မို ... အဲ ... မို ... မိုနဲ့ လက်ထပ်လိုက်ရင် ပျော်ရင်လဲ ပျော်မယ်၊ မပျော်ရလဲ ဘာအရေးလဲ၊ အဘိဓမ္မာဆရာကြီးဖြစ်ရ နည်းတဲ့ကုသိုလ်လား"

ပြောပြီး ကိုယ့်စကားကို အဖြတ်ထောက်စံသလို တစ်ယောက်တည်း တဟားဟားနှင့် ရယ်နေသည်။



"မင်းပြောတဲ့အတိုင်း ဆိုရင် သူက ငြင်းရင်တော့ တစ်မျိုးပေါ့၊ မင်းက ငြင်းရင်တော့၊ အဲ ... တစ်မျိုးဖြစ်သွားပြန်ရော"

စိတ်ညစ်ညစ်ဖြင့် အခန်းထဲ ပြန်ရောက်ခိုက် ကော်ရေတာမှာ ဆေးလိပ်တို တစ်တိုဖြင့် လမ်းသလားနေသည့် မြင့်ဆောင်က အခန်းထဲ ရောက်လာခိုက်မှာ ဖွင့်ပြော ညည်းမိသမျှ မောင်းထုတာထက် ဆိုးနေသည့်အဖြစ်။

ဖေဖေနှင့် မေမေကလည်း ထို ယမုဦး ဆိုသည့် ကောင်မလေးနှင့် သဘောအရမ်းတူနေ။ ကိုယ်ကလည်း မကြိုက်။

ခုလို လွတ်လပ်စွာ နေရတာကို သူ ပိုနှစ်သက်သည်။ ခုကျတော့ တစ်အုပ်စုပေါင်းနေကြပါသည့် အထဲမှာ မြင့်ဆောင်ကို ဖွင့်ပြောပြမိသမျှ ကြည့်စင်လည်း သိပြီ။ ခု ... မျက်မှေးဇော်ဇော်သာ မရေမရာ ဖြစ်နေရဆဲ။

"ဟာ ... ဖေဖေ ရှာထားတဲ့ စည်းစိမ်၊ ငါ အသုံးမကျလို့ သူများ ပေးလိုက်ရတာတော့ ဘယ်ဖြစ်မလဲကွ၊ မပေးနိုင်ဘူး၊ သူ့လဲ လက်မထပ်နိုင်ဘူး"

ပြတ်တောင်းစွာပြောသည့် မာန့်ကို ကြည့်ကာ ဇော်ဇော် ရေးတေးတေး သဘောပေါက်စ ပြုလာပြီ။

"ဩော် ... မင်းကို မိန်းမယူနိုင်းနေလို့လား"

ဇော်ဇော် ပြောပြီး ခေါင်းတစ်ချက် ညိတ်၏။ ဘာကြောင့် ညိတ်မှန်းလည်း မသိ။ ဘာမျှလဲ မပြော။

"ဩော် ... သူက ရုပ်ဆိုးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ခေါင်းညိတ်ခြင်း၏ သဘောကို ဆောင်သည့် မေးနွန်းက ထွက်ကျလာသည်။

အရပ်ပုပု၊ အသားဖြူလျက် ဆံပင်ထူကား မျက်ခုံးကျတော့ ပါးနေသည့် ဇော်ဇော်။

မျက်စိကျတော့လည်း မှေးသည်။ မျက်နှာကတော့ ကလေးနှင့် ပိုတူ၏။

သူငယ်တော်အမည်နှင့် မျက်မှေးအမည်။ ပြီးတော့ ... မွေးသူငယ် အမည်များကို သုံးမည့်ရ ပုဂ္ဂိုလ်အဖြစ် ရရှိထားသည့် အဖြစ်။

"ရုပ်ကတော့ မဆိုးပါဘူး"

မာန် ဖြေစဉ်နိုက် မျက်နှာနနလေး နီမိုလာအောင် ခေါသဖြင့် ပြန်စွာခဲ့ပါသည့် မုံ ပုံရိပ်ကလေးကို မြင်ယောင်မိ၏။

မျက်ခုံးလေးက ထူထဲနက်မှောင်ကာ ခပ်ကုန်းကုန်းရှိသည်။ မျက်တောင်ထူလျက် ရှည်စင်းနေသည့် အသွင်။ မျက်လုံးလေးတွေက ဝိုင်းစက် အရည်လည်နေသည်ပါပဲ။

နှာတံလေး စင်းနေလျက် နှုတ်ခမ်းလေးကလည်း ပြည့်ဖူးဖူးလေးပါ။

ဒါပေမဲ့ သူ ... ရင်ထဲမှာ စိတ်မဝင်စား။

မိဘက ပေးစားတာ ဆိုတာထက်၊ ပိုက်ဆံမလျော်ချင်၍ ယူရတာမျိုးကြီးကျတော့ ရင်ထဲ အောင့်ချင်သည်။

"ဒီလိုကွာ မွေးသူငယ်၊ ငါ ရှင်းပြမယ်၊ သူ့ကို သူ့အိမ်က စေ့စပ်ပေးဖို့ စီမံတယ်၊ အဲဒါ သူ လောပတ်စ်ယီးယား



တက်ရတော့မယ် ဆိုတော့ သူ့ဖေဖေနဲ့ မေမေက ပြောပြ အသိပေးတယ်၊ ကောင်မလေးနဲ့ သူတို့က သူစိမ်းတွေလို တော့ မဟုတ်ဘူး ဟုတ်တယ်နော်၊ ငါ ပြောပြတဲ့ ဥစ္စာ၊ စောစောက မင်း ပြောပြတဲ့ အတိုင်းပဲ"

ပြောပြနေရင်းမှ မာန့်ကို လှည့်ပြောနေတာမို့ ဇော်ဇော် စိတ်လက်မရှည်စွာ ...

"ဘယ်သူက ငြင်းနေလို့ မာန့်ကို ပြန်မေးနေရတာလဲ၊ သူ ငြိမ်နေတာပဲ ဥစ္စာ၊ ပြန်မေးမနေနဲ့၊ မဟုတ်ရင် သူ ငြင်းလိမ့်မယ်၊ အဲဒီအခါကျမှ သူ့ကို ပြန်မေး"

ဟု ပြောတော့ မြင့်ဆောင် တစ်ချက်ရယ်၏။

"အဲဒါကွာ၊ သူက အဲဒီကောင်မလေးရဲ့အိမ်က ကျောင်းတက်ဖို့ကိစ္စ၊ သူ့မိဘက စီမံတာ၊ သူက ရက်တယ်ဆိုပြီး အဆောင်မှာပဲ နေတယ်၊ သူ့မိဘတွေ မှာသလိုလဲ၊ အဲဒီအိမ်ကို သွားတာမျိုး မလုပ်ခဲ့ဘူး၊ ငါတို့အုပ်စုနဲ့ ပျော်ပျော်ကြီး ဒီမှာရှိနေတာ၊ အဲ ... မနေ့က သူ့မိဘများ ဖလိုက်နဲ့ ရန်ကုန်ကို ရောက်လာကြတယ်၊ အဲဒီအိမ်ကို သူ သွားမလည်တာလဲ သိသွားတယ်"

"ဘယ်သူက ပြောပြလို့ သိတာလဲ၊ ဟိုအိမ်က တိုင်တယ် ထင်တယ်"

ဇော်ဇော် မေးတော့ မြင့်ဆောင် မေးငေါ့ပြသည်က မာန့်ကိုပါ။

"သူ့ပဲ ဖြေရတာပေါ့၊ လည်သလား ဆိုတော့ နီးဗျ"

www.burmeseclassic.com

www.burmeseclassic.com



စောစောကပဲ မာန် ပြောပြထားတာမို့ သိထားရသမျှ မချွင်းမချန် ပြောပြနေသည့် မြင့်ဆောင်ကို တားရှုရမှာ မဟုတ်တာ သိတာမို့ တားမနေတော့။

မာန် စိတ်ညစ်ညစ်ဖြင့် စီးကရက်တစ်လိပ်ကို စားကြည့်စားပွဲထက်မှာရှိသည့် ဘူးထဲမှ ယူဖို့မှာတော့ ကြည်ဇင်မှ ဘူးကိုလက်လှမ်းသည်။ လက်ထဲရောက်တော့ ဘူးခွံပဲ ကျန်တော့တာမို့ ...

"ငါ့မျှား အမှိုက်သိမ်းသမား ကျနေတာပဲ"

ဟု ပြောတော့ ...

"ဘယ်သူက ကျန်သေးတယ် ပြောနေတာကျလို့"

ဟု ဇော်ဇော်က ဝင်ဖြေသည်။ ကြည်ဇင်က ပုဆိုးကြားထဲ လိပ်ထည့်ထားသည့် ကွမ်းယာကို ပလတ်စတစ်အိတ်ငယ်လေးထဲမှ ထုတ်နေတာ မြင်တော့ ချက်ချင်း လေသံပြောင်းလျက် ...

"တစ်ဝက်ခွဲကွာ"

ဟု ကွမ်းယာ သေးသေးလေးကို အားမနာတမ်း တစ်ဝက် တောင်းနေတော့ ကြည်ဇင် တစ်ချက်ကြည့်ပြီးမှ ပါးစပ်ဖြင့် တစ်ဝက်ကိုက်၍ တစ်ဝက်ကို ကမ်းပေးသည်။

ဇော်ဇော်က ကွမ်းယာကို အရသာခံ၍ ဝါးနေရင်းမှ ...

"ဆက်လေကွာ၊ မင့်ဥစ္စာ ဘာဖြစ်နေတာလဲ"

"လောလောဆယ် ဒီအခန်းထဲမှာ ဗန်းကလေးနဲ့ စီးကရက်တို့ ကွမ်းယာတို့ကို တင်ပြီး လည်သိုင်းရောင်းရင် ပိုကောင်းမယ် ထင်လို့ပေါ့ ယောက်ဖရဲ့၊ ပြောတာကိုကျတော့ နားမထောင်ဘူး၊ အငတ်ကြီးနေပြီးတော့"



ဟု ပြန်ငေါက်သည်။ နောက်တော့မှ ...

"အဲဒါကွာ ... သူ အဲဒီ ကောင်မလေးကို ငြင်းရင် စည်းစိမ်တစ်ဝက်ပေးရမယ်၊ အဲဒါ လူကြီးတွေက ဟိုး သူတို့ နှစ်တွဲလောင်းနဲ့ ထုပ်စည်းတိုးတဲ့အရွယ်၊ မွေးလိုမ်၊ စွန်လွှတ်တဲ့အရွယ်ကတည်းက သဘောတူ စကားပြော၊ အဲ ... ကတိပေးထားကြတာတဲ့ ... ငါအထင် ပြောရရင်တော့ သူတို့နှစ်ယောက်ကို မလွဲမသွေ နေရာချထားချင်လို့ စုလို သူ့ကို အကျပ်ကိုင် ပြောတာလဲ ဖြစ်နိုင်တယ်လို့ မှတ်တယ်"

ဟု ပြောတော့ မာန် တစ်ချက် တွေခနဲ ဖြစ်၏။ မြင့်ဆောင် ပြောတာလည်း ဖြစ်နိုင်သည်ပဲ။ မငြင်းဆောင် အကျပ်ကိုင်သည့် သဘော ဖြစ်နိုင်သည်ပဲလေ။

"မေမေက ပြောတော့ ကတိဆိုတာ တည်ရတယ်တဲ့"

ဟု တစ်ချက် မာန် ပြောတော့ ...

"အေး ... အဲဒါလဲ ဖြစ်နိုင်တာပဲ၊ မသိတဲ့ အကြောင်းကို စဉ်းစားတဲ့အခါမှာ ဘာပဲ တွေးပီ တွေးပီ ဖြစ်နိုင်တယ်လို့ပဲ နားလည်ထားလိုက်တာ အမှန်ဆုံးပဲ"

လောလောဆယ်မှာတော့ အဘိဓမ္မာဆရာပုံ ဖမ်းနေတာက မြင့်ဆောင် ဖြစ်နေသည်။

"မင်း ... တကယ်နော်၊ မကြိုက်ဘူး ဆိုတာ"

မြင့်ဆောင် မေးတော့ မာန် ခေါင်းညိတ်လျက် ...

"တကယ်ပျော ... ဒီလို မုံနဲ့ အကျပ်ကိုင် ပေးစားတာမျိုးကို ပိုမကြိုက်သေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ငြင်းအောင် လုပ်ပေါ့၊ အဲဒီ ဘယ်သူ မှန့် အဲ ... မုံ ... မုံက ငြင်းအောင်လုပ်ပေါ့"

"အလဲ့တဲ့ ... မကြိုက်ဘူးလဲ ပြောသေး အဖျားလေးများဆွတ်လို့ မုံတဲ့ ... အဟဲဟဲ"

ဇော်ဇော်က ရွှမ်းတံတွေးသံဖြင့် ပြောရယ်သည်။ ပါးစပ်ထဲမှာ ကွမ်းတွေးတွေက လုံးထွေးနေ၏။ နောက်တော့ အားလုံးကို မျိုချပစ်လိုက်တာ မြင်တာမို့ ...

"အစားအသောက်ပျက်အောင် မလုပ်နဲ့ကွာ"

ဟု မြင့်ဆောင် နလုံးနာသလို ပြောတော့ ကွမ်းဖတ်တွေ ဝါးနေရင်းမှ ဇော်ဇော် ရယ်နေသည်ပါပဲ။

"သူက ငြင်းရင် မင်းကိစ္စ ပြတ်ပြီ၊ မင်း ငြင်းတာလဲ မဟုတ်တော့ ပြတ်ကရော၊ မင်းလဲ နေစပ်စရာ မလိုဘူး၊ လက်လဲ ထပ်ဖို့မလိုဘူး။ ပြတ်ကရော၊ အဲဒါကြောင့် သူ မကြိုက်အောင် သူ မကြိုက်တာတွေချည်း မင်း လုပ်ပေါ့၊ သူ စိတ်ပျက်တော့ မင်းကို ငြင်းရော၊ ငြင်းတော့"

"ပြတ်ကရော"

ကြည်ဝင်းမှ အဆုံးသတ်ပေးတော့ ဟက်ခနဲ တစ်ချက် ရယ်သည်။

"ကြည့်ရတာ ဒီကောင် ဘိုင်ကျနေပြီ ထင်တယ်၊ ပိုက်ဆံ ပြတ်တာကို တနေတစောင်း ပြောနေတဲ့ သဘောကို ဆောင်တယ်ကွ၊ ဇော်ဇော် မင်း ပိုက်ဆံလက်ကျန်ကို သေချာသိမ်းနိုင် လိုပြီ၊ ငါဆို အပ်ထားရင် ပိုကောင်းမယ် ထင်တယ်"



ဟု ဇော်ဇော့်ကို ကြည်ဝင်း သတိပေးသလို ပြောတော့ ရယ်နေသည့် ရယ်လက်စ ပါးစပ်ကြီး ပိတ်ကျသွားသည်မှာ မြင့်ဆောင် ပါ။

ဒါပေမဲ့ ဘာမျှ ဆက်မပြောသေးဘဲ စောစောက စကားကိုပဲ အရှိန်ရစွာ ဆက်သည်။

"မိန်းမတွေက သူတို့ သမီးရည်းစားဘဝမှာ ဆိုရင်ဖြင့် ယောကျ်ားတွေကို ကြင်နာပြတယ်ကွ၊ မောင် ... နေကောင်းရဲ့လား ... စာတွေ အရမ်းမကြည့်နဲ့နော်၊ ရေချိုးတာ ဂရုစိုက်၊ အံမယ်လေး ... ပုလိုက်သမှ၊ ဟော ... လက်ထပ်လိုက်ကြရော ... ဘာဖြစ်တယ်မှတ်လဲ ... သူတို့ရဲ့လက်ထပ်လိုက်တဲ့ လက်ထပ်စာချုပ်ကို တရားဝင် နိုင်စားခွင့်ပါမစ် ချပေးလိုက်သလိုပဲ၊ လင်ကို နိုင်တော့တာပဲဟေ့"

"သြော် ... လက်စသတ်တော့ လူပျိုမှတ်တယ်၊ မိန်းမရှူး ရှာတာကိုး၊ ဘယ်တုန်းက ကွဲသွားတာလဲ"

ကြည်ဝင်း မေးနိုက် ဖွီခနဲ ဖြစ်သွားရလျက် ...

"မှ ... လွဲစေ ဖယ်စေ ဘယ်နှယ်ကြီး မဦးမချွတ် လာပြောရတာတုန်း၊ ဘယ်ကကွဲရမှာလဲ"

"သြော် ... မကွဲဘူးပေါ့၊ ဒါဆို မယားနဲ့ သားတို့ မာကြရဲ့လား"

ကြည်ဝင့်ကို ဇော်ပိုးအုပ်၍ ...

"ငါ့အစ်မဝမ်းကွဲ သူ့ယောကျ်ားကို နိုင်စားတာ မျက်မြင်လို့ မို့ ဒီကောင့်ကို သတိပေးတာကွ၊ ငါက ရည်းစားတောင်မရှိတဲ့ လူပျိုအကောင်းစား ... မင်းညီမကျမှ ငါက ကြိုက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ယောက်ဖရယ်၊ ငါ့ညီမက မျက်စိလေး မဆိုစလောက် စွေတာရယ်၊ သွားလေး မဆိုစလောက် ခေါတာရယ်၊ လူလေး မဆိုစလောက် ဝတာရယ်ပဲ ရှိပါတယ်၊ မင်း ... နှစ်သက်မြတ်နိုးတယ် ဆိုရင် ငါ သဘောမှုပါတယ်"

ဟု ပြောမိကာ အစန်းထဲ ရယ်သံလွင့်စနေ ပျံ့ထဲ။

စိတ်ညစ်သည့်ကြားမှ ဟန်ပင် ရယ်မိသည့် အဖြစ်။

* * *



"ဒါဆို လွယ်ပါတယ်၊ သူ မကြိုက်တာတွေကို စိတ်ညစ် အောင်လုပ်၊ သူက နင့်ကို စေစပ်လက်ထပ်လိုက်ရမှာကို ကြောက်အောင်လုပ်၊ ဒါပေမဲ့ နင်က ငြင်းချင်လို့ ဆိုတာကို တော့ မသိအောင် ပိရိရမယ်၊ ဒါကြောင့်-သူ့ကို ရိုးရိုးသားသား နဲ့ ဆက်ဆံ၊ နင့်ဘွားနဲ့ ဖေဖေတို့ ရှုထောင့်ကကြည့်ရင် နင် က အပြစ်ကင်းနေရမယ်"

ဘာပဲဖြစ်ဖြစ် ခုလို သူငယ်ချင်း သုံးကောင်ကို အဖြစ်စုံ တိုင်ပင်သလို ပြောပြမိတာ အကျိုးတော့ မယုတ်။ ခုဆို ပေါက်ပေါက် ပြောသည့် အတိုင်းဆို ဟန်ပင် ကျန်ခဲ့သေးသည့် အကြံကောင်းကိုပင် ရလိုက်သေးသည့်အဖြစ်။

အသားဖြူဖြူ အရပ်ရှည်လျက် ဆံပင်ကုပ်ဝဲလေးနှင့် ပေါက်ပေါက် ဆိုတာ အမြဲတမ်း ပျော်ပျော်နေတတ်သည်ပဲ။

"ဒါဆို ... မုံက ဘာလုပ်ရမှာလဲ"

မြက်ခင်းပြင်ထက်မှာ ထိုင်ရမိုက် ကုံကော်ရိပ်ကြောင့် အေးမြနေသည်ပါပဲ။

အိမ်အပြန် ကားစောင့်ရင်း၊ မုံ့မှာ ရင်ထဲ မျိုသိပ်နိုင် တော့တာမို့ အဖြစ်စုံကို ပေါက်ပေါက်၊ လှိုင်းပြာနှင့် ထွေးထွေးအိ တို့ပဲ အားကိုးတကြီးဖြင့် ရင်ဖွင့်ပြောပြ၊ မျက်ရည်ကျခဲ့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



နတော့ ပေါက်ပေါက်က အကြွေ ဘာတွေပင် ထေးနေပြီ။

"ဒါကတော့ နင် ... သူ့ကို ဘယ်လိုခေါ်လဲ ဆိုတာ အရင် သိထားမှ ဖြစ်မှာ၊ ကဲ ... ဘယ်နှယ်ခေါ်သလဲ၊ သူ့ကို"

ပြုံးစိစိနှင့် မေးတာမို့ မုံ အကဲခတ်သလို တစ်ချက် ကြည့်ရသေးသည်။ ပေါက်ပေါက်က စိတ်ချရတာ မဟုတ်။ နောက်ချင်နောက်နေမှာ။

"ဘယ်လိုမှ မခေါ်ဘူး၊ ရန်ပဲ ဖြစ်ထားတယ်"

ဟု မျက်နှာလေးအို၍ ပြောတော့ လှိုင်းပြာနှင့် ထွေးထွေးအိတို့ စပ်ငေးငေး ကြည့်ကြသည်။ နေရင်းထိုင်ရင်းများ မုံ တစ်ယောက် ရေစပ်လိုက်ရချေတော့မည်လား မသိ။

သူငယ်ချင်းချင်း တစ်ယောက် လျှော့ရ ဘက်မှဲ့ရမှာကို ရင်ထဲမှာ မကောင်း။

ပေါက်ပေါက်၊ လှိုင်းပြာနှင့် ထွေးထွေးအိတို့မှာ အင်းလျားဆောင်သူများပါ။

နယ်မှ ကျောင်းလာတက်ကြတာမို့ မုံ့ အိမ်ကိုပဲ အားကိုးနေကြရတာလည်း အမှန်။

မုံ့အိမ်မှာ စနေ၊ တနင်္ဂနွေနေ့ဆို ထမင်းအုပ်၍ ရသည်။ ကြားရက်မှာလည်း တားမို့၊ အဆောင်ပြန်ချိန်မှာ ပုလင်းတွေထဲ အကြော်အလှော်တွေ ရာရှင်ပြည့် ပြန်သယ်နိုင်သည်လေ။ ပြီးတော့ မုံ့ စိတ်ထားကောင်းကောင်းလေးနှင့် ရုပ်ချောတာလေးကြောင့်လည်း အချစ် တိုးကြရတာလည်း အမှန်။ မုံ့ကို သံယောဇဉ်ရှိကြသည်လေ။



အခုလည်း မုံ ကားစောင့်နေတာကို ရောရှ အဖော်လုပ် စောင့်ပေးနေကြကာ အဆောင်မပြန်ဖြစ်ကြသေးခြင်းပါ။

"အင်း ... အဲဒါက အဲသလို ရန်ဖြစ်ဟာက မကောင်းဘူး၊ နောက်ကို ရန်မဖြစ်နဲ့၊ အလိုက်သင့်နေ၊ အဲသလို နေရမှာက နှစ်ဖက်လူကြီးတွေ ရှေ့ဆို ပိုသတိထားရမယ့် ကိစ္စပဲ၊ ကျန်တာတွေကိုတော့ ဘာလုပ်ရမယ် ဆိုတာ ငါ သေချာစဉ်းစားပြီးမှ နင့်ကို ပြောမယ်"

"ငါ မြင်ဖူးချင်လိုက်တာဟယ် ... အဟုတ်"

လှိုင်းပြာ ပြောတော့ မုံ စိတ်တိုတိုဖြင့် ...

"သိပ်ကြီးကျယ်တဲ့ မှာန်ဟဲ့၊ နာမည်နဲ့ လိုက်ပါ့၊ သူ့ကို အဲဒီနာမည် ပေးထားတာက အန်ကယ်စိမ်းနဲ့ အန်တီနုတို့ကလေ၊ သူတို့သားကို ဘဝမှာ အားမာန်တွေနဲ့ ရင်ဆိုင်ရဲတဲ့ သဘောကို ဆောင်တာတဲ့"

မုံ ပြောတော့ ထွေးထွေးအိက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ...

"ဟင် ... အဲဒါ နင်သိတယ်"

ဟု အံ့သြသံလေးဖြင့် မေးတော့ ...

"ငါပြောပြထားသားပဲ၊ အန်ကယ်စိမ်းတို့ မိသားစုနဲ့ ဘွားရော၊ ဖေဖေရော အရွမ်းကို ရင်းနှီးကြတာပဲ ဥစ္စာ၊ ငါနဲ့ သူနဲ့သာ မျက်ကြောမတည့်ကြတာ"

"သိပါတယ်၊ မျက်ကြောတည့်ရင် ခုလိုအကြံမျိုး ငါ ဘယ်ပေးရတော့မှာလဲ၊ ဖိတ်စာကို လက်ခံလိုက်ရတဲ့ သူပဲ ဖြစ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပေါက်ပေါက် ပြောတော့ ကလေးတွေလိုပဲ ငိုင်းရယ်လိုက်ကြသည်ပါပဲ။ မုံသာ လိုက်မရယ်နိုင်ဘွာ အားလုံးကို ခပ်တည်တည်လေး ကြည့်နေရသည့်အဖြစ်။

"အံမယ် ... ဒေါ်မာန် ... ဓာတ်ကြီး ကူးမလာပါနဲ့တော်၊ ကိုမာန်ကိုတော့ မမြင်ဖူးရသေးဘူး၊ ဒီက မရွှေမာန်ကဖြင့် မျက်လုံးကို တောက်နေတာပဲ"

ပေါက်ပေါက် ပြောရယ်နေတော့ မုံ စိတ်လက်ညစ်လျက် မျက်ရည်ဝဲလာရင်းမှ ...

"နင်တို့က ဘာသိလို့လဲ၊ ငါက စိတ်ဆင်းရဲနေရတာ၊ ညက ဆို အိပ်လို့တောင် ကောင်းကောင်းမရဘူး"

ဟု မျက်နှာလေး မဲ့တဲ့တဲ့ ဖြစ်လာလျက် ပြောတော့ အားလုံး သနားသွားရကာ ...

"ငါတို့အားလုံး ဝိုင်းကြံပေးပါ့မယ်ဟာ၊ ဒီကောင် ဘယ်သူ့ ညှောင် ... ကိုညှောင်စိ၊ အဲ ... မာန် ... အဲဒီ မာန်ကို ဖန်လုပ်ပစ်ပြီး ခွဲပစ်မယ်၊ ဘာမှတ်လဲ ... နာမည်ကိုက ပေါက်ပေါက်တဲ့၊ ထွန်းပေါက်တဲ့ ပေါက်ပေါက်"

ဟုတ်သည် မဟုတ်သည် အပထား။ လောလောဆယ်တော့ ဟုတ်ဟုတ်ကြြားကြား အားရှိရသည့် အဖြစ်။ မုံ့ ရင်ထဲ အနည်းငယ် အားတက်လာရသည်ပါပဲလေ။

"လောလောဆယ် သူ ထွန်းပေါက်တာကဲ့ဖြင့် မဏ်ဓွက်ကြီးထဲ ထမင်းနိုးထည့်ပြီး အခန်းထဲ သယ်တာရယ်၊ လက်ဖက်သုပ်ပြီး ထမင်းနိုးစားတာရယ်၊ ဆီပုလင်းကအစ သံသေတ္တာထဲ ထည့်ဖွက်ထားတာရယ်၊ သူများမုန့်တွေ ဈေ့အောင်



ရှာစားတာရယ်၊ အခန်းပေါက်ဈေ လည်တဖော်တာရယ်၊ အဲ ... ညညကျရင် အိမ်သာတက်ချင်တိုင်း အိပ်နေတဲ့လူကို အားမနာတမ်း နှိုးနှိုးပြီး အဖော်လိုက်လုပ်ခိုင်းတာရယ်"

လှိုင်းပြာမှ လက်ချောင်းလေးတွေ တစ်ချောင်းပြီး တစ်ချောင်း ထောင်ထောင်ပြီး ပြောနေသမျှ ထွေးထွေးအိမ့် လိုက်ထောက်ခံရင်း ...

"ခြောက်ချက်ရှိပြီ၊ နောက်ထပ် လေးချက် ပြည့်သွားရင် လက်ဆယ်ချောင်းပြည့်ပြီ၊ ကျန်တဲ့အချက်တွေ ငါ့လက်ချောင်းနဲ့ လိုက်ရေပေးမယ်"

ဟု လက်ချောင်းထောင် အကူအညီကို ကြိုတင် ကြေညာထားနှင့်၏။

"စာအုပ်ကြီး မျက်နှာပေါ်မှောက်ပြီး စာတွေ ပြန်နွေးတယ်ဆိုဆိုပြီး ဟောက်နေတတ်တာရယ်၊ ဟောက်နေတတ်တာဆိုတာ အိပ်တဲ့အခါ အသံမျိုးစုံဖြင့် ထွက်ပေါ်လာသောအသံကို ဆိုလိုပါသည်"

ဟု ပြောတော့ ပေါက်ပေါက်မျက်နှာ ပုပ်စပြုလာပြီ။ ဘာကယ်လည်း မဟုတ်တာမပါ။ ဟုတ်တာချည်းမို့ ပြန်ငြင်း၍လည်း ရနိုင်တာမဟုတ်။

"ခုနစ်ချက်ရှိပြီ၊ သုံးချက်ကျန်သေးတယ်၊ နင့်လက်ဆယ်ချောင်းပြည့်ဖို့ ပြောတာပါ"

"လောလောဆယ် အဲဒီ ခုနစ်ချက်နဲ့ပဲ နားထားလိုက်ဦးမယ်၊ အဲသလို ထွန်းပေါက်တာမျိုး ဖြစ်နေတဲ့ ပေါက်ပေါက်အဖြစ် မှတ်သားစရာ ဂုဏ်ပြုထားအပ်ပါပေရဲ့ကွယ်

www.burmeseclassic.com

www.burmeseclassic.com



ဟု လှိုင်းပြာ ပြောတော့ ပေါက်ပေါက်က ...

"ဒီလိုပါပဲ၊ တော်တော့်လူများ တယ်ပြီး မနာလိုသူ ပေါတာပဲ၊ မကောင်းပြောချင်ကြတာပဲ၊ ဒါပေမဲ့ သိတယ် မဟုတ်လား၊ ပေါက်ပေါက်တို့က သူများ နာမည်ဖျက်ချင်လောက်အောင် နာမည်တက်နေ၊ လူတော် ဖြစ်နေတာကိုပဲ ကျေနပ်ကြည်နူးနေတာ ရှိပါစေတော့၊ ခွင့်လွှတ်လိုက်ပါ မုံရယ်"

ဟု မျက်နှာကိုပြုံးလျက် မုံ့ဘက်ကို ကြည့်ပြောနိုက် ရှုလေးလေးဆွေ မောင်းလာသည့် ဟွန်ဒါ ကားဖြူလေးကို လှမ်းမြင်ရတာမို့ ...

"ကဲ ... ကဲ ... ညကျရင် ငါးသေချာစဥ်းစားပြီး အချက်အလက်နဲ့တကွ အွန်ပေပါအဖြစ် မှတ်ထားမယ်"

ဟု ပြောတာမို့ မုံ လွယ်အိတ်လေးကိုလွယ်၍ ထရပ်၏။

* * *



၄

လူကြီးတွေကတော့ မုံတို့ နှစ်ယောက် အဆင်ပြေ ရင်းနှီးအောင် ထမင်းစား ပိတ်ကျွေးတာကို အကြောင်းပြု၍ မာန်နှင့် မုံ့ကို တွေ့ဆော်၍ စကားပြောဖြစ်အောင် စီစဉ်ပေးခြင်းပါ။ ဒါကို နှစ်ယောက်စလုံး နားလည်ထားကြသည်ပါပဲ။

ဒါပေမဲ့ ပုလဲရိပ်မြုံ၏ ထမင်းစားခန်းထဲမှ လူကြီးတွေချင်း စကားပြောဖြစ်ကြသည်ကိုပဲ ကြားရလျက် မာန်ကတော့ စေစောဝဲ ထမင်းကို လက်စသတ်သည်။

မုံကတော့ စိတ်ရှုပ်စွာပဲ ခေါင်းငုံ့၍ ထမင်းစားဖြစ်၏။

နှစ်ကောင်စလုံး စိတ်ထဲ မပါကြတာကို ဘွားရော၊ အန်ကယ်စိမ်းနှင့် အန်တီနုရော ရိပ်မိကြသည်ပါပဲ။ ဒါပေမဲ့ မသိကျိုးကျွန် လုပ်နေကြသည်။

"ကိုပြည့်ထွေး ... မနက်ဖြန် ရောက်မှာနော်"

မေမေ ပြန်လာမည့်ရက်ကို သိထားတာမို့ အန်ကယ်စိမ်း မေးခြင်းပါ။ ဘွား ခေါင်းညိတ်၍ ...

"မနက်ဖြန် လေဆိပ်သွားကြိုကြတာပေါ့ မောင်စိမ်းရယ်၊ ဟဲ့ ... မိမုံ၊ ပြီးပြီလား"

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွား"

ဖေဖေ ပြန်ရောက်လျှင် မာန့်ကိုစွက ပို၍ မုံ့ကို လာဆောင့်မည်။ စေ့စပ်ဖို့ကိစ္စ ဖေဖေက သေချာပြောတော့မှာ။ မုံ စိတ်ပိုညစ်လျက် ထမင်းပန်းကန်လေးကို ယူ၍ ရေဆေးဇလုံမှာ သွားဆေးသည်။

"ရတယ် မမမုံ၊ အရီ ဆေးမယ်"

ဟု အိမ်ဖော် ရီရီ ပြောတော့ မုံ ပန်းကန်မဆေးတော့ဘဲ ထွက်ခဲ့၏။ အလျင်တုန်းဆို ... ရီရီနှင့် ထိုင်၍ လေပေါနေကျ။ ပန်းကန်တွေ ဘာတွေလဲ ရေသုတ်ပဝါနှင့် ခြောက်အောင်သုတ်ပေးကာ နေသားတကျ ထားနေကျ။ ခုတော့ ခြံထဲဆင်းပြီး အားလုံးနှင့် ဝေးဝေးပဲ နေလိုက်ချင်သည်။

ခြံထဲကို နောက်ဖေးပေါက်မှ ဆင်းကာ ဥယျာဉ်နှင့် ဝေးရာ ရေတမာပင်ကြီးအောက်မှာ သွားထိုင်နေမိပါ၏။

"သိပ်စိတ်ညစ်ရတာပဲ"

တကယ် ရင်ထဲရှိသည့်အတိုင်း အသံထွက် ညည်းမိနိုက်မှာ ခြေသံကြားတာမို့ လှည့်ကြည့်မိပါ၏။

ဘုရားရေ ...။ ကိုယ်တော်မြတ်ကြီး မာန်ပါလားလေ။ မုံကို လှမ်းကြည့်ပြီး တည့်တည့်မတ်မတ် လျှောက်လာသည့် အဖြစ်။

"ဒီမှာ ဘာလုပ်နေတာလဲ၊ ညည့်သည်တွေကို ပစ်ပြီးတော့"

မုံ့ဘေးမှာ လာရပ်ပြီး ငုံ့မေးလာပုံကိုက၊ အဘယ်မျှ မေတ္တာတုံးဖို့ ကောင်းနေပါသလဲ။ မျက်နှာကလည်း တည်နေသေးသည်။

"မုံက ကလေးပဲ၊ ဧည့်မှ မခံတတ်တာ၊ ဘွား ရှိတာပဲဥစ္စာ"



မာန် တစ်ချက် ခပ်စိုက်စိုက် ကြည့်မိသည်။ ဤကောင်မလေးကို လက်ထပ်ရမည်ဟု ဘယ်တုန်းကမှ စိတ်ထဲမကူးမိခဲ့။ မျက်နှာကလေးကလည်း ကလေးလိုပဲ နုနုနယ်နယ်လေးပါ။

စွာတာကတော့ နှုတ်ခမ်းလေး တင်းတင်းဖြင့် မျက်လုံးလေး တောက်နေအောင် စွာသည့် ကောင်မလေး။

"ငါ ခဏထိုင်မယ်"

ပြောပုံကို ကြည့်။ ပိုင်စိုး ပိုင်နင်းကြီး။

ခဏထိုင်လို့ ရမလား မုံဟု မပြော။ ငါ ခဏထိုင်မယ်တဲ့လေ။ တကယ်လည်း မုံ့ဘေးမှာ ထိုင်သည်။

"မင်းနဲ့ ငါ့ကို စေ့စပ်ပေးကြတော့မယ်၊ သိလား"

"သိတယ်"

မေးသည့်လူကလည်း ခပ်တည်တည် မေးသည်။ ကြင်နာငွေ့မပါ။ စိတ်ဝင်စားမှုလည်း မပြ။ စိတ်လှုပ်ရှားတာမျိုးလည်း မရှိ။ အေးစက်စက်လေသံဖြင့် မေးခြင်း။

ကိုယ် တစ်နေ့ လက်ထပ်ရမည့် မိန်းကလေးတစ်ယောက်ကို ပြောနေသည့် လူတစ်ယောက်နှင့် မတူ။ မုံ့ ရင်ထဲမှာ တစ်ချက် ဝမ်းနည်းချင်၏။

ဤမျှ မုံ့ အပေါ် စိတ်ဝင်စားခြင်း မရှိပါသည့် လူတစ်ယောက်နှင့် ဘွားရော၊ ဖေဖေကပါ သဘောမျှ လက်ထပ်ပေးချင်သည်တဲ့။ မုံ မျက်နှာလေး တစ်ချက်ညှိုးသွားမိရာမှ ဖျတ်ခနဲ မာန့်ကို မော့ကြည့်မိသည်။ မျက်ဝန်းလေးတွေ တည်တင်းလျက် ...

"သိတယ် ... မုံ လုံးဝလက်မခံနိုင်တဲ့ ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လက်တောက်သွားသည့် မျက်ဝန်းများမှာ ဝမ်းသာရိပ်သည် ပုံးဖိမရစွာ ပေါ်လာလျက် ...

"ဒါဖြင့် ငြင်းလိုက်ပါလား"

ဟု အလေသုံးဆယ် ပြောချလာတော့ မုံ ပို၍ ခံပြင်း၏။ သူကများ မုံ့ကို လက်မထပ်ချင်ဘဲ ရှိနေသမျှ ဟန်အကျပုံဖြင့် ပြောချလာတော့ ဘယ့်နှယ် ကြည့်ရချင်တော့မည်တဲ့လဲ။

မုံကပဲ သူ့ကို ကြိုက်နေရတော့မလိုလို။ သူကပဲ တန်ဖိုးမြင့်နေသလိုလို။

"ဒါပေါ့ ... ဒါမှ ရှင့်ပိုက်ဆံတွေ မကုန်ဘဲ၊ မုံ့ရဲ့ ဖေဖေ ပိုက်ဆံတွေ ရှင်ရမှာကိုး၊ ဒီမှာ မုံ ဘယ်တော့မှ မငြင်းဘူး ... ရှင်ငြင်း၊ ဒါပဲ ... လူလည်လာမကျနဲ့၊ ရှင်ကိုဖြင့် မေတ္တာ တစ်စက်မှ မရှိဘူး၊ စိတ်ချ ... သိပ်ကြီးကျယ်ပြမနေနဲ့၊ ရှင့်ကို တစ်ပြားဖိုးမှလဲ မချစ်ဘူး ... သိလား"

မုံ ခပ်တင်းတင်း ပြောချပြီး ထရပ်တော့ သူ ဆတ်ခနဲ မော့ကြည့်သည်။ ထိုင်နေလျက်ပုံစံဖြင့်ဝင် မုံ့လက်ကို ဆောင့်ဆွဲတာမို့ ဆက်သွားမရတော့။

"မုံ့ လက်ကို လွှတ်"

မျက်နှာလေး နီထွေးလျက် ဒေါသဖြင့် လက်တောက်နေသော မျက်ဝန်းနက်နက်လေးတွေကို မော့ကြည့်ရင်းမှ သဘောကျနှစ်ခြိုက်သည့် စိတ်က မာန့်ရင်မှာ ဖြစ်တည်၏။

အဘယ်မျှ စိတ်ဝင်စားဖို့ ကောင်းလိုက်ပါသည့် မျက်နှာလေးလဲ။



မျက်နက်ဝန်းလေးတွေ ... ဖိတ်ဖိတ်တောက်နေသည့် မျက်ဝန်းများသည် အဘယ်မျှ ကြည့်ကောင်းနေပါသလဲ။

ဒါပေမဲ့ ... မာန့်ကို တစ်ပြားမတန်အောင် ပြောချသွားသည့် စကားကိုတော့ ခံပြင်းနေတာမို့ မျက်နှာကို တည်လျက် ...

"နင်က ပြောချင်တာပြောပြီး သွားလို့ရမလား၊ ဒီမှာ ... နင့်ကိုလဲ ငါက လုံးဝစိတ်မဝင်စားဘူး၊ ကြိုက်မယ်များလဲ မထင်နဲ့၊ လူက ပေါက်စနရှိသေးတယ်၊ ငါ့ကိုများ နိမ့်နိမ့်ချချ ပြောသွားလိုက်တာ၊ ကိုင်ပေါက်လိုက်ရရင် ... နင့်တစ်ကိုယ်လုံး ငါ့လက်ညှိုးလေးနဲ့ တောက်လိုက်ရုံပဲ ... လွင့်သွားမယ် ဘာမှတ်လဲ"

သေးသွယ်နွဲ့နှောင်းသော ကိုယ်နွဲ့နွဲ့လေးကို ကြည့်လျက် မျက်နှာထိ မျက်နှာထားဖြင့် ပေါက်နေသည့် မာန့်မျက်နှာကို မော့ကြည့်ရင်း၊ ကုတ်ဖွဲ့ပစ်လိုက်ချင်စိတ်ဖြင့် မုံ အံခဲမိပါ၏။

"လူရိုင်း ... စိတ်ရိုင်းနဲ့ မုံ့ကို လာမဆက်ဆံနဲ့၊ ရှင်က မုံ့ကို ကိုင်ပေါက်သမျှ ကြည်ကြည်ဖြူဖြူ ခံနေမယ်များ မှတ်လား ... ကဲ"

ပြောလည်းပြော။ မျက်နှာကို လက်သည်းဖြင့် တကာယ်လည်း ကုတ်ပစ်လိုက်တော့ ဘယ်ဘက်ပါးမှာ လက်သည်းရာ ထင်ကျန်ခဲ့ပါ၏။ စိတ်ရှည် လက်ရှည် ပုံဖော်ထားလျက် ပုလဲရောင်လေး လက်သည်းဆိုးထားပါသည့် လက်ချောင်းနုနု၏ အထိအတွေ့ထက်၊ စူးရှစပ်ရှိန်းသော နာကျင်မှုကိုသာ မာန်ခံလိုက်ရပါသည့် အဖြစ်။

ပါးကို အုပ်မိုးလိုက်ချိန်မှာပင် မုံကတော့ ခြေသွက်သွက်ဖြင့် ပြေးနှင့်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ခွေးမလေး"

မာန့်နှုတ်မှ ခပ်သဲ့သဲ့ ကြိမ်းသံ ပေါ်လာတော့ မှံ လှည့်ကြည့်မိပါ၏။ ပါးကို အုပ်မိုးထားသော လက်ကို ပြန်ရုပ်၍ ငုံ့ကြည့်နေသည့် မာန်။

ကောင်းတယ်ဟု ကျေနပ်စွာ တွေးမိလျက် မှံ ပြုံးလိုက်မိရပါပြီ။

မှတ်ထား။

မှံ့ကို ကိုင်ပေါက်မည့် မာန်။

ခုတော့ ပါးမှာ လက်သည်းအစင်းကြောင်းတွေနှင့် ခံပြီးကျန်ခဲ့ပြီ။

မှံကတော့ ပျော်နေမိသည်ပါပဲ။

နောက်ဆို ... မှံ့ကို သူ လာ၍ ဟိန်းလားဟောက်လားနှင့် လုပ်ရဲတော့မှာ မဟုတ်။

❦ ❦ ❦



"မင်းတို့နှစ်ယောက် ညားများ ညားဖြစ်ကြလို့ ရန်များဖြစ်ကြမယ် ဆိုရင်ဖြင့်၊ မင်းကို အောက်စီဂျင်ဘူး အားကိုးနဲ့ အသက်မျှော့မျှော့ ရှူနေတဲ့ ချာတူးလန်အဖြစ် ငါတို့သုံးကောင် လူမမာမေး လာရင်း၊ တွေ့ကြရတော့မှာ သေချာတယ် ... ညှံ့ပါ့ကွာ"

မြင့်ဆောင်က ခေါင်းတခါခါနှင့် တဖျစ်တောက်တောက် ညည်းနေသလို ကြည်ဇင်ကလည်း မျက်မှန်ကို လက်ဖြင့် ပင့်၍ ...

"အေးလေ ... မျက်နှာမှာ အစင်းသုံးကြောင်းနဲ့ ဘယ်သူ့မှ မတိုင်ဘဲ ပြန်လာရတယ်လို့"

ရှုံ့မဲ့နှင့် ဒေါသတွေ ငယ်ထိပ်ကပ်နေလျက် ဘယ်သူ့မှ နှုတ်မဆက်ဘဲ ပုလဲရိပ်မြုံမှ ကားကို မောင်းထွက်ခဲ့ကာ အင်းဝဆောင်သို့ ပြန်ရောက်လာသည့် မာန့်ကို အားလုံးက ဝိုင်း၍ သြဘာပေးနေကြခြင်းပါ။

အဆောင်မှဖုန်းဖြင့် ပုလဲရိပ်မြုံရှိ မေမေနှင့် ဖေဖေ့ထံ ကားလာယူဖို့ သူ ဆက်ခဲ့သည်။ ဘာကြောင့် ဖြုန်းစားကြီး ဘယ်သူ့

www.burmeseclassic.com



မှ နှုတ်မဆက်ဘဲ ပြန်သွားမှန်း မသိသည့် ဖေဖေကလည်း ဤသို့ ပြန်ရပါမို့လားဟု ဖုန်းထဲမှာ ကြိမ်းနေသည်။ မာန်ကလည်း ရှင်းမပြချင်တော့တာမို့ ကားလာယူဖို့ပဲ ပြောကာ ဖုန်းကို ချခဲ့ရသည်ပါပဲ။

ခုလည်း ပုလဲရိပ်မြုံသို့ ထမင်းစား သွားရမည်ဆိုတာ သိထားကြသည့် မြင့်ဆောင် တို့မှာ မျှော်ထားလေသမျှ ဘာမျှဖြစ်မလာဘဲ မျက်နှာကြီး အောက်သိုးသိုးဖြင့် ပြန်လာသည့် မာန့်ကို မေးကြည့်ကြ။ အဖြစ်နဲ့ သိကြတော့ စိတ်ပျက်ကြသည်ပါပဲ။

မပြောရှုံလည်း မဖြစ်။ မျက်နှာမှာက လက်သည်းစင်းကြောင်းရာ ရှိနေသည်ကိုး။

"ဒါက ... ဒီလို ရှိတယ်ကွ"

မြင့်ဆောင် အခန်းကျဉ်းထဲ ခေါက်တုံ့ ခေါက်တင် လျှောက်ရင်းမှ တစ်ချက် စဉ်းစားမိသလို ပြောလာတော့ ဘယ်သူမှ စိတ်ဝင်စားဖော် မရ။

မာန်ကလည်း စပ်ဖျဉ်းဖျဉ်း ဖြစ်နေဆဲ မျက်နှာပေါ် လက်ဖြင့် စမ်း၍ ဒေါပွနေဆဲ။

"သူက ... မင်း ... သူ့ကို ကြောက်သွားအောင် လုပ်တာ ဖြစ်မယ်၊ အဲဒီအခါ မင်းက ငြင်းမယ်၊ အဲ ... ငြင်းတော့ သူ ငြင်းစရာ မလိုတော့ဘူးပေါ့ကွ၊ ရက်စိ ... သက်စ်အစ်စ် နာတ်သင်းတူဒေါ့ပ်"

ကိုယ့်စကားကို ကိုယ်ပြန်၍ သံသယ ဖြစ်စရာ တစ်ခုမှ မရှိဟု အနိုင်အမာ ထောက်ခံနေသည့် မြင့်ဆောင်ကို သုံးယောက်သား ငေးကြည့်ဖြစ်၏။



အသားမည်းမည်း စွပ်ကျယ်ရှိုင်းပြတ်နှင့် ဆေးပေါ့လိပ်ကို လက်ကြားညှပ်ကာ အခန်းထဲမှာ ခေါင်းညိတ်လိုက် တွေးလိုက် စတိုင်ဖြင့် မြင့်ဆောင် လျှောက်နေဆဲ။ အခန်းက သိပ်ကျယ်တာ မဟုတ်တော့ ကြည့်ရသူတွေ လိုက်လိုက်ကြည့်နေရင်းမှ မျက်စိ နောက်လာသည်။

"ဟော့ ... ပြောစရာရှိ ဆက်ပြော၊ မျက်စိနောက်တယ်"

ကြည်ဇင် စိတ်မရှည်သလို ပြောတော့ မျက်လုံးကြီးပြူး၍ မြင့်ဆောင် ကြည့်သည်။

"မျက်စိနောက်ရင် မင်းတို့နှစ်ယောက်စလုံး သွားနိုင်တယ်၊ ဘုတ်အော့ဖ်ယူကင်န်ဂိုး ... ဒါပဲ"

ပြောပြီး ကုလားထိုင်မှာ မြင့်ဆောင် ပြန်ထိုင်၏။ ခြေချိတ်ထိုင်ကာ ဒူးတန့်နှံ့နှင့် စဉ်းစားနေသည်။

"အီတလီစကားပုံတစ်ခု ရှိတယ်ကွ"

စာအုပ်ထဲမှ စကားတွေ ဖြစ်မှာမို့ထင့်။ ပုံစံကိုက ခပ်တည်တည် နိုင်လှ၏။ ပညာရှိစတိုင် ဗိုဖမ်းလာသည်။

အမြင်ကတတ်ပုံဖြင့် ကြည်ဇင် မျက်မှန်ကိုဖြုတ်ကာ စားပွဲပေါ် တင်သည်။

"ထင်ထင်ရှားရှား မြင်နေရတာထက်စာရင် ဝိုးတဝါး မြင်ရတာ စိတ်သက်သာမယ် ထင်တာပဲ"

ဟု ပြောတော့ မျက်စိစွေ၍ တစ်ချက် မြင့်ဆောင် ကြည့်သည်။ ဆေးပေါ့လိပ်ကို ပြာခံခွက်ထဲ ထည့်ကာ စားပွဲပေါ်မှ ဒူယားအိတ်စ်ဗို့ဘူးကို လှမ်းယူ၏။ ဖွင့်ကြည့်တော့ တစ်လိပ်မှမရှိတော့တာမို့ မျက်နှာက ပြုံးကျသွားသည်။

www.burmeseclassic.com



"တော်သေးတယ် ရှိနေလို့၊ ဘူးခွံချည်းပဲ ဆိုရင်ဖြင့် အမှိုက်သိမ်းရတာပဲ အဖတ်တင်မှာ၊ အဲ ... ဟုတ်ပြီ၊ စောစောက စကား ဆက်ကြမယ်၊ အားလုံး ငြိမ်ပါ"

ကွမ်းယာထည့်ထားသည့် ပလတ်စတစ် အိတ်လေးကို ခါးကြားထဲ လိပ်ထည့်ထားရာမှ ထုတ်ယူနေသည့် ကြည်စင် အမြင်ကတ်ပုံဖြင့် ထပ်ကြည့်သည်။

"အိတ်လီစာ ဖတ်တတ်တာ ကျနေတာပဲ"

အဟမ်းဟု လည်ချောင်းရှင်းသံ ပေါ်လာတာမို့ ဘယ်လိုမှ တားမရတော့မှာ သိလျက် အားလုံး တကယ်ပဲ ငြိမ်နားထောင်ပေးလိုက်ရသည်ပါပဲ။

ဂက်စ်မီးခြစ်ဖြင့် မီးညှိပြီး စီးကရက်ခဲလျက် ရှိရာမှ ဖွါး၍ မာန့်ကို မျက်စိကိုမှေးပြီး မြင့်ဆောင် တစ်ချက်ကြည့်သေးသည်။ ပြီးမှ ...

"အဟမ်း ... ဟမ်း ... ဒီလိုကွ၊ အိမ်တစ်လုံးကို ဝယ်ယူရာနဲ့၊ မယားတစ်ယောက် ယူရာမှာ မျက်လုံးများကို စုံမှိတ်ထားပြီး သင့်ကိုယ်သင်အား ဘုရားသခင်ထံ အပ်နှံထားလိုက်ပါတဲ့၊ ဒီကောင့် အဖြစ်က အဲဒီအတိုင်း ဖြစ်နေတယ်၊ ဘုရားတ,ရမဲ့ကိန်းပဲ၊ ဟေး ဟေး ဟေ့ ..."

မာန်ကလွဲ၍ ကြည်စင်ရော ဇော်ဇော်ရော မနေနိုင်စွာဘဲ ရယ်ဖြစ်ကြလျက် ...

"အေးလေ ... ဟုတ်ပါ့ကွာ"

ဟု ထောက်ခံတော့ မာန့် ရင်ထဲမှာ ခပြင်းစိတ်က ပိုကဲလာ၏။



ပုလဲရိပ်မြို့မှာ ချက်ချင်း ဘွားကို သွားမတိုင်ဖြစ်ခဲ့တာကို နောင်တရချင်၏။

ကလေးရိုက်သလို တင်ပါးကို တုတ်နှင့် ဘွားဆော်လျှင် အဘယ်မျှ ကြည့်ကောင်းလိုက်ပါမည်လဲ။ ကောင်မလေး ငိုနေတာကို အရသာခံ၍ ကြည့်ခဲ့ဖို့ ကောင်းသည်။

"ငါက တစ်ချက် ညာလိုက်တာပါ၊ ဖွင့်ပြောလိုက်ရင် ဘွားက သူ့ကို ရိုက်မှာ၊ ငါ့မျက်စိရှေ့ကြီးမှာ ရိုက်မှာဆိုတော့ ငါ မျက်နှာပူတယ်၊ ဒါကြောင့်ပါ၊ တိုင်တိုင်တောတော အလုပ်ဆိုတာကလဲ ယောကျ်ားတွေက လုပ်လို့ ကောင်းတာမှ မဟုတ်တာ"

"အောက်စီဂျင်ဘူးကြီးနဲ့တော့ ပိုနီးလာသလိုပါပဲ၊ မင်းတော့ ကွာ၊ ညားများ ညားရင် အရိုက်ခံရမှာ မကြည့်ရက်တဲ့ကောင်၊ မင်း ကိုယ်တိုင် ရိုက်ဖို့ဆိုတာ ဝေးရောပဲ၊ ရှားပါ့ မောင်ရာ၊ မကြိုက်ဘူး ... မကြိုက်ဘူးနဲ့၊ ပါးစပ်ပြောပဲ ရှိနေတာပဲ"

ဖျတ်ခနဲ မာန် မျက်နှာတင်း၍ ကြည့်သည်။

"သူ့ကို ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ ဒါ ငါ့ဆုံးဖြတ်ချက် ... စိတ်လဲ မဝင်စားဘူး၊ ဒီလောက်ရိုင်းတဲ့ ကောင်မလေးမျိုးကို မာန် ဆိုတဲ့ ငါလိုကောင်က ဘဝကြင်ဖော်အဖြစ် ဘယ်တော့မှ မရွေးချယ်နိုင်ဘူး"

ဟု ပြတ်ပြတ်သားသား ပြောတော့ သုံးကောင်သား ငေးကြည့်ကြသည်။

"ဆဲတယ်ကွာ၊ သူက စားခဲ့ပြီးပြီ၊ ငါတို့က စားရသေးတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဆောင်သို့ သွားကြဖို့ ထခိုက်မှာ ...

"ဩော် ... အသက်ကို ဥာဏ်ဆောင်၊ အဆောင်ကျောင်းသားတို့၏ ထမင်းပွဲကို စပါးလုံးဆောင်၍ ကြဲ ... စပါးလုံး သွားရွေးကြစို့ရဲ့"

ဟု ကြည်ဇင် ပြောပြီး ထတော့ အားလုံး သုံးတောင်သား ပျော်ပျော်ကြီး ထမင်းစားဖို့ ရှိတက်သွားကြလေသမျှ မာန်နောက်ကျောမှ ငေးကြည့်ကျန်ခဲ့ရပါ၏။

ဩော် ... သူတို့မှာမြင့် အပူအပင် ကင်းစင်စွာ ပျော်နိုင်လိုက်ကြပါသည့် အဖြစ်။

ရင်ထဲမှာ အားကျစိတ် ဖြစ်တည်ရလျက်ဖြင့် ကိုယ့်ဘဝကို စိတ်ရှုပ်ထွေးရသော သက်ပြင်းကို တစ်ချက် ရှိုက်ရှုလိုက်မိရသည်ပါပဲ။

❀ ❀ ❀



"ညည်း တစ်ခုခု မာန့်ကို လုပ်လွှတ်လိုက်တယ် မဟုတ်လား၊ တစ်ခုခု ပြောရင် ပြောမယ်၊ လုပ်ရင် လုပ်မယ်၊ ပြောလဲ ပြော၊ လုပ်လဲ လုပ်ချင်လုပ်မယ်၊ ညည်းဟာ အိမ်ရှင်၊ ဧည့်သည်ကို ချက်ချင်းကြီး ပြန်ရှုသွားအောင် လုပ်တာမျိုးတော့ မကောင်းဘူး"

အဆူအကြိမ်း ခံရလွန်း၍ မှုံမှာ ခေါင်းတွေပင် ခြောက်လာရပါပြီ။

ဧည့်သည်ဖြစ်သည့် အန်ကယ်စိမ်းနှင့် အန်တီနု တို့ကို အင်းဝဆောင်သို့ အိမ်ကကားဖြင့်ပဲ လိုက်ပို့ရသည်။ ထိုမှ မာန် ... ယူမောင်းသွားသည့် အန်ကယ်စိမ်းတို့ ကားကို အန်ကယ်တို့က ယူမောင်းသွားမည်။

"အခု မာန် မောင်းသွားတဲ့ ကားဆိုတာ ညည်းနဲ့မာန် ဇာစပ်တာနဲ့ မောင်စိမ်းတို့ဘက်က လက်ဖွဲ့ဆိုပြီး ရည်ရွယ်ထားတာ၊ ရန်ကုန်ကို ရောက်တာနဲ့ ညည်းအတွက် ရည်စူးပြီး ဒီကားကို ဝယ်ထားရှာကြတာ၊ ညည်း နည်းနည်းမှ လူမှုရေး မသိတတ်ဘူး၊ ဧည့်သည်တွေ ထားခဲ့ပြီး ခြံထဲ သွားတယ်"

ဘွားကတော့ စိတ်တိုတိုနှင့် တောက်လျှောက် ပြောနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ထမင်းပွဲမှ ဘွား မီးဖိုဆောင်ဘက်ကို ဝင်ခဲ့တာ ဖြစ်မည်။ ရိုရိုကို မေးကြည့်တော့ မုံ ခြံထဲသို့ ဆင်းသွားတာ ဖြေလိုက်မည်ပေါ့။

"ငါက မာန့်ကို ခြံထဲ ဆင်းလျှောက်ပါလားလို့ ပြောတယ်၊ မောင်စိမ်းတို့ လင်မယားကလဲ သားကို ပြောတယ်၊ အဲဒါ ညည်းနဲ့ တိုးစေချင်တာလဲ ပါတယ်၊ ရင်းနှီးနိုင်အောင်လို့ လွှတ်လိုက်ကြတာ၊ ညည်း ... ဘာလုပ်လွှတ်လိုက်သလဲ ... ပြောစမ်း"

"မုံက ဘာလုပ်နိုင်မှာလဲ ဘွားရဲ့၊ မုံ့ကို သူက မာမာထန်ထန် စကားပြောတယ် ဘွားရဲ့၊ ပြီးတော့ သူ့ကို စေ့စပ်မယ့်ကိစ္စကို ငြင်းလိုက်ပါလားတဲ့၊ လာပြီး စည်းရုံးနေတယ်၊ ဒါမှ သူ့ဘက်က အပြစ်ကင်းပြီး ဗိုက်ဆံလည်း မကုန်မှာကိုး၊ လူလည်ကြီး ဘွားရဲ့"

မုံ ... မျက်ရည်လေးဝဲရင်း တိုင်ပြောလေး ပြောတော့ ဘွား တစ်ချက်ပြုံး၍ မုံ့ကို ကြည့်သည်။

မုံဖြင့် စိတ်ဓာတ်လက်ဓာတ် ကျရသည်ပါပဲ။ ဘွားက မုံ့ စကားကို ယုံပုံမရ။

"သူက ငြင်းနိုင်းတယ် ဆိုတော့ ညည်းက သူ့ကို မစေ့စပ်ချင်ဘူးလို့ ပြောလို့ ဖြစ်မှာပေါ့"

ကွမ်းတိုကြီးကို ဒက်ခနဲ မေးချလိုက်သည့် ဘွားကို ပါးစပ်လေးဟ၍ မုံ မော့ကြည့်လိုက်ရသည်ပါပဲ။ မုံ စိတ်လောတကြီးဖြင့် ပြောမိသည့်ကိစ္စ၊ ခု ... ကိုယ့်ကိုပြန်၍ ပတ်နေပြီတည့်။



"အဲဒါ ညည်းသည်လုပ်တဲ့လူကို ပြောရမယ့် စကားမျိုးလား၊ ပြန်တောင်းပန်"

"အဲဒါဆို ... သူက စိတ်ကြီးဝင်ပြီး ဘဝင်တွေ ဘာတွေ ကိုင်တော့မှာပေါ့ ဘွားရဲ့၊ မတောင်းပန်ချင်ပါဘူး"

"ဘွား ပြောတာ မပြီးသေးဘူး၊ ညည်း သူ့ကို တစ်ခုခု လုပ်လွှတ်ထယ် မဟုတ်လား၊ စောစောက မေးထားတာကို ဝေ့လည်ကြောင်ပတ် လုပ်ပြီး အမေ့ခံမထားခဲ့နဲ့ ... ဖြေ ... ညည်းနဲ့ သူ စကားများခဲ့ကြမယ် ဆိုတာကိုတော့ ညည်း ပြောတဲ့ စကားတွေကို နင်းပြီး ဘွား သိပြီ၊ ကဲ ... ဖြေ"

ဘယ်တုန်းကများ ဘွားကို မုံ ညာနိုင်ခဲ့ဖူးလို့လဲလေ။

ခုလည်း စိတ်အိုက်အိုက်ဖြင့် မုံ ခေါင်းကို ကုတ်သည်။

"သူက ပြောတယ် ဘွားရဲ့"

"သူ ပြောတာကို နားမထောင်ချင်ဘူး၊ ညည်း လုပ်ခဲ့တာကိုပဲ နားထောင်ချင်တယ်"

ဘွားကို မော့ကြည့်ရင်းမှ နှုတ်ခမ်းလေးစူရင်း ...

"သူ ပြောတာကို ပြောမှ မုံ လုပ်ခဲ့တာကို ဖြေလို့ရမှာ ဘွားရဲ့၊ သူက ပြောတယ်၊ မုံ့ကို သူက လုံးဝစိတ်မဝင်စားဘူးတဲ့၊ ကြိုက်မယ်လဲ မထင်နဲ့တဲ့၊ မုံ့ကို ကိုင်ပေါက်ပစ်မယ်တဲ့၊ လက်ညှိုးနဲ့ တောက်လိုက်ရင် လွင့်သွားမယ်တဲ့၊ ခုကတည်းက အပေါ်ဆီးနဲ့ ဟောက်လိုက် ငေါက်လိုက် လုပ်နေတာ မြင်ပြင်းကို ကတ်လာရော၊ မုံ့ကိုများ မကြိုက်ဘူးလေး ဘာလေးနဲ့၊ သူ့ကိုပဲ မုံက ကြိုက်နေတာကျလို့၊ ကိုင်ပေါက်ခံရ

www.burmeseclassic.com

www.burmeseclassic.com



အောင် မုံက ငြိမ်ခံနေမှာကျလို့ ... ဘာရမလဲ ... သူ့မျက်နှာကို မုံ လက်သည်းနဲ့ ကုတ်ထည့်ပစ်လိုက်တယ်"

ဘွား ရင်ဖိလျက် ...

"ဟင် ... လက်သွက် ခြေသွက် နိုင်လှချေလား မိမုံ ... ဟင် ပြန်တောင်းပန် ... တောင်းပန်"

အရေးထဲ ဘွားကလည်း ကိုယ့်မြေးဘက်က မနေဘဲ မာန့်ဘက်ကပဲ ပြောပေးနေသည်။

မျက်နှာလေး အောက်သိုးသိုးနှင့် ကြမ်းပြင်ကို ခြေထောက်ဖြင့် ရပ်တိုက်ပွတ်နေသည့် မုံ့ကို ဘွား စိတ်လက်မောပုံဖြင့် ကြည့်သည်။ နောက် သက်ပြင်းရှိုက်၍ ...

"မိန်းကလေး ဆိုတာ ယဉ်ကျေးသိမ်မွေ့ရတယ်၊ မရိုင်းရဘူးလို့ ဘွား သင်ထားတယ် မဟုတ်လား၊ ဘာလို့ ခုလို လက်ပါတဲ့အထိ ဇွည့်သည်အပေါ်မှာ ရိုင်းရတာလဲ မိမုံ"

မုံ ငြိမ်နေတော့။ ရင်ထဲမှာ ဝမ်းနည်းလာသည်။ မျက်နှာကြီး ငုံ့ချ၍ ငြိမ်နားထောင်နေလိုက်ရသည်ပါပဲ။

"သူ့သားကို ကုတ်ဖဲ့လွှတ်လိုက်တာ မောင်စိမ်းတို့ လင်မယား မြင်ရင် ကောင်းမလား၊ သူတို့က ညည်းကို ချစ်ရှာကြတာ၊ ဒေါ်အိမ်စည်ရဲ့မြေးက ရိုင်းတယ် ဆိုတာ ဘွားကိုရော၊ မုံ့ ဖေဖေကိုရော ဘယ်အထိ ထိခိုက်သလဲ"

မုံ ... ခေါင်းလေးပို၍ ငုံ့ချလိုက်ရသည်။ မျက်ရည်က ဝဲနေပြီ။ လည်ချောင်းထဲမှာ ဆို့နေ၏။ ငိုချင်နေတာပဲ မုံ့ ရင်ထဲမှာ ရှိနေသည်။



"အန်ကယ်စိမ်းတို့ကိုလဲ တောင်းပန်ရမယ်၊ မာန့်ကိုလဲ တောင်းပန်ရမယ်၊ ဘွားဟာ မြေးကိုရိုင်းအောင် သင်ပြပေးတဲ့ ဘွားအဖြစ် မရပ်တည်ပေးနိုင်ဘူး"

မုံ ... ခေါင်းငုံ့နေလျက်မှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာလျက် ခေါင်းမော့လိုက်ကာ ...

"မုံ ... တောင်းပန်ပေးပါ့မယ် ဘွားရယ်၊ မုံ့ကို သူက ဘာပဲနှိမ်နှိမ်၊ မုံ့ကို မတူမတန် ဘာပဲပြောပြော၊ မုံက လီမွှာယဉ်ကျေးတဲ့ မိန်းမပီသရအောင် ငြိမ်ခံနေပြီးတော့၊ ပြောသမျှကို ကျေနပ်ပေးပါ့မယ်၊ အီး ... ဟီး ... ဟီး ...၊ မုံဖြင့် ဘွားကို အားကိုးရမလား ဆိုပြီး ပြောပြရတာ၊ တောင်းပန်နိုင်းတာပဲ ခံရတယ်၊ အီး ... မုံ သိပ်အားငယ်တာပဲ၊ သူ့ဘက်ပဲ ပါနေကြတယ်၊ သူ့မှာ ဘာဆေးများ ကောင်းနေလဲ မသိပါဘူး၊ သူ ပြောတာကျတော့ ဘယ်သူမှ အပြစ်မပြောဘူး၊ ဒီပါးစပ်က ပြောမိတာပဲ အပြစ်ပြော ခံနေရတယ်၊ အီး ... ဟီး"

ပြောရင်း ကလေးလို မုံ အော်ငိုတော့ ဘွား သက်ပြင်းရှိုက်ကာ ခပ်ဆေးဆေး ကြည့်ရှာ၏။ တကယ့်ကို မျက်ရည်စက်လက်နှင့် ဝမ်းနည်းတကြီး ငိုနေတာ နားလည်လျက်၊ မုံ့ ကိုယ်လေးကို ပွေ့ကာ ဆံစလေးများကို သပ်ပေးတော့ မုံ ပို၍အားတက်ပါးတက်နှင့် အရှိန်ဖြင့် ဆက်ငိုချပစ်လိုက်သည်ပါပဲ။

"သူနဲ့သာ လက်ထပ်ရရင် သူ့ဩဇာပိပြီး မုံ သေမှာ၊ သိပ်ဩဇာပေးချင်တာ၊ မျက်နှာကြီးကလည်း သိပ်လဲတင်းတာ၊ မုံက ကလေးလို နေတဲ့ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



မုံ ... မျက်ရည်တွေကို လက်ဖမိုးဖြင့် ဖိဖိပွတ်သုတ်ရင်း ဘွားကို အားကိုးစိတ်ဖြင့် မော့မော့ပြောတော့ ဘွား ပြုံး၍ မျက်ရည်များကို သုတ်ပေးသည်။

"မြေးတို့ နှစ်ယောက်စလုံးက ကလေးတွေလိုပဲ မိဘအိမ်မှာ ဗိုလ်ကျနေကြတဲ့ သူတွေကိုးကွယ့်၊ ဒါကြောင့် ဒီလိုဖြစ်ကြရတာ၊ ကဲ ... ကဲ ... တိတ်တော့၊ သွားပြီး အခန်းထဲမှာ လှဲနေချေ၊ ဘွားလဲ ဘုရားဆောင် ဝင်လိုက်ဦးမယ်"

စိတ်လက် ပင်ပန်းနေမည့် မြေးကို အခန်းမှာ ပြန်နားခိုင်းပေမဲ့ ဘွားက အခန်းထဲထိ လိုက်သွားဖို့ စိတ်မကူး။ လိုက်သွားလျှင်လည်း မာန့်ကို ငြင်းပယ်ခွင့်ပေးဖို့ စကားတွေပဲ မုံ ပြောနေသည်မှာ ဘွား သိသည်လေ။

"ဘွား"

မုံ မရဲတရဲလေး ခေါ်တော့ ဘွား လှည့်ကြည့်သည်။ နေရာမှာ ထိုင်နေလျက် ပုံစံလေးဖြင့် အားကိုးသလိုလေး ကြည့်နေသည့် မုံ့ မျက်နှာငယ်ငယ်လေးကို ကြည့်၍ ဘွား သနားသွားပုံတော့ ရ၏။

"ဘာလဲ မြေး ... ပြောလေ"

"ပိုက်ဆံလဲ ... ဟို ... ဖေဖေပိုင်တဲ့ ဥစ္စာတွေ တစ်ဝက်လဲ မပေးဘဲ၊ အဲဒါကြီး စေ့စပ်တာကြီး မလုပ်ဖြစ်အောင် လူကြီးချင်း ပြန်ညှိကြပါလားဟင်"

ဘွား ခေါင်းယမ်းပြတာမို့ မုံ့စိတ်တွေ မှုံပုံကျသွားရသည်ပါပဲ။



"ကတိ ဖျက်တယ် ဆိုတာ ဘွားတို့မှာ မရှိဘူး၊ ပိုက်ဆံနဲ့ ကတိတစ်ခုကို ဝယ်လို့မရသလို ... ရောင်းလို့လဲ မရဘူး မြေး၊ ကတိဆိုတာကို ငွေနဲ့ တန်ဖိုးဖြတ်လို့ မရဘူး၊ လူ့တန်ဖိုးဆိုတာ ... ကတိမတည်တဲ့ လူတွေအတွက် နေရာမရှိဘူး မြေး၊ ကဲ ... မြေး ငြင်းရင်ဖြင့် မြေး ဖေဖေရှာထားတဲ့ စည်းစိမ်တစ်ဝက်ကို အလကားနေရင်း မောင်စိမ်းတို့ကို ပေးလိုက်ရမှာပါပဲ၊ မာန်က တခြားမိန်းကလေးနဲ့ လက်ထပ်ဖြစ်တဲ့အခါ မုံ့ ဖေဖေ ပင်ပန်းတကြီး ရှာထားတဲ့ စည်းစိမ်တွေကို အဲဒီ ကောင်မလေးနဲ့ မာန်တို့ ပိုင်ဆိုင်ခံစားကြရမှာပဲ၊ ဘာလို့လဲ ဆိုတော့ မောင်စိမ်းတို့မှာက ဒီသားတစ်ယောက်ပဲ ရှိတာ၊ သူတို့ ချမ်းသာသမျှ မာန်ပဲ ရမှာ"

ဟု ပြောတော့ မုံ မခံချင်။

ဖေဖေ ရှာတာကို ဘာမဆိုင် ညာမဆိုင်နှင့် မာန်ရော၊ မာန့်မိန်းမပါ ဖိမ်နှင့် ဒူးနှံ့၍ ဟန်ကျပန်ကျ စံစားကြရမှာ။

"မုံဖြင့် ... သေချင်တာပါပဲ ဘွားရယ်၊ စိတ်ညစ်တယ်"

ဟု ညည်းနိုက်၊ ဘွားကတော့ ဘုရားဆောင်သို့သွားဖို့ အခန်းတွင်းမှ ထွက်သွားပါပြီ။

မုံ့မှာသာ မှုန်တေတေလေး တစ်ယောက်တည်း စာကြည့်ခန်းမှာ ကျန်ခဲ့ရပါသည့်အဖြစ်။

လုံးဝကြီးကို ကြည့်မရချင်သည်ကတော့ မျက်ကြောတင်းပါသည့် မာန့်ကိုပါ။

လောကမှာ မာန်ဆိုသည့်လူ ... လူလာ၍ မဖြစ်လျှင်အကောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



"မှုန်းစရာကြီး"

ရင်ထဲရှိတာ မို့ ပြောမိလိုက်ရပါပြီတည်း။

သူကလည်း မို့ကို စေတနာ တစ်ပြားသားမှ ရှိပုံမရ။

သူ့ စေတနာမဲ့၍ မို့ကလည်း ကြည့်မရတာဘဲ ဖြစ်ချေမည်ပေါ့။

ဒါ ... သူ့အပြစ်။ မို့က စိတ်ရင်းဖြူသည့် ကလေးဟာ ဘွားပဲ အမြဲပြောပြော နေခဲ့ဖူးသည်ပဲ။

ခုကျမှ သူ့ကြောင့် မို့ပဲ ဆူခံထိထိနေရသည့် အဖြစ်။

* * *



"ဟာ ... မင်းက တစ်ခုခု မလုပ်ဘဲနဲ့ ကလေးက မင့်ကို လုပ်မှာလား၊ နောက်ကို ဒီလိုမလုပ်ပါနဲ့"

ဖေဖေ ကားလာယူတော့ မာန် ဆင်းတွေ့ရသည်ပါပဲ။

ဖေဖေနှင့် မေမေကလည်း စောင့်နေသည့်ကိုး။

မျက်နှာက ဒဏ်ရာကို မေးတော့ အမှန်အတိုင်း မပြောမဖြစ်တာမို့ ပြောပြလိုက်ရသည်ပါပဲ။

ထင်သည့်အတိုင်း ဆူကြိမ်းတာကို နားဆူအောင် လိမ့်ခံခဲ့ရသည့် အဖြစ်။

"မင်း မျက်နှာကြောကြီးကို ဟိုမှာကတည်းက ဖေဖေ သတိထားနေခဲ့တာ၊ လှမ်းပြီး သတိပေးသလို မင်းကို ကြည့်ကြည့်နေတာကိုလဲ မျက်နှာမြင်ရကောင်းမှန်း မသိဘဲ၊ သူ့လုပ်စာကို ဟိုကလေးက ထိုင်စားနေရတဲ့ ပုံမျိုးနဲ့၊ မင်းလုပ်နေခဲ့တာတွေ ငါ မမြင်ဘူးများ မှတ်နေလား၊ မာန်နော် ... မာန် ... စိတ်ရှိတိုင်း လုပ်လိုက်ရ ရှေ့မျက်နှာ နောက်ဘက် လည်တော့ သွားရော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကားထဲ သားကို ခေါ်တင်ပြီး အင်းလျားကန်စောင်းမှာ လေညင်းနှင့်အတူ လိမ့်လိမ့်ဆူနေသည့် ဖေဖေ့ကို တစ်ခွန်းမျှ မာန် ပြန်မပြောတော့ပါ။

ပြောလျှင်လည်း ဖြစ်မှာမှ မဟုတ်ဘဲလေ။ မေမေကလည်း တစ်ခွန်းမှ စင်၍ ဆေးဆေးမမ ပြောပေးဖော် မရတော့။ ဖေဖေ ဆူသမျှကို ဘေးကလိုက်၍ ခေါင်းညိတ် ထောက်ခံပေးနေသည့် အဖြစ်။

ဤမျှ ဆူခံထိနေတာများ ရှာတိတ်မလေး သိလျှင် အဘယ်မျှ ဝမ်းမြောက်အားရ ဖြစ်နေမည် မသိ။

"သူက သားကို လုံးဝ စိတ်မဝင်စားဘူးလို့ တိုတိုတိုပြတ်နဲ့ ပြောတာ ဖေဖေ၊ အရွယ်နဲ့ကို မလိုက်ဘူး၊ သိပ်စွာတဲ့ ကောင်မလေး"

မတတ်နိုင်။ ပြောမှ ဖြစ်တော့မှာမို့ မာန် ပြောပြရသည့်အဖြစ်။

"ဟ ... အဲဒါ မှားသလားကွ၊ ဟော ... မှားသလား၊ မင်း မျက်နှာချိုးကရော စိတ်ဝင်စားဖို့ ကောင်းနေလို့လားကွ၊ ပါးရိုက်ဖို့ ကောင်းနေတဲ့ မျက်နှာချိုး၊ ဟိုက ကလေး ပါးကုတ်ပစ်တာကောင်း နည်းသေး"

ပြောမိမှ ပိုဆိုးသည့်အဖြစ်။ ပါးစပ်ကို တင်းစေ့နေအောင် ပိတ်ချထားလိုက်တာပဲ အကောင်းဆုံးဟု နှလုံးပိုက်လျက် ငြိမ်နေလိုက်ရသည်ပါပဲ။

"ဒီမှာ မိန်းကလေးဆိုတာက စိတ်ထားနူးညံ့တယ်၊ သူ့ကို မျက်နှာထိ မျက်နှာထားနဲ့ အသားလွှတ် လုပ်လုပ်ပြနေတာ



ကို နှစ်သက်နိုင်ပါ့မလား၊ မင်း မျက်နှာချိုးက မုံမပြောနဲ့ အဖေအရင်း ခေါက်ခေါက်ဖြစ်တဲ့ ငါတောင်မှ ကြည့်မရချင်အောင် ဖြစ်နေတာကွ၊ လူကြီးတွေ ရှေ့ထားပြီး မင်း ဒီအထိ ရိုင်းတာကို ဖေဖေ ရှက်တယ်"

ဖေဖေ ပြောပြီး သူ့ကိုကြည့်တော့ ပါးစပ်ကြီး စေ့ပိတ်ကျနေလျက် ဘာမျှမပြောတော့တာကို ပို၍စိတ်တိုလာပုံဖြင့် ...

"ဘာလဲ ... မင်းက ငါ့ကို မုံဘက်က လိုက်ပြောရမယ်လို့ ဆန္ဒပြနေတာလား"

"ဖေဖေပဲ သူ့ဘက်က လိုက်ပြောပေးနေတာပဲ၊ ခုထိ သူ့ကောင်းကြောင်းချည်း ပြောနေတာပဲ ဥစ္စာ"

ထုံးစံအတိုင်း ငယ်ကျင့်ဖြင့် ပြောတော့ ဖေဖေ တစ်ချက် စိုက်ကြည့်သည်။

"အေး ... ငါကတော့ မင်းတို့နှစ်ယောက် ငယ်ကတည်းက နှစ်ဖက်စကား ကတိပေးခဲ့ကြတာ၊ အဲဒါကို ကတိချိုးသူအဖြစ် အသတ်မှတ် မခံနိုင်ဘူး၊ ခုလဲ တက္ကသိုလ်တက်ပြီဆိုပြီး ချစ်သူတွေ ဘာတွေ မထားဖြစ်နိုင်အောင် အသိပေးသင့်လို့ အသိပေးထားတာ၊ ကလန်ကဆန် လုပ်မယ်မကြံနဲ့၊ မင်းမရှာရတဲ့ ပိုက်ဆံ၊ စည်းစိမ်ဆိုပြီး မုံတို့ကို ပေးလိုက်ရတာကို ဂရုမစိုက်သလို မလုပ်နဲ့၊ ငါကတော့ ကတိအတိုင်း လုပ်မယ့်ကောင်"

"စိတ်ညစ်တယ် ဖေဖေရာ၊ သားကို စိတ်မဝင်စားတဲ့ မိန်းကလေးတစ်ယောက်ကို သားက ဖူးစပ်ရ၊ လက်ထပ်ရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ညစ်နှင့် မာန် ပြောတော့ ဖေဖေပြန်၍ စိုက်ကြည့်လျက် ...

"ဟာ ... စိတ်ဝင်စားလာအောင် မင်း ကြိုးစားပေါ့ကွာ၊ ဒီမှာ မုံဟာ မျိုးရိုးကောင်း၊ သဘောဖြူ အူစင်းလေး၊ ရုပ်ရည်လေးလဲ ရှိတယ်၊ အပြစ်ကင်းတဲ့ ကလေး၊ မင်း သူ့ကို နောက်နောင်မှာ သိမ်သိမ်မွေ့မွေ့ ဆက်ဆံ၊ မျက်နှာထိ မျက်နှာထားနဲ့ လုပ်မလာနဲ့၊ ငါနဲ့ တွေ့မယ် ...

"ကဲ ... ပြန်မယ်၊ အဆောင်ကို ပြန်မပို့ခင် ထပ်ပြောမယ် ဖိုးမာန်၊ မင်း မျက်နှာချိုးကို ပုလဲရိပ်မြုံမှာကြပ်ကြပ်သတိထားပြီး ပြုပြင်ပါ၊ မျက်နှာချိုချိုနဲ့နေပါ၊ သူများအိမ်မှာရောက်နေချိန်၊ အိမ်ရှင်တွေ အားလုံး မင်းလုပ်စာ ထိုင်စားနေတဲ့ရုပ် အချိုးနဲ့ လုပ်လို့ကတော့ အဲဒီရှေ့တင် မင်းကို ငါနာရင်း တီးမယ်၊ ဘာမှတ်လဲ၊ မလုပ်ဘူး ထင်ရင် စမ်းကြည့်"

တကယ်ထိုးမည် ဆိုတာ ဖေဖေ့ ရှတည်တည်မျက်နှာနှင့် မာတင်းတင်း လေငွေ့ဖြင့်ပင် ယုံကြည်လောက်ပါသည်။

"နကတည်းက သူ့ဘက်ကို ဖေဖေနဲ့ မေမေ ဒီလောက်ပါနေရင် ချွေးမဖြစ်ရင်တော့ သားမှာ နေစရာကျွန်မှာ မဟုတ်ဘူး၊ သူ့ဘက် ပိုပါကြမှာ"

"အေး ... စိတ်ချ၊ အဲဒီအတိုင်း ဖြစ်မှာပဲ၊ မင်းတို့နှစ်ကောင် ညားလို့ စကားများကြရင် အိမ်ပေါ်က ဆင်းရမယ့်လူဟာ မင်းပဲ ဖြစ်စေရမယ်ဆိုတာ ကြပ်ကြပ်နှလုံးပိုက်ထားပါ"



ဖေဖေ ပြောပြီး ကားစက်နိုးတော့ စိတ်မောလက်မောဖြင့် ကားနောက်ခန်းမှ နှုတ်ပီတ်လိုက်လာရသည့် အဖြစ်။ ပြောလေဆိုးလေ ဖြစ်မှာမို့ ပါးစပ်ပင် မဟရဲတော့သည့် အဖြစ်။

အဆောင်ရှေ့မှာ ကားကို ရပ်ပေးတော့ ကားနောက်ခန်းတံခါးကို သုတ်သုတ်ဖွင့်၍ ဆင်းခိုက် ...

"ဟော့ ... ခြေထောက်ကို အထဲပြန်သွင်းစမ်း၊ မင်း ဆင်းပုံဆင်းနည်းက ကျားရှေ့ကလွတ်တဲ့ ယုန်ကျနေတာပဲ၊ အဖေမောင်းပို့တဲ့ ကားထဲကာ သားဆင်းတဲ့ပုံမျိုးနဲ့ ဆင်းစမ်း၊ ငါကြည့်လို့ ကန့်လန့်ဝင်လွန်းနေပြီနော်"

ဟု လှမ်းအော်သည့် ဖေဖေ့ကို ခေါင်းကုတ်၍ ကြည့်ပြီး ခြေထောက်ကို ပြန်သွင်း။

သက်ပြင်းရှိုက်၍ ...

"ဟုတ်ကဲ့ပါ ဖေဖေ"

ဟု ပြောကာ အေးအေးဆေးဆေး ပုံစံဖြင့် ဆင်းရပါ၏။

မုံ့ ကိစ္စ စိစဉ်သည့် အပြစ်မှာဖြင့် ဖေဖေ ဘယ်လိုမှ ဖျက်မည့်အရိပ်အယောင်ကိုမျှ မမြင်တာမို့ စိတ်ထဲမှာ လေးနေရသည်ပါပဲ။

မုံ၏မျက်နှာ တည်တည်လေးဖြင့် သူ့အပေါ် လုံးဝ စိတ်မဝင်စားတာကြီးကို ဖြောင့်ဖြောင့် ပြောထားသမျှ မျက်နှာပြောင်တိုက်၊ လက်ထပ်ယူရမည့်ကိန်းမျိုး ဖြစ်နေသည်။ ဘယ်ယောက်ျားမဆို ကိုယ့်ကိုချစ်မြတ်နိုး၍ လက်ထပ်မည့် မိန်းမမျိုးကိုပဲ ယူလိုချင်သည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ မျက်နှာထားဖြင့်ပင် ကားကို မောင်းထွက်သွားသည်။

မေမေကတော့ တစ်ချက်ပြုံးပြဖော် ရသေးသည့်အဖြစ်။ မုံ့ကို မာမာတင်းတင်းပုံဖြင့် မျက်နှာထား ချိုနေခဲ့တာကို မေမေရော မေမေပါ အရမ်းစိတ်ဆိုးနေကြမှန်း နားလည်လျက် သက်ပြင်းရှိုက်မိရသည်ပါပဲ။

ပညာရှိကြီး ကိုမြင့်ဆောင်ကဖြင့် မုံ့ စိတ်ပျက်အောင် နေလေ ပို၍ကောင်းလေဟု ဆိုထားသည်ပဲ။

ခုကျတော့ ဆွဲခံထိလိုက်သည်မှ အီစိမ့်နေရပါသည့်အဖြစ်။

အခန်းတံခါးကို သော့ဖွင့်ခိုက် သော့ခလောက်သံကို နားစွင့်နေပုံရသည့် မြင့်ဆောင်က အခန်းထဲမှ အသော့ထွက်လာသည်။ အခန်းကလည်း တစ်ခန်းကျော်သာ ရှိသည်ကိုး။

"ဘယ်နှယ်လဲ"

ဘာကိုမေးသည်တော့ မသိ။ ဖြေချင်စိတ်လည်း မရှိတာမို့ အခန်းထဲဝင်။ ခုတင်ပေါ် ပစ်လှဲပြီး ခေါင်းအုံးထက်မှာ လက်ယှက်၍ ပက်လက်လှဲ ငြိမ်နေလိုက်ရသည်ပါပဲ။

မြင့်ဆောင် နောက်မှ ဇော်ဇော် လိုက်ဝင်လာသည်။

"အင်း ... အဲဒါပဲ ပြောတာ"

ပြောပြီး ထုံးစံအတိုင်း တုလားထိုင်မှာ ခြေထောက်နှစ်ဖက်ကိုတင်၍ လက်တံတောင်ကို ဒူးပေါ်ဆန့်တင်လျက်ဖြင့် ခေါင်းယမ်းသည်က မြင့်ဆောင်။



နောက်တော့ ခြေတစ်ဖက်ကို ပြန်ချ။ တစ်ဖက်ကို ဒူးထောင်ထိုင်လျက် စားပွဲပေါ်မှ ဆေးပေါ့လိပ်စည်းကို လှမ်းဆွဲကာ တစ်လိပ်ကို ထုတ်သည်။ မင်စီခံကို လက်သည်းဖြင့် ခြစ်ပြီးမှ ဆေးပေါ့လိပ် ထိပ်ဖျားကို သွားဖြင့်ကိုက်၏။ မီးညှိရှိုက်ဖွာကာ ပြုံးစိစိဖြင့် မာန့်ကို ကြည့်သည်။

"အဲဒါ ပြောတာပေါ့ ဇော်ဇော်၊ ငါတို့ရဲ့ လောကကြီးမှာ အချစ်မရှိရင်လဲ ဒုက္ခဖြစ်ကြရော၊ အဲ ... အချစ်ရှိပြန်ရင်လဲ ဒုက္ခဖြစ်ကြရပြန်ရော၊ ဒီကောင်ကျတော့ အချစ်မရှိလို့ ဒုက္ခဖြစ်နေတာ၊ ကြည်ဇင်ကတော့ အချစ်ရှိလို့ ဒုက္ခဖြစ်နေတာ၊ ခုပဲကြည့် ... ဒီကောင်က မုံ့ကို မချစ်လို့၊ ပါးမှာလဲ အစင်းသုံးကြောင်းနဲ့ ဂုဏ်ပြုခံ ပြန်ခဲ့တယ်၊ ကြည်ဇင်ကတော့ သုံးရာတန် ပေါင်းစနီးဘူးကို တစ်လနှစ်ဘူးကုန်အောင် မျက်နှာမှာလိမ်းလိမ်းပြီး ... မျက်မှန်အားကိုးနဲ့ ပညာရှိစတိုင်လိုလို ဘာလိုလိုနဲ့ အင်းလျားဆောင်သူလေးကို ညညဂစ်တာလေးနဲ့ သွားသွားအသံပေးရတာ၊ ခြင်ကိုက်ခံရတာနဲ့ပဲ သေကိန်းကပ်နေရှာပြီ"

ပြောပြီး ခေါင်းတခါခါနှင့် မြင့်ဆောင် ဆေးပေါ့လိပ်ကို ခိမ်နှင့်ဖွာ၏။

ဇော်ဇော်ကတော့ ဘေးမှ မာန့်ကိုရော မြင့်ဆောင်ကိုရော ခပ်ငေးငေး ကြည့်နေသည်။ မာန့် အရမ်းကို စိတ်မာတော့ကျနေတာ ဇော်ဇော် နားလည်နေသည့်အသွင်။

"ငဇော် ... ဟိုကောင် ကြည်ဇင် ပိုးနေတဲ့ ဟိုမမနာမည်က ဘာတဲ့ ..."

www.burmeseclassic.com



"ယုယုဆွေလေ"

"အေး ... ယုယုဆွေ ... ကြည်စင်က သူ့ထက်ကြီးတဲ့ သဘာဒ်ယီးယားက မမယုကို ချစ်တော့ကာ တော်တော်ပိုးရှီးမယ့်သဘောရှိတယ်၊ အထူးသဖြင့် မိန်းမသားတွေဟာ သူတို့ထက်ငယ်တဲ့ ကောင်လေးတစ်ယောက်ကို ချစ်နေရင်တောင်မှ ပြန်ပြီးတော့ ချစ်အဖြေပေးဖို့ စဉ်းစားကြတယ်၊ ဘာလို့လဆိုတော့ ကလေးကို မုန့်ပေးကျွေးကိုက်တယ်လို့ အပြောခံရမှာစိုးလို့ပဲ၊ ဒီကောင် အဲဒီ ဘယ်သူ ... မမယု့ရဲ့ အချစ်ပန်းကို ရဖို့ဆိုတာ အတော်လှမ်းနေတယ်၊ အဲ ... ဝေးနေတယ် ဆိုပါတော့"

ပြောပြီး ဆေးပေါ့လိပ်ကိုမှုကာ မီးခိုးတွေကို အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်သည်။

"အဲဒီကြားထဲမှာ ဝမ်းနည်းစရာ ကောင်းတာက၊ ပေါန်းစနီးဘူးတွေ ဘယ်လိုပဲ အားကိုးကိုး၊ ဒီကောင့်အသားက မည်းတယ်၊ အဲဒါကလဲ ဆိုးတာပဲ ... မမယုက ဖြူရောရောကွ၊ သေးသေးသွယ်သွယ်ရယ်"

"မမယု နာမည်ကျတော့ မသိသလိုလိုနဲ့ လှပုံကျတော့ မှတ်မိနေလား"

"အဟင်းဟင်း ... ဒါကတော့ကွာ၊ သူများအကြောင်း ပြောကောင်းအောင် အဲဒီနာမည်ကို မင်း မှတ်မိရဲ့လားလို့ မေးစမ်းကြည့်တာပါကွာ၊ ဟေးဟေးဟေ"

"ဟေ့ကောင် မြင့်ဆောင် ... မင်းအသားက ဘယ်လောက်ဖြူနေလို့ ငါ့အသားမည်းတယ် ပြောရတာလဲကွ၊ မမယုက



ငါ့ထက် တစ်နှစ်ကျော်လောက်ပဲ ကြီးတဲ့ဥစ္စာ၊ အဲဒါ ဘာဖြစ်လဲ၊ ကလေး မုန့်ပေးကျွေးကိုက်တယ်၊ ဘာတယ်နဲ့ ပြောမယ့်ပါးစပ်က မင်းပါးစပ် တစ်ပေါက်ပဲရှိမှာ ... ငါ မမယုကို ငါချစ်တာ ပါးစပ်ပိတ်နဲ့ နိမိတ်လာမဖတ်နဲ့"

တကယ်လည်း ရေမိုးချိုး။ စနီးလူးပြီး မွှေးပျံ့နေသော ကြည်စင်၊ တံခါးဝမှာရပ်လျက် ဒေါနှင့် မောနှင့် ပြောတော့ ...

"ငါ ... မင်း မကြားဘူးထင်လို့ ပြောကြည့်မိတာပါကွာ၊ မင်း ကြားမယ်ထင်ရင် မင်းမကြိုက်မယ့် စကားကို ဒီလို မင်းကြားအောင် ဘယ်ပြောပါ့မလဲ၊ မင်း ကြားတော့ ခုလို စိတ်ဆိုးမယ်ဆိုတာ ငါသိတာပဲဥစ္စာ"

ဟု ပြောပြီး ရယ်နေတော့ လူပျော်ကြီး မြင့်ဆောင်ကို ဆက်ပြောနေလည်း မထူးနိုင်တာမို့ ကြည်စင် စိတ်ညစ်ညစ်နှင့် ဘောင်းမှာ မျက်နှာကြီးနီလျက် ထိုင်လိုက်ရင်း ...

"နောက်ကို ဒီလို စကားဦး မသမ်းနဲ့ဗျာ၊ တကယ်ချစ်တဲ့လူက တကယ်စိုးရိမ်လာတတ်တာဗျ၊ မဦးမချွတ် စကားမျိုး မပြောပါနဲ့ မြင့်ဆောင်ရာ"

ဟု တကယ့်ကို တောင်းတောင်းပန်ပန်နှင့် ပြောနေတာမို့ မြင့်ဆောင် သနားသွားပုံဖြင့် ...

"အေး ... အေး ... ဒါပေမဲ့ မင်း အဆောင်ရှေ့ သီချင်းသွားဆိုတဲ့ အခါမှာ အဖော်လိုက်ဖို့ကိုတော့ ဒူးယားအိတ်စိပ်ဖို့ တစ်ဘူးကို သုံးရက်နှုန်းနဲ့ ငါ့ကိုရော ဇော်ဇော်ကိုရော နှစ်ယောက်ပေါင်း စကေးအဖြစ် ပေးမှ"

ဟုပြောနေတော့ မြန်မြန်ပဲ ကြည်စင် ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဖျတ်ခနဲ ထရပ်လိုက်ကာ လည့်ချောင်းကို တစ်ချက်ရှင်းလိုက်ပြီးမှ ပုဆိုးစကို ဟန်ပြဆွဲလိုက်လျက် လည်ချိုး လက်ချိုးဖြင့် မင်းသားဟန် ဖမ်းလိုက်ကာ ...

"ချစ်အာရုံ ချစ်ဈေးနဲ့ ချစ်အပြော ချစ်ဆို၊ ချစ်မနော
ချစ်ကိုယ်ငယ် ချစ်အပို ချစ်ဆဲ၊ ချစ်ဆန္ဒ ချစ်အာသာ
ချစ်ခါခါ ချစ်ကပိုကဲ၊ ချစ်မဝ ချစ်စစ်ပါတယ် ချစ်
မေတ္တာချစ်ဆွဲ၊ ချစ်ရှာဖွေထောင့် ချစ်သိန်းသန်း၊ ချစ်တိန်း
ခန်းချစ်လို့မကုန်၊ ချစ်ပြီးရင်း ချစ်အဟုန်ငယ် ချစ်
နှစ်နှစ်ချစ်ပေါင်းလို့ ချစ်အဟောင်း ချစ်သစ်တွေ ချစ်
ပို့ ချစ်ကော ချစ်သမို့ ချစ်မသွေတယ် ချစ်တစ်မေ
ချစ်ဦးမျှလေး"

ဘယ်စာအုပ်မှ အလွတ်ကျက်ထားသည်တော့ မသိ။ တအိုး တရှိုးဝိဝိ ဖတ်လည်းဖတ်၊ မှတ်ဉာဏ်ကလည်း ကောင်းလျက်၊ ပျော်ပျော်ကြီး နေတတ်ပါသည့် မြင့်ဆောင်။ သံနေသံထားဖြင့်၊ ဆိုလိုက် က,လိုက် လုပ်နေတော့ ဓော်ဓော်နှင့် ကြည်ဝင်ပင် ပြုံးစိစိနှင့်ကြည့်နေကြရင်းမှ အပျော်တတ်ကူးလျက် လက်ခုပ်တီးပေးကြကာ အကနှင့် အဆိုသည် မြိုင်လျက် ရှိလာရပါသည့်အဖြစ်။

နောက်ဆုံးတော့ ... စိတ်ညစ် ငြိမ်ကျ နေရပါသည့် မာန်ပင်လျှင် မနေသာတော့ဘဲ စုတင်ထက်မှာ ထိုင်လျက် အပျော်ကြီး ပျော်နေပါသည့် မြင့်ဆောင်ကို အားကျစိတ်ဖြင့် ခပ်ငေးငေး ကြည့်မိရပါပြီ။

အပူအပင်ကင်းစွာ နေတတ်ပါသည့် မြင့်ဆောင်သည် ကွေးနေအောင် ကနေဆဲသာတည်။

"ဟော ... စတိုးဆိုင်မှာ လှုတိုက်လို့ ပက်လက်လဲနေတဲ့ အရုပ်ကြီး ငုတ်တုတ်ထိုင်ပြီး မျက်တောင်ခတ်ဖော် ရလာပြီ ဟေ့"

မြင့်ဆောင် ရယ်လျက်ပြောတော့ ဓော်ဓော်နှင့် ကြည်ဝင် မာန့်ကို ကြည့်၍ ရယ်ကြသည်။

လိုက်ပြုံး လိုက်ရယ်ရပေမယ့် ရင်သည် ပေါ့ပါးမလာ။

မာန့် မျက်ဝန်းရိပ်ဝယ် လက်တောက်နေသော မျက်ဝန်းလေးများဖြင့် စူးရှစွာကြည့်လျက် လက်လေးကို ဆောင့်ရုန်းခဲ့ပါသည့် မှ ပုံရိပ်လေးကိုသာ ခပ်ပြင်းစိတ်ဖြင့် မေ့ဖျောက်မရနိုင်စွာ ခွဲခွဲထင်ထင် မြင်ယောင်နေမိဆဲသာတည်။

မာနခဲပေပဲဟု ရင်ထဲမှာ နားလည်ပြစ်၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"သမီး မုံ ... ဖေဖေ့ဆီ ခဏလာစမ်း"

ကျောင်းတက်ဖို့ အဝတ်အစားလဲပြီး လွယ်အိတ်လေးလွယ်ဆင်းလာသည့် မုံ့ကို ဖေဖေ လှမ်းခေါ်ကတည်းက မုံ သိထားလိုက်ပါပြီ။

ဖေဖေ့ ဘေးမှာက ဘွား။

မနေ့ကတည်းက ဖေဖေ့ကို လေယာဉ်ကွင်းမှာ ဘွားရော မုံရော သွားကြိုခဲ့ကြသည်ပဲ။

အန်ကယ်စိမ်းနှင့် အန်တီနုတို့လည်း ပါကြသည်လေ။

မာန်တော့ ပါမလာခဲ့။ မျက်မှောင်ကျုံ့ကြီးနှင့် မာန့်ကို မတွေ့ခဲ့ရတာ မုံကလည်း စိတ်ချမ်းသာခဲ့သည်ပါပဲ။

နို့မို့ဆို ဖေဖေ့ကို ကြိုဖို့သွားစဉ်မိုက် သူ့မျက်နှာကြီးကြည့်ကာ စိတ်ဆင်းရဲရချေဦးမည်။ ဘွား ဘယ်တော့များ ဖေဖေ့ကို မုံ့ကိစ္စ တိုင်တောချေမည်လဲဟု စိုးရိမ်ခဲ့ကာ လိပ်ပြာမလုံနိုင်ဘဲ ဖြစ်ဖြစ်နေခဲ့တာကိုတော့ ဟန်လုပ်ဖုံးဖိထားမိခဲ့သည်ပါပဲ။

ခုကျတော့ မနက်ပိုင်းမှာ ဖေဖေ ခေါ်ချေပြီတည်း။

လက်ဖက်ရည်ပွဲကတည်းက ဖေဖေ တစ်ချက် တစ်ချက် ကြည့်ကြည့်နေတာ မုံ သိသည်။



ဖေဖေ့ မျက်နှာလည်း တည်နေတာအမှန်။

ဒါပေမဲ့ မနက်စောစောစာကို စတင်ပြည့်သည့်အချိန်မှိုးမှာ ဘယ်တော့မှ စိတ်ဆင်းရဲစရာမျိုး၊ စိတ်ဆိုးစရာမျိုး မပြောကြရဘဲ အေးချမ်းစွာ စားသောက်ရသည့် မူမျိုးကိုပဲ ဖေဖေ ချထားခဲ့တာမို့ ဘာမျှ ဖေဖေမပြော။

စကားသံ နည်းနည်းဖြင့်သာ ဖေဖေ မနက်စာထမင်းကြော်နှင့် ငါးကြော်ကို ကော်ဖီနှင့်အတူ စားသောက်သည်။

မနေ့ကရောက်သည့် ဖေဖေ။ ခုမနက်မှာ မျက်နှာတည်နေပြီ ဆိုကတည်းက ဘွား ညက တိုးတိုးတိတ်တိတ် တိုင်ထားပြီဆိုတာ မုံ ရိပ်မိခဲ့ပြီ။

အပေါ်ထပ်မှာ အချိန်ဆွဲ အဝတ်အစားလဲပြီး စိတ်လေးလေးဖြင့် အောက်ထပ်ဆင်းလာမိက်မှာဖြင့် ခု ဖေဖေက လှမ်းခေါ်နေပြီ။

"ဒုက္ခကြီးရယ် စိတ်ကြီးများနှယ် ညစ်လိုက်ပါဘိနော်"

ဟု ရင်ထဲ ဟီးချညည်းရင်း မျက်နှာလေး ဆီးနေသောက်ဖြင့် ဖေဖေ ထိုင်နေသည့် နေရာသို့ ခပ်ကုပ်ကုပ်လေး သွားရ၏။

"ထိုင် ..."

ဖေဖေ့ရှေ့ ဆိုဖာနေရာမှာ သေသေဝပ်ဝပ်လေး မုံ ထိုင်သည်။ အသားကျ အပိုးကျိုးနေသည့် မုံ့ပုံလေးကို ဘွား တစ်ချက် မျက်စောင်းဖြင့် ကြည့်၏။ အားကိုးရာဟူ၍ ဘွားကို လှမ်းအတူအညီ တောင်းဖို့တော့ ပါးစပ်ဟဖို့ပင် အားမရှိ။

ဘွားက မာန့်လူ လုံးလုံးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စုကျတော့ မျက်နှာငယ်လေးနဲ့ပါလား သမီး မုံ၊ အပြစ်ရှိတယ် ဆိုတာ၊ သိထားတယ်ပေါ့၊ အဲသလိုပဲ ဒါထုံးစံပဲ၊ အပြစ်ရှိတဲ့လူဆိုတာ ခုမယ့်လူ ခေါ်လိုက်တာနဲ့ မျက်နှာလေး ဆီးနေလောက် ရှိနေပြီ"

ဖေဖေ ဆုတော့ မျက်ရည်လေးဝဲရင်း မုံ ငြိမ်နားထောင်ရပါ၏။

"ဟိုကောင်လေးက ဒီကို ကျောင်းတက်ဖို့ ရောက်ကတည်းက ပုလဲရိပ်မြုံကို လာတောင် လာရဲရှာတာ မဟုတ်ဘူး၊ ခမျာ ရှက်နေတာ အနေအကျုံ့ မျက်နှာပူရှာတာ၊ အဲဒါ ညည်းက မျက်နှာကို ကုတ်ခြစ်ဝစ်လိုက်ရတယ်လို့အေ"

ဘွား ဝင်ဆုတော့ မုံ စိတ်လက်ညစ်နေရသည်ပါပဲ။

အပြစ်စုကိုလည်း ဘွားကို မုံ ရှင်းပြခဲ့သည်ပဲလေ။ ဘွားက မာန့်ဘက်ကချည်းပဲ ပြောပေးနေခဲ့တော့ ဘာတတ်နိုင်မည်တဲ့လဲ။

မုံ့ကို လုံးဝ စိတ်မဝင်စားတာမျိုး မာန်က ပြောခဲ့တာပဲ မဟုတ်လား။

မုံ့ကို လက်ညှိုးနှင့် ထောက်လိုက်လျှင်ပင် လွှင့်မည်တဲ့။

ခု ဖေဖေ့ကို ပြောပြလည်း ဘာမျှ ထူးချေမည်မဟုတ်။ ငြိမ်ခံနေတာပဲ ကောင်းသည်။

"အဲဒါ … မေမေ စီမံထားတယ်သား … မာန့်ကို မုံ တောင်းပန်ရမယ်၊ မနက်ဖြန် ကလေးကို ဒီကိုခေါ်မယ်၊ မောင်ဆွေနဲ့သွားပြီး ကြိုနိုင်း ခေါ်ခိုင်းမယ်"



"ဘယ့်နှယ်လဲ မုံ၊ သမီး တောင်းပန်မယ် မဟုတ်လား၊ ဖေဖေ့သမီး ရိုင်းတယ်လို့ ဖေဖေ အပြစ်မခံနိုင်ဘူး"

"မုံ့ကို သူက သိပ်နိုင်စားတာ ဖေဖေ"

အရဲကိုး၍ မုံ ပြောတော့ မျက်ရည်လေး ဝဲနေသော မုံ့မျက်နှာကို ဖေဖေ တစ်ချက် အတန်ကြာ ကြည့်သည်။

အားတက်လာပုံလေးဖြင့် မုံ ဖေဖေ့ကို ကြည့်နေရင်း မှ —

"သူက မျက်နှာထားကြီးနဲ့ နေတာ ဖေဖေရဲ့၊ မုံ့ကို ချိုချိုသာသာ မဆက်ဆံဘူး၊ သိပ်တင်စီးတာ"

"ဘာပဲဖြစ်ဖြစ် ဖေဖေ့ သမီးက ကိုယ်ထိလက်ရောက် ကုတ်ဖဲ့ထားတာ တောင်းပန်ရမယ်၊ အဲသလို မစီမံရင် ကိုကြီးစိမ်းကို ဖေဖေ ဘယ့်နှယ်လုပ် မျက်နှာပြမလဲ၊ အိမ်ရှင်ဖြစ်ပြီး ကုတ်ဖဲ့လွှတ်လိုက်တာကို ဖေဖေတို့ ငြိမ်နေရမှာလား၊ ဖေဖေတို့က အားပေးအားမြှောက် လုပ်ပေးတယ်လို့ အထင်လွဲစရာဖြစ်မယ်၊ ဖေဖေတို့က စီးပွားရေးရာလဲ ဆက်စပ်ပေါင်းစည်းလုပ်ကိုင်နေကြတဲ့သူတွေ၊ ကလေးချင်းလဲ စကားကမ်းထားကြတဲ့သူတွေ၊ ညီအစ်ကိုချင်းလို မောင်နှမချင်းလို ကိုကြီးစိမ်းနဲ့ မမနုတို့ကို ချစ်ခဲ့ ခင်ခဲ့ ဆက်ဆံခဲ့ကြတာ သမီးကြောင့် ဖေဖေ မျက်နှာမပျက်ပါရစေနဲ့"

ဟု ပြောလာတော့ မုံ ခေါင်းလေးညိတ်ပြရုံမှ တစ်ပါး ရွေးချယ်စရာလမ်း ဘာများရှိနေချေတော့သည်တဲ့လဲ။

"ဟုတ်ကဲ့ပါ ဖေဖေ၊ မုံ တောင်းပန်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



အသံလေးက တိုးတိုးတိမ်တိမ်၊ မုံ့ ရင်ထဲမှာ အားငယ်နေရသည်ပါပဲ။ ဖေဖေလည်း မုံ့ကို အပြစ်မြင်နေသည်ဟု ရင်ထဲမှာ ငိုချင်စိတ်ဖြင့် တွေးနေမိရသည့် အဖြစ်။

"အား ... မေမေ့ သမီးလေး လိမ္မာတယ်ဆိုတာ ဖေဖေ သိပါတယ်၊ ကဲ ... ကဲ ... ကျောင်းတက်မယ် မဟုတ်လား၊ ကိုအွေးနဲ့ ပို့နိုင်းတော့"

ဟု မေမေ့မျက်နှာ ကြည်သာလာလျက် ပြုံး၍ပြောတော့ မုံ့ ထရပ်သည်။ ဖေဖေလည်း မုံ့အားမှာ လိုက်ရပ်ကာ ယုဉ်၍ လျှောက်လာရင်းမှ မုံ့ ပခုံးလေးကို သိုင်းဖက်ရင်း ...

"ဖေဖေက မေမေ့သမီးကို ကျောင်းတက်ခါနီးမှ ပေးဖို့ ဆုံးဖြတ်ထားတာ၊ ဟော ... နာရီလေးဗျာ၊ သိပ်လှတာပဲ၊ မုန်း ဖေဖေ ပတ်ပေးမယ်"

ဟု ပြုံး၍ ပြောလည်းပြော၊ မုံ့လက်လေးမှာ ကျောက်စီနာရီလှလှလေးကို ပတ်ပေးတော့၊ ဘယ်တော့မဆို လက်ဆောင်တစ်ခုခုလောက်ကိုတော့ တမင်ချန်ထားတတ်လျက်။

ခုလိုပဲ ကျောင်းတက်ခါနီးကျမှ၊ မုံ့ ဝမ်းသာသွားအောင် ပေးတတ်သော၊ ဖေဖေ့ စရိုက်တွေ မပြောင်းလဲစွာ ရှိနေတာမို့ မုံ့ မျက်ရည်ဝဲတက်လာရင်းမှ ...

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ အရင်လိုပဲ မုံ့ကို ဖေဖေ ချစ်နေသေးတဲ့အတွက် မုံ့ သိပ်ဝမ်းသာတာပဲ ဖေဖေရယ်"

ဟု ပြောနေရင်းမှ ရင်ထဲ ဆို့နေသမျှ ထိန်းမရစွာ မျက်ရည်တွေ ဖြာကျလာရင်း ခပ်သုတ်သုတ် ကားပေါ်တက်တော့ ဖေဖေ ခပ်ငေးငေး ကြည့်ကျန်ခဲ့သည်။



မေမေ့ မျက်နှာ ညိုးကျသွားကာ ငိုင်လျက် ကြည့်ကျန်ခဲ့တာကို နောက်ကြည့်မှန်မှ တစ်ဆင့် မုံ့ တွေ့လိုက်ရသည်ပါပဲ။

မေမေ့ကို စိတ်ညစ်အောင် လုပ်မိခဲ့ပြီပဲဟု နားလည်လျက် ရင်ထဲမှာ နောင်တရချင်သည်။

"အဲဒါ မာန့်ကြောင့်၊ သူ ဝင်မွှေလို့ ခုလို ဖြစ်ရတာ၊ သူ့ကိစ္စ မသိရှုပ်တုန်းကဆို ဘယ်လောက် ပျော်ဖို့ကောင်းလဲ၊ ခု ... သူ့ကို ကုတ်ဖဲ့မိတာ အပြစ်ကြီးကို ဖြစ်လို့ ..."

ဟု မာန့်ကိုပဲ ကြည့်မရစွာ တွေးဖြစ်လျက် ကားပေါ်မှာ တိတ်ဆိတ်စွာ မုံ့ ပါလာခဲ့သည်။

လေးလေးဆွေ ကတော့ မုံ့ကို အကဲခတ် ကြည့်မေမယ် ဘာမျှမေးမလာ။ မုံ့ စိတ်လက်ဆင်းရဲနေတာကို နားလည်လျက် မျက်နှာလည်း မကောင်းရှာ။

ဒါပေမဲ့ သူများအိမ်တွင်းရေးမို့ ဝင်ပြောဖို့လည်း လေးလေးဆွေ မတတ်စွမ်းသာသည့် အဖြစ်။

ကားကို ရပ်နေကျ နေရာလေးမှာ ရပ်တော့ ထုံးစံအတိုင်း စောစီးစွာ ရောက်နှင့်လျက် အချဉ်ထုပ်ကိုယ်စီနှင့် မြက်ခင်းပြင်မှာ ထိုင်နေသည့် ပေါက်ပေါက်တို့ အုပ်စုကို တွေ့ရပြီ။

ကလေးတွေလိုပဲ ပျော်နေတတ်သည့် ဤရှာတိတ်တစ်အုပ်ကိုလည်း လေးလေးဆွေ ချစ်ရသည်ပါပဲ။

"ကဲ ... ကဲ ... လေးလေးဆွေ ပြန်မယ်၊ ပျော်အောင်နေပါ မုံ့ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေးလေးဆွေ တစ်ချက်တော့ ပြောရှာပြီးမှ ကားကို မောင်းထွက်တော့ မုံ လွယ်အိတ်လေးကို လွယ်လျက် မျက်နှာလေး ညှိုးငယ်ကျုံးရင်း မြက်ခင်းပေါ် ထိုင်ချလိုက်တော့ ...

"ကဲ ... တစ်ခုခုတော့ ဖြစ်လာပြီ မဟုတ်လား"

မျက်မှန်ကို တစ်ချက်ပင့်လျက် လှိုင်းပြာ ပြောတော့မှ သက်ပြင်းရှိုက်ရင်းမှ ...

"ငါက သူ့ကို တောင်းပန်ရမယ်တဲ့ဟ၊ ဖေဖေက ပြောတယ်၊ မနက်ဖြန် တောင်းပန်ရမှာ၊ သူ့ကို ငါက ကုတ်ဖဲ့ထားတဲ့ ကိစ္စ"

ဟု စိတ်မောလက်မောဖြင့် ပြောတော့ ပေါက်ပေါက် လက်ညှိုးထောင်၍ ...

"ငါပြောတာမှ နင်က နားမထောင်တာ၊ လက်သဲပြောင်ပြ လိုက်တာကိုး၊ ဒီမှာ မိမုံ ... နင် သိထားဖို့က လက်စလက်န ကျန်တဲ့နည်းနဲ့ နင်သွားလုပ်လို့ကတော့ တောင်းပန်ရှုံးမဆုံးဘဲ၊ သူက နင့်ကိုမြင်ရင် နင်က သူ့ကို မြင်မယ်"

"အေး ... မီပေါက် ပြောတဲ့အထဲမှာ အရှင်းဆုံးက အဲဒီ စကားပဲ၊ သူက မြင်ရင် မုံက မြင်မယ်၊ နှစ်ယောက်စလုံး ဘယ်သူက ကန်းနေလို့လဲ"

ပေါက်ပေါက် ပြောတာကို ထွေးထွေးအိ ဝင်ယောက်တော့ တစ်ချက် ရယ်ပြလျက်မှ ...

"အဲသလို ... သူမြင် ကိုယ်မြင် ဖြစ်ကြချိန်မှာ နှစ်ဖက်လူကြီး တွေရှေ့မှာ မုံက သွားလေးဖြဲပြထားရမယ် ... ဒီလို"



ဟု မျက်နှာလေးကို ချစ်စရာတန်လေးဖြင့် ဖြီးပြနေသည့် ပေါက်ပေါက်ကို ခေါင်းပုတ်လျက် ...

"ဒါတောင် ... အဲဒီ မာန် ဆိုတာကို မြင်ဖူးသေးတာ မဟုတ်ဘူး၊ ပုံစံက မိန်းမနောက်ပိုးဖြီးနဲ့ ... ယော ... ဒီအဖြီးကို ကန့်ကွက်တယ် ... မုံ မဖြီးနဲ့ ကြားလား"

ဟု လှိုင်းပြာက မျက်မှန်ကို ပင့်တင်ပြီးမှ တကယ် ကို ကန့်ကွက်တော့ ထွေးထွေးအိက ...

"အေးလေ ... မိန်းမချောကျတယ်"

ဟု ထောက်ခံသည်။ မုံကတော့ မျက်နှာလေးတင်း၍ ...

"နင်ပဲ အဲလို သွားဖြီး၊ မုံတော့ တစ်သက် မဖြီးတော့ဘူးပဲ"

ဟု မာတင်းတင်း ပြောတော့ ပေါက်ပေါက် ခေါင်းခါသည်။

"အဲဒါ ပြောတာပေါ့၊ ဉာဏ်တုံးတဲ့လူတွေ၊ ဉာဏ်ကောင်းတဲ့ လူကို မမီဘူးဆိုတာ ...၊ ဒီမှာ ဒါဘာလဲ ခေါင်း၊ အဲ ... ခေါင်းထဲမှာ ဦးနှောက်ရှိတယ်၊ အဲဒါ ဘာလုပ်ဖို့လဲ ဆိုတော့ တွေးခေါ်ကြံဆပြီးတော့ ပညာရှိဖြစ်အောင် လုပ်ကိုင်နိုင်ဖို့ အတွက် ဒီနေရာမှာ မြင့်မြင့်မြတ်မြတ် ရှိနေရခြင်းပဲ"

အမြင်တတ်ပုံဖြင့် ဘယ်သူ ဘယ်သူမှ မပြောဘဲ ငြိမ်ကြည့်နေကြတော့ ပေါက်ပေါက် ရယ်သည်။

"သူနဲ့ နင် တွေ့တော့ နင်က ဖြီးတော့ သူက တည်နေရင် သူ့အဖြစ်ဆိုတာ ဆေးကလူကြီးတွေ မြင်တာပေါ့၊ အဲဒီ တော့ အမြဲတမ်း သူ့အပြစ်ဖြစ်အောင် နင်က ဖြီးရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက မိုရေ ... ဒါလေး မာန့်အတွက် လုပ်လိုက်ပါဆို ... ဟုတ်ကဲ့၊ မိုရေ ... မာန့်အတွက် ကော်ဖီဆို ဟုတ်ကဲ့၊ မိုရေ ... မာန့်အတွက် ထမင်းပွဲလေး ပြင်လိုက်ပါကွယ်ဆို ဟုတ်ကဲ့၊ အဲသလိုလုပ်၊ အဲဒီတော့ နင် အပြစ်ကင်းရော"

ဖွေးဖွေးအိရော လှိုင်းပြာရော ခေါင်းချည်း ခါပြနေကြသည်။ ဘယ်သူမှ မထောက်ခံ။ မိုကတော့ ပေါက်ပေါက်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိရပါပြီ။

"ဒီကောင် သိပ်စိတ်မချရတော့ဘူးဟ၊ ဘယ်တုန်းက မာန့်လူ ဖြစ်သွားလဲ မသိဘူး"

ဖွေးဖွေးအိ ပြောပြီး မယုံသလို ပေါက်ပေါက်ကို ကြည့်တော့ ဟက်ခနဲ ပေါက်ပေါက် ရယ်ပြသည်။

"ကွယ်ရာကျရင် ဒီလိုလုပ်၊ ရှင်က မို့ကို ဘာမှတ်နေလဲ၊ လူကြီးတွေရှေ့မို့ ရောရောဝင်ဝင် နေပြတာကို ဘဝင်မြင့်မနေနဲ့၊ ရှင့်လို အစုတ်စားကြီးကို အကောင်းစားကြီး ထင်နေတယ်လို့ မမှတ်ပါနဲ့၊ ရှင့်ကို မိုက တစ်စက်မှ မချစ်ဘူးဆိုတာ ရှင့်ရဲ့ ရင်ဘတ်ကြီးထဲမှာ မသေမချင်း စွဲထားစမ်းပါ၊ ရှင့်ကို မို တစ်သက် မကြိုက်ဘူး၊ ဘာညာနဲ့ ဖွာသံ့ဖွာ"

ဟု ပြောတော့မှ သုံးကောင်စလုံး စိတ်ဝင်စားဖော်ရလာလျက် ဝိုင်းနားထောင်ကြသည်။ မျက်လုံးလေးတွေလည်း လက်တောက်လာလျက် စိတ်အားတက်လာကြသည့် အဖြစ်။

"သူက တိုင်ချင် တိုင်လိမ့်မယ်၊ မို့ ဖေဖေ ဒါမှမဟုတ် မို့ရဲ့ ဘွားကိုပေါ့၊ အဲသလို မိုက ဖွာပါတယ်ပေါ့၊ ငြင်းသာငြင်း၊ မို ဘယ်တုန်းကမှ မပြောရပါဘူး ဖေဖေရယ်၊ ဘွား



ဘွားရယ်၊ သူ မို့ကို အပြစ်ပြော ငြင်းချင်တိုင်း မို အပြစ်ဖြစ်ပြီး မိုက ငြင်းတယ်ဖြစ်အောင် လီဆယ်တာပါလို့ ပြောသာပြော၊ ကိစ္စမရှိဘူး၊ ငရဲမကြီးဘူး လိမ်သာလိမ်"

"ငရဲမင်းနဲ့ အမျိုးတော်တာ ကျနေတာပဲ"

အရေးထဲ ပေါ့ပါးစွာ ဝင်နှောက်နေသည့် လှိုင်းပြာကို ပေါက်ပေါက် မျက်မှောင်တွန့်ကြည့်သည်။

"အဲသလို လူကြီးတွေရှေ့ကျတော့ ရွှဲ၊ ဟော ... နောက်ကွယ်ကျတော့ ဟောက်၊ ဒီငနဲ စိတ်လက်ပျက်ပြီး ဆလံသွားမယ်၊ ပြီးရော၊ အဲ ... ပိုပြီး လန့်သွားအောင် ငါလုပ်ပြမယ်၊ မနက်ဖြန် နင်က သူ့ကို တောင်းပန်ရမယ်၊ အဲသလိုဆိုရင် သူ့ကို အပြင်ထုတ် ခေါ်ခဲ့ဖို့ပဲ အရေးကြီးတယ်၊ ကဲ နားထောင်ကြ"

မြက်ခင်းပြင်ပေါ် ကျကျနနထိုင်ရင်း ပညာရှိဆိုက်ဖမ်းနေသည့် ပေါက်ပေါက် အသွင်သည် ဘယ်တုန်းကမှ စိတ်ဆိုးစရာ မကောင်းခဲ့ဘူးသည့် ချစ်စရာ ချစ်စရာ အကောင်းစားသူငယ်ချင်း ဖြစ်နေချေပြီတည်း။ မို ပေါက်ပေါက်ကို ချစ်လိုက်တာဟု တွေးဖြစ်သည်။

www.burmeseclassic.com



"ဒါကတော့ကွာ၊ နှုတ်မြန်ချင် ဒီလိုပဲ လုံ့လစိုက်ရတယ် ကွ"

တတ်မီးတိုင် အောက်မှာ ပုရစ် ကောက်နေရာမှ မြင့်ဆောင် ပြောတော့ အားကြီးမာန်တက် ကောက်နေသည့် ကြည်စင်က ...

"ချင်းနဲ့ ကြက်သွန်ဖြူ ထောင်းထားတဲ့ ဥမှာတွေနဲ့ ဒီအကောင်တွေနဲ့ လောက်ပါ့မလား"

ဟု ပလတ်စတစ် ဆန်ခါခြင်းထဲမှာ ပြည့်သိပ်နေပြီဖြစ်သည့် ပုရစ်ကောင်တွေကို ကြည့်လျက် စိတ်လက်ပူစွာ မေးသည်။

ခုနစ်နှစ်ရှိခဲ့ ရှစ်နှစ်ရှိလောက်ဆို ပုရစ်တွေ ကောက်ဖြစ်ပြီ။ ခေါ်ခေါ်ကတော့ ဒူးအထက် ရောက်နေသည့် မုဆိုးတိုတို ပုံစံဖြင့် နောင့်ကြောင့်ထိုင်ရင်း ပုရစ်တွေကို လောဘတကြီး ကောက်နေ့ဆဲ။

"ငါ ကြားဖူးတာ ပြောရရင်ကွာ၊ ရှေးဆေးနည်းတိုလို့ ပြောရင်တော့ ဖြစ်တယ်၊ ငါ့အဘွား ပြောဖူးတာကွ၊ ငါ့အဘွားကိုလဲ၊ ငါ့အဘွားရဲ့ အဘွားက ပြောပြဖူးတာလို့ အဆိုအမိန့်ရှိတာပဲ"



အသားမည်းပြာပြာဖြင့် အလွန် အနောက်သန်သော မြင့်ဆောင်ကို ကြည်စင်ရော၊ ခေါ်ခေါ်ရော တစ်ချက် အကဲခတ်သလို ကြည့်သည်။ ပုံစံက အေးအေးချမ်းချမ်းဖြင့် စိတ်လိုလက်ရ ပြောမည့်ပုံ။

မာန်ကတော့ ပုရစ်တွေ အတောင်ရိုး၊ ခြေထောက် ဖြတ်နှင့် အလုပ်များနေဆဲ။ အားလုံး တက်ညီ လက်ညီ ပုရစ်ကောက်နေကြသည့် အဖြစ်။

အရေးထဲ ခြင်တွေကလည်း လေးကောင်သား ပုရစ်မကောက်နေကြသည့် အဖြစ်ကို လက်လွှတ်မခံ။ တဝီဝီနှင့် စုပြုံကိုက်နေကြသည်ပါပဲ။ ဖတ်ခနဲ ခြင်ရိုက်ရင်းမှ ကြည်စင် ဆေးပေါ့လိပ်ကို တစ်ချက်ဖွာသည်။ မြင့်ဆောင် ပြောမည့် စကားကို နားစိုက်ဟန်ပေါ်၏။

"အထူးသဖြင့် ဒီပုရစ်တွေဟာ မျက်စိလေးတွေ ပြူးနေတော့ကာ၊ သူ့ကိုစားရင် မျက်စိမှေးတဲ့လူတွေ မျက်ခွံလေးတွေအပေါ်ကို နည်းနည်းမြင့်တက်ပြီးတော့ ... အဲ ... မျက်စိတွေ ဘာတွေ ပြူးလာတတ်တယ်လို့ ပြောတာပဲ"

မျက်မှေး ခေါ်ခေါ် မျက်မှောင်ဖြင့် တစ်ချက်လှမ်းကြည့်လာပြီ ...။

"ပြီးတော့ ... ရှမ်းရည်အားဖြင့် သိပ်နှနယ်လွန်းရင် ကလေးမျက်နှာပေါက်မျိုး ဆိုရင် ဒီပုရစ်ကြော်ကို စားခြင်းအားဖြင့် မျက်စိပြူးပြူး အသားမည်းမည်းနဲ့ မျက်နုံ မျက်လုံးတွေ ကောင်းလာပြီးတော့ စန့်ညားလာမယ်လို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကျတော့ အကောင်းထည့်ပြောသည့် မြင့်ဆောင်၏ မည်းတဲတဲအသား၊ မျက်လုံးပြူးပြူး ပုံစံကို ကြည့်လျက် ဆေးပေါ့လိပ်ကို ဆောင့်ခနဲ ပါးစပ်မှ ဖြုတ်ကာ –

"ငါ ကြားဖူးတာ ပြောရရင်တော့ ပါးမောက္ကရှူး ရှုးနေတဲ့ ကောင်တွေ အဲဒါနဲ့ အသင့်ဆုံး တတ်စားပဲလို့ ကြားတယ်"

ဟု ကြည်စင် ဖြဲဘာပေးတော့ တဟဲဟဲ မြင့်ဆောင် ရယ်သည်။

ကလေးမျက်နှာလေးဖြင့် အရပ်လေးပါပုလျက် မျက်စိမှေးချေသော ဇော်ဇော်က ချောင်းတစ်ချက် ဟန့်ကာ –

"ငါ ကြားဖူးတာ ပြောရရင် ဖားမျက်ပြူးလို မျက်စိပြူးတဲ့ ကောင်တွေ၊ အသားမည်းပြာပြာနဲ့ ပေါတောတော အကောင်တွေ ပုရစ်ကြော်နဲ့ လုံးဝမတည့်ဘူးဆိုပဲ"

ဟု ပြောတော့ လက်ကာလျက် မြင့်ဆောင်ရယ်ကာ...

"ငါကြော်တဲ့ ပုရစ်၊ ငါမစားဘဲ နေလို့ဖြစ်မလား သူငယ်တော် မျက်မှေး ပွေးသူငယ်ရယ်"

ဟု ပြောသည်။ ကြည်စင်ကတော့ မြင်တွေ တဖတ်ဖတ် ရိုက်ရင်းမှ စားရလတ္တံ့သော ပုရစ်ကြော်ကို အရသာခံတွေးနေဆဲ။

"ဒယ်အိုးလဲ အသင့်၊ ဖိုခနောက် အုတ်နီခဲလဲ အသင့်၊ လေတင် လေအောက် နေရာလဲ ရွေးချယ်ပြီးပြီ၊ ဟိုဘက်ထောင့်နားက သစ်ပင်ကြီးအောက်မှာ ပုရစ်ကြော်မယ်"



ဖင်လှည့်၍ အတွင်းမှ ကာလီစာလေးတွေကို ကျွမ်းကျင်စွာ ထုတ်နေကြသည်ကတော့ တက်ညီလက်ညီပါ။

လေတင်လေအောက် ရွေးတာက အဆောင်မှူးမသီအောင်ပါ။ ဖိုခနောက် အုတ်ခဲမီးဖိုပေါ် ဒယ်အိုးပေါက်စနကို တင်ကြသည်။ အိုကေ ... ဆိုကာ ဒယ်အိုးကို ပြန်ချ။

ထင်းပေါက်စနတွေနှင့် မီးမွှေးသည်။ ဘေးမှသင်ဖြူးဖျာကို ဝိုင်းပတ်ကာ၍ အပေါ်မှ ပုဆိုးကို ဖျာဝိုက်ဝိုက်လိပ်လိပ်ကြီးပေါ် မီးမမွှေးမီကတည်းက အုပ်ထားလိုက်တော့ မီးဖိုခန်းငယ်လေးလည်းဖြစ်။ ဘေးလူလည်း မမြင်ရ။ ခပ်သုတ်သုတ် အထဲမှာ ပုရစ်ကြော်ကြသည်။

ခပ်သုတ်သုတ်ကြော်။ အဆောင်နေ ကျောင်းသားပီပီ အပေါက်ပါခံနိုင်၏၊ ဇွန်းကအစ ခပ်ငယ်ငယ် ဝယ်ထားကာ ပစ္စည်းပစ္စယ စုံနေသည့် မြင့်ဆောင်မှာ ပုရစ်တွေ ဆယ်ခါယ်ပြီး ဇလုံထဲထည့်။ ပြီးတော့ မီးကို အသင့်ပါလာသော ရေပုလင်းဖြင့် ငြိမ်းသတ်။

"ရပြီဟေ့ ... ရပြီကွ"

ဟု ရွှေအောင်းသံဖြင့် ပြောတော့ ဘေးမှ ဖျာကြီးလိပ်ဖတ်ကာ အပေါ်မှ ပုဆိုးကြီး အုပ်ထားသည့် ကြည်စင်၊ ဇော်ဇော်နှင့် တာန်တို့ သုံးကောင် ပုဆိုးဖယ်သူဖယ်။ ဖျာလိပ်သူလိပ်။ အသင့်ပါလာသော လက်သုတ်ပဝါဖြင့် ဆီဒယ်အိုးသိမ်းသူသိမ်း။ ပါလာသည့် အုတ်ငယ်လေးထဲ ဆီပူကိုလောင်းထည့်သူကထည့်။ အားလုံး တက်ညီလက်ညီ လက်စဖျောက်နေကြသည့် အဖြစ်။ ဒါမှ လူမသိမှာလေ။

ချွေးတဖြိုက်ဖြိုက်နှင့် ရှိနေသော မြင့်ဆောင်က လေအားကို ပါးစပ်ကြီးဟာ၍ ရှူနေဆဲ။ ဖျာလိပ်ကြီးထဲမှာ မီးရှိန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ပုရစ်ကြော်ရသည့် မြင့်ဆောင်မှာ မီးနေသည့်ငိ ချွေးတွေပြိုက်ကျနေသည့် အဖြစ်။

"ဟော ... ဟော ... ဟိုမှာ အဆောင်မှူးလား မသိဘူးကွ"

လူရိုပ်မြင်တာနှင့် ခေါ်ခေါ် အလန့်တကြား ပြောတော့ မျက်ဆို ဖျာကိုခင်းကြ။ ဖျာအောက်ထဲ ဒယ်အိုးကို မှောက်လျက်ထိုးထည့်။ အပေါ်မှာ ပုဆိုးတွေကို အသားတကျ ခေါက်ထားကာ တင်ပျဉ်ချိတ်၍ ဖျာပေါ်ထိုင်ကြ။ ပုဆိုးအောက်မှာ ပုရစ်ကြော်စလုံကို ဖွက်ပြီးသကာလ ...

"ဒါကတော့ကွာ ... ဥပဒေရဲ့ ဝင်ရင်း အခြေအမြစ်ထဲမှာ။ ဥပဒေပြုခြင်း၊ ဖြတ်ထုံး၊ ဓလေ့ထုံးစံနဲ့ သဘောတူညီချက်တို့ဆိုပြီးတော့ လေးမျိုးရှိတယ်"

မြင့်ဆောင် အာပေါင်အာရင်း သန်သန်ဖြင့် ပြောနေသည့် ပုံကိုက စာကို အကျေအလည် ဖျာခင်း ဆွေးနွေး ကျက်မှတ်နေသည့် အသွင်။

စာအုပ်က တစ်အုပ်မှ ရှိတာမဟုတ်။ အားလုံး ပုရစ်ကြော်စောကပ်ပြီး ဒယ်အိုးငယ်၊ စလုံငယ်၊ ပုဆိုးအုပ်ဖို့က အစတော့ မမေ့ကြ။ စာအုပ်ကျတော့ ဘယ်သူမှ ပါမလာ။

သေသေချာချာ လာရပ်ကြည့်လျှင်ဖြင့် လေးကောင်သား ပုရစ်ကြော် စားကြတာ အမြတ်အသွတ်မီမှာ သေချာသည်။

ပြီးတော့ နေရာကလည်း သစ်ရိပ်အောက်။ မှောင်ရိပ်မှာ။

ခပ်တိုးတိုး ရယ်သံကြားတော့ မြင့်ဆောင် ခေါင်းထောင်၍ မျက်မှောင်ကုတ်ကာ လူရိပ်ကို ကြည့်သည်။



ကုတ်အကျီမည်းမည်း။ ပုဆိုးတိုတိုဖြင့် လက်နောက်ပစ်နေသူထံမှ ...

"ကျွန်တော်ပါဗျ ကိုမြင့်ဆောင်ရဲ့ အောင်လွင်ပါ၊ ကျွန်တော် အဆောင်စရန်တာက ချောင်းနေတာ၊ အခု စားလို့ရပြီဆိုတာ သိလို့ လိုက်လာတာဗျ"

ဟု ပြောတော့ အားလုံး တက်ညီလက်ညီဖြင့် ...

"မွေးကောင်"

ဟု အော်ကြတော့ လက်နောက်ပစ်ထားရာမှ ကိုယ်ဖြင့်ကွယ်နေသည့် ကြာဖူးဘူးကို ရှေ့မှာပိုက်လိုက်လျက် ...

"ဒါတောင် မြန်မြန်ချာ်ဝေတို့ ကင်းကောင်တို့ ပါမလာတာ ကျေးဇူးတင်ဖို့ သူတို့ မသိဘူး"

ဟု ပြောမိုက် ခေါင်းယမ်းကာ မြင့်ဆောင် ဖျာအောက်မှ ဒယ်အိုးကို လက်သုတ်ဝတ်ဖြင့်ကိုင်၍ ယူကာ ရောမပအိုဝ်လွယ်အိတ်ထဲထည့်။ ပုဆိုးတွေလည်းထည့်။ ဆီပုလင်းထည့်။ ပလတ်စတစ် ဆန်ခါတွေလည်းထည့်။ အားလုံး ထည့်ချင်သလောက်ထည့်။ ရောမ ပအိုဝ်လွယ်အိတ် အနီစင်းကျားကြီးကဖြင့် ဆံ့နေသည်ပဲ။ ဒါကလည်း ထိုသို့ ခိုးကြောင်ခိုးဝှက် စားသည့်အခါ ပစ္စည်းတွေ လက်စဖျောက်ထည့်ဖို့ အကြံအစည်ဖြင့် ဗိုလ်ချုပ်ဈေးမှာ လွယ်အိတ်ကြီး ရှာဝယ်ခဲ့သည့် မြင့်ဆောင်၏ အစီအမံပေပဲလေ။

ဖျာကို ပြန်လိပ်ကြကာ ဆီထည့်ထားသော အုတ်ကိုဖွင့်ကာ ဆောဆော ဆီပုလင်းကို လွယ်အိတ်ထဲမှ ပြန်ထုတ်။ ကတော့ခတ်လိုက်ကာ ဒုက်ထဲမှဆီကို လောင်းထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီရယ် _ ကလေးကို နင်းကန်ကြီးလဲ မခိုင်းပါနဲ့၊ မုံလေး သနားပါတယ်"

ဟု ဝင်ပြောပေးရှာတာမို့ မုံဖြင့် အရမ်းကို ချစ်သွားရသည်ပါပဲ။

မုံက လက်ဖဝါးဖြန့်၍ မျက်ရည်ဝဲစွာပဲ _

"ကြည့်ပါဦး အန်တီနုရယ်"

ဟု အားကိုးရှာ ပြောနေပုံလေးကို ဘွား တစ်ချက်ငေးခနဲ ကြည့်သည်။

"ကဲ ... ကဲ ... ရေချိုးချေ"

ဟု ဘွား ပြောတော့ မိကျော့ကို တစ်ချက် မုံ မျက်နှာထားနှင့် ကြည့်သည်။

ရေဘယ်နှဖလား ခပ်ချိုးတာကအစ အတိအကျ ပြန်ပြန်ပြောတတ်သည့် မိကျော့ကို မုံ ကြည့်မရချင်။

"မိကျော့ ... နင် နေခဲ့၊ ရီရီ ..."

"ရှင့် _ မမမုံ"

"နင်ပဲ လိုက်ခဲ့၊ မုံဖြင့် စိတ်ကို ညစ်ပါရဲ့၊ ရေချိုးတာတောင်မှ အစောင့်နဲ့"

ဟု မျက်နှာလေးအို၍ ခေါင်းလေးကုတ်ပြောတော့ အားလုံး ဝိုင်းရယ်ဖြစ်ကြသည်ပါပဲ။

"ဘာရယ်တာလဲ"

မာန့်မှာ လက်ကလေးကာ၍ ခေါင်းခါပြကာ _

"ကြောက်ပါတယ် မမမုံ"

ဟု ပြောပြီးမှ _



"ဒါကြောင့် အခန်းထဲမှာ နံနေတာကိုး၊ မာန်ကတော့ တစ်နေ့ ရေနှစ်ခါချိုးတဲ့ကောင်မျ၊ သန့်သန့်ပဲ"

ဟု ပြောခိုက် အန်တီနုက _

"ဟဲ့ _ ကလေးကို စိတ်ညစ်အောင်"

ဟု လှမ်းဟန့်စဉ်ခိုက် မုံက မျက်နှာထားလေးဖြင့် လေကားထစ်တွေ နင်းဖြတ်တက်သွားပါပြီ။

ရီရီကတော့ နောက်မှ အပြေးလေး လိုက်တက်သွားရပါချေ၏။

ကြံလေ _ မုံ ကလေးဆန်လွန်းတာလေးတွေကို မာန် ပိုသိလာရလေပါ။

မုံက ဆိုးတာမဟုတ်ပါဘူးဟု တွေးဖြစ်၏။

ကလေးဆိုးလေးလို အပြစ်ကင်းစင်လွန်းစွာ ချွဲနွဲ့ခြင်းပါလားဟုလည်း နားလည်လာဖြစ်သည်လေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"ကြာကြာမွှေးတဲ့ နွာညိုပါ၊ လေယူရာတိမ်းယိမ်းနဲ့ ရှာ၊ ချစ်သူကိုကို ခူးခဲ့မှာမို့မို့ပန်ဆင်စရာ၊ ပင်လုံးညွတ်တော့ ဖူးတံဝါ၊ လေသွေးတဲ့ခါ ရနံ့တွေဖြာ၊ နွာနွာညို ပန်းပါ၊ စိမ်းလဲ့ညိုပြာပြာ"

တေးသံက မြိုင်သည်။ တယောသံလည်း မြိုင်သည်။ စိတ်ပါလက်ပါ တယောထိုးနေသည့် အောင်လွင်မှာ ပုရစ်ကြော်ကို မေ့နေပြီ။

"ပင်လုံးညွတ်တော့ ဖူးတံဝါ … လေသွေးတဲ့ခါ ရနံ့တွေဖြာ နွာနွာညိုပန်းပါ စိမ်းလဲ့လဲ့ ညိုပြာပြာ"

နောက်တစ်ကျော့ ထပ်ဆိုသံက မြိုင်နေသည်။

မကြာလိုက်။ ကျောင်းသားတွေ ခရေပင်အောက်မှာ ပိုရှုံတိုးလာလျှင် သီချင်းသံက ပိုရှုံမြိုင်လာသည်။ လက်ခုပ်သံပင် ပါလာပြီ။ နောက်နေ့ ဆိုတာကလည်း တနင်္ဂနွေနေ့မို့ ပိုရှုံစိတ်လက်လွတ်လပ်ကြလျက် ပျော်နေကြတာလည်း အမှန်။

မာန့် စိတ်တွေက မနက်ဖြန် ပုလဲရိပ်မြုံသို့ သွားရမည့် အဖြစ်ကို အမှတ်ရနေလျက် ရင်ထဲမှာ မုံနှင့်ဆုံလျှင် ဘယ်နှယ်နေရမည်ကို မသိနိုင်ဘဲ စိတ်အိုက်နေမိရတာ အမှန်။

"သားကို တောင်းပန်မလို့တဲ့ မုံက ပြောရှာတယ်၊ မနက်ဖြန် ပုလဲရိပ်မြုံမှာ ပေပေနဲ့ မေမေတို့ စောင့်နေမယ်၊ သားကို မုံ့ ပေပေက လေးလေးဆွေနဲ့ ကားလွှတ်ခေါ်နိုင်းလိမ့်မယ်"

ဟု ဖုန်းဖြင့် ဖေဖေ လှမ်းပြောလာတုန်းက သိပ်မယုံချင်။

မုံက သူ့ကို တောင်းပန်မည်တဲ့။



လူကြီးတွေ ဆူရှဲ တောင်းပန်တာ ဖြစ်မည်ဟု ရင်ထဲမှာ မှားလည်နေနှင့်သည်။

စိတ်ထဲက မပါဘဲ တောင်းပန်မည် ဆိုတာ သိသိကြီးနှင့် အတောင်းပန်ခံဖို့ ကိုယ်က သွားရမည် ဆိုတော့လည်း နည်းနည်း ရင်ထဲမှာ အောင့်ချင်သည်ပဲ။

မသွား၍လည်း ရမှာမဟုတ်။ ဖြင်းလိုက်တာနှင့် ဆဲမေ အပြတ်ဆူမှာ။

"ကလေးက တောင်းပန်နေတာကို မင်းက ဘာကိစ္စနဲ့ ဒီထိ စခန်းကြီးနေရတာလဲ"

ဟု ပေါက်မှာ အတိအကျ။ ဒီကြောင့် ဟုတ်ကဲ့လိုက်ရသည်ပါပဲ။

"ဟ … ဟိုရောက်ရင် မင်းက သိပ်သဘောထားကြီးတဲ့ လူအဖြစ် ခွင့်လွှတ်ပြပေါ့ကွ၊ စိတ်မဆိုးပြနဲ့၊ မင်းက ပြန်ပြီး တောင်းမန်တာတွေ ဘာတွေ လုပ်ပြ … အဲဒါမှ မင်း အမှတ်တက်မှာ"

ဟု ပညာရှိမင်း မြင့်ဆောင်ကတော့ စောစောက သူ့ တိုင်ပင်ခိုတ်မှာ အကြံပေးထားခဲ့ပြီးပြီ။ ပြီးမှ ပုရစ်ကောက် ထွက်သည်ပဲလေ။

ခုတော့ မြနွာညိုနှင့် တယောသံ လုံးထွေးလျက် လောကကြီးဝယ် ပျော်မဆုံးသည့် ကကောင်းသူများအဖြစ် ခရေရိပ်အောက်မှာ ပျော်နေကြသည့် အဖြစ်။

"မွှေးလွန်းလှတဲ့ ရာသီပန်းပါ၊ ကညာမဒီ မြန်းဆင်စရာ မွှေးလွန်းလှတဲ့ ရာသီပန်းပါ၊ ကညာမဒီ မြန်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်စရော၊ လေယူရာသွေး ကြူကြူမွေးတာ မြပန်း
နှာညှိုပါ”

တေးသံကတော့ လရောင် မှုန်ပျပျဝယ် တယောသံ ဖြင့် လွိုင်လေနေဆဲသာတည်း။

❦ ❦ ❦



“တကယ်က ခုလို တောင်းဝန်ဖို့ မလိုပါဘူး မုံ၊ ကျွန်တော်က မုံ မခံချင်အောင် စမိတာလဲ ပါပါတယ်၊ ဒီအတိုင်းပဲ တောင်းပန်ရင်လည်း ရပါတယ်၊ မုံ မကန့်ကွက်ပါနဲ့ဗျာ”

လက်တကာတာဖြင့် မာန် ပြောနေတော့ မုံ ခေါင်းခါကာ ကြမ်းပေါ် စွတ်ထိုင်ကန့်တော့တာမို့ လူကြီးတွေကတော့ ကလေးနှစ်ကောင် ပြေလည်ကြပြီ အထင်နှင့် ကျေနပ်ကြည်နူးနေကြသည်ပါပဲ။

ဆိုဖာမှာထိုင်လျက် အကန့်တော့ခံရစဉ်မိုက် မာန့်ရင်ထဲမှာ အနေခက်စိတ် ဖြစ်ရကာ မျက်နှာကြီး ရဲလာတာတော့ အမှန်ပါ။

“သား ... ပြောလိုက်လေ၊ နောက်ကို မုံ့ အပေါ်မှာ အနိုင်ယူစ,တာမျိုးလဲ မလုပ်ပါဘူးလို့”

ဖေဖေက လှမ်းပြောတော့ မာန် တစ်ချက် လည်ချောင်းကို ဟန့်ရသည်။ အရေးထဲ အနေခက်စိတ်ဖြင့် လည်ချောင်းက ကပ်နေသေးသည့် အဖြစ်။

“အဟမ်း ... အဟွတ်ဟွတ်”

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ မျက်တောင့်ဖြင့် ရှမ်းကြည့်လာပြီ။ မုံ့ကို တမင် အပေါ်ဆီးမှ စတိုင်ထွားပြနေသည်ဟု မေမေ ထင်နေပုံရသည်။

"ကျွန်တော် ... နောက်ကို မုံ့အပေါ်မှာ ဟိုနေ့တုန်းကလို မပြောတော့ပါဘူး မုံ၊ တကယ်ပါ၊ အဲဒီနေ့က ကျွန်တော်သာ အပြစ်ရှိတာပါ၊ မုံက ကလေးပဲ"

မုံ တစ်ချက် မော့ကြည့်သည်။ ရောရောရှုရှု ဟန်ကျပန်ကျ ထွက်သွားသည့် စကားအတွက် မာန်တတော့ ရင်ထဲ နည်းနည်းပေါ့သွားရသည့် အပြစ်။

မုံ့မေမေနှင့် ဘွားကလည်း ကလေးတွေ ပြေလည် အေးချမ်းပြီဟူသော အသိဖြင့် မျက်နှာကြည်သာလာပြီ။ မေမေနှင့် မေမေကလည်း မုံ့ဘက်မှနေပြီး မာန့်ကို ကောင်းကောင်းကြိမ်းထားသမျှ အန်ကာယ်ထူးနှင့် ဘွားတို့ကို ပြောပြထားပုံရသည်။

"ကဲ ... ကဲ ... ခုလို တစ်ယောက်အပေါ် တစ်ယောက် တောင်းပန်ကြ၊ ပြေကျေကြတာဟာ မင်္ဂလာတစ်ပါးပေပဲ၊ သမီး မုံ ... ထမင်းပွဲပြင်ဖို့ ကျော့ကို သွားပြောချေ၊ ခေါ်ကြီး ရှေ့နဲ့တူတူ ဝိုင်းပြီး ကျော့ပါ ဝိုင်းလုပ်ကိုင်ကူချေလို့ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

မုံ ညှို့ခန်းမှ ထမင်းစားခန်းကို ဖြတ်ကူးလာစဉ်နိုက် ရင်ထဲမှာ အတွေးတွေမဲ့ နစ်ချွဲပါလာသည်။ ထမင်းစားရှိုးမည်။ ပြီးလျှင် ပေါက်ပေါက် ပြောသလို လုပ်မိုက်စွ ရှိနေသေးသည့် အပြစ်။



ဘယ်နှယ်လုပ် စကားစရမှန်း မသိဘဲ ဖြစ်နေတာမို့ မုံ စိတ်ထဲ အိုက်နေမိရတာ အမှန်။

ခေါ်ကြီးရှေ့ မိကျော့တို့နှင့်အတူ မုံပါရော၍ ထမင်းပွဲ ဝိုင်းပြင်ကူပေးနိုက်မှာ အန်တီနု ပြုံးလျှက် ထမင်းစားခန်းဆီသို့ ဝင်လာ၏။ မုံ့ လက်လေးကို ထွေးဆုပ်၍ ...

"သားကို အန်တီနု ကောင်းကောင်းဆူထားတာ"

ဟု မုံ့ စိတ်ထဲ အနေသက်သာအောင် လာပြောရှာပါ၏။ မာန့်ကို ကုတ်ဖဲ့လွှတ်လိုက်သည့်ကိစ္စမှာ မာန့်ကိုပဲ အန်တီနု ဆူသည်ဆိုတော့ မုံ့ကို အပြစ်မတင်သည့်သဘော ဆောင်သည့်လေ။

"မုံ အင်းလျားကို သွားရမှာ အန်တီနုရဲ၊ ဒီနေ့ မုံ့သူငယ်ချင်း ပေါက်ပေါက်ရဲ့ မွေးနေ့လေ၊ အဲဒါ စုပြီး အပြင်မှာ တစ်ခုခု ကျွေးမလို့၊ မုံတို့ကလည်း လက်ဆောင်ပေးမလို့၊ အဲဒါ ထမင်းစားပြီးရင် မုံ အပြင်သွားတာကို အန်တီနု ခွင့်ပြုနော်၊ မုံ ရှောင်သွားတယ်လို့ ထင်မှာစိုးလို့ပါ"

ဟု တောင်းပန်သလိုလေးရော၊ ခွင့်တောင်းသလိုလေးပါ မုံ ပြောတော့ အန်တီနု ပြုံး၍ မုံ့ကို ကြည့်သည်။ အေးချမ်း သော အန်တီနု၏ မျက်နှာလေးမှာ ရင်ကို ငြိမ်းစေသည့် အပြုံးလေးဖြင့် ခွဝိုင်ဟန်လေးဖြင့် ရှိနေသည်ပါပဲ။

"ဒါဖြင့် သားနဲ့ ပိုနိုင်းမယ်လေ မုံ့ သူငယ်ချင်းတွေနဲ့လဲ သား ရင်နှီးရတာပေါ့"

မုံနှင့် ရင်းနှီးကြစေဖို့ အန်တီနု စကားကြောင်းပေးသမျှ မုံ့ရင်ထဲမှာ ပျော်သွားရသည်ပါပဲ။ ဒါပေမဲ့ ဟန်လေးလုပ်၍...

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အန်တီနု၊ လေးလေးတွေနဲ့ပဲ ပို့နိုင်းပါ့မယ်၊ ပေမယ့်ကို ခွင့်တောင်းတုန်းကတော့ မုံ့ အဲလိုသွားလိုက်ရင် အန်တီနုတို့ကို ချန်ထားခဲ့သလို ဖြစ်မှာပေါ့ဆိုပြီး မနေ့ည ကတည်းက ပြောနေတာ၊ ပေါက်ပေါက်က မျှော်နေမှာ အန်တီနုရ"

ဟု ချွဲပြောလေးဖြင့် ပြောတော့ ...

"အန်တီနု ကိုပြည့်ထူးကို ပြောပေးပါ့မယ်၊ သားကို လိုက် ပို့နိုင်းရမှာပေါ့၊ ဘယ်နှယ် ... မုံ့ကိစ္စကို သူ လိုက်လုပ်ကိုင် ပေးရမှာပေါ့၊ စကတည်းက ကူညီရမှာပေါ့ မုံ့"

ဟု ပြောတာမို့ မုံ့ ရင်ထဲမှာ ပျော်နေမိရသည်ပါပဲ။ အန်တီနုကို ရင်ထဲမှကျိတ်၍ တောင်းပန်ကန်တော့နေမိတာလည်း အမှန်ပါ။ ဒါပေမဲ့ လူကြီးကို လှည့်ပတ်လုလည်ကျသလိုကြီး လုပ် မိရခြင်းမှာ မာန့်ကို လက်မထပ်ချင်လွန်းသည့် ရင်တွင်းမှ ဝေဒနာ ကြောင့်ဆိုတာ မုံ့ ကိုယ်စောင့်နတ်တွေ သိပါသည်လေ။

အပြစ်ကင်းသော၊ သနားဖွယ်ကောင်းသော လှည့်စား မှုအပြစ် ကိုယ်စောင့်နတ်တွေ အပြစ်လွှတ်ပေးကြရှေမည်ဟု မုံ့ ယုံကြည်ထားလိုက်ရသည်ပါပဲ။

ထမင်းပွဲပြင်ပြီးတော့ မုံ့က ရီရီ့ကို လူကြီးတွေ အခေါ်ခိုင်းရသည်။

ရီရီကတော့ ကလေးပီပီ အခန်းတွင်းမှ ပြေးပြေးထွက် ထွက်လုပ်မို့ ဟန်ပြင်တာမို့ ဒေါ်ကြီးရွှေက ...

"ဟဲ့ ... ရီရီ၊ ဒီထမင်းစားခန်းနဲ့ ဧည့်ခန်းကို ကူးတာများ ခုန်းပြေးမလို့လား၊ ဖြေးဖြေးဝပ်ဝပ် သွားစမ်း၊ အဲဒါသာ



ကြည့်တော့ နလေးရေ၊ ဒီကလေးက ပျော်ပို့ ဆော့ဖို့လောက် ပဲ သိတာ၊ ကဲ ... မိကျေး၊ သောက်ရေဖန်ခွက်လေးတွေ အောက်ခံပြားလေးတွေနဲ့ စားပွဲထောင့်တွေမှာထား၊ ထောင့် စွန်းကြီးလဲ မဖြစ်စေနဲ့၊ လက်နဲ့ တိုက်ပြု ကျကွဲနေပါ့မယ်"

ဟု တစ်လက်စတည်း ကျော့ကျော့ကိုပါ ခိုင်းနေသည့် ဒေါ်ကြီးရွှေကို အန်တီနုကတော့ ပြုံး၍ ကြည့်နေသည်ပါပဲ။ ပုလဲ ရိပ်မြုံမှာဖြင့် ဒေါ်ကြီးရွှေက မီးဖိုအိုးသူကြီး၊ အိမ်ကို ထိန်းကွပ်သန့် ဝင်နေစေသည့် သူပါ။ အားလုံးကလည်း ဒေါ်ကြီးရွှေကို ဆွေမျိုး ရင်းချာနှယ် ထားကြသည်ပါပဲ။

ထမင်းပွဲမှာ ထိုင်ကြတော့ မာန်နှင့် မုံ့က မျက်နှာချင်း ဆိုင် ကျသည်။

တစ်ယောက်နှင့် တစ်ယောက် သေချာမကြည့်ရဲချင်။ မုံ့ကလည်း စောစောကပဲ ထိုင်ကန်တော့ခဲ့ရသည့် လူတစ်ယောက် နှင့် မျက်နှာချင်း တည့်တည့်ထိုင်၍ ထမင်းစားနေရသည့် အဖြစ် အတွက် ရင်ထဲမှာ အနေလည်း စက်ချင်၊ ဝမ်းလည်းနည်းချင်၊ ရှက် လည်းရှက်ချင်သည်။

မာန်ကျတော့လည်း မျက်နှာမထားတတ်သလိုကြီး ငြိမ်ကုပ်၍ ထမင်းပဲ မဲအုပ်နေသည့် အသွင်။

လူကြီးတွေကတော့ ခုလို ငြိမ်ကုပ်နေကြသည့် နှစ် ကောင်ကို ကြည့်၍ ပြုံးနေကြသည်ပါပဲ။

"သား ... မုံ့လေးကို အင်းလျားလိုက်ပို့ပေးလိုက်ပါကွယ်၊ ဟိုမှာ မုံ့သူငယ်ချင်း မွေးနေ့ဖြစ်လို့တဲ့၊ သူတို့ သွားမယ့်တဲ့ နေရာတွေလဲ လိုက်ပို့ပေးလိုက်ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေမေ ပြောလာနိုက် မာန် ရင်ထဲ ရှုပ်ထွေးအံ့နေ ကျပ်သွားရသည်ပါပဲ။

အန်ကယ်ပြည့်ကလည်း သမီးဖြစ်သူကို လှမ်းကြည့်လိုက်တာကို မာန် မြင်သည်။

"အို ... မိမို၊ မနေ့က မေမေ ပြောတယ် မဟုတ်လား၊ ချေ့သည်တွေ ချိန်ထားခဲ့သလို ဖြစ်မှာဆိုတာ"

ဟု တစ်ချက် လှမ်းဟန့်လိုက် ...

"မဟုတ်တာပဲ ကိုပြည့်ထူးရယ် ... သား လိုက်ပို့ပေးဖို့ တာဝန်တောင် ရှိပါတယ်၊ ကဲ ... သား၊ ထမင်းစားပြီးရင် ပို့ပေးလိုက် ... ဟုတ်လား။ သမီးမုံလေး စားသောက်ပြီးရင် အဝတ်အစားလဲ ပြင်ဆင်ချေ"

ဟု အန်တီနုက တစ်လက်စတည်း ပြုံးပြုံးလေး စီမံသွားတော့ ဘွားကတော့ ကျေနပ်နေသည့်ပုံပါ။

အန်ကယ်စိမ်းကလည်း သဘောကျနေသလို ပြုံးနေလျက် ...

"လိုက်ပို့ပေးမယ့်သူကလည်း အဆင်သင့်ပဲ ကိုထူးရာ၊ မိမုံလေး သူ့သူငယ်ချင်း မွေးနေ့ပွဲ သွားပါစေ၊ ဒီနေ့မှ ရက်ချင်းတိုက်နေတဲ့ဥစ္စာ၊ ကိုယ်တို့ ထမင်းလာစားလို့ ခများလေးရဲ့ သူငယ်ချင်း မွေးနေ့အစီအစဉ်လေး သွားဖို့ကိစ္စ ပျက်ရင် ဘယ်ဟုတ်လိမ့်မလဲ၊ ကဲ ... သား၊ လိုက်ပို့"

ဟု စီမံပေးနေပြန်တော့ မေမေ့ကို မုံ ကြည့်သည်။ မေမေ တစ်ချက်ကြည့်၏။ မျက်နှာက တစ်ခုခုကို စဉ်းစားနေသည့်အသွင်။ မာန် လိုက်ပို့မည့်ကိစ္စ ခုထိဝင်မတားဘဲ ငြိမ်နေသည့် မုံ



အသွင်က ထူးဆန်းနေစေသည့် အဖြစ်။ ချက်ချင်း လှစ်နေအောင် ပါးသည့် မုံက ကမန်းကတန်းလေး ...

"ဟို ... ဟို ... လေးလေးဆွေနဲ့ ပို့နိုင်ပါမယ် အန်ကယ်၊ ဟို ... ကို ... ကိုမာန့်ကို အားနာပါတယ်"

ဟု ပြောနေရင်းဖြင့် မေမေ အားတွေဆွေးပြီး စဉ်းစားနေခြင်း ဆိုတာကို ခန့်မှန်း ရိပ်စားလိုက်မိချိန်လေး သိသိလေးပဲ မိသွားတာကို ဝမ်းသာလိုက်မိရပါသည့်အဖြစ်။

ဟုတ်သည်လေ။ မာန့်ကို မျက်မုန်းကျိုးနေသည့် မုံက မာန်နှင့်အတူ ကားဖြင့်သွားရမည့် ကိစ္စ မငြင်းဘဲနေလျှင် မုံ့အပေါ်မှာ သံသယ ဝင်လာမည်ပေါ့။ မုံ တစ်ခုခု ကျိတ်ကြံထားပြီဆိုတာ မေမေ ရိပ်မိသွားနိုင်သည်ပေါ့။

"ဟဲ့ ... မိမုံ၊ ဟိုက လိုက်ပို့ပေးမယ့်ဥစ္စာ ညည်း မရှိင်းနဲ့"

ဘွား တစ်ချက် လှမ်းဟန့်လိုက်သသည့် မုံ့ရင်ကို ပျော်စေ၏။ ဘွား၏ မျက်စောင်းကြည့်ကိုလည်း မုံ ကျေးဇူးတင်၏။ ဒါမှ မုံ့ဘက်က ဘာသံသယ ဖြစ်စရာမှ ဖြစ်မလာနိုင်မှာလေ။ မျက်နှာငယ်လေးနှင့် ဘွားကို တစ်ချက် မာန့်ကိုတစ်လှည့်စီ ကြည့်လျက် ...

"မုံက ကိုမာန့်ကို အားနာလို့ပါ၊ လိုက်မပို့စေချင်လို့ မဟုတ်ပါဘူး ဘွားရဲ့"

ဟု အဖြစ်လွတ်အောင် ပြောသလိုလေး ပြောတော့ ဘွား လှမ်းကြည့်သည်။

မာန်ကတော့ လိုက်ပို့ပေးရမည် ဆိုကတည်းက ရင်ထဲမှာ ရှုပ်ထွေးနေတာပဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလကား ကောင်မလေး၊ မယားကို များတယ်၊ မွေးနေ့ တိုင်း ငါတို့ပြန်မှ သွားပါလား၊ ပြီးတော့ လိုက်ပို့ပေးမှာကို လဲ ကြိုက်တာမဟုတ်ဘူး၊ မျက်နှာလေး ဆီးနေလောက်ပဲ ကျန်တယ် … ဟွန်း … စိတ်ညစ်ပြနေလိုက်တာ၊ ငါက ပို့ ပေးချင်နေတာကျလို့ စေးသေး"

ဟု ရင်ထဲမှာ မြည်တွန်တောက်တီးနေသေမယ့် မေမေ့ မျက်နှာ ရွှတည်တည်ကို လှမ်းကြည့်ရင်း လိုက်ပို့မည့်ကိစ္စကို မငြင်းရဲ၊ မဟာရဲဘဲ ငြိမ်လိုက်ရသည်ပါပဲ။

မေမေ့မှုကိုလည်း ကြည့်။ အန်ကယ်ပြည့်နှင့် ပြောဆို နေတော့ ပြုံးလျက်။

မိခွေမုံကို လိုက်ပို့ပေးမည်ဟု ပြောနေတော့လည်း ပြုံးကြည့်နေလျက်။

သားဖြစ်သူကို ကြည့်မှပဲ မျက်နှာက ရှုတင်းတင်း ဖြစ်လျက်။ ကလန်ကဆန် လုပ်ရဲလုပ်ကြည့် ဆိုသည့် မျက်ထောင့် ကြည့်။ ထိုအကြည့်ဖြင့်ပင် ငြိမ်နေလိုက်ရသည်ပါပဲလေ။

"မုံလေး … ဒီကောင် ကဂျိကကျောင် လမ်းမှာလုပ်ရင် တစ်ဂု ချင်းကို သေချာမှတ်၊ သေချာပြန်လာတိုင်၊ ဟုတ်လား၊ ဒီမှာ ဖိုးမာန်၊ ကလေးကို လမ်းမှာ စိတ်ညစ်အောင်မလုပ်နဲ့၊ စမျာ … မွေးနေ့သွားမှာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ကလေး ဒီ အိမ်ကို ပြန်ရောက်လာဖို့ ငါမှာမယ်၊ ကြားလား"

"ဟုတ်ကဲ့"

မုံ့ကို လှမ်းကြည့်တော့ မျက်နှာလေးထက်မှာ ကျေနပ် ရိပ်ကို လှမ်းမြင်ရတာမို့ ရင်ထဲမှာတော့ အောင့်ချင်ချင်။



"ဒီမယ် မိမုံ၊ ညည်းလည်း လမ်းမှာ ငါ့မြေး မာန့်ကို စိတ် ရှုပ်အောင် မလုပ်နဲ့၊ စိတ်လက်ဆင်းရဲအောင် မနှိုင်စားနဲ့နဲ့၊ လုပ်ရင် ဘွားကိုလာတိုင်နော် … ကြားလား မာန်"

"ဟုတ်ကဲ့"

ဤတစ်ကြိမ် ဟုတ်ကဲ့ရတာကျတော့ ရင်ထဲမှာ အေး မြကြည်ဆင်းသွားရသည်ပါပဲ။ မုံ့ကို လှမ်းကြည့်တော့ တည်တည် လေး တုံ့ပြန်ကြည့်တာကို မြင်သည်။ မျက်ဝန်းလေးတွေ လက်တောက် နေတာကို မြင်သည်မို့ ရင်ထဲမှာ သိပ်ကျေနပ်စုံ မရတာကို မှန်းဆ များလည်လျက် ပျော်နေမိရသည်ပါပဲ။

ဤကောင်မလေး စိတ်တိုနေလျှင် မျက်ဝန်းလေးတွေ ယက်တောက်လျက် ကြည့်ကောင်းလန်းသည့် အဖြစ်။

"ကဲ … ကဲ … အဝတ်လဲချေ"

ဟု အန်ကယ်စိမ်း ပြောတော့ မုံ ထရပ်လှ့်က် မေမေ့ ကို ကြည့်သည်။

"ရော့ … လက်ဆောင်ဝယ်ဖို့"

ဟု မေမေ ပေးလာသည့် ပိုက်ဆံကိုယူလျက် ကလေး လိုပဲ မေမေ့ပါးကို စိတ်လက်ပေါ့ပါးစွာ ငုံ့နမ်းသော …

"အဲဒါသာကြည့် ချွဲကောင်းတုန်း"

ဟု ဘွား ရယ်လျက်သားနှင့် မြေးကို ကြည့်ပြော တော့ …

"ကလေးပဲ အန်တီရယ်"

ဟု အန်ကယ်စိမ်း ပြုံးလျက် ပြောသံကို ကြားရ သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့ ကလေး ... ကလေးနဲ့၊ ပြီးတော့ အဲဒီ မာန်နဲ့ စေ့စပ်ပေးချင်နေကြတာလဲ၊ အဲဒီလူကြီးတွေပဲ၊ စိတ်ကြီးရယ် ညစ်ပါရဲ့"

ဟု မံ့ ရင်ထဲမှ စိတ်ညစ်ညစ်နှင့် တွေးပစ်လိုက်ရသည် ပါပဲ။

ဒါပေမဲ့ အပျော်ရိပ်များက ရင်ထဲမှာ တိုးရှေ့ ဝင်လာကြတာမို့ အပေါ်ထပ်သို့ လှေကားထစ်တွေအတိုင်း ပေါ့ပါးကြည်ဖြင့်စွာပဲ တက်လာမိခဲ့ရပါပြီ။

ဘာလို့ဆို ... မျက်နှာကြောသည်ကြီး ဦးမာန်ကို အနိုင်ယူတော့မည် မဟုတ်ပါလား။ မံ့ကို သူ ... စေ့စပ်ရဲတော့မှာ မဟုတ်ဟု တွေးမြစ်လျှက် ခစ်ခနဲပင် ရယ်မိလိုက်ရပါသည် အဖြစ်။

* * *



"မာန်ရေ ... လက်ဆောင်ပစ္စည်း တကယ်ဝယ်ရဲ့လား ဆိုတာကိုတော့ စစ်ဆေးဖို့ လိုတယ်ကွယ့်၊ ဒီကောင်မလေး မုန့်ဖိုး အသုံးကြမ်းလို့ သူ့တစ်လစာ မုန့်ဖိုးပြတ်ရင် ဒီလိုပဲ သူငယ်ချင်း မွေးနေ့တွေ ရောက်ရောက်လာတတ်တယ်၊ မွေးနေ့လက်ဆောင်ဝယ်ဖို့ ကိစ္စတွေ ပေါ်ပေါ်လာတတ်တယ်ကွ၊ အဲဒါ တကယ်ပဲ သူငယ်ချင်းဆီ ရောက်ရဲ့လား၊ သူ့ ဗိုက်ထဲပဲ ဖြည့်ဖို့လား ဆိုတာ ချက်ကပ်လုပ်ဖို့ တာဝန်ပေးလိုက်ရဲ့နော်"

ဟု အန်ကယ်ပြည့် ပြောတော့ သူ တစ်ချက် ရင်ထဲ ဖြုံးချင်လျက် ကားရှေ့ခန်းမှနေ၍ နောက်ဘက် ခေါင်းလှည့်ကြည့်တာ ...

"ဗိုက်ဆာပြတ်ရင် နောက် တို့ဆီမှာ တောင်းလေ ... ကျွေးဝါ့မယ်"

ဟု လှုတ်ခနဲ မခံချင်အောင် နောက်လိုက်မိသည်ကိုက လက်စောက်လာမည့် မျက်ဝန်းလေးတွေကို မြင်ချင်၍ပါ။ ပေါ်တီကိုအောက်မှာရပ်လျက် ရယ်မောပြောလိုက်ပါသည့် အန်ကယ်ပြည့်၏ စကားကလည်း အမှန်ပဲ ဆိုတာက တော့ သူ ယုံပါသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးလို ကြည်စင်နေသည့် မျက်နှာလေးနှင့် ဤကောင်မလေးသည် မုန့်ဖိုးပြတ်လျှင် ရသည့်နည်းကို ကုတ်ကတ် ကြံဖန်မည့် ရုပ်အချိုးလေး မဟုတ်ပါလား။

"ခုမှပဲ ... ငွေတိုးချစားတဲ့လူနဲ့ တိုးတော့တယ်၊ အမြတ်ကြီး စား ခေါင်းပုံဖြတ်သမားဆို မုံက ဝေးဝေးပဲ"

ဘယ်တုန်းကမှ ခေါင်းဆိတ်မခံသည့် ငယ်ကျွင့်ဖြင့် မုံ ပြန်စွာမိုက် မျက်နှာရဲရဲလေးနှင့် မှုန်တည်တည်ပုံလေးကို သူ တစ်ချက် လှမ်းကြည့်ကာ ကျိတ်ပြုံးရင်း ကားကို မောင်းထွက်ခဲ့ပါ၏။ ချစ်စွာတူး မျက်နှာလေးဖြင့် တစ်ခုခုကို မြန်စွာပြီး ကားပေါ် ပါသွားမှန်း သိလိုက်သည့် လူကြီးတွေကတော့ ပေါ်တီကိုအောက်မှာ ပြုံးကြည့်ကျန်ခဲ့ကြသည်ပါပဲ။

မုံ့ဘေးမှာ လိုက်လာသည့် ကျော့ကျော့ကတော့ မနေ့ညက ငှားဖတ်သည့် ရုပ်ပြကာတွန်း ဖတ်လက်စကို သဲကြီးမဲကြီး ဖတ်လျက် ပါလာဆဲ။

ကျော့ ဆိုတာ မုံ ဘာတွေရှာသည့် ဆိုတာ သိရအောင် ဘွား ထည့်ပေးလိုက်သည့် လူယုံတော် ဆိုတာကို သိသိကြီးနှင့် တစ်ချက် မုံ ပြန်စွာမိလိုက်သည်ပါပဲ။ ဒါပေမဲ့ ကာတွန်းစောက် နေသည့် ကျော့ကျော့ သေချာကြားလိုက်ပုံမရ။

ဗိုလ်ချုပ်ဈေး ရောက်သည်အထိ မာန် တစ်ခွန်းမှ စကားမပြော။ မုံကလည်း မပြော။ ကျော့ကျော့ကလည်း ရုပ်ပြ ကာတွန်းက စာလုံးပေါင်း၍ ဖတ်နေတာမို့ ခေါင်းပင် မဖော်။ ကား လေးထဲမှာ တိတ်ဆိတ်ခြင်းသာ ခင်းမှု၏။



"မိကျော့ ... နင် ကာတွန်းဖတ်မှာလား၊ ဒါမှမဟုတ် မုံ့ နောက် လိုက်မှာလား"

တစ်လမ်းလုံး ကာတွန်း မဲဖတ်နေသည့် ကျော့ကို စိတ်လက်မရှည်ပုံဖြင့် ငေါ်မေးတာကို အဟုတ်မှတ်လျက် ဖမ်းသာ အားရ ခေါင်းလေးမော့ကာ ...

"ဒါဆို ... မိကျော့ ကာတွန်းဖတ်မယ် မမုံ၊ ဒီနေ့ညနေ ပြန် အပ်ရမှာ မမမုံရဲ့၊ မိကျော့က စာဖတ်နှေးတာ"

ဟု စာလုံးပေါင်းဖတ်၍ ကြာတာကို ချန်ထားလျက် စာဖတ်နှေးတာကို ရွေးပြောသည့် မိကျော့ ခေါင်းကို ခေါက်စနဲ့သာ ဖစ်ခေါက်လိုက်ချင်သည်ပါပဲ။ မုံ ငေါ်မေးတာကို အဟုတ်လုပ် ဖြေ နေသည့် မိကျော့ကို ဒေါသဖြစ်ဖြစ်ဖြင့် ကြည့်ပြီးမှ သတိရလျက် မာန့်ကို ကြည့်တော့ နှစ်ဦးစလုံးကို သဘောကျသလို ပြုံးရိပ်သမ်း လျက် ကြည့်နေတာကို မြင်၏။

"ကြည့်ပုံကိုက ... ပြောင်သလိုလို လှောင်ထေ့ထေ့လိုလိုနဲ့ ငပ်မုန်းဖို့ ကောင်းတာပဲ"

မုံ ဒေါသဖြစ်လျက် ကားပေါ်မှ တစ်ယောက်တည်း ဆောင့်အောင့်ဆင်းသည်။

မိကျော့ ဆိုတာ ထုံအအနှင့် တစ်ခါ တစ်ခါ ခေါက် ပစ်ချင်ဖို့ကောင်းသည့် အူလည်လည်လေး။

ခုပဲကြည့် ကာတွန်းဖတ်ခွင့်ပါမစ် ချပေးထားလိုက် သလို ပျော်နေသည့် ကောင်မလေး။

မုံ တစ်ယောက်တည်း လက်ဆောင်ထုပ်ဝယ်ဖို့ ထွက် တော့မည်ဆိုတာ မာန်ကလည်း ရိပ်မိသည်။ ဒါပေမဲ့ ကားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကတ်ဆတ်ဖွင့်၍ ခပ်အေးအေးပင် တေးသွားကို လေချွန်လိုက်လျက် ကျန်ခဲ့သည်ပါပဲ။

ဒါပေမဲ့ ဆင်စွယ်နှစ်ရောင်ဝတ်စုံ ပိုးသားနနွေး လေးနှင့် ဆံနွယ်လေးတွေကို ဖဲကြိုးဖြူလေးနှင့် မြင့်မြင့်လေး စည်း နှောင်ထားပါသည့် မုံပုံစံ လှလှလေးကို သွားလာနေသည့် ကောင် လေးတွေ ငိုငိုငေးငေး ကြည့်ကြည့်နေကြတာကို လှမ်းမြင်ရစဉ်နိုက် လက်က ကားတံခါးကို ဖွင့်မိပြီးသားဖြစ်လျက် ခြေနှစ်ဖက်က ကားပြင်ကို ချမိပြီးသား ဖြစ်နေပြီ။

"ဘွားရော ... အန်ကယ်ပြည့်ရော ငါနဲ့ ထည့်ပေးလိုက်တာ ဒီထောင့်မကျိုးတဲ့ ကောင်မလေးကို တစ်ယောက်တည်း လွှတ်ပေးလိုက်လို့ မဖြစ်ပါဘူးလေ"

ခြေလှမ်းကျဲကြီးနှင့် တွေးလည်းတွေး၊ နောက်မှသုတ် သုတ်လိုက်ခဲ့တာမို့ မုံ့ကို မီသွားရသည်ပါပဲ။ ဘေးမှာ ယှဉ်လျှောက် လာသည့် သူ့ကို မှုန်တင်းနေသော မျက်နှာလေးဖြင့် မော့ကြည့်သည် ကိုက ရှိုးရှိုးသာသာ ကြည်ကြည်စင်စင် မရှိ။ ရန်လိုလွန်းသည့် ကောင်မလေးကို စိတ်လည်းပျက်ချင်၊ ကြည့်လည်း မရချင်ပြန်။

"ဘာလဲ ... တကယ်ဝယ်မှာပါ၊ မွေးနေ့လက်ဆောင် မဝယ် ဘဲ စတ္တူဘူးကြီးပဲ အပြင်က ရွှေရောင်စက္ကူနဲ့ ထုပ်ပေးလို့ ဘယ်မွေးနေ့ရှင်က မုံ့ကို စဉ်ဆက်မပြတ် ဆက်ခင်မှာလဲ ... မုံ့သူငယ်ချင်းကို မုံ့က လက်ဆောင်မပေးဘဲ နေမယ်များ မှတ်နေလို့လား၊ ဒီမှာ တခြားအချိန်သာ လိမ်ပြီး မုန့်ပိုး တောင်းရင် တောင်းမယ်၊ ပေါက်ပေါက် မွေးနေ့မှာတော့ လက်ဆောင်မပေးဘဲ မနေဘူးမှတ်"



တကယ့် ကလေးလိုပါလားဟု တွေးဖြစ်လျက် နှုတ် ခမ်းလေးတွေ ဖူးတံခနဲ ဖူးတံခနဲ ဖွင့်ပိတ်ရိုက် မြန်လွန်းစွာ နှုတ်သီး ကောင်းနေသည့် ကောင်မလေးကို လက်မြှောက်ပြရင်း ...

"အဖော်လုပ်ဖို့ ထည့်ပေးလိုက်တဲ့ မီကျောကိုလဲ ဖွားပြီးချန် ခဲ့တယ်၊ စောင့်ရှောက်ဖို့ တာဝန်အရ လိုက်လာတဲ့ ကိုယ့် ကိုလဲ မှားနေတယ်၊ မင်း အရင်ဘဝက ကြက်တူရွေး ဖြစ်ခဲ့ ဖူးတယ် ထင်တယ်၊ နှုတ်သီးကောင်းတယ်"

"ဘာလဲ ... ကြက်တူရွေးသေပြီး ဝင်စားတယ် ပြောချင်တာ လား"

"ဟုတ်တယ် ... အတိအကျပဲ"

နှစ်ယောက်သား စကားများရင်းပင် လျှောက်လာကြ ခိုက် မျက်နှာလေး တည်တင်းရင်း ခပ်စေစေ တစ်ချက်ကြည့်ပြီးမှ မုံ ဆိုင်တစ်ဆိုင်တွင်းသို့ ဝင်သည်။ ကြည့်ရတာ ဝယ်နေကျဆိုင် ဖြစ်မည်။ သူကတော့ ဒေါသတွေ တလူလူ ထွက်နေသည့် မုံ့ကို လက်လေးပိုက်၍ ခပ်အေးအေး နောက်မှကြည့်ရင်း ဆိုင်တွင်းဝင်ခဲ့ သည်ပါပဲ။

မုံ ဝယ်သည့် ဖက်ဖူးရုပ်လေးကို ကြည့်လျက် ခုလို ကျတော့လည်း ကလေးလိုပါပဲလားဟု တွေးဖြစ်ပြန်၏။

ဝက်ဝံဖြူရုပ်လေးကို ပွတ်သပ်ကြည့်နေသည့် မျက်ဝန်း လေးတွေက အဘယ်မျှထိ နူးညံ့နေပါသလဲ။ အရုပ်လေးကို မုံ တော်တော်ချစ်ပုံ၊ သဘောကျနေပုံလည်း ရသည်။

တစ်ခါတည်း စက္ကူဘူးကြီးထဲမှာ ဝက်ဝံရုပ်ကို ထည့် ကာ ရွှေရောင်အကွက်လေးတွေပါသည့် ကြွေသားစက္ကူဖြင့် ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ထုပ်ပတ်စေလျက် မုံ ငွေချေ၀ယ်ခဲ့ပြီးသည့်နောက် ပြန်လှည့်လာတော့ ရပ်ကြည့်နေသည့် သူ့ကို မြင်သည်နှင့် မျက်နှာလေး တည်ကျသွားသည်ပါပဲ။

စောစောက မြင်ရသည့် နူးညံ့သော အကြည့်လေးတွေ မရှိတော့ပြန်။ လက်တောက်ရှူးရှုနေသည့် မျက်နက်ဝန်းလေးတွေကလည်း အရည်တလဲလဲ့ ပြေးနေသည်ပါပဲလေ။

ကားပေါ်ရောက်တော့ ကာတွန်းစာအုပ် ဖတ်ပြီးပြီမို့ လူသွားလူလာတွေကို ဟိုဘက်လိုက်ကြည့်လိုက်၊ သည်ဘက်လိုက်ကြည့်လိုက်နှင့် ငေး၍ လက်မလည်နိုင်သည့် ကျော့ကျော့ကို ကားနှင့် မလှမ်းမကမ်းမှာကတည်းက မုံ မြင်သည်။

"ဟဲ့ ... ဘာကြည့်နေတာလဲ၊ တံခါးဖွင့်လေ၊ ဒီမှာ ဒီလောက်ကြီးတဲ့ အထုပ်ကြီး ပိုက်လာတာ မမြင်ဘူးလား၊ ဘယ့်နှယ်လုပ်ပြီး တံခါးဖွင့်ရမှာလဲ၊ ဖွင့်ပေး"

မုံ အော်တော့မှ ကမန်းကတန်းလေး ကားတံခါးကို ဖွင့်ပေးတာမို့ အလည်လည် ကျော့ကျော့ကို ဆလံတိုက်ရင်း မုံ ကားနောက်ခန်းသို့ ဝင်ပါ၏။

အင်းလျားဆောင်သို့ ဦးတည်မောင်းနိုက် ကျော့ကျော့က ...

"အထုပ်လေးက လှတယ်နော် မမမုံ"

ဟု ပြောပေမယ့် ဘာမျှပြန်မပြော။ မျက်နှာလေး တည်နေလျက် သားကို ခေါင်းလှည့်ရင်း လမ်းဘေးမြင်ကွင်းကိုပဲ ကြည့်လာတာမို့ ဇက်ကလေးပု၍ ကျော့ကျော့ ငြိမ်ကျသွားရသည်ပါပဲ။



ကလေးချင်းချင်း စိတ်ကောက်နေကြသလို မိမုံကောက်တေး ဖြစ်နေသမျှ နောက်ကြည့်မှန်မှ တစ်ချက် တစ်ချက် သူ ကြည့်မိရပါ၏။ အဖြူစင် အရိုးခံလေးပါလား၊ဟူ၍တော့ နားလည်လာရျင်၏။

❖ ❖ ❖

www.burmeseclassic.com



"အစား အရင်စားမယ့် ဆိုပြီး၊ နဲ ဘယ့်နှယ် ဖြစ်ရတာလဲ၊ အဲဒီ ဗေဒင်မေးတဲ့ အလုပ်မျိုး ငါ စိတ်မဝင်စားဘူး ဆိုတာ နင် အသိပဲနော်၊ နင်က မွေးနေ့ရှင်မို့ စိတ်ချမ်းသာအောင် လိုက်ပို့တယ် ဆိုတာ ကြို့ပြောထားပါရဲ့၊ ငါကတော့ မေးမှာ မဟုတ်ဘူး၊ ကျေနပ်မှ ခေါင်းညိတ်"

အင်းလျားမှ အထွက်တွင် စောစောပိုင်းက ပြောနေကြသည့် ဂိုးလ်ဒင်းရက်စ်တောရင့်သို့ သွားပြီး စားကြမည့် ကိစ္စသည် စကားတွေ စီညံပြောဆိုနေကြရင်းမှ ပေါက်ပေါက် ကြောင့်ပင် အစီအစဉ်တွေ ပြောင်းသွားရသည့် အဖြစ်။

"မှန်လွန်းလို့ပါပါဟယ်၊ မေးချင်လို့ပါ"

လှိုင်းပြာ၏ ချော့ချော့မော့မော့ လေသံကလည်း ပေါက်ပေါက်နှင့် တာစီညီတည်း။

အင်းလျားဆောင်မှာ မုံ မိတ်ဆက်ပေး၍ ပေါက်ပေါက်နှင့် လှိုင်းပြာကို သူ နာမည်နှင့်တကွ သိခဲ့ရပြီးပြီ။

သူ့ကိုကျတော့ မုံက တစ်ဝမ်းကွဲအစ်ကိုဟု ခပ်တည်တည်နှင့် အမျိုးစပ်ထားသည့် အဖြစ်။



ပေါက်ပေါက်တို့ကတော့ တကယ်မှတ်နေပုံဖြင့် တရိတသေပင် ဆက်ဆံနေကြသည်မို့ သူ ကျိတ်၍ပြုံးနေမိရသည်ပါပဲ။

"အဟင်း ... ဟင်း ... ဒီကောင်မလေး ငါနဲ့ညားမှ ဒီ ပေါက်ပေါက်တို့ အုပ်စု ဟာခနဲ ဖြစ်ရှာ"

ကားမောင်းရင်း လွှတ်ခနဲ တွေးဖြစ်လျက် ခါခနဲ ပြန်ငြင်းမိခဲ့ရသည်မှာလည်း စိတ်တွင်းမှပါပဲ။

"ဒီလောက် ကဂျီကကျောင်များပြီး အာပေါက် အာစရှည်တဲ့ ကောင်မလေးမျိုး စိတ်မကူးပါဘူး"

ဟု စိတ်တွင်းမှ ပစ်ပစ်ခါခါ ငြင်းလိုက်မိရသည့် အဖြစ်။

"သုံးကများ ကြီးကြီးကျယ်ကျယ် ငါကို မချစ်ဘူးဆိုတာ အတိအလင်း ပြောနေသေးတယ်၊ ငါက သူ့ကို ဘယ်တုန်းက ချစ်ရေးဆိုခဲ့ဖူးလို့လဲ"

ဟု ဆက်တိုက်ကြီး ရင်ထဲမှ အမြင်ကတ်တတ်နှင့် ကျိတ်တွေးနေမိရပေမယ့် ပေါက်ပေါက် ပြောသည့် တောင်ဥက္ကလာပ မှခြံ ဆိုသည့် နေရာသို့ ဦးတည်မောင်းနေရသည့် အဖြစ်။ မမေ က မှာထားသည်လေ။ သွားလိုရာ လိုက်ပို့ဟူ၍။

"ငါက စာမေးပွဲအောင်ဖို့မလား၊ ဒီလောက်ပါ၊ အဲဒါ သိချင်လို့ သွားမေးမှာပါ၊ ဒါကလွဲပြီး ဘာမှ မမေးပါဘူး ဟယ်"

"မေးချင်မေးပေါ့၊ ဘယ်သူက တားနေလို့လဲ"

ပေါက်ပေါက် ချော့သံနှင့် မုံ၏ ခွတိုက်ပြောသံသည် ရှေ့ခန်းသို့ လွင့်၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်လို စာအုပ်ကြီး ရင်ဘတ်ပေါ်မှာ မှောက်ထားပြီး မျက်စိမှိတ် စာပြန်နွှေးတယ်ချည်း ဆင်ခြေကန်ပြရင်း အိပ်အိပ်နေတဲ့ အကျင့်ကို အရင်ပြင်ဖို့ ဟောပေးပါလို့ ဆေဒင်ဆရာမလေးကို ငါ ကြိုပြီး သတင်းပေးထားလိုက်ချင်တာပါဟယ်"

"မိလှိုင်းပြာနော် ... ရှေ့က ကြားသွားပြီး ငါ့ကို အထင်တွေပစ်ကြီးနေပါ့မယ်၊ တိုးတိုးပြောပါဟ"

"အံမယ် ... မိမုံ၊ နင်အစ်ကို ကြားမှာ ကြောက်နေတယ်တဲ့ဟ၊ အဟာစ်ဟာစ် ... သူက ရှက်တတ်နေပြီတော့"

ခပ်တိုးတိုး ရယ်သံသည် လှိုင်းပြာ၏ စကားသံအဆုံး၌ ရှေ့သို့လွှင့်ပြန်၏။

"တောက် ... ငါ့ကိုများ ကျောက်ရုပ်မှတ်နေလား မသိဘူး၊ နားမပါတာ ကျနေတာပဲ ... တဟာစ်ဟာစ် တခစ်ခစ်နဲ့"

အနေခက်စိတ်ဖြင့် မျက်နှာကြီး အမ်းတက်လာလျက် နားရွက်တွေပါ နီနေရင်း ကားကို ရှေ့သို့ မကြည့်မောင်းနေရသည်က မာန်ပါ။

"ဒီဘက်လှည့်စမ်းပါဦး မိပေါက်ရဲ့ ... ရှက်နေတဲ့ မျက်နှာလေး မြင်ဖူးတယ်ရှိအောင် ကြည့်ရအောင်ပါ၊ ဟယ် ... မိမုံရေ ... သူက ပြုံးနေတယ်တော့၊ အဆောင်မှာ သူများရဲ့ လက်ဖက်သုပ်ပန်းကန် တွေ့တဲ့အခါ မြင်ရတဲ့ မျက်နှာမျိုးလေး"

"ခွေးမလှိုင်းပြာနော်"



"ဟုတ်တာ ပြောတာပဲ ဥစ္စာ၊ ရှေ့က ကိုကြီး မကြားပါဘူးဟ ... နို့ နင်က မဟုတ်လို့လား"

"ဟဲ့ ... စကားကို ရှင်းရှင်းပြောပါ၊ ဘာမဟုတ်တာလဲ"

မာန်နှင့် လှည့်ပတ်နေတာမို့ ပေါက်ပေါက် မျက်လုံးပြူးလေးနှင့် လှိုင်းပြာကို လက်ကာ ▾ခြကာလေး မေးတော့ လှိုင်းပြာ ရယ်သည်။

တော်တော်ရှုပ်သည့် ကောင်မလေးတွေဟု မာန် တွေးရင်း နောက်ကိုယောင်၍ပင် ငုံမကြည့်ရဲ။ ရေများ ရေနိုင်ပဲလေ။ ချာတိတ်မလေး သုံးကောင်ကို လက်မြှောက်ချင်နေပြီ။

"နင် မျက်စိကျယ်တဲ့ အချိန်က အစားတွေ့တဲ့အချိန်၊ နင့် အိပ်ချိန်က ကျောင်းစာအုပ်တွေ့တဲ့အချိန် ဆိုတဲ့ ဥစ္စာပေါ့၊ ဒါနဲ့များ စာမေးပွဲမအောင်မှာ ကြောက်ပြီး ဆေဒင်မေးဦးမလို့တဲ့ ... ဩော် ... မေးရဲလိုက်တာနော်"

လှိုင်းပြာ၏ ရယ်သံရောထွေးနေသော အပြောနောက်မှာ မုံ၏ မသက်သာသံက ကပ်ပါ၏။

"နင့်ကို ဘာတွေဟောလဲ ဆိုတာကိုတော့ ငါ အပြည့်အဝသားက ကပ်နားထောင်မှာနော်၊ နင် ဘာတွေမေးလဲဆိုတာလဲ နားထောင်မှာပဲ၊ ဒီကောင် စာမေးပွဲတစ်ခုတည်း အတွက်တော့ ဒီလောက် စိတ်မပူနိုင်ပါဘူး၊ တစ်ခုခုရှိနေပြီ ထင်တယ်"

"ရှေ့က လက်ဖက်သုပ်ပွဲကြီးကြောင့် ဖြစ်မှာ၊ သူ့ကို နင် မိတ်ဆက်ပေးပြီးမှ အဆောင်ကထွက် ကားပေါ်ရောက်မှ သူ ဆေဒင်မေးမယ် လုပ်တော့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... မိလှိုင်းပြာ၊ နင်ပဲ ပြောခဲ့တာ မဟုတ်လား၊ မုန့်လွှန်းလို့ မေးချင်တာပါတယ်ဆို၊ ခုမှ ငါ့တစ်ယောက်တည်း လာပုံမချန့်"

"ဟဲ့ ... မိကျော့၊ ဘယ့်နှယ်ကြီး တိုးနေရတာလဲ"

"ထိုင်ရတာ ကျပ်တယ် မမမုံရဲ့"

"ရှေ့မှာသွားထိုင်"

"အခုလားဟင်"

ရှေ့ခန်းနေရာ ထိုင်ရမည်ဆို၍ ချက်ချင်းကြီး ပြောင်းထိုင်တော့မလို ဝမ်းသာအားရ မေးသံအဆုံးမှာ ...

"ကားရပ်ပြီးမှပေါ့ဟဲ့၊ စောစောတုန်းကတော့ ဘာလို့ ဒီနောက်ခန်းနေရာမှာ ကတ်သတ်ထိုင်နေရတာလဲ၊ ဟိုကိုရောက်လို့ ကားရပ်မှ ရှေ့ခန်းမှာ သွားထိုင်၊ အခု ကားမောင်းနေတုန်း ဘယ့်နှယ်လုပ် ကျော်ရှုပြီး ရှေ့ကိုကူးလို့ ဖြစ်မှာလဲ"

ဟု ကျိတ်ဆူသံနှင့် ဒေါက်ခနဲ့ အသံတစ်ချက် ကြားရ၏။

မိကျော့ ခေါင်းခေါက်ခံရပြီထင့်။

နောက်ကြည့်မှန်မှ ကြည့်လိုက်တော့ ခေါင်းလေးပွတ်၍ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်နေသည့် မိကျော့ကို ထင်သည့်အတိုင်း တွေ့လိုက်ရသည်ပါပဲ။

ဤကောင်မလေးတွေ ကလေးစိတ်ဖြင့် ပျော်ပျော်နေတတ်ကြပါလား ဆိုတာကိုတော့ နားလည်ဖြစ်၏။



ကြည့် ... ပထမ အစားသွားစားကြမည် ဆိုကာ၊ ကားမောင်းပါတက်၏။

နောက်တော့ ဖဲဒင်မေးမည့် ကိစ္စသို့ ခရီးပြောင်းသည်။ ပေါက်ပေါက် အစားပုပ် အအိပ်မက်တာကိုလည်း ဖော်ကောင်လုပ်ကြသည်။ ခု မိကျော့ ခေါင်းခေါက်ခံရခြင်းဖြင့် စခန်းသိမ်းသည့်အဖြစ်။

"မိကျော့လဲ ဗေဒင်မေးချင်တယ်"

"မိကျော့နော် ... နင်က ဘာအရေးရှိလို့ မေးချင်ရပြန်တာလဲ၊ နှပ်ကာတွန်း နင်ဖတ်နေ"

"ဖတ်ပြီးသားကြီး မမမုံရဲ့ ပျင်းတယ်"

"ပျင်းရင်အိပ်၊ ဒါပဲ၊ ငြိမ်ငြိမ်နေစမ်း"

အရေးထဲ မိကျော့က ဗေဒင်မေးသည့်ကိစ္စ ဝင်ပါချင်လာပြန်၍ မုံနှင့် တကျက်ကျက် ထဖြစ်ကြပြန်ကာ ဒေါက်ခနဲ ခေါင်းခေါက်သံဖြင့် အဆုံးသတ်ပြန်၏။

ကြာတော့ မာန် နားလည်ငြီး၊ စိတ်လည်း ရှုပ်လာရသည့် အဖြစ်။

ပြောသည့် လိပ်စာအတိုင်း ကားကို ခြံဝင်းအတွင်းသို့ ကွေ့ဝင်နိုက် ...

"မြန်မြန်လုပ်နော်၊ ကြာရင် ငါ အဲဒီက တစ်ယောက်တည်း ထွက်ပြီး ဒီလမ်းထိပ်မှာ စောစောက တွေ့ခဲ့ရတဲ့ မုန့်ဟင်းခါးဆိုင်မှာ အဝသွားတီးမှာ"

ကားရပ်တာနှင့် အစားအသောက်ကိစ္စ ပြောလာသည့် မုံ့ကို ပေါက်ပေါက် မျက်စောင်းတစ်ချက် ထိုး၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်မှ ချိုးကွေ့အဝင်မှာ မုန့်ဟင်းခါးဆိုင်ကို မျက်စိရှင်ရှင်ဖြင့် မုံ တွေ့ခဲ့ဟန် တူ၏။

"မိကျော့ ... နင် နေခဲ့"

ပြောပြီး မုံ ကားပေါ်မှ ဆင်းတော့၊ မိကျော့ မျက်နှာငယ်လေးနှင့် စိတ်ညစ်ကျန်ခဲ့ရှာ၏။ ကလေးပီပီ မိကျော့ ခမျာ သူများလုပ်တာ လိုက်လုပ်ချင်ရှာသည်ပေါ့။

ခြံဝင်း အတွင်းဝယ် သစ္စာပန်းခင်းကြီးကို အသွေးစုံ လွှမ်းဖွာ ထန့်ထန့်ယိမ်းနေသော ပန်းခိုင်များဖြင့် တွေ့လိုက်ရသည်မို့ အားလုံး၏ ရင်ထဲမှာ အေးမြကြည်ဆင်း သွားကြရသည်ကတော့ အမှန်ပါ။

ဒါပေမဲ့ ... ပုံန်းခင်းထက် ပေဘင်မေးဖို့ စောပိုကာပ် နေကြသည့် ပေါက်ပေါက်နှင့် လှိုင်းပြာမှာ တစ်ထပ်ပျဉ်ဆောင်အိမ် လေးဆီသို့ ခေါင်းလေး ပြူကြည့်နေကြသည်ပါပဲ။ အားလုံးထဲမှာ အသားဖြူဥဥလေးနှင့် ဖူးနေအောင်ချောသည့် မုံ့အသွင်လေးကတော့ အကဲင်းသားပါ။

ရှည်စင်းထူထဲသော မျက်တောင်အိအိလေး တစ်စုံ ပြင့်ပင် မုံ့ အလှလေးက ရှင်းရှင်းပပလေး ဖြစ်နေရသည်ပါပဲ။

ဤကောင်မလေး ချောတာတော့ အမှန်။ ခုလို နီးနီး ကပ်ကပ် သွားလာရမှ ချောတာလေးတွေကို ဘယ်လိုမှ ငြင်းမရစွာ သတိထားမိပြီးရင်း သတိထားမိရင်း ဖြစ်ဖြစ်လာနေမိရတော့သည် လေ။

နက်မှောင် အရည်လဲ့နေသော မျက်နက်ဝန်းလေးတွေ ကလည်း မျက်သားပြာလွှဲလွဲ အလယ်တွင် အပြစ်ကင်းစင်စွာသော



ကလေးတစ်ယောက်၏ မျက်ဝန်းများနှယ် လှပစိုလဲ့နေကြသည်ပါ ပဲ။ ဗွာတေးတေးနှင့် ရှိနေပေမယ့် ဤကောင်မလေး၏ မျက်ဝန်း ထဲမှာ မာနရိပ်မရှိ။ လောဘရိပ်မရှိ။ ကလေးဆိုး တစ်ယောက်၏ ဂျစ်ပေပေနိုင်သော အရိပ်လေးတွေသာ တစ်ခါတစ်ခါ ခွတိုက် ဗွာ တေးလုပ်သည့် အချိန်များမှာ တွေ့ရတာပဲ ရှိသည်။

"ဒါပေမဲ့ သူ့ကို ငါ ဘယ်လိုနည်းနဲ့မှ စိတ်မဝင်စားဘူး၊ ငါ့ ဘက်က စည်းစိမ်တစ်ဝက် မပေးချင်လို့ သူ့ဘက်ကလဲ စည်းစိမ်တစ်ဝက် မပေးချင်လို့၊ အဲဒါတွေကြောင့် လက်ထပ် ကြရတာမျိုးကိုလဲ ငါ သဘောမကျဘူး၊ အလကား ... ဘာ မှ အဓိပ္ပာယ်မရှိတဲ့ကိစ္စ"

တစ်ယောက်တည်း စိတ်ထဲ ရှုပ်နှောက်နေရစိုက် မှာ ...

"ကိုမာန် .. လိုက်ခဲ့ပါလားဟင်၊ ဖဟုသုတ ရတာပေါ့"

ဟု 'ပေါက်ပေါက် ပြုံးပြုံးလေး အဖော်ညှိနိုက် မုံ၏ မျက်ခုံးလေး တွန့်ကွေးသွားကာ ...

"နင် သိပ်လျှာရှည်တာပဲ"

ဟု ဟန့်ခိုက်မှာ ...

"ကောင်းသားပဲ၊ လိုက်မယ်လေ"

ဟု အရွဲ့တိုက်ချင်စိတ်ဖြင့် ခေါင်းညိတ်ပစ်လိုက်တော့ မုံ့ မျက်နှာလေး တည်ကျသွားတာကို အရသာခံ၍ ကြည့်သည်က မာန်ပါ။

ဘယ့်နယ် မုံ သဘောတူမှပဲ သူက လိုက်ခွင့်ရှိတော မှိုး။ ဘယ်အပြစ်ခံနိုင်မည်တဲ့လဲ။ မာန်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးပေါ် တက်တော့ လူရိပ်မရှိသည့် ဧည့်ခန်းလေးကို ကြည့်လျက် ပေါက်ပေါက် ခြေဖျားလေး ထောက်ကာ ဟိုဟိုဒီဒီ ကြည့်၏။

နောက်တော့ ...

"အဟမ်း ... ဟမ်း ... ဟမ်း"

ဟု ချောင်းဟန့်နိုက် ...

"နင့်လို မွေးနေ့ရှင်မျိုး ငါ မတွေ့ဘူးပေါင်"

လှိုင်းပြာ ခေါင်းခါလက်ခါ ပြောနေစဉ်မိုက်မှာပဲ၊ အတွင်းခန်းဆီမှ ကော်ကိုင်းထူထူကြီးဖြင့် မျက်မှန်လေးထောင်ကြီးကို တပ်လျက်၊ အသားညိုမည်းမည်း၊ အရပ်ရှည်ရှည်နှင့် ခပ်ပိန်ပိန် ကောင်မလေးတစ်ယောက် သနပ်ခါးဘဲကျားနှင့် ထွက်လာ၏။

ရင်ဖုံးအင်္ကျီ ခပ်မွမွ အဖြူရောင် ညစ်ထေးထေးနှင့်၊ ပါတိတ်ထဘီ အညိုရောင်ကို ဝတ်ထားသည့် ထိုမိန်းကလေးက မျက်မှန်ကို လက်ညှိုးဖြင့် တစ်ချက်ပင့်တင်၍ ...

"ထိုင်ပါ ... ထိုင်ကြပါ"

ဟု ပြောလည်းပြော။ ကိုယ်တိုင်လည်း ချည်သားအနီ ကွပ်ထားသည့် သင်ဖြူးဖျာထက်တွင် အလျှင်ထိုင်သည်။

မာန်ကတော့ အခန်းထောင့် ပြတင်းအနီးမှာ ပြတင်းပေါင်ကို ကျောမှီ၍ ရပ်ရင်း ကြည့်နေလိုက်သည်ပါပဲ။

"ကျွန်မတို့ ဗေဒင် မေးမလို့ပါ၊ ဆရာမ စိန်မေနိုင် ရှိပါသလားရှင်"

"ဟုတ်ကဲ့၊ စိန်မေနိုင် ဆိုတာ ကျွန်မပါပဲ"

"အယ် ..."



တည့်တည့်ကြီး တိုးနေပါလျက် စိန်မေနိုင်မှန်း မသိဘဲ မေးနေသည့် အူလည်လည် အုပ်စုကို ကြည့်ရင်း မနေနိုင်စွာ မာန် ပြုံးမိလိုက်ရပါပြီ။

"ဟုတ်ကဲ့ ... သူက မေးချင်လို့ပါ"

လက်ညှိုးထိုးလိုက်သည်က အရမ်းမေးချင်နေသည့် ဆါက်ပေါက်ဘက်ကို မရောက်ဘဲ လက်ညှိုးချော်၍ မုံ့ဘက်ရောက်သွားတာမို့ မုံ မျက်နှာလေးပျက်ပြီး ငြင်းမည်ပြုနိုက်မှာပဲ ...

"ရှေ့တိုး၊ မုန်း ... လက်ပေးစမ်းပါဦး"

ဟု စိန်မေနိုင်က လက်မြန်ခြေမြန်နှင့် လက်လေးကို လှမ်းကိုင်လိုက်ပြီးသား ဖြစ်နေသည်မို့ စိတ်လက်ညစ်ပုံကြီးဖြင့် မုံ ငြိမ်နေလိုက်ရရှာသည်။

ယခုမှ မာန် လက်လေးပိုက်၍ အိမ်နံရံကို ကျောမှီ ထိုင်ချလိုက်ရင်း မုံ ဒုက္ခရောက်နေသမျှ အရသာခံ၍ တစိမ့်စိမ့် ကြည့်နေမိရပါပြီတည်း။

မုံမှာ မျက်နှာချိုလေး သွေးသွေးပြနေသည့် လှိုင်းပြာကို မျက်မှောင်လေး ကုတ်ကွေး၍ မျက်လုံးနှင့် လှမ်းလှမ်းကာ အသံတိတ်နည်းဖြင့် ရန်တွေ့နေဆဲ။

မာန်မှာ ကြည့်ရင်း ကြည့်ရင်း ရင်ထဲမှာ ပျော်လာသည်။

"ဒီကောင်မလေးတွေနဲ့ သွားရတာ ပျော်စရာကြီး"

ဟု တကယ့်ကို ပေါ်ပါးကြည်စင်စွာ တွေးမိလာရသည်မှာ အမှန်ပါ။

"ဘာသိချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စိန်မေနိုင် မေးခိုက် မှ စိတ်လက်ညစ်ပုံလေးဖြင့် ...

"ဟောချင်တာ ဟောပါ၊ မှံ မသိဘူး"

ဟု စိတ်ရှုပ်ထွေးနေပုံလေးဖြင့် ခေါင်းကုတ်ပြောတော့ စိန်မေနိုင်က မျက်မှန်ထူကြီးမှ ကျော်၍ မှံ့မျက်နှာကို တစ်ချက်ကြည့်၏။ နောက်တော့ လက်ဖဝါးကို ပြန်ကြည့်သည်။

ခေါင်းတညိတ်ညိတ်ဖြင့် လက်ဖဝါးကို စိုက်ကြည့်ရင်း ...

"**တော်တော် ခေါင်းမာတဲ့ လက္ခဏာမျိုးပေပဲ၊ စိတ်လဲကြီးတယ်၊ စိတ်တိုမြန်တယ်၊** ပြေမြန်တယ်"

ဟု ဈေးဦးပေါက် အဟောဖြင့်ပင် မှံ မျက်နှာလေးမို့၍ မှုန်တည်တည် ဖြစ်ချင်လာပြီ။

စိန်မေနိုင်ကလည်း မှံ၏မျက်နှာ မှုန်တေတေကို ဂရုစိုက်ပုံပင် မရ။

"သူ့နာမည်က မှံ ဟုတ်လား"

"သူ့နာမည်က ယမုံဦးပါ"

ခေါင်းမာသည် အပြောခံရ၍ထင့်။ မှံ မပြောဘဲ ဂျစ်တစ်တစ် လုပ်နေခိုက် ကြားထဲက ပေါက်ပေါက် ဝင်ပြောပေးတော့ စိန်မေနိုင်က မှံ၏ မျက်နှာကို တစ်ချက်ကြည့်သည်။

"မွေးသက္ကရာဇ် ပြောပါ"

ဟု ဆက်ပြောလာတော့ မှံ၏ မျက်ဝန်းက မာန့်ဘက်သို့ ရောက်၏။ ခပ်အေးအေး ကြည့်နေသည့် မာန့်ရှေ့မှာ မွေးနေ့ မွေးရက်ကို မပြောချင်ပုံဖြင့် ...



"အဲဒီ ကျောက်သင်ပုန်းပေး၊ ရေးပေးမယ်"

ဟု မျက်နှာလေးအို၍ ပြောသည်မို့ မာန် ပို၍ပြုံးကျသွားရလျက်၊ ဘယ်ကိုမှ ထထွက် မသွားတော့ဘဲ တမင်ထိုင်ရင်း မှံ စိတ်ညစ်နေပုံကို ကြည့်မဝသလို ကြည့်နေမိရပါပြီ။

မရှိစေချင်မှန်းသိလေ၊ ပို၍ မခွာတမ်း ထိုင်ပြလေ။ ရင်ထဲမှာတော့ ပျော်နေမိရသည်ပါပဲ။

ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံဖြင့် တွက်ချက်နေရာမှ ကျောက်တံလေးဖြင့် ကျောက်သင်ပုန်းပေါ် တောက်တောက်တက်တက် ခေါက်ရင်းမှ မှံ့ မျက်နှာကို စိန်မေနိုင် တစ်ချက်ထပ်ကြည့်သည်။

"ကဲ ... မယမုံဦး၊ လူစိမ်း အဝင်အထွက် သတိထားပါ၊ အရှေ့မြောက်အရပ်က အသားဖြူချောချောနဲ့ လူက လူတွင်ကျယ်လုပ်ပြီး ရန်လိုလိမ့်မယ်၊ အဲ ... တောင်အရပ်က အသားမည်းမည်းနဲ့လူ ... လိမ်လည်တတ်တယ် သတိထားပါ"

တောက်တောက်နှင့် ကျောက်သင်ပုန်းပေါ် ကျောက်တံလေးနှင့် ခေါက်ပြီး စိန်မေနိုင် တစ်ချက် သက်ပြင်းငွေ့ငွေ့ချသည်။

"ရတ်တရက် ထိခိုက်ရှနာ ဖြစ်တတ်တယ်၊ သတိထားပါ၊ ငွေကုန်ကြေးကျ များမယ်"

တစ်ခုမှ လောလောဆယ် ကောင်းတာမရှိ။ မှံ၏ မျက်နှာလေး နီလာပြီ။ ဗေဒင်ဆရာမလေးကို ခပ်စူးစူး စိုက်ကြည့်နေပြီ။ မိကျော့သာ ဖြစ်ချေလျှင် မှံ့ လက်ချက်ဖြင့် ခေါင်းခေါက်ခံရလောက်ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်တို့ကို မုံ လှမ်းကြည့်ပြန်၏။ သွားလေး ဖြီးပြရင်း ချော့နေနှင့်သည့် ပေါက်ပေါက်နှင့် လှိုင်းပြာတို့၏ မျက်နှာကို ဂျစ်တူးတူး ကြည့်နေပြီ။

မာန်ကတော့ မုံ့ပုံစံလေးကို ကြည့်ရင်း ထူးခြားသည့် ခံစားမှု ရင်ထဲမှာ ဖြစ်တည်လာရသည်မှာ အမှန်။ ဤကောင်မလေး ဒေါသထွက် စိတ်တိုနေပုံလေးကို ကြည့်ရင်း ပျော်စရာ ခံစားဖြစ်တည်လာရသည့် ရင်တွင်းမှ ကျေနပ်ကြည်နူးမှု ဝေဒနာ။

"အဲ ... တနင်္ဂနွေ တန်းစီးမှာတည်ပြီး စနေ ကပ်တယ်၊ တနင်္ဂနွေနဲ့ စနေဟာ အဆွေဓာတ်ဖြစ်လို့ စုတ်နဲ့ပတ်သက်ပြီး ဝင်မယ်၊ အိမ်ထောင်ကျနိုင်တယ်၊ လာဘ်လဲ ရွှင်မယ်၊ ပထမလေးလအတွင်းမှာ ကားဝင်ကိန်းရှိတယ်"

မုံနှင့် မာန် စေ့စပ်သည့်နေ့မှာ မာန့်ဘက်က အန်ကယ် စိမ်းနှင့် အန်တီနုတို့က ကားလက်ဖွဲ့မည်ဆိုတာ အတိအကျကြီး သိထားသည့် စိန်မေနိုင် တစ်ဖြစ်လဲ ထွေးထွေးအိကို မုံ မျက်မှောင် တွန့်ကြုံး၍ စိုက်ကြည့်နေပေမယ့် ထွေးထွေးအိကတော့ ဟန်အပြည့်ဖြင့် အရှိန်နှင့် ဆက်လိမ့်နေဆဲ။

ဤဗေဒင်ဟောရမည့် ကိစ္စနှင့် ပတ်သက်ပြီး ထွေးထွေးအိ တစ်ကောင် စာအုပ်တွေ မွှေနှောက်ရှာဖတ်ရင်း၊ တကုပ်ကုပ်၊ တရေးရေးဖြင့် အလုပ်များခဲ့သမျှ ခုတော့ မုံ့လက်လေး ရှေ့ဖြန့်ရရင်း ထွေးထွေးအိ ပြောသမျှ ငြိမ်ခံနေရပါသည့် အဖြစ်။

လက်ကို ဆောင့်ရုန်းခိုက် ထွေးထွေးအိ မလွှတ်ဘဲ ဆက်ဟောနေဆဲ။



"လူကြီးမိဘတွေနဲ့ စိတ်ချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေတယ်၊ စိတ်ကောင်းမွေးပါ၊ အင်္ဂါဂြိုဟ်ဟာ ပြခွင်ဌာနမှာ ရှိနေလို့ လင်သား မယားငယ်နေမယ့်ကိန်း ဖြစ်နေတယ်၊ အိမ်ထောင်ကျရင် အဲဒါကို သတိထားပါ၊ ဂရုစိုက်ပါ"

မာန် ခေါင်းကြီး ရှိန်းခနဲ ပူတက်သွားရသည့်အဖြစ်။

အသားညိုမည်းမည်းနှင့် စိန်မေနိုင်ကို လှမ်းကြည့်မိရင်းမှ မာန့်မှာ ဆက်ထိုင်ရမလို၊ ထထွက်ရမလို ဖြစ်နေရပါသည့် အဖြစ်။

"ပြီးတော့ ... အဲဒီ လက္ခဏာရင်ဟာ မုဆိုးမ ဖြစ်ကိန်းမြင်တယ်၊ သတိထားပါ၊ အထူးသဖြင့် အသားဖြူတဲ့ အမျိုးသား ဆိုရင်ရှောင်ပါ၊ အသားညိုသူ စနေသားကို ရွေးပါ၊ ပဖဗဘမ အက္ခရာနာမည်ပါတဲ့ သူမျိုးကို ရှောင်ပါ"

ကုပ်ကုပ်လေး မှင်အပြည့်ဖြင့် ထိုင်နေရပေမယ့် ပေါက်ပေါက်နှင့် လှိုင်းပြာမှာ မုံနှင့် ထွေးထွေးအိတို့ကို ကြည့်ကာ ပြုံးချင်နေကြပြီ။

မာန် မရိပ်မိအောင် ထွေးထွေးအိကို တရိတသေ ပုံစံလေးဖြင့် ကြည့်နေကြရပေမယ့် ရင်ထဲမှာက ရယ်ချင်စိတ်တွေ ပြည့်သိပ် လိမ့်တက်လာနေကြသည့် အဖြစ်။

တင်ပျဉ်ချိတ်ထိုင်ရင်း နှုတ်ခမ်းနီ ခရမ်းရောင်ကို ဆိုးစပူး ဆိုးထားလျက် အညိုရောင်မိတ်ကပ် အားကိုးဖြင့် အသားညည်းပြာပြာနှင့် ထွေးထွေးအိကတော့ စတိုင်တင်းတင်းဖြင့် ဗေဒင်ဟော ကောင်းနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



မှဆိုးမဖြစ်ကိန်း ရှိသည်ဆိုသော အချက်ဖြင့် မာန့်မှာ တစ်ချက် ကျောထဲ စိမ့်သွားရတာကတော့ အမှန်ပါ။ ယုံကြည် မဟုတ်သည် အပထား။ ကြားရတာကြီးက ကျောစိမ့်ဖွယ် အတိ မဟုတ်ပါလားလေ။

မျက်ခုံးကိုပင့်၊ မျက်မှန်ကိုပင့်နှင့် ဟန်များနေသည့် ထွေးထွေးအိက ...

"ယတြာအဖြစ် ပန်းခုနစ်မျိုး သစ်သီးခုနစ်မျိုး မုန့်ခုနစ်မျိုးကို ထ,အကွရာပါတဲ့ နာမည်နဲ့ လူတစ်ယောက်ယောက်ကို ကျွေးလိုက် ပေးလိုက်ပါ၊ ငှက်တာလဲ ကျွေးပါ၊ စိန်ပန်းပင်အောက်မှာ ဆီးသီးငါးလုံးစားပါ ... ခရေပင်အောက်မှာ ထိုင်ပြီး မြေကြီးလက်တစ်ဆုပ် ယူလာပြီး အိမ်ရှေ့က ပန်းအိုးတစ်လုံးမှာရှိတဲ့ မြေနဲ့ရောပြီး ပိန်းပန်းစိုက်ပါ၊ အရှေ့တောင်ဘက်မှာရှိတဲ့ သစ်ပင်တစ်ပင်ပင်မှာ ကျီးသိုက်ရှိရင် ဖျက်ပစ်ပါ၊ ကြိမ်တန်းတို့ ကြိုးတန်းကို ရှိရင်လဲ ဖယ်ပစ်ပါ"

မံ့ လက်ကလေး ဆောင့်ခနဲ ရှန်းလျက် ...

"ပေါက်ပေါက် ... ငါ ကားက စောင့်မယ်"

ဟု သည်းမခံနိုင်သလိုလေး ပြောကာ ထ,ထွက်သွားတော့ ပါးစပ်လေးဟ၍ စိန်မေခိုင် ဟန်အပြည့်ဖြင့် ထွေးထွေးအိကျန်ခဲ့သလို ... အားနာမဆုံးပုံဖြင့် ပျာပျာသလဲလေး ပေါက်ပေါက်တို့ကလည်း ဖြစ်ကျန်ခဲ့ကြသည်ပါပဲ။

"ကန်တော့ ... ကန်တော့ပါ ဆရာမလေးရယ်၊ ဟောခ ကန်တော့ပါတယ်"



ဟု မအူမလည်ပုံဖြင့် မျက်နှာပူမဆုံးသလို ကမန်းကတန်းလေး ပြောပြီး နှစ်ရာတန် သုံးရွက်ကို သုတ်ပျာပျာလေးချကာ ပြန်ဖို့ဟူသော သဘောဖြင့် မာန့်ကို ကြည့်တော့ ခေါင်းညိတ်ပြတာကို မြင်၏။ အဖြစ်မှန်ကို မာန် မရိပ်မိဟု ပေါက်ပေါက်တို့နားလည်လိုက်ရလျက် ရင်ထဲမှာ ပျော်နေမိကြရသည်ပါပဲ။

ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ပေါ်မှ ပေါက်ပေါက်တို့ဆင်းလာကြနိုက် ...

"မြန်မြန်လာ၊ ငါ ကားမောင်းထွက်သွားမှာနော်၊ နင်တို့ဘာသာ ဘာနဲ့ပဲပြန်ပြန်၊ မိပေါက် ... နင် ဆတ်ဆော့လို့ ငါ ဒီနေရာ ရောက်ရတာ"

ဟု ကားထဲမှ ခေါင်းပြူစွာနေသည့် မံ့ကို လက်ကလေးကာပြရင်း ...

"လာပါပြီဟ၊ သူ ဟောတာ မှန်လွန်းတယ်ဆိုလို့ လာမိတာပါ"

ဟု ကသောကမျော ပြောပုံလေးဖြင့် ပြောရင်း ကားနောက်ခန်းသို့ဝင်တော့ ရှေ့ခန်းမှာ အကြော့သား နေရာယူထားရင်း စည်းစိမ်ပြည့်ဖြင့် အိပ်ပျော်နေနှင့်သည့် မိကျော့ကို အားလုံး တွေ့လိုက်ရပါသတည်း။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မယမုံဦး၊ ကျွန်တော်နဲ့ ခင်ဗျား အိမ်ထဲမဝင်ခင် ခြံထဲမှာ ဆွေးနွေးကြစို့ရဲ့"

ပေါက်ပေါက်နှင့် လှိုင်းပြာတို့ကို အဆောင်ပြန်ပို့ပြီး နောက်၊ ပုလဲရိပ်မြိုသို့ ပြန်ရောက်လာခိုက် ကားရပ်ပြီးတာနှင့် မာန် ပြောတော့၊ မုံ ခပ်တည်တည်လေးပဲ ပြန်ကြည့်သည်။

နောက်တော့မှ ဘာမျှပြန်မပြောတော့ဘဲ ကားတံခါး ဖွင့်ဆင်းကာ ခြံထဲလျှောက်သွားတာမို့ မာန်က ဘေးချင်းယှဉ်လျှောက် လာရင်း ...

"ဟို ခပ်လှမ်းလှမ်းက ရေတမာပင်အောက်မှာ ထိုင်ကြရအောင်"

မုံ့ မျက်နှာလေးကို ငုံ့ကြည့်ရင်း ပြောလိုက်ရစဉ်ခိုက် မျက်နှာလေး ဖူးဖူးနုနုနှင့် ဤကောင်မလေး တကယ့်ကို ချောပါလား ဟု တွေးဖြစ်၏။ အခြယ်အသ ကင်းစင်လျက် ဖူးဖူးစင်စင်လေး လှနေသည့် ကောင်မလေး။ မျက်တောင်ထူအိအိ ရှည်စင်းစင်းလေး ကိုက အလှတစ်ပါးသာတည့်။

ဒါပေမဲ့ ဤကောင်မလေးကို လုံးဝ သူ လက်မထပ် ချင်။



စည်းစိမ်တစ်ဝက် အဆုံးမခံနိုင်၍ နှစ်ဖက် ကာယကံ ရှင်များက လက်ထပ်လိုက်ရသည့် အဖြစ်မျိုးထက် ရင်ထဲမှာ ခံပြင်း ဖွယ် အဘယ်မှာ ရှိချိမ့်မည်တဲ့လဲ။

ပြီးတော့ ကိုယ့်ကို လုံးဝမေတ္တာမရှိပါဟု အတိအလင်း ကြီးကို ဤချာတိတ်မလေးက စွာစွာထက်ထက်နှင့် ပြောထားပြီး သား။

"ထိုင်လေ ... ဒါက ဘာဖြစ်နေရတာလဲ"

ရေတမာပင်ရိပ်မှ ခုံတန်းပြာလေးမှာ ထိုင်ပြီး မာန် ပြောလိုက်တော့ ပေကတ်ကတ်ပုံလေးဖြင့် ရပ်မြဲရပ်လျက် ...

"ဆွေးနွေးတာပဲ၊ ရှင်ဘာသာရှင် ထိုင်ချင်ထိုင်၊ မုံက ရပ်ချင် ရပ်၊ ဘာဖြစ်လဲ၊ ရှင့်ဘေးမှာ မုံက မထိုင်ချင်ဘူး၊ အဲဒါ သိ ထား"

"ဟော့ ... ငါကလဲ မင်းနဲ့ ဘေးချင်းယှဉ်ထိုင်ပြီး ကြည်နူး နေချင်တယ်လို့များ မှတ်နေလို့လား၊ လူမှုရေးအရ ထိုင်ဖို့ ခေါ်တာကွ၊ အလကားနေရင်း ဘဝင်မြင့်မနေနဲ့၊ လူကဖြင့် လူဖြစ်မယ်တောင် မကြိုသေးဘူး၊ ကလေးလို မနေဘဲ လေ ကြီးလေကျယ်နဲ့ ငါတီးလိုက်ရ"

"တီးကြည့်ပါလား၊ မုံက လက်မပါတာကျလို့"

ခပ်လှမ်းလှမ်းမှာရှိသည့် အုတ်နီခဲကျိုး တစ်ခုကို မုံ မျက်စောင်းထိုးကြည့်ပြီး မာတင်းတင်း ပြောတော့ မာန် ထရပ်သည်။

မုံ မရောက်ခင် ခြေလှမ်းကျဲကြီးနှင့် လျှောက်သွား တာ အုတ်ပိုင်းကျိုးကို ကောက်ယူပြီးတာနှင့် ခပ်ဝေးဝေးသို့ ရောက် အောင် လွှဲပေါက်ပစ်လိုက်ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"နင်က တကယ်လုပ်တတ်တဲ့ ကောင်မလေး ဆိုတာ ငါသိတယ်၊ ဒါပေမဲ့ ကြိုပြောထားပါရဲ့ မငွေမှုံ၊ ညည်း တစ်ခုခု လုပ်လို့ ငါ့အသား သွေးထွက်ရင် ညှာမယ်မထင်နဲ့၊ ရဲစခန်း သွားတိုင် အမှုဖွင့်မှာ၊ ဘာမှတ်လဲ"

သုတ်သုတ်ပါအောင် အုတ်နီခဲကျိုးကို ပြေးကောက်ပြီး မှုံ မကောက်နိုင်အောင် ခပ်ဝေးဝေးသို့ မာန် ပစ်လိုက်တာမြင်ကတည်းက မှုံ့ ရင်ထဲမှာ ရယ်ချင်နေသည်ပါပဲ။

"ခုလိုကျတော့ ကြောက်တတ်သား"

ဟု တွေးဖြစ်လျက် မှုံ တစ်ချက် လွှတ်ခနဲ ရယ်မိစဉ်နိုက် မာန် မျက်မှောင်ကြီးတွန့်၍ ...

"ဟော့ ... ဘာရယ်နေတာလဲ၊ နင့်ကို ပျော်တော်ဆက်ဖို့ ဒီထိ လာပြီး ထိုင်နေတယ်များ မှတ်နေလား၊ ဒီမှာ ... ညည်းက မှုဆိုးမစာတာမျိုး ... ညည်းကို ငါ လက်ထပ်လိုက်ရင် ငါ သေကိန်းရှိနေတယ်၊ ဒါ ညည်းရဲ့ ဗေဒင်ဆရာမလေး ဟောလိုက်တဲ့ ကိစ္စ၊ ညည်းတို့ပဲ ပြောကြတာပဲ၊ မှန်တယ်ဆို"

မှုံက ထုံပေပေပုံလေးဖြင့် ပခုံးတွန့်ပြလျက် ...

"ဘယ်သိမှာလဲ၊ ပေါက်ပေါက်တို့ ပြောတဲ့အတိုင်း မှုံရော ရှင်ရော ကြားခဲ့ကြတာပဲ ဦးစွာ ... မှုံက မေးချင်လို့ မေးတာလဲ မဟုတ်ဘူး၊ မှုံကတော့ ဗေဒင်မယုံဘူး၊ ဒီကိစ္စ ခေါင်းထဲတောင် မထားဘူး"

"ဟော့ ... ဟော့ ... သိပ်ကြွားမနေနဲ့၊ ငါက သေပေးရမယ့်ကောင်ကွ"



ခပ်တင်းတင်း ပြောနေသည့် မာန့်ကို မှုံက စူးစူးလေး ဖြဲကြည့်လျက် ...

"သေချင် သေပေါ့ ... ဘာဖြစ်လဲ၊ လူဆိုတာ သေမျိုးပဲ ဦးစွာ"

ခပ်ပေါ့ပေါ့ ပြောပုံကိုကြည့် ...

မာန့် ရင်ထဲ အောင့်တက် သွားရသည်ပါပဲ။

ဘယ့်နှယ် ... ကိုယ် လက်ထပ်ရမည့် လူတစ်ယောက်။ ကိုယ်နှင့် လက်ထပ်လိုက်လျှင် မုဆိုးမ ဖြစ်ရမည်ဆိုသည့် အဟောခံရသည့် ကောင်မလေး။ သွေးအေးအေးနှင့် စံတားချက်ကင်းစင်စွာ ပြောနေတာကို ရင်ထဲမှာ ခံပြင်းသည်။

ဤကောင်မလေး မတုန်လှုပ် မချောက်ချားတတ်ဖူးတဲ့လား။

ကိုယ့်ယောက်ျား သေမည် ဆိုတာမျိုးကို နည်းနည်းလေးတော့ စိတ်ပူရမည်ပေါ့။

"တောက် ... မညားခင်ကတည်းက ဒီအမျိုးမျိုး မျိုးနေမှ ကြာရင် ပိုရောင့်တက်မယ့် ကောင်မလေး၊ မဖြစ်ပါဘူး"

ဟု ရင်ထဲ ညည်းဖြစ်လျက် ဆတ်ခနဲထ။ ခါးကို မားခနဲ ထောက်ပစ်လိုက်ရင်းမှ ...

"ညည်းက မယုံဘူး ဆိုတော့ ငါ့ကို လက်ထပ်မယ် ဆိုတဲ့ သဘောလား"

ဟု အပေါ်ဆီးမှ မေးချပစ်လိုက်တော့ ဆတ်ဆတ်ခါ သွားရသည်က မှုံပါ။

"ဘယ်သူက ရှင့်ကို လက်ထပ်ချင်ပါတယ်လို့ ပြောနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မုံ ဒေါ်ပွနေပုံလေးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိရင်းမှ ပြုံးလိုက်ရင်း မျက်နုံးပင့်လိုက်ကာ ...

"ဟာ ... မင်းပဲ ပြောတာကော၊ မယုံဘူးဆို၊ အဲဒီ ဆေးဒင်ကို ဒါဆို ... ငါ့ကို လက်ထပ်ရဲတယ်လို့ ပြောလိုက်တဲ့သဘော ပေါ့".

မုံ့ရှေ့သို့ တစ်လှမ်းတိုးလိုက်ကာ လက်တောက်နေသော မျက်ဝန်းနက်လေးများဖြင့် မော့ကြည့်ရင်း ...

"အို ... ဘာဆိုင်လဲ"

ဟု ပြောပြီး ရှေ့မဆက်ရဲပြန်။

ဟုတ်သည်လေ။ လက်မထပ်ချင်ပါဘူး ဆိုလျှင်လည်း ကိုရွှေမာန်က အကွက်ကောင်းဆိုက်ကာ ဘွားကို ပြေးပြောချေမည်ပေါ့။

ဒါဆို မုံက ငြင်းသည်ဆိုပြီး မုံ့ စည်းစိမ် တစ်ဝက်ပေးရချေဦးမည်။

"ရှင်ကရော ... လူကောင်းမို့လို့လား၊ မယားငယ်နေကိန်းရှိတဲ့ လူကြီး"

"ဟော ... ဟော ... ဆွဲမထည့်နဲ့၊ မှ ... ငါ့မျက်နှာ သေချာကြည့်စမ်း၊ မယားငယ်ယူမယ့်ရုပ်လား"

"ဟုတ်တယ် ... ယူမယ့်ရုပ်"

နှစ်ယောက်သား ဆွေးနွေးကြတာ မဟုတ်ဘဲ ရန်ချည်းဖြစ်နေကြတော့ မောမောနှင့် ပြိုင်တူပဲ ခုတန်းပေါ် ထိုင်ချဖြစ်လိုက်ကြရသည်ပါပဲ။



အနီးအနားမှာ ရေအိုးလေးများရှိလျှင် မုံဖြင့် ပြေးခပ်သောက်လိုက်ချင်သည်ပါပဲ။ စောစောပိုင်းက ဝိုးလ်ဒင်းရက်စတောရန့်မှာ ပေါက်ပေါက်တို့နှင့်အတူ စားသောက်လာခဲ့ရတာလေးတွေပင် ဝမ်းထဲက ပျောက်သွားရသည်နှယ်ပါ။

"ငါကတော့ ဒီကိစ္စကို ဘွားကိုလဲ ပြန်ပြောပြမယ်၊ အန်ကယ်ပြည့်ကိုလဲ ပြန်ပြောပြမယ်၊ လူကြီးတွေ ဆုံးဖြတ်ပစေ၊ ပြီးတာပဲ၊ ဒါပေမဲ့ ညည်းကို လက်ထပ်ချင်နေတယ်လို့များတော့ မထင်နဲ့၊ ကြိုပြောထားပါရဲ့"

ဘွားကို တိုင်မည်ဆိုတော့ မုံ တစ်ချက် တွေခနဲဖြစ်၏။ ရင်ထဲမှာလည်း လေးသွားရသည်ပါပဲ။

"လက်ထပ်ချင်နေတယ်လို့ မုံကလဲ မထင်ပါဘူး၊ လက်မထပ်နဲ့ပေါ့"

"လက်ထပ်ချင်နေတယ်လို့ မထင်နဲ့ ဆိုတာက သတ်သတ်၊ လက်မထပ်ဘူးလို့ ပြောတာ မဟုတ်ဘူးကွ၊ ရောမပစ်နဲ့"

စကားကို ကပ်ရှုပ်နေသည့် မာန့်ကို မျက်မှောင်လေးကုတ်ကွေးကြည့်လျက် ...

"ရှေ့နေတောင် မဖြစ်သေးဘူး၊ စကားကတ်လိုက်တာ"

ဟု ဒေါ်လေး တပွပွနှင့် အော်တော့ မာန် ခပ်တည်တည်ပဲ ပြန်ကြည့်သည်။

"မုံလဲ တိုင်ပြောမှာပဲ၊ ခု ... ရှင်ပြောတဲ့ လက်မထပ်ချင်ဘူးဆိုတဲ့ စကား"

ဟု ကလေးလိုပဲ ပြန်ပြန်စွာနေတော့ နှုတ်ခမ်းကို ဖျစ်ညှစ်လိုက်ချင်သည်က မာန်ပါ။

www.burmeseclassic.com



"ခု ဆွေးနွေးမယ့် ကိစ္စက မရောက်သေးဘူးကွ၊ ညည်းသိပ်စကားများတာပဲ၊ ဒီမယ် ... ညည်းဘက်က မုဆိုးမ မဖြစ်ချင်ရင် ငါ့ကို လက်ထပ်မယ့်ကိစ္စကို ငြင်းခွင့်ရှိတယ်၊ ငြင်းပါ၊ မငြင်းချင်ရင်လဲ မငြင်းပါနဲ့၊ ညည်း ငြင်းသည်ဖြစ်စေ၊ မငြင်းသည်ဖြစ်စေ ဒီကိစ္စကိုတော့ ဝါ ဘွားကို တိုင်ပြောရမှာပဲ၊ ငါ့ဖေဖေနဲ့ မေမေ့ကိုလဲ အသိပေးရမှာပဲ၊ ငါ သေကိန်းရှိတယ်ဆိုတဲ့ ကိစ္စမျိုးကို ပေါ့တန်တန် မနေနိုင်ဘူးကွ၊ ညည်းကို ကြည့်ရတာ ဘီလူးနက္ခတ်နဲ့ မွေးတာဖြစ်ရမယ်"

ဟု ပြောလည်းပြော။ ချက်ချင်းကြီး ထွက်သွားတော့ ခဲလုံးလေးကို ကောက်၍ လှမ်းပေါက်ကျန်ခဲ့ရင်း တစ်ယောက်တည်း ဒေါပွကျန်ခဲ့သည်က မုပါ။

စိတ်ညစ်ညစ်နှင့် ခေါင်းလေး စိုက်ကုတ်ရင်း ခုမှ တစ်ယောက်တည်း မုံတန်းလေးထက်မှာ အားငယ် ပါးငယ်လေး ကျန်ခဲ့ရသည့် အဖြစ်။

သွားပြီ ...။

ခုမှ ကိုယ့်ရှူးကိုယ်ပတ် အကျပ်ရိုက်ပြီတည်း။

"ငါကတော့ ငါ့ကို လက်မထပ်ရဲဘဲ ငြင်းအောင် မုဆိုးမ ဖြစ်ကိန်း ရှိတယ်လို့ သူကြားအောင် ခြောက်ခဲ့တာ၊ ခုတော့ ငါ ကြောက်ရမယ့်ကိန်းပဲ၊ ချေးမပေါက်ပေါက်၊ သူ့အကြံ သူ့အွန်ပေပါထဲက ဥစ္စာတွေ ငါ လိုက်လုပ်တာ ခုတော့ သေကိန်းဆိုက်နေတာ ငါ ဖြစ်နေပြီ၊ ဘွားကတော့ ဒေါပွ လောက်ပြီ၊ ခုလောက်ဆို တကယ့်ကို တိုင်နေလောက်ပြီ"



ဟု တွေးရင်း မုံ မှိုင်တွေလေးချည့် ကြောက်ကြောက် နှင့် မုံတန်းလေးပေါ် တင်ပျဉ်ချိတ် ထိုင်ကာ လက်ကလေးထောက်။ လက်ဖဝါးလေးပေါ် မေးလေးထောက်လျက် ငြိမ်ကုပ်ကုပ်လေး ထိုင်နေမိရပါပြီတည်း။

ဘွား ခေါ်သံကို နားစွင့်စောင့်ဆိုင်းနေရုံမှ တစ်ပါး အခြားမရှိချေပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မမုံ … ဘွားနဲ့ ဘာဘာ ခေါ်နိုင်းလိုက်လို့"

ရီရီ လာခေါ်တော့ မုံ စိတ်လက်လေးလေးနှင့် ထ လိုက်ခဲ့ရသည်။ ဘာတာတ်နိုင်မည်တဲ့လဲ။ အဆုံစလိုက်ရှဲ့ ကျန်တော့မည်ပေါ့။

ပညာရှိ ပေါက်ပေါက်တို့ အုပ်စုကတော့ မုံ ဒုက္ခတွေ့နေတာ သိချေမည် မဟုတ်။

စည့်ခန်းထဲရောက်တော့ မိကျော့ကို လက်ကလေးပိုက်လျက် ပုံလေးဖြင့် ဘွားရှေ့မှာရပ်လျက် ဘွား မေးသမျှ ဖြေနေသည့် ပုံလေးဖြင့် တွေ့ရပါ၏။

သူ့ကိုတော့ ဆိုဖာထက်မှာ ထိုင်လျက် စပ်အေးအေးပုံဖြင့် နားထောင်နေသည့် အသွင်ဖြင့် မြင်လိုက်ရသည်ပါပဲ။

"မဟုတ်တာပဲ အန်တီရယ်၊ မုံလေးက သွားမေးတာမှ မဟုတ်တာ၊ ခု … မိကျော့ ပြောတဲ့အတိုင်းဆို ဟိုက သူငယ်ချင်း မေးချင်တယ်ဆိုလို့ ရောက်သွားတာပဲ မဟုတ်လား၊ ကလေးတို့ ဘာမှ မဆူပါနဲ့ အန်တီရယ်"

တော်ပါသေး။

အန်တယ်စိမ်းက မုံ့ဘက်မှ ကာကွယ်ပြောပေးနေသည့် အပြစ်။ အန်တီနကတော့ ပြုံး၍ မုံ့ကို လှမ်းကြည့်သည်။



"လာ … လာ … အန်တီနဲ့ ဘေးမှာ လာထိုင် ကလေး"

ဟု ဆိုတာနှင့် မုံ့မှာ အားကိုးရှာ၍ အန်တီနဲ့ ဘေးမှာ သွားကပ်ထိုင်တော့ ဘွား လှမ်းကြည့်သည်။ မျက်နှာက တည်နေလျက် ရဲပင်ရဲနေပြီမို့ ဘွား အရမ်းကို ဒေါ်ပွနေလေပြီ ဆိုတာ မုံ သိနေရလျက် ဝခုံးလေးပင် ကျုံ့ထိုင်လိုက်မိရသည်ပါပဲ။

"ဒုက္ခပါပဲ၊ ဘွားတော့ သွေးတိုးတော့မယ် ထင်ပါ့ရဲ့"

ဟု ဒေါသအရမ်းဖြစ်နေပြီ ဖြစ်သည့် ဘွားအတွက် ရင်ထဲ ပူကျသွားရသည်မှာလည်း မုံပါ။

"နှ … ဒီမြေးအကြောင်း အန်တီ အသိဆုံး၊ လာခဲ့စမ်း မိမုံ၊ ဘွားရှေ့မှာ လာရပ်"

သည်လိုကျတော့လည်း မုံ မငြင်းသာ။ ဘွားရှေ့မှာ လက်ကလေးပိုက်၍ သွားရပ်ရပါ၏။

မာန့်ကို မျက်စိလေးစွေ၍ နိုးကြည့်တော့ လက်ကလေးပိုက်၍ စတိုင်ကျကျ ထိုင်ကြည့်နေတာကို မြင်ရသည်မို့ မျက်စောင်းထိုးပစ်လိုက်မိသည်ပါပဲ။

"မိကျော့ ဘာမှ မသိဘူးလို့ပဲ ပြောပါတယ် မမုံ … မိကျော့ မတိုင်ပါဘူး"

ကြို့တင် အယူခံ ဝင်ထားသည့် မိကျော့ကို မုံ မျက်နှာထားလေးဖြင့် လှမ်းကြည့်မိသည်။

မိကျော့ ကြောက်၍ပြောတာ မုံ သိပါသည်။ ဒါပေမဲ့ ခုလို ပြောပုံဖြင့်ပင် မုံ့မှာ တစ်ခုခု မဟုတ်တာ လုပ်ထား၍ ကြိုတင် အယူခံဝင်နေသည့်ပုံကြီး ဖြစ်နေတော့ ပိုဆိုးရချေသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"မိမုံ ... ကျော့ကျော့ကို ကြည့်တဲ့ အကြည့်ကို ပြန်ပြင်စေ
သူ့ကို ရန်ရှာစရာ မလိုဘူး၊ ငါ့ကို ကြည့်စမ်း"

ဘွား ပြောတော့ မုံ မျက်နှာငယ်လေးနှင့် ဘွား ကြည့်ရသည် အပြစ်။ ဘွား၏ တည်စူးစူး အကြည့်ပြင့်ပင် မုံ စိတ် ညစ်နေရပါပြီ။ ဘွား ... တီးများ တီးတော့မည်လား မသိ။

"နေစမ်းပါဦး၊ ညည်းက ဘယ်သူ ... အဲဒီဆေးခင်ဆရာမ
ကို ပြောစမ်း၊ အဲဒီနာမည်"

"စိန်မေနိုင်ပါ ဘွား၊ မုံက မေးချင်တာ မဟုတ်ပါဘူ
ပေါက်ပေါက်နဲ့ လှိုင်းပြာက မေးချင်တာပါ၊ အဲဒါ ကိုမာ
လိုက်ပို့ပေးရတာပါ၊ မယုံရင် သူ့ကို မေးကြည့်ပါ ဘွာ
သူက တိုင်ချင်တာကျတော့ တိုင်ပြီး၊ ရှုန်ထားချင်တာ
တော့ ရှုန်ထားတာ ဘယ်ကောင်းမလဲ၊ တကယ် တိုင်
တယ်ဆိုရင်လဲ ပြည့်ပြည့်စုံစုံ တိုင်ပေါ့"

ဘွားက ဘာမှ မမေးလိုက်ရသေး။ မုံက ကော လျှောက် အပြစ်လွတ်အောင်လည်း ပြေရ။ ရန်တွေ့ချင်တာလည် ထည့်တွေ့လိုက်ပြီးသား ဖြစ်နေတော့ အန်ကယ်စိမ်းနှင့် အန်တီ တို့မှာ ပြုံးသွားရသည်ပါပဲ။

မပြုံးသည်က ဘွားနှင့် ဖေဖေပါ။ မျက်နှာတွေ တင် နေတော့ မုံ တကယ်ပဲ လန့်လာသည်။ ဘွားကတော့ ထားတော့ မုံ တစ်ခုခုများလျှင် ဆူနေကျ၊ ခေါင်းခေါက်နေကျ။ ခု ဖေဖေ ရော၍ မျက်နှာတည်နေတော့ မုံ လန့်လာသည်ပေါ့။

"ကိုယ့်အပြစ်ကို ကိုယ်ပဲခံ၊ ဘယ်သူ့မှ မျှပေးဖို့ မကြိုး
နဲ့ မိမုံ၊ အဲဒီ ဆေးခင်ဆရာမ အကြောင်းအားက ယောဘ



ဆို၊ ညည်းက မုဆိုးမဖြစ်ကိန်း ရှိတယ်ဆို၊ ဟင် ... ဒါဆို
ငါ့မြေးမာန်က သေပေးရမယ်ပေါ့ ... ဟုတ်လား မိမုံ။
ညည်းက ညည်းမသေရတိုင်း သူများကို သေခိုင်းနေရသလား၊
နိမိတ်မရှိ ဒီလို ကျက်သရေမရှိတဲ့ ဥစ္စာမျိုး အဟောခံပြန်ရ
သလား၊ မိမုံ ... ပါးစပ်မဟနဲ့၊ ညည်း အကြောင်း ငါသိ
တယ်၊ ဒီမနက်ကတည်းက ဒီအပြင်ထွက်မယ့် ကိစ္စကို စိုင်း
ပြင်းနေတာ၊ မနေ့ကတည်းက ညည်း ခွင့်တောင်း စိတ်ထက်
သန်နေတာ ငါကြည့်နေတာ အကောင်းမှတ်နေလား၊ ညည်း
အကြောင်း ငါသိတယ်၊ ခု ... လုပ်လာပြီ၊ ဒါ ... လုပ်
ကောင်းတဲ့ ကိစ္စလား"

ဘွား ဆူနေသမျှ မုံ လက်ကလေးပိုက်၍ ပါးစပ်ကို တကယ်ပဲ ပိတ်ချထားလိုက်ရသည်ပါပဲ။

"ညည်း ပါးစပ်မဟဘဲနဲ့တောင် ညည်းအူ ဘယ်နှခွေရှိတယ်၊
ဘယ်နေရာမှာ အူဘယ်လို တွန့်နေတယ်၊ ဘယ်လို အူမှုပ်
တယ်၊ ငါ အားလုံးသိတယ်၊ ငါက အဘွား၊ ညည်းက မြေး၊
ခု ဒီလိုလုပ်တာ အန်ကယ်စိမ်းနဲ့ အန်တီ့နကို ညည်း ဘယ်
လိုပြန်တန်တော့ တောင်းပန်လို့မှ မကျေနိုင်လောက်အောင်
အပြစ်ကြီးတယ်ဆိုတာ နားလည်ရဲ့လား"

သူများသားသမီးကို သေခိုင်းလိုက်၊ မယားငယ် ယူခိုင်းလိုက်နှင့် လုပ်လာသမျှ ဘွားမျက်နှာကြီး ရှုံ့လျက် အားလည်း နာရ၊ မျက်နှာမထားတတ်အောင်လည်း ဖြစ်ရနှင့် ဗိုဓိဆူနေသမျှ မုံ ဘာမှမပြောရဲ။ လက်ကလေးပိုက် နားထောင်ရင်း အတိုင်တောဆူသည့် မာန့်ကိုပဲ စိတ်ထဲနာနာလာရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ညည်းက မာန့်ကို မယူချင်လို့ ဒီလိုလုပ်တယ်ဆို ပါတော့၊ ညည်းအပေါ် သူ့ကတိအတိုင်း လျော်လိမ့်မယ်၊ မောင်စိမ်းတို့ မယူလို့လဲ မရဘူး၊ သူ လျော်မှာပဲ"

"မဟုတ်ပါဘူး၊ မုံ အဲလိုမပြောပါဘူး။ ကိုမာန်က မုံ့ကိုလက်ထပ်ချင်နေတယ်လို့များ မထင်နဲ့လို့ သူ့ပဲပြောတာပါ၊ ပြောပုံက မုံကပဲ သူ့ကို လက်ထပ်ချင်နေတဲ့အတိုင်း ဖြစ်နေတာ"

မုံ တိုင်ပြောတော့ အန်ကယ်စိမ်းက သားကို မျက်မှာထားနှင့် လှမ်းကြည့်၏။

"ဟေ့ကောင် ... မင်း အဲသလို ပြောတယ်ဆို"

"ဟုတ်ကဲ့ ... ဒါပေမဲ့ သူ့ကို လက်မထပ်ဘူးလို့တော့ မပြောပါဘူး"

"ဟေ့ ... ငါ့ကို လှလည်မကျနဲ့ ရှင်းရှင်းဖြေ၊ လက်မထပ်ဘူးလို့ မပြောဘူးဆိုတော့ လက်ထပ်မယ်လို့ ပြောတာလား"

အန်ကယ်စိမ်း မေးတော့ ငူကျနေသည့် မာန့်ကို မုံ ပြုံးစိစိလေး ကြည့်မိပြီ။

လောလောဆယ် ဆုံခံထိထားတာကို မုံ မေ့ကျသွားလျက် အူထဲ မြူးတက်သွားအောင် ပျော်သွားရသည်ပါပဲ။

"မောင်စိမ်း ... ကလေးကို မဆူနဲ့၊ ငါ့မြေး မဟုတ်လို့ ကလေးက ရှက်ရမ်း ရမ်းပြီး ပြောတာနေမှာပေါ့၊ သူတပေါင်နဲ့ ခြောက်လိုက်၊ ဘာလိုက်နဲ့ လုပ်နေတာကိုးကွယ်၊ ဒီမှာ မိမုံ၊ ငါတို့ လူကြီးတွေ မျက်နှာပျက်အောင် ဒီလိုအရှက်ခွဲတာ မကြိုက်ဘူး၊ သွား ... တုတ်ယူလာခဲ့"



တကယ် ရိုက်တော့မည်ဆိုတော့ မုံ မျက်နှာလေး ငယ်ကျသွားရသလို မာန်လည်း ရင်ထဲ ထိတ်သွားရသည်ပါပဲ။

သည်လောက်ထိတော့ မုံ့ကို မဖြစ်စေချင်။

"သူက ... မုံ့ကို အရိုက်ခံစေချင်တာ၊ သူပဲ သွားကောက်ခဲ့ပေါ့"

မျက်ရည်တစ်ချက် ဝဲချင်လာလျက် မုံ ဂျစ်စတိုက်တော့ မာန် အုနေခက်သွားရပါပြီ။ သူ့ကို လှမ်းကြည့်သည့် မုံ့မျက်ဝန်းလေးတွေထဲမှာ မုန်းတီးရိပ်ကို အထင်းသား မြင်နေရသည်ကလည်း ခံစားရသည့် အပြစ်။

"အေး ... ကောင်းတယ်၊ ညည်းအပြစ် ညည်းခံရမှာပဲ၊ ကဲ ... မြေး တုတ်ကောက်ခဲ့စမ်းကွယ်"

"ဟာ ... ဘွားကလဲ"

"အန်ကယ်ပြည့် ကိုယ်တိုင် တုတ်ယူလာပေးရမှာလား မာန်၊ သမီးလေးဆိုပြီး အလိုလိုက်ထားတာ ဒီလောက် ဇော်ကားတာကိုတော့ ခံပြင်းတယ်၊ အဖေကိုလိမ်ပြီး ဒီမနက် ဗိုက်ဆံတောင်းယူသွားသေးတာ၊ ဘာမွေးနေ့လဲကွ၊ ဟေ့ ... ဘာမွေးနေ့လဲ"

ဟု အန်ကယ်ပြည့်က တစ်ချိန်လုံး ဒေါသဖြင့် ငြိမ်နေရာမှ ထပေါက်တော့ မာန်ပင် လန့်ကျသွားရပါ၏။ ကမန်းကတန်း လက်ကာ၍ ...

"မွေးနေ့လက်ဆောင် တကယ်ဝယ်ပါတယ် အန်ကယ်ပြည့်၊ ဝက်ဝံဖြူရုပ်လေးပါ၊ ကျွန်တော် မျက်စိနဲ့ကို မြင်ခဲ့ပါ"

www.burmeseclassic.com



ဟု အလိုလို ဝင်၍ ဖာထေး ပြောပေးနေမိလျက်သား ကြီး ဖြစ်သွားရသည်ပါပဲ။

မုံ့ကို ရိုက်မည်ဆိုကတည်းက မျက်စိမျက်နှာ အရမ်း ကြီး ပျက်ကျနေပါသည့် မာန့်ကို လူကြီးတွေက တစ်ချက် တစ် ချက် ကြည့်နေကြသည်ပါပဲ။

"ကဲ ... ငါ ... ကိုယ်တိုင် ကြိမ်လုံးသွားဆွဲမယ် ဘယ့်နှယ် ဗျာ၊ မင်းတို့ ဖာတာကို ငါတို့မိဘတွေက ပျိုး ... မင်းတို့ ယေကတည်းက သေရော နားလည် ကျွမ်းကျင်တဲ့ ဗေဒင် ဆရာကြီးတွေနဲ့ တွက်ချက်ခဲ့ပြီးသား၊ ကောင်းလိုက်တဲ့ မိတ်ဖက်၊ အိမ်ထောင်ဖက်၊ ဟင် ... ခု သမီးအလိမ္မာတုံး ကြီး လက်ချက်နဲ့ ဒီလောက် အသုံးမကျတဲ့ကိစ္စ ဖြစ်လာရ တယ်လို့၊ ဒါ အိမ်ထောင်ရေးကိစ္စကွ၊ မင်္ဂလာကျက်သရေမင်္ဂလာ တဲ့ ဥစ္စာမျိုး ဒီလောက်ထိ လုပ်ရက်သလား"

အန်ကယ်ပြည့် ထရပ်တော့ မာန် ကမန်းကတန်း ထရပ်ရသည်။

"အန်ကယ်က လူကြီးပါ ကျွန်တော်ပဲ သွားယူလာပါ့မယ်"

ဟု ထုတ်ရှာမို့ကိစ္စ အရေးတကြီး တာဝန်ဝင်ယူပေး လိုက်ရသည်ကိုက မုံ တုတ်ကြီးကြီးနှင့် အဆော်ခံရမှာ ကြောက်၍ ပါ။ ကိုယ့်ကြောင့် သူတစ်ပါး မတရားကြီး နာသွားမှာကို စိုးရိမ် သည်လေ။

ခြံထဲဆင်း၍ တုတ်လိုက်ရှာရသည်ကိုက အချိန်အတော် ကြာ၏။



ဝါးခြမ်းပြားလို ဟာမျိုးကတော့ ခြံနောက်ဘက်ရှိ နံ့နံ့ပင်စိုက်ခင်းလေးကို ကာထားသည့် ဝါးခြမ်းတွေထဲမှ ဆွဲနုတ်ယူ လိုက်ရုံမျှဖြင့် အလွယ်တကူ ရနိုင်သည်ပါပဲ။

ဒါပေမဲ့ ဝါးခြမ်းပြားက အတော်လေး ကြီးနေသည် လေ။

နောက်ဆုံး မီးဖိုခန်းထဲဝင်။ အားလုံးလည်း ဧည့်ခန်း မှာပဲ ရောက်နေကြတာမို့ လူရှင်းနေသည့် အခန်းထဲမှ ဓားမတိုတစ် လက်ကိုယူ၍ ပြန်ဆင်းခဲ့ရသည်။

ဒေါ်ကြီးချွေ၊ မိကျော့နှင့် ရီရီတို့မှာလည်း မုံ အရိုက် ခံရမည်စိုးကာ မျက်နှာတွေ ပျက်ကျနေလျက် ဧည့်ခန်းမှာ မျက်စိပျက် မျက်နှာပျက်နှင့် ရှိနေကြသည်လေ။ ဒါကြောင့် မီးဖိုဆောင်ထဲမှ ဓားမတိုလေးကို မျက်နှာအပူ သက်သာစွာပဲ ဝင်ယူနိုင်ခဲ့သည် ပေါ့။

ဒါမှမဟုတ် ဝိုင်းကြည့်နေကြမည်လေ။

ဝါးခြမ်းကို လေးစိတ်အထိ ပြန်ခွဲစိတ်။ နောက်ထပ် သေးသွားအောင် ဓားဖြင့် အချောပြန်သပ်။ ကိုယ့်အသား ပြန်ရိုက် ကြည့်။

သိပ်မနာဘူးဆိုမှ တုတ်ကို အိမ်ရှေ့ဘက်မှ ပြန်ပတ် ဝင်၍ ဧည့်ခန်းဆီသို့ ယူလာပါ၏။

တကယ့် တုတ်သေးသေးလေးနှင့် ဝင်လာသည့် မာန့် ကိုကြည့်ကာ လူကြီးတွေမှာ ရယ်ချင်လွန်းနေကြတာမို့ ခေါင်းတွေ ဟိုဘက်ငဲ့လိုက် သည်ဘက်ငဲ့လိုက် ချောင်းဟန့်သလို လုပ်လိုက်နှင့် ရယ်သိပ်ထားကြရပါသည့် အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒီတုတ်နဲ့ အန်ကယ်ပြည့် မရိုက်ချင်ဘူး။ မင်းရှာလာတဲ့ တုတ်နဲ့ မင်းကိုယ်တိုင်ရိုက်၊ သူက မာန့်ကို ဆော်ကားထားတာ"

ဟု အန်ကယ်ပြည့် ပြောတော့ မာန် စိတ်လက်ညစ်သွားရသည်ပါပဲ။

အန်ကယ်ပြည့် မျက်နှာကို ကြည့်တော့ စောစောပိုင်းကလောက် မျက်နှာတင်းမနေတော့ဘဲ နည်းနည်း ပြေပြေလျော့လျော့ ဖြစ်လာသည်ဟု မာန် ထင်သည်။

အန်ကယ်ပြည့် ကြည့်နေသည့် နေရာကလည်း မာန့်လက်တွင်း ဝါးတုတ်သေးသေးလေးဆီမှာ ရှိနေတာမို့ ကြိုးစားပမ်းစား တုတ်သေးနိုင်သမျှ သေးအောင် ဓားဖြင့် သပ်ယူလာခဲ့သမျှ တစ်ချက် မာန် ရှက်ချင်၏။

တိုင်တုန်းကတော့ တိုင်ခဲ့ပြီးမှ။ တကယ်တမ်းကျတော့လည်း မျက်စိမျက်နှာ ပျက်နေသည့် မိမိအဖြစ်အတွက်လည်း ရှက်အမ်းအမ်း ဖြစ်ချင်သည်ပေါ့။

"မရှေ့မှ ... လက်ဖြန့်"

အသက်သာဆုံးဖြစ်အောင် လက်ဖဝါးကိုရိုက်ဖို့ ဆုံးဖြတ်လိုက်ရလျက် မို့ ရှေ့မှာ ရပ်၍ပြောတော့ မံ မျက်နှာလေး ရှုပုပ်ပုပ်နှင့် လက်ကို ဆတ်ခနဲ ဖြန့်၏။

သွေးခြည်ဥလေးတွေ ဖြိုးဖြောက်ထင်လျက် နသိနေသည့် လက်ဖဝါး ဖူးဖူးဥဥလေးကို ငုံ့ကြည့်လျက် မရိုက်ရက်နိုင်အောင် ဖြစ်သွားရသည်က မာန်ပါ။



ငိုင်ကျသွားလျက် ငြိမ်နေသည့် မာန့်ကို အန်ကယ်ပြည့်က ...

"မရိုက်ရင် အန်ကယ်ပြည့် ရိုက်မှာနော်။ မိကျော့ ... စာကြည့်ခန်းထဲက ကြိမ်လုံးယူလာစမ်း။ ဒီကြိမ်လုံးက ဘိုဖြူဆိုတဲ့ ခွေး၊ ဟိုဘက်ခြံကကြောင်ကို လိုက်ရင် ရိုက်ရိုက်ပေးဖို့ထားတဲ့ ကြိမ်လုံး၊ ခု ဒီခွေးမကို ရိုက်ရမယ်"

ဟု ပြောတာနှင့် မျက်စိစုမှိတ်ကာ ဖျတ်ခနဲ တစ်ချက် လက်ဖဝါး အိအိလေးကို ရိုက်ချလိုက်ရတော့ အီးခနဲ အော်ငိုလိုက်သည့် မံ့ အသံကြောင့် မာန်ပင် လန့်သွားရပါ၏။

"ရိုက်ပါ ... ရိုက်ပါ၊ အား ... နာတယ် ... နာတယ်"

နှင့် ကုန်းငိုနေတော့ အံ့သြတာရော၊ စိတ်မကောင်းတာရော၊ ပြည့်သိပ် ရောထွေးနေလျက် လက်ဖဝါးလေး အရမ်းကိုများ နာသွားချေမည်လားဟု စိုးရိမ်စိတ်ဖြင့် ငုံ့ငုံ့မိုးမိုးကြီး မာန့်မှာ ကြည့်မိလိုက်ရပါပြီတည်း။

မျက်ရည်တွေ ဖြိုးဖြိုးဖြောက်ဖြောက် ပြိုကျလျက် ငိုနေသည့် မျက်နှာလေးကိုလည်း စိတ်မကောင်းသလိုကြီး ကြည့်မိလျက် ...

"ဆောရီးနော် မံ၊ ဆောရီး"

ဟု ကယောင်ကတမ်းကြီး တောင်းပန်လိုက်ရပါသတည်း။

"မတောင်းပန်နဲ့ မာန်၊ ဆက်ရိုက်၊ တစ်ချက်တည်းနဲ့ ဒီလောက် အသံခြစ်ငိုမနေနဲ့ မိမံ၊ အလကား ဘာမှ နာတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘွား ပြောတော့ မရိုက်ရက်ဘဲ စိတ်လက်အိုက်လျက် မှ့ရှေ့မှာ မားမားကြီးရပ်ကာ ငိုင်နေသည်က မာန်ပါ။

မှုံကလည်း တကယ့်ကို မျက်ရည်သန်သန်နှင့် ကလေးလိုပဲ အောင့်ငိုနေတော့ ဘာလုပ်ရမှန်း မသိ။ ကောင်မလေး လက်က တကယ့်ကို မူးဥနေသည်ပဲ။ နာရှာမည်ပေါ့ဟု တွေးဖြစ်လျက် ကိုင်ထားသည့်တုတ်ကို မြှောက်မရအောင် လက်ကခဲဆွဲထားသလို လေးနေရပါပြီ။

"ပေးစမ်း ဒီတုတ်၊ ဒီလို ရိုက်ရတယ်ကွ၊ ဒီလို ရိုက်ရတယ်"

ဟု အန်ကယ်ပြည့် ထရပ်။ မာန့်လက်ထဲက တုတ်ကို ယူ၍ တင်ပါးကို ခပ်စပ်စပ်လေး လွှဲရိုက်ပြတော့ ခုမှ တကယ်နာသည့် မှုံမှာ ...

"နာတယ် ဖေဖေရဲ့၊ နာပါတယ်ဆိုမှ"

ဟု တင်ပါးလေးအုပ်၍ ငိုပြောနိုက်၊ ထပ်ရိုက်လိုက်သည့် တုတ်က လက်ဖမိုးလေးထက်မှာ ကျသွားတာမို့ ဖြူဥနေသော လက်ဖမိုးလေးမှာ တုတ်ချောင်း သေးသေးလေးအတိုင်း အရာလေး ရဲခနဲ ထင်သွားတော့ ရင်ထဲမှာနေ၍ မရ။

အန်ကယ်ပြည့် လက်ထဲမှ တုတ်ကို မာန် အတင်းယူ၍ ချိုးပစ်လိုက်မိရပါပြီတည်း။

"သွားတော့ ... သွားတော့၊ အခန်းမှာ ပြန်နေ"

ဟုလည်း မှုံကို ဧည့်ခန်းထဲမှ မာန် နှင်ပစ်လိုက်မိရသည်ကလည်း အန်ကယ်ပြည့် ထပ်ရိုက်မှာ စိုး၍ပါ။

မှုံက ဖျတ်ခနဲ မော့ကြည့်၍ ...

"နင့်ကြောင့် မှုံ အရိုက်ခံရတာ၊ သိပ်မုန်းတာပဲ"



မျက်လုံးလေး ဝင်းတောက်နေအောင် စူးစူးလေးကြည့်ကာ ပြောလည်းပြော။ ငိုလည်း ငိုလျက် ကလေးလိုပဲ အိမ်ပေါ်ထပ် ပြေးတက်သွားတော့ မာန် ငိုင်ငိုင်ကြီး ရပ်ကျန်ခဲ့ရပါ၏။

"တောက် ... ငါ လိုက်ရိုက်လိုက်ရ၊ ဒီကောင်မလေး"

ဟု ပြောသည့် အန်ကယ်ပြည့်ကို တစ်ချက်ကြည့်ပြီး မာန် ဘာမှမပြောတော့ဘဲ ခြံထဲဆင်းခဲ့ရပါပြီ။

စောစောက ရန်ဖြစ်ခဲ့သည့် ရေတမာပင်ရိပ်အောက်မှ ခုံတန်းမှာ တစ်ယောက်တည်း သွားထိုင်ကာ ငိုင်ကျနေမိရသည်ပါပဲ။

မျက်ရည်များ တအိအိ ပြိုကျနေသည့် မျက်နှာဖူးဥဥလေးကိုပဲမြင်လျက် ရင်ထဲမှာ ထိထိနိုက်နိုက်။ ဤမျှ အရိုက်ခံရမည်ဟုတော့ ဘယ်ထင်မိမည်တဲ့လဲလေ။

ကောင်မလေးကို ဘွားဆူတာ၊ ကြိမ်းတာကို ပြုံး၍ကြည့်ချင်သည့်စိတ်ဖြင့် တိုင်မိလိုက်သည်ပါပဲ။ ချောက်ပေါက်တိုးနေသည့် မှုံ့ မျက်နှာလေးကို ကြည့်ရင်း၊ စိတ်ဆိုးလက်တောက်နေသော အကြည့်စူးစူးလေးကို ကြည့်ရင်းဖြင့် ရင်ထဲမှာ ပျော်နေမိချင်သည်ကိုက ထိုအချိန်မျိုးမှာ မှုံ့ မျက်နှာလေး အရမ်းကို ချစ်ဖို့ကောင်းနေ၍ဆိုတာ မိမိဘာသာလည်း နားလည်လာနေမိရပါသည့်အဖြစ်။

မျက်နှာလေး ပန်းနုရင့်ရောင်လေးသမ်းကာ မှုန်တေတေလေးဖြင့် ဂျစ်တိုက်စဉ်များမှာ မျက်ဝန်းလေးတွေကအစ လက်တောက်စူးရှနေတတ်ပါသည့် မှုံ။

ထိုမျက်နှာလေးသည် အဘယ်မျှ ကြည့်ကောင်းပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



စကျွဲတော့ မုံ့ကို မျက်ရည်ကျအောင်။ အနာတရဖြစ်အောင် သူ လုပ်လိုက်မိသလို ဖြစ်သွားခဲ့ရပြီ။

ငိုသည့်ကိုက ကလေးလေး ငိုသလို တုန်း၍ အောင်ငိုသည့် မုံ့။

တကယ့် ကလေးလေးလိုပါလားဟု တွေးဖြစ်ရလျက်...

"ဆောရီး မုံ့ရယ်၊ တကယ်ပါကွာ၊ ဆောရီးပါ"

ဟု ကျိတ်၍ တောင်းပန်မိလိုက်ရပါပြီ။

* * *



"ယား ... အတော်ပဲ ... အတော်ပဲ၊ နောက်ထပ် လက်ဖက်ရည်တစ်ခွက် ဒီကောင် ထပ်ကုန်တော့မှာ၊ ကဲ ... ကဲ ... လိုက်ခဲ့"

မုံ့ အရိုက်ခံရသည့် အဖြစ်အတွက် ရင်ထဲမှာ မကောင်း၊ နိုင်ဘဲ ခေါင်းငုံ့ရင်း ဈေးကားထစ်တွေကို နင်းတက်လာမိက မြင့်အောင်၏ ပျော်ပျော်ကြီး ဆီးကြိုလိုက်သံကြောင့် မော့ကြည့်မိရသည့်အဖြစ်။

လှုံ့စုံတက်နေ ဖြစ်နေသည့် အုပ်စု။ ကြည်စင်ကတော့ ဂျင်းဘောင်းဘီ အညိုဖျော့နှင့် စပို့ရှပ် အညိုကို ရှူးအပြည့်ဖြင့် ဝတ်ထားသည့်အဖြစ်။

မေမေ ကားမောင်းရင်း တစ်လမ်းလုံး ဗိဗိဆူလာသမျှတို့ ခံခဲ့ရပေမယ့် မေမေ ဆူတာကို စိတ်မကောက်ချင်။

"မင်း ... ကောင်မလေးကို နိုင်စားလွန်းနေတယ် မိုးမာန်၊ သူက ကလေး၊ မင်းက အကြီး၊ အန်တီ့ဆီကို သူ့မြေးအကြောင်း တိုင်တာတောတာ ဒါနောက်ဆုံးဖြစ်ပစေ၊ ဒု ... ညစာတောင် ခမျာလေး ဆင်းမစားရှာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်လမ်းလုံး ဆူဆူလာသမျှ ဘာဆိုဘာမျှ အတွန့်မတက်ရဲခဲ့တာ အမှန်။

ငြိမ်လွန်းမက ငြိမ်နေသည့် သူ့ကို ဖေဖေ မသက်ာ ဖြစ်လာလျက် ...

"ဟော့ကောင် ... အသံတိတ်နည်းနဲ့ ကန့်လန့်တိုက်နေတာ လားကွ၊ ဟေ ..."

ဟု လှည့်ငေါက်တာပင် ခံခဲ့ရသေးသည်လေ။

မေမေကတော့ ဖေဖေ ဆူသမျှ အားမှ ခေါင်းလိုက် လိုက်ညိတ်ရင်း ...

"ဟုတ်တယ်၊ သားဖေဖေ ပြောတာ အမှန်ပဲ"

ဟု ထောက်ခံနေသည်ရှည်း။

တကယ်လည်း မှ ညစာထမင်း ဆင်းမစားဘဲ စိတ် ကောက်ဆန္ဒပြရင်း အပေါ်ထပ် အခန်းတံခါးကို ချက်ထိုးပိတ် ထားခဲ့သမျှ မာန်လည်း မျက်နှာပူပူနှင့် ထမင်းမျိုချမရအောင် ပူ ရိုပ်မြုမှာ ဖြစ်ခဲ့ရသည်ပဲ။

"အလကား ... ဒီလိုပဲ သူ စိတ်ကောက်နေကျ၊ နောက် ရိရိက ထမင်းဗန်းလေးနဲ့ ပို့ပေးရင် ထားခဲ့ဆိုပြီး အော် နောက် ... အပြောင်ရှင်းတာတဲ့ သမီး"

ဟု အန်ကယ်ပြည့် ထမင်းဝိုင်းမှာ ပြောတော့ တ ချက် သူ ပြုံးရှင်သွားမိခဲ့သည်။

ဖေဖေက ပြုံးရိပ်လုစ်ခနဲသမ်းသည့် သား၏ မျက်နှ ကို မကြိုက်သလို မျက်နှာထားနှင့် လှမ်းကြည့်တော့ အရှိန်ပြန်သတ် ခဲ့ရသည် မဟုတ်ပါလား။



အဆောင်ကို ကားဖြင့်ပြန်ပို့ပေးခဲ့ပေမယ့် ဖေဖေ မျက်နှာထား တင်းနေဆဲ။ စိတ်ညစ်ညစ်နှင့် အပေါ်ထပ်သို့ တက် လာခိုက် လှေကားမှာပဲ မြင့်ဆောင်တို့နှင့် တိုးရသည့်အဖြစ်။

အခန်းပြန်ကာ တစ်ယောက်တည်း ရှိနေရသည်ထက် ဤကောင်တွေနှင့် လိုက်သွားတာကမှ တော်သေးမည်ဟု တွေးဖြစ် ၏။

ဘာကြောင့်ဆို ... မှ့ မျက်နှာလေးပဲ မျက်ရည်တအိအိ ပြိုကျနေပုံလေးကို မြင်မဆုံးနိုင်သလို ရင်ထဲမကောင်းနိုင်ဘဲ ရှိရှိနေ ရသည်ထက် မြင့်ဆောင်တို့နှင့် အတူရှိနေတော့ ရင်ထဲ အနေသက် သာရှိမှ်မည်လေ။

"ဒီကောင့် အဖြစ်က ငါဖတ်ဖူးတဲ့ ဟိုစာအုပ်ထဲကလို ဖြစ် နေတယ်ကွ"

အဆောင်၏ ခြံဝင်းတံခါးကို ဖြတ်နိုက် စတင်၍ ကြားရသည်က မြင့်ဆောင်၏ စာအုပ်ကြီးအသံ။

ခြေလှမ်း၏ ဦးတည်ရာကတော့ဖြင့် အင်းလျားဘက် ကို ဦးတည်နေ၏။

ကြည့်ရတာ ရှိုးအပြည့်နှင့် ကြည်ဇင်၏ အကျိုးတော် ဆောင်ကြချေမည်ထင့်။

"မောင်စံသူရဲ့ ရွှေနန်းဘွဲ့မှာတမ်း ဆိုတဲ့ စာအုပ်ထဲကကွာ၊ အဟမ်း ဟမ်း ဘာလဲဆိုတော့ ...

မြသားတဲ့လဲ့သို၊ ဆွေကြည်ဖွယ်နိုတဲ့နန်းသို့
ချစ်ပန်းဥဘဏ်နှောင်လို့ ဖလ်ရွှေဆောင်နှောက်ဆီ
ယွှန်းရင်ပဲ လွမ်းဆပိုပို"

www.burmeseclassic.com

www.burmeseclassic.com



အသံနေအသံထားနှင့် ရွတ်ပြနေရင်းမှ ကြည်ဖင့်ကို လှမ်းကြည့်ကာ မြင့်ဆောင် ဟက်ခနဲရယ်သည်။ ကြည်ဖင်ကတော့ ယခုအချိန်မှာ ဘာမျှ မြင့်ဆောင်နှင့် ဆန့်ကျင်၍ ပြောမည့်ဟန်မရှိ။

"ညနေချမ်းရောက်ရင် ဒီကောင်က လွမ်းနေရပြီ၊ အောက်မေ့နေရပြီ၊ ငါတို့ကို လက်ဖက်ရည်တိုက် ... ဟော ... အကြော်တွေ ဘာတွေလဲ ဝယ်ကျွေး၊ လရိပ်လေး လွှမ်းလာရင်ဖြင့် အင်းလျားဆောင်အနီးမှာ ရစ်ဝဲရစ်သီနဲ့ ဟိုအပင်ရိပ်မှီ ဒီအပင်ရိပ်ခိုနဲ့ အဆောင်ခြံစည်းရိုး တစ်ဖက်မှာ လွမ်းလိုက် မျှော်လိုက် မောင့်လပြည့်ဝန်းကို ဆိုလိုက် ... သူ့အသံနဲ့ စိုင်းထီးဆိုင်အသံ ဘာမှမဆိုင်မှန်း မသိသလိုကြီး လုပ်လုပ်ပြီး ငါတို့ကို နှိပ်စက်လိုက်"

ဟု ပြောနေသမျှ ကြည်ဖင်ကတော့ ပြုံးနေသည်ပါပဲ။

"မယုယုဆွေကဖြင့် သူ့ကို စာရင်းထဲ သွင်းထားရဲ့လားတောင် မသိပါဘူး၊ သူ့မှာသာ မောင့်လပြည့်ဝန်း မောင့်လပြည့်ဝန်းနဲ့ လပြည့်ဝန်း သံသရာ လည်နေတာ လမိုက်ညရောက်ရင်လဲ သူက လပြည့်ဝန်းနေတုန်း"

ညတိုင်း မောင့်လပြည့်ဝန်းဖြင့် ယုယုဆွေကို ဂစ်တာသံနှင့် ရင်ဖွင့်လိုက်။

တယောသံနှင့် ရင်ဖွင့်လိုက်ဖြင့် ချစ်သမျှကို လုပ်နေသမျှ ဘေးမှအဖော်လိုက်လိုက်နေကြသည့် အုပ်စုမှာ ညည်းသာ ညည်းကြသည်ပါ။ အဖော်လိုက်ဖို့ကျတော့ ဘယ်တော့မှ ခြေမနှေးကြ။ လက်ဖက်ရည်အုပ်ရ၊ အကြော်တုတ်ရနှင့် ဟန်ကျနေကြချေ သည်ကိုး။



ဂက်စ်မီးခြစ်အဝါဖြင့် သန်းသန်းဆေးပေါ့လိပ်ကို မီးညှိနေရာမှ မြင့်ဆောင် တစ်ချက် ဇော်ဇော့ကို ကြည့်ကာ သက်ပြင်းတစ်ချက် ရှိုက်သည်။

"မင်းက ဘာနားလည်လို့လဲ မွေးသူငယ်ရဲ့၊ ဒီမှာ ငါပြောမယ်၊ ကမ္ဘာကျော် အချစ်မှတ်စုများ စာအုပ်မှာ ငါ ဖတ်ဖူးထားတာ ရှိတယ်"

ဂစ်တာပိုက်ထားရာမှ ဇော်ဇော် စိတ်လက်ညစ်ဟန်ဖြင့် စုတ်တစ်ချက်သပ်ကာ ...

"ကျွတ် ... စာအုပ်ထဲက ဥစ္စာတွေ ကြားရတော့မှာပဲ၊ သူ့ကိုယ်သူ ပညာရှိကလဲ အရမ်းလုပ်ချင်တယ်၊ ပြီးတော့ သူပြောတဲ့ စကားတွေထဲမှာ သူများရေးထားတဲ့ စာအုပ်ထဲက ဥစ္စာတွေချည်း ပြောပြောနေတာပဲ ရှိတယ်၊ ဟော့ ... ကြည်ဖင်လက်ဖက်ရည် အရင်သောက်မယ်ကွာ"

စိတ်ညစ်ညစ်နှင့် ပြောသည့် ဇော်ဇော့် စကားကို အရေးလုပ်ပုံပင် မရ။ မြင့်ဆောင်က ဆေးလိပ်ကိုဖွာကာ မီးခိုးတွေ အဝိုင်းလိုက်ဖြစ်အောင် မှုတ်ထုတ်ပစ်ရင်းမှ ...

"ကျွဲပါးစောင်းတီး ဆိုတာ မင်းလိုပဲ သူငယ်တော် မျက်မှေးရဲ့၊ အလွန်သာယာတဲ့ စောင်းသံကို ကျွဲက မခံစားတတ်ဘူးကွ၊ ခု ငါပြောပြ ဖြန့်ဝေနေတဲ့ ပညာရှိစကားကို မင်း နားမလည်ရှာတာပဲ၊ ငါ့ရင်ထဲမှာ မချိတာပါ၊ အဟင်း ဟင်း"

ခပ်ညင်းညင်း ရယ်လိုက်ပြီးမှ မာန့်ကို တစ်ချက် မြင့်ဆောင် ကြည့်သည်။ တစ်ခုခုကို ခပ်တွေတွေ စဉ်းစားနေတာဖြင့်၏။ လတ်တလော စကားကြောထဲ မျောပါလာပုံမရ။

www.burmeseclassic.com



"အက်ဖ်ဒဗလျူဖာဘာက ပြောတယ်ကွ၊ အဲ ... ဘာလဲဆို တော့ ကြင်နာယုယသော စကားလုံးများတို့သည် ကမ္ဘာ လောကကြီး၏ ဂီတသံပင် ဖြစ်သည်တဲ့။ နှ ... ကြည်ဖင် ရဲ့ ကြင်နာယုယတဲ့ စကားလုံးတွေဟာ သူများ ရေးထား ဆိုထားတဲ့ သီချင်းအားကိုးနဲ့ အဆောင်ရှေ့မှာ မောင့်လပြည့် ဝန်း ဖြစ်လာရတော့တာပဲ၊ တစ်ခု ကံကောင်းတာက ကြည်ဖင် ဆိုတဲ့ကောင် ကိုယ်တိုင်သီချင်းမစပ်တတ်တာရယ်၊ သူများ ဆိုထားတဲ့ သီချင်းထဲက အကောင်းဆုံးကိုရွေးပြီး ဆိုတတ် တာရယ်ကြောင့်ပဲ။ ဒါမှ မဟုတ်ရင် ငါတို့ ဒုက္ခရောက်ကိန်း မြင်တယ်"

ဟု ပြောတော့ ကြည်ဖင်က မြင့်ဆောင်၏ ခေါင်း ကို တစ်ချက်လှမ်း၍ မနာအောင် အုပ်၏။

"ဘာလဲ ... မင်းက ငါ့အသံ မကောင်းဘူးလို့ ပြောတာ လား"

"နို ... မင်းကရော အသံကောင်းနေလို့လား၊ ငါဖြင့် ကိုယ်ထိ ရဲ့ မောင့်လပြည့်ဝန်းကို နမြောတယ်၊ မင်းကြောင့်"

ဖော်ဖော် ပြောတော့ ကြည်ဖင် စိတ်ဓာတ်ကျဟန်ဖြင့် တစ်ချက် မှိုင်ခနဲ ဖြစ်ရာ၏။

"အေးကွာ ... ငါ့ယုယုလေးလဲ ငါ့အသံကိုများ စိတ်ရှုပ်နေ ရှာမလား"

ဟု အားလျော့သံဖြင့် ပြောတော့မှ တကယ် စိတ် ဓာတ်ကျ အားငယ်နေရှာချေပြီဝဲဟု နားလည်လျက် အားလုံး စကားအရှိန် ပြန်သတ်ယူလိုက်ကြရသည်ပါပဲ။



"ငါ ... တကယ့်ကို ချစ်တာကွ"

မျက်ဝန်းများ ရီဝေမှိုင်းညို့လာလျက် ခပ်လေးလေး ကြီး ကြည်ဖင် ပြောတော့ အားလုံး ငြိမ်သွားကြသည်။

"စွဲလမ်းမြတ်နိုးခြင်း ဝေဒနာ ဆိုတာက၊ ဒီလိုပါပဲ ကြည်ဖင် ရာ၊ နောက်တော့လည်း မင်းတို့ချင်း အဆင်ပြေသွားကြတဲ့ အခါကျတော့ ကြည်နူးခြင်းဆိုတဲ့ ခံစားမှုကို ကြည်ကြည်နူးနူး အေးအေးချမ်းချမ်း ခံစားကြရမှာပါ"

သည်လိုကျတော့လည်း အဟုတ်သားဟု တွေးဖြစ် ချက် ဖော်ဖော်က မြင့်ဆောင်ကို မော့ကြည့်မိသည်ပါပဲ။ ကြည်ဖင့် မျက်နှာလည်း အတန်အသင့် ပြန်လန်းလာ၏။ သက်ပြင်းကို ရှိုက် ချင်းမှ ...

"မင်းတို့က ငါ့လို ချစ်မှမချစ်ဘူးသေးတာ၊ သိပ်ဆိုးတယ် ကွာ၊ ညညတွေဆို သူ့ကိုပဲ သတိရနေတာ၊ မြင်ချင်စိတ် ဇောနေတာ၊ သူကတော့ ဘယ်သိမှာလဲ၊ ငါမှာ အိပ်လို့တောင် မပျော်ချင်ဘူး၊ ခက်တယ်ကွာ၊ ဒီအခက်က ဘယ်အခက်နဲ့မှ မတူဘူး"

ခံစားချက်အပြည့်ဖြင့် ပြောနေသည့် ကြည်ဖင့်ကို မြင့်ဆောင်က ...

"ဟုတ်တယ် ... နင်က သစ်ခက်၊ ငါက ပန်းခက်၊ မတူဘူး"

ဟု ပြောတော့ တစ်ချက် ရယ်သံလွင့်ခနဲ ဖြစ်လာရ ပြန်သည်ပါပဲ၊

"ကဲ ... လက်ဖက်ရည် အရင်သောက်ရမလား၊ အကြော် အရင်စားရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ စိစဉ်မယ် ဖော်ဖော်၊ အကြော် အရင်စားမယ်"

မြင့်ဆောင်က အကြော်ဆိုင်ဘက်ကို ဦးတည်လျှောက်လိုက်တာမို့ အားလုံး တက်ညီလက်ညီ လျှောက်ဖြစ်ကြသည်ပါပဲ။

"နေစမ်းပါဦး၊ ဒီကောင်က မောင့်လပြည့်ဝန်း ရမှာမို့ စိတ်လက်လှုပ်ရှားနေတာ ထားပါတော့၊ မင်းက ဘာကိစ္စနဲ့ မျက်စိမျက်နှာပျက်ပြီး အသံတွေ ဘာတွေ ပျောက်နေရတာလဲ"

အကြော်နံ့က သင်းပျံ့ပျံ့။

ချလာသော ချဉ်ရည်ခွက်နှင့် ဆလတ်ရွက် စိမ်းလဲ့လဲ့ လတ်ကို တစ်ချက် နေသားတကျ နေရာပြင်ထားပေးရင်းဖြင့် မြင့်ဆောင် မေးလာတော့ မာန် ဘာမျှပြန်မဖြေ။

ချလာပေးသည့် အကြော်ပန်းကန်ကို ဖော်ဖော် ကြည့်လျက် ...

"နောက်တစ်ပွဲ ထပ်ယူလာပါဦး၊ ဘူးသီးကြော် ပိုထည့်နော်"

ဟု ချာတိတ်လေးကို မှာသည်။ မြင့်ဆောင်၏ မေးခွန်းကို ဘယ်သူမှလိုက်၍ စိတ်ဝင်စားဖော် မရကြသေး။ လက်သွက်သွက်နှင့် ဖော်ဖော် စ၍ ဘူးသီးကြော်တစ်ခုကို လှမ်းယူသည်။ ကြည်ဇင်ကတော့ ဆလတ်ရွက်ကို တစ်ဖဲ့စာ လက်ဖြင့် ဖြတ်ချိုးနေ၏။

"ဒီကောင့် ကိစ္စက ဒီကောင့်ကိစ္စနဲ့ ကွာတယ်"

ပထမ သည်ကောင်၏ အဆုံးမှာ မာန့်ကို လက်ညှိုးထိုးလျက်၊ ဒုတိယ သည်ကောင်၏ အဆုံးမှာ ကြည်ဇင်ကို လက်ညှိုးထိုးသည်။



သူများတကာ ဘူးသီးကြော်ကို လက်သွက်သွက်နှိုက်နေခိုက် မထိသေးသူဆို၍ မြင့်ဆောင်နှင့် မာန်ပဲ ရှိ၏။ မြင့်ဆောင် ကတော့ စကားပြောဖို့ကို စိတ်ထဲ အရေးတကြီး ဖြစ်နေသည်ကိုး။

မာန်ကတော့ စိတ်ထဲ ထိုင်းမှိုင်း ရှုပ်ထွေးနေရသည်မို့ပါ။

"ကြည်ဇင်က ချစ်တဲ့သူကို ပြန်ချစ်စေချင်လို့ ကြိုးစားရင်း ချစ်ခြင်းရဲ့ ဝေဒနာနဲ့အတူ ပင်ပန်းနေရတဲ့ အဖြစ်။ ဒီကောင်က မချစ်တတ်တဲ့စိတ်ကြောင့် ချစ်ရမှာ ဝန်လေးနေပြီး၊ ချစ်ခြင်းတရားရဲ့ ကြည်နူးဖွယ်ရာတွေကို တိမ်းရှောင်ဖို့ ကြိုးစားနေတဲ့ အဖြစ်"

ဟု ပြောတော့ ကြည်ဇင်က မာန့်ကို ကြည့်၍ ...

"ဘယ်လိုလဲ ... မင်းတို့ကိစ္စ၊ လူကြီးတွေဘက်က ဘယ်နှယ်လဲ"

"ပြောင်းလဲမှာ မဟုတ်ပါဘူးကွာ၊ ငါ့ကိုဆို ဖေဖေနဲ့ မေမေက ထစ်ဆိုတာနဲ့ ဖိဆူတော့တာ၊ မုံ့ကိုလဲ သူ့ဖေဖေနဲ့ ဘွားဘွားက ထစ်ဆို ဖိဆူတော့တာပဲ၊ ငါ့ကိုကျတော့ အန်ကယ်ပြည့်နဲ့ ဘွားက အမြဲ ကာကွယ်ပေးတယ်ကွ၊ သူ့သမီးပဲ ဆူတာ၊ ဒီလိုပဲ ဖေဖေနဲ့ မေမေကလဲ မုံ့ကိုဆို အမှန်ချည်းပဲ၊ ငါက ဆူခံထိနေရတာကွ"

"အေး ... ဒါဆို အဆင်ပြေတာပေါ့၊ မင်းတို့များ ညာကြရင် လင်မယား စကားများတဲ့အခါ ဘယ်သူက ဘယ်အိမ်ကို ဆင်းရမယ် ဆိုတာ ကြိုတင်စီစဉ် ဆုံးဖြတ်ထားနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ မင်းက အန်ကယ်ပြည့်တို့ အိမ်ကိုဆင်း၊ မုံ ... အဲ ... မင်းရဲ့ မိုက မင်းဖေဖေနဲ့ မေမေတို့အိမ်ကို ဆင်း၊ ခရီးစရိတ်တော့ သူက ကုန်မှာ၊ တောင်ကြီးကို သွားရမှာကိုး၊ ငွေကြေးအားဖြင့် တွက်ချက်ရင် မင်းဘက်က အကုန်အကျ သက်သာတယ်၊ ဒါကြောင့် ဘတ်ဂျက်မထိအောင် ထစ်ဆို စကားများပြီးတာနဲ့ မင်း အရင်ဆင်း၊ မုံက အိမ်မှာကျန်ခဲ့ပေစေ"

မြင့်ဆောင် ပြောတော့ မာန် မျက်ခုံးကြီး တွန့်ပစ်လိုက်ရင်းမှ စိတ်လက် လေးကျသွားရင်း ...

"ညားကြမယ်တောင် မရှိသေးဘူးဗျာ။ မင်းက ဘယ့်နှယ် ဟိုအိမ်ဆင်းနိုင်း ဒီအိမ်ဆင်းနိုင်း၊ လင်မယား စကားများပြီး အိမ်ပေါ်က ဆင်းတယ်ဆိုတာ ရှက်စရာကြီးဗျ"

ဟု နိမိတ်မကောင်းစကား ပြောရပါမို့လားဟု မျက်နှာပျက်လျက် ပြောတော့ သောက်လက်စ ရေနွေးကြမ်း သီးမတတ် မြင့်ဆောင် ရယ်သည်။

"အလဲလဲ ... သူက ကြံ့ရှက်နေသေးတယ်၊ အဟက် ဟက်၊ ဒါနဲ့များ လက်မထပ်နိုင်ရတာနဲ့၊ မစေ့စပ်ချင်ရတာနဲ့၊ ညားတဲ့အခါ အိမ်ပေါ်က ဆင်းရမှာ ရှက်တဲ့ ဗိုးရှမာန်ရယ် ... ရယ်ချင်တယ်"

"မြင်ပူးချင်လိုက်တာကွာ ... မင်းရဲ့ မုံကို"

ဖော်ဖော် ပြောတော့ မာန် ဘာမျှပြန်မပြော။

မျက်ရည်လေးတွေ တအိအိပြိုကျရင်း ...

"နင့်ကြောင့် မုံ အရိုက်ခံရတာ၊ သိပ်မုန်းတာပဲ"



ဟု ပြောခဲ့သမျှကို ပြန်ကြားယောင်မိလျက် ရင်ထဲ နင့်ခနဲ ခံစားနေမိရပါသည့် အဖြစ်။ ငါ့ကို အရမ်းမုန်းသွားတာပါလားဟု နားလည်နေရသည်ကိုက ရင်ကို ကျဉ်ခနဲနေအောင် ထိခိုက်နေစေသည်ကလည်း ထူးဆန်းချင်၏။

"မင်းတို့ ညားကြမှာ အသေအချာပဲ၊ အဲသလို ငါ ထင်တယ်"

ဟု မြင့်ဆောင် ပြောခိုက် ဖျတ်ခနဲ ကြည့်မိ၏။

ဆေးပေါ့လိပ်ကို မီးပြန်ညှိနေရင်းမှ မြင့်ဆောင်ပြုံး၍ ကြည့်သည်။

"လူကြီးတွေက မင်းတို့နှစ်ယောက်ကို သိပ်သဘောကျနေကြတယ့်ကွ၊ ငါကလည်း သဘောကျတယ်၊ ညားလဲ ညားစေချင်တယ်၊ ဒါမှ ငါတို့ အဆောင်ကျောင်းသားတွေ အတွက် စားအိမ် သောက်အိမ် တိုးမှာ၊ အဟက် ဟက်"

ဟု ပြောတော့ ဖော်ဖော်နှင့် ကြည်ဇင်က ...

"ဟုတ်တယ် ... ဟုတ်တယ်"

နှင့် ပျော်ပျော်ကြီး ထောက်ခံနေကြပြန်သည်မို့ မာန်က စိတ်ပဲညစ်ရမလို၊ လိုက်ပဲ ပြုံးလိုက်ရမလို ခံစားနေရရှင်းမှ ရင်ထဲမှာ ထူးဆန်းစွာ ပျော်လာမိရသည်ပါပဲ။

"ဘာကြောင့် ငါ ပျော်နေမိရပါလိမ့် မုံ"

အံ့သြစွာ မာန် တွေးမိလိုက်ရပါပြီတည်း။

"အေး ... အကြော်တွေ နင်းကန်စားနေပြီး အသံကပ်နေရင် မတတ်နိုင်ဘူးနော်၊ သူ ဝယ်ကျွေးတယ်သာ ပြောတာ ငါတို့ မစားရတော့ဘူး၊ သူ့လက်ချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆောင်က ကြည်ဇင့်ကို လှမ်း၍ အတည်ပေါက် အသိပေးတော့ ယှုလက်စအကြော်ကို ကိုင်ရင်း လပြည့်ဝန်းကို မြတ်နိုးသူ ကြည်ဇင်က တစ်ချက် ရယ်ပြရှာချေ၏။

အင်းလျားကန်ဆီမှ ရေရန့်ပါသော လေအေးမြမြသည် တဖေ့ဖေ့ တိုက်နေဆဲသာတည်း။

* * *



"အဲဒါပေါ့၊ ရှေ့နေဗွားမှ ထောင်လုံးလုံးကျ ဆိုတာ၊ မိပေါက်ပေါက် အကြံနဲ့ ငါတို့ မုံလေးတော့ အိမ်ထောင်ကျ ကိန်း နီးလာပြီ" ၍

လှိုင်းပြာ ပြောတော့ ထွေးထွေးအိက ...

"အေးလေ ... ငါ့မှာလဲ စိန်မနိုင် နာမည်ပဲ အပတ်တင် ကျန်ခဲ့ရတာပဲ ရှိတော့မယ် ထင်ပါရဲ့၊ မိတ်ကပ်အညိုကြီး ဝယ်ရ၊ လိမ်းရ၊ ဘဘအိမ်မှာ အသင့်တွေ့ခဲ့ရတဲ့ ကော်ကိုင်း မျက်မှန်ထူကြီး တပ်ရနဲ့၊ မျက်စိကို မှုန်အိသွားတာပဲ၊ ပါဝါ ထူကြီးဟာ ခေါင်းကို မူးနေရရော"

ဟု ပြောပြီး ထွေးထွေးအိက တစ်ချက်ရယ်သည်။

"အဲဒီခြံက ဘဘတို့က အရင်တုန်းက ငါတို့အိမ်မှာ ဒရိုင်ဘာ လုပ်တာဟ၊ ဘဘညိုရဲ့မိန်းမ ဒေါ်လေးကြည်ရဲ့ ဦးလေး လူပျိုကြီး ဆုံးတော့ အဲဒီခြံ အမွေရတာဟ၊ ဒါကြောင့် ရန်ကုန်ခြံကို ပြောင်းလာကြပြီး ပန်းစိုက်စားခဲ့ကြတာ၊ ငါ့ ကိုတော့ ဒေါ်လေးကြည်ရော ဘဘညိုရော ဟိုအရင်ကတည်း က ချစ်ကြတော့၊ ငါ ရန်ကုန်ကို ရောက်တာနဲ့၊ အဲဒီကို မိဘ မိပေါက်နဲ့အတူ သွားခဲ့ဖူးတာပဲ၊ ဖေဖေ ထည့်ပေးလိုက်တဲ့ တရားစာအုပ်လဲ ပေးရင်း ဆိုပါတော့၊ ခု အဲဒီခြံမှာ ငါက

www.burmeseclassic.com

www.burmeseclassic.com



ပေဒင်ဆရာမ လုပ်ရမယ်ဆိုတဲ့ အကြံ၊ ဒီကောင်ပဲ ရတာ၊ လပြည့်နေ့ဆို ဘဘညိုတို့ကလဲ ဘုရားသွားကြတာ ဆိုတော့ အဲဒီခြံမှာ ခြံအလုပ်သမားလောက်ပဲ ကျန်ခဲ့တာ"

ထွေးထွေးအိ ပြောပြီး ခေါင်းတစ်ချက် ခါ၏။

"ခုတော့ ငါ့မှာ ဘဘညို အိမ်မှာ ပေဒင်ဆရာမ လုပ်လိုက်ရတာပဲ အပတ်တင်တော့မယ် ထင်ပါရဲ့၊ နင့်ဖေဖေနဲ့ ဘွားက နောက်ဆုတ်မှာမှ မဟုတ်တာ၊ နင်တောင်မှ အတီးခံရတယ်ဆိုတော့ နင် အဲဒီမာန်နဲ့ ညားမှာပဲ"

ဟု ထွေးထွေးအိ အတပ်ပြောနေသမျှ လှိုင်းပြာက မျက်မှန်ကို လက်ညှိုးဖြင့်ပင့်၍ ...

"အခုယောက်တဲ့ ပေဒင်ပဲ မှန်ကိန်းမြင်တယ်၊ ညားပါစေတော့ဟာ၊ စားအိမ် သောက်အိမ် ထပ်တိုးတာပေါ့"

ဟု ပြောတော့ မှံ မျက်စောင်းထိုးမိသည်ပါပဲ။

ရင်ထဲမှာတော့ လန့်နေတာ အမှန်။ တကယ်များ လေကြီးလေကျယ်နှင့် အရမ်းကို အတိုင်အတော ထွာသည့် မာန်နှင့် ညားနေမည်လား မသိ။

"ငါတော့ စိတ်ညစ်တာပဲ သိတော့တယ်ဟာ"

ဟု ပြောပြီး မျက်ရည်ဝဲလျက် ငြိမ်နေတော့ ပေါက်ပေါက်လည်း စိတ်မောလက်မော ပုံလေးဖြင့် ...

"ဆက်ကြိုးစားကြသေးတာပေါ့ မှံရာ"

"နင် ကြိုးစားတာ ရပ်လိုက်ရင် ကောင်းမယ်၊ နင် ကြိုးစားလေ မာန်နဲ့ ပိုနီးစပ်လေ ဖြစ်နေသလိုကြီးပဲ လာလာဖြစ်တည်နေတာ ရင်လေးစရာကြီးဟ"



လှိုင်းပြာ လက်ခါ ခြေခါနှင့် ဩဘာပေးခိုက်၊ ထွေးထွေးအိက စိတ်ပါလက်ပါ ခေါင်းညိတ် ထောက်ခံနေပါ၏။

"မာန်က လူတော့ လူချောဟ၊ စိတ်လဲ ရှည်ရှာပါတယ်"

လှိုင်းပြာ ပြောတော့ ပေါက်ပေါက် မျက်လုံးပြူး၍ ကြည့်သည်။

"နင်က တစ်ခါပဲ တွေ့ရသေးတယ်၊ ဘယ့်နှယ် ဖြစ်နေတာလဲ"

"ဟဲ့ ... သွားချင်တဲ့နေရာ လိုက်ပို့ပေးတာပဲ မဟုတ်လား၊ စိန်မေနိုင့် အိမ်ကို ရောက်ရတာပဲ ကြည့်ပါလား"

"ရောက်တော့ မိမှံလေး ပြန်အတိုင်ခံရတာကျတော့ စိတ်ရှည်ရှာတာလား၊ အပြောအဆိုကို ချက်ချင်း ပြွင်ဆင်ပါ"

ပေါက်ပေါက် ငေါက်ခိုက် ဇက်ကလေးပု၍ ထွေးထွေးအိနှင့် လှိုင်းပြာတို့ ရယ်ကြပါ၏။

အချဉ်ထုပ်ကို စားရင်း သစ်ပင်အောက်မှာ ထိုင်ကြလျက် မှံ့ကို လာကြိုမည့် လေးလေးဆွေ၏ ကားကို စောင့်နေကြခြင်းပါ။

"ဟော ... လာပြီ"

ဟု ပေါက်ပေါက် ပြောနေခိုက်မှာပဲ လေးလေးဆွေ၏ ကားဖြူလေးက လမ်းဘေးမှာ ရပ်သွားပါပြီ။

ကားပေါ်မှာ ဘွား ပါလာ၍ ပေါက်ပေါက်တို့အားလုံး ကားနားအထိ လိုက်မပို့ရဲကြတော့ဘဲ မျက်နှာသေလေးတွေနှင့် သစ်ပင်ရိပ်အောက်မှာပဲ ကြောက်ကြောက်နှင့် ရပ်နေကြပါပြီ။ ဇောင်ကိစ္စ ပေါက်ပေါက်တို့ပါတာ ဘွား သိထားသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဒီမှာပဲ ရပ်နေကြမယ်ဟာယ်၊ နင် ... တစ်ယောက်တည်း သွားလိုက်တော့နော်၊ ကားနားအထိ ငါတို့ မလိုက်ကြတော့ဘူး"

ဟု ပေါက်ပေါက် ပြောတော့ မုံ လွယ်အိတ်လေး ဆိုက်လျက်ဖြင့် ကားဆီသို့ လျှောက်ခဲ့ပါ၏။

"ကဲ ... မိချွေမုံ ... ငါသောမှာထိုင်၊ အိမ်ရောက်ရင် ညည်း ဘာမှ အတွန့်တက်ဖို့ မကြိုးစားနဲ့၊ ငါ့စကား အားလုံး နားထောင်"

ဟု ပြောလာသည့် ဘွားစကားကြီးကြောင့် မုံ ခေါင်းကြီးသွားရပါပြီတည်း။

ဘုရားရေ ... ကောက်ကာငင်ကာများ မုံ့ကို စေ့စပ်ပေးလိုက်ကြတော့မည်လား မသိ။

ကားပေါ် ပါလာရပေမယ့် ဘုရားစာတွေချည်း စိတ်ထဲမှ တောက်လျှောက် ရွတ်လာရသည့် မုံမှာ အိမ်ရှေ့မှာ မာန်တို့ကားလေး ရပ်မထားတာ မြင်ရမှ စိတ်တစ်ထစ် အေးရသည်။

"လွယ်အိတ်ကို စလွယ်သိုင်း လွယ်ထားတာ ပြင်စမ်း မိမုံ၊ ဒီလိုလွယ်တာ မကြိုက်ဘူးလို့ ဘွား ပြောထားတာ မေ့တာများနေပြီ"

ဟု ပြောတာမို့ လွယ်အိတ်လေးကို ပခုံးပေါ် ပြင်၍ ချိတ်လွယ်လိုက်ရင်း၊ မုံ စိတ်လေးလေးနှင့် ကားပေါ်မှ ဆင်းရသည်။

မနေ့ကတည်းက မုံ မျက်နှာသာ တစ်ချက်လေးမှ မရတော့တာ အမှန် ...။



ညှော်ခန်းထဲ ဝင်တော့ အသားဖြူနွဲ့နွဲ့လေးနှင့် ဆံပင်ညှပ်ကြီးကို တစ်ချောင်းတည်း ကျစ်ချထားလျက် ယဉ်နွဲ့နွဲ့ဖြင့် ချောနေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရတာမို့ မုံ ခပ်ငေးငေးလေး ကြည့်မိရပါပြီ။

"အဲဒါပဲ မွန်၊ မွန် ထိန်းကျောင်း သင်ကြားပေးရမယ့် မိမုံဆိုတာ၊ မိမုံ ... ဒါ ညည်းဆရာမ၊ ညည်းကို မိန်းကလေးပီသအောင် မိုင်းကောင်းကျောက်ဖိ ဖြစ်အောင် အိမ်တွင်းမှုကိစ္စတွေ သင်ပေးမဲ့ ဆရာမလေးပဲ၊ နာမည်က သက်မွန်မွန်တဲ့၊ ဘွားစကား၊ ဘွားသင်ပေးတာတွေကျတော့ ဘယ်တော့မှ လိုက်မှတ်သားဖို့ စိတ်မကူးဘဲ ချွဲလိုက် မုန့်ဖိုးတောင်းလိုက် လုပ်ခဲ့တာ များပြီ"

ဂုဏ်ပုဒ်တွေ တစ်သီကြီးနှင့် ဩဘာပေး ဂုဏ်ဖော်ခံနေရသမျှ မုံ ရှက်သည်ပေါ့။

"အရင်တုန်းကတော့ ကလေးပဲ ဆိုပြီး ဘွား လျှော့ပေးခဲ့တာများခဲ့ပြီ၊ ခုတော့ မရဘူး၊ သွေးသားမို့ဆိုပြီး ဘွားကို ချွဲခဲ့တာကို ဘွား ခွင့်မပြုနိုင်တော့ဘူး၊ ဒါကြောင့် ဘွား မွှင့်ထားတဲ့ ရတနာဆိုင်က သက်မွန်မွန်လေးကို အိမ်မှာခေါ်ပြီး မြေးကို သင်ပေးဖို့ ခေါ်လာခဲ့တာပဲ"

ဘွားက ဆိုဖာထက်တွင်ထိုင်၍ ခပ်တင်းတင်း ပြောသမျှ မုံ ငြိမ်နေရပါ၏။ ငြင်းလည်း မငြင်းရဲ။ ဖေဒင်ကိစ္စက လောလောလတ်လတ်ပဲ ရှိထားခဲ့သေးသည် မဟုတ်ပါလား။ ဂျီထကန်နေလျှင် ဘွား ထ၍ ခေါင်းခေါက်မှာ သေချာသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စ မေမေကလည်း သဘောတူထားပုံ ရသည်။ မုံ့ကို မိန်းကလေး ပီသအောင် ဆိုတော့ မုံက ခု မိန်းကလေး မပီသဘဲ ယောကျ်ားလေး ဖြစ်နေတာကျလို့ ဟုတော့ ရင်ထဲက ထုံးစံအတိုင်း ကျိတ်စွာ ကျိတ်တွေး နေမိရပါ၏။

မုံ၏ မှုန်ကျသွားသော မျက်နှာပေးကို ကြည့်၍ ဘွား တစ်ချက် ရှောင်းဟန့်၏။ သတိပေးခြင်း ဆိုတာ နားလည်လျက် မုံ မျက်နှာထားလေးကို ကမန်းကတန်း ပြင်ရပြန်ပြီ။

"စိတ်ညစ်လိုက်တာနော်၊ သူက ဘာတွေများ သင်နေမှာလဲ မသိ၊ မနက်လဲ အစောကြီး ထရတော့မယ် ထင်တယ်"

ဟု ကြိတ်တင် စိတ်ညစ်နေလျက် မုံ လွယ်အိတ်လေးကို ပိုက်လိုက်မိကာ သိုးမွေး ဖွားဖွားလေးတွေကို လက်ဖြင့်ပွတ်နေမိရသည်။ တကယ်က စိတ်ရှုပ်နေ၍ပါ။

"စနေ၊ တနင်္ဂနွေ အပြင်ထွက်ဖို့ စိတ်မကူးပါနဲ့၊ သူငယ်ချင်းတွေ အိမ်ကို အလည်လာနိုင်တယ်၊ ညည်း ထွက်ခွင့်မရှိဘူး၊ ဒါ မနေ့က ညည်း လုပ်ခဲ့တဲ့ အပြစ်ကြောင့်ပဲ၊ ဒဏ်ပေးတာ"

"မုံတော့ ပျင်းတာနဲ့ သေမှာပဲ"

လွှတ်ခနဲ ကလေးလိုပဲ ငိုမဲ့မဲ့လေး ပြောလာတော့ သက်မှုန်မှုန်ပင် ပြုံးသွားရလျက် မုံ့ကို ငေးကြည့်လာသည့် အဖြစ်။

"ပျင်းဖို့တောင် ညည်းမှာ ရှိမှာမဟုတ်ဘူး၊ အိမ်အလုပ်တွေ ပြည့်လို့၊ ကဲ ... သမီး မှုန်မှုန်၊ ဒီညနေပိုင်းမှာပဲ သူ့ကို သင်တန်းစပေတော့၊ စကားနားမထောင်ရင် အန်တီကို ပြော၊ မှုန် ကိုယ်တိုင်လဲ ရိုက်နိုင်တယ်"



အပြီးအပိုင်နေလိုက်တာဟု တွေးဖြစ်လျက် မုံ မျက်နှာလေး ငယ်ကျသွားရပါပြီ။

"ငါတော့ ချောင်ကိန်း မမြင်တော့ပါလားနော်"

ဟု ရင်ထဲ ညည်းဖြစ်လျက် ရုတ်ခနဲ မှုပိုင်အကျင့်လေးအတိုင်း ခေါင်းကို ဖိနှိပ်လိုက်ရင်းမှ ...

"မုံဖြင့် ခေါင်းတွေ ကိုက်လာပြီ၊ ကျွတ် ... တကယ်ကိုက်လာတာ ဘွားရဲ့၊ မုံ အိပ်နေမှ သက်သာမှာ"

ဟု ပေတောတောလေး ဖွတ်ပြောကာ နေရာမှ အပြေးပင် အိမ်ပေါ်ထပ် တက်သွားတော့ ...

"ဟဲ့ ... ဒီကောင်မလေး၊ အဲဒါကြည့် ... အဲဒါကြည့်တော့ မှုန်မှုန်ရေ"

ဟု ဘွား ပြောကျန်ခဲ့စဉ် မုံ တစ်ချက် လှည့်ကြည့်တော့ ပြုံး၍ အေးချမ်းစွာ မော့ကြည့်နေသည့် ဆရာမလေး၏ မျက်နှာကို မြင်ရပါ၏။ မျက်ဝန်းလေးတွေက အေးချမ်းလျက် စိတ်ရှည်ကြင်နာမည့် အရိပ်လေးတွေ ပြည့်နေသည်ဟုတော့ မုံ ထင်သည်။

ဒါပေမဲ့ မုံက ဘာတွေ သင်ရမည်မသိ။

ဘယ်ကိုမှ မလည်ရ ဆိုကတည်းက မုံ စိတ်လက်ညစ်ကျသွားရသည်လေ။

စိတ်ရှုပ် နောက်ကျိလာတာမို့လည်း မုံ တကယ်ခေါင်းကိုက်ချင်ချင် ဖြစ်လာရသည်မှာ အမှန်ပါ။

အခန်းထဲရောက်တော့ ဖုတ်ခနဲ လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်ပြီး အဝတ်အစား မလဲနိုင်ဘဲ ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချကာ ငိုင်နေမိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း မုံ့ကို ဒေါ်ကြီးရွှေက မီးဖိုချောင်ကိစ္စ သင်ပေးလျှင် လိုက်လုပ်ချင်တာနည်းနည်း။ အိုးခွက်လုန်၍ အစား အုပ်ချင်တာက များများ။

ဘွား ဆိုတာကလည်း ဖေဖေနှင့်အတူ ရတနာဆိုင် အထိုင်များရတာမို့ အချိန်ရရိုက်မှာသာ မုံ့ကို တစ်နေ့ တစ်နေ့ သင် ပေးသွားပေမယ့် ဘွား ရင်ခွင်ထဲ ခေါင်းဖွေ့တိုးဝင် ချွဲနွဲ့နေချိန်က များနေတတ်သည်ချည်း။

အနေချောင်ခဲ့သမျှ ခုမှ မုံ့ကို ဆရာမလေးကို အိမ် ပေါ် အပြတ်ခေါ်တင်ပြီး သင်ပေးစေတော့မည် ဆိုတော့ မုံ့ စိတ် လက်ညစ်နေရသည့် အဖြစ်။

ခြေသံ ကြားတာမို့ ကမန်းကတန်း အိပ်ရာပေါ် လှဲ ချပစ်လိုက်ကာ စောင်ကိုဆွဲ၍ ခြုံပစ်လိုက်သည်ပါပဲ။

အခန်းတွင်းသို့ ဘွားနှင့် ဆရာမမွှန် ဝင်လာတော့ မုံ့ စောင်ကြီးခြုံရင်း ချွေးပြန်နေရပါ၏။ စောင်ကိုလည်း မလှပ်ရဲ။ မုံ့ နေမကောင်းဘဲ ဖြစ်ပြမှ ဤနေ့မှာ မုံ့ စိတ်လက် အနားယူနိုင်ချေ ဦးမည် မဟုတ်ပါလား။ ဒါမှမဟုတ်။ ဘာတွေ သင်ပေး၍ ဘာတွေ လိုက်မှတ်၊ လိုက်လုပ်ရချေမည်လဲမှ မသိချေဘဲလေ။

"မုံ့လေး … အန်တီမွှန် နှုတ်ဆက်မယ်နော်"

ဟု အေးချမ်းစွာ ခုတင်ဘေးမှာ ထိုင်ရင်း နှုတ်ဆက် လာသည့် ဆရာမလေးကို မုံ့ တစ်ချက် မှောင့်ကြည့်ဖြစ်၏။ ဘွား ကို ဆရာမလေးမွှန်၊ အို … မဟုတ်သေး။ အန်တီမွှန်က ဘာပြောထား သည်မသိ။ ဘွား ဘာမှမပြောဘဲ ဘေးမှာရပ်ကြည့်နေ၏။ ဒါပေမဲ့ မုံ့ မဖျားတာကို ဘွား သိထားသည်ပဲ။ မျက်နှာက တင်း နေ၏။



"နားထင်ကြောလေးတွေ ခုန်နေတာ အမှန်ပဲ အန်တီ၊ မုံ့လေး ခေါင်းကိုက်နေရှာတာ တကယ်ပါ၊ မုံ့လေး … နား နေနော်၊ ဖျားချင်နေတယ် ဆိုတော့ ပေါင်မုန့်နဲ့ ကြက်ဥ ကြော်စား၊ ဟုတ်လား"

ဟု အန်တီမွှန် ပြောတော့ မုံ့ ခေါင်းလေးပဲ ညိတ် ပြလိုက်မိပါ၏။

ဆရာမလေး အန်တီမွှန်က ဘယ်ဆိုးလို့လဲဟု တွေး ဖြစ်၏။

"အေး … အဲဒါပဲ ကောင်းတယ်၊ အိမ်မှာ ပုစွန်ကျားတွေ ချက်ထားတာ၊ ပဲကုလားဟင်းနဲ့ မြင်းခွာရွက်သုပ်နဲ့၊ အဲဒါ တွေ ညည်း ငတ်ပြီ"

ဟု ဘွား ပြောလာတော့ မုံ့ မျက်နှာလေး ငယ်ကျ သွားရလျက် အပျော်တွေ ပျောက်သွားရသည့်အဖြစ်။ ခုမှတော့ မုံ့ ကြိုက်တာတွေ ငတ်ရုံမှတစ်ပါး ဘာရှိတော့မည်တဲ့လဲလေ။

"ကဲ … အိပ်နေနော်၊ တစ်အောင့်လောက်နေမှ မီကျော့နဲ့ စားစရာ ပို့နိုင်းလိုက်မယ်၊ ဟုတ်လား"

ဟု အန်တီမွှန်ကတော့ အေးချမ်းစွာ ပြောပြီး ပြုံး၍ မွန့်ကိုယ်ပေါ်မှ စောင်လေးကို ပြင်ခြုံပေးခဲ့ကာ ဘွားနှင့် ပြန်ထွက် သွားတော့ ခုတင်ပေါ် ထထိုင်လိုက်ရင်း စိတ်ညစ်ကျန်ခဲ့ရပါပြီ။

တစ်အောင့်လောက် ကြာတော့ တကယ်ပဲ မီကျော့ နားနို့ပန်ခွက် ကိုင်းတပ်ကြီးနှင့် တစ်ခွက်။ ပေါင်မုန့်နှင့် ကြက်ဥ ကြော် ပူပူနွေးနွေးတို့ကို လင်ပန်းနှင့် သယ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥကြော်ထက်မှာ ငရုတ်ကောင်းမှုန့်လေးတွေပင် ဖြူးထားလိုက်သေးသည်။ နွားနို့ကလည်း ပူပူကြီးပါ။

"ဒီမှာ ... ခဏစောင့်၊ ငါ စားကြည့်ဦးမယ်"

ဟု ပြောကာ ပေါင်မုန့်တစ်ချပ်ကိုယူ၍ ကြက်ဥ ဟတ်ဖရိုင်ကြော်ဖြင့် စားသည်။

"ဆားပေါ့တယ်၊ ဆားခွက် ယူခဲ့"

စိတ်တိုတိုနှင့် စားမာန် ခုတ်နေသည့်က ပုစွန်ကျ တွေချည်း မြင်မြင်နေ၍ပါ။

မျက်နှာထားနှင့် ဖြစ်နေသည့် မုံ့ လက်သံကို ခေါင် ခေါက်ခံရပေါင်း များပြီမို့ မိကျော့ သော့ခနဲ ပြေးဆင်းရှာ၏။ ပြ လာတော့ စတီးလ်ပန်းကန်ငယ်လေးထဲမှာ ဆားပါလာသည်။

နွားနို့ကို သောက်ကြည့်ကာ မျက်နှာလေးတင်း၍

"သွား ... နွားနို့ထဲမှာ သကြားတွေ နင်းကန်များနေတ ဒီထဲက နွားနို့တစ်ဝက်ကို တခြားဖန်ခွက်ထဲ ထည့်ပြီး နွားနို့ချည်းသက်သက် ဒီဖန်ခွက်ထဲ ပြန်လောင်းထည့်ခဲ့၊ ပါစေ"

ဟု ဂျီတိုက်နေသမျှ မိကျော့မှာ အပေါ်တက် ပြန်ဆင် နှင့် အခေါက်ခါခါ လုပ်ပေးရရှာပါ၏။ ဒါပေမဲ့ အန်တီမွန် ဘွားရော မသိကြတာလား မပြောတတ်။ ဘယ်သူ ဘယ်သူ တက်လိုက်လာတာ မရှိကြ။ မုံ့ကို ဘွားလည်း လာမဆူ။

"ဒီမှာ ... နင် ဒီလောက် ပြေးဆင်း ပြေးတက် လုပ်နေတ ဘွား မြင်လား"

"မြင်ပါတယ်"



မနေနိုင်၍ မေးကြည့်တော့လည်း မိကျော့ ဖြေသမျှ ကြားရစဉ်ခိုက် ရင်ထဲ အံ့သြချင်၏။

"ရိရိ့ကို လွှတ်လိုက်"

စားသောက်ပြီးတော့ မုံ့ ပြောလိုက်သည်မို့ မိကျော့ ခေါင်းလေးညိတ်ကာ လင်ပန်းကလေးကို ပြန်သယ်သွားရှာ၏။

ရိရိ ရောက်လာတော့ ခုတင်ထက်မှာထိုင်ရင်း မုံ့က ကလေးပိုက်လိုက်ကာ ...

"ဒီမှာ ရိရိ ...ဒေါ်ကြီးရွှေကို တိုးတိုးလေးပြော၊ ငါ့အတွက် ပုစွန်ကျော်နဲ့ ထမင်းနဲ့ ခေါက်ဖေးဘက်က လှေကားအတိုင်း တက်လာပြီး နင့်ကို ပို့ပေးခိုင်းတယ်လို့ပြော၊ ပဲကုလားဟင်း ရော မြင်းခွာရွက်သုပ်ရော ချန်ထားပေးဦးလို့ ချိုင့်နဲ့ထည့်ယူ လာခဲ့၊ ကြားလား ... ဘွား မမြင်စေနဲ့"

ဟု တိုးကျိတ်ကျိတ်မှာတော့ ရိရိက ပုစွန်ကျော်ကို ကြိုက်ရှာသည့် မုံ့ကို သနားစိတ်ဖြင့် ခေါင်းညိတ်လိုက်ရှာ ည်ပါပဲ။

ခုမှ ... မုံ့ စိတ်လက်ချမ်းမြေ့ ကြည်ဆင်းသွားရသည် ပဲ။

မုံ့ ... စားချင်တာ စားရတော့မည်လေ ...။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတွေတိုက်ရ၊ အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးကို ပွတ်လုံးတွေ လက်ရန်းတွေကအစ ပြောင်လက်နေအောင် တိုက်ရ။ မီးဖိုခန်းနှင့် ထမင်းစားခန်းရှိ ခင်းထားသော ကျောက်ပြားကွက်တွေ ထင်းလက်နေအောင် ရေပတ်တိုက်ရ ပွတ်ရနှင့် လက်မောင်းတွေ အောင့်တက်နေရသည်က မုံ။

"အင့် ... ဟင့် ... အီး ... အီး ... မုံဖြင့် လက်တွေကျိန်းစပ်နေတာပဲ၊ ကြည့်ပါဦး ဒေါ်ကြီးရွှေရယ်"

မုံ မျက်ရည်တွေ ပြိုကျနေရင်း ငိုပြောတော့ ဒေါ်ကြီးရွှေ သက်ပြင်းရှိုက်ရှာ၏။

မုံကို ငယ်ကတည်းက ထိန်းကျောင်းခဲ့ရတာမို့ ဒေါ်ကြီးရွှေ ချစ်လည်းချစ်၊ အရမ်းလည်း သံယောဇဉ်ကြီးရသည်မှာ အမှန်ပါ။

"ကဲ ... ကဲ ... ကလေး ခဏနား၊ ဒေါ်ကြီးလုပ်မယ်"

ဟု ပြောကာ ဆေးလက်စ အိုးတွေ ပန်းကန်တွေကို ချထားလိုက်လျက် ဒေါ်ကြီးရွှေ ရေစိုဝတ်နှင့် ကြမ်းတိုက်နေရာမှာ သွား၏ ...



"မရွှေ ... ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ ဒီကလေး ဒီလောက် ရောင့်တက် အပျင်းထူပြီး လောကမှာ အစစအဆင်ပြေနေတယ်ချည်း ထင်နေတာက အဲလို အလိုလိုက်နေလို့ပဲ၊ မီမုံ လုပ်စမ်း"

အသံတင်းတင်းနှင့်အတူ ခန်းဆီးကို လှစ်ဟ၍ ဝင်လာတော့ မုံ မျက်ရည်ကိုသုတ်၊ နှုတ်ခမ်းလေးစူ၍ ရေစိုအဝတ်ကို ကောက်ကိုင်၏။

တနင်္ဂနွေနေ့မို့ ရုပ်ပြကာတွန်းတွေ ဖတ်ရမည်လားမှတ်သည်။ ခုကျတော့ အလုပ်ချည်း လုပ်နေရတာနှင့် နေ့လယ်စာစားချိန်နီးမှ အလုပ်က ပြတ်မည့်ကိန်း ဆိုက်နေ၏။

"မိကျော့ ... ရှိရှိ"

"မအော်နဲ့၊ သူတို့ကို ခြံထဲမှာ ပေါင်းပင်တွေ လိုက်နှိုင်းထားတယ်၊ ပန်းပင်တွေ မြေတောင်မြှောက်ဖို့ ဆောင်ဆွေ့ကို ကူညီခိုင်းထားတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ အကူမခေါ်နဲ့"

ဟု ဘွားပြောတော့ ဖတ်ခနဲ ရေစိုဝတ်ကို ကြမ်းပေါ်ချ။ ကိုယ်တိုင်လည်း ကြမ်းပြင်မှာ ခြေသြော်းလွှန်း၍ ခြေဆင်းထိုင်ကာ ...

"ခြေသလုံးတွေ တောင့်လုပြီ ဘွားရ၊ လက်မောင်းတွေလဲ အောင့်လုပြီ"

"လုပ်ရမှာပဲ၊ ညည်း တစ်နေ့ အိမ်ထောင်ရှင်မ ဖြစ်ရင် ညည်းအိမ်ကို ဘယ်လိုထိန်းသိမ်းမလဲ၊ ကိုယ်တိုင် မလုပ်ဘဲ ကူဖော်လောင်ဖက် အိမ်ဖော်နဲ့ နေရတယ်ပဲထား၊ ကိုယ်က ခိုင်းတတ်မှ၊ အဲလို ခိုင်းတတ်ဖို့ ဆိုတာကလဲ ကိုယ်တိုင်က

www.burmeseclassic.com



လုပ်တတ်မှာပေါ့၊ ဘာမှမလုပ်တတ်တဲ့ မိန်းမတစ်ယောက်ရဲ့အိမ်မှာ အိမ်ဖော်ရှိရင် အဲဒီအိမ်ဖော်ဟာ သူလုပ်ချင်သလိုလုပ်၊ ချက်ချင်သလိုချက်၊ တိုက်ချွတ် ဆေးကြောတာလဲ သန့်ချင်မှသန့်၊ ငွေယိုပေါက်လဲများ"

မုံဖြင့် လဲသေလိုက်ချင်သည်ပါပဲ။

သက်သာမည်လားဟူ၍ ဘွားကို မော့ရွဲပြောလိုက်မိသည့် ပါးစပ်လေးကို ပိနေအောင် ပိတ်ချထားလိုက်ရသည့် အဖြစ်။ ဘွား ပြောနေသည့် အိမ်မှုသိမ်းထုပ် သေချာသည့် ကိစ္စကြီး ဝင်ဝင်လာတိုင်း တကယ့်ကိုများ မာန်နှင့် လာက်ထပ်ပေးဖို့ နိုင်းပြင်းနီးကပ်လာပြီလားဟု လန့်လန့်နေရသည်က မုံပါ။

"မုံလေး ... နားတော့၊ ရေမိုးချိုး ဟုတ်လား"

ဟု ဒေါ်ကြီးရွှေ ပြောပေးနိုက် ရေစိုအဝတ်ကို ဝမ်းသာအားရလေး မုံ ချလိုက်စဉ်မှာပဲ ...

"မုံလေးရေ ... ခြံထဲမှာ သစ်ရွက်တွေ ကြွေလိုက်တာကွယ်၊ အုန်းတံမြက်စည်းနဲ့ လှည်းလိုက်ပါလားဟင်၊ ပြီးရင် ရေမိုးချိုး၊ တစ်လက်စတည်း ခေါင်းလေးပါ လျှော်လိုက်နော်၊ မမမွှန် တာလျှော်ကင်ပွန်းပြုတ်ပြီး ခေါင်းလျှော်ရည် လုပ်ထားတယ်၊ မုံ ရေချိုးခန်းမှာ ကြွေရေသုတ် စလုံလေးထဲမှာ အသင့်လျှော်ရုံပဲ"

ဟု ပြုံးပြုံးလေး အခန်းထဲ ဝင်လာကာ ကိုယ်တိုင်လည်း ခေါက်ဆွဲကြော်ဖို့ စားပွဲဗိုင်းမှာ ဂေါ်ဖီထုပ်နှင့် ပန်းမုံလာပွင့်တိုကို ဓားလေးဖြင့် လှီးနေသည့် အန်တီမွှန်ကို မုံ ငိုမဲ့မဲ့လေး ကြည့်မိ၍ပါ၏။



ဖေဖေကအစ အန်တီမွှန့် စကား နားမထောင်လျှင် အိုဖြူ ကြိမ်လုံးစာနှင့် တစ်တန်းတည်း ဖြစ်မည်ဟု ပြောထားနှင့်တာမို့ မငြင်းရဲ။

ဒါပေမဲ့ အန်တီမွှန့်ကို ဤပုလဲရိပ်မြုံမှ မြန်မြန်ပြန်သွားစေချင်တာကတော့ ရင်ထဲက စစ်မှန်သော ဆန္ဒပါ။

ခု ... မုံက မချောင်ဘဲလေ။

စာကြည့်စားပွဲက အစ သေသေသပ်သပ် စာအုပ်တွေစီရ။ ခေါင်းအုံးကို မနက်တိုင်း ပြန့်အောင်ပြန်ဖြန့်ရ၊ အိပ်ရာခင်း၊ စောင်တွေကို ပြန့်နေအောင်ဖြန့်၊ သေသေသပ်သပ် ခေါက်ရပြုရနှင့် မုံ့မှာ ယခင်ကလို ရီရီ လေပေါတာ ကုလားထိုင်မှာ ခြေချိတ်နားထောင်ရင်း ဇိမ်ကျကျနှင့် ရီရီ အိပ်ရာခေါက်တာကို ထိုင်ကြည့်နေရတာမျိုး မရှိတော့ဘဲလေ။

"နောက်မှ မုံလေးကို ခေါက်ဆွဲကြော်နိုင်းမယ်၊ နောက် ... အုန်းနို့ခေါက်ဆွဲတို့၊ အုန်းထမင်းချက်တာတို့ သင်ပေးမယ်၊ ပထမဆုံးတော့ ထမင်းချက်တာ သေချာသင်ရမှာ"

"အန်တီမွှန်ကလဲ ရိုက်(စ်)ကွတ်ကာနဲ့ ချက်လိုက်ရတာပဲ၊ မုံ ချက်တတ်ပါတယ်"

"မဟုတ်ဘူးလေ ... မီးသွေးနဲ့ ထင်းနဲ့ ချက်တာမျိုးလဲ တတ်ထားရမှာပေါ့ကွယ်"

ဟု ပြောတော့ မုံ စိတ်လက်ညစ်လျက် ရေစိုအဝတ်ကို ကြိုးတန်းမှာ သွားလှမ်းသည်။

"ဪ ... မုံလေးရေ ... မုံ ကြမ်းတိုက်ထားတာ ဧည့်ခန်းတံခါးကြီးရဲ့ အဝင်နေရာလေးမှာ နည်းနည်းပြောင်ဖို့ လို

www.burmeseclassic.com



နေသလားလို့ သေချာ ပြန်တိုက်လိုက်ပါဦးကွယ်၊ ခြေရာတချို့ ကွက်ကျန်နေသလားလို့၊ အဝင် အထွက်နေ့ရာ ဆိုတော့လဲ အဲဒီလိုပဲ ခြေရာထင်တာ ကျန်တာ များတတ်တယ်လေ"

"လေသိလေးက ချိုမြပါ၊ လုပ်ရတဲ့လူက သေတော့မယ်"

ပါးစပ်ကတော့ ဖွင့်မပြောရဲ။

စိတ်ထဲက ရေရွတ်ရင်းဖြင့် အဝင်တံခါးပေါက် ရှိရာသို့ ခြေလှမ်းကျဲတောက်တောက်ဖြင့် လျှောက်ခဲ့ကာ ကြမ်းတိုက်အဝတ်ဖြင့် ဖိဖိတိုက်နေမိရသည်ပါပဲ။

"မုံလေးရေ ... ဟိုဟာလေး လုပ်လိုက်ပါဦး၊ ဒီဟာလေး ကျန်နေသေးတယ်၊ မုံလေးရေ ... ဧည့်ခန်းက ပန်းအိုးထဲက ပန်းလေးတွေ လန်းနေအောင် ရေသစ်လဲထည့်လိုက်နော် ... နော်သံ တစ်ခါကြားရ နှလုံးထိတ်ရတာနဲ့ ရင်ဆို့ သေတော့မယ့် ကိန်းပဲ"

ပတ်ချာလည်၍ တိုက်နေရင်းမှ ဘွားရော အန်တီမွန်နှင့်ရော လွတ်လွတ်ကင်းကင်း ရှိနေသည့် ဧည့်ခန်းတံခါးဝနေရာမှာ စိတ်လွတ် လက်လွတ် ပွစိပွစိ ရွတ်နေမိခြင်းပါ။

ကိုယ်လေး လှည့်လိုက်တော့ တံခါးဝမှာ ရပ်လျက် လက်ကလေးပိုက်ကာ ပြုံးပြုံးကြီး ငုံ့မိုးကြည့်နေသည့် မာန့်ကို တွေ့ရပါ၏။

ချွေးလေးတွေ စို့နေလျက် မျက်နှာလေး နီနေအောင် မောနေရှာသည့် မုံ့ အသွင်လေးက တစ်ချက် အမ်းတမ်းတမ်းလေး ဖြစ်ချင်၏။



"အလုပ်မလုပ်ချင်ဘဲ ပွစိပွစိနဲ့ ရွတ်လုပ်နေတော့ ... ခု ... ငါမလုပ်ချင်ဘဲ လုပ်နေရတာကို၊ ကိုမာန် သိသွားပြီ၊ သူများ စိတ်ညစ်နေတာကို သူက ပျော်နေတဲ့ပုံနဲ့ ကြည့်နေလိုက်တာ လက်ကလေးများပိုက်လို့ အေးအေးဆေးဆေး မနေလိုဖို့ကောင်းတဲ့ လူကြီး"

သူများ အလုပ်မလုပ်ရတာကို အလကားနေရင်း မစ္ဆရိယစိတ် ပွားရင်း မုံ ကြမ်းတိုက်အဝတ်ကို ဆောင့်ခနဲချ၍ ...

"ခြေသုတ်ဖုံမှာ ခြေထောက် သေချာသုတ်ပါ"

"ဧည့်သည်ကို ဆီးမဟောက်ပါနဲ့"

ပြောပေမယ့် ခြေသုတ်ဖုံသို့ ခြေထောက်ကို ပြန်ရွှေ့။ တကယ်လည်း သေချာသုတ် ဝင်ပေးတာမို့ မုံ တစ်ချက် ကျေနပ်သွားသည်။

"ခု ဘာလာလုပ်တာလဲ၊ အန်တီနဲ့ အန်ကယ်စိမ်းလဲ မပါဘဲ၊ ခု ... ဘာကိစ္စ ရောက်ရတာလဲ"

ဟု မေးတော့ မျက်ခုံးကြီး ပင့်တက်သွားလျက် တစ်ချက် မုံ့ကို အံ့သြသလို ကြည့်၏။

ကောင်မလေး အရမ်းကို ရန်လိုနေပါလားဟု တွေးဖြစ်သည်။ နောက်မှ အလုပ်လုပ်ရ၍ မောမောနှင့် စိတ်တွေအရမ်းတိုနေခြင်းဟု နားလည်လာမိလျက် လက်ကို ပြန်ပိုက်ကာ ...

"ခြံထဲမှာ ရှိပါဗျာ၊ ပန်းပင်တွေ ကြည့်နေလေရဲ့၊ တို့ကလဲ မေမေနဲ့ မေမေ ခေါ်လို့ လာရတာပါနော်၊ အားအားယားယား ဒီကို လာချင်နေတဲ့ကောင်လို့ မထင်ပါနဲ့၊ ဒီကိုလာရတာ စိတ်ညစ်လွန်းလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော။ ညှော်ခန်းထဲ ဖြတ်လျှောက်ဝင်သွားတော့ နှုတ်ခမ်းလေး ဖိကိုက်၍ မုံ ကျန်ခဲ့ရပါ၏။

"အားပါး ... ဒီနေ့ ကြမ်းတွေ ပိုလက်နေသလိုပဲ၊ ကြည့်ရတာ လူသစ်တိုက်ထားတာနဲ့ တူတယ်၊ အရင်လူဟောင်းလက်ရာနဲ့ ကွာလိုက်တာ၊ ကောင်းတယ် ... ကောင်းတယ်"

ဟု ပြောကာ ညှော်ခန်းကို လက်နောက်ပစ်၍ စစ်ဆေးကျေနပ်သည့် ပုံမျိုးဖြင့် ပြုံးကြည့်နေသည့် မာန့်ကို မကြည့်ချင်တာမို့ ခြံထဲဆင်းခဲ့ကာ အုန်းတံမြက်စည်းကို နောက်ဖေးဘက်ပတ်၍ သွားယူရသည်။

သရက်၊ မာလကာနှင့် အပင်ရိပ်မြိုင်သည့် အပင်တွေမှ ကြွေကျလာသည့် အရွက်ခြောက်တွေကို တံမြက်စည်းနှင့် လှည်းနေရာမှ လက်တွေအောင့်လှ၊ လက်ဖဝါးတွေ နာလှပြီမို့ မျက်ရည်တွေ ဝဲတက်လာနေသည့် အဖြစ်။

အန်တီနတို့နှင့် တိုးမှာစိုး၍ ပန်းခြံနှင့် နီးသည့်ဘက်ကို မသွားဘဲ နောက်ဖေးဘက် သစ်ပင်တွေအောက်မှာ သွားလှည်းနေခြင်းပါ။

အန်တီနတို့ မြင်လျှင် စိတ်ကောင်းကြမှာ မဟုတ်။ မုံ့ကို ချစ်သည့် အန်တီနကိုကျတော့လည်း စိတ်မကောင်း မဖြစ်စေချင်တာ အမှန်ပါ။

စောစောက ရေစိုအဝတ်နှင့် ထမင်းစားခန်းနှင့် မီးဖိုခန်းကျယ်တွေကို တိုက်ခဲ့ရတာကို လက်ဖဝါးလေးတွေက ရေနွေးနေသလိုကြီး ဖြစ်ခဲ့တာမို့ ခု အုန်းတံမြက်စည်း လှည်းနေတော့ တဖြည်းဖြည်းနှင့် ကျိန်းစပ်နာကျင်လာရသည်။



ပိတောက်ပင်စည်မှာ တံမြက်စည်းရိုးကို မှီထောင်လိုက်ရင်မှ လက်ဖဝါးလေး စပ်ပူစပ်လောင်နှင့် နာလွန်းနေတာကို လက်ဖြန့် ငုံ့ကြည့်တော့ မျက်လုံးလေး ဆိုင်းကျသွားရပါပြီ။

ဘုရားရေ ... မုံ့ လက်ဖဝါးမှာ လက်ချောင်းလေးတွေ၏ အရင်းဘက် အောက်ခြေ လက်ဖဝါးနေရာလေးမှာ အရေပြားလေးတွေ လန်နေပါလားလေ။

ပိတောက်ပင်အောက်မှာ ခြေလေးဆင်း၍ မုံ ထိုင်ချလိုက်ကာ ပင်စည်ကို မှီလိုက်ရင်းမှ လက်ဖဝါးကို ဖြန့်ဖြန့်ကြည့်ကာ ...

"မုံ့ကို ခိုင်းလိုက်ကြတာ၊ ကြည့်ပါဦး"

ဟု ဝမ်းနည်းတကြီး ပြောလည်းပြော။ မျက်ရည်တွေလည်း ဝမ်းနည်းမဆုံးသည့်ရင်ဖြင့် တဖြိုင်ဖြိုင် ပြိုကျလာရပါပြီတည်း။

"ကျွတ် ... နာလိုက်တာနော်"

ဟု နာလွန်း စပ်လွန်းနေသမျှ ညည်းမိရင်း လက်ဖဝါးလေးကို ဖြန့်ဖြန့်ကြည့်ရင်း ငိုမဆုံးနိုင်တော့။

"မုံ ... ပြစမ်း"

လူရိပ်တစ်ခု ဆားမှ ရုတ်ခနဲ ထိုင်ချလာလျက် ပိုင်စိုးခြင်းနှင့် စိုးရိမ်ခြင်းများ ရောထွေးနေသည့် အရှိန်ပြင်းစွာပါသော လေသံဖြင့် မုံ့ လက်ကလေးကို ဆွဲယူကြည့်လိုက်သည်က မာန့်ပါ။

မုံ့ လက်ဖဝါးလေးမှာ အရေပြားလေး လန်နေကာ လက်လေးတွေ တကယ့်ကို ဆတ်ဆတ်တုန်နေရှာတာ မြင်တော့ စိတ်မကောင်းစွာ မုံ့ကို ငုံ့ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေကွာ ... မုံရာ"

ဟု ဟန်ဆောင်မရစွာ မျက်နှာပျက်ပျက်နှင့် ပြောလာသည်။ မုံကတော့ လောလောဆယ်မှာ မုံ အရှမ်းကို ကြည့်မရသည့်တာနဲ့ပဲ ဖြစ်စေဦးတော့။ မုံ့ကို သနားပေးဖော် ရ နေတာမို့ ဝမ်းနည်းရှိုက်တက်ကာ ပို၍ မျက်ရည်တွေ တအိအိ ပြိုကျလာရသည်ပါပဲ။

"လက်ပေါက်သွားတာကိုး၊ ပူစပ်ပူလောင်နဲ့၊ တကယ်လဲ နေရခက်အောင် နာတတ်တာ၊ မုံ ခဏနော်၊ ဒီမှာထိုင်နေ ... ဟုတ်လား"

ဟု ပြောကာ ထရပ်သည်။ နောက်တော့မှ ပြန်ထိုင်လိုက်ပြန်ကာ ...

"ကိုယ်က ဟဲန်းပလစ်စ် သွားယူမလို့၊ ဒါပေမဲ့ ပုလဲရိပ်မြုက ကိုယ့်အိမ်မှ မဟုတ်တာ၊ ဘယ်မှာရှိမှန်း မသိဘူး၊ ဘယ်သူ့ကိုမေးရင် ရမလဲဟင်"

"မိကျော့"

မျက်ရည်ကို လက်ဖမိုးဖြင့် ပွတ်သုတ်ပစ်ရင်း ကလေးလိုပဲ မုံ ဖြေတော့ သနားစိတ်ဖြင့် ငုံ့မိုးကြည့်မိရင်းမှ ...

"နားနေနော် ... ခဏပဲ၊ ကိုယ်လာခဲ့မယ် ... ဟုတ်လား"

ဟု ပြောကာ မာန် ထွက်သွားသည်။ စောစောပိုင်းက မုံ အလုပ် လုပ်နေရသည်ကို အပျော်သဘောဖြင့် နောက်မိခဲ့သည့် အပြစ်အတွက်ပင် မာန့် ရင်ထဲမှာ နောင်တရချင်၏။

မိကျော့ကို ဟဲန်းပလပ်စ် ဆေးပလပ်စတာ ယူပေးဖို့ ပြောတော့ နောက်ဖေးမှာ ရေမြောင်းကို တံမြက်စည်းနှင့် လှည်းနေရာမှ မိကျော့ သွားယူလာပေးပါ၏။



ဘာအတွက် ဆိုတာ သူကလည်း မပြော၊ မိကျော့ကလည်း မမေး။ ရေစက်ခေါင်း ဖွင့်ထားကာ တံမြက်စည်းကြမ်းနှင့် မီးဖိုမှ စီးလာသမျှ ရေတွေကို လှည်းကျင်းနေခဲ့သည်ပါပဲ။

ဗီတောက်ပင် အောက်မှာ မုံ့ကို စောစောက ပုံလေးအတိုင်း မျက်ရည်တွေ ကျနေဆဲ အသွင်လေးဖြင့် တွေ့ရတော့ ဤကောင်မလေး တကယ့်ကို ဝမ်းပန်းတနည်း ဖြစ်နေမှန်း သိရလျက် ...

"ပေး ... လက်ဖြန့်၊ ကျွတ် ... နာရှာမှာ"

ဟု ပြောကာ ပလပ်စတာလေးဖြင့် လက်ပေါက်သည့်နေရာလေးတွေမှာ လိုက်ကပ်ပေးပါ၏။

လက်ဖဝါးလေးတွေက သွေးခြည်ဥလေးတွေ ပြောက်ပြောက် ထင်နေအောင်ကို နူးညံ့လွန်းနေကြတာ အမှန်။ ခုလို လက်လေးကို ထွေးဆုပ်၍ ပလပ်စတာလေး ကပ်ပေးရတော့ လက်နုနု၏ အထိသည် သူ့လက်ဖဝါးကို လာငြိတင်၏။

"နေစမ်းပါဦး ... ညည်းက ဒီအုန်းတံမြက်စည်းကြီး တကားကားနဲ့ အလုပ် လုပ်နေရအောင် ဒါက ဘာဖြစ်ရတာလဲ၊ မိကျော့တို့ ရီရီတို့ကို ခိုင်းပါလား၊ သိပ် အလုပ်လုပ်ပြနေတယ်ပေါ့လေ"

ကရုဏာဒေါသောဖြင့် မာန် ဆူတော့၊ မုံ မျက်နှာလေး ပြန်တင်းလာ၏။

စောစောပိုင်းက အေးအေးချမ်းချမ်း ပြန်ဖြစ်ကြတော့မလို ရှိရာမှ ကရုဏာစိတ်ဖြင့် ပေါက်မေးမိသည့် မာန့် စကားကြောင့် ပြန်၍ နှစ်ယောက်သား ရန်ဖြစ်ကြပြန်သည့် အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွား ခိုင်းတာ … ပြီးတော့ ဟို နဲ့မင်းသမီး ခိုင်းတာ … သွင်းသွင်းညှဲ့ညှဲ့နဲ့ ချောစိစိလေး ပြောပေမယ့် မှုံ့မှာ သေ… တော့မယ်၊ ခု … လက်ပေါက်ပြီ၊ အဲဒါကို လာငေါက်မနေ… နဲ့ … ခုတလော ဘာကဲညှဲ့နေတယ် မ…ပါဘူး၊ ဘွားက… ငေါက်လိုက် … ဖေဖေက တည်တင်းတင်းကြီး လုပ်လိုက်… ခု … အလကားနေရင်း သူများအိမ်လာတဲ့ ဧည့်သည်က… ငေါက်လိုက် … အီး … ဘယ့်နှယ်လုပ် ထမင်းစားမလဲ မသိ… ဘူး၊ လက်နာလို့"

ဟု လက်ပေါက်တာကို ကလေးလိုပဲ ပြန့်၍ ငိုငိုကြည့်ရင်း ငိုနေတော့ မာန့်မှာ သက်ပြင်းရှိုက်လိုက်ကာ …

"ငိုမနေနဲ့၊ ဘွားကို မေမေနဲ့ ကိုယ် ပြောခိုင်းမယ်၊ ဒီလောက်ကြီး မလုပ်နိုင်းဖို့ … ဟုတ်လား၊ ကဲ … မျက်ရည်သုတ်… အခန်းထဲမှာ ပြန်နေ"

တကယ့်ကို စိတ်မကောင်းခြင်းဖြင့် ပြောခြင်းဆိုတာ… ကို မှုံ့ နားလည်လိုက်မိသည်ပါပဲ။

မျက်ဝန်းတွေမှာ ကြင်နာရိပ်နှင့် ကူညီပေးလိုရိပ်များ… ပြည့်သိပ်နေကြသည်ဟုလည်း မှုံ့ နားလည်ဖြစ်၏။

အန်တီနနှင့် ဘွားကို ပြောခိုင်းမည်ဆိုသည့် စကား… တစ်ခွန်းဖြင့်ပင် မှုံ့ ဝမ်းသာ အားတက်သွားရတာကိုလည်း မှုံ့… လက်တောက်ကြည်လင်သွားပါသော မျက်ဝန်းလေးဖြင့်ပင် မာ… ကြည်နူးစွာ နားလည်လိုက်ရသည်ပါပဲ။

ဘာပဲဖြစ်ဖြစ်။ မှုံ့ကို ကူညီပေးခွင့် ကြုံရသည့်အတွက်… မာန် ကြည်နူးသည်။



မာန့်ကြောင့် မှုံ့ အရိုက်ခံခဲ့ရဖူးတာကို မာန့် ရင်ထဲမှာ မကောင်းနိုင်ဘဲ ရှိခဲ့သည် မဟုတ်ပါလား။

ဒါဆိုလျှင် ခု … မာန် ပြန်ကူညီပေးခြင်းဖြင့် မှုံ့ ရင်ထဲမှာ အတန်အသင့်တော့ သူ့အပေါ် ပြေကျေချေမည်ဟု မျှော်လင့်လိုက်မိသည်ပါပဲ။

သူ ပြောသလို နားထောင်သည့် ပုံလေးဖြင့် မျက်ရည်သုတ်၍ တစ်ချက်မော့ကြည့်သည်။

ထူအိအိ မျက်တောင်ရှည်စင်းစင်းလေးထက်မှာ မျက်ရည် စလေးတွေ စိုစွတ်နေကြတာကို သူ တစ်ချက် ငေးကြည့်ဖြစ်၏။

"တကယ် ပြောပေးမှာလားဟင်၊ အန်တီနနဲ့"

အားကိုးရာမှန်း နားလည်လျက် ထပ်၍ သူ ခေါင်းညိတ်တော့မှ မှုံ့ တံမြက်စည်းကိုကိုင်၍ နေရာမှ ထွက်သည်။ တံမြက်စည်းကို သူ့နေရာသူ ပြန်ထားဖို့ ဘွား မှာထားတာ ဖြစ်ချေမည်ပေါ့ဟု တွေးဖြစ်လျက် … ခုလိုကျတော့လည်း လူကြီးစကား၊ ဘွားအောစကား မပယ်ရှားဝံ့ရှာသည့် မှုံ့ကို သနားမိရသည့် အဖြစ်။

မလုပ်ချင်ဘဲ လုပ်ရှာတာလည်း သိသာ၏။ ပြီးတော့ နုံးနုံးညှဲ့ညှဲ့လေးနှင့် မလုပ်နိုင်ရှာတာလည်း သိသာသည်ပါပဲလေ။

ဧည့်ခန်းမှာ မှုံ့နှင့် စကားအဆင်မပြေ ဖြစ်ခဲ့ပေမဲ့ မှုံ့ ထွက်သွားတော့လည်း သူ ခြံထဲဆင်းလိုက်လာချင်စိတ်ပဲ ရှိနေတာမို့ တစ်အောင့်နေတော့ ထွက်ခဲ့ခြင်းပါ။

ဤကောင်မလေးနှင့် ရန်ဖြစ်ရတာကို သူ နှစ်သက်နေမိတတ်သည်ကိုက သူ့အတွက် ထူးဆန်းနေသည်။ ဆန်းသစ်ပေ… ရှင်ဖွယ် ခံစားမှုကိုလည်း ရင်မှာ ဖြစ်တည်စေသည်။ ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးသော ခံစားမှု။

မုံ၏ မျက်နှာကလေးကို သူ ငုံ့မိုး၍ လှောင်ထေ့ထေ့ ကြည့်လျှင် အရမ်းကို ဒေါပွနေတတ်ပါသော မျက်နှာနုနုထွေးလေး ကို သူ ကြည့်နေချင်သည်။

ဤသို့ ဖြစ်နေမိရသည်ကိုလည်း မိမိဘာသာလည်း နားမလည်ချင်။

ဤကောင်မလေးတွင် ... ဆွဲဆောင်နိုင်စွမ်းရှိသည့် ထူးခြားသော ညှို့ငင်ခြင်း တရားများ ရှိနေလေမည်ထင်။

❦ ❦ ❦



"ပြစမ်း ... ညည်းရဲ့လက်"

ရိရိ လာခေါ်၍ မုံ လိုက်သွားတော့ ဧည့်ခန်းမှာ ဘွား စောင့်နေပါ၏။ အန်တီနုနှင့် အန်ကယ်စိမ်းတို့မှာ မျက်နှာမကောင်း ကြ။ အခန်းထောင့် ပြတင်းအနီးမှာ မာန် ရပ်နေသည်။

ငိုထားတာမို့ မျက်နှာလေး နီမို့မို့ ဖြစ်နေသည့် မုံ့ မျက်နှာ နုနုစင်လေးကို မာန် တစ်ချက် ငေးခနဲ ကြည့်ဖြစ်၏။ ဘွားရှေ့ ကြမ်းပြင်မှာ ထိုင်ချကာ ကလေးလိုပဲ လက်လေးကို ဝမ်း ပမ်းတဲ့နည်း မုံ ဖြန့်ပြသည်။

လက်လေးကို ဘွား ကိုင်ကြည့်နေတာခံရင်း ဝမ်းနည်း ရှိုက် ပြန်တက်လာပုံဖြင့် ...

"မုံ ... သေမှာပဲ၊ အီး ... လက်က နာတယ်၊ ထမင်းကို ဇွန်း နဲ့စားမှ ရတော့မှာ၊ ဒါတောင် လက်က ကွေးလို့ သိပ်မရ ချင်တော့ဘူး ဘွားရဲ့၊ အီး ..."

ဝမ်းနည်းတကြီး ပြောရင်း တကယ်လည်း မျက်ရည် တွေ ပြိုကျလာကာ ကလေးလို အသံထွက် ငိုနေတော့ တစ်ချက် ခပ်တွေတွေကြီး ဘွား ကြည့်၏။ မျက်နှာမကောင်း။ နောက်တော့ ပြန်၍ မျက်နှာကို တင်းပစ်ရင်း ...

www.burmeseclassic.com



"ဘွားကို ငိုပြမနေနဲ့၊ မာန်ရော … နလေးရော … မောင်စိမ်းရော ဝိုင်းပြောကြလွန်းလို့ ဒီအလုပ်တွေကို မလုပ်ဘဲ နေခွင့် ဘွား ပြုမယ်"

"ဟှာင် … တကယ်"

ကလေးလိုပဲ ဘွား ပေါင်ပေါ် မေးလေး တင်ပစ်လိုက်ရင်း ဝမ်းသာအားရ မော့မေးနေသည်မို့ မာန်က ပြတင်းပေါက်ပေါင်ကို မှီရပ်ရင်း …

"ချစ်စရာလေးတော့ အကောင်းသား"

ဟု တွေးမိရပါပြီ။ တကယ့်ကို အပြစ်ကင်းစင်လွန်းသည့် ကောင်မလေးပါလားဟု ဟန်မဆောင်တတ်သည့် စရိုက်လေးကို နားလည်လာလျက် တွေးမိရသည်ပါပဲ။

"အေး … ပျော်မနေနဲ့ဦး၊ ညည်းလေးကို အန်တီမွန်က စန္ဒရားတီး သင်ပေးလိမ့်မယ်၊ ဒါမှ ဂီတနဲ့ ရင်းနှီးပြီး မြတ်နိုးလာရင်းနဲ့ ညည်းရဲ့ ရွာတောတော အကျင့်လေးတွေ ပျောက်ကုန်မှာ၊ ပြီးတော့ သနပ်ခါး လိမ်းရမယ်၊ သေချာလိမ်းရမယ်၊ အိမ်မှာပဲနေနေ၊ ကျောင်းကိုပဲတက်တက်၊ မလိမ်းဘဲ မျက်နှာပြောင်နဲ့ သွားကြည့်၊ ဘွားနဲ့ တွေ့မယ်"

"ဟင် … ဘာလုပ်ရမှာလဲ၊ ဒီလိုနေတော့ ဘယ်လောက်ကိစ္စ ငြိမ်းလဲ၊ အလုပ်ရှုပ်တယ် ဘွားရဲ၊ စန္ဒရားလဲ မသင်ချင်ပါဘူး၊ မှုံက ဘယ်တုန်းက သီချင်းတစ်ပုဒ် ဆုံးအောင်ရဘူးလို့လဲလို့ …"

ဂုဏ်ပုဒ်တွေ ကိုယ့်ဘာသာ ပြန်ဖော်နေသည့် မှုံ့ကို အန်ကယ်စိမ်းနှင့် အန်တီနုတို့က ပြုံးကြည့်နေကြပါပြီ။ အိမ်မှာ



ကလေးလိုနေရင်း ကလေးလိုပျော်ကာ စိတ်ကောက်လိုက် ဗိုလ်ကျလိုက်နှင့် တကယ့် ဖြူဖြူစင်စင် မိန်းကလေးနှင့် သားကို နေရာချပေးရမည်မို့ ဒေါ်မွေးနု ရင်ထဲမှာ ကြည်နူးငြိမ်းချမ်းနေရသည်ပါပဲ။

တကယ့် ရင်ဖိုပင် မသိမ်းရပါသည့် အပျိုစင် ရွှေရည်သိမ်းသစ်လေး မဟုတ်ပါလား။

စိတ်ရင်းမနောလေးကလည်း ရိုးစင်းလျက် အဖြူခံစိတ်ထားလေးပဲ ရှိသည်လေ။

ခက်သည်က သားမာန်နှင့် မှုံတို့ တကျက်ကျက် တည့်ကြခြင်းပါ။

ဒါပေမဲ့ မှုံ့ လက်လေးတွေ ပေါက်ကုန်တော့လည်း မျက်စိမျက်နှာကြီး ပျက်နေရှာသားဟု ဒေါ်မွေးနု တွေးလျက် ရင်ထဲမှာ ကျေနပ်သွားရသည်လေ။

"မရဘူး … အဲဒါတွေ မလုပ်ဘူးဆိုရင် လက်ပဲပေါက်ပေါက် ခြေပဲပေါက်ပေါက် ဒါတွေ လုပ်ရမှာပဲ"

မြေးနှင့် အဘွား အဲပေးအယူ မတည့်ကြသေး။

ဘွား ပေါင်ပေါ် မေးလေးတင်ထားရာမှ မှုံ ကိုယ်လေးပြန်မတ်လိုက်ကာ မျက်နှာလေး မှုန်တေတေ ဖြစ်နေသည်။

"ညည်းနော် … သနပ်ခါးလိမ်းပျင်း၊ ရေချိုးပျင်း … ကာတွန်းစာအုပ်တွေ ဖတ်ဖို့ကျတော့ မပျင်းဘူး၊ တီဗီကြည့်လိုက်၊ ခွေးနဲ့ ဆော့လိုက်၊ ခွေတွေငှားပြီး ဗီဒီယိုကြည့်လိုက်၊ သူများ မင်းသား မင်းသမီးတွေ လှနေတာကျတော့ ပိုက်ဆံပေးပြီး ခွေငှားကြည့်တယ်၊ ကိုယ့်ကိုယ်ကျတော့ မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်လေးလောက် ဆပ်ပြာနဲ့ တိုက်ချင်တဲ့ မိပျင်းကြော လေး၊ ခု ... ချေးတွေနဲ့ ရေသွားချိုး"

ဘွား ဆူတော့ မံ့ တစ်ချက် ကိုယ်လေးတွန့်လိုက် ကာ ...

"မံ့ ... အေးတယ်၊ ချေးနဲ့ မနံပါဘူး ဘွားရဲ့"

ဟု ရေချိုးပျင်းသည့် အကျင့်အတိုင်း ပြောနေနိုက် မေမေက ...

"မိမံ့ ... လူကြီးတွေ အလိုလိုက်တိုင်း ဆိုးနေတာ ရပ်စမ်း၊ မိကျော့နဲ့ ရီရီ၊ ဒီကောင်မလေးကို ရေချိုးပေးလိုက်"

ဟု ပြောတော့ မံ့ မျက်နှာလေးအို၍ ထရပ်သည်။

"မံ့ဘာသာ ချိုးမယ်၊ နင်တို့ မလာနဲ့"

"ရေချိုးခန်းတံခါး ပိတ်ပြီး တကယ်ရေမချိုးဘဲ နေမှာ ငါ မသိဘူး မှတ်လား၊ မိကျော့ ... နင်ပါ အခန်းထဲလိုက်ဝင်"

ဘွား ပြောတော့ မာန် တစ်ချက်မနေနိုင်ဘဲ လွှတ်ခနဲ ရယ်မိလိုက်ရပါပြီ။

ဘယ်လိုကောင်မလေးမှန်း မသိ။ သူများတကာ ရှိုးမိုးလေးနှင့် အလှအပ စိတ်ဝင်စားကြသည့် အရွယ်။ မံ့လို ပြည့်ပြည့်၊ ဝတ်လိုက် ပြင်လိုက်နှင့် အရှမ်းကို ရှိုးများမှာ အသေအချာ ခု ... ရေချိုးပျင်းရှာ။ အလှမပြင်ဘဲ မျက်နှာပြောင်လေးနှင့် နေရှင် အခြယ်အသကိစ္စကို စိတ်ထဲမပါဘဲ ပျင်းသည်တဲ့။

"မရယ်နဲ့နော် ... လူကြီးတွေ ရယ်ချင်ရယ်ပစေ၊ ကိုမာန် မရယ်နဲ့၊ လူကြီးတွေထဲမှာ ရောရောမပါနဲ့"

ဟု မံ့ လှမ်းစွာတော့ မာန် ခေါင်းလေးပုပြကာ ...



"ဟော်ချာ ... ဘွားရေ၊ နိုင်စားနေပြီဗျ"

ဟု မံ့ကို ချစ်စနိုး စချင်စိတ်ဖြင့် ဘွားကို လှမ်းတိုင် တော့ ...

"ဒါ ... မံ့ရဲ့ဘွား ... နင့်ဘွား မဟုတ်ဘူး၊ လာပြီးမတိုင် နဲ့"

ဟု ဘွားလက်ကို ပိုင်ပိုင်ကြီး ကိုင်ရင်း မျက်လုံးလေး တွေ လက်တောက်နေလျက် စွာနေတော့ ဘွားမှာ ရယ်ရခက်၊ ဆူရ ခက်နှင့် ဖြစ်နေပါပြီ။

အန်တီမွန်က ရီရီနှင့်အတူ အအေးဗန်းလေးနှင့် ဧည့် ခန်းတွင်းသို့ ပြုံးပြုံးလေး ဝင်လာတော့ မံ့ စိတ်ညစ်ပြီ။

စောစောက စနေရားတီး သင်ပေးမည့်ကိစ္စ ပေါ်လာ တော့မည်လေ။

"ဒီမယ် ... ဒီမယ် ... မိမံ့ စကားကို ဖျောက်မပစ်နဲ့၊ ပြန် ထိုင်၊ စောစောကဉစ္စာ မပြေသေးဘူး ... လုပ်မှာလား မလုပ် ဘူးလား ပြော၊ ထမင်းဟင်း ကိစ္စလည်း ဝင်ရမှာနော်၊ သနပ် ခါးတောင် သွေးလိမ်းပျင်းတဲ့ မိန်းကလေး"

ဟု ဘွားပြောလာတော့ ကြာလာလျှင် ပို၍ အလုပ် တွေ ပိုလာတော့မည်မှာ နားလည်လျက် မံ့ စိတ်လက်ဆင်းရဲစွာပဲ ဘွားကို မော့ကြည့်ကာ ...

"မသင်လို့မှ မဖြစ်ဘူး ဆိုရင် သင်ပါ့မယ် ဘွားရယ်၊ မံ့က တော့ မသင်ချင်ဘူး၊ မံ့က ကလေးပဲဉစ္စာ"

ဟု ကြမ်းပြင်မှာ ပုံပုံချထိုင်ရင်း ပြေရှာတော့ အန်တီနှ တာ ပြုံး၍ ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"အန်တီရယ် ... ကလေးကို နင်းကန်ကြီးလဲ မနိုင်းပါနဲ့၊ မုံလေး သနားပါတယ်"

ဟု ဝင်ပြောပေးရှာတာမို့ မုံဖြင့် အရမ်းကို ချစ်သွားရသည်ပါပဲ။

မုံက လက်ဖဝါးဖြန့်၍ မျက်ရည်ဝဲစွာပဲ ...

"ကြည့်ပါဦး အန်တီနုရယ်"

ဟု အားကိုးရှာ ပြောနေပုံလေးကို ဘွား တစ်ချက်ငေးခနဲ ကြည့်သည်။

"ကဲ ... ကဲ ... ရေချိုးချေ"

ဟု ဘွား ပြောတော့ မိကျော့ကို တစ်ချက် မုံ မျက်နှာထားနှင့် ကြည့်သည်။

ရေဘာယ်နဖလား ခပ်ချိုးတာကအစ အတိအကျ ပြန်ပြန်ပြောတတ်သည့် မိကျော့ကို မုံ ကြည့်မရချင်။

"မိကျော့ ... နင် နေခဲ့၊ ရီရီ ..."

"ရှင် ... မမမုံ"

"နင်ပဲ လိုက်ခဲ့၊ မုံဖြင့် စိတ်ကို ညစ်ပါရဲ့၊ ရေချိုးတာတောင်မှ အစောင့်နဲ့"

ဟု မျက်နှာလေးအို၍ ခေါင်းလေးကုတ်ပြောတော့ အားလုံး ဝိုင်းရယ်ဖြစ်ကြသည်ပါပဲ။

"ဘာရယ်တာလဲ"

မာန့်မှာ လက်ကလေးကာ၍ ခေါင်းခါပြကာ ...

"ကြောက်ပါတယ် မမမုံ"

ဟု ပြောပြီးမှ ...



"ဒါကြောင့် အခန်းထဲမှာ နေနေတာကိုး၊ မာန်ကတော့ တစ်နေ့ ရေနှစ်ခါချိုးတဲ့ကောင်ဗျ၊ သန့်သန့်ပဲ"

ဟု ပြောခိုက် အန်တီနုက ...

"ဟဲ့ ... ကလေးကို စိတ်ညစ်အောင်"

ဟု လှမ်းဟန့်စဉ်ခိုက် မုံက မျက်နှာထားလေးဖြင့် လှေကားထစ်တွေ နင်းဖြတ်တက်သွားပါပြီ။

ရီရီကတော့ နောက်မှ အပြေးလေး လိုက်တက်သွားရပါချေ၏။

ကြာလေ ... မုံ ကလေးဆန်လွန်းတာလေးတွေကို မာန် ပိုသိလာရလေပါ။

မုံက ဆိုးတာမဟုတ်ပါဘူးဟု တွေးဖြစ်၏။

ကလေးဆိုးလေးလို အပြစ်ကင်းစင်လွန်းစွာ ချွဲနွဲ့ခြင်းပါလားဟုလည်း နားလည်လာဖြစ်သည်လေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ... မေအိုင်ကမ်းအင် မာန်"

ခုတင်ပေါ် လှဲလျက်ရှိရာမှ မာန် ကြည့်လိုက်တော့ ပြုံးပြုံးကြီး တံခါးဝမှာ ရပ်နေသည့် မြင့်ဆောင်။ မျက်ဝန်းရိပ်မှာလည်း ပျော်ရွှင်ရိပ်တွေ ပြည့်နေသည်ပါပဲ။

မြင့်ဆောင် ဆိုတာ တစ်ဆောင်လုံး မသိသူ မရှိလောက်အောင် ပျော်ပျော်နေတတ်သူ။ လူချစ်လူခင် ပေါသူပါ။ အသားမည်းညိုညို၊ အရပ်မြင့်မြင့်ကြီးနှင့် ရုပ်မချောလေမယ့် ရှိနေရာအရပ်မှာ ရယ်မောသံတွေကို ဖြစ်တည်စေတတ်သည့် မြင့်ဆောင်ကို အားလုံးက နှစ်လိုခင်မင်ကြသည်ပါပဲ။

"ဟာ ... ဝင်ခဲ့လေ"

ဟု ပြောတော့ မြင့်ဆောင်က လက်ကို ပိုက်လိုက်လျက် ခြေတစ်လှမ်းချင်း တစ်လှမ်းချင်းကို ဖျိုင်းလှမ်းသလို လုပ်လှမ်းလျက် ဝင်လာတော့၊ ထောင့်ချိုးကွယ်မှာ ရပ်နေသည့် ကြည်ဇင်ပါ နောက်မှ လိုက်ဝင်လာတာမို့ ...

"ဘာဖြစ်နေတာလဲ ... ပုံတွေကိုက"

ဟု မာန် မေးမိလိုက်ရပါပြီ။



ကြည်ဇင်ကလည်း လက်ကြီးပိုက်၍ မြင့်ဆောင်ပုံအချိုးအတိုင်း ဝင်လာသည်ကိုး။

"ဒီလိုကွ ... ငါပြောမယ်၊ မင်း ဟိုကိုသွားနေတဲ့ အချိန်မှာ ငါတို့က ဒီမှာ ကျန်နေခဲ့ကြတယ်"

ပြောရင်းမှ စားပွဲပေါ်မှာ ရှိနေသည့် ဆဲဗင်းအပ်ဘူးကို တွေ့တာမို့ စကားမဆက်နိုင်တော့ဘဲ လက်သွက် ခြေသွက်ဖြင့် ယူ၏။

"ငါတစ်ဝက်တိုက်ကွာ၊ အကုန်သောက်မပစ်နဲ့"

ဟု ကြည်ဇင်က ကမန်းကတန်း ပြောနေစိုက်မှာ ဖောက်ခနဲ ဘူးကိုဖောက်၍ အားလူ စိတ်ပူအောင် တဂွတ်ဂွတ် သောက်ချနေသည်မို့ ...

"ဟေ့ကောင် ... ဟေ့ကောင်၊ အကုန်သောက်ပစ်ရင် မင်းညီမတွေထဲက အချောဆုံးနဲ့ ငါနဲ့ ညားမယ့်နိမိတ်ကွာ"

ဟု ပြောတော့ မျက်လုံးကြီးပြူး၍ မြင့်ဆောင် တစ်ချက် စွေကြည့်သည်။ ဒါမေမဲ့ ဆက်သောက်နေဆဲ။ တကယ့်ကို ကုန်အောင် သောက်ပြီးမှ ဘူးခွံကိုပင် မှောက်ကြည့် ခေါက်ကြည့် လုပ်နေသေးသည်။

"ငါ့ညီမ အချောဆုံးက အစောဆုံး အိမ်ထောင်ကျသွားပြီသား ဖြစ်နေတာ၊ မင်းအတွက် ဝမ်းနည်းစရာ ဖြစ်သွားပြီ၊ ငါ့အတွက် ဝမ်းသာစရာ ဖြစ်သွားတော့တာပါပဲ ကြည်ဇင်"

ဟု ပြောပြီး တစ်ချက် ဟက်ခနဲ ရယ်သည်။

"ဆဲဗင်းအပ်တစ်ဘူး မဟုတ်ဘဲ တစ်ဝက်နဲ့၊ ယုယုအွနဲ့ ငါ့ညီမကို အလဲအလှယ် လုပ်ရက်တာများ သစ်ာင်းပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရရင် မင်း ကံမကောင်းပါလား ... လို့ ညည်းဖြစ်သွားမယ့် ဖိုးကြည်ဇင်”

ဟု မိန့်မိန့်ကြီး ပြုံးပြောတော့ ကြည်ဇင်က လက်အုပ်ချီကာ ...

“မလုပ်ပါနဲ့ ကျေးဇူးရှင်ရယ်၊ ယု မသိပါစေနဲ့ကွာ၊ မင်းက ယောင်မွှာမွှာရယ်၊ ငါက မင်း အဲဒီ တစ်ဘူးလုံး မသောက်ရဲအောင် အနိုင်ပိုင်း ပြောမိတာပါကွာ၊ ယုက သိပ်ရိုးတာ၊ သူ့ကို လေးလေးနက်နက် မထားဘူးလို့ မှတ်သွားရင် ငါ့ကို လုံးဝမစဉ်းစားဘဲ ထားပစ်လိုက်မှာကွ”

ဟု မတော်ရသေးသည့် ချစ်သူ စိတ်ဆိုးမှာ ကြိုးစိုးရိမ်နေသည့် ကြည်ဇင့် အဖြစ်သည်းပုံကို ကြည့်၍ မာန်ပင် ပြုံးမိသွားရသည်။

“ဟော ... ဟော ... ငါ့ပုဆိုး ဘယ်ကောင် ယူဝတ်သွားလဲကွ၊ ခွေးကောင် မြင့်ဆောင် ... မင်းပဲ နေမှာ၊ ငါက လျှော် ... မီးပူတိုက် ... သူက ယူဝတ်”

ဒေါနှင့် မောနှင့် အသံကအလျင်၊ အခန်းတွင်းသို့ ဝင်၏။ နောက်မှ အရုပ်ပုလေးနှင့် ဇော်ဇော် အခန်းတွင်းသို့ ဝင်လာသည်။

ရေချိုးခန်းမှ ပြန်လာဟန်တူသော ဇော်ဇော်မှာ ရေစိုကွက်ကျားပုဆိုးဖြင့် ဝင်လာခြင်းပါ။ မျက်နှာသုတ်ပဝါကြီး ပခုံးမှာ သိုင်းခြုံထားလျက် မျက်နှာက နီနေ၏။

ကြည့်ရတာ ရေချိုးပြီး အပြန်မှာ အခန်းထဲရောက်တော့ သူ့ပုဆိုးပျောက်နေ၍ ဒေါကန်ပြီး မြင့်ဆောင်ကို လိုက်ရှာတာ ဖြစ်မည်။ အဝတ်ပင် မလဲဝတ်အားရှာသေး။



“ဒေါသကြီးတာ မကောင်းဘူးလို့ ငါ့မိဘတွေက သင်ပေးထားတယ်ကွ၊ လူကြီးမိဘတွေ ဆိုတာက ကောင်းတာသင်တာ၊ ငါ့မိဘကဲ့ သင်တယ်ဆိုတာ မင်းမိဘ သင်တာနဲ့ တူတူပါပဲ၊ ဒါကြောင့် ဒေါသကို လျှော့လိုက်ပါကွာ၊ ငါက မင်း ကုသိုလ်ရအောင် ယူဝတ်ပေးတာပါ”

ဟု ကုလားထိုင်ပေါ် ခြေတစ်ဖက်တင်၍ ထိုင်နေသည့် မြင့်ဆောင် ပြောမှ မာန် သတိထားကြည့်မိသည်က မြင့်ဆောင် ဝတ်ထားသည့် ပုဆိုးပါ။

ပုဆိုးအပြာကွက် စိပ်လေးပါတကား။ ဇော်ဇော့် ပုဆိုးမှ အသေအချာ။

ရှူးရှဲနှင့် ဒေါသထွက်နေသည့် ဇော်ဇော်က ခြေဖျားကိုထောက်၍ လက်သီးကို ဆုပ်သည်။

ဤသည်က ဇော်ဇော် ဒေါသထွက် စိတ်ဆိုးလျှင် လုပ်တတ်သည့် မူပိုင်အိုက်တင်။

“ငါက သန့်သန့်ကြိုက်တဲ့ကောင်၊ မင်း ငါ့ပုဆိုးပဲ ယူဝတ်လို့ရလို့ ပုဆိုးတွေပဲ ယူယူဝတ်နေတာ၊ ငါ့အင်္ကျီတွေ မင်းနဲ့မတော်လို့ ချမ်းသာနေရတာ၊ မင်းပုဆိုး မင်းသေချာမီးပူတိုက်ပါလားကွ၊ ဟိုနေ့ကလဲ ငါ လျှော်ပြီး မီးပူတိုက်ထားတဲ့ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေနဲ့ မွှေးနေတဲ့ ငါ့အိပ်ရာပေါ် မင်း စတိုင်နဲ့ နေ့ခင်းကြီး ဇိမ်နှပ် အိပ်ပစ်သေးတယ်၊ ငါတော်ကောင်း အိပ်ရသေးတာ မဟုတ်ဘူး”

ဟု ဇော်ဇော် ဒေါနှင့် မောနှင့် ပြောပြီး မာန့်ခုတင်ဘေးမှာ ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောနေနေ။ မြင့်ဆောင်ကတော့ ဖြူးဖြူးကြီး နားထောင်နေသည်ပါပဲ။

တကယ်လည်း ဇော်ဇော် အကျဘိုက်ထားသော မီးပွ ကျဲဖုဆိုးလေးနှင့် သန့်ရှင်း ရှိုးကျနေသည် လည်း အမှန်ပါ။

"ဒီကောင် ဒီတိုင်းပဲ၊ ငါ့အင်္ကျီတွေ၊ မာန့်အင်္ကျီတွေ ယူယူ ဝတ်နေတာ နည်းသလား၊ သူ့အဝတ်ကျတော့ မဝတ်ဘူး၊ လျှော်ဖျင်းရတာနဲ့ ဘာနဲ့"

ကြည်ဇင်ပါ ရောၡ ဇော်ဇော်နှင့် တစ်မှု့ဖြစ်သွားပြီ တည်း။

အရပ်ပုသည့် ဇော်ဇော် အင်္ကျီတွေ ဝတ်မရတာမို့ တကယ်လည်း မာန့်အင်္ကျီနှင့် ကြည်ဇင့်အင်္ကျီတွေ ယူဝတ်တာလည်း အမှန်။

"အလကား ... အင်္ကျီခြောက်ထည်သမား၊ သူ့ဥစ္စာကျတော့ သိတတ်ပါ၊ ခွေးကောင်"

ကြည်ဇင် ခုပြောနေတော့ ဇော်ဇော်က ...

"မင်းက သူ့အင်္ကျီ ဘယ်နထည်ရှိတယ် ဆိုတာ သိလို့လား၊ ဘယ်လို သိတာလဲ၊ သူ့ဥစ္စာတွေကျတော့ သေတ္တာထဲထည့် သော့ခတ်၊ သော့ကို ခါးမှာချိတ်၊ ရေချိုးရင်တောင် ခါးချိတ် ယူသွားတဲ့ကောင်"

မြင့်ဆောင် တကယ့်ကို သေတ္တာသော့ချိတ် ချိတ်ယူ သွားတာမို့ ဇော်ဇော် အံ့ဩစိတ်ဖြင့် မေးခြင်းပါ။ ဘယ့်နှယ်လုပ်၍ မြင့်ဆောင်မှာ အင်္ကျီခြောက်ထည်ဟု အတိအကျ ကြည်ဇင် ပြောနိုင် ပါလိမ့်ပေါ့။



"အရေးဆို မင်းက နားဝေးပြီ၊ သူ ထုတ်ထားတာ အဖြူ ရောင် ရှပ်အင်္ကျီ တစ်ထည်ပဲ ဆိုတာ အားလုံးသိထားကြပြီး သား"

"အေးလေ ... မင်းတို့ သိထားသားပဲ"

ကြည်ဇင် ပြောနေခိုက်မှာ မြင့်ဆောင်က ဆေးလိပ် ကို မီးညှိရင်း အေးအေးဆေးဆေး ဝင်ထောက်ပေးတာမို့ ကြည်ဇင် မျက်စောင်းတစ်ချက် ခဲ၏။

လောလောဆယ်တော့ မြင့်ဆောင်မှာ ဇော်ဇော့် ပုဆိုး နှင့် ကိုယ်ပိုင်စွပ်ကျယ်ချိုင်းပြတ်ကို ဝတ်ထား၏။

ကိုယ့်အင်္ကျီကျတော့ တစ်ထည်တည်း ထုတ်ထားလျက် အင်္ကျီချိတ်မှာ ချိတ်ထားတတ်သည့် မြင့်ဆောင်။

သူများအင်္ကျီ ပတ်ချောင်းပြီး အကျသား ယူယူဝတ် သွားတတ်လျက်၊ ဘယ်လိုမှ ကြည်ဇင်နှင့် မာန့်အင်္ကျီကို ယူမဝတ် သာသည့် နေ့များမှာမှ ထုတ်ထားသော ရှပ်အင်္ကျီဖြူကို မြင့်ဆောင် ဝတ်သည်။

"ငါတို့မှာ အင်္ကျီလှလှလေးများဆို သူ ယူဝတ်မှာကြောက် လို့ သတိစိရိယနိုက်ရ၊ သေတ္တာထဲ သော့ခတ်သိမ်းပေမဲ့ မေ့ပြီး စားပွဲပေါ် သော့ထားခဲ့လို့ကတော့ ငါတို့လစ်တာနဲ့ သေတ္တာဖွင့် ယူသွားပြီ၊ လျှော်ဖွပ်ပြီးမှ မီးပူတိုက်ဖို့ ခုတင် ပေါ် ပြန်လာတင်သွားမှပဲ ကိုယ့်ပစ္စည်း ပြန်ရတော့တာပဲ"

မြင့်ဆောင်ကတော့ တဟဲဟဲ ရယ်နေသည်။

"ဒါက ဒီလိုရှိတယ်၊ တစ် – ငါ့အဝတ်တွေ သိပ်မလျှော် ရတော့ ဆပ်ပြာမစားဘူး။ ဒါကြောင့် အဝတ်တွေ သစ်နေ

www.burmeseclassic.com



ထယ်၊ နှစ် – အဝတ်အဆင် မရှိအောင် ဝတ်ရတယ်၊ သုံး– မီးဖိုတိုက်သက်သာတယ်၊ လေး – ပေးဝတ်ရတဲ့ လူတွေလဲ ကုသိုလ်ရတယ်၊ အဲဒါကြောင့် ငါက ယူယူဝတ်တာပါကွာ၊ တစ်ခုသော အရည်အချင်းကိုတော့ ရင်[illegible] ပိုက်ထားရတယ် ဆိုပါတော့၊ သူများအဝတ်ကို မျက်နှာပြောင်တိုက် ဝတ်ရဲတဲ့ အရည်အချင်းပဲ ဆိုပါတော့"

ဆေးလိပ်ဖွာလိုက်။ အခန်းထဲ ခေါက်တုံ့ခေါက်တင် လမ်းသလား၍ ပညာရှိစတိုင် ဖမ်းပြလိုက်နှင့် သူများပုဆိုးဖြင့် ရှိုး ပြနေသည့် မြင့်ဆောင်ကို ဇော်ဇော်က ပုဆိုးဓောကပ်၍ မျက်ထောင့် ဖြင့် ကြည့်နေပြီ။

"ဒါကြောင့်လဲ အဲဒီတစ်ထည်တည်းသော မင်းအင်္ကျီကို လျှော်လိုက်၊ ခြောက်တဲ့အခါ ဝတ်လိုက် လုပ်လို့ မင်းကို ခြောက်ထည်သမားလို့ ပြောတာပေါ့ကွ"

"ပြောပါ ကြည်စင်၊ စိတ်ချမ်းသာသလို ပြောကြပါစေ"

ဟု မြင့်ဆောင် ပြုံးစိစိနှင့် ပြောလေ၊ ဇော်ဇော်က မျက်နှာလေး နီလာလေပါ။

"အခု ငါပြောမို့ ဒီအခန်းကူးလာတာက မာန့်ကိစ္စကွ၊ ဒီ ကောင်ကလဲ ကုပ်ချောင်းချောင်းနဲ့ ငါ့နောက်က ပါလာတာ ခု မင်းဥစ္စာခြောက်ပြီး အခန်းထဲ ဗလလာပြနေတော့ စကား ပြတ်ကုန်ပြီ"

မြင့်ဆောင် ပြောခိုက် ရေချိုးလာရတာမို့ တဘက်ကို ပြင်ခြုံလိုက်ရင်းမှ ...

"ငါကော်ဖီဖျော်သောက်မယ်ကွာ၊ အေးလာပြီ"



ဇော်ဇော် ပြောပြီး တကယ်လည်း ကိုင်းတပ်ဖန်ခွက် နှင့် ကော်ဖီတစ်ခွက်ကို စားပွဲပေါ်မှ ဓာတ်ဘူး၊ နက်စ်ကော်ဖီဘူး၊ သကြား နို့ဆီပုလင်းတွေ အားကိုးဖြင့် ဖျော်ပစ်လိုက်သည်ပါပဲ။

ဖျော်ပြီးတာနှင့် တစ်ယောက် တစ်ငုံ ယူယူသောက် ကြတာမို့ ဇော်ဇော်က ...

"ဟေ့ကောင်တွေ ... ဟေ့ကောင်တွေ၊ ကိုယ်ဘာသာ ဖျော် သောက်ပါလားကွ"

ဟု လိုက်လိုက်အော်ပြီး ဖန်ခွက်ကိုလု၍ အကုန်လုံး မော့သောက်ပစ်လိုက်ပါသတည်း။

"အင်း ... ခုမှ မျက်စိကြည်လာတော့တယ်"

မြင့်ဆောင် ပြောပြီးတာနှင့် မာန့်ကို ပြုံး၍ ကြည့် သည်။

"မင်း အရင်တုန်းကနဲ့ မတူတော့ဘူး ဖိုးမာန်၊ ဘာလဲ ... ဆိုတော့ ကောင်မလေးအိမ်က မင်း ဒီနေ့ ပြန်လာတာ ဘာ မှ ငါတို့ကို စိတ်ပျက်လက်ပျက် ပြောတာမျိုး မရှိဘဲ ဖြစ်နေ တယ်၊ အဲဒါ ထူးခြားချက် အမှတ်တစ်"

ပြောပြီး အခန်းထဲ လက်နောက်ပစ်၍ လျှောက်ပြန် သည်။ ပါမောက္ခဟန်ဖြင့် စတိုင်ထွားနေသည့် မြင့်ဆောင်ကို ကြည့်မရချင်ကြပေမယ့် မြင့်ဆောင် စကားက မှန်နေတာမို့ မာန့်ဘက် ကို ကြည်စင်နှင့် ဇော်ဇော် အကဲခတ်ကြည့်ဖြင့် ကြည့်လာနေကြပြီ။

"ဟုတ်တယ် ... မင်း ဘာမှ မညည်းတော့ပါလား"

ဟု ထောက်ခံလာကြတာမို့ မာန် မျက်နှာတစ်ချက် ပျက်ချင်၏။

www.burmeseclassic.com



စောစောပိုင်း ရက်တွေက လေသံတင်းပြတ်ပြတ်နှင့် မုံတို့ ကြည့်မရတာ ပြောခဲ့သမျှ တကယ်လည်း မုန် … ငြိမ်နေမိသည် တိုး။

"ဒီကောင်မလေးကို ဘယ်တော့မှ ကြည့်မရဘူး၊ ခုလဲ စိတ် ညစ်လွန်းအားကြီးလို့ ငြိမ်ပြီး စိတ်မောနေတာကွ"

ဟု ပြောပေမယ့် တကယ်တော့ အရှုံးစိတ်မညစ် တာကို မိမိဘာသာ သိနေမိရသည်ပါပဲ။

မုံက သူ့ကို လုံးဝမေတ္တာမရှိတာကို ပြောင်ပြောခဲ့တာ စံခဲ့ရသည့် ခံစားမှုတစ်ခုကြောင့် ရင်ထဲမှာ နာကျင်နေမိတာက ခုမှ ပို၍ တနင့်နင့် ဖြစ်နေရသည်။

"မေမေနဲ့ မေမေက သံလွင်လမ်းမှာ အိမ်တစ်လုံး ဝယ်ထား လိုက်ကြပြီ၊ ဘာလုပ်ဖို့လဲ မသိဘူးကွ၊ အဲဒီ ကောင်မလေး က ငါ့ကို လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး၊ ငါကလဲ ဒီ အတိုင်းပဲ"

ငါကလဲ ဒီအတိုင်းပဲ ဆိုသည့် စကားကို မိမိဘာသာ အနည်းငယ် သံသယဖြစ်ချင်နေမိသည်က မာန်ပါ။ ဒါပေမဲ့ သူငယ် ချင်းတွေကိုတော့ မျက်နှာတည်တည်ဖြင့်ပင် အတည်ပေါက် ပြော နေမိရသည့် အဖြစ်။

တကယ်လည်း မေမေနှင့် မေမေတို့ အိမ်တစ်လုံး ဝယ်လိုက်ကြတာ အမှန်။

ပုလဲရိပ်မြုံမှ အပြန်တွင် မာန့်ကို ထိုနေရာလေးသို့ ခေါ်သွားကြသည်လေ။

ဥယျာဉ်လေးလည်း ပွးပွင့်ဝေစွာ ရှိနေလျက်။



ဆေးရောင်လွင်လွင် ပန်းနုသွေးလေးလည်း သုတ်ထား လျက်။ တိုက်လေးသည် ချစ်စရာ ချစ်စရာလေးဖြင့် နေချင့်စဖွယ် ရှိနေတာ အမှန်ပါ။

"တစ်နေ့ သားနေရမယ့် အိမ်လေးပေါ့"

ဟု မေမေ ပြုံး၍ပြောခဲ့ကတည်းက သူ့ရင်ထဲမှာ လေးကျသွားရသည် မဟုတ်ပါလား။ မုံနဲ့ မေးစားကြတော့မလို့ လား … ဟု ထိတ်လန့်တကြားလည်း မမေးရဲ။

ဟုတ်တယ် ဆိုလျှင် ရင်ကွဲရမည်။

မာန့်ကိုမှ မချစ်တာ … ဟု ပြောခံရချိန်မှာ ရင်ထဲ မှာ နာကျင်နေမှာ အမှန်။

မမေးရဲသည့် မေးခွန်းမို့ သူ မမေးဖြစ်ခဲ့။

အဆောင်ပြန်ရောက်တော့ အတွေးတွေနှင့် နှစ်နေရာ မှ မြင့်ဆောင် ရောက်လာခဲ့ခြင်းပါ။

"အင်း … ဒါဆိုရင်တော့ တစ်ခုခု ဖြစ်တော့မယ် ထင်တယ်"

ဟု မြင့်ဆောင် ရယ်ဟဟာဖြင့် ပြောတော့ မာန် ခေါင်းယမ်းသည်။

"ငါ … အဲဒီအဖြစ်ကို ရှောင်ချင်တယ် မြင့်ဆောင်၊ သိပ် … စိတ်ညစ်တာပဲကွာ"

ဟု သူ ညည်းတော့ အားလုံး မျက်နှာမကောင်းဘဲ ငြိမ်ကျသွားကြသည်လေ။

"အေးကွ … မချစ်ဘဲနဲ့ ညားရမှလို ဖြစ်နေတာက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မြင်ဆောင် တစ်ချက် ခပ်ညည်းညည်း ပြောလာတော့ မာန့် ရင်ထဲမှာ နလုံးအိမ်ကို ဆုပ်ညှစ်လိုက်သည်သို့ ခံစားရသည် တည်း။

ဪ ... မချစ်ဘဲ ညားရမည့်တဲ့လား မုံရယ်။

❦ ❦ ❦



"မမမုံ ... မမမုံ ... ဘွားက ထတော့တဲ့၊ အနံတီမွှန်ကလဲ မမမုံကို နှိုးခဲ့တဲ့"

မုံ့ ကိုယ်လေးကို လှုပ်လှုပ်နှိုးနေတော့ ထုံးစံအတိုင်း မုံ ကိုယ်လေးကို စောင်းခွေခွေလေး တစ်ဖက်လှည့်၍ အိပ်ရာထဲမှာ စောင်မြှုံကွေးနေလိုက်သည်ပါပဲ။ ဘယ်တုန်းကမှ မုံ့ကို တစ်ခါတည်း နှိုး၍ ရခဲ့ဖူးလို့လဲလေ။

"မမမုံရယ် ... ထပါ"

စိတ်ညစ်သံလေးဖြင့် ကျော့ ခေါ်ကာ မုံ့ ကိုယ်လေး ကို မွေ့ထူတော့ အလိုက်သင့်ပဲ မိကျော့ ဆွဲထူရာနောက် ပါလာ သည်။ မွေ့သည့်လက် ပြန်လျှော့လိုက်တာနှင့် ခွေခနဲ အိပ်ရာထဲ ပြန်၍ ကွေးကွေးလေး အိပ်ပြီ ဆက်အိပ်နေတော့ မိကျော့ ခေါင်းကို ခုံကုတ်ရှာ၏။

မိကျော့ စိတ်အညစ်ရဆုံး အချိန်ကို ပြပါဆိုလျှင် မမမုံကို အိပ်ရာနှိုးရချိန်ဟု သွက်လက်ချက်ချာစွာ အခိုင်အမာကြီး ကို ဖြေလိုက်မိမှာ မလွဲ။

"မမမုံ ... မမမုံ ... ထပါ မမမုံရယ်"

www.burmeseclassic.com

www.burmeseclassic.com



မနိုးဘဲလည်း ဘယ်တုန်းကမှ မထ။ ပေကတ်ကတ်ဖြင့် အိပ်တတ်မြဲ။ နိုးပြန်လျှင်လည်း နိုးသူ စိတ်ချမ်းသာအောင် အိပ်ရာမှ ထလိုက်ရရိုး ထုံးစံမရှိ။

မတတ်နိုင်။ မမမုံ မပါဘဲ အောက်ထပ်ဆင်း၍လည်း ဘွားဆီ ရောက်တာပဲ ခံရမည့် အတူတူတော့ မိကျော့ မုံ့ ကိုယ်လေးကို အတင်းဆွဲထူ၍ ခုတင်ပေါ်မှ ဆွဲချခေါ်တော့မှ ...

"ဘာမှန်းလဲ မသိဘူး၊ အတင်းနိုးနေတာပဲ၊ ညက ညဉ့်နက်အောင် စာတွေ ကျက်ထားရတာ၊ နင် ဘာသိလို့လဲ၊ ဘယ်တော့မှ အိပ်ရေးဝအောင် အိပ်ရတယ်ကို မရှိဘူး၊ ခု ... နင်လုပ်တာနဲ့ ခေါင်းတွေနောက်နေပြီ၊ ညက ကျက်ထားတဲ့ စာတွေတောင် မေ့ကုန်ပြီ"

မနိုးတုန်းကတော့ မနိုး။ နိုးမယ့် နိုးတော့လည်း မျက်လုံးကိုပြူး၍ ထက်ထက်ပါအောင် ရန်တွေ့ထောင်နေသည့် မုံပါ။

မုံကလည်း အပါးပါ။ မနေ့ညက တကယ်လည်း စာမကျက်ဖြစ်။ အချဉ်ထုပ် နိုးစားရင်း အခန်းထဲမှာ မဂ္ဂဇင်းတွေ တစ်ထပ်ကြီး အငှားဆိုင်မှ ငှားလာသမျှ အလွတ်ရအောင် ဖတ်နေခဲ့ခြင်းပါ။ ဒါကြောင့် ... ဘွားနှင့် အန်တီလေးမွန် မေးလာလျှင် စာမေ့ကုန်ပြီဟု ဖြေဖို့ ကြို၍ အကြောင်းပြချက် ရှာထားလိုက်သည့်အပြစ်။ တရားခံကတော့ အတင်းနိုးသည့် မိကျော့ ...။

"မထသေးဘူးလား မုံလေး၊ အန်တီမွန် ကိုယ်တိုင် လာနှိုးရတော့တာပဲကွယ်၊ မိန်းကလေးဆိုတာ စောစောထရတယ်ကွယ့်၊ သွား ... မျက်နှာသစ်၊ ကိုယ်လက်သန့်စင် သေသေသပ်သပ်ခေါင်းဖြီး၊ ဘုရားဆောင်ဝင်၊ ဘုရားရှိခိုး၊ ပြီးရင်



ထမင်းစားခန်းကို လာခဲ့ မုံလေးရဲ့ ဘွားတို့ မေမေတို့တောင် စားပြီးကုန်ကြပြီ၊ ခြော် ... နောက်ကို ညည အခန်းထဲ အန်တီမွန် အဖော်လာလုပ်ပေးမယ်"

မုံဖြင့် အိပ်ရာပေါ်မှာ တင်ပျဉ်ခွေချိတ်၍ ထိုင်နေရင်းမှ စိတ်လက်ကြီး ညစ်ကျသွားရသည်ပါပဲ။

အန်တီမွန် အခန်းထဲ လိုက်ဝင်လာလျက် ပြုံးပြုံးလေး ပြောနေသမျှ မုံ စိတ်ချမ်းသာမည့်ကိစ္စ ပေးတော့မည်ထင်။

ဘာကိစ္စ မုံ့ကို ညမှာ အဖော်လုပ်ချင်ရပါသတဲ့လဲ။

ဒါပေမဲ့ ခက်သည်က ... ဘွားရော ... မေမေရော ... အန်တီမွန့်ကို မျက်နှာသာပေးသည်။

အန်တီမွန့် လက်ထဲ မုံ့ကို ဝကွက်အပ်ထားသည်ကို ဝဲ ... ကြည့်။

လောလောဆယ်မှာ အန်တီမွန့်ကို သိပ်တော်လှော် ကန့်လန့် မတိုက်ရဲ။ ဘာကြောင့်ဆို မာန့်ကိစ္စ ပေါ်ပြီးကတည်းက မုံ့ကို သိပ်အလိုမလိုက်။

အန်တီမွန်ကိုပါ ထပ်၍ ကန့်လန့်တိုက်နေလျှင် စိတ်ပေါက်ပေါက်နှင့် ကိုရွှေမာန်ကြီးနှင့် အိမ်ထောင် အမြန်ကောက်ချပေးလိုက်လျှင် အခက်။

"ရဝါတယ်။ မုံက မနက်တိုင်း နေမြင့်မှထလဲ ဘုရားဆောင်တော့ အရင်ဝင်ဝါတယ်၊ ဘုရားရှိခိုးပြီးမှ စားတာပါ၊ ပြီးတော့ ည,ည မုံ ဒီလိုပဲ မုံ့အခန်းမှာ နေခဲ့တာပါပဲ၊ အဟင်း ... မုံ သရဲမကြောက်တတ်ပါဘူး"

ဟု ပြောတော့ အန်တီမွန် ပြုံး၍ ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ မုံလေး စာကျက်နေတုန်းမှာ အဖော်လုပ်စောင့်ပေးဖို့ပါ"

ဟု ပြောတာနှင့် မုံ စိတ်ညစ်ရပါပြီ။ သွားပြီ။ ဝတ္ထုတို့၊ ရုပ်ပြတို့၊ မဂ္ဂဇင်းတို့တော့ မုံ့ကို ဝှတ်ဘိုင် လုပ်သွားကြရပြီတည်း။

မုံ မထမချင်း အန်တီမွန်လည်း စောင့်ခေါ်နေတာမို့ မျက်နှာလေး ညှိုးကျစိတ်ညစ်နေပုံဖြင့် ခြေလက်မသယ်ချင်သလိုလေး ရေချိုးခန်းတွင်းသို့ ဝင်ခဲ့ရပါ၏။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးတာနှင့် မုံ ခေါင်းဖြီးကာ ဘုရားဆောင်သို့ တောက်လျှောက် လာခဲ့သည်ပါပဲ။ အန်တီမွန့်ကိုလည်း စောင့်ခေါ်မနေတော့။

ဘုရားရှိခိုး အာရုံပြုနေသည့် မုံ့အသွင်လေးက ငြိမ်သက်သက်ပါ။

ဘာမျှ မကြာလိုက်။

"ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော်၊ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေအလေးအမြတ် လက်အုပ်မိုး၍ ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"



မုံ ဘုရားရှိခိုးသည်မှာ အသံကျယ်နှင့် တောက်လျှောက် ကန်တော့နေတော့ ဘုရားဆောင် တံခါးဝမှာ အန်တီမွန် ရပ်၍ပြုံးကြည့်နေသည့် အဖြစ်။ တမင်ဘုရားစာကို အကျယ်ကြီး မုံ ဆိုနေမှန်း အန်တီမွန် သိနေချေလိမ့်မည်ဟု မုံ အလိုလို နားလည်နေမိဖြစ်ပြန်၏။ မျက်စိကို စုံမှိတ်၍ မုံ ဘုရားကန်တော့နေဆဲပါ။

"ဤသို့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါ၊ ဗျသနတရား ငါးပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရလိုပါ၏ အရှင်ဘုရား"

မုံ ဘုရားရှိခိုး ကန်တော့ပြီးသည်အထိ အန်တီမွန် ဘုရားဆောင် တံခါးဝမှ ရပ်ကြည့်နေပြီးမှ မုံ အခန်းတွင်းမှ ထွက်မလာမီ အောက်ထပ်သို့ ဆင်းသွားပါချေ၏။

ထုံးစံအတိုင်း မုံ့ကို စောင့်ခေါ်နေသည့် မိကျော့ကိုသာ လက်ကလေးပိုက်လျက် ပုံစံဖြင့် စောင့်ဆိုင်းနေတာကို ပုံသေနေ့စဉ်တွေ့မြဲအတိုင်း မုံ တွေ့လိုက်ရသည်လေ။

ထမင်းစားခန်းသို့ အပေါ်ထပ် လှေကားလက်ရန်းကြီးကို လက်ဖဝါးလေးဖြင့် ပွတ်လျှောတိုက်ရင်း မုံ ပြေးဆင်းလာခဲ့ပါ၏။ ဒါက မနက်တိုင်း မုံ ထိုသို့ လှေကားထစ်လေးတွေကို ပေါ့ပါးစွာ နင်းဖြတ်ပြေးနေကျ။

ဘွားကလည်း အော်၍ ဟန့်နေကျ။ ခုလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... လဲ့ပြုံး ပြုတ်ကျမှဖြင့် မွေးတုန်းက အကောင်း၊ ခုမှ ကျိုးနေဦးမယ်"

ဟု ဧည့်ခန်းသို့ တံခါးခန်းဆီးကိုလှစ်၍ ထမင်းစားခန်းမှ ထွက်လာသည့် ဘွားက မျက်မှောင်ဖြင့် ကြည့်ကာ အော်တော့ မုံ ရယ်လိုက်လျက် ...

"ဆာတယ် ဘွားရာ ..."

ဟု ... ပြေးဖက် ချွဲလိုက်သည်ပါပဲ။

"အေး ... ဟိုမှာ ခေါက်ဆွဲရှိတယ်"

"ဟေး ... ပွတာပဲ၊ စားမယ်ဟော့ ... စားမယ်"

ခုန်ပေါက်၍ မုံ လက်ခုပ်တီး ပြောနေခိုက် မီကျော့က မျက်နှာသေလေးဖြင့် သားမှ လိုက်ပျော်ပုံမရရှာဘဲ ငြိမ်နေတာ ဘွား ပြုံးကြည့်နေတာကြောင့် ကိုယ်ရှိန်လေး ပြန်သတ်လိုက်လျက်_

"ကုန်သွားတာတော့ မဟုတ်ပါဘူးနော်၊ ခုနက ဘွားပြောတာပဲ၊ ခေါက်ဆွဲရှိတယ်ဆို"

"အေး ... ပြုတ်ပြီးသား ခေါက်ဆွဲရှိတာကို ပြောတာ၊ ညည်းစားဖို့ ညည်းဘာသာ ကြော်ရမှာ၊ မွန် ကိုယ်တိုင် သားက ညည်းကို သင်ပေးနေလိမ့်မယ်၊ ညည်းက သူများကြော်တာသာ ပါးပြီနားဖြ စားတတ်တာ၊ မချေ သင်ပေးလဲ စိတ်ပါလက်ပါ ကြည့်တာ လုပ်တာ မရှိဘူး၊ အငယ်လေး ဆိုပြီး ချစ်သမျှ ဆိုးနေ၊ အပါးနိုနေတာ များပြီ"

ခေါက်ဆွဲကြော် စားရဖို့အရေး အဆူခံလိုက်ရသည်မှာ ဆာသည့် မိုက်ပင် ငြိမ်ကျသွားရသည့်နှယ်ပါ။ ဘွားပြောတာတွေကလည်း တကယ်ပဲ ဟုတ်နေတာမို့ မုံ ပြန်မပြောရဲ။ ပြောလျှင်



စောစောစီးစီးမှာ ခေါင်းခေါက်ခံရတာက အစားစားရတာထက် အချိန်စောသွားကိန်း ရှိသည်လေ။

"မုံ ... ကြော်မှ မကြော်တတ်တာ"

"မျက်နှာလေး ငယ်ပြ၊ မျက်တောင်လေး ပုတ်ခတ်ခတ် လုပ်ပြမနေနဲ့၊ ညည်း ကြော်တာ ကောင်းလဲ ညည်းစား၊ မကောင်းလည်း ညည်းစား၊ ဘွားကတော့ ညည်းလက်ရာ မကောင်းတာကို မစားရအောင်လို့ ကြိုတင်ပြီးတော့ မချေ ကြော်ထားတဲ့ ခေါက်ဆွဲကြော် စားခဲ့ပြီ၊ ကော်ဖီလဲ သောက်ခဲ့ပြီ"

ဟု ဘွားပြော၍ ခြံထဲဆင်းဖို့ ဧည့်ခန်းဆောင်ကို ဖြတ်လျှောက်သွားတော့ မုံ စိတ်မော လက်မောဖြင့် ကျန်ခဲ့ရပါလေပြီ။

တကယ်ပဲ ထမင်းစားခန်းကိုရောက်တော့ နှပ်ထားသော ကော်ဖီတစ်ကရားပဲ ရှိသည်။ မုံ့ဘာသာပဲ ဖျော်သောက်ရမည်။ ဒါကတော့ ဖြစ်ပါသည်လေ။

ခက်သည်က ခေါက်ဆွဲကြော်ရတာထက် စားချင်မကောင်းမှာကို ကြိုတင်သိရခြင်းက ခက်နေသည့် အခက်။

ပြုံး၍ စောင့်နေသည့် အန်တီမွန်ကို မုံ စိတ်ထဲကြည့်မရချင်တော့။ အန်တီမွန် ရောက်လာမှ မုံ ခုကျရသည် မဟုတ်ပါလား။ အလျှင်တုန်းကဆို ဒေါ်ကြီးချေ ချက်တာတွေ အုပ်လိုက် တီးလိုက်နှင့် အဘယ်မျှ ပျော်ဖို့ကောင်းနေပါသလဲ။

"လာ ... မုံလေး၊ ခေါက်ဆွဲကြော်ဖို့ မုံလာဦးနော်၊ ဝေါ်ဗီ ထုပ်တို့၊ ပန်းမုံလာပွင့်တို့ လုပ်လိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှပါတယ် အန်တီမွန်၊ မုံ ... ကော်ဖီပဲ သောက်တော့မယ်၊ အဟင်း ဟင်း၊ မုံက ... မုံက ... လေပွပြီး ဗိုက်မကောင်း ဘဲ ဖြစ်နေတာ၊ ခေါက်ဆွဲကြော်စားရင် ပိုဆိုးမှာစိုးလို့ပါ"

ဟု ပြောလည်းပြော၊ ထမင်းစားခန်းသို့ ပြန်ကူးကာ ကော်ဖီတစ်ခွက်ကို နွားနို့များများ၊ သကြားများများနှင့် ဖျော်စေ၍ ဖျော်သောက်ပြီး မုံ အပေါ် ပြန်တက်ခဲ့ရပြီတည်း။

အန်တီမွန် ပုလဲရိပ်မြုံမှ မြန်မြန်ထွက်ခွာသွားမှ ဖြစ်ချေမည်တည်း။

မုံ ... ဒါပဲ တွေးဖြစ်နေမိရပါပြီ။

* * *



"လေးလေးဆွေနဲ့ အခေါ်နိုင်းလိုက်တုန်းက ငါတို့က ရောက်တာနဲ့ အဝတီးရတော့မယ် မှတ်တာ"

မြေပဲလှော်ထားတာကို အစ့်ကျွတ်အောင် ဆန်ကောထဲထည့်၍ လက်ဖြင့် ဖိပွတ် လှိမ့်ပွတ်နေရင်း ပေါက်ပေါက် ညည်းတော့ မုံ ပျော်နေသည်မပါပဲ။

"ညည်းမနေနဲ့၊ ငါက စုမှ အဖော်ရတာ၊ အရင် ရက်တွေဆို ငါ တစ်ယောက်တည်း လုပ်လုပ်နေရတာ နည်းသလား၊ ကြိမ်းပွတ်ရ၊ ခေါက်ကြီးခွေ ချက်ပြုတ်တဲ့နေရာ ဝင်ကူလုပ်ရ၊ ဒါတောင် မြေထဲတံမြက်လှည်းတာတို့ ဘာတို့က ကင်းလွတ်ခွင့် ရသွားလို့"

"နင် စန္ဒရားတီး သင်နေတာ ဟုတ်နေပြီလား"

"ဝါသနာမှ မပါတာ"

တကယ့်ကို လုံးဝကြီးကို အတီးအမှုတ် ဝါသနာမပါသည့် မုံပါ။ ပျော်လွန်းလျှင် တစ်ခါ တစ်ခါတော့ သီချင်းတစ်ပိုင်းတစ်စ ညည်းတတ်သည်။ မရသည့်နေရာရောက်လျှင် တေးသွားသံစဉ်ကို လေချွန်ခြင်းဖြင့် သီချင်းကို ဆက်ယူသည်အထိ ပါရမီရှင် မုံပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ သီချင်းတစ်ပုဒ် ရှုံးတာ မရှိ။

ခုလည်း မြေပဲဆံတွေ မုံ လှော်ခဲ့ရသည့် နောက်မှာ ဆန်ကောထဲထည့်၍ ခြံထဲဆင်းကာ အခွံချွတ်၊ အခွံတွေ ပြာထုတ်ပြီး မီးဖိုဆောင်ထဲ ယူပြန်လာဖို့ အန်တီမွန်က မှာသည်လေ။

"သရက်ချဉ် သုပ်တာတော့ ကောင်းပါတယ်ဟယ်၊ ဒီလောက် မြေပဲဆံတွေ လှော်ဖို့လိုလို့လား"

လှိုင်းပြာက မျက်မှန်ကို လက်ဖြင့်ပင့်၍ တစ်ပုံတစ်ပင်ကြီး လှော်ထားသည့် မြေပဲဆံတွေကို ကြည့်ကာ ပြောတော့ မုံက မျက်နှာလေး ရှုံ့ပြရင်း ...

"လက်ဖက်သုပ်တဲ့အခါ ထည့်ဖို့ပါ ထည့်လှော်တာ မဟုတ်ဘူး၊ လက်ဖက်သုပ်ထဲ မြေပဲဆံကို လှော်ထည့်တော့ ကြွပ်ထည့် တာထက် ဆီကုန်သက်သာတဲ့ အကျိုးကို ရသတဲ့၊ အဲသလို လဲ ငါ့ကို ဩဝါဒခြွေသေးရဲ့၊ ငါမှာ ညည တာကျက်ရင် သူ လာလာချောင်းနေမှာစိုးလို့ တံခါးကို ပိတ်ချထားရတာ"

"အိပ်နေတာ မိမှာစိုးလို့ ပြောပါဟယ်၊ အချင်းချင်းများ အမှတ်ကပ်ယူနေသေးတယ်၊ မအိပ်တာကျလို့ ... နင်လား စာကြည့်စားပွဲမှာ မျက်လုံးကြီးမြှုးပြီး တာကျက်နေမှာ"

မယုံသလိုပြောတော့ မုံ ဟက်ခနဲ တစ်ချက်ရယ်သည်။

အလုပ်လုပ်ရ၊ အစာကြီးထရ၊ အလျင်တုန်းကသလို တိုဖြုန်နှင့်လည်း မဆော့ရ။ ဒါပေမဲ့ ခုလို ပေါက်ပေါက်တို့နှင့် တစ်အုပ်ကြီးဖြန့်၍ မုလဲရိပ်မြုံမှာ စားသောက်ဖြစ်ရတာကို မုံ ပျော်နေမိသည်မှာ အမှန်ပါ။



"အဆောင်မှာ လေးလေးဆွေ လာခေါ်တော့ ငါတို့က သိပ် ယုံရဲတာ မဟုတ်ဘူးဟ မိမုံရ၊ ပေဒင်ကိန်းများ သီးသန့်ခေါ် ဆူချင်နေလို့လားလို့ လန့်နေတာ"

အဆောင်သို့ ဘွားက လေးလေးဆွေကို လွှတ်၍ ခေါ်နိုင်းခဲ့သည်ကိုက မုံ တစ်ယောက်တည်း တနင်္ဂနွေ နှစ်ပတ်မျှ ပျင်းရိစိတ်ညစ်စွာ ကုန်လွန်ခဲ့ရတာ ဘွား ရိပ်မိ၍ သနားစိတ်ဖြင့် အခေါ်နိုင်းခြင်းဟု မုံ ထင်သည်။

ဒါပေမဲ့ ကိုယ့်အဖြစ်နှင့် ကိုယ်မို့ ပေါက်ပေါက်တို့မှာ အလကားနေရင်း လန့်နေကြကာ အဆောင်မှနေ၍ ပုန်းဖြင့် မုံ့ထံသို့ ဆက်ကာ ...

"ဆူဖို့ခေါ်တာ မဟုတ်ဘူး ဆိုတာ သေချာတယ်နော် မုံ၊ တကယ်လာရမှာလား၊ မလာသင့်ဘူးဆိုရင် ပြောနော်၊ ငါ ခေါင်းကိုက်တယ်လို့ လေးလေးဆွေကို ပြောမယ်၊ လှိုင်းပြာ က မျက်စိကိုက်၊ ထွေးထွေးအိက ဝမ်းကိုက်၊ ကိုက်သုံးကိုက် နဲ့ ငြင်းလိုက်မယ်လေဟာ"

ဘယ်တော့မဆို ပျော်စရာလေးတွ တွေးတတ်သည့် ပင်ကိုစရိုက်လေးကို မပျောက်နိုင်စွာဘဲ ပေါက်ပေါက် ပြောခဲ့စဉ်က ...

"လာခဲ့ကြစမ်းပါ၊ ဒီမှာ အုန်းထမင်း တကယ်ချက်စားတာ၊ ကြက်သားဟင်း၊ ပုစွန်ခြောက်နဲ့ ဘာလချောင်ကြော်၊ ချဉ် ရည်ဟင်း၊ သရက်ချဉ်သုပ်၊ နောက် ... ကျောက်ကျောလဲ လုပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြေလိုက်တာနှင့် ဝမ်းမြောက်အားရ လိုက်လာကြသည့် အုပ်စုမှာ အလုပ်မိကြသည်ပါပဲ။

"အဟုတ်မှတ်လို့ လာမိတာ အုန်းသီးခြစ်ရတာနဲ့ အုန်းနို့ညှစ်ပေးရတာနဲ့ မြေပဲဆံ လှော်ရတာနဲ့ ကြက်သွန်နွှာရတာနဲ့ ဖတ်ဖတ်ကို မောရော"

ပေါက်ပေါက် ညည်းပေမဲ့ မျက်နှာလေးကတော့ ပြုံးနေသည်။

"ဒါပေမဲ့ စားရမဲ့ ထမင်းပွဲကို မျှော်လင့်ရင်း ပျော်မိပါတယ် မုံလေးရယ်"

ဟု ရယ်မောပြောရင်း ဆန်ကောထဲမှ မြေပဲဆံတွေကို ကောက်ကောက် ဝါးနေသည်။

"ခုမှ ပျော်ပါတယ် မုံလေးရယ်၊ ဘာရယ်နဲ့ လုပ်နေတာ ... ဘွားကို မျက်နှာလုပ်ဖို့ ဆိုပြီး ဈေးထဲဝင်၊ ပန်းတိမ်ငိုပန်းဖြူ အခိုင်ကြီးတွေ၊ နှင်းဆီဖြူတွေဝယ်၊ ဘွားကိုပေးနဲ့ လန့်နေတာများ မသိဘူးမှတ်လို့"

"ဟော့ ... လှိုင်းပြာ၊ လူကြီးကို ရိုသေတာ၊ လန့်တာ ဘာဖြစ်လဲ၊ လန့်တယ် ဆိုတာ ရိုသေတဲ့လူကိုမှ လေးစားတဲ့လူကိုမှ လန့်တာ၊ နင့်ကို ငါက လန့်မှာလား၊ နင့်လို မျက်မှန်လေး လက်နဲ့ပင့်လိုက် ခေါ်ဖန်လိုက်နဲ့ လုပ်နေသူကိုများ အမြင်တောင်ကတ်သေး"

"စကားများ့တာလဲနား ... သွားဝါးတာလဲ နားပါ မိပေါက် ပေါက်ရယ်၊ နင် မြေပဲဆံတွေ ဝါးနေတာ အရေအတွက်အားဖြင့် ငါးဆယ်နား ကပ်နေဝါပြီ၊ ဆန်ကောကြီးနဲ့ တွေ



ထားတာမို့ အကုန်စားမယ်ဆိုပြီး သန္နိဋ္ဌာန်ချထားတဲ့ အတိုင်းပဲ၊ သိပ်ငတ်တာပဲ"

လှိုင်းပြာ မျက်မှောင်လေး တွန့်ကွေး၍ ပြောတော့ ပေါက်ပေါက် ရယ်သည်။

"ဒါကတော့ ဒီလိုရှိတယ်၊ ငတ်တယ် ဆိုတာက အပြောခံရသူရှေ့မှာ စားစရာရှိမနေသေးချိန်မျိုးမှာ ဆိုရင်တော့ အပြောခံရသူက နစ်နာတယ်၊ ခုလို စားစရာတွေ ရှိနေချိန်ဆိုရင်တော့ အပြောခံရတာ ဝမ်းနည်းစရာ မကောင်းပါဘူး၊ စားရတာပဲ"

ဟု ပြောရင်း ဆိုရင်းပင်၊ နောက်ထပ် မြေပဲဆံတွေ ယူဝါးနေပြန်ကာ ပြုံးစိစိနှင့် အားလုံးကို ကြည့်သည်။ ပေါက်ပေါက် မျက်ဝန်းနက်နက်လေးတွေက ပျော်ရိပ် ပြုံးရိပ် သမ်းနေသည်ပါပဲ။

"နင်တို့သာ မငတ်ဘူးဆိုတဲ့ အထိမ်းအမှတ် အဖြစ်နဲ့ မစားကြနဲ့၊ ငါကတော့ ဝါးမယ်၊ မြေပဲဆိုတာ အလွန်ဆိမ့်ပြီး စားကောင်းတဲ့ စားစရာပဲ"

"အောင်မာ ..." သူတစ်ယောက်တည်း လေးငါးယောက်စာ တီးနေတာ၊ လျော့နေလို့ ဘွား စဉ်းစားတဲ့အခါ ငါတို့အားလုံး လေပေါ်ရင်း အုပ်ပစ်ကြတာလို့ ဘွားကထင်မှာ၊ စားတော့သူ၊ အထင်ခံရတော့ ငါတို့အားလုံး ... ဘယ်ရမလဲ၊ စားတယ်ဟော့"

ထွေးထွေးအိက ထိုအခါမှ တွေးမိလာပုံဖြင့် ပေါက်ပေါက် ကြိုထားတာကို ဖော်ပစ်လိုက်ရင်း ဦးဆောင်၍ မြေပဲဆံလေးတွေ လက်နှင့် ဆုပ်ဆုပ်စားပစ်တော့ အားလုံး ရယ်မောရင်း စားပစ်ကြသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ဟော့ … ကုန်သွားမယ်၊ အများကြီး မစားပစ်နဲ့၊ ထပ်လော့နေရလိမ့်မယ်၊ ထပ်လော့နေရလိမ့်မယ်"

မို့ စိတ်လက်ပူလျက် အော်တော့မှ လက်ရှိန်တွေ တန့်တုန်ကြသည့် အဖြစ်။

"ဒီဆန်ကောကို အမြန်ဆုံး ပြန်အပ်လိုက်တာ အကောင်းဆုံး ပဲ"

လှိုင်းပြာက ပြောရင်း ဆန်ကောကို ယူချသွားတော့ အားလုံး နောက်မှ လိုက်လာကြသည်။ မီးဖိုခန်းထဲသို့ တစ်အုပ်လုံး ဝင်လာကြိုက်မှာ မီးဖိုခန်းထဲမှာ စွပ်ကျယ်ရှိုင်းပြတ်လေးနှင့် ကြက်ခုတ်နေသော မာန့်ကို တွေ့ရတာမို့ အားလုံး၊ ခြေလှမ်းလေးတွေ တန့်ကုန်ကြရသည့်အဖြစ်။ ချည်ချောပုဆိုး အညိုကွက်စိပ်လေးကို တိုတိုဝတ်ထားလျက် စဉ်းတီတုံးပေါ်မှာ ကြက်ခုတ်နေသည်များ ကြော့နေသည်ပါပဲ။ မာန့်ဘေးမှာ ပြုံးပြုံးလေး ထိုင်နေသည်က အန်တီနုပါ။

ကြည့်ရတာ အန်တီနုက သားဖြစ်သူကို ကြက်ခုတ်ကူနိုင်းနေတာ ဖြစ်မည်။

စောစောပိုင်းက အန်တီနုတို့ မရောက်သေး။

အုန်းထမင်း ချက်စားမည် ဆိုကတည်းက မာန့်တို့ကိုလည်း မေမေနှင့် ဘွားတို့က ခေါ်မည်ဆိုတာ မို့ တွေးမိလိုက်ဖို့ ကောင်းသည်ပေါ့။ ခုကျမှတော့ ဘာတတ်နိုင်တော့မည်တဲ့လဲ။ မို့ နောက်မှာ ရှိနေသည့် ထွေးထွေးအိကို မာန့် မမြင်ရလေအောင် ရှေ့မှကွယ်၍ ရပ်ရပ်နေရင်းမှ လက်ကုတ်၍ နောက်ကြောင်းပြန်လစ်ဖို့ လက်နောက်ပြန်လေး လက်ကုတ်ကုတ်ပြီး အချက်ပြနေပေ



မယ့် တံခါးဝမှာ လှိုင်းပြာက ခံနေသည်မို့ နောက်လှည့်ဆုတ်၍ မရဘဲ ဖြစ်နေရသည်က ထွေးထွေးအိပါ။

စောစောက ခြံထဲဆင်း၍ မြေပဲဆံ တစ်ဆန်ကောဖြင့် အမြူးလာခဲ့သမျှ စိတ်အညစ်ကြီး ညစ်ကျနေကြသည်က တစ်အုပ်လုံးပါ။

ကားဝင်လာသံကို မကြားရလောက်အောင် ဆူညံပွက်ထရင်း ပျော်နေမိခဲ့သမျှ ကိုယ့်ပါးစပ်ကို ကိုယ်ပြန်၍ အပြစ်တင်နေမိကြရသည်မှာလည်း တက်ညီလက်ညီပါ။

ခုမှတော့ မီးဖိုခန်းထဲမှ ကိုယ်တော်က အကြောသား ကြက်ခုတ်နေပြီ။

"ဟဲ့ … ဘယ်နှယ်ဖြစ်ပြီး တံခါးဝမှာ တန်းစီတစ်နေကြတာ တုန်း"

ဘွားက လှမ်းခေါ်တော့ မို့ စိတ်ညစ်နေတာပဲ ရှိနေသည်။

မို့ … ဘယ်လိုပဲ ရှေ့မှာကာထားထား။ မို့ထက် အရပ်မြင့်သော ထွေးထွေးအိမှာ ညိုတိုတို မျက်နှာလေး ခေါင်းတစ်လုံးစာ ပေါ်နေလျက် မာန့် မျက်နှာကို မျက်နှာသေလေးနှင့် အားယေပါးငယ် ကြည့်ရင်း …

"ဘုရား … ဘုရား … မမှတ်မိပါစေနဲ့၊ ငါ့ကို မမှတ်မိပါ စေနဲ့"

စိန်မေနိုင် လုပ်တုန်းကတော့ ပျော်နေခဲ့သည်။ ခုတော့ မာန်နှင့် ပက်ပင်းကြီး တိုးနေရတော့ လန့်နေရပေသည် တည်း။

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်စုလုံး ငြိမ်ကျနေလျက် တန်းစီရပ်နေဆဲမို့ ဘွားရော အန်တီနုရော သတိထားမိသလို ကြည့်ကြည့်နေတော့ ပထမဆုံး နောက်ကြောင်း ပြန်လှည့်သည်က လှိုင်းပြာ။

နောက် ... လှိုင်းပြာက လက်ကုတ် အချက်ပေးခေါ်တာမို့၊ ငှက်ကလေး လှည့်ပျံထွက်သလို နောက်မှ လိုက်ထွက်သွားသည်က ထွေးထွေးအိပါ။

ပေါက်ပေါက်နှင့် မုံ့မှာ ထိုအခါမှ သက်ပြင်းချမိလျက် ...

"မြေပဲဆံတွေ လာပို့တာ၊ သူတို့က ... သူတို့က မြေပဲတွေ ယူစားထားလို့ ဘွားကို လန့်ပြီး လစ်ပြေးကြတာ ... အဟင်းဟင်း"

- ဟု မုံ့ ရယ်လျက် ပြောတော့ တကယ်လည်း ထွေးနေသည့် မြေပဲတွေကို ကြည့်ရင်း ဘွားပြုံးသည်။ ကလေးတွေပဲလေ ... စားပါစေဟု ရင်ထဲမှ တွေးဖြစ်လျက် ...

"ပြန်ခေါ်လာခဲ့ ... ဒီက အန်တီနုတို့ မာန်တို့နဲ့ မိတ်ဆက်ပေးကြရအောင်"

- ဟု ဘွား စိမ်နေတော့ ခေါင်းလေး ခါလိုက်သည်က ပေါက်ပေါက်ပါ။

"ကိုမာန်နဲ့က ပေါက်ပေါက်တို့ သိပြီးပါပြီ"

ထွေးထွေးအိနှင့် မာန့်ကို လုံးဝဆုံပေး၍ မဖြစ်တာကို မျက်စိမှိတ်၍ ပေါက်ပေါက် ပြောစဉ်မိုက် ...

"အန်တီနုနဲ့မှ မဆုံဖြစ်ကြသေးတာကွယ် ... ခေါ်ခဲ့"



ဟု ပြောတော့ မုံ့ စိတ်လက် ညစ်ကျသွားရင်း ပေါက်ပေါက်ကို ...

"သွားခေါ်ခဲ့ဟာ"

ဟု ပြောပြီး မာန့်ကို မျက်နှာငယ်လေးနှင့် မုံ့ ကြည့်မိရပါပြီ။

စိန်မေခိုင်ကို မှတ်မိ၍ ဖော်ကောင် အပြတ်လုပ်လျှင်ဖြင့် မုံ့ ခေါင်းနေရာလပ်ဖို့ အကြောင်းမမြင်။ ဘွား ခေါက်ထည့်သမျှ လက်သံကို ခံရဖွယ်သာ ရှိချိမ့်မည်ပဲ။

မာန်က ခုတ်ပြီးသား ကြက်သားတုံးတွေကို စလုံထဲထည့်၍ မုံ့ကို တစ်ချက်ကြည့်သည်။

မျက်နှာကတော့ ပုံမှန်ခပ်အေးအေးပုံဖြင့်ပါ။

"လာဆေးပေးဦး"

ဟု ပြောပြီး ရေစက်ရှိရာသို့ သွားတော့ မုံ့ နောက်မှ ကုပ်ကုပ်လေး လိုက်လာသည်။

ခုချိန်မှာ မာန့်ကို ကန့်လန့်မတိုက်ရဲ။ ထွေးထွေးအိပြဿနာက အင်အားနှင့် ဒုက္ခပေးကိန်း နီးနေချေသည် မဟုတ်ပါလားလေ။

မာန် ခေါ်တာနှင့် မငြင်းဘဲ ငြိမ်ကုပ်ကုပ်လေး မုံ့ လိုက်သွားတော့ ဘွားနှင့် အန်တီနုမှာ ကလေးချင်း အတန်ပြေလည်ပြီဟု ထင်၍လား မသိ။ ပြုံးကြည့်ကျန်ခဲ့သည်ပါပဲ။

"ရော ... စလုံ၊ ခုမှ လန့်မနေနဲ့၊ လုပ်တုန်းကတော့ လုပ်ခဲ့ပြီးတော့၊ မင်းလား ... ငါ ထုလိုက်ရ သေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းပြင်ဘက် ရေစက်ရှိရာ နေရာသို့ ရှောက်တော့ စလုံကိုယေပြီး မာန် ဆူငေါက်ငေါက်လေး ပြောတော့ မုံ မခံချင်။ မော့ခနဲကြည့်တော့ ခပ်စိုက်စိုက် ကြည့်နေသည့် မာန့် မျက်ဝန်းတွေနှင့် ဆုံ၏။ ထူစိမ်းနေသည့် မျက်ခုံးတန်း နက်နက်ကြီးအောက်မှ မျက်ဝန်းသည် တည်ဗူးဗူးနှင့် ရှိနေ၏။ ဒါပေမဲ့ ထိုတည်ဗူးဗူးကြီး ရှိနေသည့် မျက်ဝန်းအကြည့်၏ နောက်ကွယ်မှာ ပြုံးရိပ်ရေးရေး ထင်နေသည်ဟု မုံ ထင်မိသည်။

"မင်းက ငါ့ကို မယားငယ် ယူမယ်လေး၊ ညည်းက မုဆိုးမ ဖြစ်ကိန်း ရှိသလေးနဲ့၊ ခု အဲဒီ စိန်မေမိုင်နဲ့ ပေါင်းဟောခိုင်းဦးမလို့လား၊ ညည်းနော် … ညည်းလေး … ကိုယ်မသေရတိုင်း ငါ့ကို သေခိုင်းတာ၊ ငါအခု ပိတ်ထုလိုက်ရင် ဂျပ်ဖြစ်သွားမယ်၊ ဘာမှတ်လဲ၊ လူကြီးတွေ တိုင်လိုက်ရမလား"

မုံ မျက်နှာလေး သွေးဆုတ်သွားလျက် စလုံကို ရေစင်ပေါ် တင်လိုက်ကာ လက်အုပ်လေးချီ၍ …

"တွေးတွေးအီ သနားပါတယ် ကိုမာန်ရယ်၊ မတိုင်လိုက်ပါနဲ့နော်၊ သူက လန့်နေတာ၊ ဘွားက ဆူမှာ"

မျက်နှာလေး ငယ်ကျနေသည့် ကောင်မလေးကို ငုံ့မိုး၍ကြည့်ရင်း မာန့် ရင်ထဲမှာ လန့်နေသည့် ကလေးတစ်ယောက်ကို ချစ်စနိုးလေး ခြောက်လှန့်ရသည့် သူ တစ်ယောက်၏ ခံစားမှုတွေဖြင့် ပျော်နေမိသည်ကိုက ကိုယ့်ဘာသာ ထူးဆန်းနေသည့် အဖြစ်။

"လူကြီးတွေ ရိပ်မိကုန်မှာစိုးလို့ ဟိုမှာ ဟန်မပျက် ငါနေပေးခဲ့တာ၊ အဲဒီ စိန်မေမိုင်တို့များ ငါ မမှတ်မိဘူးမထင်နဲ့၊ သွား … ကြက်သားတုံးတွေဆေး"



"ဟုတ် … ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်"

"ဘာလို့ ကျေးဇူးတင်တာလဲ"

"ဘွားကို မတိုင်တော့ဘူး ဆိုလို့ပါ"

ခပ်တည်တည် မေးနေသမျှ သေဝပ်နာခံစွာ ဖြေနေမုံလေးကို ကြည့်ရင်း၊ ရင်ထဲမှာ တစာယ်ပဲ သနားလာမိသည်မှာ မာန်ပါ။ ဒါပေမဲ့ ချစ်စနိုးလေး ဆက်နောက်နေချင်သေးတာမို့ …

"မတိုင်တော့ဘူးလို့ ငါက ပြောသေးလို့လား"

ဟု ပြောနေစဉ်မှာပဲ ဟင်ခနဲ တစ်ချက်ဖြစ်သွားလျက် ခေါင်းလေးငုံ့ချကာ မုံ ကြက်သားစလုံထဲ ရေပိုက်ခေါင်းလေး ဖွင့်ချရေလောင်းထည့်နေရင်း မျက်ရည်တွေ ကျလာတော့ မုံ့ဆီသို့ ငပ်သွားရလျက် …

"ဟော့ … ဟော့ … ဘယ့်နှယ် ငိုနေရတာတုန်း"

မျက်ရည်တွေ တအိအိ ပြိုကျနေရင်း လက်ဖမိုးလေးဖြင့် မျက်ရည်တွေ ကျိတ်ကျိတ်သုတ်နေသည့် မုံ့ကို သနားမိတာရော၊ အနောက်သန်သွားသမျှ စိတ်မကောင်း ဖြစ်မိတာကြောင့်ရော တန် မျက်နှာမကောင်းနိုင်တော့။

"ဘွားကှ သတ်မှာ၊ မုံက ဆိုးခဲ့တာကိုး၊ တွေးတွေးအီလဲ သနားပါတယ်၊ သူက လန့်နေတာ၊ အုန်းထမင်း စားရမယ် ဆိုပြီး လာကြတာ၊ ခု … ဆူခံထိတော့မှာပဲ"

"ဘာလို့ ဆူခံထိမှာလဲ၊ ဘွားကို မတိုင်ပါဘူး၊ စိတ်ချ၊ မျက်ရည်ကလဲ အကျမြန်လိုက်တာကွာ၊ ဆောရီးနော်၊ ကိုယ်ဗျာ ခင်လို့ နောက်မိတာပါ၊ မင်းက နောက်လို့သိပ်ကောင်းတဲ့ ကောင်မလေးပဲ၊ ဒါကြောင့် …"

www.burmeseclassic.com

www.burmeseclassic.com



ဟု မာန် ပြောနေစဉ် ကြင်နာမှုနှင့် နွေးထွေးအေးချမ်းနေသည့် လေသံတွေ မုံ့ နားတွင်းသို့ စီးဝင်လာသည့်နယ်မှာ စောစောနဲ့ ကြည့်မိတော့ တကယ်ကို စိတ်မကောင်းသလိုကြီး ငုံ့ငိုးကြည့်နေသည့် မျက်ဝန်းများနှင့် ဆုံလိုက်ရသည်ပါပဲ။

"ကြက်သားတွေ မီဖိုပွတ်ဆေးနေလိုက်တာ၊ အရိုးအရသာတော့ ရေထဲမျောပါကုန်တော့မှာပဲ၊ ကဲ ... ကဲ ... ခြံထဲသွားနားနေလိုက် ... ဟုတ်လား၊ ကိုယ် ယူသွားလိုက်မယ်"

ကြက်သားစလုံကို မာန် ယူသွားမည် လုပ်တာမို့ မျက်ရည်ကို ခြောက်အောင် ပွတ်သုတ်ပစ်ရင်းမှ မုံ့ ကျေးဇူးတင်သွားမိရသည်ပါပဲ။

နောက်မှ စပယ်ရုံကြီး လှုပ်လှုန်းနေတာကို သတိထားမိတာမို့ မုံ့ရော မာန်ရော ကြည့်လိုက်မိတော့ ဖြူးစပ်စပ်လေးတွေ ခေါင်းလေးမြှုပ်နေကြသည့် ပေါက်ပေါက်တို့ကို တွေ့လိုက်ရပါသတည်း။

❀ ❀ ❀



"တိမ်ယံတွင်းက နှင်းကျပြီ၊ အာကာတိုင်းက မှိုင်းလို့ရီ၊ ဟောမာန့်ခါမီ ထူးပဲ ချမ်းတော့သည်။ ဒါဒါ ... ဒီးဒီ ... ဒီးဒွံဒွံ"

အမှိုက်ထည့်သည့် ပလတ်စတစ်ဆွဲပုံးပြာကြီးကို ဆွဲရင်း မိကျော့က ဆောင်းကဗျာ့ပါတေးနှင့်အတူ အမှိုက်ကျင်းရှိရာသို့ ညကိုးနာရီ ထိုးခါနီးမှာ ရီရီနှင့်အတူ လျှောက်လာနေပြီ။

"နင် ပျင်းကြောထူပြီး အမှိုက်ကို စောစောမသွန်လို့ ခုမှ သွားပစ်ရတော့တာ"

အကျီထူလေးကို လက်နှစ်ဖက်ဖြင့် ရင်မှာဆွဲနေရင်း ရီရီ ဆူတော့ မိကျော့က တေးညည်းမပျက်။

"ခေါကြီးရွှေက အမှိုက်မသွန်ရင် ကြွက်လာတယ်ဆိုပြီး ဆူနေကျ၊ အဲဒါ သီရက်နဲ့ နင် သိပ်ပျင်းတာပဲ"

"မေ့လို့ပါဆိုမှ နင်ကလဲ၊ အဖော်လိုက်လုပ်ပေးရတာလေးနဲ့ ဒီလောက် ပူညံနေရလား"

မိကျော့ မျက်မှောင်လေး တစ်ချက်တွန့်၍ ပြောလိုက်တော့ ရီရီ မျက်စောင်းခဲသည်။ ရီရီက သတ္တိခဲ။

www.burmeseclassic.com

www.burmeseclassic.com



ညဆို ဘယ်တော့မှ အပြင်မထွက်ရဲ။ သစ်ပင်လှုပ်လည်း ကြောက်သည်။

သစ်ကိုင်းကျိုးလည်း ကြောက်သည်။ ညငှက်ငလေး ထဖျတ်လည်း လန့်သည်။

ရီရီ လန့်သည်က လူကိုမဟုတ်။ သရဲပါ။ သရဲဆိုတာကို ဖြူလား မည်းလား မသိပေမယ့် ညညတွေမှာ မံ့ ပြောပြောဖြစ်တတ်သည့် သရဲပုံပြင်တွေဖြင့်ပင် အလိုလိုတွေးလန့်ပြီး သရဲကြောက်နေသည့် ရီရီ။

မမမံ့ အတွက် မွှားနို့သွားပို့လျှင် ...

"ထိုင်ဦး ... ငါ စာကျက်နေတာ ညောင်းလှပြီ၊ ဦးနောက်ရှင်းတဲ့ သဘောနဲ့ နင်နဲ့ငါ လေပေါ်မယ်၊ သရဲပုံပြင်ကို ပြောပြမယ်"

ဟု မမမံ့ ပြောတာမို့ ရီရီ ကုလားထိုင်လေးမှာ ထိုင်ရင်း သရဲပုံပြင်တွေ နားထောင်ခဲ့ရတာ နှစ်နှင့်ချီနေခဲ့ပြီပဲ။

ဟုတ်တာ မဟုတ်တာ မသိ။ တကယ်ရော ပုံပြင်မှ ဟုတ်ချေရဲ့လား မသိ။ သရဲပုံပြင်ကတော့ စုံသည်။

မီးနေသည်သရဲ။ သစ်ပင်စောင့်သရဲ။ ကြောင်သရဲ။ ခွေးသရဲ။ လျှာတစ်တောင်လောက်ထွက်သည့် သရဲ။

ကြောက်ကြောက်နှင့် နားထောင်ရသည့် အရသာကိုလည်း ရီရီ မစွန့်နိုင်။

ပြီးတော့ကျတော့ အပြင်မထွက်ရဲရှာပဲ ညညတွေမှာ အိမ်သာသွားချိန်တိုင်း ခေါ်ကြီးချွေကို နိုး၊ မိကျော့ကို နိုးနှင့် အလှုပ်အလှုန်ရှုပ်သည့် ရီရီပါ။



ခေါ်ကြီးချွေကတော့ မမမံ့၏ ပုံပြင်တွေက လုပ်ကြံပြောတာတွေဟု ရယ်မော ပြောတတ်သည်။

"ငါတောင် ဒီအသက်ရှိပြီ၊ ကြောင်သရဲဆိုတာ ခုမှ ကြားဖူးတယ်"

ဟု ရယ်မောပြောခဲ့ပေမဲ့ ရီရီကတော့ အိမ်ကို ရောက်ရောက်လာတတ်သည့် တစ်ဖက်ခြံမှ ချွဲဝါကိုပင် မျက်လုံးကြီးပြူး၍ ကြောင်အစစ်လား၊ ကြောင်သရဲလားဟု စစ်ကြောကြည့်နေတတ်ပြီ။

ခေါ်ကြီးချွေက သရဲပုံပြင် ပြောတာ နားမို့ မမမံ့ကို တိုးတိုးကျိတ်ကျိတ် ပြောစဉ်က မမမံ့က ရယ်လျက် ...

"မံ့က ဖတ်ဖူးတာတွေ ပြောပြတာပါ၊ သူများ ပြောပြတာတွေ ကြားဖူးတာလဲ ပြောပြတာပါ၊ မီးနေသည် သရဲဆိုတာ မျက်လုံးကြီးကို ပြူးနေတာတဲ့၊ နနွင်းနဲ့ သိပ်ရတာပဲတဲ့"

ဟု ထပ်ပြောနေတာမို့ ဘေးမှ ရီရီမှာ မျက်နှာလေး ဆီးစေ့လောက် ကျုံ့ရှာသည့် အဖြစ်။

ခုလည်း ညကြီး အမှိုက်ပုံးသွန် အဖော်လိုက်ရတာမို့ ရီရီ ဂျိုကန်နေခြင်းပါ။

"လေတွေကလဲ တိုက်လိုက်တာဟယ်"

"သစ်ပင်ရိုတာပဲ တိုက်မှာပေါ့၊ ဓိလလေးကို အေးနေတာပဲ၊ ရှူး ... အားပါး ... အသက်ရှူလို့ ကောင်းလိုက်တာ"

လေကိုရှိုက်၍ မိကျော့ ရှူပြတာမို့ ရီရီ မျက်စောင်းထပ်ခဲ့သည်။

"မမမံ့ ပြောတဲ့ သရဲပုံပြင်ထဲမှာ လေတိုက်ရင် သရဲက လာတာတဲ့၊ မီးခိုးငွေ့တွေ ဘာတွေလဲ ထွက်လာတတ်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ထွပ် ... အဲဒါ နင့်ကြောက်မှန်းသိလို့ ဖြဲခြောက်ပြောတာ၊ ဘာသရဲမှ မရှိဘူး၊ ကြည့် ... ဘယ်လောက်လှလဲ၊ လလဲ သာလို့၊ ပန်းခြံဘက်ကိုသွားတဲ့ ဟိုဘက်မှာလဲ ကွန်ကရစ် ခင်းလမ်းနဲ့၊ ဒီဘက်ကနေပြီး သစ်ပင်တွေ အတန်းလိုက် စိုက်ထားတဲ့ ဥယျာဉ်မှာလဲ ကွန်ကရစ်လမ်းနဲ့ ပန်းနဲ့ ဘယ် လောက်လှလဲ"

တကယ်လည်း လရောင်အောက်မှာ သစ်ပင်တန်း အတိုင်း လမ်းလျှောက် ပန်းရုံများ တစ်ဖက်စီ ရံလျက်ရှိနေသည့် ကွန်ကရစ်ခင်းလမ်းမှာ ကြည်နူးစရာ ရှိနေသည်ပါပဲ။

စံကားဖြူပန်းတွေက ပွင့်ဝေနေကြတာမို့ လမ်းဘေး တစ်လျှောက်ရှိ ပန်းပင်တန်းဆီမှ ရနံ့က သင်းပျံ့ထုံဝေနေသည် ပါပဲ။

"သရဲက ... လသာတဲ့အခါ ထွက်တယ်တဲ့"

"နင့်သရဲက ဘယ်တော့ မထွက်တာရှိလဲ၊ မမမုံရဲ့သရဲက လသာလဲထွက်၊ လမိုက်လဲထွက်၊ လေတိုက်လဲထွက်၊ လေ ငြိမ်လဲထွက်၊ ဖွတ် ... ဖွတ်သရဲ၊ အလကား၊ ငါတော့ မကြောက်ပေါင်"

မိကျေးက ရင်ကိုကော့၍ ခပ်မော့မော့လေး ကြွား ပြောနေခိုက်မှာ ရီရီက မျက်နှာလေး ဖျော့ကျသွားလျက် ရှေ့ဘက် ကို ကြည့်နေရင်း မလှုပ်မယှက်ကြီး အတောင့်လိုက် ရပ်နေပြီ။

မိကျေးက ရီရီကို လှည့်ကြည့်တော့ ဥယျာဉ်ဘက် ကို ကျောပေးလျှောက်လာသည့် ရီရီက မျက်လုံးလေး ပြူးကျနေ လျက် အသားပါ ဖွေးနေသည်မို့ ...



"ဘာဖြစ်နေတာလဲ"

ဟု ငေါက်ဆတ်ဆတ်လေး မေးသည်။ မိကျေးက တော့ ဘယ်တော့မဆို သဘောဖြူအစ်စင်း ရီရီကို အမြဲဗိုလ်ကျနေကျ။

ရီရီက ငိုမဲ့မဲ့လေး ဖြစ်လာလျက် လက်ညှိုးကို အနိုင် နိုင် အားယူထိုးပြနိုင်တာပဲ ရှိတော့သည့် အဖြစ်။ အသံက ထွက် မလာနိုင်။ ပါးစပ်လေးဟ၍ အသက်ကို အားယူရှူနေရှာသည့် ရီရီ။

"ဘာလဲ ... ဘာလဲ၊ လေတိုက်တဲ့ သရဲလား"

ဟု လှောင်သလို ပြောလျက် ခေါင်းကို စောစောက မျက်နှာမူသွားနေရာဘက်ကို လှည့်လိုက်သည်။ ရီရီ လက်ညှိုးထိုး သည့်နေရာကို ကြည့်ခြင်းပါ။

စောစောက စကားထဲ အာရုံရောက်နေ၍ ခပ်လှမ်း လှမ်းဆီသို့ မိကျေးက မကြည့်မိဘဲလေ။

စံကားပင်တန်း လမ်းအတိုင်း လျှောက်သွားပြီး ဘယ် ဘက်ကိုမှဲ့၍ မြက်ခင်းကိုဖြတ်ကာ လျှောက်သွားလျှင် အမိုက်ကျင်း တူးထားသည့် နေရာသို့ ရောက်မည်။

"ဟင်"

မိကျေး လက်ထဲမှ ပလတ်စတစ် လက်ဆွဲပုံးပြာကြီး လွတ်ကျသွားလျက် ခြေထောက်တွေ ခဲဆွဲထားသည့်နှယ် ရှိနေရပြီ တည့်။

လရောင်အောက်မှာ။

ဟုတ်သည်။ လရောင်အောက်မှာ။ စောစောက ပြော မိသည့် လေတိုက်သရဲများလား မသိ။ တစ်ကိုယ်လုံး ဖြူနေသည့် အဖြူရောင် ခြုံလွှာကြီးက လေထဲမှာ တလွင့်လွင့်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလည်း မမြင်ရ။ ခေါင်းဟု ထင်ရသော အရာကလည်း ဖြူနေသည်။

ပြီးတော့ကျတော့ ...

ဟုတ်သည်။ ပြီးတော့ကျတော့ ခြေထောက်လည်း မမြင်ရ။

တရွေ့ရွေ့ လာနေသည်ကလည်း ခြေအရွေ့ပုံစံ၊ ခြေအလှမ်းပုံစံမျိုးဖြင့် မဟုတ်။

အရှိန်နှင့် ရွေ့လျားနေသည့် အရွေ့အလျား။

လက်နှစ်ဖက်ကလည်း ရှေ့သို့ ဆန့်တန်းထားသည်။

"အံ ... အဲ ... အ ... မေ ... ရေ ..."

မိကျော့ ကိုယ်လေး နောက်ကြောင်းပြန် လှည့်စဉ် နိုက်မှာ ရီရီက မျက်စိကို စုံမှိတ်၍ ...

"ငါ့ကို ခေါ်ပါဦး၊ ခြေထောက်က လှုပ်လို့ ... မ ... ရ ... တော့ဘူး"

အသံက တဖြည်းဖြည်း လေးလာလျက် လျှာတွေ ကပ်ကုန်သည့်နှယ်ပါ။

ချွေးစေးတွေ ပြန်နေလျက်ဖြင့်ပင် မိကျော့က ရီရီ့ လက်ကိုဆွဲ၍ ...

"စိတ်မဆိုးပါနဲ့၊ စောစောက မသိလို့ ပြောမိတာပါ၊ အီး ... အီး ... ကယ်ပါဦး"

ဟု ပြောလည်းပြော၊ တောင်းပန်သလို တစ်ချက် လှည့်ကြည့်တော့ ရွေ့လျားနေဆဲ ဖြူဖြူကြီးကြောင့် ခြေကုန်သုတ်၍ ပြေးကြရပါပြီတည်း။



လသာဆောင်မှာ ရှိနေသည့် အန်တီမွန်ကို မြင်ရတာမို့ နောက်ဘက်ကို လတ်ညှိုးထိုးထိုးပြရင်း ပါးစပ်မှ ဗူးဝါးနှင့် အော်ပြေးလာနေကြသမျှ ကြက်သီး ဖြန်းခနဲထသွားရသည်မှာလည်း သက်မွန်မွန်ပါ။

တလွင့်လွင့်နှင့် ရှိနေသော အဖြူရောင်အဝတ်။

ရွေ့လျားမှုဖြင့် လရောင်အောက်မှာ ခြေထောက်ကို မမြင်ရဘဲ ရွေ့နေသည့်သဏ္ဌာန်။ ခေါင်းကြီးသလို ဖြစ်သွားရလျက် မြင်ကွင်းကို မှင်တက် ကြောက်လန့်ခြင်းဖြင့် ချောက်ချားစွာ ကြည့် နေနိုက်မှာပင် စံကားပင်တန်းဘက်မှ ရှိုး၍ ရေဇာမာရိပ်များဆီသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသည်မို့ ...

"ဟင် ... ဒီမြေက ဘာမြွေဝါလိမ့်၊ ကြည့်စမ်း ... ပျောက်သွားပြီ"

ဟု တွေးနေရင်းမှ မျက်စိကို စုံမှိတ်၍ စိတ်ကိုငြိမ်အောင် ထိန်းနေရသည်ကလည်း သက်မွန်မွန်ပါ။

အောက်ထပ် မီးဖိုခန်းဘက်ဆီမှ ဆူညံသံတွေကတော့ အပေါ်ထပ် လသာဆောင်သို့တိုင် လိမ့်တက်လာနေဆဲ။ သက်မွန်မွန် အောက်ထပ်သို့ လှေကားကြီးအတိုင်း ဆင်းသည်။ ဒေါ်ကြီးရွှေက ...

"ဟဲ့ ... ဘယ့်နှယ် ဖြစ်တာလဲ၊ အမိုက်ပုံးကော"

ဟု မေးနေသံ။

မဖြေနိုင်သေးဘဲ ငိုနေသံ။ ရေတောင်းသောက်နေသံ ဒါတွေ ကြားနေရပြီးသည့်နောက်မှာ မီးဖိုခန်းရှေ့သို့ သက်မွန်မွန် ရောက်လာသည်။ ကြမ်းပြင်မှာ ခြေအလျားလိုက် စင်း

www.burmeseclassic.com

www.burmeseclassic.com



ချဆိုင်ရင်း နံရံကို ကျောမှီ၍ အသက်ကို လုရှူနေကြသည့် မီကျော နှင့် ရီရီ။ မျက်လုံးတွေ ပြူးနေကြလျက် မျက်နှာက ဖြူကျနေ၏။

"သရဲ ... အဲဒါ လရောင်နဲ့ထွက်တဲ့ သရဲ၊ နင် ... ပြောလို့ ပြောလို့"

ရေသောက်ပြီး ရီရီ အပြစ်တင်၏။ နောက်တော့ ကျောချမ်းသလိုလေးဖြင့် ရီရီ ငိုသည်။ အိမ်မှာက ဘွားရော၊ အန်ကယ်ပြည့်ရော မရှိ။ အန်ကယ်စိမ်း အိမ်မှ ထမင်းဖိတ်ကျွေး၍ သွားကြသည်။

အိမ်သစ်တက် အထိမ်းအမှတ်ဖြင့် ကျွေးသည့်ထမင်း ဟု ပုလဲရိပ်မြုံမှ လူများ သိထားကြရသည်လေ။ စကားစမြည် ပြောကြရင်းဖြင့် ဘွားရော အန်ကယ်ပြည့်ရော ပြန်မရောက်နိုင်သေးဘဲ ဟိုမှာ ကြာနေကြချိန်။

ခု ... မီကျော့မှာဖြင့် ရီရီ အပြောအတိုင်းဆိုလျှင်ဖြင့် လရောင်ဖြင့်ထွက်သည့် သရဲဖြင့် တိုးရချေပြီတည်း။

"ဟဲ့ ... ရီရီ၊ ညည်း အရှုးထ ပြောမနေနဲ့၊ ငါတစ်သက် ဒီအိမ်မှာ နေလာတာ ... ဘာသရဲမှ မရှိဘူး၊ သစ်ကိုင်းလှုပ်တာ ဖြစ်မှာပေါ့"

ဟု ဒေါ်ကြီးရွှေ ငေါက်နေနိုက် မီကျော့က ကမန်းကတန်း လက်ကာ၍ ရင်ကိုပုတ်ပြကာ ...

"မီ ... မီကျော့ ... မီကျော့ မျက်စိနဲ့ မြင်ဒယ်"

ဟု စကားသံတွေ ပလုံးပထွေးနိုင်လျက် ဝင်ဖြေရှာ၏။ မီကျော့ဟူ၍ အသံကလေး ထွက်ကျသွားရှာသည်အထိ ကြောက်စောကပ်နေရှာသည့် မီကျော့ပါ။



"ရေ ... ရေပေးပါ"

ရီရီ ထပ်ပြောတော့မှ ဒေါ်ကြီးရွှေ ရေတစ်ခွက် ထပ်ခပ်၍ တိုက်ရသည်။ ရီရီက ရေကို မတ်ခွက်ကြီးဖြင့် သောက်ရင်း ရင်ထဲမငြိမ်နိုင်သေးတာမို့ ဖင်ဆွဲ ဖင်ဆွဲပုံဖြင့် ရေအိုးစင်ထိသွားကာ ရေအိုးစင် အောက်ဆင့်မှာ ရှိနေသေးသည့် ရေအိုးကိုဖွင့်၍ ထပ်သောက်ပြန်၏။

ရေသောက်လွန်းနေသည့် ရီရီ့ကို ဗိုက်ပေါက်သွားမှာပင် ဒေါ်ကြီးရွှေ စိုးရိမ်လာတာမို့ မတ်ခွက်ကြီးကို ဆောင့်ယူရင်း ...

"နင်းကန် သောက်မနေနဲ့ ဘားဖြစ်မယ်"

ဟု ဟောက်ယူရသည်။ ဒါပေမဲ့ သွေးဖျော့ဖြူကျနေအောင် ချောက်ချား ပြေးလာသည့် ချာတိတ်နှစ်ကောင်ကို ကြည့်ရင်း ဒေါ်ကြီးရွှေပင် ဇဝေဇဝါ ဖြစ်လာသည်။

ဤကလေးတွေ မမြင်ဘဲတော့ ရှိမှာမဟုတ်။ ဒါပေမဲ့ အမြင်မှားပြီး အကြောက်လွန် ပြေးလာကြတာ ဖြစ်မည်ဟု တွေးမိလာပြီ။

"ငါ ပြောသားပဲ၊ အသံ ကြားပါတယ် ဆိုရင် နင်က သစ်ကိုင်းကျိုးတာဝါ၊ လေတိုက်တာပါဆို၊ အရင်ည,ညတွေ ငါ အိမ်သာသွားတဲ့အခါ နင့်ကို ပြောတိုင်း ပြောင်နေလှောင်နေတာ ... ရယ်နေတာ"

ဟု ရီရီ လက်ကလေးပိုက်၍ ဒူးတွေကို ထိန်းမွေ့သိမ်းထားရင်း မခံနိုင်စွာ ပြောတော့ မီကျော့ ပြန်ဖြေသံ ထွက်မလာ။ ငြိမ်ကုပ်နေ၏။ ဒူးခေါင်းလေးတွေ ဆတ်ဆတ်တုန်နေဆဲ ရီရီ့ကို ကြည့်၍ ဒေါ်ကြီးရွှေက သနားလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အားတွင် ကပ်ထိုင်၍ ကိုယ်လေးကို ပွေ့ထိန်းပေးရင်း ...

"ဒီပုလဲရိပ်မြို့မှာ ဘာသရဲမှ မရှိပါဘူးကွယ်၊ တစ်ခုခုနဲ့ မှားမှာပါ၊ အဲဒါပဲ ကြည့်တော့ မှန်မှန်ရေ၊ ကလေးတွေကို အမှိုက်သွန်နိုင်းမိတာ မှားပြီလို့တောင် ပြောရမလို ဖြစ်နေတယ်၊ အဲဒါ မိမုံလေး အပြောကောင်းတဲ့ ပုံပြင်တွေပေါ့၊ အဲဒါကြောင့် ဖြစ်ထာ"

ဟု ဒေါ်ကြီးရွှေ ညည်းတော့လည်း သက်မှန်မှန် ဘာမှုပြန်မဖြေ။ ဝင်လည်း မပြော။

သက်မှန်မှန် ကိုယ်တိုင်လည်း မြင်တွေ့ထားပါသည်ဟု ဒေါ်ကြီးရွှေကို မပြောချင်တော့။

"ဒီကလေးတွေ အမှိုက်သွန်ဖို့ ပြောတော့ ရိရိက ထုံးစံအတိုင်း သရဲကြောက်တယ် လုပ်နေလို့ မိမုံလေးတောင်မှ ရယ်နေသေးတယ်၊ ဒီမှာလာထိုင်ပြီး လက်ဖက်သုပ် ထိုင်အုပ်နေတာ၊ နောက်မှ အပေါ်ထပ် ပြန်တက်သွားတာလေ၊ ဒီနှစ်ကောင်ကလဲ အစားမက်နေသေးတယ်၊ လက်ဖက်သုပ်ကုန်မှ အမှိုက်သွန် ထွက်ကြသတဲ့၊ ခုတော့ သစ်ကိုင်းကျိုးသလား ဘာလားမသိ၊ လေတိုက်လဲ ဒီရိရိက အလကားနေရင်း ကြောက်နေတတ်တာမျိုး"

ဟု ဒေါ်ကြီးရွှေ ပြောနေတော့ မခံနိုင်ပုံဖြင့် မိကျော့က ...

"တကယ်ပါဆိုမှ ... လသာဆောင်မှာ အန်တီမှန်တောင်ရှိနေသေးတယ်၊ တွေ့တယ် မဟုတ်လားဟင် အန်တီမှန်"



ဟု ပြောလာတော့ ဒေါ်ကြီးရွှေက မော့ကြည့်မိကာ ...

"မတွေ့ပါဘူးကွယ်၊ ကလေးတို့ အမြင်မှားတာပါ"

ဟု အကြောက်ပြေအောင် သက်မှန်မှန် ဖြေလိုက်ရပေမယ့် ကျောထဲမှာ စိမ့်နေတာ မိမိဘာသာပဲ သိနေရသည့် အဖြစ်ပါ။

"အမယ်လေး ... ဒါဆို ... ဒါဆို ... ငါတို့ နှစ်ယောက်တည်း ရွှေးခြောက်တာပါလားလို့ ... အီး"

ဟု မိကျော့ ငိုချနိုက်မှာ ရိရိက ...

"ရွာပြန်မယ် ... ရွာပြန်မယ်"

ဟု အိမ်ပြန်မယ်ချည်း ငိုပြောနေတော့သည်တည်း။

ဒေါ်ကြီးရွှေမှာ ခေါင်းတွေ နောက်လာသည် အထိ စိတ်ညစ်ကျသွားရပါပြီ။

သက်မှန်မှန် ကိုယ်တိုင်လည်း မျက်နှာမှာ သွေးရောင်ပျောနေသည်ပဲဟု ဒေါ်ကြီးရွှေ သတိထား ကြည့်မိလိုက်ရစဉ်နိုက် ...

"ရွာပြန်မယ်"

ဟု ရိရိက အော်ငိုနေဆဲ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ် အုပ်မိုး၍ မျက်စိနေရာမှာ ကတ်ကြေးဖြင့် ကိုက်ကာ အပေါက်ဖောက်ထားပါသည့် အိပ်ရာခင်းကြီးကို ဖယ်ရှား ပစ်ဖို့ ဆိုတာက လည်ပင်းမှာ ခပ်မှုမှု ချည်ထားသည့် ဖဲကြိုးကို ဖြုန်ဖြေမှ ဖြစ်ချေမည်။

ဝတ်ရုံကြီးတလျှားလျှား ရှည်ထားသလို ဖိုးရိုးဖားရားကြီး ဖြစ်နေသည့် အိပ်ရာခင်းကြီးမှာ လည်ပင်းနေရာတွင် ဖဲကြိုးဖြင့် ခေါင်းနှင့်ကိုယ် ခွဲ၍ရနိုင်အောင် ချည်နှောင်ထားတာမို့ မှန်ထဲမှ အရိပ်ကိုကြည့်၍ မုံကတော့ဖြင့် ခစ်ခနဲ ရယ်မိသည်ပါပဲ။

မျက်စိ မြင်နိုင်အောင်တော့ အိပ်ရာခင်း အပေါက်ပြူးပြူးကြီးကို မျက်စိမှိတ်၍ ကတ်ကြေးဖြင့် ဖွတ်နှစ် အပေါက်ဖောက် ပစ်လိုက်ရသည်က နမြောမြောဖြင့်ပါ။

ထိုသို့မှ မဖောက်ပါလျှင်လည်း ဘယ်နှယ်လုပ် ကြည့်၍ဖြစ်နိုင်မည်တဲ့လဲလေ။

ခြေဖျားပင် မမြင်ရလောက်အောင် အိပ်ရာခင်း၏ အနားစတွေက လျှောက်တိုက် ရှည်လျားနေတာမို့ စကိတ်စီးထားသည့် မုံ့ ခြေထောက်ကို မိကျော့တို့ ဘယ်နှယ်လုပ်မြင်နိုင်ပါမည်တဲ့လဲ။



"အဟင်းဟင်း — ဟိုနှစ်ကောင် ကြောက်ပြေးလိုက်ကြတာ၊ ပြီးတော့ ကျုတော့ မမနဲ့ဆရာမလဲ လသားဆောင်ကနေ မြင်ရရော — မိကျော့တို့ တစ်ဆင့် ပြောတာမျိုးတောင် မဟုတ်တော့ဘဲ သူ့ကိုယ်တိုင် မြင်လိုက်ရတော့ ပိုကောင်းတာပေါ့၊ သူလဲ ကြောက်သွားမှာပဲ၊ ပျော်စရာကြီးဟေ့ — ပျော်စရာကြီး"

တစ်ယောက်တည်း အခန်းထဲမှာ ချာလည်ချာလည်ဖြင့် က,ပစ်လိုက်မိသေးသည့် အဖြစ်။

"ရေတမာရိပ်မှာ ခဏပုန်းနေပြီးမှ ကိုယ်ရောင်ဖျောက်ပစ်ခဲ့ရတာ၊ နောက်ဖေးဘက်က လှေကားကြီးအတိုင်း တက်ခဲ့ရတာ မောရော၊ ဖူး … ရေတောင် ဆာလာပြီ"

မုံ ရေတစ်ခွက် သောက်နိုင်ဖို့ ပထမဆုံး အိပ်ရာခင်းဝတ်ရုံကြီးကို ဖယ်ပစ်ရသည်။ စကိတ်ကတော့ဖြင့် လူမိမှာစိုးတာကြောင့် ရေတမာပင်ရိပ်မှာပဲ ကုန်းချွတ်ခဲ့ကာ ဝတ်ရုံကြီးကိုမ,၍ အသော့နှင့် ပြေးခဲ့ရသည်မို့ လက်ထဲပါလာသည့် စကိတ်မှာ နေသားတကျ ဖိနပ်စင်ထက်မှာ ရှိနေပြီတည်း။

မှောင်ရိပ်မှာ စကိတ်ကို ကုန်းချွတ်၍ ပြေးခဲ့ရစဉ်က တော်တဆ ဒေါ်ကြီးချွေက ခြံထဲဆင်းလာလျှင် မမြင်နိုင်အောင် မျက်စိရှင်ရှင်ထားရ၊ ပြေးရနှင့်မို့ ရင်ထဲမှာ ထိတ်ထိတ်၊ ထိတ်ထိတ်ဖြင့် အရသာတစ်မျိုးပါ။ မြေလမ်းဘက်ကို ပြေးခဲ့ရတာမို့လည်း စကိတ်ကြီးကို ချွတ်ပြေးမှ ပို၍သင့်လျော်ချေမည်ကိုးလေ။

ခုကျတော့ဖြင့် အောက်ထပ်မှာ ဆူညံနေကြလျက် မုံ့ကို ဘယ်သူမှ သတိရဖော်ပင် ရှိပုံမပေါ်။ အိပ်ရာခင်းကြီးကို ဗီရို

www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးဆင့်၏ အောက်ဆုံးထပ်မှာ ဗီရိုနံရံဘက်ကို တိုးကပ်၍ နေသားတကျ ခေါက်ထားခဲ့ပြီးမှ အပေါ်မှာ အဝတ်ထပ်ကြီးတွေ စီထပ်ပြီး မုံ အောက်ထပ်သို့ မှင်မပျက် ဆင်းလာခဲ့ရသည်။

မဆင်း၍တော့ မဖြစ်။ ဤမျှ ဆူညံနေတာကို မကြားသလိုလုပ်၍ ငြိမ်နေလျှင် ပထမဆုံး မုံ့ကို မသင်္ကာမှာက ဘွား။

ဘွားက လျှင်သည်။ မုံ မဟုတ်တာလုပ်လျှင် မိမည့်သူမှာ ဘွားပဲ များသည်လေ။

အောက်ထပ် ထမင်းစားခန်းသို့ မုံ ဝင်လာမိကာမှ ခြေဆင်း၍ ငိုနေသည့် ရီရီနှင့် မျက်စိမျက်နှာ ပြူးကျပျက်ကျနေသည့် မိကျော့တို့ကို မြင်ရတာမို့ ရင်ထဲမှာ သနားလည်းသနားရေ ရယ်လည်း ရယ်ချင်ရနှင့် မုံ ဖြစ်နေရသည်ပါပဲ။

"ဘာဖြစ်နေတာလဲ၊ ငိုကာရယ်ကာနဲ့ စာကိုကျက်လို့ ရေ ဘူး"

"သရဲ မမမုံ ... မမမုံ သရဲ"

ရီရီက တစ်ချက်ရှိုက်ပြီး မျက်ရည်တွေသုတ်ရင်း ပြောစဉ်မှာ ...

"ဟဲ့ ... ဘယ်နှယ် ဖြစ်နေကြတာလဲ၊ အိမ်ထဲ ကားဝင်လာတာ တောင် မသိကြရအောင်"

ဟု မေမေ မေးသံကြောင့် မုံ တစ်ချက်တော့ လန့်သွားရကာ မှင်မပျက် မေမေ့ကို လှည့်ကြည့်ရင်းမှ ...

"မုံ စာကျက်နေတုန်း ဆူညံနေလို့ ဆင်းလာရတာ မေမေ"

"ဟဲ့ ... ဒီကောင်မလေးနှစ်ယောက် မျက်ရည်နဲ့ မျက်ခွက် ဘယ့်နှယ် ဖြစ်နေကြတာတုန်း၊ မိမုံ ... ညည်း ခေါင်းခေါက်



ထားပြီ ထင်တယ်၊ ဘယ်သွားသွား နောက်ကြောင်းကို မဖြောင့်ရဘူး၊ ညည်း လက်သံပြောင်းလွန်းနေတယ်နော်"

ဘွား ဝင်လာလျက် မုံ့ကိုပဲ မျက်နှာထားနှင့် ဆူလာတာမို့ မျက်နှာလေး ငယ်ကျရစ် ...

"မုံကဖြင့် ဘာမှလုပ်ရသေးတာ မဟုတ်ဘူး၊ ခုတလော ကံ ဆိုးတာကို ခံရပါတယ်"

မုံ မျက်နှာလေးညှိုးပျော့ကျ၍ ခေါင်းလေး စိုက်ကာ ညည်းမိကာမှ ဒေါ်ကြီးရွှေက သက်ပြင်းရှိုက်ရင်း ...

"သရဲတွေ့တယ်ဆိုပြီး ဒီနှစ်ကောင် ပြေးလာကြတာပါဖဲ မမကြီးရယ်၊ ဘယ်နှယ်က ဘယ့်နှယ် ဖြစ်ကြတယ်မသိတော့ ပါဘူး၊ ကျွန်မလဲ အမှိုက်ပုံးတွေ မသွန်ရကောင်းလားဆိုပြီး သူတို့ကို အမှိုက်ကျင်းမှာ သွားသွန်ခိုင်းမိတာ"

သုံးရက်တစ်ခါ အမှိုက်ကျင်းထဲမှ အမှိုက်တွေကို ဒေါ်ကြီးရွှေက မီးရှို့ပစ်နေကျ။

အသန့်ကြိုက်ကာ ဖေယားစေ့အောင် လုပ်ကိုင်တတ်သော ဒေါ်ကြီးရွှေမှာ ခုတော့ အမှိုက်အသွန်ခိုင်း ကောင်းမိ၍ စိတ်ညစ်ရချေပြီတည်း။

"ဒီအိမ်မှာ ဘာသရဲမှ မရှိဘူး၊ ဘယ်တုန်းကမှလဲ သရဲမတွေ့ဖူးဘူး၊ ညည်းတို့နှစ်ယောက် ဘာအရူးထတာလဲ"

ပုလဲရိပ်မြုံမှာ သရဲတွေ့သည်ဆိုသော မင်္ဂလာမရှိသည့် စကားမျိုး အပြောခံရတော့ ဘွား ဒေါ်ပွချေမည်ပေါ့။ မျက်နှာတည်တင်း၍ မေးခိုက် ရီရီက ...

"သရဲရှိတယ်ဘွား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မရဲတရဲလေး မော့ဖြေတော့ ဘွား မျက်စုံးပင့်၍ ရိရိ့ကို ကြည့်သည်။ နောက်တော့ ကုလားထိုင်မှာ ထိုင်လိုက်လျက် ရိရိ့တို့ မေးဆက်ကာ ...

"ဖြေပုံကတော့ ပိုင်ပိုင်နိုင်နိုင်ပဲ ...၊ ကဲ ... ပြောစမ်းပါဦး၊ ညည်းကို သရဲရှိတယ်လို့ ဘယ်သူက ပြောတာလဲ၊ ဘယ့်နှယ် တွေ့တာလဲ ဆိုစမ်းပါဦးတော်၊ ကျုပ် အစဉ်အဆက် နေခဲ့တဲ့ ပုလဲရိပ်မြုံမှာဖြင့် ညည်းတို့လုပ်မှပဲ သရဲရှိတယ် ဖြစ်ရတော့ တယ်"

"မမမံ ပြောတာပါ ဘွား၊ ရိရိ့ကို သရဲပုံပြင်တွေ ပြောပြော ပြတာ ကြာပါပြီ၊ သိပ်ကြောက်ဖို့ ကောင်းတာပဲ ... မီးနေ သည်သရဲ ဆိုရင် မျက်လုံးကြီးပြူးပြီး လျှာအတောင့်လိုက် ထွက်တာတဲ့၊ ပြီးတော့ နှနှင်းတွေ ဝါထိန်နေအောင် လူးထား တာမို့ အနံ့ သိပ်ရတာပဲတဲ့"

ဟု နိုင်မှာအောင် ပြောပြနေပုံကိုကြည့်၍ မံ မျက်နှုံးစ လှုပ်လာရပါပြီ။ အာကြောင့်ဆို ဆတ်ခနဲ ဘွားက လက်တောက်နေ သော မျက်ဝန်းများဖြင့် မံ့ကို ကြည့်နေချေသည်ကိုး။

"မံက ဘယ်သိမှာလဲလို့ ... ပျင်းတာနဲ့ ရိရိ့ကို လေပေါရင်း မံ ကြားဖူးတာတွေ ပြောမိတာပါ၊ သူက ကြောက်တော့ ပျော်တာနဲ့ ဆက်ဆက်ပြောနေမိတာ၊ ဒါပေမဲ့ သရဲ တကယ် ရှိတယ်လို့တော့ မံက ရိရိ့ကို မပြောဖူးပါဘူး ... သူ့ကို ပြောပြထားသားပဲ ... ပုံပြင်ပါဆိုမှ ... သူက အဟုတ်လုပ် ယုံနေတာကိုးလို့"



ဟု ကိုယ်အပြစ် သူများအပြစ်ပြစ်အောင် လှည့်ပတ် ပြောနေသမျှ ဘွား ကြည့်ရဟန်မတူ။

ခေါက်ခနဲ ခေါင်းခေါက်ထည့်ပစ်ပြီးမှ မံ့ကို မျက်နှာ ထားဖြင့် ကြည့်သည်။ ပြီးတော့မှ ရိရိ့ဘက်ကို ပြန်လှည့်ကာ ...

"အဲဒီ သရဲရောဂါ တက်နေတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်အချိန်မှာ အဲဒီ ပုံပြောကောင်းတဲ့ သူငယ်မ ညည်းကို ပြောပြတာလဲ"

"ညတိုင်း ပြောပြတာပါ ဘွား"

ရိရိ ဖြေနိုက်မှာပဲ မံ့မှာ လက်ကလေးပိုက်၍ ခေါင်း ခေါက်ခံဖို့ အားမွေးထားနှင့်လိုက်ရပါပြီ။ တကယ်လည်း နောက် ထပ် ခေါင်းခေါက်သံ ဒေါက်ခနဲ ကြားရအောင် ခေါင်းပွတက်သည် အထိ ခပ်ပြင်းပြင်း ခံလိုက်ရသည့်အဖြစ်။

"ကလေးတွေကို အလကားနေရင်း သွေးနည်းအောင် ခြောက် ရသလား မိမံ ... ဟင် ...၊ ပြောချိန်ကလဲ ည ... ညည်းနော် ညည်း ... တော်တော် အတတ်ကောင်းတွေတတ်"

ဟု ဖိဆူနိုက်မှာ ခေါင်းကလေးကိုပွတ်၍ ...

"မံက ပျင်းလို့ အပျော်ပြောမိတာပဲ ဥစ္စာ ... သူက ယုံတာ ကိုးလို့"

"ညည်းအကြောင်း ငါသိတယ်၊ ယုံအောင် ဘယ်လိုကြိုးစား ပြီး အမှုအရာ ကောင်းကောင်းနဲ့ ပြောပြထားမယ် ဆိုတာ ငါ သိတယ်"

ဟု ပြောပြီး ရိရိနှင့် မိကျော့တို့ကို ဆက်မေးတော့ စာစောက ဥစ္စာကြီး ပေါ်လာရတော့သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ရုံကြီးနှင့် မျက်နှာမပါသော သရဲကြီးက လရောင်အောက်မှာ တရွေ့ရွေ့ဖြင့် ခြေထောက်မမြင်ရဘဲ လာနေပုံကြီးကို ပြောပြရရင်းမှ ရီရီ ကျောစိမ့်လာလျက် မျက်စိကို ယောင်ယောင် ပိတ်ထားမိသည်ကိုက အကြိမ်ကြိမ်ပါ။

"မိကျော့ ... ငြိမ်ကုပ်မနေနဲ့၊ ကလေးပဲ ကြောက်ကြောက်နဲ့ ပြောပြနေရတယ်၊ ညည်းက မပြောဘဲ ဘာငြိမ်ပြီး အပါးနိုနေတာလဲ"

အရမ်းကို ကြောက်နေသည့် ရီရီ့ကို နားနိုင်းမိကာ မိကျော့ကို ဆက်ပြောဖို့ အလှည့်သတ်မှတ်နေတော့ ဘွားကို မော့ကြည့်ရင်းမှ ...

"ပြော ... ပြော ... ပြရမှာ ကြောက်နေလို့ပါ၊ အံမယ်လေး၊ လျှာတစ်တောင်လောက် ထွက်နေသေးတယ် ထင်ပါရဲ၊ အဲဒီသရဲက တစ်လစ်တစ်လစ်၊ အဲ ... တွဲလောင်း တွဲလောင်းနဲ့ လျှာကြီး ထွက်နေသလိုလိုပဲ"

အလန့်လွန်ကာ မျက်စိထဲ မြင်ချင်တာတွေ ဖြည့်မြင်ရင်း လန့်ရှိန်မကုန်နိုင်ရှာ မိကျော့ တုန်နေတာမို့ မုံပင် မကြည့်ရက်ဘဲ ဖြစ်လာရကာ မျက်နှာလွှဲထားမိလိုက်ရသည့် အဖြစ်။

တကယ်က ဤနှစ်ကောင်ကို အရင်းတည်၍ အန်တီမွန်ကို ပုလဲရိပ်မြုံမှ လစ်ပြေးအောင် ခြောက်လှန့်တာပါ။

ခုကျတော့ လက်ရှိမှာဖြင့် မိကျော့နှင့် ရီရီတို့မှာ နာနပ်ယူရတော့မလို ဖြစ်နေကြရပြီ။

မုံက အန်တီမွန်ကို ကြည့်တော့ လျှာတွဲလောင်း ကျနေသည်ဟု ကြားရတာနှင့် ပိုပြီး မျက်စိမျက်နှာ ပျက်ကျသွားကာ



နောက်ဘက်သို့မသိမသာလေး ကိုယ်လေးတွန့်ဆုတ်သွားတာကို မြင်လိုက်ရသည်ပါပဲ။

"မိမုံ ... ကျေးဇူးရှင်မ၊ သွား ... ဘုရားဆောင်က သောက်တော်ရေခွက်ထဲက ရေကို သွားယူလာခဲ့စမ်း"

ဟု ဘွား ပြောတာမို့ မုံက သုတ်သုတ်ပင် အပေါ်ထပ် ဘုရားဆောင်သို့သွားကာ သောက်တော်ရေ ဖန်ခွက်ငယ်များ ဆက်ကပ်ပူဇော်ထားရာမှ တစ်ခွက်ကို ကန်တော့ဦးချ၍ ယူလာခဲ့ရပါ၏။

ဘွားက ကိုင်းတပ်ဖန်ခွက်ဖြင့် ရေတစ်ဖန်ခွက်ကို သောက်ရေအိုးစင်မှခပ်၍ သောက်တော်ရေဖြင့် ရောဖြည့်ကာ မိကျော့နှင့် ရီရီတို့ကို တိုက်သည်။

"သရဲဆိုတာ ဘုရားတန်ခိုးတော်ကို မခံနိုင်ဘူး၊ ပြေးပြီ၊ ကဲ ... မရွှေ၊ ကလေးတွေ ခေါ်သွား၊ ညစောစောပဲ အိပ်လိုက်တော့၊ မိမုံ ... ညည်း အခန်းတံခါး ပြတင်းတွေ အားလုံး ပိတ်ပြီးမပြီး သေချာလိုက်စစ်၊ မရွှေ လုပ်မယ့်အလုပ် ညည်း အစုသွားလုပ်ချေ"

ညတိုင်း ဒေါ်ကြီးရွှေက ပုလဲရိပ်မြုံ၏ အိမ်တံခါးတွေ ပြတင်းတွေကို စစ်ပြီးမှ အိပ်နေကျ။ ခုတော့ မုံ့ကို ဂျူတီချိန်းပေးလိုက်သည့် ဘွားအမိန့်ကြောင့် မုံ ထရပ်လိုက်ရသည်။

"မိမုံ"

"ရှင်"

"နောက်ကို သရဲပုံပြင်ပြောရင် ညည်းကို ဒူးခေါင်းအောက်မှာ ဆီးစေ့ခံပြီး ဒူးထောက်ခိုင်းမယ်၊ ဘာမှတ်လဲ"

"ဟုတ်ကဲ့ ... မပြောတော့ပါဘူး၊ မုံက ပျင်းလို့ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်းရဲ့သမီးကို နားရင်းတီးဖို့ ကောင်းနေပြီး သားပြည့်"

ဟု ဘွားက ဖေဖေ့ကို ပြောနေတာမို့ ကုလားထိုင်မှာထိုင်ရင်း သမီးကို စိတ်လက်ညှစ်လျက် ကြည့်နေသည့် ဖေဖေက သက်ပြင်းရှိုက်၍ ...

"ဆူလိုက်ရင် ကလေးလို လုပ်လုပ်နေတာနဲ့ပဲ ခက်တော့တာပဲ မေမေရာ"

ဟု ခပ်ညည်းညည်း ပြောပြီး ထွက်သွားပါချေ၏။

ဘိုဖြူကြိမ်လုံးနှင့် မိတ်မဆက်လိုက်ရ၍ မုံ ရင်တစ်ကျက်အေးသွားရပါ၏။

"ဟိုက် ... ဘိုဖြူ ဆိုမှ ခုမှ သတိရတယ်၊ ငါ ဝတ်ရုံဖြူကြီးနဲ့ တလွှားလွှား လုပ်နေတုန်း၊ သခင်မှန်းသိလို့ ဘိုဖြူ ခုန်ပေါက်လိုက်လာမှာ ကြောက်ပြီး၊ ဒီကောင့်ကို ကြိုးချည်ထားတာ၊ သွားဖြုတ်ပေးမှ၊ ဘိုဖြူ သနားပါတယ်"

ဟု တွေးရင်း နောက်ဖေးဘက် တံခါးတွေ စစ်သလိုလိုဖြင့် ထွက်ခဲ့ရင်း ခြံနောက်ဘက် ရေစင်တိုင်မှာ သံကြိုးဖြင့် ချည်ထားပါသည့် ဘိုဖြူကို ပြေး၍ကြိုးဖြေပေးရပါ၏။

"အဟင်းဟင်း ... ရယ်ရတယ် သိလား ဘိုဖြူ၊ တကယ်ပဲ"

ဟု ဘိုဖြူကို ခေါင်းလေးပွတ်လျက် မုံ ရယ်ပြောနေခိုက် ဘိုဖြူက အမြီးနှန့်၍ ခုန်ပေါက်နေ၏။ ကြိုးဖြေပေးချေပြီကိုးလေ။ လျှာဖြင့် မုံ့လက်တွေကို လျက်နေတော့ မုံ ပေါ့ပါးကြည်စင်စွာပဲ ရယ်မော၍ နေလိုက်သည်ပါပဲ။

* * *



"မျှင်းလိုက်တာဟယ်၊ အဟုတ် ... ဘိုင်ပြတ်တာက တစ်မျိုး၊ ပုလဲရိပ်မြုံကို မသွားရဲတာက တစ်ပုံ၊ ကိုမာန်ကြီးနဲ့ တိုးမှာ လန့်ရတာက တစ်ကိစ္စ၊ ခုလို မိုက်ထဲက တောင်တနေတဲ့ ခေါက်ဆွဲကြော်တို့၊ လက်ဖက်သုပ်တို့၊ ကော်ပြန့်လိပ်တို့ကို မြင်ယောင်နေရတဲ့ တမ်းချင်းက တစ်သွယ်၊ ပင်ပန်းလိုက်တာဟယ် ... အဟုတ် ..."

တကယ်လည်း မာန်နှင့် တိုးမှာ ကြောက်သည်မို့ တနင်္ဂနွေရက်ကို ပုလဲရိပ်မြုံသို့ မကပ်ရဲဘဲ အဆောင်မှာ မြဲနေကြရသည်က ပေါက်ပေါက်တို့ အုပ်စုပါ။

"အေးဟာ ... အလကားရတဲ့ ရေတွေချည်း မြောကန်ချိုးလိုက်၊ ခေါင်းလျှော်၊ ရေချိုး၊ သနပ်ခါးသွေးလိမ်းပြီး မီးပူကျအဝတ်နဲ့ သန့်ပြန့်နေကြပေမယ့် ဗိုက်ဆာပြတ်နေတော့ ဘယ်မှထွက်စရာမရှိဘဲ ဖြစ်နေကြတာ ဘယ်လောက်များ သနားဖို့ကောင်းနေသလဲနော်"

မျက်မှန်ကို လက်ဖြင့်ပင့်၍ လှိုင်းပြာ သည်းတော့ဟက်ခနဲ ထွေးထွေးအီ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သုံးကောင်စလုံး အချိန်တွေ အားနေကြတာမို့ ရေချိုးခေါင်းလျှော်ပြီးကြပြီ။ လည်စရာ ပတ်စရာ အခြေအနေမပေးတာမို့လည်း အဆောင်မှာ ရှိုးထုတ်ထိုင်နေကြသလိုကြီး ဖြစ်နေသည်ပဲလေ။ သနပ်ခါး အမွှေးသား။ မီးပူကျအဝတ်လေးတွေနှင့် သန့်ပြန့်၍ ရှိုးကျနေကြရင်း ပျင်းမဆုံးနိုင်ကြသည့် အဖြစ်။

"ခက်တာက အန်တီနဲ့ အန်ကယ်စိမ်းတို့က သူတို့ဘာသာ ပုလဲရိပ်မြုံကို အလည်သွားကြတာ မဟုတ်ဘူး၊ ကိုမာန့်ကို ခေါ်ခေါ်သွားနေကြတာ ဆိုးတယ်ဟာ၊ လူကြီးချင်းစကားပြောကြမယ့်ကိစ္စ၊ အဲဒီ ကိုမာန့်ကို ဘာကြောင့် ခေါ်နေရတာတဲ့တုန်း၊ မိမုန့်လဲ တည့်တာမဟုတ်"

သူများသားသမီး ခေါ်သွားသည့်ကိစ္စ အိမ်ရှင်က စိတ်မဆိုးရဘဲ လွှတ်ကျယ်လုပ်၍ ပေါက်ပေါက်က မကြည်ဖြူဘဲ ဖြစ်နေတော့ ထွေးထွေးအိ မျက်လုံးပြူး၍ ကြည့်သည်။

"ဘွားက ကြည်ဖြူနေတဲ့ဥစ္စာ၊ သူက ကြားထဲက အိမ်ရှင်လုပ်ချင်နေသေးတယ်၊ ဘွား ကြားမှ၊ နင်သာ ပုလဲရိပ်မြုံကို ကပ်ခွင့်မရဘဲ ဖြစ်သွားမှ ဟုတ်ပေ ဖြစ်နေမယ်"

"ဟဲ့ ... ဘွား ကြည်ဖြူတဲ့လူကို ငါက မကြည်ဖြူဘဲ နေတာကို ဘွား ကြားအောင် ငါက ပြောနေလို့လား၊ ဒီနေရာနဲ့ ပုလဲရိပ်မြုံနဲ့က မိုင်တစ်သိန်းလောက် ဝေးတာ"

"ယော့ ... ယော့ ... အတိသယဝုတ္တိအလက်ာမြောက်တယ်၊ မိုင်တစ်သိန်းတဲ့"

အလကားနေရင်း အချိန်ကုန်အောင် ထိုင်စောင့်နေကြရသည့်နယ်၊ တောင်စဉ်ရေမရ လေပေါ်နေကြခြင်းပါ။



"ခက်တာက စနေ တနင်္ဂနွေနေ့တွေမှာ မိမုံလဲ ငါတို့ဆီ အလည်ထွက်ခွင့် အပိတ်ခံထားရတာပဲဟာ၊ နို့မို့ဆို သူ့ကျွေးတာကို ငါတို့ စားနိုင်ခိုခါ"

"အလကား စားရမယ့် ဥစ္စာဆို သိပ်တွေးတာပဲ၊ တော်ပြီဟာ၊ ဖေဖေတို့ ငွေပို့လာတဲ့အခါကျရင် နလကစပြီးတော့ ပိုက်ဆံသတ်သတ်ဖယ်ပြီး စုထားမယ်၊ ပိုက်ဆံပြတ်တဲ့အခါ နလို အစားအကြောင်းတွေ တွေးပြီး ဝမ်းနည်းမနေရအောင်ပေါ့"

ပေါက်ပေါက်ကို လှိုင်းပြာက မျက်စောင်းတစ်ချက်ခဲပြီးမှ ခပ်လေးလေး ပြောလာပြန်တော့ ထွေးထွေးအိ ဟက်ခနဲ တစ်ချက်ရယ်သည်။ လက်ကာပြရင်းမှ ...

"လတိုင်း ဒီလိုပဲ နင် ညည်းနေတာပါဟာ၊ စုတဲ့ပိုက်ဆံတွေလဲ များလှပါပြီ၊ နားပါတော့"

ဟု မှန်တာကို ပြောတော့ လှိုင်းပြာက မျက်လုံးလေးပြူး၍ ထွေးထွေးအိကို ကြည့်သည်။

"ဒီတစ်ခါ တကယ်စုမှာ"

ဟု အမိုင်အမာ ပြောတော့ ပေါက်ပေါက် ဝမ်းသာအားရပုံလေးဖြင့် ...

"စုပါ ... စုပါ ... ဒါမှ ငါတို့ စားရမှာ"

ဟု ဝင်ပြောနေတာမို့ နောက်တစ်ခါ ပေါက်ပေါက်ကို လှိုင်းပြာ မျက်စောင်းတစ်ချက် ထိုးပြန်၏။ လကာ့နံရက် နီးလာသည်မို့ ဘိုင်ပြတ်နေကြတာလည်း အမှန်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ပိုက်ဆံရောက်လာလျှင် တက်ညီလက်ညီ တီးကြသလောက် ပြတ်ပြီဟေ့ ဆိုလျှင်လည်း တစ်ပြေးညီ ပြတ်ကြတာမို့ ခုကျတော့ နို့မှုန့်ဘူးလေးထဲမှ ပဲကြီးလှော်ကိုပဲ အားကိုး၍ တနင်္ဂနွေရက်ကို ကုန်ဆုံးရတော့မလို ဖြစ်နေကြချေပြီတည်း။

ပဲကြီးလှော်ဘူးလေးကို အဖုံးဖွင့်က အလယ်မှာချတော့ ပထမဆုံး ပေါက်ပေါက် စနှိုက်သည်။ တကျွတ်ကျွတ်နှင့် ဝါးနေရင်းမှ ...

"ဒီလ ငွေရောက်လာရင် ပဲကြီးလှော် ဝယ်တဲ့အခါ ထန်းလျက်ပါ ဝယ်ကြရအောင်ဟာ၊ ခုလို ပြတ်လပ်ချိန်ကျတော့ ထန်းလျက်နဲ့ ပဲကြီးလှော် ရောဝါးရတော့ နည်းနည်း ပိုအရသာ လိုက်ဖက်တာပေါ့"

ဟု ပြောတာမို့ အားလုံး တက်ညီလက်ညီ ခေါင်းညိတ်ပြရင်း ရေမတ်ခွက်ကြီး မော့လိုက်၊ ပဲကြီးလှော် ဝါးလိုက်နှင့် ဗိုက်ပွစာကို တက်ညီလက်ညီ အုပ်နေကြခိုက်မှာပင် အောက်ထပ်မှ တက်လာသော တစ်ဖက်ခန်းမှ ထွေးထွေးနှယ်က ...

"ပေါက်ပေါက်တို့ကို တွေ့ချင်လို့တဲ့ ... မုံတို့အိမ်ကကား ရောက်နေတယ်၊ လေးလေးဆွေ ရောက်နေတယ်"

ဟု ပြောတော့ ခုန်ပေါက် ထရပ်ကြသည်ပါပဲ။

မုံတို့အိမ်မှ ကားကိုရော လေးလေးဆွေကိုပါ အခန်းနီးချင်း ထွေးထွေးနှယ်က သိနေသည်ပါပဲ။

သုံးကောင်သား အောက်ထပ်သို့ သော့သော့ဆင်းကာ ကားဆီးမှာ ရပ်စောင့်နေသည့် လေးလေးဆွေထံ ပြုံးရွှင်ကြည်မြ ရောက်သွားကြပါပြီ။



ဆေးပေါ့လိပ်ဖွာရင်း စောင့်နေသည့် လေးလေးဆွေကလည်း ချာတိတ်အုပ်စုအကြောင်း သိနေသည်မို့ ကားတွင်းမှ ချိုင့်ဆိုထုတ်ပြကာ ...

"ကြာဆံကြော်နဲ့ လက်ဖက်သုပ် ဘွားက ပို့ခိုင်းတယ်"

ဟု ပြောခိုက်မှာ ဝမ်းမြောက်အားရနှင့် တစ်အုပ်စုလုံး ပျော်ကျသွားရသည်ပါပဲ။

"ရော့ ... ဒါလဲ ညည်းတို့ဘွားက ပေးခိုင်းလိုက်တယ်"

ချိုင့်ကိုပေးရင်းမှ စာအိတ်ဖြူ တစ်ခုကို ကမ်းပေးတော့ လှမ်းယူရင်းမှ ...

"ဘာလဲ ... ဘာလဲ လေးလေးဆွေ၊ မုန့်ဖိုးဖယ် ဘွားက ပေးလိုက်တာလား၊ ဟုတ်လား"

ဟု ကလေးလိုပဲ ဖြစ်ချင်တာမေးရင်း စာအိတ်လေးကို ဖွင့်ဖို့ ငုံ့ကြည့်လိုက်တော့ ...

"အယ်"

ခနဲ အသံလေး ထွက်သွားကာ မျက်နှာထက်မှာ အံ့ဩရိပ်ထင်ရင်း ငြိမ်ကျသွားတာမို့ လှိုင်းပြာက ပေါက်ပေါက်လက်ထဲမှ စာအိတ်ကို လှမ်းယူလိုက်ရပါပြီ။

"ဘုရားရေ ..."

လှိုင်းပြာ ဘုရားတ,လိုက်ရသည့် စာအိတ်ကို သိလိုအာပြင့် ထွေးထွေးအိ ကိုယ်လေးကိုင်း၍ ဖတ်ရသည်။ ကြားထဲမှာက ပေါက်ပေါက် ကိုယ်က အလယ်မှခံနေသည်ကိုး။

"နည်းနည်းဖယ်ပေးတာ မဟုတ်ဘူး၊ သူ့ကိုယ်ကြီးက"

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ကြီး ၏ကိုင်း၌ အလယ်မှာ ငြိမ်ကျနေသည့် ပေါက်ပေါက်ကို တွေးတွေးအီ ရန်တွေ့ပေမယ့် ပေါက်ပေါက် ကြားဝံ့ပင်မရ။ အံ့သြမှင်တက်စွာပဲ ငြိမ်မြဲငြိမ်နေသည့် အဖြစ်။

ကိုယ်ကိုကိုင်း၍ စာအိတ်ကို တွေးတွေးအီ ကြည့်သည်။ စာအိတ်ထက်မှာ ရွှေရောင်စာလုံးလေးတွေ ရှိနေသည်ကိုး။

ဘုရားသခင် ...

မောင်မာန်နှင့် မယမုံဦးတဲ့လား။

ဒါဆို ... ဒါဆို မုံ့ကို ... မုံ့ကို လက်ထပ်ပေးတော့မည်ပေါ့။

ဘာကြောင့်ဆို ... ဖိတ်စာ၏ စာအိတ်မှာ ထိမ်းမြားမင်္ဂလာဖိတ်ကြားလွှာဟု ရေးထားသည်ကိုးလေ။

ယခုမှ ... သုံးကောင်စလုံး တစ်ပြေးညီ ငြိမ်ကျနေကြရှောသည်တည်း။

အံ့သြခြင်းဖြင့် ငြိမ်သက်ကြခြင်းသာတည်း။

* * *



"သာဓု ... သာဓု ... သာဓုပါ၊ သားနဲ့သမီးတို့ရယ်၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ ရာသက်ပန်ကြင်နာမြတ်နိုးနိုင်ကြပါစေ၊ သားကောင်း သမီးမွန်များ ထွန်းကားကြပါစေကွယ်"

အန်ကယ်စိမ်းနှင့် အန်တီ့တို့က ပြုံး၍ဆုတွေပေးနေကြပါပြီ။ ဖေဖေကတော့ နှုတ်မှ တိုးဖွဖွဖြင့် ဆုပေးနေသည်။ သမီးကို ဤသရဖိဦးမှာ ချန်ထားခဲ့ရမှာမို့ ဖေဖေ့မျက်ဝန်းမှာ မျက်ရည်ကြည် သီသီဝေ့နေချင်သည်ပဲ။

ဘွားကတော့ မြေး၏ မျက်နှာနုနုထွေးလေးကို ငေးကြည့်ရင်း၊ တစ်ချက် သက်ပြင်းရှိုက်သည်။ ဤမြေး ဂျစ်တူးတူးလေးသည် လူကြီးမိဘစကားကိုတော့ နောက်ဆုံးမှာ ခေါင်းညိတ်နားထောင်ပေးရှာသည်ပဲဟု တွေးဖြစ်လျက် မြေးကို အချစ်ပို၍ သနားမိရပြန်ပါ၏။

မုံလေး လုံးဝလက်မထပ်ချင်တာ ဘွား သိသည်ပေါ့။

လူကြီးမိဘများပီပီ ကိုယ့်သားမြေးကို သင့်လျော်လျောက်ပတ်သည့်သူနှင့် အိမ်ထောင်ချပေးထားချင်သည်မှာ ဓမ္မတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခုလို မြေးလေးကို ခွဲရမည် ဆိုတော့လည်း ဘွား ရင်ထဲမှာ မကောင်းနိုင်။ မာန့်မိဘများ ဝယ်ထားပေးသည့် ဤသရဖီဦးမှာ မြေးကို ထားရစ်ခဲ့ရချေတော့မည်ပဲလေ။

"အေးကွယ် ... အစတုန်းကတော့ သားမန်နဲ့ မုံလေးတို့ကို ဒီနှစ် ကျောင်းပိတ်တော့မှပဲ နေရာချထားပေးကြဖို့ပါပဲလေ၊ ဒါပေမဲ့ အန်တီနု ဟတ်အတက်ခ် ရုတ်တရက် ဖြစ်ခဲ့ပြီးတဲ့ နောက်မှာ သားလေးနဲ့ မုံလေးတို့ကို အမြန်ဆုံး လက်ထပ် ပေးထားခဲ့ချင်တဲ့ဆန္ဒ ဖြစ်ခဲ့ရတာမို့ အန်တီနုဘက်ကပဲ မုံလေးရဲ့ဘွားကို ခွင့်ပန်ခဲ့ ... လက်ထပ်ရက်ကို မြန်နေစေခဲ့တာပါ၊ အန်တီနု ... မုံလေးကို ကျေးဇူးတင်ပါတယ်ကွယ်"

အန်တီနု မျက်ရည်ဝဲလျက် ပြောလာတော့ အန်ကယ်စိမ်းက ပခုံးလေးကို သိုင်းဖွေ့က ခပ်ဖွဖွလေး ပခုံးကို ပုတ်ပေးရှာ၏။

အန်တီနု ရုတ်တရက် ဟတ်အက်ခ်ဖြစ်ကာ ပုလဲရိပ်မြို့မှာ အလည်ရောက်နေစဉ်မှာ မေ့လဲသွားခဲ့တာ။

ဆရာဝန်ကြီး၏ ပြောပြချက်အရ အန်တီနုမှာ နှလုံးရောဂါ ဖြစ်နေတာကို သိခဲ့ရတာ။

မတော်တဆများ မိမိကွယ်လွန်ခဲ့ပါလျှင်ဟု အန်တီ၏ တွေးပူလျက် မာန့်ကို မုံလေးဖြင့် အမြန်ဆုံး လက်ထပ်ပေးချင်သည့် ဆန္ဒဖြင့် ပြောဆိုခွင့်ပန်လာခဲ့ပြန်တာ။

မာန်ရော မုံရော ဘယ်လိုမှ ငြင်းမရနိုင်တော့သည့် အခြေမို့ ခေါင်းညိတ်ခဲ့ကြရတာ။



ဒါတွေအားလုံးသည် လွန်မြောက်ခဲ့ပြီပဲ။

မုံ ဘာကိုမျှ ပြောမနေချင်တော့ပါ။

ပုလဲရိပ်မြို့မှာပဲ မင်္ဂလာပွဲကို ဤနေ့မနက်ပိုင်းမှာ ကျင်းပခဲ့ပြီးပြီ။

များလိုက်ပါသည့် ဧည့်ပရိသတ်။

ဒါပေမဲ့ ထိုဧည့်ပရိသတ်များကို ပြုံးပြနိုင်ဖို့ အားယူကြိုးပမ်းနေရလွန်းတာ တစ်ခုတည်းဖြင့်ပင် တစ်ကိုယ်လုံးမှာ ရှိနေသည့် အားအင်များကို နုတ်သိမ်းခံထားရသည့်နှယ်ပါ။

ဧည့်ပရိသတ်ထဲမှ မုံ့ကို ပြုံးပြလက်ဆွဲ နှုတ်ဆက်ကြပါသည့် လူတွေကို မုံ မမှတ်မိနိုင်စွမ်းတော့။ ဩော် ... မမှတ်မိချင်တော့ပါလေ။

ပေါက်ပေါက်တို့ အုပ်စုကိုပဲ မျက်ရည်ဝဲစွာ စိုက်ကြည့်မိရင်းမှ ...

"လာလည်ကြပါဟယ် ... သရဖီဦးကိုလေ၊ ငါ့မှာ နင်တို့ပဲ ရှိတာ"

ဟု အနိုင်နိုင် အားယူ၍ ပြောမိခဲ့၊ မှာမိခဲ့တာကိုက ပေါက်ပေါက်တို့ ရောက်လာလျှင် ရှင်ဖွင့်ချင်လွန်း၍ပါ။

ယခုတော့ မုံသည် နှစ်ဖက်လူကြီး မိဘများကို သရဖီဦးမှာ မာန်နှင့်အတူထိုင်၍ ကန်တော့နေရပြီဖြစ်သည့် အခြေ။

မုံ့ဘဝသည် ပြောင်းလဲသွားခဲ့ချေပြီပဲ။

ဘေးမှာရှိနေသည့် မာန့်ကိုပဲ မုံ မော့မကြည့်ချင်။ မဲ့ ကြည့်ချင် ...။

www.burmeseclassic.com



သူလည်း မုံ့လိုပဲ လက်မထပ်ချင်ဘဲ လက်ထပ်ရမည် ဆိုတာကို သိထားရသည်ကိုက မုံ့ ရင်ကို နာကျင်နေစေသည်။ ကြေကွဲနေစေချင်သည်။

"ငါ ... ငါ ... သူနဲ့ ဒီလောက်ကြီး မြန်မြန်ဆန်ဆန်ကြီး လက်ထပ်လိုက်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး၊ သူ့ဘက်က တစ်နေ့မှာ လူကြီးတွေကို ပြတ်ပြတ် ငြင်းသွားလိမ့်မယ်လို့ မျှော်လင့်နေမိချင်ခဲ့တာ၊ ခုတော့ ... ခုတော့ ..."

ဟု တွေးနေရင်းဖြင့် မျက်ရည်လည်ချင်နေပြီ။

ကံကြမ္မာ။ ဟုတ်သည်။ ကံကြမ္မာကို ဘယ်သူက ဆန့်ကျင်ခေါင်းမာ ပြုရဲနိုင်ပါမည်တဲ့လဲ။ အန်တီနုကို စိတ်ဆင်း အောင်လုပ်၍။

အန်တီနု၏ ကျန်းမာရေးကို ဆိုးဝါးသွားအောင် လုပ်၍။

မုံ မငြင်းရက်နိုင်။ မာန်လည်း မငြင်းရဲ ... မငြင်း ရက်နိုင်။

ဒါကို မုံ သိသည်။ မာန်က အန်တီနု၏ သားပေ လေ။ မုံ မငြင်းနိုင်သေးလျှင် မာန်ကပို၍ အငြင်းရခက်ချေမည်ပေါ့။ မငြင်းရဲဘဲ ရှိချေမည်ပေါ့။ မငြင်းရက်ဘဲ ရှိချေမည်ပေါ့။

"ခုတော့ ... ခုတော့၊ ငါဟာ ငါ့ကို မြတ်နိုးခြင်း ကင်းမဲ့ တဲ့ လူတစ်ယောက်၊ ငါ့ကို လက်မထပ်လိုပါဘူးလို့ အပြတ် အလင်း ပြောခဲ့ဖူးတဲ့ လူတစ်ယောက်၊ ငါ့ကို စိတ်မဝင်စား တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ခဲ့ရပြီ။ အေးလေ ... အဲဒီ



လက်ထပ်ဖို့ ဖေဖေ ... ဘွား ... အန်ကယ်စိမ်းတို့ကလဲ ဖြစ် စေချင်နေကြတာပဲ၊ အန်တီနုကဆို ကျန်းမာရေးအတွက် စိတ်ပူရမယ့်အစား၊ ငါနဲ့ မာန်နဲ့ လက်မထပ်ဖြစ်မှာကို စိုးရိမ်နေတာက ပိုဆိုးနေတာ ... လူကြီးမိဘတွေအတွက် ... ငါ့ဘဝကို လူစိမ်းတစ်ယောက်ရဲ့ ဘဝမှာ မြှုပ်နှံထားလိုက် ရတော့မှာပါလား"

မုံ့ ရင်ထဲမှာ နာကျင်ကြေကွဲလွန်းနေရပါပြီ။

ဘယ်မှာလဲလေ။ သတို့သမီးတစ်ယောက်၏ ကြည်နူး မှုများ ထုံမွမ်းနေပါသည့် လှုပ်ရှားရပါသောရင်။

ခင်ပွန်းသည်ကို အားကိုးမြတ်နိုးရပါသည့် ခံစားမှု။ ထိုအရာများကို မုံ့ နှလုံးအိမ်မှာ ဘယ်နေရာမှာမှ ရှာမတွေ့နိုင်။ ခံစား၍ မရ။

"သားမာန်က ,မုံလေး အပေါ် စိတ်ရှည်ရမယ်နော်၊ အလို လိုက်ရမယ်၊ နားလည် ခွင့်လွှတ်ပေးရမယ်၊ ကြားလား"

ဖေဖေနှင့် မေမေက မှာနေတာမို့ ငိုင်ကျကာ ငြိမ်နေ သည့် မာန်က မော့ကြည့်မိရင်း ...

"ဟုတ်ကဲ့ပါ"

ဟု ခြောက်ကပ်ကပ် ဖြစ်နေသည့် လေသံဖြင့် ဖြေ သည်။ လည်ချောင်းတွေ ခြောက်နေလျက် ရှင်ထဲမှာ ပူနေသည်ပဲ လေ။

မုံ့ကို တစ်ချက် ငုံ့ကြည့်မိတော့ ကြမ်းပြင်ကို ငေးစေ စေလေး ငုံ့ကြည့်ရင်း အငြိမ်ကြီး ငြိမ်ကျနေတာကိုပဲ မြင်သည်။ မုံ့ မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့နေသည်ဟု ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူ ... ငါ့ကို လက်ထပ်လိုက်ရလို့ စိတ်ထိခိုက်နေတာပဲ၊ ငါ့ကို မချစ်မှန်း သိသိကြီးနဲ့ အဲဒီ မိန်းကလေးကို ငါ လက်ထပ်ခဲ့ရပါလား"

ဟု ငိုင်တွေတွေကြီး တွေးမိရင်းမှ ရင်ထဲတွင် ကျဉ်စနဲ နင့်နေအောင် နာကျင်ခံစားရပါပြီ။ ဟုတ်သည်။ ကြေကွဲခြင်းကို မနိုင်ရင်ကန်ကြီး ခံယူနေရပါသည့် နာကျင်မှု။

"သမီးလေး မုံ၊ သားမန်ရဲ့ စကားကို နားထောင်နော်"

ဖေဖေ မှာနေတော့ မုံ ခေါင်းပဲညိတ်ပြသည်။

"ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရှင် ဖြစ်လာပြီမို့ မြေးတို့ နှစ်ယောက် အိမ်ထောင်ရှင်တို့ရဲ့ ဝတ္တရားကို မမေ့ရဘူး၊ တစ်ယောက် စိတ်ချမ်းသာအောင် တစ်ယောက်က ဂရုစိုက်ရမယ်၊ နားလည်ရမယ်၊ ဘွား ဒါပဲ မှာချင်ပါတယ်ကွယ်"

ဟု ဘွား ပြောနေတော့လည်း နှစ်ယောက်သား ငြိမ်သက်နေကြသည်ပါပဲ။

"ကဲ ... မရွှေနဲ့ မိကျော့ ငါတို့ ပြန်ကြမယ်၊ ဒီကလေးနှစ်ယောက်ကို မရွှေက ဂရုစိုက်ပါ၊ နိုင်းတာကို သေချာလုပ်ကြားလား ... မိကျော့၊ မိမုံလေး ... လိမ္မာနော်၊ ဘွား ပြောတာ နားလည်တယ် မဟုတ်လား"

ဟု မုံ ဂျစ်တိုက် ဗိုလ်ကျမှာကို ကြိုတင်၍ သတိပေးသလို ဘွား ပြောနေတော့ မုံ ခေါင်းပဲ ညိတ်ပြသည်။ ဘွားတို့က မုံ့ကို ဤမာန်ဆိုသည့်လူနှင့် သရဖီဦးမှာ ထားခဲ့တော့မှာပါလားဟု နားလည်လာရလျက် ရင်ထဲမှာ အော်ငိုနေချင်တာပဲ ရှိနေသည်။



"ဘွားရော ... သားပြည့်ရော ... လာလာကြည့်ကြမှာပါ မုံလေး၊ အန်ကယ်စိမ်းနဲ့ အန်တီနုတို့လဲ လာကြမှာပေါ့၊ အရေးကြီးတာက ကလေးတို့နှစ်ယောက် ကြင်ကြင်နာနာ ရှိကြဖို့ပဲကွယ်"

ဟု ဘွား မှာနေတော့ မုံ မျက်ရည်ဝဲတက်လာနေပြီ။

"မုံတော့ ... မုံတော့ ဘွားနဲ့ ဖေဖေကို လွမ်းတာနဲ့ သေမှာပဲ"

ဟု ကလေးလို ပြောငိုတော့ ဖေဖေ မျက်ရည်ဝဲလာနေပြီ။ သမီး၏ခေါင်းမှာ ထိုင်ချရင်း ဆံစများကို သပ်တင်ပေး၏။

ဤမျှ ရိုးစင်းဖြူစင်လွန်းသည့် သမီးလေးကို မသူတော်သိက်သမားမျိုးနှင့် အကြောင်းဆက်ဖြစ်သွားမှာ ဦးပြည့်ထူး စိုးရိမ်ခဲ့တာ ရင်တွင်းမှာ ဝေဒနာဆိုးကြီးနှယ် ချောက်ချားနေတတ်စေခဲ့သည်ပဲ။

မာန်နှင့် လက်ဆက်ပေးလိုသည့် ကိစ္စက လူကြီးချင်းနှစ်ဖက်မှာ ကာလကြာရှည်ခဲ့ပေမယ့် ကလေးချင်း ဆိုတာက စိတ်ချရတာမဟုတ်။ လုပ်ချင်ရာ စွတ်လုပ်တတ်တာမျိုးမို့၊ နောက်ဆုံးတော့ လူကြီးချင်း သေချာတိုင်ပင်၍ နေ့ရာချထားပေးခဲ့ကြရသည်ပါ။

ခုလို ... သမီးမုံလေး ငိုနေတော့လည်း အဖေလုပ်သူက မနေစိမ့်နိုင်တော့။ တင်းမခံနိုင်တော့။ ဤအမိမဲ့ သမီးလေးကို ရင်နှင့်အမျှ ချစ်ရ၊ အလိုလိုက်ခဲ့ရသည်ပဲလေ။

ခုလို မခွဲရက်နိုင်စွာ အားငယ်ပါးငယ်လေး ကလေးလို ပြောငိုနေတော့လည်း မျက်ရည်ကျလာမိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘွားကတော့ လူကြီးပီပီ အရာရာကို တင်းထိန်းနိုင်ဖို့ ကြိုးစားနေဆဲ။

မျက်ရည်စေနေပေမယ့် မကျအောင် ထိန်းနေကာ သားနှင့်မြေးကိုပဲ ငေးကြည့်နေသည်။

မာန့်မှာသာ အနေခက်စိတ်ဖြင့် ဘာလုပ်ရမှန်း မသိ။

ကိုယ်ယူထားရသည့် မိန်းမကလည်း ကိုယ်နှင့်ချစ်သူတွေ ဘာတွေ ဖြစ်ပြီးမှ ဆိုလျှင်တော့ ခုလို ငိုနေလျှင် လက်လေးပေးကိုင်၍ ချော့မော့နှစ်သိမ့် ဖျောင်းဖျနိုင်သေးသည်။

ခုဥစ္စာက မချစ်မှန်း သိသိကြီးနှင့် လက်ထပ်ထားရပါသည့်အဖြစ်။

ငုတ်တုတ်ကြီး ဆောမှာ ထိုင်ကြည့်နေရင်း စိတ်အိုက်ခေါင်းကိုက်နေရပါပြီ။

“ကဲ ... ကဲ ... မငိုနဲ့၊ တိတ်နော်၊ ဟိုမှာ သားမာန် အနေခက်နေရှာပြီ၊ ပေပေတို့ လာမှာပေါ့ကွယ် ... ဟုတ်လား”

ဟု လူကြီးပီပီ ဖွတ်ဖြတ်ကာ သရဖီဦးမှ ပြန်ဖို့ထရပ်တော့ ဟင်ခနဲ ဖြစ်လျက် မုံ့ မော့ကြည့်ရင်း ...

“သွားကြတော့မှာလားဟင်၊ မုံက ကျန်ခဲ့ရမှာ”

ဟု ကလေးလို မျက်ရည်ကျလျက် ပြောပြန်တော့ လူကြီးတွေမှာ ဘယ်လိုမှ စိတ်ထဲမကောင်းနိုင်။

မုံ့ ဆိုတာ ကလေးလိုပဲ နေတတ်ရှာတာ သိကြသည်ပဲလေ။

“အန်တီနကို ပုလဲရိပ်မြုံမှာ အနားယူခိုင်းဦးမယ်လေ၊ တစ်နေကုန် ဧည့်ခံရ ဘာရနဲ့ ပင်ပန်းရှာတာ”



ဟု ပေပေ ပြောတော့ မုံ့ မျက်ရည်ကို သုတ်လျက် ...

“အင်း ... ဟုတ်သားနော်၊ အန်တီန နားချင်တော့မှာ”

ဟု အလိုက်တသိ ပြောရှာပြန်တော့လည်း မာန်ပင်သနားစိတ်ဖြင့် တစ်ချက်ငုံ့ငဲ့ ကြည့်မိရသည်ပါပဲ။

မုံ့ မျက်နှာ ဖြူဥဥလေးမှာ ငိုရတာမို့ မျက်နှာလေးနီဥဥ ဖြစ်နေသည်။

နှလုံးရောဂါဖြင့် မေမေ စိတ်ထိခိုက်ပြီး ရောဂါဆိုးသွားမှာမျိုး ကျတော့လည်း ဤကောင်မလေး မလုပ်ရက်ဘဲ ဤမင်္ဂလာပွဲကိစ္စကို ခေါင်းညိတ်ပေးခဲ့ရှာပါလားဟု နားလည်ဖြစ်နေရသည်မို့ ရင်ထဲမှာ သနားစိတ်လည်း ဖြစ်ချင်သည်။

မချစ်ဘဲ လက်ထပ်ခြင်း ဆိုတာကို သိထားရတာမို့လည်း ရင်ထဲမှာ နာကျင်နေချင်သည်။ ဝေဒနာနှစ်ခုသည် ရင်ကို ဖိစီးထားသည့်နယ်သာတည်း။

ပုလဲရိပ်မြုံမှာ ပေပေနှင့် မေမေက လိုက်၍ ခေတ္တနေမည်။ တစ်ပတ်ကြာလျှင် တောင်ကြီးသို့ ပြန်မည်ဟု မာန့်ကို ပြောထားကြသည်လေ။

သားအတွက် မင်္ဂလာကိစ္စ ဖြစ်မြောက်လျှင် မုံနှင့်အတူနေကြဖို့ ရည်ရွယ်ဝယ်ထားသည့် သရဖီဦးမှာ သားနှင့်ချွေးမကို မေမေသည် ဘွားနှင့် အန်ကယ်ပြည့်တို့နှင့် အတူတကွလာ၍ အပ်နှံချန်ထားခဲ့ချေတော့မည်တည်း။

“လိမ္မာနော် သား”

ဟု မေမေ ထပ်မှာကာ အန်ကယ်ပြည့်တို့ ကားပြန်လိုက်ပါသွားတော့ ပေါ်တီကိုအောက်အထိ လိုက်ပို့ကြသည့်

www.burmeseclassic.com

www.burmeseclassic.com



မာန်နှင့် မုံရော၊ ဒေါ်ကြီးမြှေနှင့် မိကျေးတို့ရော လက်ပြကျန်ခဲ့ရပါပြီ။

မင်္ဂလာဦးဆိုသည့် နူးညံ့လှပ်ရှားမှုများဖြင့် ထုံမွမ်းကြသော ကာလသည် နှစ်ဦးစလုံး၏ရင်ဝယ် စွဲငြိတိုးဝင်ခြင်း မရှိကြတာကို အေးစက်ကြေကွဲနေကြပါသော မျက်ဝန်းရိပ်များဖြင့်ပင် တစ်ယောက်ကို တစ်ယောက် နားလည်နေမိကြရပြန်သည်တည်း။

ကြည့်မိသည့် အကြည့်များကို ကိုယ်စီ ပြန်လည်ရုပ်သိမ်းရင်း မာန်နှင့် မုံ့ ရင်တွင် ခံစားမိကြရပြန်သည်က ကြေကွဲခြင်း။

ဟုတ်သည်။

ကြေကွဲခြင်း ...။

* * *



စာကြည့်ခန်းတွင်းမှ ထွက်လာကာ လက်မှနာရီကို ကြည့်တော့ ဆယ့်တစ်နာရီခွဲ။ အပေါ်ထပ် စကြံရှည်အတိုင်း လျှောက်လာရင်းမှ အိပ်ခန်းရှေ့ရောက်တော့ တံခါးရွက်က မဟတဟ ဖွင့်နေတာမို့ အသာအယာ မာန် တွန်းဖွင့်လိုက်တော့ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းကို ပြာလဲ့လဲ့ မီးရောင်အောက်မှာ မြင်ရသည်။

အခန်းတွင်းမှာ မုံ မရှိ။

ဇော်မွှားပန်းများနှင့် သစ်ခွပန်းများ သစွာပန်းများဖြင့် ခန်းဆိုးလေးတွေက အခန်းထောင့်တွေမှာ ပန်းတင်ခုံလေးတွေဖြင့် သာဝစွာ ရှိနေပြီ။

အခန်းပြတင်းပေါက်တွင် တပ်ဆင်ထားသော ပြာလဲ့လဲ့ ကတ္တီပါ ခန်းဆီးစကြီးတွေက လေအနော့မှာ ဂုဏ်ဖြေရရဖြင့် လှုပ်ခတ်ရှိနေကြသည့်အဖြစ်။

ထုထဲသော ကတ္တီပါခန်းဆီးစများကို လေပြည်နုနုသည့် အားယူတိုးဝှေ့နေရသည့် အသွင်။ ညဥ့်၏လေပြည်နုသည် အခန်းတွင်းဆီသို့ တနော့နော့ တိုးဝင်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာသတို့သမီးငယ်လေး၏ ရုက်ရိပ်ဆမ်းထားသော ချစ်စရာ ချစ်စရာမှုရာလေးများကို တွေးပိုက်ထားရချေမည့် မင်္ဂလာခန်းဆောင်လေး။

ယခုကျတော့ အခန်းလေးသည် တိတ်ဆိတ်လွန်းစွာပင် သတို့သားနှင့် သတို့သမီးငယ်ကို ရှာဖွေနေရသည့် အဖြစ်ပါတကား။

"ဒီကောင်မလေး ဘယ်မှာ သွားထိုင်နေပါလိမ့်၊ အလကားနေရင်း မအိပ်ဘဲ အလုပ်ရှုပ်နေတယ်၊ အိပ်စရာရှိ အိပ်တာမဟုတ်ဘူး"

အတွေးဖြင့် မာန် လျှောက်လာကာ အောက်ထပ်သို့ဆင်းသည်။

ထမင်းစားခန်းမှ ရေခဲသေတ္တာကိုဖွင့်ကာ ရေပုလင်းကိုယူ၍ ရေတစ်ဖန်ခွက် သောက်၏။ အောက်ထပ်တစ်ခုလုံးလည်း တိတ်ဆိတ်လျက်။ အခန်းတံခါးတွေ ပြတင်းတွေလည်း ချက်ချပိတ်ထားမြဲပုံစံ။

အောက်ထပ်မှာ မုံ မရှိ။ ခြံထဲသို့လည်း မုံ မဆင်း။ ဒါဆို အပေါ်ထပ်မှာပဲ ကောင်မလေး ရှိနေချိမ့်မည်။

အပေါ်ထပ်သို့ ပြန်တက်ခဲ့တာ လသာဆောင်ဘက်ဆီသို့ လျှောက်လာတော့ ပြာနုနု ခန်းဆီးစ စာပွင့်ကျဲကျဲလေးများဖြင့် လသာဆောင်နှင့် အဝင်တံခါးကို ကာထားသည့် နေရာလေးမှာ ကြိမ်ကုလားထိုင်ကြီးမှာ မေးမိုထိုင်ရင်း ကောင်းကင်မှာ လမင်းကြီးကို မော့ကြည့်နေသည့် ကောင်မလေးကို မြင်ရသည်။



နေရာမှာ တိတ်ဆိတ်စွာ ရပ်လျက် မာန် ကြည့်နေမိရပါပြီ။

လရောင်ဆမ်းထားသော ဖြူဥဥ မျက်နှာလေးကို သားစောင်း အနေအထားလေးဖြင့် တခန်းဆီးတစ်ခုခြားလျက် သူမြင်နေရသည်။

မိန်းကလေး တစ်ယောက်၏ လရောင်အောက်မှ အလှ။

ဟုတ်သည်။ မိန်းကလေး တစ်ယောက်၏ လရောင်အောက်မှ အလှတရား။

ထိုအလှတရားကို သူ တစ်ခါဖူးမျှ မမြင်ဘူးခဲ့။ လရောင်နုနု ဝါပြေပြေလေးမှ ရွှေရည်ရိပ် ဆမ်းထားပါသည့် အသွားနုနုလေး။

လရောင်မှုုင်တန်း၏ နုထွေးမှုထက် ဤကောင်မလေး၏ ရွှေရည်ရိပ် ဆမ်းထားပါသော အသားနုနုထွေးလေးတွေက ပို၍ နူးညံ့နေချေလိမ့်မည်။

သူ့ဘဝ တစ်သက်တာမှာ လရောင်အောက်မှာ။ သြော် ... လရောင်ရိပ်မှာ ထိုင်နေပါသည့် မိန်းကလေးကို ယခုလို သူ မတွေ့ဘူးခဲ့။

သူ့ဘဝတွင် ဤအကြိမ်သည် ပထမဆုံး ဖြစ်နေလျက်။ ထိုမိန်းကလေးသည် သူ၏မိန်းမ လာဖြစ်နေသည်။ ပြီးတော့ ... ပြီးတော့ ... အရမ်းကို လှနေချေသည်တည့်။

သူ တဖြည်းဖြည်း လျှောက်လာစဉ်မိုက်မှာလည်း အကြည့်က မုံ့ ထံမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်ပျောင်းအိအိ နက်မှောင်မှောင်လေးများ ပခုံးသားဘက်မှာ လျှောတိုက်ဝဲကျကာ ရင်အုံထက်မှာ ခဝ်နွဲ့နွဲ့တင်နေတာ။ လက်မောင်းနုနုအိအိလေးတွေ သွယ်ပျောင်းပြည့်အိစွာပဲ ကြိမ်ကုလားထိုင် လက်ရန်းထက်မှာ ဝင်းဝင်းစက်စက်လေး မေးတင်ထားနေတာ။

မျက်ခုံး နက်မှောင်မှောင်လေးအောက်မှ မျက်နက်ဝန်းလေးတွေက မျက်တောင်ရှည်လေးတွေကို ပင့်မော့လျက် ကောင်းကင်ထက်မှ လမင်းကြီးကို ငြိမ်သက်စွာ မော့ငေးကြည့်နေတာ။

အားလုံးကို သူ မြင်နေရသည်။

ခြေသံကြား၍ထင့်။ မုံ ငုံကြည့်လာတော့ သူ့ကို မြင်၏။

ကိုယ်လေး ဆတ်ခနဲ မတ်သွားချိန်မှာ ...

"ဟော့ ကောင်မလေး ... မအိပ်သေးဘဲ လေတိုက်ထဲမှာ ဘာလာလုပ်နေတာလဲ"

စောစောပိုင်းက ငေးငေးမိုက်မိုက် ကြည့်ထားမိသမျှ တစ်ခါမျှ မကြည့်ခဲ့သလိုဟန်ဖြင့် ခပ်တင်းတင်း မေးမိသည်ကိုက၊ သူငေးကြည့်ခဲ့တာကို ဖုံးဖိလိုသည့် စောဖြင့်ပါ။

လေသံတင်းတင်းဖြင့် မေးတော့ မုံကလည်း ခပ်တည်တည်လေး ပြန်ကြည့်လာသည်ပါပဲ။ ဤကောင်မလေး၏ မျက်နက်ဝန်းလေးတွေက အရမ်းကို လက်တောက်လျက် တစ်စက်ကလေးမှ တစ်ခွန်းတင် မခံသည့် ဆတ်ဆတ်ကြဲလေးလို မာတာတာလေး ဖြစ်ဖြစ်နေတတ်သည်။



ရေပုလင်းကို ကိုင်ထားလျက် ခပ်တည်တည် ကြည့်မေးရပေမယ့် ဤမျက်ဝန်းလေးတွေ၏ အကြည့်လက်လက်လေးတွေကို သူ နှစ်နှစ်သက်သက် ဖြစ်ချင်နေမိပြန်၏။

"ကိုယ့်ဘာသာကိုယ် လေတိုက်ထဲနေနေ ... ရေထဲပဲစိမ်စိမ်၊ မီးပဲ လှုံလှုံ ... ရှင့်အပူ မပါဘူး"

"ဟော့ ... ခွတိုက် မပြောနဲ့၊ ဒါ အိပ်ချိန် ... အိပ်ချိန်ကွ"

"အိပ်ချိန်ဆို ရှင်ဘာသာရှင် သွားအိပ်ပါလား၊ မုံ့ကို ဘာလာဆရာလုပ်နေတာလဲ၊ ရှင်ကရော ခုချိန်ထိ ရေပုလင်းကြီးကိုင်ပြီး မတ်တတ်ရပ် အမိန့်လာပေးနေတာ၊ ရှင်လဲ မအိပ်သေးလို့ပဲ မဟုတ်လား၊ ဒီပိဆရာလုပ်ချင်တာပဲ၊ သူကျတော့ အိပ်ပျော်ရင်း အိပ်မက်ယောင်ပြီး လမ်းထလျှောက်နေတာကျလို့"

စွာသည့်နေရာမှာ လက်ဖျားခါလောက်ပါ၏ မုံဟု သူ အမှတ်ပေးလိုက်ချင်သည်ပါပဲ။

"ငါက ... နင် နေမကောင်းဖြစ်ရင် အပြစ်တင်ခံရမှာကွ၊ ငါ ရှိနေရက်နဲ့ လေတိုက်ခံမိပြီးဖျားရင် ငါ အထိန်းအကွပ်ညံ့တယ်ဆိုပြီး အပြစ်ဆိုလဲ ခံရမယ်၊ ငါလဲ နာမည်ပျက်မယ်၊ နင့်ကို ဆရာလုပ်တယ်ဆိုတာ လုပ်သင့်လို့ လုပ်တာ၊ ဒါ ... လသာဆောင်မှာ ခုံလေးချပြီး နက္ခတ်တာရာတွေ ကြည့်ရမယ့်အချိန် မဟုတ်ဘူးကွ အိပ်ချိန်"

နေရင်း ထိုင်ရင်း နှစ်ယောက်သား ခပ်တည်တည် ကြည့်ရင်း စကားအချေအတင် ပြောလာရပါသည့် အဖြစ်။

"မင်းနဲ့ စကားပြောရတာ စိတ်ညစ်ဖို့ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ လွှတ်ခနဲ ညည်းချလိုက်တော့ ...

"ညစ်ရင် မပြောနဲ့လေ၊ ဘယ်သူက လာပြောခိုင်းနေလို့လဲ၊ ဒီမှာ ... ရှင်နဲ့ မုံနဲ့ လက်ထပ်လိုက်ရတာ ဘာကြောင့်လဲ ဆိုတာ ရှင်လဲ သိတယ်၊ မုံလဲ သိတယ်၊ အန်တီနု စိတ်ချမ်းသာအောင် ကျန်းမာအောင် ဘွားနဲ့ ဖေဖေလဲ စိတ်ချမ်းသာအောင် ဒါကြောင့်ဆိုတာ နှစ်ယောက်စလုံး သိထားပြီးသား၊ လာပြီး ညြစာပေးမနေနဲ့၊ မုံ့ဘာသာမုံ ကြယ်ပဲကြည့်ကြည့် လပဲကြည့်ကြည့် တိမ်ပဲကြည့်ကြည့်"

မုံ စွာနေရင်းမှ နှုတ်ခမ်းလေးကို မဲ့ပစ်ရင်း ...

"ရှင့်ကို ကျွန်မ လုံးဝလက်မထပ်ချင်ဘူး ဆိုတာ ရှင်သိသလို၊ ရှင်ကလဲ ကျွန်မကို လက်မထပ်ချင်ဘူး ဆိုတာ ကျွန်မကို အတိအလင်း ပြောခဲ့ဖူးတာပဲ၊ ရှင်လဲ ရှင့်စိတ်ချမ်းသာအောင်နေ၊ မုံလဲ မုံ့ဘာသာ စိတ်ချမ်းသာအောင်နေမယ်၊ ဒါပဲ"

ဟု ပြောလာတော့ တစ်ချက် သူ့ရင်ထဲ အောင့်ခနဲဖြစ်၏။

တကယ်လည်း သူ့ဘက်က မုံ့ကို ပုလဲရိပ်မြိုမှ ခြံထဲမှာ လက်မထပ်ချင်ပါဟု အပြတ်အသတ် ပြောခဲ့တာ အမှန်။ မုံကလည်း ပြောခဲ့သည်ပဲ။ ဒါကို မုံက ဖွဲ့ဖွဲ့မြဲမြဲကိုင်၍ တင်းပြတ်ပြတ်ပြောလာသည့် အဖြစ်။ မာကျောကျောလေး အပေါ်ဆီးမှ ပြောနေသည့် မုံ့ကို မာန်ကလည်း ...

မူလအရင်းခံ မာနစိတ်ဖြင့် ဆတ်ခနဲ ကြည့်နိုက်မှာပင် ...



"ကျွန်မအတွက် ရှင် စိတ်ပူစရာ မလိုသလို ရှင့်အတွက်လဲ ကျွန်မက ဘယ်တော့မှ စိတ်ပူမှာ မဟုတ်ဘူးဆိုတာ သိထားပါ ကိုမာန်၊ ရှင်အိပ်ချင် သွားအိပ်၊ ကျွန်မ ညလုံးပေါက် ဒီမှာ ထိုင်ချင်ထိုင်မှာ"

ဟု ခေါင်းမော့၍ ပြောလာတော့ ယောကျ်ားမာနဖြင့် မျက်တောင်မခတ် စိုက်ကြည့်နေရင်းမှ ...

"နင့်အတွက် ငါက စိတ်ပူမယ်လို့များ မထင်နဲ့၊ သိပ်အထင်ကြီးမနေနဲ့ မရွှေစာ၊ ငါကလဲ နင့်ကို ချစ်လွန်း ဂရုစိုက်လွန်းနေပြီး လာကပ်ချွဲနေမယ့်ကောင်မျိုး မဟုတ်ဘူးဆိုတာ သိထားစမ်းပါ၊ မင်းဘာသာမင်း အိပ်ချင်တဲ့အချိန်အိပ်၊ ငါကလဲ မင်းနဲ့ ကင်းချင်လွန်းလို့ စာကြည့်ခန်းမှာ အိပ်မှာ၊ နင့်အခန်းပြတင်း ဖွင့်ထားလို့ သူခိုးဝင်အောင်းနေလဲ နင်ခံ"

ဟု ပြောပြီးတာနှင့် ခြေလှမ်းကျဲကြီးဖြင့် ချာခနဲလှည့်လျှောက်သွားတော့ မုံ ငြိမ်သက်ကျန်ခဲ့၏။

တကယ်လည်း အခန်းပြတင်းတွေ ဖွင့်ထားခဲ့တာမို့ သူခိုးများ ဝင်အောင်းနေလျှင် အခက်

ကြောက်စိတ်ဖြင့် ခဏငြိမ်သွားပြီးမှ ...

"အို ... ခြံထဲမှာ ခြံစောင့် ဦးမှုတ္ထူးလဲ ရှိသားပဲ၊ ဘယ်က သူခိုးက ဒီခြံကျယ်ကြီးထဲ ဖွတ်ဝင်လာရဲပါ့မလဲ၊ အိမ်ကလဲ အမြင့်ကြီးဥစ္စာ၊ အလကား-ငါ့ကို လာခြောက်နေတာ"

ဟု ပြန်၍ ကိုယ့်ဘာသာကိုယ် အားပေးရင်း ကြိမ်ကုလားထိုင်ဝိုင်းကြီး၏ ကျောမှီမှာ ပစ်မှီချရင်း စောစောက ပုံလေးအတိုင်း လမင်းကြီးကို မော့ကြည့်နေမိလိုက်သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က မုံ စိတ်ညစ်ညစ်နှင့် လသာဆောင်မှာ ထွက်ထိုင်နေခြင်းပါ။

မင်္ဂလာဆောင် ဖိတ်စာတွေ ရိုက်လိုက်ပြီဆိုတာ — ဖိတ်စာတွေ ရိုက်ပြီးမှ မုံ့ကို ဘွား အသိပေးခဲ့သည်ပဲ။ အန်တီနု ကျန်းမာရေးကို အလေးထား၍ ဘွားနှင့် ဖေဖေ စီစဉ်ပေးခဲ့ရတာဟု သိထားရတာမို့ မငြင်းရဲ၊ မငြင်းရက်နိုင်ဘွာ ခေါင်းညိတ်လိုက်ရမယ့် မုံ စိတ်ညစ်နေရသည်လေ။

ဟုတ်သည်။ မုံ စိတ်ညစ်နေရသည်ပေါ့။ ကိုယ် လက်ထပ်ထားရပါသည့် ခင်မွန်းသည် ဆိုတာကြီးက မုံ့ကို ဘယ် တုန်းကမှ ချစ်ဖို့စိတ်ကူးခဲ့ပုံပင် မရသည့်လူ ဖြစ်နေသည်။

"စိတ်ညစ်လို့ ထွက်ထိုင်နေပါတယ်ဆိုမှ သူက ဆရာလာ လုပ်နေသေးတယ်"

ဟု ညည်းမိရင်းမှ ချမ်းစိမ့်စိမ့် ဖြစ်ချင်နေတာမို့ —

"ဒါပေမဲ့ တစ်ခုတော့ မှန်သား၊ လေတိုက်ထဲ ထိုင်နေမိတော့ ခု ချမ်းချင်သလိုလိုပဲ၊ ချမ်းလို့ ချမ်းလာမှန်းတောင် မသိ အောင် ငါ စိတ်ညစ်နေတာကျတော့ ဘယ်သူ နားလည်ပေး နိုင်ပါ့မလဲနော်"

ဟု ကြေကွဲစိတ်ဖြင့် တွေးရင်း မုံ တိတ်ဆိတ်စွာ မျက်ရည်ကျလာရသည်ကိုရော ဘယ်သူ သိနိုင်ကြပါလို့လဲလေ။

ဩော် ... ဘယ်သူ သိနိုင်ကြပါလို့လဲကွယ်။

❖ ❖ ❖



"ပြောလိုက်ရင် ရှင့်အပူ မပါဘူး၊ ရှင့်အပူ မပါဘူးနဲ့၊ ပြန် စွာဖို့ ဘယ်တုန်းကမှ နောက်ကျတယ်ကို မရှိဘူး၊ ခု ... ဖျား တော့ ငါ့အပူ ဖြစ်ရပြီ၊ နင်တစ်ယောက်တည်း လသာဆောင် မှာ နကွတ်တာရာ ကြည့်နေတာကို ငါမသိဘဲ ဘာလုပ်နေ သလဲဆိုရင် ငါက ဘယ့်နှယ်လုပ် ဖြေရမလဲ"

ဖျားရသည့်ကြားထဲ ဆူလိုက် ပူလိုက်နှင့် စိတ်ထဲနောက် ချီလာရသည်က မုံပါ။

"ဟွန်း ... လေတိုက်ထဲပဲနေနေ၊ ရေထဲပဲ စိမ်စိမ်၊ မီးပဲလှုံလှုံ နဲ့၊ စကားကျတော့ အသားကျ ပြောတတ်ပါ့၊ ခု ... ဖျားပြီ"

မနက်ကိုးနာရီနား ကပ်သည်အထိ အခန်းထဲမှ ထွက် လာတော့ ခေါ်ကြီးချွေနှင့်ပဲ မိမုံကို သွားကြည့်နိုင်းခဲ့ရသည်က ဆန်းပါ။

'ခေါ်ကြီးချွေက မျက်စိမျက်နှာပျက်ပျက်နှင့် အောက် ထပ် ထမင်းစားခန်းသို့ ပြန်လာကာ ...

"မုံလေး ... ဖျားနေတယ်"

ဟု ပြောရင်းမှ အကဲခတ်သလို တစ်ချက်ကြည့်ကာ —

"သားမှာန်က မသိဘူးလားကွယ်၊ ကိုယ့်မိန်းမ ဖျားနေတာကို"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေမေတို့ ခေါ်သလို သားမာန် ဟုပဲ ခေါ်ရင်း အံ့သြစွာ မေးလာစဉ်နိုက်မှာပဲ ဆောက်လက်စ လက်ဖက်ရည်ခွက်ကို ဆောင့်ခနဲချဖြစ်လျက် ခြေလှမ်းကျဲကြီးနှင့် လှေကားထစ်တွေကို ကျော်လွှားတက်ပစ်ရင်း မာန့်မှာ မုံ့အခန်းထဲ ရောက်ခဲ့ရသည်လေ။

ခုကျတော့ မျက်နှာလေး နီထွေးလျက် စောင်ကိုကွေးနေအောင် ခြုံထားရင်း ဖျားနေသည့် မုံ့ကို စိတ်လည်းပူရ၊ ဒူလည်းဆူရနှင့် ဖြစ်နေရသည်ကလည်း မာန်ပါပဲ။

"ကျွတ် ... စိတ်ညစ်တယ်ကွာ၊ မိန်းမရတယ်သာ ဆိုရစကားလဲ နားမထောင်၊ ကျွတ်တိကျွတ်ဆတ်နဲ့ ရန်ထောင်စကားများနေတဲ့ ကောင်မလေး၊ မိန်းမ အသုံးမကျရင်ယောက်ျား အဆူခံထိတယ်ကွ၊ ညည်းဖျားတာ ငါ့အပြစ်ဖြစ်တော့မှာပဲ"

မုံ့ စိတ်လက်မရှည်ချင်တော့။ ဆတ်ခနဲ ထထိုင်ပစ်လိုက်လျက် စောင်ကို ဆတ်ခနဲ ခွာပစ်ရင်းမှ ...

"မုံ့ အပြစ်ဆိုတာ ပြောပေးပါ့မယ်၊ ရှင့်ကို ဘယ်သူမှ မဆူစေရပါဘူး၊ ဘယ့်နယ် ... လူက ဖျားပါတယ်ဆိုမှ တဂျီဂျီနဲ့ နားကို ရှုပ်နေတာပဲ ... သွား"

ဖျားသူတို့ ထုံးစံအတိုင်း စိတ်တိုမြန်လျက် မုံ လက်ညှိုးထိုး၍ အခန်းတံခါးကို ပြကာ နင်တော့ မာန် အံ့ခဲ၍ မုံ့ကို စိုက်ကြည့်သည်။

အရွဲ့တိုက်တတ်သော ငယ်ကျွမ်းပြင့် မုံ့ ခုတင်ပေါ်ဝင်ထိုင်ချလိုက်ရင်းမှ ...



"အော်မနေနဲ့၊ နင်နှင်တိုင်း ငါက ထွက်သွားရအောင် နင့်ထက်ငယ်တဲ့လူ မှတ်နေလား၊ နင့်ထက် နှစ်နှစ်တိတိ ကြီးတယ်၊ ပေးစမ်း လက်၊ အဖျားစမ်းမလို့၊ ကြည့်စမ်း ... ကိုယ်တွေ ပူနေလိုက်တာ၊ တောက် ... ငါတီးလိုက်ရ"

တစ်ညလုံး ဘယ်ချိန်ထိ လသာဆောင်မှာ ထိုင်နေသည် မသိရ။ မာန်ကလည်း စိတ်ပေါက်ပေါက်နှင့် ထမကြည့်ခဲ့မိ။ ယခုချတော့ ဖျားနေပြီ။ ကရုဏာဒေါသောဖြင့် လက်ဖြင့်စွယ်စဉ်နိုက်မှာ မုံ့က ခြေမြန်လက်မြန်ဖြင့် မာန့်ခေါင်းကို အလျင်ထုထည့်လိုက်တာမို့ ...

"ကြည့်စမ်း ... ကြည့်စမ်း ... တောက်"

ဟု တက်ခေါက်ရင်း နားရွက်ဆွဲထည့်ပစ်လိုက်တော့ မုံ့က ...

"ဟောဒီမှာ ဒေါ်ကြီးရွှေရေ ... မုံ့ကို ဖျားတယ်ဆိုပြီး နိုင်စားနေတယ်၊ နားရွက်ပြတ်တော့မယ်"

ဟု ကုန်းအော်တာမို့ လန့်ဖျပ်လျက် ကမန်းကတန်းကြီး နားရွက်လေးကို လွှတ်လိုက်ရရင်းမှ ...

"ဟဲ့ ကောင်မလေး ... ဘယ်လိုကြီး အော်နေရတာလဲ၊ ဒုက္ခပါပဲ"

ဟု မျက်လုံးမျက်ဆံပြူး၍ တားယူရသည် အထိပါ။

"အော်မှာပေါ့၊ လူမမာ လာကြည့်တာတဲ့၊ ရောက်တာနဲ့ ဆူပူနေတာပဲ၊ စိတ်ဆင်းရဲဖို့ ကောင်းလိုက်တာ၊ သေခါနီးလူဆိုရင် အသက်တောင် ထွက်သွားနိုင်တယ် သိလား၊ မုံက မသေနိုင်သေးတဲ့လူမို့ ... ဒီလောက် ခံနိုင်ရည်ရှိနေရ

www.burmeseclassic.com

www.burmeseclassic.com



တာ ... ရှင် ဖျားကြည့် ... ရှင့်လိုပဲ မုံ လာဆူပြမယ်၊ အဲဒီ တော့မှ ဖျားတဲ့လူဆိုတာ ဘယ်လောက် နားအေးပါးအေး နေချင်သလဲဆိုတာ သဘောပေါက်သွားမှာ”

ခေါင်းခါ၍ စိတ်လက်လျှော့ပြီး မာန် ထရပ်သည်။ မနက်ကတည်းက အစားမဝင်သေးဘဲ ဖျားနေဆဲမှာပင် ဤမျှ နှုတ်စွမ်း လျှာစွမ်း ထက်နေလျှင် ကျိန်းမာပကတိ ရှိချိန်ဆိုလျှင်ဖြင့် မလွယ်။ တော်တော်စွာမည့် ကောင်မလေး။

“အေး ... နင့်အတွက် နွားနို့နဲ့ ပေါင်မုန့် ကြက်ဥဟတ်(ပ်) ပရိုင် လာပို့လိမ့်မယ်၊ အဲဒါ စားချင်ရင်လဲစား၊ မစားချင်ရင် လဲ စားရမှာပဲ၊ လူမမာဆိုတာ လူမမာစားတာကိုပဲ စားရ မယ်၊ ပြီးတော့ ပုလဲရိပ်မြို့ကို ဖုန်းဆက်ပြီး မင်းရဲ့ဖျားနာ သတင်းကို ပို့ရမယ်၊ ပြီးတော့ ဖုန်းကို ပြန်ချပြီးတာနဲ့ ကား နဲ့ ဆရာဝန် သွားပင့်လာခဲ့မယ်၊ ပြီးတော့ ဆေးထိုးခံပေတော့ ဒါပဲ”

ဟု ပြောပြီး အားလုံး အတိအကျ လုပ်တော့မည့်ပုံဖြင့် ခပ်အေးအေးပဲ လှည့်ထွက်သွားတော့ ...

“ဆေးမထိုးချင်ဘူးဆိုမှ ... ဆေးပဲ သောက်မှာ ... ဆရာဝန် မခေါ်နဲ့၊ ဘယ်သူက ဆရာဝန်ခေါ်ပါလို့ ပြောသေးလို့လဲ၊ မခေါ်နဲ့ဆိုနော် ... ခေါ်လာရင်တော့ ခေါ်လာတဲ့လူပဲ ဆေးထိုး”

ဟု ကြောက်ကြောက်နှင့် တားနေသမျှ အနိုင်ပိုင်း၍ ခပ်ကြွားကြွားကြီး လှည့်ကြည့်လျက် ...

“အပြောင်းအလဲ မရှိနိုင်တဲ့ အစီအစဉ်ကို အတိအကျ လုပ် ရမှာပါပဲ မရွှေမုံ”



ဟု ဆေးထိုးခံရမှာကို အပျော်ကြီး ပျော်နေမှန်း အရိပ်အမြွက် ရယ်ရိပ်လွှမ်းနေသော အကြည့်ဖြင့် ပြောလာတော့ အံလေးခဲ၍ မုံ စိုက်ကြည့်သည်။

နောက်တော့မှ မျက်စိကို စုံမှိတ်ချ၍ ...

“ဆေးမထိုးချင်ပါဘူးလို့ဆို ... ဆရာဝန် မခေါ်နဲ့ဆို ... မုံ အော်ငိုမှာနော်၊ အခု အော်ငိုတော့မှာ ... အီး”

ဟု တဲကယ်ကို မျက်ရည်တွေ ပေါက်ပေါက်ကျလာလျက်၊ ကလေးလိုပဲ ငိုချလိုက်တာမို့ နောက်ကြောင်း ပြန်လှည့်လျက် ရှာပျာသလဲ ဆားမှာ ထိုင်ချမိရင်း ...

“ဟိတ် ... မငိုနဲ့လေ ... ဒီလောက် ငိုနေရင် ခေါင်းပိုကိုက်မှာပေါ့၊ ဒုက္ခပါပဲ၊ မျက်ရည်တွေကလဲ ပေါလိုက်တာကွာ၊ ကဲ ... ကဲ ... ဆရာဝန် မခေါ်သေးဘူး၊ မေမေတို့ ရောက်လာမှ ဘွားရောက်လာမှ ခေါ်ဆိုမှ ... ခေါ်မယ်၊ ကဲ ... တိတ်တော့”

ဟု မျက်စိမျက်နှာ မကောင်းဘဲ ပြောလာသည်မှာသည်း မာန့်ပါပဲ။

မုံ လန့်လန့်နှင့် ဆေးထိုးအပ် ကြောက်ပြီး ငိုထားသမျှ မျက်ရည်တွေကို သုတ်ရင်းမှ ...

“မုံကဖျားရင် ဆေးသောက်လဲ ပျောက်ပါတယ်ဆိုမှ သူက ဆေးထိုးအပ်ကြီးနဲ့ အထိုးခံစေချင်တိုင်း နင်းကန် ဆရာဝန် ခေါ်ချင်နေတယ်”

ဟု ကလေးလိုပဲ မျက်နှာလေး မှုန်ကုပ်ရင်း နှုတ်ခမ်းလေးကို စူပိုင်းနေအောင်စူရင်း စိတ်ကောက်ပုံလေးဖြင့် ပြောတော့ လေးခနဲ ကြည့်မိရပါပြီ။

ဗ

www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးလိုပါပဲလားဟု ပို၍ ပို၍ နားလည်လာမိရင်းမှ နှာခေါင်းဖျားလေးကို မနာအောင် ဆွဲလိမ်ပစ်လိုက်ချင်လာရသည်မှာလည်း ကလေးကို ချစ်စနိုးလေး စချင်သည့် စိတ်မျိုးဖြင့်ပါ။

“အဲဒါ ... ငါ့စကား နားမထောင်လို့ ဖျားတာ ... နောက်ကို အဲလိုမဆိုးနဲ့ ကြားလား၊ ကဲ ... ကဲ ... ဘွားတို့ မေမေတို့ ဆီကို ဖုန်းဆက်လိုက်ဦးမယ် ... အိပ်နေနဲ့”

ဟု ပြောပြီး မျက်ရည်ကို သုတ်ပေးမိလိုက်ရသည်။

“မသုတ်ပေးနဲ့၊ သူပဲ မုံ့ကို ခဏခဏငိုအောင် လုပ်လုပ်ပြီးမှ အပြစ်လွတ်အောင် ပြန်သုတ်ပေးနေတာ၊ အန်တီနုလာရင် မုံတော့ တိုင်ပြောမှာပဲ၊ မုံ့ကို သိပ်ဟောက်တာပဲလို့၊ ဆူလဲ ဆူတာပဲလို့”

ဟု ပြောနေတာမို့ သူ ရယ်လိုက်မိရသည်။ မျက်နှံးကို ပင့်၍ ခါးထောက် ရပ်ကြည့်လျက် အသံထွက်အောင် ရယ်မိရင်းမှ ...

“တိုင်ဗျာ ... တိုင်ဗျာ ... ကဲ ... လောလောဆယ် လှဲနေ၊ စောင်ပြန်ခြုံထား၊ ဖျားတဲ့လူကို ဂရုစိုက်ပေးတာတွေလဲ ချန်မထားနဲ့ဦးဗျ၊ အဲဒါလဲ ထည့်ပြောပေးဦး”

ဟု ပြောပြီး မုံ ခြုံနေသည့်စောင်ကို ဆွဲယူ၍ ခြုံပေးခဲ့ပြီးမှ အခန်းတွင်းမှ ထွက်သွားတော့ မုံ ငေးကြည့်ကျန်ခဲ့ရပါ၏။

ကိုယ်လေးကို စောင်း၍ ခပ်ကွေးကွေးလေး အိပ်လိုက်မိရင်းမှ ...

“ငါ ငိုတော့လဲ သူ လန့်သွားသား၊ အဲလိုကျတော့လဲ ငါ ခေါင်းကိုက်မှာ စိတ်ပူတတ်ပေးဖော် ရသေးရဲ့”



ဟု တွေးမိလျက် တစ်ချက် ပြုံးလိုက်မိရသည်။

မုံ ... အံ့ဩမိရပါပြီ။

မုံ ... မုံ ... ရင်ထဲမှာ ကြည်နူး နေသလိုပါလားလေ။

ဟုတ်သည်။ အေးချမ်းစွာပဲ ကြည်နူးနေမိပြန်ပါရောလားလေ။

* * *

www.burmeseclassic.com



"မင်းက မုံလေး ဖျားနေတယ်ဆိုတာ သတင်းလေး တယ်လီဖုန်းနဲ့ ပို့ပေးလိုက်တာနဲ့ပဲ တာဝန်ကျေနေပြီ မှတ်နေတယ်ပေါ့လေ၊ ဆရာဝန်မခေါ် ဘာမခေါ်၊ အပူအပင် ကင်းကင်းများ နေနိုင်ပါ့မောင်ရယ်၊ တယ်ပြီး ပေါ့တန်တန်နိုင်လွန်းလှချေလား ဖိုးမာန်၊ ဒါ မင်းမယားကွယ့်"

ဘွားရော၊ မေမေရော ရောက်လာကြကာ မုံ့ကို မေမေက နဖူးစမ်း၊ လက်စမ်းနှင့် ရှိနေကာ လှည့်လှည့်ဆူနေတော့ မာန် ခေါင်းတွေကိုက်လာလျက် ဖျားချင်သလိုကြီး ဖြစ်လာရပါပြီ။

"ကြည့်စမ်း ... ကလေး ကိုယ်ပူရှိန် နည်းသလား၊ ဖုန်းနဲ့ဆက်လာတော့လဲ လေသံက အေးစက်စက်၊ ဆရာဝန်သွားပင့်ပြီးပြီလားလို့ မေးယူရတဲ့အထိ ဆိုတော့ ကောင်းတော့မလားဟင်၊ မခေါ်ရသေးဘူးဆိုတော့ မင်း အန်ကယ်ပြည့်နဲ့ မင်းဖေဖေက ဆရာဝန်ကို အရင်သွားပင့်ဖို့ ပုလဲရိပ်မြုံကကားနဲ့ ထွက်သွားရတယ်"

မေမေကတော့ ဗိုဗိုဆူနေသည်ပါပဲ။ မာန့်မှာ ရှင်းပြချင်ပေမယ့် တကယ့်ကို အဖျားရှိန်တက်နေသည့် မုံ့ မျက်နှာနီတွေးလေးကို မြင်နေရပြန်တော့လည်း ဖွင့်မပြောရက်ချင်ပြန်။ သူ့



ခမျာ ဖျားနေရှာတာဟု တွေးဖြစ်လျက် ဆူသမျှ ငြိမ်ခံပေးနေလိုက်ရသည့် အဖြစ်။

"မင်းဟာလေ ... ကိုယ့်မယား ဖျားနေလို့တောင်မှ ဆရာဝန်ပင့်ရမှန်း မသိလောက်အောင် ဆိုးဝါးလွန်းတဲ့ အသိတရားမဲ့တဲ့လူ ဖြစ်နေတာကိုဖြင့် မေမေ ရှက်ပါရဲ့၊ မုံလေး ခမျာ မင်းတစ်မျက်နှာ အားကိုးပြီး သရဖီဦးကို လိုက်နေရတာ"

လူကြီးပီပီ ချွေးမအောဖြင့် သားကို ဗိုဗိုဆူနေသည့် မေမေ့ကို ဘွားကကြည့်ရင်း ...

"ဒီလောက်ကြီး ဆူမနေပါနဲ့ နလေးရယ်၊ မြေးမာန် ခမျာ ပူပင်ရှာပါတယ်ကွယ် ... ကလေးပဲ ... အစစတော့ ဘယ်နားလည်နိုင်ရှာပါ့မလဲ၊ ပြီးတော့ ကြည့်ရတာ မိမုံက ဆရာဝန် အပင့်မခံဘူးနဲ့တူတယ် ... ဟုတ်လား မြေးမာန်"

ဟု မေးတော့ မာန် ဘာဖြေရမှန်းမသိ။ ခေါင်းညိတ်လိုက်လျှင်လည်း မုံ့ သက်သာလာချိန်ထိပဲ ဘွားက သည်းခံမှာ သေချာသည်။ နေကောင်းတာနှင့် မာန့်စကားကို နားမထောင်ဘဲ ဆရာဝန် အပင့်မခံရကောင်းလားဟု ဆူနေဦးမှာပါပဲလေဟု တွေးဖြစ်လျက် ...

"နောက်ကို ဒီလို မဖြစ်စေရပါဘူး မေမေ"

ဟုပဲ အသံတိမ်ဖြင့် မေမေ့ကို တောင်းပန်သလို ပြောတော့ မေမေ မျက်စောင်းခဲသည်။

"ခု ဘာကျွေးထားသေးလဲ"

"နွားနို့ရယ်၊ ပေါင်မုန့်နဲ့ ကြက်ဥပြုတ်ဖဲ့ဖရိုင်ရယ် ကျွေးထားပါတယ် မေမေ"

www.burmeseclassic.com



"မင်းကိုယ်တိုင် ယူပေး ... ကျွေးတာလား"

"မီကျော့နဲ့ ပို့နိုင်းတာပါ"

"မုံ့လေး စားသောက်နေတုန်း ... မင်း ဒီအခန်းထဲမှာ ရှိရဲ့လား"

သွားပြီ။ အဆုံခံထိပို့ ရာနှုန်းပြည့်ပါပဲလေဟု တွေးဖြစ်လျက် ...

"သား ... ရေချိုးနေတယ် မေမေ ... အဲဒီ အချိန်တုန်းက ..."

ဟု ဖြေလိုက်တာနှင့် မေမေ စိုက်ကြည့်လာရင်းမှ—

"မင်း မရှိဘူးဆိုတာ မေမေ ကြိုသိထားပါရဲ့၊ သေချာအောင် မေးတယ် ဆိုကတည်းက ဆိုလိုတာ နားလည်ထား၊ သား မာန်နော်၊ ဒီရက်လေးမှာ ကလေးဖျားနေတာကို မင်းက အစာလေး ဘာလေး ကျွေးပြုပေးတာ လုပ်လိုက်ရင် ဘာဖြစ်သွားမှာမို့လဲ၊ ကိုယ့်မယားကို ပြုစုရမှာကျတော့ ဝန်လေးတယ်၊ မင်းတို့များ ဖျားကြည့်၊ ဒီလောက်လေးတောင် မလုပ်ပေးနိုင်ဘူးလား၊ ဒါလေးတောင်မှ ဂရုမစိုက်နိုင်ဘူးလားနဲ့ အပြုအစု ... အယုအယ ခံချင်ပါ"

ဟု ဆူရင်းမှ အနားရောက်လာရင်း ဗိုက်ကို ဆွဲလိမ်တော့ အောင့်ခံနေရသည်ပါပဲ။

မေမေကလည်း နည်းနည်းလေးမှ လျှော့၍ ဗိုက်ခေါက် မလိမ်။ ဗိုက်ကြောတွေ ပြတ်တွန့်ပြီး မေမေ့လက်ထဲ ပြန်ပါသွားသလား အောက်မေ့ရသည်။

ထိုအခိုက်မှာပဲ အိမ်ရှေ့ပေါ်တီကိုအောက်မှာ ကားရပ်သံ ကြားရတာလို့ မာန် သုတ်သုတ်ပင် အောက်ထပ်သို့ ပြေးဆင်း



ခဲ့ရပါ၏။ ဆရာဝန် ပါလာပြီထင့်။ အကြိုစောမှ မေမေ့အဆူခံထိတာ သက်သာချေမည့် အဖြစ်မို့ လှေကားထစ်တွေကို ထစ်ကျော်ဆင်းချလာရပါသည့် အဖြစ်။

ဆရာဝန်၏ ဆေးအိတ်ကို မှူးတူးကယ်ယူ၍ ဆွဲလာနေပြီမို့ မျက်နှာလိုအားရလေးပဲ ပြေး၍ မှူးတူး လက်ထဲမှ ဆေးအိတ်ကို ယူလိုက်ရင်း ဖေဖေနှင့် အန်ကယ်ပြည့် နောက်ပါးမှ ကုပ်ကုပ်လေး မာန် လိုက်လာရသည်။ ဆရာဝန်နှင့် စကားပြောရင်းဖြင့် ဖေဖေနှင့် အန်ကယ်ပြည့်က ဦးဆောင်၍ အပေါ်ထပ်သို့ တက်ကြတော့လည်း နောက်ပါးမှ ယို့ယို့လေး မာန် လိုက်လာရသည်ပါပဲ။

မုံ့ကို အဖျားတိုင်းသည်။ အဖျားရှိန်ဖြင့် မှိန်းနေသည့် မုံ့ကို မာန် ငေးကြည့်ရင်း စိတ်ထဲ ပူနေမိတာတော့ အမှန်ပါ။ ညကမှ ထိ ကောင်မလေး ဖျားနေမှန်း သူ မသိခဲ့။ ကိုယ်ပူတာတော့ သိသည်ပေါ့။ ဒါပေမဲ့ အဖျားရှိန် တစ်ရာသုံး ဆိုတော့ လန့်သွားရသည်ပါပဲ။

"တောက် ... ဂျစ်တစ်တစ်နဲ့ ငါ့စကား နားမထောင်လို့ဖြစ်တာ"

ဟု တွေးနေမိရပေမယ့် ကရုဏာစိတ်ဖြင့် တွေးမိခြင်း ဆိုတာကိုတော့ မိမိဘာသာလည်း နားလည်နေမိရသည်ပါပဲ။

"အစ်ကိုလေး ... မမမုံ့က ပေါင်မုန့်နဲ့ ကြက်ဥကြော် မစားချင်ဘူးဆိုပြီး မီကျော့ကို တိတ်တိတ်လေး မုန့်ဟင်းခါးသွားဝယ်ခိုင်းတယ်၊ မတည့်ဘူး ထင်တယ်လို့ မီကျော့ ပြောသေးတယ် အစ်ကိုလေး၊ မရဘူး၊ အရမ်း ခေါင်းခေါက်တာပဲ၊ ကြောက်လို့ ဝယ်ပေးရရော"

www.burmeseclassic.com



နမူးသာ ပစ်ရိုက်လိုက်ချင်တော့သည်ပါပဲ။

ဒါကြောင့် အဖျားရှိန် ပိုကြီးလာရပါလားဟု နားလည် ဖြစ်လျက်၊ စိတ်မောလက်မောဖြင့် မာန် မောကျသွားရပါပြီတည်း။ ဘယ်အချိန်ကများ မုန့်ဟင်းခါးကို မိကျော့နှင့် ပြေးဝယ်နိုင်းလိုက်သည်မသိ။

လမ်းထိပ်နေရာလေးမှာ မုန့်ဟင်းခါးဆိုင်လေး ရှိနေတာကိုလည်း မနေ့က သရဖီဦးသို့ အလာမှာ မျက်စိရှင်ရှင်နှင့် မုံတွေ့ခဲ့မှတ်ခဲ့ပြီးတာ ဖြစ်မည်။

"တောက် ... အစားအသောက်များကျတော့ မြင်တတ်ပါ့။ နှ ဘယ်နှယ် လုပ်ရမှာလဲ"

ဟု တွေးမိရင်း မိကျော့ကို သူ ကြည့်သည်။ မျက်စိလေး ပေကလပ် ပေကလပ်ဖြင့် မိကျော့လည်း မုံ ဖျားနေတာကိုကြည့်ပြီး လန့်နေသည့်ပုံပါ။ မတှည့်တာ စားထားတာမို့ အဖျားရှိန်တက်လာ၊ ကြီးလာတာကို ကြည့်လျက် ဖွင့်မပြောပြဘဲလည်း မနေရဲ။ ပြောပြလျှင်လည်း ဆူခံထိမှာကို မိကျော့ ကြောက်နေရှာပုံရ၏။ အခန်းထောင့်မှာ နှစ်ယောက်သား ရပ်နေရင်းဖြင့် တိုးတိုး တိုးတိုးနှင့် လုပ်နေတော့၊ ချွေးမဲ့ဖြင့် မေမေ လှမ်းလှမ်းကြည့်နေပြီး မေမေ့ မျက်ဝန်းမှာ အပြစ်တင်ရိပ်တွေ ပြည့်နေချေပြီပဲ။

မုံ့အနားမှာ ရှိမနေဘဲ မိကျော့နှင့် အခန်းထောင့်မှာ ရပ်ရင်း စကားပြောနေသည် ဆိုကတည်းက မေမေ ကြည့်ရပုံမပေါ။ မိကျော့ကို တစ်ခုခု သင်ပေးနေရင်းဖြင့် အဆူခံလွတ်ရအောင် ချည်းရုံးနေသည်ဟု မေမေ ထင်နေပုံရသည်။



"သားမာန် ... လာစမ်း၊ မင်း ဘာတွေသင်ပေးနေတာလဲ၊ မုံလေးကို ဂရုစိုက်ပါတယ်လို့ မိကျော့ကို သက်သေထူပြီး အပြစ်လွတ်အောင် ပြောခိုင်းမလို့ မဟုတ်လား"

မေမေ ဆူနေတော့ မာန် ခေါင်းပဲ ခါပြရသည်။

ဆရာဝန်က ဆေးထိုးပေးပြီး သောက်ဆေးတွေ ပေးခဲ့ကာ အောက်ထပ်ပြန်ဆင်းတော့ ဖေဖေနှင့် အန်ကယ်ပြည့် လိုက်ပို့ပေးကြပါ၏။ ဘွားကတော့ မြေး၏လက်ကိုကိုင်၍ ခပ်တွေတွေ ဖြစ်နေ၏။ စိတ်ပူနေမှန်း မာန် သိနေရသည်ပါပဲ။

"မိကျော့ လာစမ်း၊ ဒီမနက် ညည်းကရော ညည်းမမမုံကို ဘာလုပ်ပေးသေးလဲ၊ အောက်မှာ ဘိုဖြူနဲ့ ဆော့နေမှာပေါ့ ဟုတ်လား"

ဘွား လှမ်းခေါ်မေးတော့ မိကျော့ ကုပ်ကုပ်လေး သွားရပ်သည်။ လက်လေးပိုက်၍ မျက်နှာငယ်လေးဖြင့် ...

"မိ ... မိကျော့ မုန့်ဟင်းခါး သွားဝယ်ပေးရတာပါ ဘွား၊ မမမုံက မဝယ်ပေးရင် ဆံပင်လဲဆွဲမယ်၊ ခေါင်းလဲ ခေါက်မယ် နားရွက်လဲ အီနေအောင် ဆွဲမယ်ဆိုပြီး ပြောနေလို့ မိကျော့ သွားဝယ်ပေးရတာပါ"

ဟု မိကျော့ ဖော်ကောင်လုပ်နေမိက်မှာပဲ လူကြီးတွေမှာ ရင်ဖိနေကြရပါပြီ။

"ဖျားနေတဲ့ မမ ... မုန့်ဟင်းခါး စားတယ် ... ဟုတ်လား၊ နေစမ်းပါဦး၊ အကြော်လေးနဲ့မှ ဟုတ်ရဲ့လား"

"အကြော်က ဘူးသီးကြော်နဲ့ပါ၊ ဘဲဥလဲ တစ်လုံးထည့်ခိုင်းတယ်၊ ငါးဖယ်ဆုပ်ကြော်လဲ ထည့်ခိုင်းတယ်၊ နံနံပင်ပဲ ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငရုတ်သီးလှော်မှုန့်လဲ ထည့်နိုင်းတယ်၊ ငှက်ပျောအူလဲ ထည့်လာတဲ့၊ ကြက်သွန်နီဥတွေလဲ ထည့်ခိုင်းဖို့ပြောတဲ့၊ မှာတာတွေအားလုံး ဆိုင်ရှင် ဒေါ်ဒေါ်ကို မိကျော့ ပြောဝယ်လာရတာပါ နှစ်ပွဲပါ"

ဘွားမေးသမျှ မိကျော့ ဖြေနေတော့ မာန်ပင် ခေါင်းတွေ ကိုက်တက်လာရပါပြီတည်း။

ဤပုံအတိုင်းတော့ဖြင့် အဖျားက မနက်ဖြန်စောင်မှ ကျနိုင်ပါမည်လား မသိ။

"ငါ သေသာ သေလိုက်ချင်တော့တာပါပဲ မိကျော့ရယ်၊ ဟင်း ... ဒီကောင်မလေး မိမုံဟာလေ အစားနဲ့ကို သေမယ့်ကလေးမျိုး၊ အိမ်မှာလဲ ဒီအတိုင်းပဲ၊ ဖျားရင် မတည့်တာတွေချည်း နိုးစားနေချင်တော့တာပဲ"

ဟု ဘွားက ဟီးချ၍ ညည်းနိုက်မှာ မေမေက သူ့ဘက်ကို မျက်နှာထားတင်း၍ ကြည့်လာရင်းမှ ...

"မိကျော့ ... ညည်းအစ်ကိုလေး အဲ့ဒီအချိန်မှာ ဘာလုပ်နေလဲ"

"ပထမ ဖုန်းပြောနေပါတယ်၊ မုန့်ဟင်းခါးကို ဘယ်သူမှ မသိအောင် ချိုင့်နဲ့ နောက်ဖေးလှေကားကဆင်း၊ နောက်ဖေးဘက် ခြံတံခါးလေးက ထွက်ဝယ်ရတာပါ၊ မိကျော့ ပြန်လာတော့ အစ်ကိုလေး ရေချိုးနေပါတယ်"

"စားတာ နှစ်ပန်းကန်လုံးမှ ကုန်ရဲ့လား မိကျော့ဟင်"

"ကုန်ပါတယ် ဘွား"

ဟု ဖြေတော့ မာန်က ဖျတ်ခနဲ သတိရလာလျက် —



"သူ စားဖို့ လုပ်ပေးထားတဲ့ ပေါင်မုန့်တို့၊ ကြက်ဥကြော်တို့၊ နွားနို့တို့ကျတော့ရော၊ ညည်း လင်ပန်းလေး ပြန်သယ်လာတော့ အားလုံး ကုန်နေသားပဲ"

အောက်ထပ်ရှိ ရေချိုးခန်းမှအထွက် တဘက်လေးခြုံပေါ် သိုင်းတင်၍ အပေါ်ထပ်သို့ ပြန်တက်လာခိုက်မှာ လှေကားအတိုင်း လင်ပန်းလေးနှင့် ပြန်သယ်ဆင်းလာသည့် မိကျော့ကို သူကိုယ်တိုင် တွေ့ခဲ့ရသည်ပဲလေ။

"အဲဒါတွေအားလုံး မိကျော့ စားလိုက်တဲ့၊ မမမုံက ပြောတာနဲ့ မိကျော့ စားလိုက်ရတာပါ၊ အစ်ကိုလေး မေးရင်လဲ မမမုံ စားတယ်လို့ပဲ ပြောလို့လဲ မှာထားပါတယ်၊ ခုတော့ မမမုံ အဖျားကြီးလာလို့ ဘွားတို့သိအောင် မိကျော့ ပြောပြရတာပါ၊ ရှာမှာတုန်းကတော့ မိကျော့ ဒေါ်လေး ဖျားတုန်းက မုန့်ဟင်းခါးစားတာ တအားဆိုးလာပြီး ဆေးရုံတင်ပေမယ့် သေသွားတာ အမှတ်ရလို့ ကြောက်ပြီး ပြောပြရတာပါ"

"ဟိတ်ကောင်မလေး၊ ဘယ့်နှယ် ... မဦးမချွတ်ကြီး ပြောရတာလဲ"

ဟု မာန်က မျက်စိမျက်နှာပျက်လျက် လှမ်းငေါက်တော့ ဘွားက မိကျော့ကို စိတ်လက်ကုန်ပုံဖြင့် ကြည့်ရင်း ...

"အဲဒါ သိလျက်နဲ့ ညည်းက ဘာလို့ဝယ်ပေးရတာလဲ မိကျော့ရယ်၊ ငါဖြင့် သေတာ သေလိုက်ချင်ပါရဲ့"

ဟု ပြောပြီး မြေး၏လက်ကို ဆွဲဆုပ်၍ ကိုယ်ပူရှိန်ကိုပဲ စမ်းကြည့်နေရှာ၏။

www.burmeseclassic.com



"မိကျော့က ပြောပြပါတယ် ဘွားရဲ့၊ မမမုံက ဟောလို မျက်လုံးကြီးပြူးပြီး မိကျော့ကို စိုက်ကြည့်တယ်၊ မိကျော့ ခေါ်လေးက တိုက်ဖွိုက်ဖြစ်တာတဲ့၊ တိုက်ဖွိုက်မို့ မုန့်ဟင်းခါးစားလို့ မရတာတဲ့၊ မမမုံ ဖျားတာက လေစိမ်းမိပြီး ဖျားတာတဲ့၊ မုန့်ဟင်းခါးစားလို့ ရတယ်တဲ့၊ ရှောက်သီးသုပ်တို့ ဘာတို့ကိုလဲ ငရုတ်သီးစပ်စပ်နဲ့ သုပ်စားလို့လဲ ရတယ်တဲ့၊ ချွေးမွှင့်ပြီး နေကောင်းသွားမှာတဲ့"

"အေး ... သူက ဆရာဝန်၊ နင်က ... လက်ထောက်ဆရာဝန်"

ဟု စိတ်ပေါက်ပေါက်နှင့် ဘွား ... ဆော်ပြီး အောက်ထပ်သို့ ဆင်းသွား၏။ ဆရာဝန်ကြီးကို အဖြစ်မှ သွားပြောပြဖို့ဆိုတာ သူ နားလည်နေမိနှင့်ရပြီးပြီ။

မေမေကတော့ မျက်နှာထားဖြင့် သူ့ကို ကြည့်နေဆဲ။

"အဲဒါ မင်းပေါ့လို့ ဖြစ်တာ၊ ကလေးအနားမှာ မင်းနေပါလား၊ သူစားချင်တာ စားလို့ဖြစ်မလား၊ ခုတော့ ရေသွားချိုးနေရတာနဲ့ ဘာနဲ့၊ နေစမ်းပါဦး ... မင်းက ရေချိုးပြီး ဘယ်သွားစရာရှိနေလို့လဲ"

"မုံ့ သက်သာရင် သား ကျောင်းတက်ဖို့ပါ"

ဟု ဖြေရဲလျှင် ဖြေကြည့်။ နောက်တစ်ကြိမ် ဝိုက်ခေါက်ကြောတွေ အိစိမ့်ကုန်မှာ သေချာတာမို့ ...

"အိုက်စပ်စပ် ဖြစ်လာလို့ပါ မေမေ"

ဟုပဲ ဖြေလိုက်ရပါ၏။ ရင်ထဲမှာတော့ ပူနေတာပဲ ရှိနေသည်။ မုံ့လက်လေးကို သူ စမ်းကြည့်ချင်နေသည်။ နဖူးလေးကို လက်ဖဝါးမိုး၍ အပူချိန် စမ်းကြည့်ချင်နေသည်။



ချွေးလေးတွေကို သုတ်ပေးလိုက်ချင်သည်။ ဆံစလေးတွေကို သပ်တင်ပေးနေမိချင်သည်။ ဒါပေမဲ့ မေမေက စုတင်ခွန်းမှာထိုင်၍ မုံ့အပါးမှ မခွာဘဲ ရှိနေတာမို့ ရှက်နေ့စိတ်ဖြင့် ကုလားထိုင်မှာပဲ ငြိမ်ထိုင်၍ မုံ့ မျက်နှာနီရွှေးရွှေးလေးကို ငေးကြည့်နေမိပါသည့်အဖြစ်။ မုံ ... တော်တော့်ကို ဖျားနေမှန်း မျက်နှာနီဥဥဖြင့်ပင် သူ နားလည်ဖြစ်၏။

"သား ... ရေမချိုးခဲ့ရင် ကောင်းသား မေမေရာ"

ဟု နောင်တစိတ်ဖြင့် လွှတ်ခနဲ ဖွင့်ညည်းမိလိုက်ရသည်ကလည်း မုံ့ကို သနားစိတ်နှင့် မုံ့ အတွက် စိတ်ပူနေမိတာကြောင့်ပါ။

"နောက်ကို ... အဲလို မတည့်တာတွေ ကြပ်ကြပ်ဝယ်ပေး၊ ငါနဲ့တွေ့မယ် ... ကြားလား၊ ဒီမှာ လက်သီး"

ဟု လက်သီးဆုပ်ကို မိကျော့ရှေ့ ဝဲပြရင်း မျက်နှာထားဖြင့် မာန် ပြောတော့ မိကျော့ မျက်နှာလေး ငယ်ကျနေပါ၏။

လက်သီးဆုပ်ကြီးက အားရပါးရကြီးပါ။ တစ်ချက်မိလိုက်လျှင် တစ်ပတ် လည်သွားနိုင်ချေမည်ဟု မိကျော့ အားငယ်ခါးငယ်ဖြင့် ချောက်ချောက်ချားချား တွေး၏။

ပုလဲရိပ်မြုံမှ သရဖီဦးသို့ လိုက်ရမည် ဆိုတုန်းကဖြင့် မိကျော့မှာ ပျော်လိုက်ရပါသည့် အမျိုး။ သရဲခြောက်ခံရပြီးကတည်းက မိကျော့ ကျော့မလုံဘဲ ဖြစ်နေတာ အမှန်။

အန်တီလေး မွန်မွန် ဆိုလည်း နှစ်ရက်လောက်ပဲနေပြီး အိမ်ကို စိတ်မချဟု ပြောကာ ပြန်သွားခဲ့သည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး အန်တီမွန်မွန်က အသက်အရွယ် ရလာပြီဖြစ်သည့် အမေလုပ်သူမှာ ဆွေးတိုးရှိနေတာမို့ ပြန်ပါရစေ အိမ်ကို စိတ်မချနိုင်စရာ ပြောပြီး ပြန်သွားတော့ မမုံက မိကျော့နှင့် ရိရိကို ရယ်မောရှ် ...

"အဲဒါ ... သရဲကြောက်ပြီး ပြေးတာ၊ အဟက်ဟက် တကယ်လဲ မရှိအဲနဲ့"

ဟု ပြောပြော ရယ်နေပေမယ့် မျက်မြင်ကိုယ်တွေ့ ရိရိနှင့် မိကျော့က ဘယ်လိုရှင်းပြပြ။ မမမုံက ရယ်မောလျက် "မရှိပါဘူး ဆိုမှဟယ် ... နင်တို့ကလဲ"

ဟုချည်း ပြောနေခဲ့သည်ပဲ။

ခု ... သရုဗိဦးသို့ လိုက်ရမည် ဆိုတော့ ပျော်ရ ကြီး သေတ္တာလေးထဲ အဝတ်တွေထည့်၍ လိုက်ခဲ့သမျှ မုန့်ဟင်း အဝယ်ကောင်းမိ၍ အကြိမ်းခံနေရချေပြီတည်း။

"အိမ်မှာ ရောက်သီးရှိနေရင် ပစ်လိုက် ... မီးဖိုခန်းမှာ စတိုခန်းမှာပါ ရောက်သီးနဲ့ တူတာဆိုလို့ ဘာမှမရှိစေနဲ့ ညည်း အပြင်ထွက်ပြီး ရောက်သီးသုပ် ရှာဝယ်ပေးမယ် စိတ်မကူးနဲ့၊ ဒီမှာတွေ့လား လက်သီး"

လက်သီးတဝဲဝဲနှင့် အစ်ကိုလေးမာန်က ဖိဖိကြိ နေတော့ မိကျော့ လက်ကလေးပိုက်၍ ခေါင်းချည်းညိတ်ညိတ် ရပါ၏။ အသံပင် ထွက်မလာရဲတော့သည့် အဖြစ်။

မာန်က မိကျော့ကို မျက်နှာထားတင်း၍ ကြည့် မနေနိုင်စွာဘဲ မုံ့ ခုတင်အနီးသို့ ကပ်ကာ နဖူးလေးကို စမ်း ၏။ တကယ့်ကို ကိုယ်ပူရှိန် ကြီးနေသည်ပါပဲ။ ဆေးရှိန်ဖြင့်



မောကျနေသည့် မုံ့ မျက်နှာလေးကို ငုံ့မိုး ငေးစိုက်ကြည့်နေမိရင်း မှ ...

"မုံက ... တကယ့်ကို ဆိုးတာ မေမေ"

ဟု လွှတ်ခနဲ ညည်းမိရပါပြီတည်း။ ဘယ်လိုမှဆူ၍ လည်း မရ။ ဟန့်၍လည်း မရ။ လုပ်ချင်ရာ စွတ်လုပ်တတ်ပါသည့် ကောင်မလေး မဟုတ်ပါလားလေ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



ထူထဲသော မျက်တောင် ထူအိအိလေးတွေ မေးပိတ်အိကျနေသည်မှာ အရုပ်လေး မျက်စိမှိတ်ထားသည့်နယ်သာတည်း။ ခေါင်းအုံးဖြူထက်မှာ ဆံနွယ်နက်မှောင်မှောင်လေးတွေက ဖျောင်းနွဲ့စွာ ဖေးဖေးတင်တင်။

လက်တံတောင်လေး ကွေး၍ လက်ချောင်းနုနုလေးတွေက ခေါင်းအုံးအနားသတ်မှာ မထိတထိ ဖေးတင်နေသည့်အသွင်။

ပီဘိ ကလေးငယ်လေး တစ်ယောက်၏ အပြစ်ကင်းစင်သော မူရာလေး။

ဒရင်းမ်ဘက်မှာ ထိုင်ရင်း မုံ့ လက်လေးကို စမ်းကြည့်မိတော့ အဖျားရှိန် ရှိနေပေမယ့် အဖျားကျလာတာကိုတော့ သူ သိနေသည်။

ဘွား၊ ဖေဖေ၊ မေမေနှင့် အန်ကယ်ပြည့်တို့က မုံ့ အဖျားကျလာတာမို့ နေ့လယ်ဘက်မှာ ပုလဲရပ်မြို့သို့ ပြန်သွားကြပြီ။

၂

"သားမာန် ... မုံလေး အနားမှာနေ၊ ကိုယ့်စနီးမယား နေကောင်းဖြစ်ရင် လင်ယောက်ျားက အနားမှာရှိရမယ်၊ ဂရုတ



စိုက် ပြုစုရမယ်၊ ဒါ ... တာဝန်၊ ပြီးတော့ ... မေတ္တာတရားနဲ့ သံယောဇဉ်ရဲ့သရုပ်ပဲ၊ အေး ... မုံ့ကို ဂရုမစိုက်ဘူးလို့ များ မင်းနဲ့ ပတ်သက်လို့ မရွှေနဲ့ မိကျော့ဆီက မေမေကြားရကြည့်၊ မေမေနဲ့ အတွေ့ပဲ"

ဟု အပြတ်ပင် မေမေ ခပ်တင်းတင်း မှာသွားတာမို့ မာန့်မှာ အခန်းထဲမှပင် မထွက်ရဲ။ မုံပဲဆိုးဆိုး၊ မာန်ပဲဆိုးဆိုး အပြစ်မှန်ကို လူကြီးတွေကို တိုင်ပြောမည့်ပုံတွေ ဖြစ်နေသည်ဟု ခံစားဖြစ်၏။

ဆေးရှိန်ကြောင့်ရော၊ အဖျားကျလာတာကြောင့်ရော မုံ နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်မောကျနေတော့ ဘေးမှာထိုင်ရင်း မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ဖြစ်၏။

"အိပ်နေတဲ့ပုံလေးကတော့ ချစ်စရာလေးပဲ၊ ခက်တာက မျက်စိနှစ်လုံး ပွင့်တာနဲ့ စွာတာက ဆိုးတယ်၊ ငြိမ်နေချိန်ဆိုလို့ အိပ်နေချိန်ပဲရှိတဲ့ ကောင်မလေး၊ ကျန်တဲ့အချိန်ကတော့ မိုလ်ကျပြီး စွာဖို့ပဲ တတ်နေတာ"

ဟု တွေးနေမိရင်းမှ ဆံစလေးတွေကို သပ်တင်ပေးချင်စိတ်ဖြင့် ခပ်ဖွဖွလေး ဖေးတင်သပ်တင်ပေးမိပြန်၏။

"အစ်ကိုလေး အတွက် ကော်ဖီ ပို့နိုင်းလိုက်လို့ပါ၊ ထမင်းစားတော့မလားတဲ့၊ ဒေါ်ကြီးက မေးခိုင်းလိုက်လို့ပါ"

ဟု မိကျော့ ကော်ဖီခွက်နှင့် ရောက်လာကာ ပြောတော့ ...

"အေး ... အဲဒီစားပွဲပေါ်မှာ ကော်ဖီကို ထားခဲ့၊ ငါ မဆာသေးဘူး၊ ဆာမှ ထမင်းစားဖို့ ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြေလိုက်ကာ မိကျော့ကို ကြည့်မိ၏။ တစ်ချက်ပြုံးလိုက်မိရင်းမှ …

"အေး … နောက်ကို ငါမသိအောင် ညည်း တစ်ခုခု မတည့်တာတွေ မုံ့အတွက် ဝယ်ပေးလို့ မုံ တစ်ခုခုဖြစ်ရင် ညည်းကို ပုလဲရိပ်မြုံ ပြန်အပို့ပဲ၊ ဟိုမှာ သရဲခြောက်တယ်ဆို"

ဟု ပြောတာမို့ မျက်စိမျက်နှာ ပျက်ကျရင်းမှ …

"အမယ်လေး … သရဲက ဖြူဖြူ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ရွေ့လာတဲ့ သရဲ၊ ရီရီတောင်မှ ရှာပြန်မယ်ချည်း လုပ်နေတာ၊ ဘွားက သရဲမရှိဘူးဆိုပြီး ပေါက်ထား ဟန့်ထားလို့ ဟိုမှာရှိနေဖြစ်နေရတာ အစ်ကိုလေးရ၊ နောက်ကို မမမုံ ဘာဝယ်နိုင်းနိုင်း အစ်ကိုလေးကို သတင်းပို့ပြီးမှ ဝယ်ပေးပါ့မယ်၊ စိတ်ချပါ"

ဟု လန့်လန့်နှင့် ကတိတွေ ပေးနေတော့ မာန်စိတ်ချသွားရပြီ။ မိကျော့ ခမျာ ပုလဲရိပ်မြုံသို့ အလည်အပတ်ပင် မသွားချင်အောင် လန့်ရှိန်ကြီး ထားချေသည်ကိုး။

သရဲခြောက်ခံရသည့် သတင်းကပြင်၊ မုံနှင့်သူ လက်မထပ်ဖြစ်ခင် ရက်ပိုင်းလောက်မှာပဲ မိကျော့နှင့် ရီရီတို့ လန့်ဖျားဖျားသလို ဖြစ်ခဲ့ကြတာမို့ သူရော မေမေနှင့် မေမေရော သိခဲ့ကြရသည်ပါပဲ။ ဘွားကတော့ ကွယ်ရာမှာ …

"ဘွားဖြင့် မိမုံကို နည်းနည်းမှ မသက်ာဘူး၊ ဒီကောင်မလေး အလွန် ပေါက်ပေါက်စစ လုပ်တတ်တာ၊ သူပဲ သရဲပုံပြင်တွေ ပြောပြောနေခဲ့တာ ဆိုတော့ သူ့ဉာဏ်ပဲ ဖြစ်မှာ၊ ဒါပေမဲ့ ဘယ်လိုမှ လက်ဆုပ်လက်ကိုင် မိမထားတော့ မိမုံကို ဘွား



ပြောရင်လဲ မျက်နှာသေလေးနဲ့ မုံက ဘာလုပ်လို့လဲလို့ ဆိုပြီး သူတော်ကောင်း လုပ်ပြနေမှာ"

ဟု ပြောခဲ့တာမို့ သူပင် လွှတ်ခနဲ ရယ်မိခဲ့ရသေးသည်ပဲ။ ထိုစဉ်ကနက်ကတော့ မေမေမှာ နှလုံးရောဂါဖြစ်တာ မသိရသေး။ နောက်မှ မေမေ သတိမေ့လဲသွားပြီးသည့် နေ့ကျမှ သိခဲ့ရသည်လေ။

မေမေ့ရောဂါကြောင့်လည်း သူရော မုံရော ခုကျတော့ လက်ထပ်ဖြစ်ခဲ့ရပြီ။ ဆိုးတေခဲ့ ကောင်မလေးမှာ ငယ်ကတည်းက ပါလာသည့် ပေကတ်ကတ် တစ်ဖွတ်ထိုး အကျင့်ကို မပျောက်နိုင်စွာပဲ နေခဲ့တာမို့ ခုတော့ ဖျားရပြီ။

"လေတိုက်ထဲ မနေနဲ့ဆိုတော့ နေတယ်၊ မတည့်တာကို ဖျားတဲ့အချိန်မှာ ခိုးစားတယ်၊ တော်တော်ဆိုးတဲ့ ကောင်မလေး"

ဟု တွေးမိနေပေမယ့် ရင်ထဲမှာ ချစ်စနိုးလေး ဖြစ်နေမိတာကို မိမိဘာသာ သိနေရရင်း အံ့ဩမိချင်ရပါသည့် အဖြစ်။

"ကဲ … မိကျော့၊ စွပ်ပြုတ်အိုးကို မီးဖိုပေါ် တည်ထားဖို့ ဒေါ်ကြီးရွှေကို ပြောချေဦး၊ မိမုံ နိုးလာရင် ဆာတယ်ဆိုတာနဲ့ ချက်ချင်းတိုက်လို့ရအောင် … ဟုတ်လား"

ဟု ပြောတော့ ဟုတ်ကဲ့ဟု မိကျော့ ခေါင်းလေးညိတ်တာ လက်လေးပိုက်ရင်း နောက်ကြောင်း မအေးသလိုလေး ဆက်ရပ်နေတာမို့ …

"ဘာရပ်နေတာလဲ မိကျော့၊ သွားလေ … စွပ်ပြုတ်အိုးတည်ထားဖို့ လုပ်ချေဦးလေ"

www.burmeseclassic.com



"ပုလဲရိပ်မြုံကို ပြန်မပို့ဘူး မဟုတ်လားဟင် အစ်ကိုလေး"

ဟု ငိုမဲ့မဲ့လေး မေးလာတာမို့ ရယ်လိုက်မိလျက် ...

"စိတ်ချ ... ညည်း ငါ့စကား နားထောင်နေသမျှ မပို့ဘူး"

ဟု ဖြေတော့ မိကျော့ တစ်ချက် ခေါင်းကုတ်သည်။

"မမုက သူနိုင်းရင် လုပ်ပေးမှ ကြိုက်တာ အစ်ကိုလေးရဲ့ မလုပ်ပေးရင် ခေါင်းခေါက်တယ်၊ အင်း ... စိတ်ညစ်တာပါပဲ အစ်ကိုလေးရာ၊ ဒါပေမဲ့ အစ်ကိုလေး ပြောသလိုပဲ နေပါ့မယ်လေ"

ဟု စိတ်မောလက်မောလေး ပြောပြီးမှ အခန်းတွင်းမှ ထွက်သွားရှာသည်။

သူတစ်ချက်ပြုံးလိုက်မိရင်း မုံ၏ မျက်နှာနုနုလေးကို ငေးကြည့်မိရပါပြီ။ လက်လေးကို ညင်ညင်သာသာပဲ ထွေးဆုပ်ထားမိနေရဆဲ။

ဆံစလေးများကို သပ်တင်ပေးနေမိရဆဲပါ။

ထိုအခိုက်မှာပဲ မုံ၏ ကိုယ်လေး လွန့်ခနဲ ဖြစ်လာတာမို့ သူ့ ခုတင်စွန်းမှာ ပြောင်းထိုင်လိုက်မိရင်းမှ ...

"မုံ ..."

ဟု ခေါ်မိလိုက်ရပြီ။ မုံ သက်သာလာတာ ဖျားရှိန်နှင့် အိပ်နေရာမှ နိုးလာတာကို သူ ဝမ်းသာနေမိသည်။ တစ်ခုခု စားနိုင်းချင်လှပြီလေ။ မုံ ဆာချေမည်ပေါ့။ ပြီးလျှင် မုံ့ကို ဆေးတိုက်ရ ချေဦးမည်လေ။ ဆရာဝန် မှာထားသည့် ဆေးတိုက်ချိန်ထက်ပင် နည်းနည်းလေး နောက်ကျနေပြီ မဟုတ်ပါလား။

"ဟင် ... ခေါင်းကိုက်တယ်"



ခေါင်းလေးကိုဖိရင်း မုံ ညည်းတော့ သူ ကမန်းကတန်း ခေါင်းကို ဖေးကိုင်၍ ...

"ကိုယ် နှိပ်ပေးမယ်လေ"

ဟု သက်သာစေချင်စောဖြင့် ပြောမိရပါသည့် အဖြစ်။ မုံ၏ မျက်ဝန်းလေးတွေ ဖြည်းဖြည်းချင်း ပွင့်လာသည်။ မျက်လွှာအပွင့်မှာ မျက်နှာလေးကို ဆီးမိုး၍ ငုံ့မိုးကြည့်နေသည့် မာန့်မျက်နှာကို မြင်လိုက်ရတာမို့ မျက်လုံးလေး ပြူးသွားကာ ...

"ဟင် ... ဟင် ... ရှင်က မုံ့အနားမှာ ဘာလို့ ထိုင်နေရတာလဲ"

ဟု ကယောင်ကတမ်း ပုံလေးဖြင့် ပြောလည်းပြော ဆတ်ခနဲထိုင်နိုက် တစ်ချက် မိုက်ခနဲ ဖြစ်သွားတာမို့ ...

"ဟာ ... မုံ ဘာလို့ ဒီလောက်ကြီး ဆိုးဆိုးဆတ်ဆတ် ထရတာလဲ၊ ဖျားနေတဲ့ ဥစ္စာ"

ဟု စိုးရိမ်တကြီး ပြောလည်းပြော ယိုင်ခနဲ ဖြစ်သွားသည့် မုံ့ ကိုယ်လေးကို ဆွဲပွေ့ထိန်းလိုက်ရသည်က မာန်ပါ။

မုံ့ကိုယ်လေး ယိုင်ခနဲ မာန့်ရင်ခွင်ထဲ ထွေးခနဲ ယိမ်းပါသွားကာ မာန့် ရင်ခွင်ကျယ်ကြီးမှာ ခေါင်းလေး ဖေးအပ်၍ မုံ အတန်ကြာ မျက်ဝန်းတွေ စုံမှိတ်ထားနေရသည့် အဖြစ်။

ရင်ထဲမှာ နောက်နေလျက် ခေါင်းတွေလည်း မူးဝေ ကိုက်ခဲနေသည်ပါပဲ။

နောက်မှ မျက်ဝန်းလေးတွေ ပြန်မေးပွင့်လိုက်မိစဉ် ခိုက်မှာ အလန့်တကြားလေး မာန့် ရင်ထဲမှ သတိဝင် တွန်းထား လိုက်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟင် ... ဘာလို့ ... မုံ့ကို ... မုံ့ကို ... ကိုင်ထား
ရတာလဲ"

ဟု ရုက်မွှန်မွှန်လေးလည်းပြော၊ လုပ်မိလုပ်ရာလေးဖြင့် ဆောင့်ခနဲ တွန်းပစ်လိုက်မိတော့ ခုတင်ဖွှံ့ လေးမှာ ထိုင်နေသည့် မာန့်ကိုယ်ကြီး လန်ကျသွားကာ ကြမ်းခပေါ် အရှိန်နှင့် ကျသွားရပါပြီတည်း။

လက်တံတောင်နှင့် ထောက်လိုက်သည်က လဲကျသူတို့၏ ထုံးစံအတိုင်း၊ အကျသက်သာအောင် ထိန်းသည့် သဘောမျိုးဖြစ်ပေမယ့် လက်တံတောင်ဆစ်နှင့် လက်ဖနောင့်မှာ အောင့်ခနဲဖြစ်သွားရလျက် ခါးရိုးလည်း နာသွားရသည်မှာ မာန်ပါ။

"တောက် ... အရမ်းလုပ်ရလားကွ၊ ယော ... တောက် ...
ငါ တီးလိုက်ရ သေတော့မှာပဲ"

နာသည့် ဝေဒနာဖြင့် ခေါင်းမော့၍ ခုတင်ထက်မှ မုံ့ကို အော်လိုက်တော့ စောင်လေးကို လက်နှစ်ဖက်ဖြင့် လန့်လန့်လေးစုကိုင်ထားရင်း ရင်ဘတ်ရှေ့နေရာလေးမှာ စောင်ကို ဖေးကဝ်ထားလျက် လန့်သလိုလေး ကြည့်နေသည့် မုံ့မျက်နှာလေးကို မြင်တော့၊ တစ်ချက်တည်း အသံတိတ်ကျသွားရပါပြီ။ ဘာကြောင့်ဆို မုံ့မျက်နှာလေး ဖြူကျနေချေပြီကိုး။ လုပ်တုန်းကတော့ လက်မြန်လှပါသည့် ကောင်မလေး။ ခုလို မာန်နာနေတာ တွေ့တော့ လန့်နေပြန်ချေသည့်အဖြစ်။

"အား ... ကျွတ် ကျွတ် ... ခါးကို မျက်သွားတာပဲ၊ ငါက
မင်း ဖျားနေလို့ စိတ်ပူပြီး စောင့်နေတာကွ၊ ခုလဲ မင်း မူးလဲ
သွားမှာစိုးလို့ စေတနာနဲ့ထိန်းတာ၊ အရမ်းလုပ်ရသလား



မရွှေမုံ့ရ၊ မင်းပဲဟာလေ ... ငါ့ကိုဆို ဘယ်တော့မှ အကောင်း
မမြင်ဘူး၊ ကြည့် ... ခါးအရမ်းကို နာသွားပြီ"

ဟု ပြောနေတော့ မာန့် မျက်နှာ ရှဲနေတာကိုကြည့်လျက် မုံ့ ရင်ထဲမကောင်းပြန်။

ဖြုန်းစားကြီး မာန့်ကို နီးနီးကပ်ကပ်ကြီး မြင်လိုက်ရတော့လည်း မုံ့ လန့်သွားရသည်မို့ တွန်းထုတ်လိုက်မိတာကို ဘယ်နှယ်လုပ် ဖြေရှင်း၍ ကောင်းနိုင်ပါမည်တဲ့လဲ။ မုံ့ မျက်နှာငယ်လေးနှင့် ...

"ဆော ... ဆောရီးနော်"

ဟု အသံတိုးတိုးလေးနှင့် တောင်းပန်တော့ မာန် ခါးကိုနှိပ်၍ ဒူးရင်းမ်ဘက်မှာ ထိုင်လိုက်ကာ မုံ့ကို ကြည့်သည်။ ခုလိုကျတော့လည်း မျက်နှာလေး ငယ်ကျနေလိုက်သည်မှာ လူတကာကို ကြောက်နေရသည့် အရိုးအစား။ ပြီးတော့ကျတော့ ဈာလိုက်ပါသည့် အမျိုး။

တတ်လည်း တတ်နိုင်ပါသည့် ကောင်မလေးဟု ချင့်မရဲ တွေးဖြစ်လျက် ...

"မင်းကတော့ ဆောရီး၊ ငါက အီစိမ့်နေရပြီ၊ ကဲ ... နှိပ်ပေး၊
တစ်ချက် နှစ်ချက်လောက်တော့ နှိပ်ပေး၊ ငါ့ဘာသာ နှိပ်
ပေမယ့် မရဘူးကွ၊ လက်ပြန်ကြီး နှိပ်နေရတော့ ခါးက ပို
နာတယ်၊ ဒီလက် တံတောင်ဆစ်ကလဲ ပိုနာနေတယ်"

ဟု ပြောတော့ မုံ့ ... မျက်လုံးလေ ပေကလပ် ပေကလပ်ဖြင့် ...

"မိကျောနဲ့ နှိပ်ခိုင်းပါလားဟင်၊ မုံ့က ဖျားနေတဲ့ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက အဆောတုန်းက အကောင်းပကတိကြီးကွ၊ ခု ... မင်း ကွန်းချလို့ ဖြစ်ရတာ၊ မိကျော့က ခုနကပဲ ဒီအခန်းထဲက ထွက်သွားတာ၊ ချက်ချင်းကြီး ခါးနာတဲ့ကိစ္စ၊ သူ သိသွားအောင် ငါ ပြောပြလိုက်ရမလား၊ မိကျော့က လှျာရှည်တယ်၊ ဘယ့်နှယ်လုပ် ခါးနာတာလဲ၊ ဘာလဲနဲ့ နှိပ်ပေးရင်း စပ်စုတော့မှာ"

ဟု ပြောတော့ မုံ လန့်သွားရပါပြီတည်း။

မိကျော့ သိလျှင် ဘွားသိတာနှင့် တူတူပါပဲ။ ဘာကြောင့်ဆို မိကျော့က တန်း၍ သတင်းပို့မှာ သေချာသည်လေ။

"ဒါဆို ဘွားက ဆူမှာ၊ ဖျားနေတာတောင်မှ မုံက ရှင့်ကို နှိုင်းစားဖို့ အားတွေရှိနေသေးတယ် ဆိုပြီး ဘွားက ငေါ့ပြောမှာ"

ဟု ပြောလာတော့ မာန် ရယ်ချင်နေပြီ။ တကယ်ကလည်း ဤကောင်မလေးကို ချစ်စနိုးလေး နောက်ချင်စိတ်ဖြင့် နှိပ်ပေးဟု လှှတ်ခနဲ စလိုက်မိခြင်းပါ။ ဖျားနေသည့် မုံ့ကို တကယ်လည်း သူ မနှိပ်ခိုင်းရက်တာ အမှန်ပါ။

ထရပ်လိုက်ပြီး ကျွတ်ခနဲ စုတ်သပ်လိုက်ရင်းမှ ခါးနာရာကိုထောက်၍ ...

"နေပါစေတော့ဟာ၊ ညည်းလဲ မနှိပ်ပေးနဲ့၊ မိကျော့လဲ မနှိပ်ခိုင်းတော့ပါဘူး"

ဟု ပြောတော့ မုံ ကိုယ်လေး ယို့ခနဲ ခုတင်နောက်ဘက်သို့ဆုတ်၍ ထိုင်လိုက်ရင်းမှ အားနာဟန်လေးဖြင့် ...



"မုံ ... မုံ ... အားရှိသလောက်လေးနဲ့တော့ နှိပ်ပေးမယ်လေ၊ မုံ တမင်လုပ်လိုက်တာ မဟုတ်ပါဘူး၊ ဟို ... ဘွားကိုတော့ ပြန်မတိုင်ဘူး မဟုတ်လားဟင်"

ဟု မျက်နှာလေးငယ်ကျုံလျက် မေးနေတော့ မာန် ရယ်လည်းရယ်ချင်၊ သနားလည်း သနားသွားရပါပြီ။ နာနေတာတော့ အမှန်။ ဒါပေမဲ့ ပို၍ နာဟန်ဆောင် ပြောမိတာလည်း အမှန်ပါ။ မုံ့ကို ဆက်နောက်ချင်စိတ်ဖြင့် ခုတင်စွန်းမှာ မုံ့ကို ကျောပေးထိုင်ရင်း ...

"ဖြည်းဖြည်းပဲ နှိပ်ကြည့်လေ"

ဟု ပြောလိုက်မိစဉ်မိုက်မှာ ရင်ထဲမှာ ကြည်နူးနေချင်သည်။

"ခုလို ငါ အနာတရ ဖြစ်တော့လဲ ဒီကောင်မလေး ပြုစုပေးရမှန်း နားလည်တတ်သား"

ဟု ရင်ထဲ ချမ်းမြေ့စွာ တွေးမိရပါသည့် အဖြစ်။ သူ့အတွက် ဤဝေဒနာက ဆန်းနေသည်။ ဘယ်တုန်းကမှ မခံစားဘူးသော သစ်ဆန်းသည့် ကြည်နူးချမ်းမြေ့သော ခံစားမှု။ ခုတင်မှာ ခြေတွဲလွဲချ၍ ထိုင်နေရင်းမှ မုံ၏ လက်ချောင်းလေးတွေ သူ့ခါးကို သာထိတာ။ မဝံ့မရဲလေး နှိပ်ပေးနေရှာတာကို သူသနားလာရလျက် ...

"ကဲ ... ကဲ ... နားတော့၊ မုံက ဖျားနေတာ"

ဟု နှိပ်နေသည့် လက်ချောင်းနုနုလေးကို ဖေးဆုပ်လိုက်မိရင်း သူ လှည့်ပြောတော့ မုံ တစ်ချက် မျက်လွှာချ၏။ မုံ့မျက်နှာလေး ပန်းဆီရိပ်သမ်းနေတာမို့ ရှက်နေရှာမှန်း၊ အနေခက်နေရှာမှန်း သူ နားလည်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဘွားကို ပြန်မတိုင်နဲ့နော်၊ မုံ တမင် လစ်ကာမဟုတ် ဘူး”

ဟု ကလေးလေးလို မော့မေးရှာတော့ သူ ငုံ့မို မျက်နှာနုနုစင်စင်လေးကို သနားစိတ်ဖြင့် ကြည့်မိရပါသည့်အဖြ

ခုလိုကျတော့လည်း နှစ်ယောက်စလုံး၏ မျက်ဝ တွေမှာ ရန်လိုရိပ်တွေ ကင်းစင်လျက် ရှိနေကြသည်ပါပဲ။ တ ယောက်ကို တစ်ယောက် အတန်ကြာ ငေးကြည့်ဖြစ်ကြရပါသ အဖြစ်။ ဘွားကို ပြန်တိုင်မှာ လန့်နေသည့် မျက်ဝန်းလေးတွေ သူ ငုံ့မိုး၍ အတန်ကြာ စိုက်ကြည့်မိရာမှ တစ်ချက် ပြုံးလို လျက် ...

“ခုလိုကျမှတော့လဲ လန့်တတ်သားပဲ”

ဟု လွှတ်ခနဲ ပြောလိုက်မိသည်ကိုက တရင်းတ နိုင်နေသည်။

“စိတ်ချ ... မတိုင်ပါဘူး၊ အလွန်ဆုံး ပြောမိရင်လဲ ဗုလဲရိုင် က ကပ်ပါလာတဲ့ သရဲမလေး တွန်းချလို့ ခုတင်ပေါ် ပြုတ်ကျတာပါလို့ပဲ ပြောလိုက်တာမျိုးပဲ ရှိမယ်”

ဟု ရယ်သံတွေးတွေးဖြင့် ပြောတော့ ဒုံ့ မလုံမလဲလေ ဖြစ်လျက် ...

“ဟင် ... ဘာဆိုင်လို့လဲ၊ မုံက သရဲမို့လို့လား”

ဟု မျက်နှာလေးလွှဲ၍ သူ့ကိုမကြည့်ရဲဘဲ ပြောလာ တာမို့ မာန် ရယ်နေလိုက်သည်ပါပဲ။

ခုလိုကျတော့လည်း ရန်ဖြစ်သံတွေ ငြိမ်းစဲနေလျက် ရင်ထဲမှာ မျှော်သလိုလိုပင် မာန့်မှာ ဖြစ်နေရပါပြီ။



မုံကတော့ ရှက်စနိုးလေး ဖြစ်နေရပါသည့် ခံစားမှု လေးကို ရင်ထဲမှာ သစ်ဆန်းစွာ ခံစားနေရသည်။ ပြီးတော့ ပျော် ရွှင်ချမ်းမြေ့ခြင်းဆိုသည့် ဝေဒနာလေးသည် နှလုံးအိမ်ဆီသို့ တိုးတိုး ဝင်ဝင် စီးမျောလာနေသည့်နှယ်သာတည်း။

ဤအတွက် မုံ အံ့သြနေမိရပါပြီ။

မိမိကိုယ်ကို ပြန်၍ အံ့သြရပါသည့် အံ့သြခြင်း။

ဘာကြောင့် ထိုသို့ မုံက ... မုံက မာန်နှင့် ပတ်သက် ၍ ဤသို့ ခံစားနေရပါတဲ့လဲ။ မုံ မသိ။ ဟုတ်သည် မုံ မသိ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်၊ သူနဲ့ ငါဟာ ချစ်လို့ လက်ထပ်ခဲ့ကြတာ မဟုတ်ဘူး ဆိုတာ သူရော ငါရော သိထားနားလည်ထားကြတာပဲ၊ ပထမပိုင်းတုန်းကတော့ စည်းစိမ်တစ်ဝက် ပေးရမယ့် ကိစ္စမျိုးဆိုတော့ နောက်ဆုံး တစ်ဖက်ဘက်က မျက်စိမှိတ် ငြင်းလိုက်ရင် ကိစ္စက ပြတ်သွားတာမျိုး ... ငှါးဥစ္စာက အန်တီနု ပုလဲရိပ်မြုံမှာ ရုတ်တရက် ဟတ်အတက်မိဖြစ်ပြီး သတိမေ့သွားတာ ဆိုတော့ ငါ့မျက်စိရှေ့မှာ ဖြစ်တာလဲ ဖြစ်နေတော့ ငါ ဘယ်လိုငြင်းလို့ ကောင်းတော့မလဲဟာ၊ သူလဲ သူ့အမေဆိုတော့ ငါ့ကို လက်ထပ်ဖို့ ခေါင်းပဲညိတ်ရတော့တာပေါ့"

လူမမာ လာမေးကြသည့် ပေါက်ပေါက်တို့ တစ်အုပ်စုလုံး မျက်နှာမကောင်းကြ။ မုံ စိတ်ဆင်းရဲနေမှန်းတော့ သူငယ်ချင်းများပီပီ ရိပ်မိကြသည်ပါပဲ။ တကယ့်ကို ညီအစ်မတွေလို ချစ်ကြပေါင်းကြသူတွေ မဟုတ်ပါလားလေ။

ခါတိုင်းအချိန်မျိုးဆိုလျှင် ပေါက်ပေါက်တို့ ဆူညံပျော်နေကြမှာ။



မုံ့အိမ်ရောက်လျှင် စားကြ၊ သောက်ကြနှင့် သူငယ်ချင်းတစ်အုပ် အပွအပင်ကင်းစွာ ပျော်ခဲ့ကြသည့် အချိန်တွေသည် အတိတ်မှာ ကျန်ခဲ့သည့်အဖြစ်။

မင်္ဂလာပွဲမှာကတည်းက မုံ မျက်ရည်ဝဲစွာဖြင့် သရဖီဦးသို့ လာကြဖို့ မှာခဲ့တာလေးကို မြင်နေမိကြရင်း တစ်အုပ်စုလုံး စိတ်ထိခိုက်ကြရသည်ပဲလေ။

"ခုတော့ မချစ်ကြတဲ့ လူနှစ်ယောက် လက်ထပ်ဖြစ်ကြ။ အတူနေကြရပြီ ... ငါ မမျှော်လင့်ခဲ့ဘူးဟယ်၊ ခုလို မြန်မြန်ဆန်ဆန်ကြီး အိမ်ထောင်ကျသွားမှာ ... ပြီးတော့ ... ငါ မချစ်တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရမှာ ငါ မမျှော်လင့်ခဲ့ဘူးဟာ"

ခုတင်ထက်မှာ ခေါင်းအုံးလေးတွေ ဆင့်မှီထိုင်နေရာမှ မုံ တစ်ချက် အံသံတိမ်ဝင်ချင်၏။ အခန်းပြင်ဘက်တွင် ရှိနေသည့် မာန့်မှာ အထဲဝင်ရမှာ ခက်နေလျက် လက်ထဲမှ အအေးခွက်တွေကို ယင်ပန်းလိုက် နောက်ကြောင်းပြန် သယ်သွားရ ကောင်းနိုးစဉ်းစားနေမိရပါပြီ။

"နောက်ဆုံးတော့ ငါနဲ့သူ ကွာရှင်းပြတ်စဲကြရမှာပါ"

"ဟဲ့ ... မိမုံကလဲ မဦးမချွတ် ... ဖွ ... လွဲစေပယ်စေ ... နင်ကလဲ အပြောအရမ်း ကြမ်းတာပဲ မိမုံရာ ... မင်္ဂလာဦးကာလကြီးမှာ နမိတ်မကောင်းတာတွေ မပြောပါနဲ့ဟယ်"

မုံ၏ အရာရာကို မျှော်လင့် နားလည်ထားဟန်ဖြင့် လေးလေးနက်နက် ပြောလာသည့် စကားသံက သူ့နှလုံးသားထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှုးရှင့်ရှင့် တိုးဝင်၏။ ပေါက်ပေါက်၏ အလန့်တကြား တားမြစ်သံကို သူ ကြားနေရရင်းမှ …

"မင်း ခု ပေါက်ပေါက် တွေးသလို စဉ်းစားဆင်ခြင် သလို တောင်မှ မတွေးတောတဲ့ မဆင်မခြင်ကြီးကို ဖြတ်ဖြတ်သားသား ကြီးတင် ပြောနေနိုင်လောက်အောင် မင်း ငါ့ကို ကွာရှင်းချင်နေတာပဲလား မိမို"

ဟု တွေးနေရစဉ်မိုက် ရင်ထဲမှာ ခံပြင်းခြင်းနှင့် နာကျင်ခြင်းက ထဲထဲဝင်ဝင် တိုးဝင်နေကြပြီတည်။

လက်တွင်းမှ အအေးလင်ပန်းကို ကျစ်နေအောင် ဆုပ်ကိုင်ထားမိရင်းမှ အံခဲထားမိရပါပြီ။

"မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်း နေထိုင်ရခြင်းဟာ ရင်ကို အနိုပ်စက်ဆုံး၊ အပင်ပန်းစေဆုံးပဲ ဆိုတာ၊ ငါ … သူ့အတွက်ရော ငါ့အတွက်ရော နားလည်ထားတယ်၊ သူ ငါ့ကို မချစ်ဘူး ဆိုတာ ငါ သိထားသလို၊ သူ့ကို ငါ မချစ်ဘူး ဆိုတာ သူ သိထားနေတာကိုက ငါတို့နှစ်ယောက်ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် တံတိုင်းခြားထားသလို ဖြစ်နေတာ ငါခံစားနေတယ် ပေါက်ပေါက်ရယ်"

မို့အသံလေးမှာ ရှိုက်သံမျှင်မျှင် ထွက်လာနေပြီ။ ပေါက်ပေါက်တို့ တစ်အုပ်စုလုံး မို့ကို ငေးငေးငေးလေး ကြည့်နေကြရင်း ဘာပြောရမှန်းမသိ။ ဖျောင်းဖျရန် စကားကိုလည်း ရှာမတွေ့နိုင်ကြ။ မို့ အရှမ်းကို ခံစားနေရပါလားဆိုတာကို ပေါက်ပေါက်တို့ နားလည် ဖြစ်ကြလျက် လိုက်၍ မျက်ရည်ဝဲလာကြရပါပြီ။



မို့ နေမကောင်း၍ အတန်းပျက်ကွက်သည့်အတွက် ချွင့်ပန်သည့်ကိစ္စကို မာန်ပဲ လိုက်ဆောင်ရွက်ပေးရသည်။ ပေါက်ပေါက်တို့ကိုလည်း အသိပေးသည်မို့ ခုလို ပေါက်ပေါက်တို့ သရဖီဦးသို့ လူမမာမေး ရောက်လာရသည့် အဖြစ်။ မာန် ကိုယ်တိုင်ပဲ ညနေဘက် အဆောင်သို့လာ၍ ပေါက်ပေါက်တို့ တစ်အုပ်စုလုံးကို ကြိုခဲ့သည်ပဲ။ အဆောင်သို့ အချိန်မီ ပြန်ပို့ပေးမည်ဟုလည်း ပြောတာမို့ သရဖီဦးသို့ လိုက်လာစဉ်တုန်းကတော့ မာန်နှင့် မို့တို့ အဆင်ပြေနေကြသည်ဟု ထင်ထားမိလေသမျှ တကယ်တမ်းကျတော့ တက်တက်စင် လွဲနေရပါပြီတောဟု ရင်လေးလေးနှင့် တစ်အုပ်စုလုံး နားလည်သွားကြရပါပြီ။

"တစ်နေ့မှာ သူရော မို့ရော သေချာတိုင်ပင်ဖြစ်ကြ၊ အန်တီနဲ့ ကျန်းမာရေး အခြေအနေ တိုးတက်လာခဲ့ရင် အခြေအနေကြည့်ပြီး မလွဲမသွေ ဖြစ်လာမယ့် ကိစ္စကတော့ ကွာရှင်းကြမယ့် ကိစ္စပဲလို့ ငါ ထင်တယ်"

"မပြောနဲ့ဆိုဟာ … နင်က မိန်းကလေး၊ လက်ထပ်တယ်ဆိုတာ ပေါ့တန်တန် လုပ်ကောင်းတဲ့ကိစ္စ မဟုတ်ဘူးဟာ၊ အေး … အလျှင်တုန်းကတော့ သူနဲ့နှင့် လက်မထပ်ဖြစ်သေးတာမို့ ငါတို့တောင်မှ ဖေဒင်ဆရာမတွေ ဘာတွေလုပ်၊ ပေါက်အတတ်ကရ ယောခဲ့တုန်းက အပျော်သဘောနဲ့ ခပ်ပေါ့ပေါ့ လုပ်ခဲ့မိကြတာ၊ ခုလို နင်တို့ တကယ်လက်ထပ်ဖြစ်သွားတော့ အဲဒီဖေဒင်ဟောမိခဲ့တဲ့ စကားတချို့အတွက် ငါတို့ ရင်ထဲမှာ နောင်တဖြစ်ချင်နေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးအိကာ ဟန့်သလို ဝင်တားပြီး နောင်တသံဖြင့် ပြောနေတော့ မုံ့ အသံလေး တစ်ချက်တိတ်ကျသွားပါ၏။

"အဲသလို ... အပျော်သဘောနဲ့ရော၊ ကိုမာန် လန့်သွားပြီး နောက်ဆုတ်သွားမလား ဆိုပြီးတော့၊ နင့်ကို ကူညီတဲ့သဘောနဲ့ရော ပြောမိ ဟောမိခဲ့တဲ့ စကားအတွက်တောင် ကာယကံရှင်မဟုတ်တဲ့ ငါတို့ဘာလို့ ပူကြသလဲ နင်သိလား၊ နင်တို့ နှစ်ယောက် ရာသက်ပန် ရိုးမြေကျ ပေါင်းသွားကြအောင် ကိုမာန်နဲ့ နင် မကွဲမကွာ နေကြရအောင် အဲသလို ဆန္ဒရှိလို့ ဖြစ်စေချင်လို့ပေါ့ဟာ ... နင်က ကာယကံရှင် ... ကွဲကွာစကား နောက်ကို မပြောပါနဲ့ သူငယ်ချင်းရယ်"

ထွေးထွေးအိ ပြောနေတော့ ပေါက်ပေါက်နှင့် လှိုင်းပြာတို့က ...

"အေး ... အဲဒါ အမှန်ပဲ မိပုံ၊ ပေါက်တတ်ကရတွေ တွေးပြီး၊ ရူးမနေနဲ့၊ နင် စကားပြော သိပ်ရမ်းတာပဲဟာ"

ဟု ပြောနေကြစဉ်မှာ မုံ့ ခေါင်းလေးကိုမော့၍ တစ်ချက် ခပ်မဲ့မဲ့ ပြုံးသည်။

"ကိုယ့်ကို မချစ်မှန်း သိနေတဲ့ လူတစ်ယောက်နဲ့ ငါက တစ်သက်လုံး ပေါင်းသွားရမယ် ဟုတ်လား ... ဩော် ... သူက ငါ့ကို မချစ်ပါလားနော်၊ မချစ်ချင်လဲ နေပါစေ ... သူ့မယားအဖြစ် လူမှုဝန်းကျင်ကို မဆန့်ကျင်ဘဲ အပြောလွတ်အောင် ပေါင်းသွားလိုက်မယ်လေ ... ဆိုပြီး ... ငါက ပျော်ပျော်ကြီး နေပြရမယ်၊ ဟုတ်လား"



... ဟု မေးသံတွင် နာကြည်းကြေကွဲသံက စွန်းစွန်းထင်းထင်း။ ခုလိုကျတော့လည်း ပေါက်ပေါက်တို့မှာ ဘာပြောရမှန်း ငဲမသိ။

မုံ့ မျက်ဝန်းလေးတွေမှာ ဘဝကို နာကြည်းရိပ်တွေ ပြည့်သိပ်နေကြချေသည်ပဲ။

"အေး ... ပြီးတော့ ... ငါ ကိုယ်တိုင်လဲ မချစ်တဲ့ အဲဒီ လူကြီးကို ... ဩော် ... သူ့ကို ငါ မချစ်ဘူး ... မချစ်ပေမယ့် လူတွေအပြောခံရလွတ်အောင် သူနဲ့ တစ်သက်လုံး ပေါင်းသွားမယ်လို့ ... ဆုံးဖြတ်ပေးနေရမှာလား၊ သူကလဲ ငါ့ကို မချစ်ဘဲ ပျော်ပျော်ကြီး တစ်သက်လုံး နေသွားမှာတဲ့လား၊ ဒါ နှစ်ဖက်စလုံးက မေတ္တာကင်းနေတဲ့ အိမ်ထောင်ရေးကွ၊ နိမိတ်မကောင်းတာ ကောင်းတာ ငါ မတွေးချင်ဘူး၊ အချစ်မရှိတဲ့ အိမ်ထောင်တစ်ခုရဲ့ ကြေကွဲစရာကောင်းတဲ့ အဖြစ်ကိုပဲ ငါတွေးတယ်"

"ဒါဆို နင် အစကတည်းက ငြင်းပါလား၊ ဘာလို့ လက်ထပ်နေသေးလဲ"

စိတ်ညစ်ညင်နှင့် အပြစ်တင်ရင်း ပေါက်ပေါက် အေါက်ခနဲ မေးလိုက်တော့ မုံ့ မျက်ရည်ကျလာသည်။

"ငါ အန်တီနုကို ချစ်တယ်ဟာ ... အန်တီနုကို စိတ်ချမ်းသာစေချင်တယ်၊ အသက်ရှည်ရှည် မြင်ချင်တယ်၊ ခု ငါ ငြင်းလိုက်ရင် အန်တီနု အရှမ်းကို စိတ်ထိခိုက်မှာ၊ သူ မျှော်လင့်တာက အရှမ်းကို မျှော်လင့်ထားတာကွ၊ ခုလို အခါမှာ ငါ မရက်စက်နိုင်ဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … နောက်ကျတော့ နင့်ကိုကြွဲရင် အန်တီ့ဖို့က စိတ်မဆင်းရဲဘဲ နေမှာတဲ့လား၊ နင်ဟာလေ … ငါ ဆွဲဆောင်လိုက်ရင် နေမကောင်းတဲ့ အထဲမှာ ဖက်ကလေးပါ ပုကျုန့် ခွဲတော့မှာပဲ"

စိတ်မရှည်သလိုကြီး မှုံ့ကို ပေါက်ပေါက် ငေါက်နေမိရပါပြီ။ လူမမာ လာမေးသည့်လူက လူမမာကို ဟောက်နေရသည့်အဖြစ်။

"အန်တီနဲ့ ကျန်းမာရေး ကောင်းလာတဲ့အထိ စောင့်ကြည့်ပါမယ်ဆိုမှ … နင်ကလဲ ငါနဲ့ မာန်က မချစ်ကြပါဘူးဆိုမှ"

တဖြည်းဖြည်း မှုန့်လုံးစက္ကူကပ် စာတ်လမ်းလို ဖြစ်လာနေရပြီမို့ တွေးတွေးအီက လက်ကာ၍ လက်ဖဝါးကို ဖြန့်ကာ အပေါ်သို့မြှောက်၍ …

"မှိုး … တော်ပြီ၊ ဒီစကားကို ရပ်နားလိုက်ကြရင် ကောင်းမယ်၊ မိမှ … အရှုံးမထနဲ့၊ နင်နဲ့ကိုမာန် တစ်သက်လုံး ပေါင်းသွားကြရလိမ့်မယ်၊ ဒါ … ဆီနှံမနိုင် အတိအကျဟောတဲ့ ဗေဒင်"

ဟု ပြောတော့ တစ်ချက် ရယ်သံလေးတွေ လွင့်ခနဲ ပျံ့၍ အခန်းပြင်မှ မာန့်ထံ တိုးဝင်၏။

"ကိုမာန်က နင့်ကို ဂရုစိုက်ပါတယ်ဟ၊ ငါတို့ကို ညနေဘက် အဆောင်လာကြိုပေးတာပဲကြည့်၊ ငါတို့နဲ့ဆိုရင် နင်ပျော်ပြီး ရောဂါသက်သာမှာတဲ့လေ၊ သူက ထင်နေတာ"

ကားပေါ်မှာ မာန် ပြောခဲ့သည့် စကားကို တွေးတွေးအီ ပြန်ပြောနေတော့ သူ ငိုင်နေမိရဆဲပါ။ နကျတော့ သူငယ်ချင်းတွေနှင့် ဆုံခိုက်မှာ ကွာရှင်းစကားကို မှုံက ပြောလာချေနေပြီပဲလေ။



မိန်းကလေးဘက်က ဤမျှပြတ်သားစွာ ပြောနေတော့ မာန့် ရင်ထဲမှာ ရှက်စိတ်နှင့် ခံပြင်းစိတ်လည်း ဖြစ်နေရပြီ။ ကြေကွဲခြင်းလည်း ဖြစ်တည်နေမြဲနိသည့် အဖြစ်။

တကယ်တော့ … သူသည် သူ့ကို လုံးဝမချစ်သည့် မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့ရပြီးပြီ။ ဒါပေမဲ့ ဤအိမ်ထောင် ပြိုကွဲစေလိုက်မည်ဟု ဘယ်တုန်းကမှ သူ မတွေးဖြစ်မိခဲ့။ မိန်းကလေးတစ်ယောက်ကို နစ်နာသွားလေအောင် ကွာရှင်းခြင်းဖြင့် အဆုံးသတ်လိုက်ဖို့အထိ သူ မလုပ်ရက်။ မစဉ်းစားရက်။ တွေးလည်း မတွေးရက်။

ဒါပေမဲ့ … ဩော် … ဒါပေမဲ့ မှုံက ဆုံးဖြတ်ရက်နိုင်ခဲ့ချေပြီပဲ။

ဆုံးဖြတ် မြှော်လင့်ထားရှိနိုင်ခဲ့ပြီပဲလေ။

အဘယ်မျှထိ သူ ရှက်ဖို့ကောင်းနေပါချေသည်လဲ။ ခံပြင်းမှုဖြင့် ဖြစ်တည်ရပါသော အရှက်တရား။

"မာန်လေးရေ … ဒေါ်ကြီးရွှေ ဒီမှာ ချက်နေတာ မအားလို့ကွယ်၊ မိကျော့ကလဲ အိုးစွက်ဂိုက်တာကို မပြီးနိုင်ဘူး၊ ဒီအအေးခွက်လေးတွေ မာန်လေးပဲ ပို့ပေးပါလားကွယ်"

ဟု ဒေါ်ကြီးရွှေ နိုင်းလိုက်စဉ်က သူ အလွယ်တကူ ခေါင်းညိတ် သယ်ပေးလာမိသည်မှာ သူငယ်ချင်းတွေနှင့် မှုံ ပျော်နေ၊ စိတ်ကြည်လင်နေတာကို မြင်ချင်စိတ်ဖြစ်မိပါ။

မှုံ့ သူငယ်ချင်းတွေကို သူကိုယ်တိုင် ခေါ်လာပေးသည် မဟုတ်ပါလားလေ။

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါ်လာပေးသည့် မုံ့ သူငယ်ချင်းတွေကြောင့် မုံ့ ပျော်နေတာကို မြင်ချင်စိတ်က သူ့ရင်မှာ ပြည့်သိပ်နေကြတာမို့ ရောက်လာခဲ့ရပေမယ့် ... ခုတော့။

ဩော် ... ခုတော့ သူ အရှက်တရားဖြင့် အတိပြီးသော ခံပြင်းမှုကို ရင်ဝယ် သိမ်းဆည်းထားလိုက်ချေပြီတည်း။

တစ်ချက် သူ့ကိုယ်သူ ပြန်၍ ထိန်းသည်။ တည်ငြိမ်အောင် ထိန်းပြီးမှ ခြေလှမ်းမှန်မှန်ဖြင့် အခန်းတွင်းသို့ တံခါးထောင့်ကွယ်မှာ ရပ်နေရာမှ တည်တည်ငြိမ်ငြိမ်ပဲ ဝင်လာသည်။

ဒါပေမဲ့ မုံ့ကို တစ်ချက်မျှ သူ မကြည့်။ ပေါက်ပေါက်နှင့် ထွေးထွေးအိကို တည်ငြိမ်စွာ သူ ပြုံးပြသည်။ လှိုင်းပြာ၏ လက်ထဲသို့ အအေးလင်ပန်းကို ကမ်းပေးသည်။

"ခေါ်ကြီး ပို့နိုင်းလို့ လာပို့ပေးတာပါ၊ ခေါ်ကြီးနဲ့ မိကျော့က အလုပ်မအားဘူး ဖြစ်နေတယ်လေ၊ ကဲ ... အေးအေးဆေးဆေးပြောကြပါ၊ ခေါ်ကြီးရွှေက မှာလိုက်သေးတယ်၊ ထမင်းစားပြီးမှ ပြန်ပါတဲ့၊ ခု ချက်နေတာ ပြီးတော့မယ်တဲ့"

ဟု ပြောပြီး မုံ့ကို တစ်ချက်မျှမကြည့်။ ဘာကိုမျှလဲ မမေး။ အဆုံးစွန် ... ဆာနေပြီလား မိမုံ့ ... ဟု မေးနေကျ စကားကိုပင် မမေး။ သူစိမ်းတစ်ယောက်၏ အကြည့်မျိုးဖြင့်ပင် ကြည့်သွားခဲ့တာမျိုးလေးသော်မျှ မရှိတော့။

ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားနေရတာကိုလည်း သူ ထိန်းထားနိုင်သည်။ မျက်နှာတွင် ရှာမတွေ့ စေရ။

ခြေလှမ်းမှန်မှန်ဖြင့် အခန်းတွင်းမှ ထွက်သည်။ တံခါးဝရောက်မှ တစ်ချက်တန့်၍ နောက်ပြန်လှည့်ကြည့်ကာ ...



"ဩော် ... ကိုယ် ခြံထဲမှာ ရှိနေပါမယ်၊ စားသောက်ပြီးကြလို့ ပြန်ချင်တဲ့အခါ မိကျော့နဲ့ ခေါ်ခိုင်းလိုက်ပါ၊ ကျွန်တော် လိုက်ပို့ပေးပါမယ်"

ဟု ထပ်ပြောသည်။

မုံ့ ... သူ့ကို ကြည့်နေသည်ဟု ရင်ထဲမှာ အလိုလိုနားလည်နေမိသလို ရှိရသည်မို့ တည်ငြိမ်စွာပဲ မုံ့ကို တစ်ချက် သူ ကြည့်လိုက်တော့ ခပ်ငေးငေးလေး ကြည့်နေတာကို မြင်သည်။

မုံ့ မျက်နှာမကောင်း။

သူ့ကို မချစ်သည့် ... သူ့ကို ကွာရှင်းဖို့ ဆုံးဖြတ်ထားနှင့်ပြီးသည့် ... မိန်းမတစ်ယောက်၏ ခင်ပွန်းအဖြစ် အဘယ်အချိန်အထိ သူ စောင့်ဆိုင်းပေးနေရမည်တဲ့လဲ။ သူနှင့်အတူတကွနေနေရသည့်အတွက် စိတ်ထိခိုက်နေသည့် မိန်းမတစ်ယောက်၏ ခင်ပွန်းသည်အဖြစ် သူ အဘယ်မျှထိ ရပ်တည်ပေးသွားရချေဦးမည် တဲ့လဲ။

သူ၏ မျက်နှာ၊ သူ၏အသံတို့ကို မြင်ရ ကြားရခြင်းဖြင့် စိတ်ဆင်းရဲနေသည့် မိန်းမတစ်ယောက်၏ ခပ်ငေးငေးအကြည့်ကို သူ ကြာရှည် ဆက်ကြည့်နိုင်စွမ်းမရှိ။

ရှာခနဲလှည့်၍ သူ တောက်လျှောက် ခြေလှမ်းကျဲကြီးဖြင့် ထွက်ခဲ့ရပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းကို သူက မချစ်ဘူး ဆိုတာ မင်းကိုယ်တိုင် နားနဲ့ ဆတ်ဆတ်ကြားတော့ စိပြင်းတယ် ... ဟုတ်လား၊ အဟင်း ... ဟင်း၊ အေး ... ငါဖတ်ဖူးတဲ့ဥစ္စာ တစ်ခုရှိတယ် ကွ ... အဟမ်း"

ကြားရပါတော့မည်တည့်။ မြင့်ဆောင်၏ ပညာရှိ စကား။

မုန့်နှင့် ပတ်သက်၍ စိစားရတာကိုလည်း မြင့်ဆောင် ကို ပြောပြဖြစ်သည်။ ရင်ထဲမှာ နောက်ကျိရှုပ်ထွေးနေတာ အမှန်။

မြင့်ဆောင်ကို သူ ငေးကြည့်မိရပါ၏။ ဖွယ်ကျယ်ရှိုင်း မြတ် ချည်ရောပွဆိုး အညိုကွက်စိပ်ကို ခပ်တိုတို ဝတ်ထားလျက် ထိုးစံအတိုင်း ဖိုသီဖတ်သီ နိုင်ဖွာပဲ မြင်နေရသည့် အဖြစ်။

ဩော် ... သူငယ်ချင်းများ၏ ဘဝကတော့ ဘာမျှ မပြောင်းလဲသေး။

အစဉ်အမြဲ ပြုံးရိပ်သမ်းနေတတ်ပါသော မြင့်ဆောင်၏ မျက်ဝန်းများကို ငေးကြည့်ဖြစ်လျက် ရင်ထဲမှာအားကျချင်၏။ အမှု အပင်မဲ့သည့်ဘဝကို ပိုင်ဆိုင်ခွင့် ရထားချေသည်ပဲဟု ကံကောင်းသူ တစ်ယောက်ကို ငေးကြည့် အားကျသည့်နှယ် ရင်မှာ ဖြစ်တည်ချေ၏။



မြင့်ဆောင်ကတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်တင် လက်နောက်ပစ်၍ လျှောက်နေ၏။ အရုပ်မြင့်မြင့်ကြီးကို ခါးကိုင်း၍ လျှောက်ရင်း သူ့ကို တစ်ချက်ပြုံး၍ ငဲ့ကြည့်သည်။

"ကမ္ဘာကျော် အချစ်မှတ်စုများထဲမှာ ဘာဖတ်ခဲ့ဖူးသလဲ ဆိုတော့ ..."

မြင့်ဆောင်၏ စကားမဆုံးခင်မှာ မျက်နှာသုတ်ပဝါကို လည်မှာသိုင်း၍ ပလတ်စတစ်ရေဖလားထဲမှာ ဆပ်ပြာခွက်ကို ထည့် ကာ ရေချိုးပြီးလာသော ဇော်ဇော် အခန်းထဲ ဝင်လာရိုက် ကြိုတာမို့ မျက်နှာကို ရှုံ့မဲ့ရင်း ...

"ဝင့်ခုက္ခ မကောင်းနိုင်တဲ့ အထဲမှာ ငါ အဆိုးဆုံးပဲ ဖိုးမာန်၊ အဲဒီကမ္ဘာကျော် အချစ်မှတ်စုစာအုပ်ကို တွေ့အောင်ရှာပြီး မီးရှို့လိုက်မှ ငါ့နား ငြိမ်းမှာပဲ၊ ဒီကောင် ဘယ်မှာ ဖွက်ထား လဲ မသိဘာ ဆိုးတယ်ကွာ၊ ခုတလော အဲဒါပဲ ကြားကြား နေရတယ်၊ ဟိုကောင် ကြည်ဇင်ကလဲ သူ့မမ ယုယုခွေကို ဗိုးကောင်း ပန်းကောင်းတုန်း၊ မောင့်လပြည့်ဝန်းနဲ့ နှစ်ပါး သွားနေတုန်း၊ အဲဒါ ဒီကောင်က အဲဒီမှတ်စု ဆိုတာကြီးနဲ့ တစ်လမ်းလုံး ဩဝါဒ ခြွေခြွေနေတာ ကြားနေရတာ ကြာ ပြီ"

ညတက် အင်းလျားဆောင်မှာ မောင့်လပြည့်ဝန်းဖို့ ကြည်ဇင်က အဖော်တွေကို လက်ဖက်ရည်နှင့် မျက်နှာချိုသွေးသော ပြီး ခေါ်သွားတိုင်း လမ်းတစ်လျှောက်မှာ အဘယ်မျှထိ အချစ်မှတ်စု ပဒေသာဖြင့် ဇော်ဇော်ကို နှိပ်စက်ထားချေသည် မသိ၊ ဟီးချ၍ ညည်းနေသည့် ဇော်ဇော်ကို မာန် ပြုံး၍ ကြည့်မိပြီ။ ဘာပဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် လောလောဆယ် အဆောင်မှာ ရှိနေခိုက် အဆောင်ကျောင်းသား ဘဝကို ပြန်ရောက်သည့်နှယ် ရင်ထဲမှာ ပေါ်ပါးလာသည့်အဖြစ်။

ခါးကြားထဲမှ သော့ကိုယူ၍ သေတ္တာကို ဇော်ဇော် ဖွင့်သည်။ သေသေသပ်သပ် မီးပူအကျသား ခေါက်ထားသည့် အဝတ်တွေကို မြင့်ဆောင် တစ်ချက် လှမ်းကြည့်တော့ ဒိုင်းခနဲ သေတ္တာကို ပြန်ပိတ်၍ ...

"မကြည့်နဲ့ကွာ၊ ကြည့်ပြီးရင် ပုဆိုးယူဝတ်ဖို့ ကြံစည်နေတာ ငါ သိတယ်ကွ"

ဟု ခံရဖန် များလွန်းနေပြီမို့ အဝတ်တစ္ဆေ ခြောက်နေသည့် ဇော်ဇော့်ကို ကြည့်ကာ မာန် တစ်ချက် ရယ်မိလိုက်ရပါပြီ။

"အေးပေါ့ကွ၊ မင်းက အဆောင်ကျောင်းသားကလွတ်၊ ကိုယ့်အိမ်ကိုယ့်ရာနဲ့ ကိုယ့်သားမယားနဲ့ စိမ်ကျနေပြီကိုး၊ ငါ့လို ပုဆိုးမိုး အဝတ်ခံရ၊ မင်း အင်္ကျီတွေ ယူဝတ်ခံရတဲ့ ဘဝမျိုး မှ မကြုံရတော့ မင်း ရယ်ပေါ့၊ ရှီးတဲ့မှ၊ သူများလျှော်ဖွပ်ပြီးတဲ့အထိစောင့်၊ မီးပူတိုက်ပြီးတဲ့ အထိလဲစောင့်၊ စေတနာမရှိမှန်း သိလျက်နဲ့ ငါ့ပုဆိုးတွေ ယူယူဝတ်၊ ငါ ဝတ်ထားလက်က အတန်းတက်ပိုဆိုးကို အဆောင်ပြန်ရောက်တဲ့အခါ ဒီလို ခုတင်ခြေရင်းမှာ လွှားတင်ထားတာမျိုးကျတော့ သူ ယူမဝတ်ဘူးကွ၊ ကြီးကျယ်ပ့ါ"

"ဟော့ ... မင်းမှာ ယားနာရှိနေရင် ငါ့ကူးမှာပေါ့ဟ၊ ငါက ရှဲတာတော်တယ်မောင်"

သူများပုဆိုးလည်း အကျသား ယူဝတ်သေးသည်။ ဗိုင်ရှင်ကိုလည်း ရှဲသေးသည် ဆိုတော့ ဇော်ဇော်မှာ လှုပ်ဖြင့်စိတ်



တိုသူပီပီ ဆတ်ခနဲ ပုဆိုးကို ခါးတောင်းမြှောင်အောင်ကျိုက်၍ လက်နှစ်ဖက်ကို ခပ်ကျွေးကျွေး ကားကာ ရင်ကိုကော့၍ မခံချင်စိတ်ဖြင့် ...

"ဘယ်မှာလဲ ယားနာ"

ဟု ဒေါနှင့် မောနှင့် မေးခိုက်မှာပင် လေလေးတရှိုရှိုချွန်၍ မမဆွေ ထံပါး အခစားဝင်ဖို့ ရှိုးကျကျဖြင့် ဝင်လာသည့် ကြည်ဇင်က ...

"အားပါး ... လှသာ ပုတာ၊ ကြွက်သားအင်အား ကောင်းလှချေလား၊ ဘာလဲ ... ဗလမောင်ပြိုင်မလို့လား"

ဟု ဘုမသိ ဘမသိနှင့် နောက်နေတော့ ...

"အင်း ... ရယ်မနေနဲ့ ဖိုးကြည်ဇင်၊ ဟိုမှာ တွေ့တယ်မဟုတ်လား၊ မျက်နှာကို နီနေတာ ... အဲဒါပေါ့ကွ၊ ချေးပု ရန်လို၊ လူပု စိတ်တို ဆိုတာ ..."

ဟု မြင့်ဆောင်က ပြောနေခိုက် ခါးတောင်းကျိုက်ကို ဖြုတ်ချ၍ ဇော်ဇော် ဖနောင့်နှင့် မြင့်ဆောင် တင်ပါးကို လှမ်းကန်သည်။ တဟဲ့ဟဲ့နှင့် မြင့်ဆောင်ကတော့ ရယ်နေသည်ပါပဲ။ ရှူး၍ နှင့် ဒေါပွနေဆဲ ဇော်ဇော့်ကို ပြုံးကျဲကျဲဖြင့် မြင့်ဆောင်ကြည့်ကာ ရယ်သံဖြင့် ...

"ငါက ဒီကောင့်အဖြစ်ကို မြင်ရ ကြားရတော့ ဟိုဒင်းထဲမှာ ငါ ဖတ်ရတဲ့ဥစ္စာကို သတိရလို့ ပြောမလို့ ဥစ္စာမှာ ဒီကောင်က အဲဒီ ဟိုဒင်းထဲ၍ ဥစ္စာတွေ ကြားရတာ စိတ်ညစ်သလို ကြီး ပြောနေတာနဲ့ ငါက ဟိုဒင်း မပြောရသေးဘဲ သူ ယလပြနေတာတွေကို ကြည့်နေရတာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မာန် ထရပ်သည်။

"ဟာ … ပြန်တော့မလို့လား၊ နေစမ်းပါဦး၊ မင်းကိုတွေ့လို့ ပျော်မယ်မှ မကြံရသေးဘူး၊ ဘာလဲ … မိန်းမ လွမ်းနေပြီလား … ငါနဲ့ အင်းလျားကို လိုက်ခဲ့စမ်းပါဦး"

အင်းလျားကို အင်းလျားကိုနှင့် တကယ်တမ်းကျတော့ ညဘက်မှာ သစ်ရိပ်အောက်မှာ မောင့်လပြည့်ဝန်းဖြင့် ရင်ဖွင့်ရုံအဆင့်မျှသာ၊ မတိုးတက်စွာဘဲ ရှိရှိနေရပါသည့် ကြည်ဇင်မှာ စိတ်လက်လျှော့ပုံ မရသေး။ ရိုးအကျသားဖြင့် ညနေတိုင်းမှာ နေဝင်လထွက်ချိန်ကို စောင့်နေတတ်ဆဲ။

"မုံက ဖျားနေတာ သိပ်အပြန်နောက်ကျနေလို့တော့ မဖြစ်ဘူး၊ ဘွားတို့ ဖေဖေနဲ့ မေမေတို့ အန်ကယ်ပြည့်တို့ ရောက်လာရင် သရဖီဦးမှာ ငါ မရှိရင် ငါ ဆူခံထိမှာကွ၊ မေမေက သူ့ချွေးမကို အရမ်းဂရုစိုက်တာ၊ မုံ နေကောင်းမှ တောင်ကြီးကို ပြန်မယ်လို့ ပြောနေတာကွ၊ အဲသလောက် ချစ်နေတာ"

တကယ်တမ်းက မေမေ ဆူမှာစိုးတာထက်၊ မုံ သက်သာပါ့မလားလေဟု တွေးပူစိတ်ဖြင့် ထပြန်ချင်လာမိတာ အမှန်ပါ။

စိတ်ရှုပ်နေမိတာမို့ အဆောင်သို့ ညနေဘက်မှာ ဝင်နေမိခဲ့တာလည်း အမှန်ပါ။

ဒါပေမဲ့ တကယ်တမ်း မြင့်ဆောင်တို့နှင့် ရှိနေပြန်တော့လည်း ခဏပဲ ဖြေပြေသလို ရှိရသည်။ နောက်ကျတော့လည်း သရဖီဦးသို့ပင် ပြန်ချင်စိတ် ဇောကပ်လာရပြန်သည့် အဖြစ်။



ကောင်မလေးက ပြောရှုရတာမဟုတ်။ မိကျော့ ဆိုတာကလည်း မုံ့ကို လာန့်ရသည်ပဲ။

မုံ ခိုင်းတာ လုပ်ပေးရသည်သာ။ မတော်တဆ မတည့်တာ ဝယ်ခိုင်းနေလျှင် အခက်။

မိကျော့ကို သူ ဘယ်လိုပဲ မှာထား မှာထား မုံ့ကို ကြောက်တာနှင့် မုန့်ဟင်းခါးတို့၊ အချဉ်ထုပ်တို့၊ ရှောက်သီးသုပ်တို့ ဝယ်ပေးလျှင် အခက်။

လမ်းထိပ်မှာက သန့်ပြန့်သော ဆိုင်တစ်ဆိုင်ရှိသည်။

မုံ စားချင်သည့် မုန့်ဟင်းခါး၊ ခေါက်ဆွဲကြော်၊ ကြာဆံသုပ်၊ ရှောက်သီးသုပ်၊ လက်ဖက်သုပ်၊ ကော်ပြန့်လိပ်၊ နောက်ထပ် အမည်တော်တော်များများ ရှိသည်လေ။

ဒါကို သူ စိတ်မချ။ ခုလောက်ဆို တစ်ခုခုများ ဝယ်ခိုင်းပြီး တီးပြီးသွားပြီလား မသိ။ ဒေါ်ကြီးရွှေ လောက်ကိုတော့ မိမုံက အပျော့။ မသိအောင် မိကျော့နှင့် အဝယ်ခိုင်းလိုက်နိုင်သည်။ မီးဖိုထဲမှာ အလုပ်များနေမည့် ဒေါ်ကြီးရွှေ မသိအောင် မတည့်စာတွေ စားပြီးလျှင်ဖြင့် ခုလောက်ဆို အဖျားတက်ချေလောက်ပြီတည့်။

စိတ်ထဲမှာ ပူလာသည်။ ဆတ်ခနဲ ထရပ်တော့ မြင့်ဆောင် ခွတ်ဆွဲထိုင်ခိုင်းရင်းမှ …

"ငါ့စကား မပြတ်သေးဘူးကွ၊ ငါက ငါပြောမယ့်စကား မပြတ်ဘဲ ကျန်ခဲ့ရင် ညလဲ အိပ်မပျော်၊ နေ့လဲ နေမပျော်နဲ့ ဒုက္ခဖြစ်ကျန်ခဲ့ရလွန်းလို့ပါကွာ၊ ငါ ပြောတာ နားထောင်ပြီးမှ ပြန်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတာမို့ နားမထောင်၍လည်း ပြီးမှာမဟုတ်သည့် အတူတူ ပြန်၍ ထိုင်ချလိုက်ရသည်ပါပဲ။

"ဒီလိုကွ ... ဘယ်သူ့အဆိုလဲ ဆိုတာတော့ ငါ နာမည်မမှတ်မိတော့ဘူး၊ ဘာလဲဆိုတော့ အကျွန်ုပ် အမြဲတမ်း ခင်မင်မြတ်နိုးပြီး ဘယ်တော့မှ နားမလည်သော အရာဝတ္ထု သုံးမျိုးရှိသည်တဲ့၊ ယင်းသုံးမျိုးတို့မှာ ပန်းချီကားရယ်၊ ဂီတရယ်၊ မိန်းမရယ် ဖြစ်သည်တဲ့ကွာ ... အဲဒါပဲ"

ဟု ပြောပြီး ဆေးပေါ့လိပ်မှာ မီးညှိသည်။ ရှိုက်ဖွာလိုက်ကာ ခပ်ပြုံးပြုံး တစ်ချက်ကြည့်၏။

"အဲသလို ခင်မင်မြတ်နိုးတဲ့ မိန်းမကိုတောင် နားမလည်နိုင်သေးဘူးလို့ အတိအလင်း ဆိုထားတဲ့ ကိစ္စမျိုး ရှိတဲ့ကိစ္စမှာ အဲဟာမ်း ... မင်းလို မခင်မင်၊ မမြတ်နိုးဘူးလို့ အတိအလင်း ငါတို့ကို ပြောပြထားနှင့်ပြီးတဲ့ မုံ၊ အဲ ... မယမုံဦး အသေါ်မှာ မင်း ဘယ်လိုနားလည်နိုင်မှာလဲ ဖိုးမာန်"

ဤတစ်ကြိမ်တွင်တော့ မြင့်ဆောင်၏ ပြုံးရယ်ရိပ်လွှမ်းနေသည့် မျက်ဝန်းမှာ တည်ကြည်လေးနက်သည့် အရိပ်လွှမ်း၏။ မျက်နှာလည်း တည်ငြိမ်လာသည်။

"ငါ လေးလေးနက်နက်ပြောမယ် ဖိုးမာန်၊ ငါက ရယ်စရာ၊ ပျော်စရာ အမြဲပြောလိုက်၊ နောက်လိုက်နေတဲ့ ကောင်မျိုးဆိုတော့ ဒီလိုစကားပလ္လင်ခံမှ ဖြစ်မှာကိုး"

ပြောပြီး မြင့်ဆောင် ခုတင်ထက်မှာ ထိုင်၏။ သူ့ကို ကြည့်ကာ တစ်ချက် ခေါင်းယမ်းသည်။



"မင်း စဉ်းစားကြည့်လေ၊ စောစောက မင်းပြောတဲ့ စကား၊ ဘာတဲ့၊ မင်းကို သူ မချစ်ဘူးဆိုတာ နားနဲ့ဆတ်ဆတ်ကြားတော့ မင်း ခံပြင်းတယ် ... ဟုတ်လား၊ မုံက သူ့သူငယ်ချင်းတွေကို ပြောတာ မင်း ကြားတော့ မင်း ခံစားရတယ်၊ ဟုတ်ပြီ၊ မင်းကရော ... အဲသလို မပြောခဲ့လို့လား၊ ငါတို့ကို လေကွာ၊ သူ့ကို မင်း လုံးဝမချစ်ဘူး ဆိုတာလေ၊ ပြောခဲ့ဖူးတာပဲ၊ အဲဒါ သူ ကြားရင် သူလဲ မင်းလို ခံစားရမှာပဲ၊ အဲဒီတော့ နှစ်ဖက်ပွဲက မျှတနေတယ်၊ မင်း သူ့ကို အပြစ်မြင်စရာ မလိုဘူး"

သူ တစ်ချက်ငိုင်၏။ တွေခနဲ ဖြစ်ပြီးမှ အားလုံးကို သူ တစ်ယောက်စီ လိုက်ကြည့်မိသည်။ မြင့်ဆောင်ရော၊ ဖော်ဖော်ရော၊ ကြည်ခင်ရော သူ့ကို ငေးကြည့်နေကြတာ မြင်ရသည့်အဖြစ်။ မြင့်ဆောင်၏ ပြောတာလည်း မှန်နေသည်ပဲလေဟု တွေးဖြစ်လာရသည်မို့ မုံ့ကို တစ်ချက် အားနာမိချင်ရသည်ပါပဲ။

"သူက တစ်နေ့မှာ ငါ့ကို ကွာရှင်းမယ်လို့ မျှော်လင့်ဆုံးဖြတ်ထားတာကွ"

ခပ်လေးလေး တစ်ချက်ပြောနိုက် ရင်ထဲမှာ ကျဉ်ခနဲ ခံစားရသည်ပဲ။

"သူက အဲဒါမပြောလို့ အဲဒါမတွေးလို့ ဘာပြောဖို့ အခွင့်အလမ်း ရှိမလဲ ဖိုးမာန်၊ နေစမ်းပါဦး၊ မင်းက သူ့ကို ချစ်တယ်လို့ ဒီနေ့အထိ ပြောဖူးသေးလို့လား"

သူ ခေါင်းယမ်းတော့ မြင့်ဆောင် စိုက်၍ သူ့ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက်က သူ့ကို လက်ထပ်ယူထားတဲ့ ယောကျ်ားတစ်ယောက်ဆီက ချစ်မြတ်နိုးပါတယ် ဆိုတဲ့ စကားမျိုးကို မကြားဘဲ ရှိနေရတဲ့ ခံစားမှုကို မင်း ဘယ်လို နားလည်မလဲ ... ဖိုးမာန်၊ မင်း ... သူ့ကို မချစ်ဘူးဆိုတာ အတိအကျ သိထားတဲ့ မိန်းကလေးတစ်ယောက်ဟာ မင်း အခုခံစားနေရသလို ... ကြေကွဲမှာပဲ ဆိုတာ နားမလည်နိုင်သေးတာ ... ငါ အံ့ဩချင်တယ် ဖိုးမာန်၊ သူ အဲ့သလို သူ့သူငယ်ချင်းတွေကို ပြောတာဟာ ကြေကြေကွဲကွဲနဲ့ သွေးရူးသွေးတန်း ပြောမိပြောရာ ပြောတဲ့စကားမျိုး ဖြစ်နိုင်တယ် ဆိုတာကိုရော မင်း တစ်ဖက်က မျှတတွေးမပေးမိဘူးလား"

မြင့်ဆောင် ပြောတော့ သူ့ရင်ထဲမှာ မုံ့ကို အားနာနေမိတာပဲ ရှိနေရပါသည့် အဖြစ်။ ဟုတ်သည်ပဲလေ။ မုံလည်း ခံစားရချေမည်ပေါ့။

"ဒါပေမဲ့ ခက်တာက ငါတို့ နှစ်ယောက်စလုံးက အတိအလင်း တစ်ယောက်ကို တစ်ယောက် ဟိုတုန်းကတည်းက အသိပေးထားကြတာကွ၊ မချစ်ဘူးဆိုတာလေ၊ ခု မလွှဲသာလို့သာ လက်ထပ်လိုက်ကြရတာ၊ မေမေ့ နှလုံးရောဂါကြောင့်ဆိုတာ မင်းတို့လဲ သိထားပြီးပြီးပဲ၊ မေမေ့အတွက် သူ ငါ့ကို လက်ထပ်ပေးရှာတယ် ဆိုတာကိုတော့ ငါ ကျေးဇူးလဲတင် အားလဲနာ သနားလဲ သနားမိတာ အမှန်ပါ၊ အဲဒါတော့ ငါ့ရင်ထဲမှာ တကယ်ရှိတဲ့ ခံစားမှုပါကွာ"

သူ လေးလေးနက်နက် ပြောမိလျက်မှ မျက်နှာတွင်



"ငါ ကြာလေ ခံစားလာရလေပဲ မြင့်ဆောင်၊ သူနဲ့ ငါ လက်ထပ်မိတာ မှားပြီလို့လဲ ဘယ်အင်အားနဲ့ ငါ ပြောရမှာလဲ၊ မေမေ့အတွက် လက်ထပ်ခဲ့ကြတာ မဟုတ်လား ... ငွေကြေးကြောင့် ဆိုရင် ဟိုအရင်တုန်းကလို ငွေကြေးမျက်နှာ ဆိုရင်ဖြင့် နောက်ဆုံး သူနဲ့ငါ နှစ်ဖက်သဘောတူညီပြီး ခေါင်းခါပြင်းပစ်လိုက်လို့ ရနိုင်ပါသေးတယ်၊ ခု မေမေ့ ကျန်းမာရေးဆိုတော့ ငါ မငြင်းနိုင်တော့ဘူးလေ၊ ဒါပေမဲ့ သူ့ကိုမြင်နေတိုင်း ဒီကောင်မလေး၊ ငါ့ကို မချစ်ဘဲ လက်ထပ်ပေးရှာတယ်၊ လက်ထပ်ထားတယ်၊ တစ်နေ့ သူ ငါ့ကို ကွာရှင်းလိမ့်မယ်"

အသံတစ်ချက် တိမ်ဝင်ချင်တာမို့ အားယူ၍ သက်ပြင်းရှိုက်ထုတ်ပစ်ကာ ခေါင်းယမ်းသည်။

"အဲဒါပဲ ... ငါ ကြာလေ ခံစားရလေ ဖြစ်နေတာ"

ဟု ပြောပြီး လက်မှနာရီကို ကြည့်သည်။

"ကဲ ... ဘာပဲဖြစ်ဖြစ်၊ သရဖီဦးကိုတော့ ငါ ပြန်ရမှာမို့ ငါ ပြန်တော့မယ် သူငယ်ချင်းတို့ရာ၊ ဇနေ တနင်္ဂနွေ သရဖီဦးကို လာခဲ့ကြကွာ ..."

ဟု ခပ်လေးလေး ပြောလျက် အားယူပြုံးကာ အားလုံးကို ကြည့်သည်။

"အေး ... မင်းရဲ့မုံ ခု ဘယ့်နှယ်နေသေးလဲ"

ကြည်ဇင် မေးတော့ သူ ခပ်ယဲ့ယဲ့ ပြုံးသည်။ မင်းရဲ့ မုံ။ တကယ်တော့ မုံသည် သူ၏မုံမှ ဖြစ်မနေချေဘဲလေ။ တစ်နေ့မှာ သရဖီဦး၏ အရိပ်အမြုံမှ ထွက်ခွာပဲထွက်ဖို့ ကြိုတင်ဆုံးဖြတ်ထားနှင့်ပြီးသည့် မုံ မဟုတ်ပါလား။

www.burmeseclassic.com



"ဒီနေ့ အဖျားကျတယ်၊ ဒေါက်တာ ဦးအောင်မြင်က စိတ်ချရပြီပြောလို့ ငါ ဒီနေ့ အတန်း စတက်တာ"

လေးရက်မျှ သူ အတန်းမတက်ဖြစ်။ ဤနေ့မှ မုံ သက်သာတာမို့ အတန်းစတက်ခြင်းပါ။ မနေ့ညကတည်းက ကိုယ်ပူ ရှိန်သေချာကျလာခဲ့သည်ပဲလေ။

"အေးကွာ … မုံ ဖျားလို့ဆိုတာ ငါတို့ သိနေပေမယ့် မင်းသူ့ကို ပြုစုနေတာ၊ ဂရုစိုက်နေတာ၊ အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဆိုပြီး ငါတို့ သရဖီဦးကို မလာဖြစ်ကြတာပါ၊ လူမမာမေးလဲ မလာဖြစ်ဘူး ဆိုပါတော့၊ ငါတို့က မင်းတို့ အဆင်ပြေနေပြီ ထင်တာကိုး"

မြင့်ဆောင် ပြောတော့ သူ ကြေကြေကွဲကွဲ ပြုံး၍ ခေါင်းပဲယမ်းပြဖြစ်၏။

ရင်ထဲတွင် နာကျင်ကြေကွဲနေခြင်းက ဆိုးဝါးစွာ နှိပ်စက်နေသည့်နှယ်သာတည်း။

❦ ❦ ❦



"မလုပ်ပါနဲ့ မမမုံရဲ့၊ မိကျော့ ကြောက်ပါတယ်ဆို"

"ငါမှောအောင် မပြေးနဲ့ဆိုနော် … မပြေးနဲ့"

စိတ်လက်ညစ်လိုက်ရပါသည့် အမျိုး။

မနက်ကပဲ နေကောင်းရသေးသည်။ ခု … ညနေမှာ ခြံထဲဆင်းဆော့နေပြီဖြစ်သည့် မုံ။

ကလေးစိတ်ဖြင့် ဆိုတာကိုတော့ သူ နားလည်သည်ပေါ့။ ဖလန်ထည် အင်္ကျီထူ ဖားဖားလေးကို ဝတ်၍ မုံ မျက်နှာလေးတင်းအောင် ကြိုးစားထားပေမယ့် တကယ်တမ်းကျတော့ ရယ်ချင်နေမှန်း မုံ့ မျက်ဝန်းငယ်လေးတွေ ပြုံးကြည်နေတာဖြင့်ပင် သူနားလည်ဖြစ်၏။

ခြံနောက်ဘက် မန်ကျည်းပင်တန်း တစ်လျှောက်မှာ မိကျော့က ရှေ့မှပြေး။

မုံက မပြေးနဲ့ဆိုလျှင် လန့်ရှိန်ဖြင့် တစ်ချက် တန့်ခနဲရပ်၍ နောက်ဘက်ကိုကြည့်။ နောက်တော့လည်း မနေရဲစွာပဲ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဆက်ပြေး။

မပြေးဘဲ နေနိုင်ရိုးလားလေ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်က မြွေသေကောင်မှန်း မသိ။ ငါးမြှားတံလို ပါးသေး နွဲ့နွဲ့ကိုင်းတံမှာ ကြိုးဖြင့်ချည်၍ မုံက ငါးမိထားသည့် လူပမာ ဝေ့ယမ်း ဝေ့ယမ်းဖြင့် နောက်မှ လိုက်နေသည်ကိုး။

"တောက် ... ဒီကောင်မလေး ... ဘယ်က မြွေသေငယ်လေးကို ရှာတွေ့ထားပါလိမ့်။ ဒီခြံထဲ မြွေရှိတယ်လဲ မကြားဖူးပါဘူး၊ တော်တော် ဆတ်ဆော့တဲ့ ကောင်မလေး၊ မြွေရိုးရူးမှ ဟုတ်ပေ့ဖြစ်မယ်၊ မတော် ... မသေ့တသေ ဖြစ်နေတဲ့ မြွေဆိုရင် ကောက်ပေါက်လိုက်လို့ သေနေဦးမယ်၊ မြင်ကို မမြင်ဖူးပါဘူးကွာ"

ဟု စိတ်လက်ပူလျက် ခြေလှမ်းကျဲကြီးဖြင့် သူလျှောက်လာနေရပါပြီတည့်။

အရေးထဲ ဒေါ်ကြီးရွှေက ဘယ်ရောက်နေသည် မသိ။ မီးဖိုဆောင်ထဲမှာလည်း မတွေ့ခဲ့ရ။ အိမ်နောက်ဖေးဘက် မန်ကျည်းရိပ်တန်းမှာ ညနေပိုင်းကြီး ဆော့နေသည့် မိမုံ။

မိကျော့ လန့်ရှိန်ဖြင့် ငိုမတတ် ကြောက်ရင်း ပြေးနေတာကို အရသာခံ၍ တစ်ချက် တစ်ချက် မိမုံ ခစ်ခနဲ ခစ်ခနဲ ရယ်နေပြီ။

သရဖီဦး၏ အိမ်ရှေ့မှာ ကားထိုးရပ်တာကိုပင် ဤနှစ်ကောင် မကြားနိုင်ကြ။

အိမ်ကြီးကလည်း ခြားထားသည်ကိုးလေ။ ပြီးတော့ ဓောက မြွေသေကောင်နှင့် ခြောက်သည့်လူက ခြောက်။ အူယားပြီး ပြေးသူကပြေးနှင့် ဓောကပ်နေကြသည်ကိုး။



"အားလားလား ... ဘာကြီးနှင်းမိပြီလဲ မသိဘူး၊ ဟဲ့ ... မိကျော့၊ ငါ့ခြေထောက် ... ငါ့ခြေထောက် မြွေနှင်းမိပြီ ထင်တယ်"

ခပ်လှမ်းလှမ်းမှ နာနာကျင်ကျင်လေး အော်လိုက်ပါသည့် မုံ့အသံကို ကြားရတာနှင့်ပင် မာန့်မှာ ခေါင်းကြီးသွားရလျက် ခြေကုန်ပြေးလာမိရပါပြီ။

မန်ကျည်းတန်းကိုကျော်၍ စတိုဆောင် အဟောင်းလေး ရှိရာဘက်မှာ ခြေထောက်ကို အုပ်မိုး၍ ရှုံ့မဲ့နေသော မုံ။

မုံ့ လက်ထဲမှာက မြွေသေကောင်လေး တန့်နွဲ့နွဲ့ ယိမ်း၍နေသည့် ဝါးတံနွဲ့နွဲ့လေးမှာ ငါးမျှားကြိုးမှာ ငါးမိထားသည့်နှယ်ပါ။ မြွေသေလေးကို ကြည့်၍ လန့်ရှိန်မပြေစွာဘဲ မိကျော့ ခပ်လှမ်းလှမ်းမှာ စိတ်လက်ညစ်စွာ ရပ်နေရှာ၏။

သူ့မှာသာ စိတ်လက်ပူလျက် မုံ့ဘေးမှာ ရုတ်ခနဲထိုင်လိုက်မိရင်း ဘာမပြော ညာမပြောဖြင့် မုံ့ လက်လေးကို ခြေဖမိုးထက်မှ ပိုင်စိုးပိုင်နင်း ဆွဲဖယ်လိုက်မိရပါပြီ။

မြွေသေကောင်လေးကို လှမ်းတွေ့ထားနှင့် ရပြီမို့ တကယ်များ ခြံထဲ မြွေအောင်းနေချေမည်လား မသိဟု သူ ပူမိတာလည်း အမှန်ပါ။ သရဖီဦး ဆိုတာကလည်း ပန်းဥယျာဉ်နှင့် မန်ကျည်းပင်တန်းနှင့်။ ပိတောက်ပင်တန်းနှင့်။

ပြီးတော့ တမာရိပ်တွေ။ စံကားဖြူပင်တန်းတွေ။ သရက်ပင်ကြီးတွေနှင့် အုံ့ဆိုင်းလှပစွာ ခြံဝင်းကျယ်ကြီးနှင့် ရှိချေသည် ကိုးလေ။

www.burmeseclassic.com

www.burmeseclassic.com



မြွေနှင်းမီပြီ ထင်တယ်ဆိုတာ ကြားလိုက်ရတာနှင့် ပင် မျက်စိတွေ ပြာသွားရသည်က မာန်ပါ။ ဤကောင်မလေးကို တုတ်တစ်ချောင်းဖြင့် ရိုက်ပစ်ချင်တော့သည်ပါပဲ။

"ကြည့်စမ်း ... သံစူးနေပြီ၊ ညည်းဟာလေ ဘာလုပ်နေတာလဲ၊ နေမကောင်းဘူးဆို မကောင်းသလို မနေဘူး၊ ဒါ ဦးမူတူး ဒီစက္ကူပြန်းရုံကို ပင်ထောင်လိုက်တက်သွားအောင် ကာထား တဲ့ ပန်းရုံကာပျဉ်တန်းက တစ်ခုပြုတ်ကျနေတဲ့ ဥစ္စာပဲ၊ ဒီ ဦးမူတူးဟာလေ သိပ်ပေါ့ဆဆ နိုင်တာပဲ၊ ညည်းကလဲ မမြင်တော့ဘူးလား၊ ဒီပျဉ်တန်း ပြုတ်ကျထားတာကြီးကို ... နင်းတော့လဲ ... သံချွန်တည့်တည့်ကို တက်နင်းရတယ်လို့"

ပန်းရုံကာတန်းပျဉ်တိုလေးထက်မှာ သံချွန်လေးထောင် ကျနေသည့် ပျဉ်နေရာကိုမှ ရွေးနင်းသလိုကြီး စူးနေတော့ နာရှိန် ဖြင့် မုံ ကြည့်သည်။ မုံ့ မျက်နှာလေး တင်းနေ၏။

"အို ... ဘယ်သူက တမင်တက်နင်းလို့လဲ ... မတော်တဆ နင်းမိတာပဲ ဥစ္စာ၊ သူ့ခြေထောက် ဗုားနင်းတာ ကျနေတာပဲ၊ ဖယ် ... မုံ့ကိုဆို ဆူဖို့လိုင်စင်ကျထားတာ ကျနေတာပဲ၊ သိပ်ငေါက်ချင်တယ်"

မုံ ရွာနေရင်းမှ နာရှိန်ဖြင့် တစ်ချက် ငိုမဲ့မဲ့လေး ဖြစ် လာသည်။ ဂျပန်ရာဘာဖိနပ်စိမ်း၏ ခြေနင်းခုံလေးကိုပြုတ်၍ သံချွန် က စူးနေသည်မှာ သစ်သားနှင့် ဖိနပ်ကို ခြေထောက်နှင့်တွဲ၍ ကပ် ထားသည့်နှယ်ပါ။

"ဖယ် ... ရွာမနေနဲ့"



ခပ်ငေါက်ငေါက် ပြောပြီး ခြေထောက်လေးကို ဆွဲယူ လိုက်ကာ သစ်သားနှင့် သံချွန်ကို ဆွဲခွာပစ်စဉ်ခိုက် မုံ့ မျက်နှာလေး ရှုံ့မဲ့ကျသွား၏။

ဖိနပ်ကိုပါ ဆွဲချွတ်ပစ်ရင်းမှ ခြေထောက်လေးကို သူ့ပေါင်ပေါ် တင်ပစ်လိုက်ကာ သွေးတွေ ညှစ်ထုတ်နေရင်းမှ ...

"နေစမ်းပါဦး၊ ညည်း နေမကောင်းဘူး မဟုတ်လား၊ ဘာလို့ ဒီလောက် ဆော့နေရတာလဲ"

ဟု မြေပြင်မှာ ဖင်ချထိုင်နေသည့် မာန်က ငေါက် ဆတ်ဆတ်မေးပြီးမှ သတိရလာလျက် မြွေသေကောင်ကို ကြည့်မိရ ပါပြီ။ ယခုတိုင် လက်ထဲမှာ ကိုင်ထားဆဲ ဝါးတံနွဲ့နွဲ့။

ခြေထောက်က နာရှိန်ကြောင့် ဆုပ်မိဆုပ်ထားရာ ဝါးတံသေးနွဲ့နွဲ့လေးက မုံ့ လက်ထဲမှာ ရှိနေဆဲ။

သူ့မှာလည်း စောစောက စိတ်ပူရှိန်ဖြင့် ပြေးကပ်မိကာ မုံ့ ခြေထောက်ကိုပဲ အာရုံစော ကပ်နေတာမို့ လက်တလောမှာဖြင့် မုံ့ လက်ထဲကဥစ္စာကို မမြင်နိုင်ဘဲ ဖြစ်နေရသည်ပါပဲ။

ခုမှ သတိရလာကာ ကြည့်မိတော့ မုံ့ကို တစ်ချက် လှမ်းခနဲ ပြုံးကြည့်ရင်းမှ ...

"မင်းဟာလေ"

ဟု ခပ်ညည်းညည်း ပြောမိရပါပြီတည်း။

ဘာကြောင့်ဆို မုံ့ ဝါးတံသေးနွဲ့နွဲ့မှာ ငါးမီသလို ယိမ်းခါပါနေသည်က ပလတ်စတစ် မြွေရုပ်လေးသာ မဟုတ်ပါလား လေ။

www.burmeseclassic.com

www.burmeseclassic.com



မုံ့လက်ထဲမှ မြွေရုပ်တန်းလန်း ပါနေသည့် ဝါးတံကို သူယူ၍ မြေပေါ်ချပစ်လိုက်ပြီးမှ မုံ့ ကိုယ်လေးကို မြောက်ခနဲနေအောင် သူ ပွေ့ချီလိုက်တော့ မုံ့က မျက်နှာလေး ရဲခနဲဖြစ်လျက် လက်လေးဖြင့် သူ့ရင်ကို တွန်းပစ်ရင်း ...

"အို ... မို့ ဘာသာ လျှောက်မယ်"

"ဒဏ်ရာထဲကို ဖုန်အဝင်မခံနိုင်ဘူး အမိ၊ ဖျားတာက မနေ့ညကမှစပြီး သက်သာတယ်၊ ဒီနေ့ တစ်နေ့ သက်သာတယ်၊ ဒီညနေမှာ မြွေရုပ်နဲ့ ညည်းက မိကျော့ကို လိုက်ခြောက်တယ်၊ အေး ... ကောင်းတယ်၊ ခု ငြိမ်ဆေးထပ်ရပြီ၊ ညည်းလျှောက် ဆတ်ဆော့တဲ့ ကောင်မလေးမျိုး ငါ ခုမှ စတွေ့ဖူးတယ် မိမုံ့"

မုံ့ ကိုယ်လေးကို အရုပ်လေး ပွေ့လာသလို ပေါ့ပေါ့ပါးပါး ပွေ့ချီခေါ်လာသည့် သူ့ကို မုံ ရှက်လည်းရှက်၊ အနေလည်းခက်၊ ပြန်လည်း စွာချင်သည့် ပင်ကိုစရိုက်လေးဖြင့် ...

"အို ... သူများ ဘယ်နရက်ရှိပြီလဲ၊ နေမကောင်းလို့ အိပ်ရာထဲ နေနေရတဲ့ဥစ္စာ ... ပျင်းလို့ ... မိကျော့ကို လိုက်ခြောက်တော့ ခြံထဲထိ ဆင်းပြေးချတာကိုး၊ မုံလဲ လိုက်တာပေါ့၊ သူက ဘာလို့ ခြံထဲထိ ဆင်းပြေးလဲ၊ ဦးမူတူးကရော အဲဒီပျဉ်ကြီး ပြုတ်ကျတာကို ပြန်ပြင်ပါလား၊ သူကပေါ့တာ၊ မုံက သံစူးပြီးပြီ"

"နင် သိပ်စွာတာပဲ မုံ၊ နင့်မှာ လျှာနှစ်ချောင်းပါရင် လူတွေနားကို ဝွမ်းဆို့ထားရမယ်"



"ဘာပြောတယ်"

"ထပ်ကြားချင်လို့ မေးတာလား"

နှစ်ယောက်သား ရန်ဖြစ်ရင်း အိမ်နောက်ဘက်ကပဲ ပတ်၍ မီးဖိုဆောင်တံခါးမှ အိမ်တွင်းသို့ ဝင်ဖြစ်ကြပြီ။

"ဟင် ... မုံလေး ဘာဖြစ်တာလဲ"

ထမင်းစားခန်းဆီမှ မီးဖိုခန်းဆီသို့ လက်သုတ်ပဝါတစ်ထည်ကိုကိုင်၍ ဝင်လာသည့် ဒေါ်ကြီးရွှေက စိုးရိမ်စိတ်ဖြင့် မေးတော့ သူ ခေါင်းယမ်းသည်။

"ခုကိစ္စ မာန်နဲ့ မဆိုင်ဘူးနော် ဒေါ်ကြီးရွှေ၊ မာန်က ခုမှ အိမ်ကို ပြန်ရောက်တာ၊ မာန် ပေါ့လျော့လို့ သူ့ခြေထောက် သံစူးတာ မဟုတ်ဘူးနော်၊ မေမေလာရင် မာန် အဆူမခံနိုင်ဘူး၊ ဒါ ... ဒေါ်ကြီးရွှေနဲ့ မိကျော့တို့နဲ့ပဲ ဆိုင်တယ်"

ဟု တရားခံမှလွတ်အောင် ကြို၍ ပြောထားနှင့်နေတော့ ဒေါ်ကြီးရွှေ မျက်နှာပျက်ပျက်ဖြင့် ...

"ဟင် ... သံစူးတယ်၊ အောက်ဆင်းပြီး ဘာသွားလုပ်တာလဲ မိမုံလေးရယ်"

ဟု ပြောလည်းပြော၊ ခြေထောက်ကို ကိုင်ကြည့်မည်ပြုတာမို့ ...

"ဘယ်ဘက်ခြေထောက် ဒေါ်ကြီးရွှေ"

ဟု မာန်က ခြေထောက်ကိုပါ အတိအကျ ပြောပြလာသည့်အဖြစ်။ အပေါ်ထပ်သို့ သူ တောက်လျှောက် တက်ခဲ့ကာ ခုတင်ပေါ်မှာ မုံ့ကိုတင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက် ကြမ်းပြင်တွင် ဒူးတစ်ဖက်ထောက်၍ ထိုင်လိုက်လျက် ခြေထောက်ကို မာန် ကြည့်၏။ မုံက မာန့်ကို အားနာသလိုလေးဖြင့် ...

"ကန်တော့နော် ... ကန်တော့"

ဟု လက်အုပ်လေးချီ၍ ပြောကော့ တစ်ချက် သူ မော့ကြည့်သည်။ နောက်တော့ ပြန်၍ ဒဏ်ရာကို စူးစိုက်ကြည့်နေ၏။ နဖူးစပ်တွင် ဝဲခွေတင်နေသော ဆံနွယ်နက်နက်မှောင်မှောင်များကို အပေါ်ဆီးမှ မုံ တွေ့မြင်နေရသည့် အဖြစ်။ ထူထဲနက်မှောင်သော မျက်ခုံးတန်းကြီးက စိမ်းယောင်သမ်းချင်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်ကြီးနှင့် စူးရှတောက်ပသော မျက်ဝန်းများကို ပိုင်စိုးပါသည့်သူ။

တစ်ချိန်လုံး မုံ့ကို ဟောက်ချင် ငေါက်ချင် ဖြစ်နေတတ်ပါသည့် သူသည် ... ယခုကျတော့ မုံ့ ခြေဖဝါးမှ ဒဏ်ရာကို စိတ်ပူလျက် ကြည့်နေပြန်ချေသည်တည့်။

မုံ့ ခြေထောက်လေးကို ကိုင်ထားသည့် လက်ချောင်းလေးတွေ၏ အထိအတွေ့က ညင်သာ၏။ မနာမကျင်အောင် ကိုင်ထားသည့် အသွင်။

"ဒေါ်ကြီးရွှေ ... ရေနွေးဇလုံ ယူလာပေးပါ၊ ဆေးဗီရိုထဲက ဝါဂွမ်းလိပ်နဲ့ ပတ်တီးလိပ်လဲ ယူလာပေးပါ"

ဟု သူ တည်တည်ငြိမ်ငြိမ် ပြောသည်။ မုံ့ခြေထောက်လေးကို လွှတ်လိုက်ကာ ထရပ်၏။

နောက်တော့ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိဖွာရင်း ပြတင်းအနီးမှာ သွားရပ်သည်။ ခန်းဆီးကို တိမ်းဖယ်၍



အပြင်ကို ခပ်ငေးငေးကြည့်ရင်း စီးကရက်ဖွာနေမိပေမယ့် စိတ်တွေက မတည်ငြိမ်ချင်။

မချစ်ဘဲနှင့် ပြုမိရပြီးပြီဖြစ်သည့် ဤအိမ်ထောင်မှာ ကြည်နူးချမ်းမြေ့ခြင်း ဆိုတာ မရှိသည့် အဖြစ်ပေပဲဟု တွေးဖြစ်လျက် ရင်ထဲမှာ ထိခိုက်နေချင်သည်။

ချစ်၍ လက်ထပ်ထားသည့် အိမ်ထောင်ဖြစ်လျှင် အဘယ်မျှ စိတ်လှုပ်ရှားဖွယ် ကောင်းသော ကြည်နူးစရာ အချိန် ဖြစ်ချေမည်တဲ့လဲ။

ရှင့်ကို မုံ ကွာရှင်းပါရစေဟု ပြောလာမည့်ရက်ကို စောင့်ဆိုင်းနေရသည့် ခင်ပွန်းသည်တစ်ယောက်အဖြစ် ကာလကြာရှည်စွာ သူ နေရချေမည်လား။ ဒါမှမဟုတ် ကာလတိုတောင်းစွာပဲ သူ နေရချေမည်လားမသိ။ သူ ... မသိ။

သူ့ဘက်ကတော့ ထိုအဖြစ်ကို စတင်၍ ဘယ်တော့မှ ကမ်းလှမ်းဖြစ်မှာ မဟုတ်။

ဘာကြောင့်ဆို မေမေ့မှာ ရောဂါရှိသည်လေ။ ပြီးတော့ မေမေနှင့် ဖေဖေ ဖြစ်ချင်ဆုံးသော ဆန္ဒသည် မုံနှင့် သူ့ကို နေရာချထားပေးလိုသည့် အဖြစ် မဟုတ်ပါလား။ ယခုလည်း သူ မုံ့ကို ပြုစုရသည့်အတွက် ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်နေ။

ပြီးတော့ ချော် ... ပြီးတော့ ကျေနပ်နေ ကြည်နူးနေသည်ဟု ထင်သည်။ နောက် ... နောက် ... ရှိသေးသည်။ စိုးရိမ်ခြင်း။ ဟုတ်သည်။ စိုးရိမ်ခြင်း။ မုံ ဖျားနေချိန်။ ပြီးတော့ မြွေနင်းမိပြီထင်တယ်ဟု မုံ အော်လိုက်ချိန်။

သူ အဘယ်မျှထိ ရင်ထဲမှာ ပူလောင်သွားခဲ့ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



"သားမာန် ... ရေနွေးရပြီ"

ဒေါ်ကြီးရွှေ ရေနွေးဇလုံနှင့် ရောက်လာတော့ သူ စီးကရက်ကို တောက်လွှင့်ပစ်လိုက်ပြီး ကိုယ်ကိုလှည့်လိုက်မိပါ၏။ ရင်ထဲမှာ တမြည့်မြည့် ခံစားနေရသည့် အရှက်သည်းသော ကြေကွဲမှုကို ထိန်းချုပ်လိုက်နိုင်ဖို့ သူ ကြိုးစားယူရင်းမှ အလိုက်သင့်ပင် ရေနွေးဇလုံကို သူ ယူသည်။

"ဒေါ်ကြီး လုပ်ပေးမယ်လေ"

သူ လက်ကာပြကာ မုံ ခြေချထိုင်ထားရာ ခုတင်ဘေး ကြမ်းပြင်နေရာမှာ ထိုင်ချလိုက်တော့၊ မုံ ကမန်းကတန်းလေး ခုတင်ပေါ်မှ ဆင်းသည်။

"ဘာဖြစ်နေတာလဲ၊ အဲဒီမှာ ထိုင်နေလက်စနဲ့ ထိုင်နေပါလား"

သူမော့ကြည့်တော့ မုံ မျက်နှာငယ်လေးနှင့် မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ကြည့်ကာ ...

"မုံက အငယ်ပဲဥစ္စာ"

ဟု ပေကတ်ကတ် ပုံလေးဖြင့် ပြောပြီး ဖွတ်ဆင်းထိုင်တော့ ကြမ်းပြင်မှာ တူတူထိုင်ဖြစ်သွားရသည့် အဖြစ်။ မုံ့ ခြေထောက်လေးကို ပေါင်ပေါ်ဖေးတင်ပြီး ဝါဂွမ်းစကို ရေနွေးမှာနှစ်၍ ရေညှစ်ပြီး ဒဏ်ရာနေရာကို ပွတ်သပ်သုတ်သင်သည်။

"ကန်တော့နော် ... ကန်တော့"

မုံ့မှာသာ အနေခက် အားနာစွာ ပြောနေပေမယ့် သူ တစ်ချက်မကြည့်။ ဒေါ်ကြီးရွှေကို လှမ်းကြည့်ကာ ...

"ဆေးဗီရိုက အရက်ပျံပုလင်းရယ်၊ တင်ချာရယ် ယူလာပါ"



ဟု ပြောတော့ စောစောက ရေနွေးဇလုံတို့၊ ဝါဂွမ်းတို့၊ ပတ်တီးတို့ ဆိုတာပဲ ကြားရတာန်းလို ခပ်အေးအေး မနေနိုင်တော့ဘဲ ခြေထောက်ကို ဖွတ်တိုး၍ မုံ ရုန်းနေတော့ လက်နှစ်ဖက်ဖြင့် မာန်က ကိုင်ထားလိုက်ရင်း မျက်နှာထားဖြင့် ...

"ရုန်းမနေနဲ့၊ တင်ချာထည့် ပတ်တီးစည်းမှ ဖြစ်မယ့်ကိစ္စ၊ ခြေကန်ရုန်းနေလဲ ငါက လွှတ်ပေးမှာ မဟုတ်ဘူး၊ ဒီမှာတွေ့လား၊ ငါ့ဗလတွေ"

ဟု စပို့ရှပ်လက်တိုအောက်မှ ရုန်းကြွမောက်တက်နေသည့် ကြွက်သားတွေကိုပြ၍ ငေါက်တော့ မုံ မျက်စောင်းထိုးသည်။

နောက်ဆုံးတော့ ဒေါ်ကြီးရွှေ ဆွတ်ပေးသော အရက်ပျံဆွတ် ဝါဂွမ်းစဖြင့် သူ ပွတ်သုတ်ပေးစဉ်နိုက် စပ်နေအောင်နာသည့် ဝေဒနာ။

တင်ချာကို သူ ဝါဂွမ်းဖြင့်ဆွတ်၍ အနာမှာ ညှစ်ထည့်စဉ်နိုက် အာခေါင်ခြစ်၍ အော်ယူရအောင် နာကျင်မှုလောင် စပ်ရှိန်းနေသော ဝေဒနာ။

အားလုံးကို မုံ ရုန်းကန်ရင်း သူကလည်း တကယ့်ဗလကြီးဖြင့် လက်တစ်ဖက်နှင့် နိုင်နေအောင် ဖိထားကာ ဆေးလူးပေးရင်းဖြင့် ကုန်ဆုံးပြီးမြောက်ကာ ပတ်တီးစည်းပြီးသည့် အဆင့်သို့ တိုင်၏။

အားလုံး ပြီးသွားတော့ မုံ့မှာ အော်၍ ငိုထားရလို့နှင့် ခုတင်ခြေထောက်တိုင်ကို မှီရင်း အားကုန်မောနေသလို သူ့မှာလည်း ချွေးသီးတွေ မျက်နှာမှာ သီးနေရသည့် အဖြစ်။

www.burmeseclassic.com



နောက်မှ တစ်ယောက်အဖြစ်ကို တစ်ယောက် ကြည့်မိကြရင်းမှ တဖြည်းဖြည်း ပြုံးလာကြသည်။

"အဟင်း … ဟင်း"

မုံ့ ခပ်တိုးတိုးရယ်တော့ သူ ပြုံး၍ကြည့်ကာ …

"ဟော့ … ဘာရယ်တာလဲ"

ဟု ပြန်မေးမိသည့် အဖြစ်။ ချွေးသီးတွေကို မုံ့က လက်ညှိုးထိုးပြရင်း …

"မုံ့က သိပ်ဆိုးနေလားဟင်"

ဟု အားနာသလို ဆက်မေးလာတော့ သူ ခေါင်းယမ်းသည်။ မုံ့ကို ကြည့်ရင်း ခေါင်းလေးကို ထုပစ်လိုက်ချင်စိတ်က ရင်တွင်းသို့ တိုးဝင်၏။

"မင်းအတွက် စိတ်ပူရတာ ရင်ထဲမှာ မောတယ်ကွ၊ ဒီအိမ်မှာ ငါက အိမ်ထောင်ဦးစီးလို ဖြစ်နေတာ … အရာရာ ငါက ဦးဆောင်တာဝန်ယူရမယ့် သဘောပဲ၊ မင်း တစ်ခုခုဖြစ်ရင် ငါ့ဘက်က ပေါ့လျော့သလို ဖြစ်မှာပေါ့၊ နောက်ကို ဂရုစိုက်၊ ဆင်ဆင်ခြင်ခြင် နေပေါ့၊ သိပ်မဆော့တာတော့ အကောင်းဆုံးပဲ"

ဟု ပြောပြီး မျက်နှာမှချွေးကို အကျီလက်မောင်းစဖြင့် လက်မောင်းပင့်၍ ပွတ်သုတ်ပစ်လိုက်ပြီးမှ သူ ထိုင်နေရာမှ ထရပ်သည်။

ပြုံးရိပ်ကြည်ကြည်လေး သမ်းနေသည့် မုံ့ မျက်ဝန်းတွေ ရုတ်ခနဲ ပြန်၍ တည်သွားရပါပြီ။ ဪ … မာန်က မုံ့အတွက် စိတ်ပူပေးနေရတယ် ဆိုတာ အိမ်ထောင်ဦးစီး ဆိုတဲ့



တာဝန်ဝတ္တရားကြီးကို အပေါ့လျော့ မခံနိုင်လို့ပဲလေဟု မုံ့ တွေးဖြစ်လျက် မျက်လွှာချလိုက်မိစဉ်နိုက်မှာ သူ ခြေလှမ်းမှန်မှန်ဖြင့် အခန်းတွင်းမှ ထွက်သွားပြီ ဆိုတာကို မျက်လွှာချ အနေအထားလေးဖြင့်ပင် မုံ့ နားလည်နေမိရပါ၏။

စောစောက ပြုံးမိလိုက်ရပါသည့် နှုတ်ခမ်းကို နောင်တရင်ဖြင့် နာနာလေး ဖေးကိုက်ထားမိလိုက်ရပါပြီတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"စာကူးပေးခကျ[illegible]တော့ ဈေးကြီးတယ်၊ မနက်ပြန် စက်သာအေး မှာ မနက်နဲ့ ညနေစာ စားပြီးမှ ပြန်မှာနော်၊ ညားခါစခနိုး မောင်နှံနှစ်ယောက် ရန်ဖြစ်တာကိုလဲ အဖျင်းပြေ အဆစ်ကြည့် ကြဦးမှာလေ၊ အဟင်း ဟင်း"

ပေါက်ပေါက် ရယ်လျက်ပြောတော့ မုံ ပြုံး၍လွယ်အိတ် လေးကို ပိုက်ရင်းမှ အိမ်ပြန်လာကြိုမည့် ကားကို မျှော်ကြည့်မိသည်။

"ဟဲ့ ... ဖြေလေ ... သူ့အိုး သူ့အိမ်နဲ့လဲ ဖြစ်ရော၊ ကျွေး မွေးမယ့်ကိစ္စ လေသံပိတ်နေတာပဲ"

လှိုင်းပြာက မျက်ခုံးလေးတွန့်၍ မုံ့ ကျောကို ထုရင်း ပြောတော့ ထွေးထွေးအိက ...

"လက်ခံခံ ... မခံခံ ... စားမှာပဲ၊ နှင့်ကို လွမ်းတာ မဟုတ် ဘူး၊ ခေါက်ကြီးရွှေ လက်ရာကို လွမ်းတာ"

ဟု ရယ်ကျဲကျဲဖြင့် ပြော၏။ မုံက ဒူးလေးကို ကွေး ၍ လက်ဖြင့်သိမ်းပိုက်၍ မြက်ခင်းမှာ ထိုင်နေရင်းဖြင့် ...

"နှင်တို့ကို ... ငါ ပြောထားသားပဲ၊ သရဖီဦးကို လာကြ ပါလို့၊ ခု ... နှင်တို့ကို ဘယ်သူက တားနေလို့ ဒီလောက် စွာနေကြတာလဲ"



ဟု ပြောပြီး ခပ်တွေတွေလေး ထိုင်နေသည်။

"ငါ ... ပုလဲရိပ်မြုံမှာ နေခဲ့ရတဲ့ ဘဝကိုပဲ တမ်းတတယ် ဟာ"

မျက်နှာလေးညှိုး၍ လွမ်းဆွတ်ဆွတ်လေး ပြောတော့ လှိုင်းပြာက မျက်မှန်ကို တစ်ချက်ပင့်၍ မုံ့ကို ကြည့်သည်။

"နှင်ဖျားတုန်းကရော၊ ခြေထောက် သိမ့်တုန်းကရော၊ ဂရု စိုက်တယ်ဆို ... သူက"

"အောင်မာ ... နှင် ပြောပုံကြီးက သူ ဂရုစိုက်တာကိုပဲ ငါ က ခံနေချင်တာကျလို့၊ နှင်တို့မေးလို့ ငါက ဖြေပေးရတာ ပါနော်"

"အေးလေ ... အဲသလို ဂရုစိုက်နေတဲ့ ယောက်ျားကို နှင်က ဘာစိတ်ညစ်နေရတာလဲ"

မုံ ပြန်မဖြေ။ ဖြေပြန်လျှင်လည်း မချစ်ဘဲ ယူထား ရတာပဲဥစ္စာ ဆိုသည့် ဘုတ်ကိုပဲ ဆိုက်နေရတာမို့ ပြောပျင်းနေမိ ပြီ"

"ဟော ... အကြိုတော်ထောက်တဲ့ ကားတော့ ဟိုမှာ ရောက် လာပါပြီ၊ အံမယ် ... ကိုမာန်ကြီး ကိုယ်တိုင်မောင်းလာပါ လားနော်၊ နှင်သာ စိတ်ညစ်နေ၊ ခုလို ကားတစ်စီး တိုက် တစ်လုံးကို အပြတ်ဝယ်ပေးပြီး ရတနာတွေ တစ်ဆင်စာတွေ တစ်ဆင့်စာတွေ ပေးပြီး၊ သားနဲ့ ပေးစားတဲ့ ယောက်ျမ အကောင်းစားမျိုးကိုရတာ နှင် ကံကောင်းတယ်မှတ်"

ဟု ပေါက်ပေါက် ပြောနေတော့ လှိုင်းပြာနှင့် ထွေး ထွေးအိက ...

www.burmeseclassic.com



"အားကျနေတာကိုများ ဖုံးဖုံးဖိဖိ မရှိဘူး၊ ပွင့်လင်းရဲလိုက်တာနော်"

ဟု နောက်နေကြတော့ မုံ ရယ်လိုက်မိသည်ပါပဲ။ ကားရပ်သွားတာမို့ မုံ လျှောက်လာတော့ မာန်တို့ ပေါက်ပေါက်တို့ အုပ်စုကို လှမ်းကြည့်သည်။ သူ့အကြောင်း ပြောနေမှန်း သိထားသည်မို့ မျက်နှာတစ်ချက် ပူချင်၏။

"မြန်မြန်လာလေ"

ဝိုင်းကြည့်နေတာကို အနေခက်စိတ်ဖြင့် မုံ့ကို သူ လှမ်းခေါ်တော့ မုံ့ မျက်နှာလေး ရဲခနဲဖြစ်၏။ သူငယ်ချင်းတွေ ရှေ့ အခေါ်ခံရတော့ မုံ ရှက်သည်ပေါ့။ ထုံးစံအတိုင်း မျက်နှာလေး တည်တင်းသွားကာ မုံ ခြေလှမ်းကို ပိုနှေး၍လျှောက်၏။ ကားတံခါးကိုဖွင့်၍ အထဲရောက်တော့လည်း တံခါးကို ဆောင့်ပိတ်ပစ်သည်။

"မိန်းကလေးပဲ ညင်ညင်သာသာ ပိတ်ပါလား"

"ပိုင်ရှင်မှန်း သိပါတယ်၊ စည်းကမ်းထုတ်မနေပါနဲ့"

"ဟာ … ဒါ မင်းကို မေမေ ပေးထားတဲ့ ကားပဲ၊ ငါနဲ့ဘာဆိုင်လို့လဲ၊ ပစ္စည်းကို ရှိသေဖို့ ပြောတာကွ၊ သူဌေးသမီးမှန်း သိပါတယ်"

"မေမေ ချမ်းသာလို့ သူဌေးသမီးဖြစ်တာ ဘာဖြစ်လဲ၊ အလကားလာပြီး အူပူမနေနဲ့"

ကားအရှိန်ကိုလျှော့၍ စိတ်ပျက်လက်ပျက်ပုံဖြင့် မာန်ငဲ့ကြည့်တော့ မျက်နှာလေး တင်းစူစူဖြင့် ကြည့်နေသည့် မုံ့မျက်နှာလေးကို ထင်ထားသည့်အတိုင်းပဲ မြင်လိုက်ရပါသည့်အဖြစ်။

"ဘာပြောမလို့လဲ"



ဘာမှကို မပြောရသေး။ မုံက စွာနှင့်နေပြီမို့ ပခုံးကိုတွန့်၍ …

"ငါက ဘာပြောရသေးလို့လဲ၊ မင်းဥစ္စာက လွန်လွန်းနေပြီ၊ ဒီမှာ … မင်းကို ငါ အော်ခေါ်လိုက်တာ မကြိုက်ဘူး မဟုတ်လား၊ ဆောင့်ကြီး အောင့်ကြီး လုပ်ပြမနေနဲ့၊ မအော်လို့ မဖြစ်ဘူးကွ၊ ဟိုက ချာတိတ်သုံးကောင်က ငါ့ကို ဝိုင်းကြည့်နေကြတာ"

"ကြည့်တော့ ဘာဖြစ်လဲ၊ အသားပုံပါသွားတာကျလို့ …"

"ဝိုင်းကြည့်တော့ ရှက်တာပေါ့၊ ဘာလဲ … နင်က ငါ့ကို အရှက်နည်းတဲ့ကောင် မှတ်နေလို့လား"

"ရှင် အရှက်နည်းတာ များတာ မုံ သိနိုင်ပါ့မလား"

ကားမောင်းရင်း စကားကောင်း တစ်ခွန်း မပြောဖြစ်ကြ။ ရန်ပဲဖြစ်နေကြရသည့် အဖြစ်။ မုံ့ကို ကြိုဖို့ ကားဖြင့်ထွက်လာတုန်းကတော့ စိတ်ထဲမှာ ကြည်ကြည်လင်လင်ပါ။

သူ အတန်းပြီးတာနှင့် မုံ့ကိုကြိုဖို့ ရုပ်ထားသောကားဖြင့် ချက်ချင်းမောင်းထွက်လာခဲ့နိုက်မှာလည်း မုံ စောင့်နေရတာကြာမှာစိုးသည့်စိတ်ပင် ဖြစ်ခဲ့ရသေးသည်။ တကယ်တမ်းကျတော့ စကားပြော အဆင်ပြေရတာပင် မရှိဖြစ်ကြ။

"ဟာ … ကိုယ့်ယောကျာ်းကို ဒီလောက်ကြီး ကြည့်နေတာ ညည်းက သဘောကျနေတယ် … ဟုတ်လား"

"ကိုယ့်ယောကျာ်း … ကိုယ့်ယောကျာ်းနဲ့ သိပ်ပြီးကြွားမနေနဲ့၊ ကြည့်ပေ့စေပေါ့၊ ဘာဖြစ်လဲ၊ အဲဒါ မုံ့သူငယ်ချင်းတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါ့သူငယ်ချင်းတွေ လာတဲ့အခါ နင့်ကို ဝိုင်းကြည့်ပစေ"

"ဘာပြောတယ် ... ကဲ"

ဒေါ်ပွပွဖြင့် လက်မောင်းကြီးကို ယက်သီးဖြင့်ထုတော့သူ ကားကို ထိန်းမောင်းရင်းမှ ...

"ဟား ဟား ... သူကျတော့ အကြည့်မခံနိုင်ဘူး"

ဟု ရယ်မောပြောနေပြန်တော့ မုံ မျက်နှာလေး စူပုပ်၍ ရှေ့ကိုပဲ မကြည့်ဖြစ်နေ၏။

စောစောပိုင်းက စိတ်ရှုပ်သလို ဖြစ်ရပေမယ့် နောက်တော့လည်း သူ တဖြည်းဖြည်း ပျော်လာရသည်။ စိတ်ကောက်ဒေါ်ပွရင်း သူ့လက်မောင်းကြီးကို မုံ ထုနေတော့ သူ ပျော်နေမိသည်ပဲလေ။ အရမ်းနာအောင် မထုမှန်းလည်း သူ အလိုလို နားလည်နေမိသလိုရှိ၏။

ကားလေးက သရဖီဦးသို့ ဝင်လာပြီ။

ပန်းဥယျာဉ်လေးတွင်းမှ မူတူးကပြေး၍ ခြံတံခါးကိုဖွင့်ပေးကာ ဆလံပေး၍ ကျန်ခဲ့သည်ပါပဲ။

ကားရပ်တော့ မုံ ဒေါ်ပွပွဖြင့် ကားတံခါးကိုဖွင့်ကာ အသံမြည်အောင် တမင်ဆောင့်ပိတ်ပြပြီးမှ လွယ်အိတ်ကိုပိုက်၍ အိမ်တွင်းသို့ ဝင်သည်။

"မမမုံ ... ဟို ... ဟို ... ခေါ်ကြီးရှေ့ ပုလဲရိပ်မြုံကို သွားလိုက်ရတယ်၊ ဘွားက ခေါ်နိုင်းလို့ လေးလေးဆွေ လာခေါ်တယ်၊ စနေ တနင်္ဂနွေ ပုလဲရိပ်မြုံမှာ ခေါ်ကြီးရှေ့ကို ခေါ်ထားမလို့တဲ့"



လွယ်အိတ်လေး ပိုက်လျက်သားဖြင့်ပင် မုံမှာ ရင်ထဲမောကျသွားရသည့် အဖြစ်။

"ဟင် ... ဒါဆို ... ဘယ်သူက ချက်ပြုတ်ပေးမှာလဲ"

"မမမုံ ချက်တဲ့"

"ဘာ ..."

"မမမုံ ချက်တဲ့၊ ဘွားက အဲလို မှာလိုက်တယ်လို့ လေးလေးဆွေက ပြောသွားတယ်၊ ဘွား နားချင်လို့ ဟိုကို ခေါ်ကြီးကို ခေါ်ထားရတာတဲ့၊ ဟိုမှာ ရီရီနဲ့ ချက်ပြုတ်စီမံရတာဘွား ပင်ပန်းလို့တဲ့"

"အဲဒါတွေ ဘွား မှာလိုက်တယ်လို့ လေးလေးဆွေက ပြောတာမဟုတ်လား၊ အဲဒါ ဘွား တမင်သက်သက် ခေါ်ကြီးကို ခေါ်တာ၊ ငါ သိတယ်၊ ငါ မချက်တတ်ဘဲ ဖျင်းနေလို့ အဲဒါ ဘွား တမင်လုပ်တာ"

မြေးအဘွားချင်း နားလည်နေကြသည်မို့ မုံ ညည်းတော့ လက်လေးပိုက်၍ မီကျော့ ရပ်နေ၏။ ဆိုဖာထက်မှာ ခြေပစ်လက်ပစ်ထိုင်ရင်း မုံ လွယ်အိတ်ကို ဘေးချပစ်လိုက်လျက် ...

"နင် ဘာချက်တတ်လဲ"

"ငါးသေတ္တာချက်"

အပင်ပန်းခံ ဟင်းကိုမှ ချက်တတ်ပါသည့် မီကျော့လက်လေးဝိုက်၍ ခပ်ကြွားကြွားလေး ဖြေသည်။ ဒယ်အိုးထဲ ဆီထည့်။ အရောင်တင်မှုန့်နည်းနည်း၊ နနွင်းမှုန့်နည်းနည်းထည့်။ ကြက်သွန်နီနွှမ်းလာတော့ ခရမ်းချဉ်သီးတွေထည့်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ခရမ်းချဉ်သီးလေးတွေ လှီးသွားတော့ ဖောက်ထားသော ငါးသေတ္တာဘူးထဲမှ ငါးသေတ္တာတွေ လောင်းထည့်။ ခဏ မီးဖိုပေါ် တည်ထား။ ပြီးပြီ။ ဒါ ... ဒေါ်ကြီးရွှေ ချက်နေကျ။ မီကျော့ကလည်း ကြိုက်သည်။

ဒါကြောင့် ကြိုက်လည်းကြိုက် လွယ်လည်း လွယ်သည့် ဟင်းအမည်ကို မီကျော့ ဖြေလိုက်ရပါသည့်အဖြစ်။

"အေး ... အဲဒါပဲချက်"

မုံ ပြောပြီး ထရပ်တော့ မီကျော့ မဝံ့မရဲလေး ရှေ့သို့ တစ်ချက်တိုး၏။

"ဟိုဒင်း ... လေးလေးဆွေနဲ့ ဘွားက မှာလိုက်တယ်၊ မမမုံ ကိုပဲ ချက်ခိုင်းတဲ့။ ချက်ပြုတ်တတ်အောင် အန်တီမွန်မွန်နဲ့ သင်ပေးတုန်းက မမမုံ သင်ထားရတာပဲတဲ့"

"ဟဲ့ ... အဲဒါ ငါမသင်ဘဲ ပျင်းနေခဲ့မှန်းသိလို့ တမင် ငါ့ကို အရ ဒဏ်ပေးတာဟဲ့၊ ဘာဖြစ်လဲ ... နင်ချက်တယ်လို့ မပြောဘဲ ငါချက်တယ်ဆိုပြီး နင်ပဲ ချက်လိုက်ဟာ"

မသွားဘဲ ယောက်ကတ်လေး ရပ်မြဲ ရပ်နေသည့် မီကျော့ကို အကဲခတ်သလို မုံ ကြည့်၏။

မီကျော့ စိတ်ညစ်နေမှန်း မုံ သိသည်။

"ဘွားက လေးလေးဆွေနဲ့ မှာလိုက်တယ်၊ လေးလေးဦးမူတူး နဲ့ ကြည့်ခိုင်းခဲ့တယ် မမမုံ၊ မမမုံ ကိုယ်တိုင် ချက်မချက် လေးလေးမူတူးက မီးဖိုမှာ လာစောင့်ကြည့်ရမှာတဲ့"

မုံ စိတ်လက်ညစ်လျက် ထဘီလေးကို ပြင်ဝတ်၏။ အင်္ကျီမလဲတော့ဘဲ လက်မောင်းလေးကိုပါ ပင့်၍ ...



"ကဲ ... ချက်မယ်၊ ငါးသေတ္တာ ရှိလား"

"ဟုတ် ..."

ကြောင်အိမ်တွင်းမှာ ရှိနေသည့် ငါးသေတ္တာကို မီကျော့ ယူပေးသည်။

ကားကို ဂိုဒေါင်ထဲသွင်း၍ မာန် ညှိခန်းတွင်းသို့ ဝင်လာတော့ မီးဖိုခန်းမှ အသံကြားရတာမို့ လျှောက်လာကာ ခန်းဆီးကိုလှစ်၍ ကြည့်သည်။ ငါးသေတ္တာဘူး ဖောက်နေသည့် မီကျော့ ဘေးမှာ ဆောင့်ကြောင့်လေး ထိုင်၍ တပည့်ခံနေသည့် မုံ။

"ပထမ ဒယ်အိုးထဲ ဆီထည့်"

"ငါ သိပါတယ်၊ ဆရာ မလုပ်နဲ့၊ ငါမသိတဲ့အခါ မေးမယ်၊ အဲဒီအခါ ဖြေ"

စုမှ မာန် သဘောပေါက်လာသည်။ မုံက ဟင်းတွေ ဘာတွေ ချက်တော့မည်ကိုး။

ဘာပုံထွက်လာမည် မသိ။ ပြုံး၍ ငေးကြည့်ဖြစ်သည် ပါပဲ။

"ကြက်သွန်ဖြူနဲ့ ကြက်သွန်နီက ထောင်းရဦးမှာ မမမုံရဲ့"

မီးဖိုပေါ်မှာ ဒယ်အိုးတည်၍ ဆီလောင်းထည့်နေသည့် မုံ့ကို မီကျော့ မရဲတရဲလေးပြောတော့ လှည့်ကြည့်၍ ...

"ဟဲ့ ... အဲဒါဆို ထောင်းပါလား၊ ဘာလုပ်နေတာလဲ"

လျှပ်စစ်မီးဖိုထက်မှာ အငွေ့တထောင်းထောင်း ထနေပြီဖြစ်သည့် ဆီဒယ်အိုးကို မီကျော့ မော့ကြည့်ရင်းမှ ...

"စုမှ ထောင်းရမှာ မမုံ၊ ဒယ်အိုးကို ခဏချထားလေ၊ ဆီ တွေ အငွေ့ထနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ် ... လာမပြောနဲ့၊ ဟဲ့ ... ဘယ်မှာလဲ၊ လက်နှီးဝတ်"

တထောင်းထောင်း အငွေ့တွေ ထနေပြီဖြစ်သည့် ဆီဒယ်အိုးကိုချဖို့ ပျာယာခတ်စွာပဲ မှုက လက်နှီးဝတ်ကို ရှာနေတော့ စိတ်လက်ပူ၍ ပြေးလာရသည်က မာန်ပါ။

"ဖယ် ... ဖယ် ... ချက်လဲချက်တတ်တာ မဟုတ်ဘဲနဲ့၊ ဆီပူလောင်ပြီး နောက်ထပ်ရောဂါတစ်မျိုး ကုနေရဦးမယ်"

မှုံ့ကို မျက်နှာထားဖြင့် ဆွဲဖယ်လိုက်ပေမယ့် တကယ်တမ်းကတော့ မလုပ်တတ် မကိုင်တတ်နှင့် မှုံ ဆီပူလောင်မှာ စိုး၍ပါ။

"ငါ ချက်မယ် ... ညည်း ... ဘေးက ထိုင်ကြည့်"

ဟု သူ ပြောတော့ အံ့ဩသလို မှုံ မော့ကြည့်သည်။ မချက်တတ်ဘဲ ဒုက္ခတွေ့နေတာလွတ်၍ ဝမ်းသာမှန်းလည်း သိသာသည်။

"ဆေါ်ကြီးရှေရော"

"ဘွား ဝင်ပန်းလို့ဆိုပြီး မုလ်ရိုပ်မြိုကို ခဏသွားနေတယ်"

ဟု ပြောတော့ နှစ်ယောက်သား အေးအေးချမ်းချမ်းလေပေးလေယူ ပြန်ဖြောင့်သွားကြပြန်၏။ ငရုတ်သီးစိမ်းတောင့်လေးတွေ ဘာတွေဖြင့် အကျအသား ဟင်းချက်ပြီးသွားတော့ မာန်ပြုံး၍ မှုံ့ကို ကြည့်သည်။

"စောစောက ဒေါသတွေ ကျေပြီပေါ့၊ ဟုတ်လား မှုံ"

ဟု မေးမိသည်ကိုက ချစ်စနိုးလေး ငုံ့မိုးကြည့်၍ပါ။ မှုံ တစ်ချက်ရယ်၍ ...



"မှုံက ... ဟင်းရည်အတွက် ရယ်ဒီမိတ် မြူစွမ်ထုပ်ကို အားကိုးပြီး ဒီဟင်းကောင်းလေးနဲ့ ထမင်းစားရမှာကို ပျော်နေတာမှပဲ ... အပ်ဟင်းဟင်း"

ဟု ကလေးလို ရှက်ရယ်လေးဖြင့် ပြောပြီး အပေါ်ထပ်သို့ ပြေးတက်သွားတော့ နေရာမှာ သူ ပြုံး၍ ရပ်ကြည့်ကျန်ခဲ့ပါ၏။ ဟင်းမချက်ဘဲတတ်၍ ရှက်နေမှန်း သူ နားလည်ဖြစ်သည်ပါပဲ။ နောက်မှ မီးဖိုခန်းလှေကားထစ်နေရာမှာ သေချာထိုင်ကြည့်နေသည့် ဦးမှုတူးကို တွေ့တာမို့ ...

"ဦးမှုတူး ... ဘာထိုင်လုပ်နေတာလဲ"

ဟု မေးမိရပါပြီ။ အလျှင်ရက်ကဆို ပန်းပင်တွေ ရေလောင်းနေချိန် မဟုတ်ပါလားလေ။

"ဘွားက ... ဘယ်သူ ထမင်းဟင်းချက်လဲ ဆိုတာ ကြည့်နိုင်းထားလို့ပါ"

ဟု ဖြေတော့ ရှက်အမ်းအမ်းဖြင့် နေရာမှ သုတ်သုတ်ထွက်ခဲ့ရသည်က မာန်ပါ။

ဒါဆိုလျှင်ဖြင့် သူ ချက်ပြုတ်ကျွေးရသည့် အဖြစ်ကို ဘွား သိချေရတော့မည်ပေါ့။ ရှက်ပြုံးဖြင့် လှေကားထစ်တွေကို ဖြတ်နင်းတက်လာပေမယ့် မှုံ့ကို ခရို ချက်ကျွေးရတာကို ရင်ထဲမှာ ကြည်နူးနေမိရသလိုပါ။

ပေါ့ပါးကြည်စင်စွာပဲ ... လေလေးချွန်လိုက်မိရပါသည့် အဖြစ်။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com



လွှယ်အိတ်လေးကို စားပွဲပေါ် တင်နိုက်မှာ မုံ့ ရင်ထဲမှာ ကြည်နူးခြင်းက ငြိငြိတွယ်တွယ် ကပ်ပါလာနေဆဲ။

"ဒီလိုကျတော့လဲ သူက သဘောအကောင်းသား"

ဟု မာန့်အပေါ် တွေးဖြစ်၏။ ရန်ဖြစ်လိုက်၊ မချော ပါဘဲနှင့် ပြန်၍ အလိုလို တည့်သွားလိုက် ဖြစ်နေသည့် ခံစားမှုက ကြည်နူးခြင်းကိုလည်း နှလုံးအိမ်ဆီသို့ ပေးစွမ်းနိုင်ချေသည်ပဲဟု နားလည်လာနေမိရသည့် အဖြစ်။

မုံ့ မျက်ဝန်းလေးတွေက စားပွဲထက်မှာ ရှိနေသည့် စာအိတ်လေးတစ်အိတ်ဆီသို့ ရောက်၏။ မာန့်စာပါလားလေ ...

လက်ရေးက သေသပ်ပိုင်းစက်၏။ မာန် စာကြည့်ခန်းမှာ အိပ်တာကို ဒေါ်ကြီးရွှေ မသိတာမို့ ဤစာကို ဤအခန်း၏ စားပွဲထက်မှာ တင်ထားပေးခဲ့တာ ဖြစ်မည်။ စာကြည့်ခန်းမှ မာန်ကလည်း ဘယ်သူမှ မနိုးခင် အလျှင်ဆုံးထ၍ ခြံထဲမှာ ကိုယ်လက်လှုပ်ရှား ကျန်းမာရေး လေ့ကျင့်ခန်း လုပ်သည်။ ဒါကြောင့်မို့ ဒေါ်ကြီးရွှေ ဤအခန်းမှာပဲ မာန် နေသည်ထင်၍ စာကို စားပွဲပေါ်မှာ ထားခဲ့တာ ဖြစ်ချေသည်ပေါ့။



စာအိတ်လေးကို မုံ့ မှုကြည့်မိသည်။ မာခေါက်ခေါက် ပစ္စည်းတစ်ခုကို စာအိတ်ထဲမှာ ရှိနေတော့ ရင်ထဲမှာ သိချင်လာမိပြန်၏။

ခက်သည်က မုံ့စာ မဟုတ်။ သူများစာကို ဖောက်ဖတ်ပြန်လျှင်လည်း မကောင်း။

ဒါပေမယ့် ... မုံ့ သိချင်နေသည်လေ။ အထဲမှ မာခေါက်ခေါက် အရာသည် ဘာများလေလဲ။ ဓာတ်ပုံများလေလား။ လက်ဖြင့် အနားသတ်တွေကို စမ်းကြည့်တော့ ပို့စ်ကတ်ဆိုက် ဓာတ်ပုံအရွယ်အစား ဖြစ်နေသည်။ ပို့စ်ကတ်လည်း ဖြစ်နိုင်သည်။ ပြီးတော့ ဓာတ်ပုံလည်း ဖြစ်နိုင်သည်။

"ဒီလောက်လှနေတဲ့ လက်ရေးရှင်ဟာ ဘယ်သူပါလိမ့်"

မုံ့ မျက်မှောင်လေး တွန့်ကွေး၍ ခပ်တွေတွေလေး စဉ်းစားနေမိပေမယ့် ရင်ထဲမှာတော့ မတည်ငြိမ်ချင်။

"ကောင်မလေးတစ်ယောက်ယောက်ဆီက ဖြစ်နိုင်တယ်၊ အို ဘာဖြစ်လဲ၊ ဖောက်ဖတ်မယ်၊ သူနဲ့ ငါနဲ့က လက်ထပ်ထားတာပဲ၊ သူ့ယောက်ျားယောနာတွေ အတွင်းရေးတွေ သိရင် ငါက သူ့ကို နိုင်စားနိုင်သေးတယ်"

ဟု တွေးလျက် အခန်းတံခါးကို အလျှင်သွားပိတ်သည်။ ခိုးကြောင်ခိုးဝှက် လုပ်သည်မို့ လူမိမှာ ကြောက်သည်လေ။

စာအိတ်ကို ကော်ကပ်သည့် နေရာလေးမှာပဲ ထောင့်ချိုးအလိုက် ဘောလ်ပင်လေးနှင့် ဖြည်းဖြည်းချင်းလိုမ့်၍ ခွာသည်။ နောက်တော့ အတွင်းမှ မာခေါက်ခေါက် အရာကို စိတ်စောစွာပဲ ထုတ်ယူကြည့်မိပါ၏။ စာခေါက်နှင့်အတူ ဓာတ်ပုံတစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက အတော့်ကို ချောသည်။ ဂျမန်ဂလေးနှင့်တူအောင် ချောသည့် အချော။ ခေါင်းပိုင်းလေးကိုပဲ ဒေါးစောင်းတိုက်ရိုက်ထားသည့်ပုံလေး။ စာနားတွန့်လေးများပါသော ကော်လာလေးပါသည့် ဝါနုနုစာအင်္ကျီလေးက ကိုယ်တစ်ပိုင်းပင် မပေါ်။ ဆံပင်လေးက ပခုံးထက်မှာတချို့။ ပခုံးစွန်းလေးမှာ တချို့။ မုံ့လက်လေးတွေ တုန်လာလျက် နောက်ကျောဘက်ကို ကမန်းကတန်းလေး ကြည့်မိတော့ စာအိတ်မှ လက်ရေးဝိုင်းလှလှလေးတွေဖြင့် ...

"မောင့်ကို ချစ်တဲ့ ...

မောင့်ရဲ့ ...

ဖြိုး"

ဟူ၍ တွေ့ရတော့ မုံ့ မျက်ဝန်းလေးတွေ ပြာခနဲတစ်ချက်ဖြစ်၏။ စာရွက်လေးကို ကမန်းကတန်း ဖြန့်ဖတ်ဖြစ်တော့ ...

"မောင်ရေ ...

ဖြိုး စင်ကာပူက မကြာသေးမီကပဲ ပြန်ရောက်ဟယ်။ ဒက်ဒီနဲ့ မာမီတာ ထိုင်းမှာ နေခဲ့ကြတယ်။ ဟိုမှာ ကုမ္ပဏီကိစ္စတစ်ခုနဲ့ နည်းနည်းတော့ ကြာမယ် မောင်။ ဖြိုး မောင့်ကို လွမ်းလို့ ပြန်လာတာ။

ဖြိုးနဲ့မောင် အဆက်အသွယ် စာချင်းရှိနေကြပေမယ့်ခုလို ... ဖြိုး ရုတ်တရက် ရောက်လာရင် မောင် ဝမ်းသာသွားအောင် ဆိုပြီး၊ ဖြိုး ဒီကို ရောက်မယ့်ကိစ္စကို လျှို့ဝှက်ထားတာ။

ဖြိုးရဲ့ ဓာတ်ပုံလေးကို ထည့်ပေးလိုက်တယ် မောင်။



ခွဲခွာနေကြရတဲ့ တစ်နှစ်ကျော် အတောအတွင်းမှာ ဖြိုး ပိုလှလာတယ်လို့ မောင် ပြောရမယ်နော်။

ဖြိုး ဒီကို ပြန်ရောက်ရောက်ချင်း မောင့်ဆီကို ဒီစာထည့်လိုက်တာ။

ဒက်ဒီ ခိုင်းထားတဲ့ ကိစ္စတစ်ခုနဲ့ မျဉ်းမနားဘက်ကို ကုမ္ပဏီက လူတစ်ယောက်နဲ့ ဖြိုး ခဏသွားရဦးမယ် မောင်။

ကုမ္ပဏီက လူဆိုလို့ ကျွဲမြီးမတိုသွားနဲ့ဦးနော်။ အမျိုးသမီးပါ မောင်ရဲ့။

ဖြိုး ရန်ကုန်ကို ပြန်ရောက်တဲ့အခါ မောင့်ဆီ ဖုန်းဆက်မယ်။

လောလောဆယ်တော့ မောင် သိပ်ချစ်တဲ့ ဖြိုးရဲ့ဓာတ်ပုံလေးကိုပဲ အလွမ်းပြေ ကြည့်နေဦးနော်။

အရင်တုန်းက မောင့်ကို ပေးထားတဲ့ ဓာတ်ပုံလေးတွေထက် ဒီပုံက ပိုလှတယ်လို့ မောင် ဆုံးဖြတ်ပေးမှာလားဟင်။

အဲဒါမျိုးကိုပဲ ဖြိုးက ကြားချင်တယ် မောင်။

ဘာလို့လဲ ဆိုတော့ မောင့်ကို ဖြိုးက အရမ်းချစ်ရတာမဟုတ်လား။

စင်ကာပူကို မောင် လိုက်ခဲ့ပါလားဟင်။

တွေ့တဲ့အခါကျမှ တိုင်ပင်ကြတာပေါ့ မောင်ရယ်။

မောင့်ရဲ့

ဖြိုး"

www.burmeseclassic.com

www.burmeseclassic.com



မုံ့ မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းတက်လာတာ။ အိခနဲ ပြိုကျလာတာကို မုံ့ ဘာသာပင် မသိလိုက်။ နှုတ်ခမ်းကို တင်းနေအောင် စေ့ပိတ်ထားလျက် စာကို မျက်တောင်မခတ် စိုက်ကြည့်နေမိရဆဲ။ တစ်ကိုယ်လုံး ကျောက်ဆစ်ရုပ်နှယ် လှုပ်ရှားမရတော့သလို ခံစားဖြစ်၏။ ဓာတ်ပုံလေးကို အတန်ကြာ စူးစူးစိုက်စိုက် မုံ့ ကြည့်နေမိသည်။ အရမ်းကို လှတာပါပဲလားဟု နားလည်လာမိရင်းမှ ရင်ထဲမှာ နာကျင်လာရပြန်သည်လေ။

နောက်တော့ နှုတ်ခမ်းကို တစ်ချက်မဲ့၍ ခပ်တွန့်တွန့်ပြုံးသည်။

"အဟွန်း ... ဟွန်း ... မောင့်ကို ဖြူးက အရမ်းချစ်ရတာ မဟုတ်လားတဲ့၊ ချစ်ပေါ့ ... ဘယ်သူက တားနေလို့လဲ၊ ဟိုလူကလဲ ရည်းစားမရှိသလို ဘာလိုလိုနဲ့ ကုပ်ချောင်းချောင်းနဲ့ အဟုတ်လား မှတ်တယ်၊ ဒါနဲ့များ ငါ့ကို ဘာလို့ ဟုတ်တိ ပတ်တိ လက်ထပ်နေရသေးလဲ"

စာကို ဓာတ်ပုံဖြင့် စုထပ်ကိုင်လိုက်ရင်းမှ မုံ့ အခန်းတွင်းမှ ထွက်သည်။

မုံ့ မျက်ဝန်းတွေမှာ ခံပြင်းရိပ်တွေ ပြည့်ပြည့်သိပ်သိပ်။ စာကြည့်ခန်းရှေ့သို့ ရောက်တော့ မပြောမဆို အခန်းတံခါးကို ဖွင့်လိုက်တော့ ရေစိုကွက်နေသော ရေလဲပုဆိုးနှင့် အပေါ်ပိုင်းဗလာဖြင့် တဘက်ကြီးခြုံရင်း ရေချိုးပြီးစ ဖြစ်ဟန်တူသည့် မာန့်ကို တွေ့ရ၏။

"ဟာ ... ဒီကောင်မလေး၊ အသံမပေး ဘာမပေးနဲ့ ဘာလာလုပ်တာလဲ"



ကမန်းကတန်း စွပ်ကျယ်ချိုင်းပြတ်လေးကို ကောက်ဝတ်ရင်းမှ မာန် မေးခိုက်၊ မုံကတော့ အေးစက်စက် အကြည့်ဖြင့် မာန့်ကို စိုက်ကြည့်နေသည်။ နောက်တော့ ရှေ့တိုးလာလျက် လက်တွင်းမှ စာအိတ်နှင့် ဓာတ်ပုံကို ကမ်းပေး၏။

"ရော့ ... ရှင့်စာ ... ရှင့်ဓာတ်ပုံ၊ ခွင့်မပြုဘဲ မုံ ဖောက်ကြည့်မိတဲ့ အတွက်တော့ ခွင့်လွှတ်ပါ၊ မုံ ... မုံ အိမ်ပြန်တော့မယ်၊ ရှင့်ဖြူးနဲ့ရှင် လွတ်လွတ်လပ်လပ် တွေ့ပါ၊ ချစ်ကြပါ၊ မုံက အမှိုက်ပဲ"

မုံ ပြောရင်း မျက်ရည်တွေ အိခနဲ ပြိုကျလာတော့ ချက်ချင်း မျက်ရည်ကိုသုတ်၍ မျက်နှာကို မော့ရင်း မျက်တောင်တဖျပ်ဖျပ်ခတ်၍ မျက်ရည်ကို ထိန်း၏။

မုံ မျက်ရည်ကျတာ။ ပြီးတော့ ... မုံ ပြန်မယ်ဟု ပြောလိုက်တာ၊ အားလုံးကို မာန် နားမလည်နိုင်။

မျက်နှာပျက်ပျက်ဖြင့် မုံ့လက်ကို ဖျတ်ခနဲကိုင်၍ ...

"မဟုတ်တာ၊ ဘာလို့ မုံက ပြန်ရမှာလဲ၊ ဘယ်က ဖြူးလဲ၊ ကိုယ် နားမလည်ဘူး ... မငိုနဲ့လေ မုံ ... မငိုနဲ့လေကွာ"

ဟု ပြောလည်းပြော။ မျက်ရည်တွေ သုတ်ပေးရင်း ရင်ထဲမှာ မကောင်းနိုင်တော့။

မုံ အရမ်းကို စိတ်ထိခိုက်နေတာကို နားလည်နေမိရသည်ကိုက ရင်ထဲမှာ နေထိုင်၍မရ။ မုံ့ မျက်နှာလေး တင်းသွားကာ ဆတ်ခနဲ သူ့လက်တွေကို ဖယ်ထုတ်ပစ်ရင်း ...

"ဘာနားမလည်ဘူးလဲ၊ ဘာနားမလည်ဘူးလဲ ကိုမာန့်၊ ရှင့်ရည်းစားလေ၊ နိုင်ငံခြားမှာ ကုမ္ပဏီတွေ ထောင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူချမ်းသာကြီးရဲ့သမီး ဖြိုးပေါ့၊ ရှင့်ကို သူ မုန်းဆက်လိမ့်မယ်၊ အဲဒီအခါ ရှင်တို့ တွေ့ကြ ... ဒါပဲ၊ မုံကတော့ ပြန်မယ်"

မုံ ပြောပြောဆိုဆို တံခါးတက်ကို လှည့်ထွက်တော့မားခနဲ ရှေ့မှကာ၍ မုံ ပခုံးနှစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ရင်း ...

"ဘာလို့ သွားရမှာလဲ၊ မုံ ပြောတာ ကိုယ် နားမလည်ဘူးဆို၊ မုံ မသွားရဘူးဆို မသွားရဘူးကွဲ"

ဟု စိုးရိမ်စောဖြင့် မျက်နှာအရှမ်းကို ပျက်လျက် သူ ပြောနေမိရပြီ။ မုံ့ကို မခွဲနိုင်ပါလားဟု တိတိပပ နားလည်လာနေရသည့် အဖြစ်။

"ရှင့်စာကို ရှင်ဖတ်လေ၊ လက်ဆုပ်လက်ကိုင် တွေ့ထားတဲ့ မုံ့ကို မလိမ်ပါနဲ့ ကိုမာန်ရယ်၊ မုံက ... မုံက တကယ့်ကို ဖြူဖြူစင်စင်လေးပါ၊ မုံ ပြန်မှာပဲ၊ ဘယ်နည်းနဲ့မှ ဒီမှာ ပနေနိုင်ဘူး ... ဖယ်"

"မဖယ်ဘူးဆိုကွာ၊ မင်း ပြန်ချင်တိုင်း ပြန်ရအောင် မင်းက လွှတ်လွှတ်လပ်လပ်မို့လို့လား၊ ငါ့များ ... ငါ ခွင့်ပြုမှရမယ်"

မုံ့ ကိုယ်လေးကို သိမ်းမွေ့လိုက်မိရင်း သူ ပြုတ်ပြုတ်သားသား ပြောတော့ မုံ သူ့ရင်ခွင်တွင်းမှ အတင်းရုန်း၍ ...

"ရှင့်စာကို ဖတ်ပါဆို ဖတ်လေ၊ အဲဒီစာထဲမှာ ရှင့်ဖြိုးကိစ္စ ရှင်းနေအောင် ပါတယ်၊ ရှင့်မယား ဆိုပေမယ့် ရှင် ချစ်လို့ လက်ထပ်ထားရတာမှ မဟုတ်တာ၊ ရှင် ချစ်တဲ့သူနဲ့ ရှင်နေ၊ မုံကတော့ ပြန်မှာပဲ"



စာ ...။ ဤမျှ ပြောသည့်စာ ...။ စိတ်ရှုပ်ရှုပ်နှင့် ဖြန့်၍ သူ ဖတ်ဖြစ်တော့ မျက်နှာကြီး ရဲလာလျက် မုံ့ကို တစ်ချက်ကြည့်သည်။

"မဟုတ်ဘူး မုံ၊ ဒါ ဟိုကောင် ... ခော်ဇော့် လက်ရေး၊ သူ နှောက်တာ မယုံပါနဲ့ မုံရာ၊ ကိုယ့်မှာ ဘယ်က ဖြိုးမှ မရှိပါဘူး၊ ယုံပါ မုံရယ်"

ယခုမှ သူ့ရင်ထဲမှာ ထိတ်နေ ချောက်ချားနေမိရပြီ။ မုံ အရှမ်းကို အထင်လွဲနေပါလား ဆိုတာ သိနေရလေ။ မုံ အရှမ်းကို မျက်ရည်ကျ၍ ထိနိုက်နေပါလားဟု မြင်နေရလေ ရင်ထဲမှာ ချောက်ချားမှုက ကြီးမားလာလေပါ။

မုံ ထွက်သွားနိုင်သည်။ စိတ်လိုက်မာန်ပါ ထွက်သွားနိုင်နေသည်။ ဒါကို သူ နားလည်နေမိရပြီ။

"အဲဒီမှာ ရှင့်ဖြိုး ဓာတ်ပုံကြီး ပါလာနေတာ ဘာမဟုတ်ရမှာလဲ၊ ရှင့်ကို မုံ ဘယ်တော့မှ မယုံဘူး၊ ခုလို လက်ထပ်ပြီးချိန်မှာ ဖြိုးနဲ့ ဆက်သွယ်နေတာ ထင်ရှားတယ်၊ သရုဇ်ဦး လိပ်စာနဲ့ ဒီစာ ရောက်တာရှင့်၊ ရှင်ဟာ သစ္စာမဲ့တဲ့လူ"

သူ ခေါင်းယမ်းသည်။ မုံ့ လက်လေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားရင်းမှ ...

"တကယ့် အဖြစ်မှန်ဆိုရင် ဒီသရုဇ်ဦးလိပ်စာ ကိုယ်ပေးပါ့မလား မုံရယ်၊ တခြားလိပ်စာ ပေးမှာပေါ့၊ မုံ သွေးပူနေလို့ ဒီအချက် မတွေးမိတာပါ၊ စိတ်ကို လျှော့ပါ မုံရယ်နော် ... တကယ်ပါ မုံရယ် ... ကိုယ် ဘယ်သူ့ကိုမှ မချစ်ဘူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မုံကတော့ သူ ရှင်းပြလေ ... ခေါင်းယမ်းလေ ... စိတ်ထဲမှာ စာနင့်ဓာတ်ပုံက စွဲနေပြီ။

"အဲဒီမှာ ဓာတ်ပုံကြီး ရှိနေတာရှင့်၊ ဘယ်သူ့ပုံလဲ၊ ဓာတ်ပုံကြီးနဲ့ အတိအကျကြီး ရောက်လာတဲ့ဥစ္စာ၊ မုံ့ကို ကလေးလို နေတာပဲဆိုပြီး ကလေးကို လိမ်သလို မလိမ်ပါနဲ့ ကိုမာန်ရယ်၊ မုံ ပြန်မှာပဲ"

"ပြန်စကား မပြောနဲ့ဆိုကွာ၊ အဲဒီဓာတ်ပုံကို ဘယ့်နှယ်လုပ်သိပါမလဲ၊ တောက် ... ခွေးကောင်တွေ ... မြင့်ဆောင်ရဲ့ အကြံပဲ ဖြစ်မယ်၊ လာ ... မုံ၊ ဇော်ဇော့် လက်ရေးနဲ့တိုက်ကြည့်၊ ကိုယ့်စာအုပ်ထဲမှာ ကိုယ်အတန်းမတက်ဖြစ်တုန်းက သူ ကူးပေးထားတဲ့ လက်ရေး ရှိနေမယ် ထင်တယ်"

သူ့ရင်ထဲမှာ ရှုပ်ထွေးနေပြီ။ တစ်ခုပဲ ရှိသည်။ မုံ ထွက်သွားမှာကို စိုးရိမ်ခြင်းမက စိုးရိမ်နေသည့်စိတ်။ ကမန်းကတန်း မှတ်ရလိုက်ကူးထားသည့် ဗလာစာအုပ်ကို စားပွဲထက်မှ သူယူ၍ စာမျက်နှာတွေကို လှန်လှော ရှာကြည့်နေမိသည်က ဇော်ဇော့် လက်ရေးကိုပါ။ အရေးထဲကျမှ ပဲပင်ပေါက်နှင့် တူနေသည့် မြင့်ဆောင် လက်ရေးတွေချည်းပဲ တွေ့တွေ့နေရသည့်အဖြစ်။

မုံ စိတ်မရှည်တော့သလို အခန်းတွင်းမှ ရုတ်ခနဲ လက်ကိုဆောင့်ရုန်း၍ ပြေးထွက်တော့ လက်တစ်ဖက်က စာအုပ်ကို စားပွဲပေါ် ပေးတင်၍ စာမျက်နှာတွေ အလောတကြီး လှန်ရ။ မုံ့ လက်လေးကိုလည်း လက်တစ်ဖက်က ဆုပ်ကိုင်ထားရနှင့်မို့ ... မုံ ရုန်းတော့ လက်လေး လွတ်သွားရပါပြီ။

"မုံ မသွားနဲ့၊ ကိုယ် ရှင်းပြမယ် မုံ"



လှေကားအတိုင်း မုံ ပြေးဆင်းတော့ သူလည်း လိုက်ဆင်းလာရင်းမှ ဆောက်တည်ရာမဲ့ ခံစားနေရပြီ။ မုံ အရမ်းကို စိတ်နာသွားချေပြီပဲဟု နားလည်ဖြစ်ရင်းမှ မြင့်ဆောင်တို့ အုပ်စုကို ဆွဲထိုးချင်စိတ်ပဲ ပေါက်လာရသည်။

မုံ အိမ်ထဲမှ ပြေးထွက်သွားတော့ သူ သိလိုက်ပြီ။ ကားဂိုဒေါင်ထဲသို့ မုံ ပြေးချေပြီပဲ။ သူ ကမန်းကတန်း ဆက်လိုက်ပေမယ့် မမီတော့။ ကားက ဂိုဒေါင်တွင်းမှ အရှိန်နှင့် ထွက်လာလျက် ခြံတံခါးဝသို့ ဦးတည်မောင်းနေပြီ။ သူ နောက်မှ ပြေးလိုက်ရင်း —

"မုံ မပြန်ပါနဲ့ မုံ၊ ကိုယ် ရှင်းပြမယ်"

သူ တားပေမယ့် အရာမထင်တော့။ ကားက ခြံတွင်းမှ အရှိန်ပြင့် ထွက်သွားသည်မို့ စိုးရိမ်စိတ်ဖြင့် သူ အိမ်တွင်းသို့ ပြေးဝင်ကာ ပုလဲရိပ်မြုံသို့ ဖုန်းဆက်ရပြန်ပါပြီ။

"ဟလို ... ဘွားလား၊ မုံ ကျွန်တော့်ကို အရမ်းအထင်လွဲပြီး ပုလဲရိပ်မြုံကို ပြန်သွားပြီ ဘွား၊ မာန် ရှင်းပြလို့လဲ မရဘူး၊ သူ ပြောတာကို မယုံပါနဲ့ ဘွားရယ်၊ မာန် လိုက်လာပြီး ဘွားကို ရှင်းပြပါမယ်၊ မုံ့ကို ပြန်ထည့်ပေးပါ ဘွားရယ်"

ခွဲခွာရမှာကို စိုးရိမ်ချောက်ချားခြင်းဆိုသည့် သောကသည် ရင်ကို အဘယ်မျှထိ လောင်မြိုက်သည် ဆိုတာ သူ နားလည်လာမိရပါပြီ။ အဝန်ခံကြီး ဝန်ခံမိရပါပြီ။

မုံလေးကို သူ မခွဲနိုင်အောင် မြတ်နိုးစွာ ချစ်ခြင်းမက ချစ်နေမိပါလားဟု —။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ချစ်သူဆိုတာ ရှိတတ်တဲ့ အမျိုးပဲ၊ ခု ... ညည်းကို လက်ထပ်ပြီးပြီ၊ ညည်းဟာ သူ့မယား၊ တရားဝင် လူသိရှင်ကြား လက်ထပ်ထားတဲ့မိန်းမ၊ ယောကျ်ားကို ချန်ပြီး အိမ်ပေါက ဆင်းလာတာမျိုး ဘွား မကြိုက်ဘူး ... ပြန်"

မုံ ကားအမြန်ကြီးမောင်း၍ ပြန်ရောက်လာတာ။ အရမ်းကို ငိုယိုရင်း ပြောပြသမျှ နားထောင်ရတာ။ အားလုံး ပုလဲရိပ်မြုံမှာ စိတ်မကောင်းစရာ၊ စိတ်ရှုပ်ထွေး ပင်ပန်းဖွယ်ရာ ဖြစ်နေသည်ပါပဲ။

ဘွားကတော့ လူကြီးပီပီ ပြန်စကားကို ပြော၏။ အန်တီနုကတော့ မျက်နှာမကောင်းရှာ။ အန်ကယ်စိမ်းနှင့် ဖေဖေကတော့ တစ်ခုခုကို လေးလေးနက်နက် တွေးသလို ငြိမ်နားထောင်နေကြသည်။

"ဒီကောင့်ကို မေးရမယ်"

အန်ကယ်စိမ်း ဒေါသဖြင့် ပြောခိုက် မုံကတော့ ခေါင်းလေးခါ၍ မျက်ရည်တွေ တအိအိပြိုကျနေရင်းမှ ...

"သရဖီဦးကို ပြောင်းတာဖြင့် ဘာကြာသေးလို့လဲ၊ သူက ဟိုကို စာဆက်သွယ်နေတာ၊ ဟိုက ဒီကိုပြန်ရောက်လာချိန်



မှာ သူ့ဆီကို စာရေးလာတာပဲကြည့်၊ အီး ... သူ ပုံဉ်းမနားက ပြန်ရောက်တဲ့အခါ တွေ့ကြမှာ မုံက အလိမ်ခံရတာ"

မုံ ငိုငိုပြောနေတော့ ဘွား ခပ်ငေးငေးကြည့်ရင်း တစ်ခုခုကို တွေးသလို ဖြစ်နေ၏။ တယ်လီဖုန်းသံ မြည်လာတာမို့ ဘွား သွားကိုင်ပြန်သည်။

"ဩော် ... ရောက်ပြီ၊ အင်း ... အင်း"

ဘွား နားထောင်နေတာကို မုံ လှမ်း၍ အကဲခတ်သလိုကြည့်ရင်း မျက်နှာကိုမဲ့ကာ မျက်ရည်ကို သုတ်ပစ်သည်။ ကြည့်ရတာ မာန်ပဲ ဖြစ်မည်။ သူ့အပြစ်လွတ်အောင် ဘာတွေညာဏ်များနေပြီမသိ။

ဘွားကတော့ ငြိမ်နားထောင်ရာမှ အတန်ကြာလာတော့ ...

"အဲဒါ သူ့ကို ရှင်းပြပေါ့ မြေးမာန်"

ဟု ပြောသံကြားရတာမို့ မာန် ဆက်လာတာ ဆိုတာ နားလည်ဖြစ်၏။

ခဏကြာတော့ ဖုန်းကိုချ၍ ဘွား ပြန်လျှောက်လာသည်။

"ဘာတွေ ပြောနေတာလဲ ဘွား၊ သူ့သူငယ်ချင်း နောက်တယ်ဆိုတာ ကြောတယ် မဟုတ်လား၊ အလကား ... လက်ရေးရှာတာလဲ မတွေ့ဘူး၊ ဟန်လုပ်နေတာ"

ဟု ပြောတော့ ဘွားက အန်တီနုကို မျက်ရိပ်ပြ၍ တကြည့်ခန်းဘက်သို့ ခေါ်သွား၏။

"သားပြည့်နဲ့ မောင်စိမ်းလဲ လာခဲ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတာမို့ မုံ တစ်ယောက်တည်း ငိုကျန်ခဲ့သည် ပါပဲ။

ခဏပဲ ကြာမည်။ လေးဘီးတစ်စီးဖြင့် မာန် ပုလဲရိပ်မြုံသို့ ရောက်လာ၏။

ညှိခန်းမှာ လှုရှင်းနေတာမို့ မုံဘေးမှာ ကပ်ထိုင်ရင်း မျက်နှာလေးကို မလွတ်တမ်း အကဲခတ်သလို ကြည့်နေလျက်မှ မျက်နှာပျက်ပျက်ဖြင့် ...

"ကိုယ် ရှင်းပြမယ် မုံ၊ ဖော်ဖော့်ကိုပါ ခေါ်မယ်၊ အခု ပြန်လိုက်ခဲ့၊ လူကြီးတွေကို အလကားလာပြီး ဒုက္ခပေးတယ်၊ ညားတာမှ မကြာသေးဘူး၊ အိမ်ပေါ်က ဆင်းလာတယ်ဆိုတာ မကောင်းဘူး မုံ"

ဟု လက်လေးကိုဆွဲ၍ ပြောတော့ ပုလဲရိပ်မြုံ ပြန်ရောက်ပြီမို့ အားကိုးပိုရလာလျက် လက်ကို ဆောင့်ရုန်းရင်းမှ ...

"မလိုက်ဘူး ... အဲဒီ ဖြိုးကို သွားခေါ်၊ သူနဲ့ တူတူနေ ... ဒါပဲ"

ဟု ပြန်ဖွာနေပေမယ့် မျက်ရည်တွေကတော့ တအိအိ ဖြိုကျနေဆဲ။ မျက်ရည်က ဘာလို့များ သည်လောက်ထိ အားကောင်းအင်ကောင်းဖြင့် ကျကျနေရပါလိမ့်ဟု ကိုယ့်ဘာသာလည်း မုံ ဒေါ်ပွချင်၏။ ခက်သည်က မျက်ရည်ကို တန့်ဆယ်၍ မရနိုင်အဲ ဖြစ်နေခြင်းပါ။

မုံ မျက်ရည်ကျရင်း ကိုယ်စိတ် အရမ်းပင်ပန်းနေတာကို မြင်ရပြန်တော့လည်း မာန် မျက်နှာမကောင်းနိုင်တော့။



"မုံ ကားအရမ်းမောင်းသွားလို့ တစ်ခုခုဖြစ်မှာစိုးပြီး ဖုန်းဆက်မေးရသေးတာ၊ မုံ့ အတွက် စိတ်မပူရင် မေးပါ့မလား မုံရာ နားလည်စမ်းပါ"

နားဝင်အောင် ချောင်းဖျပြောနေပေမယ့် ဖြိုး ဆိုသည့် နတ်ဆိုးမလေး ပူးနေသည့် မုံမှာ ဘယ်လိုမှ နားမဝင်။

"ကားတိုက်ပြီး သေလဲ အေးတာပဲ၊ အဲဒါမှ ရှင့်ဖြိုးနဲ့ ရှင် နားအေးပါးအေး နေရမှာ"

"စကားတာပဲ မုံရာ၊ အဲဒီ ဖြိုး ဆိုတာကြီးကို မေ့ထားစမ်းပါ"

"အို ... မုံက ဘာလို့ မမေ့နိုင်ရမှာလဲ၊ မေ့နိုင်တယ်၊ ရှင်ကသာ မမေ့နိုင်တာ၊ စာတွေရေးရေးပြီး လွမ်းနေတာ၊ ရှင့်ဖြိုးကလဲ ရှင့်ကို သိပ်ချစ်တဲ့ ဖြိုးလေ၊ စာထဲမှာ အဲဒီအတိုင်း ရေးထားတာ အချိုသောင်း"

မုံ ရန်ထောင်နေတော့ မာန့်မှာ ရှင်းပြ၍လည်း နားမဝင်။ ငိုလည်း အရမ်းငိုနေတော့ မှိုင်ကျသွားလျက် စိတ်လက်ဆင်းရဲနေရသည့် အဖြစ်။

စာကြည့်ခန်းထဲမှ လူကြီးတွေ ထွက်လာတော့ မာန်က ဘွားကိုပဲ အားကိုး၍ ...

"မုံက အထင်လွဲနေတာပါ ဘွား၊ ပြန်မလိုက်ဘူးပဲ လုပ်နေတာ"

ဟု အားကိုးစိတ်ဖြင့် ပြောတော့ ...

"မင်းကလဲ နောက်ကြောင်း ရှုပ်ထားသလားမှ မသိဘဲ ... မောင်၊ မုံ့ကိုချည်း အပြစ်ပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေမေက ပြောလာတော့ သူ သက်ပြင်းရှိုက်၍ စိတ်ပိုမောကျသွားရပါပြီ။

"လိုက်သွား မိမို့"

ဘွား ပြောခိုက် မို့ ခေါင်းယမ်း၍ ...

"မလိုက်ဘူး ... အဲဒီ လူလိမ်နောက်ကို မို့ မလိုက်ဘူး၊ ဘယ်ပုံလဲ မို့မျက်စိနဲ့ မြင်တာ၊ စာလဲ မို့မျက်စိနဲ့ ဖတ်ရတာ၊ လူလိမ်ကို မို့ အရမ်းအထင်သေးတယ်၊ သိပ် အောက်တန်းကျတာပဲ"

မို့ ဒေါသဖြစ်ဖြစ်ဖြင့် ပြောတော့ အန်ကယ်စိမ်းက မျက်နှာတစ်ချက် ပျက်ကျသွားလျက် ...

"အောက်တန်းကျတယ်လို့တော့ မပြောနဲ့ သမီးမို့၊ အန်ကယ်တို့သားကို လူလိမ်လို့ ပြောချင်တယ်ပဲထား၊ မိဘရှေ့မှာ သားကို ပြောကာ၊ အန်ကယ်တို့ကိုပါ မလေးစားရာ ရောက်တယ်"

"မောင်စိမ်း ... အန်တီတို့က ကလေးချင်း ပြေလည်အောင် ပြောပေးနေတာကွယ်၊ မြေးမို့က စိတ်ဆင်းရဲပြီး ပြောတာပါ၊ အလကားနေရင်း လုပ်ကြံပြောနေတာလဲ မဟုတ်ပါဘူး၊ စာတွေ့တယ်၊ ဓာတ်ပုံတွေ့တယ်ကွယ့်၊ ကလေး စိတ်ဆင်းရဲ ပြောတဲ့ စကားကို အထအနကောက်တာ လူကြီးအလုပ် မဟုတ်ဘူး၊ မောင်စိမ်း ... မင်း တကယ်ဒေါသဖြစ်ပြီး ခံပြင်းစိတ်နဲ့ ပြောတယ်ဆိုတာ အန်တီ နားလည်တယ်"

အခြေအနေက ရုတ်ခြည်း မပျော့လင့်ဘဲ တင်းမလာတော့ မာန်က အရမ်းစိတ်ပူ စိုးရိမ်လာလျက် ...



"မြှော် တောင်းပန်ပါတယ် ဘွားရယ်၊ မေမေလဲ ဘာမှမပြောပါနဲ့တော့၊ မို့ ... သားကို အရမ်း အထင်လွဲနေလို့ပါ၊ ဒါကြောင့် သူ မဆင်မခြင် ပြောမိတာပါ မေမေ"

"ဟော့ ... မဆင်မခြင် ပြောတာ မဟုတ်ဘူးကွ၊ မြင်တာကို ပြောတာ၊ ငါ့သမီးက ဘာအပြစ်မှ လုပ်ထားတာ မဟုတ်ဘူး၊ အလကား ဆင်းလာတာလဲ မဟုတ်ဘူး၊ မင်း အသုံးမကျလို့ လုပ်ပုံမမှန်လို့ ဆင်းလာတာ"

မေမေ ဝင်ပြောပြီး မို့ကိုကြည့်ကာ လက်ကို လာဆွဲခေါ်တော့ ကြက်သေသေပြီးလျက် မို့ ငြိမ်ကျနေပါပြီ။

"ဒါ ... သမီး ပြန်သိမ်းတယ် ဆိုတဲ့ သဘောလား ကိုပြည့်"

"ငါ့သမီး ပြန်မလိုက်မချင်း၊ ပုလဲရိပ်မြုံမှာ ခေါ်ထားမယ့် သဘောပဲ၊ မင်းရဲ့သားကိစ္စ သူကိုယ်တိုင် ရှင်းပစေ။ ရှုပ်ရှုပ်ယှက်ယှက်သမားဆိုရင် ငါ့သမီးကို လူမွေ့နဲ့ အညှာမခံနိုင်ဘူးဟော့၊ လက်ထပ်ပေးမိပေမယ့် လမ်းခွဲပေးသင့်ပြီ ဆိုရင်လဲ ခွဲပေးလိုက်ရမှာပဲကွ၊ ငါ့မှာ ဒီသမီးတစ်ယောက်ပဲ ရှိတာ၊ မှုံမှုံမှုတ်ထားတာကွ၊ ငါ့သမီး ဒီလောက် မျက်ရည်ကျအောင် ငါတစ်သက် တစ်ခါမှ မလုပ်ခဲ့ဖူးဘူး၊ မင်းရဲ့သားနဲ့ကျမှ မျက်ရည်ကျရတာ"

အခြေအနေတွေ အရမ်းကို တင်းမာကုန်လျက် အန်ကယ်ပြည့်က မို့ကိုခေါ်၍ စကြည့်ခန်းထဲ ဝင်သွားတော့ မေမေက မာန့်ကို ...

"လာ ... လောကမှာ မိန်းမ မရှားပါဘူးကွာ၊ မင်းလေလဲ တစ်ဦးတည်းသော သူဌေးသားပါကွ၊ လူကြီးချင်း ပြေပြေ

www.burmeseclassic.com

www.burmeseclassic.com



လည်လည်ဖြစ်အောင် အခန်းထဲဝင်ပြီး တိုင်ပင်ကြမှ ပြောကြ ပါလျှက်ကယ်နဲ့ အပြင်ရောက်တော့မှ ဒီလောက်ကြီး တင်တင်စီးစီး ဖြစ်လာတာ ဘယ်ကောင်းမလဲ၊ ကဲ ... ပြန်မယ် နေလေး၊ ကိုကိုတို့ ပြန်ကြမယ်၊ သရဖီဦးမှာ ငါ့သားကို မိန်းမ သဘောဖြူအစင်း အိမ်ထောင်နိုင်နင်းသူကိုမှ ရွေးပေးစားပြီး ခေါ်ထားမယ်ကွ"

ဟု စကားတွေ အရှမ်းတင်းမာလာကြလျက် တစ်ယောက်အပေါ် တစ်ယောက် အပေါ်ဆီးမှ ပြောလာကြသည်အထိ သူငယ်ချင်းနှစ်ယောက် ဖြစ်သွားကြရသည်မှာလည်း သားသမီးကြောင့် ဖြင့်ပါ။

ဖေဖေက လက်ကို ဆောင့်ဆွဲခေါ်တော့ မာန် မုံ့ကို လှမ်းမျှော်ကြည့်မိနေသေးသည်။ ဖေဖေက မခံချင်စိတ်ဖြင့် ပခုံးကို ပုတ်၍ ...

"ဖေဖေ့သွေး ဖြစ်ပြီးကွာ၊ ဒီကောင်မလေးကိုများ အောက်ကျို့ပြီး ခခယယ ဖြစ်နေရတယ်လို့၊ ဒီလောက်ကြီး စော်ကား မော်ကား ပြောထားတဲ့ဥစ္စာ လာခဲ့"

ဟု ဒေါသဖြင့် ခေါ်တော့ မေမေက မျက်ရည်ကို တစ်ချက်သုတ်၍ ...

"ပြန်ကြတာ ကောင်းပါတယ် သားရယ်၊ မေမေတို့က ပုလဲရိပ်မြုံရဲ့ ချည်သည်တွေပါကွယ်၊ ဒီလောက်ထိ တင်းမာဆက်ဆံပြနေတာကိုပဲ ရှက်လှပါပြီ"

ဟု ပြောတာမို့ မာန် စိတ်ကို လျှော့ချလိုက်ရသည်။ မေမေ အရှမ်း စိတ်ထိခိုက်နေပြီပဲဟု နားလည်ဖြစ်လျက် ခြေလေး



လေးဖြင့် ဖေဖေ့နောက်သို့ လိုက်လာရစဉ်နိုက် တစ်ကိုယ်လုံးမှာရှိသည့် အားအင်တွေ ဆုတ်ဆင်းသွားသည့်နှယ် ခံစားနေရပြီ။

"ယော့ ... မင်းတို့ လက်ဖွဲ့တဲ့ကား ပြန်ယူသွား၊ ငါ့သမီးကို ကားနောက်ထပ်တစ်စီး ဝယ်ပေးမယ်"

ဟု မုံ့ ဖေဖေ အန်ကယ်ပြည့်က ထွက်အော်တော့ ဖေဖေက ကားဘီးကို ခြေထောက်ဖြင့်ကန်၍ ...

"ယော့ ... ပေးပြီးသား ပစ္စည်း ပြန်မယူဘူးဟေ့၊ စိမ်းကြည်မှာ ပြန်ယူရိုးထုံးစံ မရှိဘူး၊ လာ ... သား၊ ခြေကျင်ပြန်မယ်၊ လမ်းမှာ ကားငှားစီးမယ်"

ဟု ဒေါနှင့် မောနင့် ပြောပြီး ခြေလှမ်းကျဲနှင့် ပုလဲရိပ်မြုံမှ ထွက်တော့ မာန့် ရင်ထဲမှာ ဆောက်တည်ရာ မဲ့နေရပါပြီ။

တစ်ချက် နောက်ဘက်ကို လှည့်ကြည့်ဖြစ်၏။ -

ဝေးရတော့မှာလား မုံ့ရယ် ... ဟု ရင်တနင့်နင့်ဖြင့် သူ တွေးမိရပါပြီတည်း။

* * *

www.burmeseclassic.com



ရှေ့မှာရှိနေသည့် နယူးစ်ဝိခ်စာအုပ်နှင့် ဖြတ်ယူထားသည့် စာအုပ်မှ နေရာနှင့် ဖြတ်ထားသော မော်ဒယ်လ်မိန်းကလေး၏ ပုံလေးကို ပြန်ဟပ်ကြည့်လိုက်လျှင် အချိုးတကျ ပြန်ဖြစ်သွားတာမို့ ဤပုံလေးကို ဤစာအုပ်ထဲမှ ဖြတ်ယူထားတာ အရမ်းကို ထင်ရှားသည်။

ပြီးတော့ ... ကြွေသားစက္ကူချောလေးထဲမှာ ပုံရိုက်ထင်နေသည့် မိန်းကလေး၏ အပြုံးမျက်နှာလေးက ဖြိုး ဆိုသည့် စာဏ်ပုံထဲက မျက်နှာလေးပါပဲ။ စာထပ်ထပ်လေးပါသည့် ကော်လာလေးဖြင့် အဝါရောင်ဘလောက်စ်အင်္ကျီလေးနှင့် ဖြိုး ဆိုတာ ဤစာအုပ်ထဲမှ ကောင်မလေး ချောချောပါလားဟု သိရချိန်မှာ အရမ်းကို မျက်နှာပျက်လျက် မုံ့ကို အတင်းဆွဲ တားနေခဲ့ရှာပါသည့် မာန့်ကို ရင်တနင့်နင့်ဖြင့် မြင်ယောင်လာမိရပါပြီ။

ဘယ်လိုရှင်းပြဖို့ ကြိုးစားပေမယ့် မုံ့ လက်မခံခဲ့တာ။

အရမ်းစိတ်ပူလျက် ပုလဲရိပ်မြုံထိ လိုက်လာခဲ့ရှာတာ။

သရဖီဦးမှ မုံ တကယ် ထွက်သွားတော့မည် ဆိုတော့ သိမ်းကျုံးပွေ့ငင်ယူရင်း မာန် တားခဲ့တာ။

ခုတော့ မုံ့ မျက်ရည်ကျနေရပါပြီ။



ဖော်ဖော့် လက်ရေးဖြင့် မှတ်စုရေးမှတ်ထားသည့် ဖော်ဖော့် စာအုပ်နှင့် မုံ သရဖီဦးမှာ ချန်ထားပစ်ခဲ့သည့် ဖြိုးဆိုသူ၏ စာဆိုတာကိုလည်း ယှဉ်တွဲ၍ ညှပ်ထည့်ကာ ပေါက်ပေါက်တို့မှ တစ်ဆင့် မာန် ပို့ပေးလာတာမို့ မုံ မြင်ခဲ့ရပြီးပြီ။

"ငါ့ကို သူ ရှင်းပြရှာပါတယ်ဟယ်၊ ငါက အရမ်းကို စိတ်တိုနေပြီး အရှင်းမခံခဲ့တာပါ။ မယုံခဲ့တာပါ"

မုံ အသံတိမ်လေးဖြင့် ပြောရင်း မျက်ရည်တွေ ဝဲကျလာနေတော့၊ ပေါက်ပေါက်တို့ အုပ်စု မျက်နှာငယ်လေးတွေနှင့် ငေးကြည့်ဖြစ်ကြသည်။

ပုလဲရိပ်မြုံသို့ ပေါက်ပေါက်တို့ အငှားကားလေးဖြင့် ရောက်လာကြကာ မုံ့လက်ထဲ အပ်လိုက်သည့် ပစ္စည်းလေးတွေကတော့ မာန် ကိုယ်တိုင် အင်းလျားဆောင်ထိ လာပို့ပေးသွားသည့် နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် ဖော်ဖော့် စာအုပ်။ ပြီးတော့ စာလေးပါ။

အခန်းထဲမှာ တံခါးကို ချက်ချပိတ်ပြီးမှ ဘွား မသိအောင် ပေါက်ပေါက်တို့ခမျာ ပြကြရပါသည့်အဖြစ်။

မုံတင်ထက်မှာ တင်ပျဉ်ချိတ်၍ ထိုင်ရင်း ခေါင်းအုံးကို ရင်မှာပွေ့ထားလျက် မုံ ငိုင်နေသည်။ မျက်ရည်ကတော့ ကျနေဆဲ။

"ကိုမာန် ကိုယ်တိုင် ကားလေးနဲ့ ရောက်လာတာ မုံ၊ အရမ်းကို ပိန်ကျသွားတာပဲဟယ်၊ သူ့သူငယ်ချင်း ကိုမြင့်ဆောင်တို့ အုပ်စုကိုလဲ ခေါ်လာပြီး ငါတို့ကို ရှင်းပြခိုင်းတယ်၊ သူတို့က နင်တို့နှစ်ယောက် မချစ်ဘူး ... မချစ်ဘူး ဆိုပြီး ဖြစ်နေတာ ပေါ်သွားအောင် ဆိုပြီး အဲဒီစာကိုရေး၊ အဲဒီပုံကိုဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံပြန်ရိုက် ဖြန့်ကူး၊ အဲဒါကို ပို့ပေးလိုက်မိတာတဲ့၊ အဆင်ပြေအောင် လုပ်ပေးမိတာ ခုလို ဖြစ်သွားတော့ သူဗို့လဲ စိတ်မကောင်းကြဘူး"

မုံကတော့ ငြိမ်၍ နားထောင်နေသည်ပါပဲ။ မာန့်ကို အရမ်းသနားနေမိ၊ သတိရနေမိရပါသည့် အဖြစ်။

သတိရနေမိတာကတော့ ကြာခဲ့ပါပြီလေ။ မာန့်ကို စိတ်ဆိုးနေခဲ့ပေမယ့် ထိုသို့ လူကြီးချင်း အရမ်းကို မုန်းတီးသွားကြမှာကို မမျှော်လင့်ထားမိတာမို့ သည်ထိ စိမ်းပြတ်ကုန်ကြမှာကို မထင်မိခဲ့။

"ကိုမာန် အရမ်းကို ဝိန်ကျသွားတယ်ဟာ၊ နင့်ကို ဒါတွေပေးပြီး ရှင်းပြပါလို့လဲ သူတောင်းပန်တယ်၊ ခုကိစ္စ သူ့ပယောဂ မပါဘူးဟ၊ ကိုမြင့်ဆောင် ပညာရှိရဲ့ အိုင်ဒီယာလေ"

"သူက ဘယ်သူ ... ကိုမြင့်ဆောင်၊ အဲဒါ နင်နဲ့ညားဖို့ ကောင်းတာ၊ နင်တို့ နှစ်ယောက်စလုံး ပါမောက္ခရူးတွေ၊ သိပ်ပါမောက္ခဆန်တိုင် ဖမ်းချင်တယ်၊ ပြီးတော့ တစ်ခုမှ မဟုတ်ဘူး၊ အဲဒါ နင် ပေဒင် အဟောကောင်းဖို့ ဉာဏ်ထုတ်ခဲ့တဲ့ ကျေးရူးပဲ၊ နမိတ်မကောင်းတာကြီး ဟောနိုင်းခဲ့တာကိုး"

အရေးထဲ ထွေးထွေးအိက ပေါက်ပေါက်ကို အပြစ်ဖို့နေတော့ မုံ စိတ်တွေ ပိုညစ်လာရသည်။

"နင်လဲ ဝိန်တာပဲ"

လှိုင်းပြာက မုံ့ကို ကြည့်ရင်း ပြောတော့ မုံ တစ်ချက်ရှိုက်သည်။



"အဲဒါတွေ နင် ကြည့်ပြီးရင် ဒီစာလေး နင့်ကိုပေးဖို့ ကိုမာန် ပေးလာတယ်ဟာ ... ရော့"

ပေါက်ပေါက် ပိုက်ဆံအိတ်လေးထဲမှ ထုတ်ပေးသည့် စာရွက်ခေါက်လေးကို ယူနိုက်မှာ မုံ့ လက်လေးတွေ တုန်နေကြသည်။

"မုံ ခုမှ သူ့လက်ရေးကို မြင်ဖူးတာ"

ခုမှ မာန့်လက်ရေး ခပ်စောင်းစောင်းနှင့် သေသေသပ်သပ်လေးကို မြင်မိရသည့် အဖြစ်။

"နင်ကလဲ ညံ့ပါ၊ ခုမှ စဉ်းစားမိတယ်၊ ကိုယ့်ယောကျ်ား လက်ရေးလေးတောင် မသိရဘူးလို့ ... အံ့ပါ့"

ထွေးထွေးအိ ခေါင်းခါ၍ ညည်းချတော့ ပေါက်ပေါက်က မျက်လုံးပြူး၍ ကြည့်ရင်း ...

"ဟဲ့ ... သူတို့က ရည်းစားဖြစ်ခဲ့ကြတာမှ မဟုတ်တာ၊ လက်ရေးမြင်ဖူးကြရအောင်၊ အဲဒါ ပြောတာပေါ့၊ ငါက ဉာဏ်ပြေးတော့လဲ မနာလိုကြဘူး၊ နင်တို့ အဲဒီအချက်တွေးမိလို့လား၊ လက်ရေး မသိတာကိုများ အပြစ်ဖို့နေချင်သေးတယ်"

မုံကတော့ စာရွက်လေးကို ပြန့်ဖတ်ရင်း ရင်ထဲမှာ နင့်နေအောင် ကြေကွဲထိခိုက်နေမိရပါသည့် အဖြစ်။ ပေါက်ပေါက်တို့ ဘာပြောနေနေ ကြားတစ်ချက် မကြားတစ်ချက်။

"မုံ ...

မုံ့ကို မခွဲနိုင်ဘူး မုံရယ်၊ ပြန်လာပါ၊ မုံ မရှိရင် မနေတတ်ဘူးဆိုတာ ကြာလေ ကိုယ်သိလာရလေပါ မုံရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မုံ့ကို ချစ်တယ်။ မောင့်ဘဝမှာ မုံ တစ်ယောက်တည်းကိုပဲ ချစ်တယ်လို့ ပြောဖူးတာပါ မုံ ...

လက်ရှိ မောင် ခံစားနေရတာကို ပြောပြပါရစေကလေးရယ် ...

မောင်လေ ... မောင် ရူးတော့မယ် မုံ။

ချစ်တဲ့

မောင်"

မုံ မျက်တောင်မခတ် စာလေးကို ငုံ့ဖတ်နေမိရင်းမှ ထိန်းမရနိုင်စွာဘဲ ရှိုက်ရှိုက်ငင်ငင် ငိုချမိလိုက်ရပါပြီ။ သူ အဘယ်မျှထိ ခံစားနေရတာ မုံ နားလည်နေမိရပြီမို့ မုံ ကိုယ်တိုင်လည်း မျက်ရည်ကျနေမိရပါပြီ။

"ဘွားက ပြောတယ်၊ သူ့ကို လုံးဝမဆက်သွယ်နဲ့တဲ့၊ သူ ဆက်သွယ်လာရင်လဲ လက်မခံနဲ့တဲ့၊ အဲဒီလောက် တင်စီးတဲ့ မိသားစုကို စိတ်နာတယ်တဲ့၊ ဒီလောက် ကာလကြာရှည် စီးပွားဖက် တူတူလုပ်လာကြတာ သံယောဇဉ် ဖြစ်ခဲ့ကြတာကိုမှ မထောက် ပြောဆိုသွားခဲ့လိုက်တာတဲ့လေ၊ စိတ်နာတယ်လို့ ပြောတယ် ပေါက်ပေါက်ရယ်၊ မုံတို့တော့ မုံတို့တော့ ဆုံးကြရပြီ ထင် ... ပါ ... ရဲ့"

မုံ တကယ့်ကို ခံစားရင်း ငိုနေတော့ ပေါက်ပေါက်တို့ ဘယ်လိုမှ မကြည့်ရက်နိုင်။ လိုက်၍ မျက်ရည်ကျဖြစ်ကြသည်။

"အိမ်ကို သူ ဖုန်းဆက်တယ်သိလား၊ ဘွားနဲ့ တိုးတာများတယ်၊ ဒေါ်ကြီးရွှေနဲ့လည်း တိုးတယ်၊ သူ့အသံကို မှတ်မိနေကြတယ်လေ၊ ဖုန်းချပစ်ကြတာပဲ၊ မုံ့ကိုလဲ ဖုန်းပေးမကိုင်ကြဘူး"



အတန်းပါ ပေးတော့တာဘဲထားတာ တစ်ပတ်ကျော်ခဲ့ပြီမို့ မုံနှင့်သူ လုံးဝမတွေ့နိုင်ကြဘဲ ရှိနေကြတာလည်း အမှန်ပါ။ သက်ပြင်းကို ဟင်းခနဲ ချပစ်ရင်း ပေါက်ပေါက် မှိုင်တွေချ၍ ငြိမ်နေ၏။ ထွေးထွေးအိနှင့် လှိုင်းဖြူတို့ကလည်း မျက်နှာငယ်လေးတွေနှင့် အသံတိတ်ကျနေကြပြီ။

မာန့်မိဘများဘက်မှလည်း မုံနှင့် သားဖြစ်သူကို မပတ်သက်ဖို့ အပြင်းအထန် ပြောထားသည့် အဖြစ်ကို မာန် ပြန်ပြောပြခဲ့တာ ဘယ်လိုအင်အားဖြင့် မုံ့ကို အသိပေးရက်နိုင်ပါမည်တဲ့လဲလေ။ ပေါက်ပေါက်တို့ ဖွင့်မပြောရက်နိုင်။

"အခု တနင်္လာနေ့တော့ အတန်းပေးတက်မယ်လို့ ပြောတယ်၊ လေးလေးဆွေက ကားနဲ့ စောင့်ခေါ်ခဲ့ရမယ်တဲ့"

မုံ ပြောတော့ ပေါက်ပေါက် ခေါင်းတစ်ချက် ထောင်လာပြီ။

"ဟဲ့ ... အတန်းတက်ရမယ် ဆိုတာက အခြေအနေ ကောင်းလာတာပဲ၊ လေးလေးဆွေကို လှည့်ပတ်ပြီး ငါတို့ထဲက ကင်တင်းတို့ ဘာတို့မှာ ဖယ်ထုတ်ထားလိုက်မှာပေါ့"

"ရလိမ့်မယ် ... စောင့်နေ၊ ဘွားက အတိအကျ မုံ့ကို စောင့်နိုင်းထားမှာ"

ကြိုသိထားသလို ထွေးထွေးအိ မျက်မှန်ကိုပင့်၍ ပြောတော့ ပေါက်ပေါက် ပြန်ငြိမ်သွား၏။

"ယော့ ... အခန်းထဲ ဒီလောက်ထိ တံခါးချက်ချပြီး ပြောနေဆိုနေကြတာ တော်လောက်ပြီ၊ ဘွား ရိပ်မိမယ်၊ အပြင်ထွက်ကြဖို့ကောင်းပြီ၊ ကဲ ... မိမုံ၊ ကိုမာန့် အတွက် စာတစ်စောင်

www.burmeseclassic.com

www.burmeseclassic.com



လောက် ရေးလိုက်ဟာ၊ သူ့ခမျာ နင့်ကို သိပ်တွေ့ချင်နေရှာတာ"

ဟု ပြောတော့ မုံ စာရေးစက္ကူကတ်လေးကို စားပွဲထက်မှ ယူသည်။ မျက်ရည်လေး တလဲ့လဲ့ လည်လာရင်းဖြင့် စာရေးနေတော့ ခပ်လှမ်းလှမ်းမှ ပေါက်ပေါက်တို့ ထိုင်ငေးနေကြပါ၏။

"ကိုမာန် ...

မုံ မဆင်မခြင် လုပ်မိခဲ့လို့ ခုလို ခံစားကြရတာ ပုံ့ပယောဂကြောင့်မို့ မုံ့ကို သနားဖို့ မကောင်းတော့ပါဘူးရှင်။ မုံ့ကို ခွင့်လွှတ်ပါလို့လဲ မပြောထွက်နိုင်တော့ပါဘူး။ ကိုမာန့် ကျန်းမာရေးကို ဂရုစိုက်နော်။ မုံလဲ ကိုမာန့်ကို တွေ့ချင်နေပါတယ်။ ဘွားက ဖုန်းတောင်မှ ပေးမကိုင်ဘူး ကိုမာန်ရယ်။ ဖုန်းမဆက်နေနဲ့တော့နော်။ မုံနဲ့ မတွေ့ရတော့ ကိုမာန်ပဲ ပိုခံစားရမှာမို့ပါ။

မုံ"

စာရွက်လေးကို ခေါက်၍ပေးတော့ ပေါက်ပေါက် ယူကာ ခပ်တည်တည်ပဲ ဖြန့်၍ဖတ်သည်။ သူငယ်ချင်းတွေကြားမှာ လျှို့ဝှက်စရာမှ မရှိချေဘဲလေ။ ဒါပေမဲ့ ထွေးထွေးအိက လက်ကာ၍ ...

"ဟော့ ... ကာယကံရှင် မဖတ်ရသေးခင် သူက အရင်ဖတ်ချင်နေတယ်၊ စည်းကမ်းရှိပါ ... စည်းကမ်းရှိပါ"

နှင့် ခပ်တိုးတိုး နောက်နေတော့ ပေါက်ပေါက် မျက်စောင်းဖြင့် ကြည့်၏။ နောက်တော့ မုံ့ကို တစ်ချက်ကြည့်သည်။



"နင့်စာက ဝေါ့ပျက်ပျက်နဲ့ ... ရှေ့ပိုင်း ဖတ်ကြည့်နေတုန်းတော့ ငါတောင် ငိုချင်လာတယ်၊ ဒါပေမဲ့ လက်မှတ်ထိုးတဲ့နေရာမှာ တစ်ခုလိုနေတယ်ဟ၊ ဟိုက နင့်ကို လွမ်းနေတာ ပိန်ကျနေပြီ၊ အားဆေးလေး ဘာလေး ထည့်ပေးလိုက်စမ်းပါဟာ၊ သူ့စာကို သေချာဖတ်ကြည့်၊ ပြီးရင် နင့်လက်မှတ်ရဲ့ အပေါ်နားမှာ ဘာစာလုံးလေး ရေးထည့်ရမလဲ စဉ်းစား"

မာန့်စာကိုလည်း မုံ ဖတ်နေစိုက် ပေါက်ပေါက်တို့ ကြည့်နေကြသည်ပဲလေ။

မုံက တကယ်ပဲ သူ့စာရွက်လေးကို ပြန်ဖတ်ကြည့်မိပြီး တစ်ချက် တွေတွေလေး ဖြစ်နေမိသေးသည်။ နောက်တော့မှ သူ့ကို မုံ့ရင်ထဲက အဖြေလေး အသိပေးလိုက်မိရပါ၏။

သူ့ကို ပေးရမည့် စာရွက်လေးကို ပြန်ဖြန့်။ မုံ ဆိုသည့် လက်မှတ်ထိုးထားရာ နေရာ၏ အထက်နေရာလေးမှာ ကပ်၍ ဖြည့်ရေးလိုက်မိသည်က "မောင့်ရဲ့မုံ ..."ဆိုသည့် စာသားလေး ပါတည့် ...။

မုံ ... မျက်ဝန်းလေးကို မှေးပိတ်ချလိုက်တော့ မျက်ရည်က အိခနဲ ပြိုကျလာပြန်၏။

မောင့်ကို တွေ့လိုစိတ်သည် မုံ့ နှလုံးအိမ်ကို လောင်မြိုက်ဖိစီးနေကြချေသည်မို့ ဝေဒနာက ပြင်းထန်လှချေသည်ကော မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးဆွေ လူရိုးကြီးကို လှည့်ပတ်ခေါ်ရတာ လောက် လွယ်တာ ဘယ်မှာရှိချေမည်တဲ့လဲ။ မုံ့ အတွန်းတက်ဖို့ ကားလေးနှင့် လေးလေးဆွေ လာပို့သည်။ ပေါက်ပေါက်တို့က လည်း စောင့်နေကျ ကုံကျော်ရိပ်မှာ စောင့်ကြကာ လေးလေးဆွေ၏ ကားလေး ရပ်လိုက်တာနှင့် ပြေးလာကြရင်းမှ ...

"ယော့ ... အတွန်းတက်ဖို့ လိုသေးတယ်၊ မြသရဖူမှာ ကော်ပြန့်လိပ်ရယ်၊ ကြေးအိုးရယ်၊ အရင်သွားစားမယ်၊ ဒီနေ့ ထွေးထွေးအိ မွေးနေ့"

မဟုတ်တာဆိုလျှင် ထွေးထွေးအိပဲ နာမည်ခံပေးရ တာမို့ မျက်စောင်း တစ်ချက်ခဲ၍ ပေါက်ပေါက်ကို ကြည့်လာ၏။ စိန်မနိုင်တုန်းကလည်း ထွေးထွေးအိ။ ခုလည်း မွေးနေ့ရှင်က ထွေးထွေးအိ။

လေးလေးဆွေကတော့ အဟုတ်မှတ်၍ ပေါက်ပေါက် ပြောသည့် လိပ်စာအတိုင်း မြသရဖူသို့ မောင်းပို့ပေးရှာသည်။ ကြေးအိုးမှာ၍ တကယ်လည်း စားဖြစ်ကြသည်ပါပဲ။ ထွေးထွေးအိ ကတော့ အိုက်တင်ပြည့်ဖြင့် မွေးနေ့ရှင် လုပ်နေရပြီ။

"နင့် မွေးနေ့ပေမယ့် ငါက ကျွေးမှာပါ၊ ပိုက်ဆံပါပါတယ် ဟ"



မာန် ထည့်ပေးလိုက်သည့် ပိုက်ဆံမှန်း သိတာမို့ ထွေး ထွေးအိ တစ်ချက်မဲ့၍ ကြည့်တော့ ပေါက်ပေါက် ရယ်နေသည်ပါပဲ။

"နေကြာစေ့ ဝယ်စားမယ်ဟာ၊ ဟိုဘက်ဆိုင်က အအေးဆိုင်၊ နေကြာစေ့တွေ၊ အချဉ်ထုပ်တွေလဲ ရောင်းတယ်ဟ၊ လေးလေး ဆွေ ... ခဏနော်"

ဖြတ်ထိုးဉာဏ်ကောင်းသည့် နေရာမှာဖြင့် ပေါက် ပေါက်ကို မီအုံမထင်။

အပြင်ကို ခေါ်ထုတ်လာရင်းမှ ...

"ဒီနေ့မနက် ကိုမာန် ငါတို့ဆီ ရောက်လာတယ်၊ နင့်စာကို ဟိုနေ့က ငါ ပေးလိုက်ပြီးပြီ၊ သူ ... အရမ်းခံစားရတယ်ဟာ၊ နင့်ကို ဘယ်လိုမှ မခွဲနိုင်ဘူးတဲ့ ... သူ ပြောတယ်၊ အဲဒါ နင့်ကို တွေ့ချင်တယ်ဆိုပြီး ဒီနေရာကို ခေါ်ထုတ်လာပေးဖို့ ဒီမနက် သူလာပြောသွားတာ၊ ဒီအအေးဆိုင်ဘက်မှာ ကား တစ်စီး ရပ်ထားမယ်တဲ့၊ ခု တွေ့နေတာက လေးစီး"

ဘယ်တစ်စီးမှန်း မသိ၍ ပေါက်ပေါက် စိတ်အိုက်နေ ခိုက်မှာ တံခါးနှစ်ပေါက်တပ် လက်အိုလက်ဟောင်း ဗူပါရွတ်ပ်ကားဖြူ တွင်းမှ မြင့်ဆောင် ထွက်၍ ရှည်ကိုင်းကိုင်းအရုပ်ကြီးဖြင့် လက်ယပ်ပြ တော့ နှစ်ယောက်သား သုတ်သုတ်လျှောက်မိသွားကြ ရသည့်အဖြစ်။

"လာ ... မမုံ့၊ လာ ... အထဲဝင် ... အထဲဝင်"

ရှေ့ခန်းတွင်းသို့ မုံ့ကို မြင့်ဆောင်က အတင်းဝင်နိုင်း နေတော့ မုံ့ လန့်ရှိန်ဖြင့် မဝင်ရဲ။ နောက်ခန်းမှာ ထိုင်နေသည့် မာန် က ကိုယ်ကိုကိုင်း၍ မုံ့လက်လေးကို အတင်းဆွဲနေတော့ ပေါက်ပေါက်ကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဝင်လေ မိမံ ... ဒီအခွင့်အရေးက နေ့တိုင်း ရနေမယ်များ အောက်မေ့နေလား၊ လေးလေးဆွေ တွေ့သွားမယ်ဟဲ့ ... ဝင်"

မံ့ကိုယ်လေးကို အတင်းတွန်းဝင်ခိုင်းနေတော့ ရှေ့တံခါးမှဝင်၍ ဖော်ဖော် အသင့်ခေါက်လှဲပေးထားသည့် ထိုင်ခုံကို ကျော်၍ နောက်ခန်းသို့ မံ ဝင်ကူးထိုင်လိုက်ရပါ၏။

"ကိုမြင့်ဆောင်ကလဲ ဒီဘိုးတော်ဘုရား လက်ထက်က တံခါးနှစ်ပေါက်တပ် ကားကို ဘာလို့ ယူလာရတာတဲ့လဲ၊ နောက်ခန်းကို နောက်တံခါးက ဝင်နိုင်ဖို့ နောက်တံခါးကလဲမရှိ၊ မိန်းမခိုးဖို့လဲ လာသေး၊ အထဲဝင်နေရတာက တစ်နာရီ၊ အဲသလောက် ကြာနေတာ ကောင်းမလား"

ပေါက်ပေါက် အပြစ်တင်နေသမျှ မြင့်ဆောင် ဟဲခနဲ ရယ်ပြရုံ ရယ်ပြပြီး လက်ပြ၍ ကမန်းကတန်း ကားတွင်းသို့ ဝင်သည်။

"ဒါတောင်မှ သူငယ်ချင်းရဲ့ကားကို အကူအညီ တောင်းယူရတာ၊ ရှိတာနဲ့ ခိုးရမှာပေါ့ဗျာ၊ ကဲ ... သွားပြီ"

ဟု ပြောတော့ မံက မျက်နှာငယ်လေးနှင့် ဘွားကိုပဲ ကြိုလန့်နေမိစိတ်ဖြင့် ...

"ငါ့ကို ဘွား သတ်ချင်တော့မှာပဲ ပေါက်ပေါက်ရာ"

ဟု ငိုမဲ့မဲ့လေး ပြောနေခိုက်မှာပင် ကားဘီးက လှိမ့်ထွက်သွားပြီ။

ခပ်ဝေးဝေး ရောက်သည်အထိ ပေါက်ပေါက် ရပ်ကြည့်နေပြီးမှ လေးလေးဆွေကို လှမ်းကြည့်တော့ အစားငုံ့စားနေတာကိုပဲ ခပ်အေးအေးပုံစံမျိုးဖြင့် မြင်လိုက်ရတာမို့ သက်ပြင်းချမိလိုက်ရပါပြီ။



ဟန်ကိုယ့်ဖို့ပုံလေးဖြင့် ပေါက်ပေါက် ခြေလှမ်းသုတ်သုတ်ဖြင့် မြသရဖူသို့ ဝင်လာကာ ...

"ဟိုမှာ မိမံလေ၊ ငါ အချဉ်ထုပ် ဝယ်နေတုန်း ကားတစ်စီးနား သွားရပ်စကားပြောပြီး လိုက်သွားပြီဟ၊ ကိုမာန် ဆင်းခေါ်တာမို့ ငါ လိုက်သွားတော့ မမီတော့ဘူး ပါသွားပြီ"

ဟု ပြောခိုက်မှာ လေးလေးဆွေ စားလက်စ ကြေးအိုးကို ချထားခဲ့လျက် အပြေးတစ်ပိုင်း လှမ်းပေါ် ဆင်းချသွားရရှာ၏။

နောက်တော့ ပေါက်ပေါက်တို့ကို လှမ်း၍ ...

"ဘယ်ကားနဲ့လဲ၊ ငါ့ကိုတော့ ဘွား အသေသတ်တော့မှာပဲ"

ဟု မျက်စိမျက်နှာ ပျက်လျက် မေးနေတာမို့ ပေါက်ပေါက်က အဖြူရောင် ကားဖြူလေးတစ်စီးကို လှမ်း၍ လက်ညှိုးထိုးပြသည်။ ကားလေးက အပုံစား။ မြင့်ဆောင်၏တံခါးနှစ်ပေါက်ကားနှင့် တခြားစီ။

"လိုက်ရင် မီနိုင်တယ်၊ လာ ... လာ ... ကောင်မလေးတွေ ကားပေါ်တက် ... တက်"

ဟု ပြောတော့ အားလုံး ကသောကမျောလေးတွေ လိုက်တက်ကြရပါ၏။

"ဒီကိစ္စ ... ဘွားကို နင်တို့လိုက်ရှင်း မိပေါက်ပေါက်၊ ညည်းနဲ့အတူ ပါသွားတာ"

"ဟာ ... ဘွားကို ပေါက်ပေါက် ကြောက်တယ်၊ လေးလေးဆွေနဲ့ တူတူလာတာပဲဥစ္စာ၊ ဆောဆောကတည်းက ဆိုင်ထဲက မထွက်ဖို့ မိမံကို လေးလေးဆွေ တားပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဒီမြသရဖူကို ညည်းခေါ်လာတာ၊ သူတို့ကအသင့်စောင့်နေတာ၊ ဒီကိစ္စ ငါမသိဘူး ညည်းတို့ ဉာဏ်ပဲ"

လေးလေးဆွေ စိတ်ညစ်ညစ်နှင့် ပြောနေတော့ တစ်ချိတည်းနှင့် ပေါက်ပေါက်တို့ ငြိမ်ကျသွား၏။ မရဲတရဲလေး လေးလေးဆွေကို တစ်ချက်ကြည့်ပြီးမှ အားယူ၍ ...

"အဟမ်း ... အဲ ... ဒီမှာ စားချင်တယ် ဆိုတာကို မိမုံက မနေ့က ပုလဲရိပ်မြုံမှာ ပေါက်ပေါက်တို့ကို ပြောတာ၊ ဒီနေ့က ထွေးအိ မွေးနေ့ဆိုတော့ သူ ... ဒီမှာစားချင်တယ် ဆိုပြီး ပူဆာတာနဲ့ ဒီနေ့ သူ ... အတန်းလဲ စတက်ရတဲ့နေ့လဲဖြစ်၊ ထွေးအိ မွေးနေ့လဲဖြစ်လို့ အလိုလိုက်ပြီး ခေါ်လာမိတာပါ၊ ပေါက်ပေါက်တို့ တရားခံ မဖြစ်ပါရစေနဲ့၊ အတူတူလာကြတာချင်းတူတူ၊ လေးလေးဆွေ ကျတော့ အလွတ်ရှန်းတာ ဘယ်ကောင်းမလဲ"

ကားလေးတွင်းမှာ အပြစ်လွှတ်ဖို့ စကားကြောင်းတွေချည်း ရှာရှာပြောနေကြသည်က လေးလေးဆွေနှင့် ပေါက်ပေါက်တို့ အုပ်စုပါ။

လေးလေးဆွေက ကားမောင်းနေရင်း၊ ရင်ထဲမှာမောကျသွားရပါပြီ။

ဘယ်လိုမှ လိုက်မမီနိုင်အံ့ မထင်ဟု ... အားလျှော့လိုက်ချင်၏။

နောက်ဆုံးပေါ်ဟု ထင်ရပါသော ကားဖြူဖြူလှလှလေးက ရိပ်ရိပ် ရိပ်ရိပ်ဖြင့် အကွေ့တစ်ခုကို ကွေ့သွားချေပြီကိုးလေ ...။

✽ ✽ ✽



"မုံရယ် ..."

မုံ့ ပခုံးလေးကို ဆွဲယူသိုင်းဖွဲ့လိုက်ရင်းမှ မုံ့ ခေါင်းလေးကို ပခုံးပေါ် ဆွဲယူမှီတင်စေလိုက်ကာ ဆံနွယ်လေးများကို သပ်တင်ပေးနေမိရင်းမှ သူ ခပ်ညည်းညည်း ခေါ်မိသည်။ ရင်ထဲမှာ ချစ်ရသူလေးကို မခွဲနိုင်တာပဲ ရှိနေသည့် အပြစ်။ မုံ့ ကိုယ်လေးကို ဘယ်တော့မှ အဝေးမခံနိုင်တော့သည့် ခံစားမှုဖြင့် မြတ်နိုးစွာပဲ မလွှတ်တမ်း သိုင်းဖွဲ့ထားမိရပါပြီ။

မုံကတော့ ဘွားကို လန့်နေတာရော၊ လေးလေးဆွေတို့ မီသွား မီသွားမှာကို စိုးရွံ့ချောက်ချားနေမိတာရောဖြင့် မျက်ရည်ဖိုကျနေရသည်။

"မောင်လေ တစ်ခုပဲ နားလည်တယ် မုံ၊ မုံ့ကို မောင် မခွဲနိုင်ဘူးဆိုတာ တစ်ခုပဲ နားလည်နေတော့တယ်ကွယ်"

သူ ခပ်တိုးတိုးပြောပြီး မြတ်နိုးမဝနိုင်စွာ ဆံနွယ်လေးများကို မေးဖျားဖြင့် ဖေးတင်ထားမိရပါ၏။

ကားကတော့ တောက်လျှောက် အရှိန်ဖြင့် ပြေးနေဆဲ။

မုံ တစ်ချက် ရှိုက်မိရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"မုံ ကြောက်လိုက်တာ၊ ဘွားဘွား သိရင် မုံ့ကို သတ်ချင်မှာ"

ဟု တိုးတိုးလေး ပြောတော့ မုံ့ ကိုယ်လေးကို ပိုရှိ သူ့ဘက်ဆွဲပွေ့ ယူလိုက်ရင်းမှ …

"အို … မောင့်မိန်းမ မောင်ပြန်ခေါ်တာပဲ၊ ဘာဖြစ်လဲ၊ သူတို့ လူကြီးတွေကိစ္စ လူကြီးနဲ့ပဲဆိုင်တယ်၊ မောင်တို့က ဘာလို့ ကြားထဲက စိတ်ဆင်းရဲပေးနေရမှာလဲ၊ ဒီမှာ … မုံ၊ မောင် ကျောင်းထွက်ပြီး မုံ့ကို ရှာကျွေးမယ်၊ ကျောင်းထားပေးမယ်၊ မောင် မုံနဲ့ မဝေးရရင် ပြီးရော၊ ကျန်တာကို အားလုံး ရင် ဆိုင်နိုင်တယ် သိလား"

မုံ့ကို ငုံ့မိုး၍ကြည့်ရင်း သူ ပြောနေတော့ ရှေ့ခန်းဆီ မှ ဟက်ခနဲ ရယ်သံတစ်ချက် လွင့်၏။ နောက်ကိုတော့ မြင့်ဆောင် လှည့်မကြည့်။

"ငါ ဖတ်ရတဲ့ …"

"ရှိုးတဲ့မှ လာတော့မှာလား၊ မင်း ကမ္ဘာကျော် အချစ်မှတ်စု ဆိုတာကြီးက"

ဓော်ဓော် ကားမောင်းရင်း စိတ်ပျက်လက်ပျက်ဖြင့် ညည်းတော့ မြင့်ဆောင် တဟဲဟဲ ရယ်သည်။

"ပြောရမှာပဲ ဖိုးဓော်၊ အဲ … ငါ နာမည်မှတ်မိတယ်၊ မှတ် မိတယ်ဆို မနေ့ကပဲ၊ အဲဒါကို ငါပြန်ရှာဖတ်ထားလို့ကွ၊ ဒီကောင့်အဖြစ်နဲ့ တူလို့ပါ၊ အဟဲ ပါတ်မိုကွာ ပါတ်မိုရဲ့ အဆိုထဲမှာ ဘာပါသလဲ ဆိုတော့ အဟမ်း … အချစ်စိတ်ဟူ သည်မှာ လေနှင့်တူ၍ ငှင်းလေသည် ဘယ်အချိန်က ဘယ် အကြောင်းကြောင့် ထ၍တိုက်လာသည် ဆိုခြင်းကို မည်သူ



မျှ မသိကြတဲ့၊ သူတို့လဲ အဲသလိုပဲ ဖြစ်နေတယ်၊ အဲ … တစ်ယောက်ကို တစ်ယောက် ချစ်မှန်းသိကြရတဲ့ အချိန်ကျ တော့ ကိုယ့်မိန်းမ ကိုယ်ပြန်ခိုးရတဲ့ကိန်း ဆိုက်နေပြီ"

မြင့်ဆောင် စကားကြောင့် တစ်ချက်တော့ အားလုံး ရယ်ဖြစ်လိုက်ကြရသည်။

ကားက ယောက်ကြန့်ကို ကျော်လာခဲ့ပြီ။ ကားက ပြေးနေဆဲ။ ဒါပေမဲ့ …

ဩော် … ဒါပေမဲ့ ကားရှေ့ဘောနက်ဆီမှ မီးခိုးတွေ အူထွက်လာနေတာ မြင်ရတာမို့ အလန့်တကြား ဓော်ဓော်က လမ်း ဘေးသို့ ကားကိုထိုးရပ်လိုက်ရပါပြီ။

ကားဘောနက် အဖုံးကြီးကို မဖွင့်ရဲဘဲ ပြူး၍ကြည့်နေ သည့် ဓော်ဓော့်ကို မြင့်ဆောင်က …

"ဘာဖြစ်တာလဲကွ၊ ဟင် … ဘာဖြစ်တာလဲ"

ဟု မေးနေတော့ စိတ်ပေါက်ပေါက်ဖြင့် ဓော်ဓော် မျက်စောင်နှင့် ကြည့်သည်။

"သိမလားကွ၊ မင်းရှာလာတဲ့ကားပဲ၊ ယူလာတဲ့ ကားက မိန်းမခိုးရမယ့်ကား၊ ရှိုးတဲ့မှ ကားစုတ်ကြီး"

"ဟာ … မနေ့ညကမှ ဒီကိစ္စ စီစဉ်ရတာ၊ မုံ့အိမ်ကပြန်လာ ပြီး မပေါက်တို့က ဖိုးမာန်ကိုပြော၊ ဒီနေ့ မမုံ အတန်းတက် မယ် ဆိုတာလဲ သိရ၊ မမုံ့ရဲ့တာလဲ ဒီကောင်ဖတ်ရ၊ မုံ့ကို မခိုးရရင် သေမယ်ဆိုပြီး အိမ်မြှောင်အမြီးပြတ်သလို ဖြစ်နေ တာ မကြည့်ရက်လို့ ကောက်ကာငင်ကာ စီစဉ်ပေးတဲ့မှုကို ကျေးဇူးမတင်ဘဲ ယောက်ရလား၊ ဒါ … အပေါ်အသင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ဗွားနိုင်သေးတာ၊ မရှိရင် ကျွန်းကြောင်း လမ်းလွှဲသွား
ပြီး မိန်းမခိုးရုံပဲ ရှိမယ်"

ဟု စိတ်ပေါက်ပေါက်နှင့် မြင့်ဆောင် ပြန်ဟောက်နေတော့ ဇော်ဇော် ငြိမ်ကျသွား၏။

သူ့ကို ဖေဖေနှင့် မေမေကလည်း ကျောင်းတက်ဖို့ ကားမပေးထားတော့။ ဖေဖေပဲ ကျောင်းသို့ ကားဖြင့်လိုက်ပို့ပေးသည်။ ပြီးလျှင် ပြန်မောင်းသွားချေသည်ပဲ။

မှုန်ရှင်တွေ့ပြီး ကားဖြင့် အလွယ်တကူ ထွက်သွားမှာကို ဖေဖေ စိုးရိမ်၍လား မသိ။

တောင်ကြီးသို့ပင် လောလောဆယ်မှာ ဖေဖေနှင့် မေမေ မပြန်သေး။ မေမေ့ရောဂါကလည်း ဆက်ကုနေရဆဲ။

"ဖယ် ... ငါ ကြည့်မယ်"

မြင့်ဆောင် ဒေါနှင့်မောနှင့် ပြောပြီး စက်ခေါင်းဖုံးကြီးကို ဖွင့်ပစ်လိုက်တော့ မီးခိုးလုံးတွေ အူထွက်နေတာမို့ လန့်သွားလျက် ကမန်းကတန်းကြီး ဒိုင်းခနဲ ပြန်ဖိပိတ်ချလိုက်ရင်း မျက်လုံးမျက်ဆံပြူးကျသွားရပါ၏။

"မီး ထတောက်မယ် ထင်တယ်"

ဇော်ဇော် ပြောတော့ မြင့်ဆောင် နောက်သို့ သုတ်သုတ် ပြန်ဆုတ်၏။ ကားကို လမ်းဘေးထိုးရပ်ထားရင်း ဘာဆက်လုပ်ရမှန်း မသိကြ။ နောက်ဆုံးတော့ သူပဲ ကားဘောနက်ကို သွားဖွင့်သည်။ ကြာလျှင် မဖြစ်။ ဘွားတို့ဘက်ကဖြစ်ဖြစ်၊ ဖေဖေနှင့် မေမေတို့ဘက်ကပဲဖြစ်ဖြစ် လိုက်လာလျှင် မိသွားနိုင်သည်။ ဒါဆို မှုန်ရှင်ဝေးဖို့ သေချာပြီတည့်။



"ကိုမာန် ... ဂရုစိုက်နော်"

"ငါဖွင့်တုန်းကျတော့ သတိပေးရမှန်း မသိဘူး၊ တော်တော်ကူညီဖို့ကောင်းတဲ့ လင်မယား"

သူ ကားဘောနက်ဖုံးကို ဖွင့်နေခိုက်မှာ မြင့်ဆောင်ကတော့ ဖျစ်တောက် ဖျစ်တောက်ဖြင့် ရွတ်နေ၏။ ကားထဲက မီးခိုးတွေ အူထွက်နေတော့ သူ နောက်ဆုတ်လိုက်ကာ စောင့်ကြည့်တော့ တဖြည်းဖြည်းနှင့် မီးခိုးတွေ နည်းလာတာမို့ ဘောနက်ဖုံးကြီး ဖွင့်ထားရလျက် သစ်ရိပ်အောက်မှာ ထိုင်စောင့်ကြည့်ရသည်။

"အရေးကြီးပါတယ်ဆိုမှ၊ ကားစုတ်ကြီးနဲ့ကွာ"

"ဇော်ဇော် ငှားလာတဲ့လူရှေ့ မညည်းနဲ့ကွ၊ အစကတည်းက မင်း ရှာပါလား၊ ကားအပျံစားကြီးကို"

အရေးထဲ ရန်ဖြစ်နေကြသည့် မြင့်ဆောင်နှင့် ဇော်ဇော်ကလည်း တစ်မျောင်း။

မီးခိုးတွေ နည်းပါးသွားတော့ သူ ထရပ်ကာ ကားရှေ့မှရပ်၍ စက်ခန်းကို ကြည့်တော့လည်း အပြစ် ဘာရှာရမှန်းမသိဘဲ ဖြစ်နေတာမို့ ...

"ဇော်ဇော် စက်နှိုးကြည့်ကွာ"

ဟု ပြောတော့ ဇော်ဇော် စက်သွားနှိုးသည်။ တရွှီးရွှီးနှင့် အသံထွက်လာလျက် မီးခိုးတွေ လိမ့်တက်လာပြန်တော့ ကမန်းကတန်းကြီး စက်ခေါင်းဖုံးကို ပိတ်ချလိုက်မိရင်းမှ နောက်ခြေတစ်လှမ်း ဆုတ်မိသွားခိုက် မှုံထဲမှ ...

"အံမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ဟု လန့်အော်သံတို့ ကြားရလျက် သူ့လက်မောင်းကို စိုးရိမ်တကြီး လာဆုပ်ရင်းမှ ...

"ဘာဖြစ်သွားသေးလဲဟင်၊ ကားထဲက ဘာသံလဲ၊ ဘာအော်တာလဲဟင်"

ဟု မေးနေနိုက်မှာပဲ ဖော်ဖော်ကတော့ ကားစက်ရပ်ပြီး ကားထဲမှ ပြန်ထွက်လာပြီ။

"လမ်းဆက်လျှောက်ရင် ကောင်းမယ်၊ ပဲခူးထိ"

ဟု ကားဆွဲလာသည့် မြင့်ဆောင်ကိုပဲ မကျေမနပ်ဖြင့် ရွဲ့ပြောနေတော့ မြင့်ဆောင်က ဒိုင်းခနဲ ဘောနက်ဖုံးကြီး ပြန်ဖွင့်ကာ ...

"မြွေထွက်ထွက်၊ နဂါးထွက်ထွက် စက်နှိုးတယ်ကွာ"

ဟု ဒေါနှင့် မောနှင့် တကယ်ကြီး စက်နှိုးလိုက်တော့ မီးခိုးတွေလည်း ထွက်လာ။ တရှဲရှဲအသံလည်း ပြန်ထွက်လာတာမို့ ...

"မြွေတွန်သံ ကျနေတာပဲ"

ဟု သစ်ရိပ်မှာ ဖင်ချထိုင်ရင်း ပြောစဉ်နိုက်၊ သူ ကားရှေ့မှာ ဒူးထောက်၍ ခေါင်းကိုငုံ့ချပြီး စက်အောက်ပိုင်းကို စူးစမ်းကြည့်တော့ တွေ့ရပါပြီ။

တရှဲရှဲနှင့် ဟိုသည်ယမ်းလျက် မီးခိုးတွေ ထွက်နေသည့် ပစ္စည်း။

ကာဘရိုက်တာမှ လာသည့် အဲကလှင်ဒါတွင် တပ်သော ပိုက်ကပြုတ်၍ ထိုပိုက်မှ မီးခိုးတွေက ပိုက်ဆိမှ တရှဲရှဲ ယမ်းခါခြင်းနှင့်အတူ ထွက်ထွက်နေပါသည့် အဖြစ်ပါတကား။



ကားစက်ကို ပြန်ရပ်။ ပိုက်ကို ပြန်တပ်။ စက်ပြန်နှိုးတော့ အားလုံး အဆင်ပြေချောသွားတာမို့ တပျော်တပါးကြီး ကားပေါ်ပြန်တက်ကြလျက် ခရီးဆက်ကြပြန်၏။

"ဟား ဟား ... အကျိုးနည်းရယ်ရတယ်ဟော့၊ ပိုက်ပြုတ်ပြီး မီးခိုးတွေ ထွက်နေတာကိုး၊ အဟား ဟား"

မြင့်ဆောင်ကတော့ ထုံးစံအတိုင်း ပျော်ပျော်ကြီး ရယ်နေတော့ အားလုံး လိုက်ရယ်မိကြသည်ပါပဲ။ စောစောက စိတ်ရှုပ်ရ၊ လန့်ရနှင့် ခုကျတော့ တစ်မျိုးပင် ပျော်စရာကောင်းနေသေးသည့် အဖြစ်။

"ဒီအဖြစ်က မမေ့ရက်စရာ အတွေ့အကြုံ တစ်ခုအဖြစ် ဒီနှစ်ကောင်မှာ ဖြစ်ကျန်ခဲ့မှာကွ၊ အဟဲဟဲ"

ကားက ခုတော့ သဘောကောင်းကောင်းဖြင့် အင်းတကော်သို့ ရောက်လာပြီ။

"ဟာ ... ဟာ ... ကားဟီ(ဒ်)က အပူတက်တာ ပြလှချည်လား၊ ဘာဖြစ်တာလဲဟ"

စောစောက မီးခိုးထွက်ခဲ့ရှိန်ကြီးဖြင့် လန့်လာလျက် ကားဟီ(ဒ်) အပူချိန်ပြတာကိုကြည့်လျက် မြင့်ဆောင် ထအော်တော့ ထိတ်ခနဲ ပြန်ဖြစ်ကြရလျက် အားလုံး ကားအပူချိန်ပြ ဒိုင်ခွက်ဝိုင်းနေရာကို ကြည့်မိကြရပါပြီတည်း။ ဟုတ်သည်။ ဟီ(ဒ်)မြင့်နေပြီ။

"ငါ ... အသက်တိုတော့မှာပဲ၊ ဒီကားနဲ့"

ကားမောင်းနေရပါသည့် ဖော်ဖော်က နဖူးကို ပုတ်ပစ်ရိုက်ရင်း စိတ်လက်မောစွာ ညည်းနေနိုက် သူပဲ ကားဘောနက်ဖုံးကို ဖွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါပြီ ... ကားပန်ကာကြိုး ပြတ်ကာ၊ ပန်ကာရွက်လည်း ပြုတ်လျက်ရှိနေသည့်အဖြစ်။ ပန်ကာရွက်က ရေတိုင်ကီကို သွားရိုက်နေသေးသည့် အခြေအနေ။ စက်ကိုမရပ်သေးဘဲ လမ်းဘေးမှာ ထိုးရပ်ထားရင်း ကားနှင့်ဝေးဝေးမှာ ပုဆိုးတိုတိုဖြင့် သွားထိုင်နေသည့် ဖော်ဖော်က ...

"မင်း ယူလာတဲ့ကား၊ မင်းပဲ ဆက်မောင်း၊ ဒါပဲ"

ဟု ပြောနေတော့ မြင့်ဆောင် ဒေါ်နှင့် မောနှင့် ကားထဲဝင်၏။

"ဟိ(ဒ်)ပဲတက်တက်၊ ဘာပဲတက်တက် ဝပ်ရှော့ထိ မောင်းမယ်ဟေ့၊ မောင်းမယ်ကွ၊ ကဲ ... ဘောနက်ပုံးချ၊ ထွက်မယ်"

ဟု ပြောတော့ အားလုံး ကားထဲ ပြန်ဝင်သည်။ ဤတစ်ကြိမ်တွင်တော့ မြင့်ဆောင်ကိုယ်တိုင် ကားမောင်း၏။ အရပ်ရှည်ရှည်၊ ခြေတံလက်တံရှည်ကြီးနှင့် ပုံပန်းမကျစွာ ကားမောင်းနေသည့် မြင့်ဆောင်ကို ကြည့်လျက် စိတ်ညစ်နေသည့်ကြားမှ သူနှင့်မုံ တစ်ချက်ပြုံးမိကြပါ၏။

"ဟာ ... သွားပြီ"

အလန့်တကြား ထအော်တော့ ...

"ဘာဖြစ်ရပြန်ပြီလဲ မြင့်ဆောင်ရာ၊ ဒီကားကို မီးရှို့လိုက်တော့ကွာ"

ဟု စိတ်ညစ်ညစ်နှင့် ဖော်ဖော် စိတ်မောလက်မောမေးလာတော့ မြင့်ဆောင် လက်ညှိုးထိုးပြသည်က ကားမောင်းသူ၏ ရှေ့နေရာမှာရှိသည့် ကားအချက်ပြတ်ကိုပါ။



ဘယ်ကွေ့မည်၊ ညာကွေ့မည် ဆိုတာ အချက်ပြမီးဖြင့် အချက်ပြနိုင်ဖို့ ရှိပါသည့် အချက်ပြ မောင်းတံမှာ ခြေတံရှည်ကြီးနှင့် မောင်းနေသည့် မြင့်ဆောင်၏ ဒူးဖြင့် မလွတ်တာမို့ ကျိုးရှာချေပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မုံ့ရယ် ... မောင် မုံ့ရယ်"

မခွဲနိုင်ဘဲ လွမ်းခဲ့ရလေသမျှ ဘယ်လိုမှ ဟန်မဆောင်နိုင်စွာဘဲ မုံ့ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ယူငယ်လိုက်ရင်း မုံ့ မျက်နှာအနှံ့ကို သူ တောက်လျှောက်နမ်းသည်။ မုံ့ကိုယ်လေးမှာ သူ့ရင်ခွင်ထဲ မြုပ်ဝင်သွားသည့်နှယ်ပါ။

သူ့လက်မောင်းသားတွေ တုန်ခါနေတာ သူ့ရင်ခုန်သံကို ကြားနေရတာ။

အားလုံးကို မုံက သိမ့်သိမ့်ခုန်နေသော ရင်ဖြင့် သိနေရပါသည့် အဖြစ်။

ပထမတော့ သူ့အနမ်းတွေက ပြင်းပြင်းပြပြ နိုင်သည်။ တမ်းတမ်းမက်မက် နိုင်သည်။

လွမ်းရလွန်းသည့် ခံစားမှုဖြင့် မုံ့ ကိုယ်လေးကို လွတ်သွားမှာ စိုးစိတ်ဖြင့် သိမ်းပွေ့ထားရင်း တောက်လျှောက် သူ နမ်းရှိုက်၍မဝ။ ထွေးပွေ့၍မဝ။

မုံ့ ဆံစလေးများ၊ မုံ့ မျက်ခွံလေးတွေ။ မုံ့၏ ပါးပြင်နနလေးတွေ။



အားလုံးကို သူ နမ်းရှိုက်နေရင်းမှ တဖြည်းဖြည်း သူ၏ အနမ်းတွေက သိမ်မွေ့ညင်သာလာသည်။ ညှံ့ညှံ့သက်သက် ဖြစ်လာသည်။

ပန်းလွှာတစ်ပွင့်၏ အထိအတွေ့နှယ် သိမ်မွေ့နူးညံ့ လွန်းလာသည့် အဖြစ်။

မုံ့ မျက်ဝန်းလေးတွေကို မှေးပိတ်ထားရင်းမှ ချစ်ရိုရိုပါသော မောင့်အနမ်းများကို ရက်သွေးဖြာစွာ စိတ်လှုပ်ရှားစွာဖြင့် ခံယူနေရသည်မှာလည်း မောင့်ကို လွမ်းရလွန်းသည့် ခံစားမှုများဖြင့် ဝမ်းသာ ဝမ်းနည်း ခံနေရခြင်းသာတည်။

"မုံ့ ... မောင်လေ မုံ့ကို ပြောစရာတွေ အများကြီး ရှိတယ်၊ လာ ... ထိုင်၊ ဒီမှာထိုင်"

တည်းခိုခန်း၏ ခုတင်ထက်မှာ မုံ့ကို သူ့ဘေးမှာ ထိုင်စေ၍ မျက်နှာလေးကို သူ တစိမ့်စိမ့်ကြည့်သည်။ ဆံစလေးများလည်း သပ်တင်ပေးမိသည်။

ချစ်လွန်းသည့် စိတ်ဖြင့်လည်း မုံ့ နဖူးလေးကို နမ်းမိပြန်သည်။

မုံ့ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့မိပြန်ကာ မေးများဖြင့် ဆံစလေးများပေါ် ပေးတင်ထားမိရင်းမှ ...

"မုံ့ကို မောင် ဘယ်အချိန်ကတည်းက ချစ်နေမိခဲ့သလဲဆိုတာ မောင် မသိဘူး မုံ၊ မောင်တို့ နှစ်ယောက်စလုံးက သိထားတဲ့အတိုင်း ရန်ဖြစ်နေကြတာကိုး၊ အဟင်း ... ဟင်း ဒီကောင်မလေးက အရမ်းကို စွာတာ"

www.burmeseclassic.com

www.burmeseclassic.com



နှာတံလေးကို ချစ်စနိုးလေးဆွဲ၍ ပြောတော့ မုံ မျက်နှက်ဝန်းလေးတွေ လက်တောက်လာလျက် မော့ခနဲ ကြည့်လာတာမို့ သူ ပြုံး၍ လက်ညှိုးထိုးရင်း ...

"ဟော ... ကြည့်၊ ခုပဲ စွာတော့မယ်"

ဟု ပြောတော့ မုံ မျက်မှောင်လေးကုတ်ကွေးကြည့်ရာ ...

"အို ... ကိုမာန်ကရော မုံ့ကို ဘယ်တုန်းက အကောင်းပြောဖူးလို့လဲ၊ ဆရာလုပ်ရတာနဲ့ ငေါက်ရတာနဲ့ ဟောက်ရတာနဲ့"

"အမယ် ... မောင်က မုံ့ကို ဟင်းချက်ကျွေးပါတယ်နော်၊ ငါးသေတ္တာချက်လေ ... ငရုတ်သီးစိမ်းနဲ့"

"ဘယ်မှာ စားခဲ့ရလို့လဲ"

"ဒါကတော့ ဖြိုးရဲ့စာကိုတွေ့ပြီး သဝန်တွေတို ရန်တွေငို ကယောင်ချောက်ချားတွေ ဖြစ်ပြီး ပုလဲရိပ်မြုံကို ပြန်လစ်တာကိုးဗျ၊ ဒီမောင်မှာသာ အရူးမီးဝိုင်း ဖြစ်ကျန်ခဲ့ရတာ၊ မုံ တကယ့်ကို ထားခဲ့ရက်တယ်ကွာ"

ဟု ပြောပြီး ခေါင်းလေးကို ချစ်စိတ်ဖြင့် မနာအောင် ထုတော့ မုံ မျက်လွှာတစ်ချက် ချ၏။ တကယ်လည်း ဖြိုး၏စာဆိုတာကြီးကိုတွေ့တော့ မုံ သဝန်တွေတိုပြီး လုပ်မိလုပ်ရာ လုပ်ခဲ့မိတာမို့ သူ့ကို ရှက်နေမိသည်ပေါ့။ ခုကျတော့ မုံပဲ သူ့နောက် ကောက်ကောက်ဝါအောင် လိုက်လာမိခဲ့သည်ကိုး။

မုံ ရှက်နေမှန်းသိတော့ သူ ကြည့်မဝသလို ငုံ့မိုးကြည့်ရင်းမှ ...



"မုံက ရှက်တော့လဲ လှသားဗျ"

ဟု ဆက်နောက်နေတာမို့ မုံ ရှက်ရှက်နှင့် သူ့ကို လက်သီးဆုပ်လေးတွေဖြင့် ထုတော့ သူ ရယ်မောခံနေရင်းမှ လက်လေးတွေကို ဖမ်းယူထွေးဆုပ်လိုက်ရင်း ...

"မောင့်မယား လက်ချောင်းလေးတွေ နာကုန်ပါ့မယ်ဗျာ၊ မောင်က ဗလကောင်းတယ်၊ မနာတတ်ဘူး ... မုံ့ရဲ့ လက်လေးတွေ နာကုန်မှာစိုးလို့"

ဟု ပြောနေရင်းမှ လက်လေးတွေကို ဖွံ့ဖွံ့လေးနမ်းမိပြန်သည်။ နောက်တော့ မုံ့ကိုယ်လေးကို ကလေးလေးလိုပဲ ရင်ခွင်ထဲ သိမ်းပွေ့ထားမိရင်းမှ ...

"အဲသလို ... သရဖီဦးက ထွက်မယ်လဲ ဖြစ်ရော၊ မောင် ဘယ်လိုမှ နေလို့မရတော့တာ မုံ၊ မုံ မရှိဘဲ နေလို့မဖြစ်တော့တာ၊ အဲဒီအခါမှ မောင် ဘာသာလဲ နားလည်လာမိတယ်၊ ပြီးတော့ မောင် ... မုံ့ကို သိပ်ချစ်နေမိပါလား ဆိုတာကိုလဲ သဘောပေါက်လာတယ်၊ နောက်ကို မောင်တို့ ဘယ်တော့မှ မခွဲကြေးနော် ... မုံ"

ဟု ပြောတော့ မုံ မောင့်ရင်ခွင်ထဲ ခေါင်းလေးဖေးမမိရင်းမှ မောင့်ပခုံးကို အားကိုး မြတ်နိုးခြင်းဖြင့် ပေးကိုင်ထားမိရင်း ...

"မုံ့ကိုလဲ မောင် ဘယ်တော့မှ မခွဲရဘူးနော်"

ဟု တိုးသက်သက်လေး ပြောလာတော့ သူ့မျက်နှာတွင် ကြည်နူးရိပ်ထင်လျက် ခေါင်းကြီးငဲ့ကာ ...

"ပြန်ပြောစမ်းပါ မုံရယ်၊ မောင် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေတာမို့ မုံ ရှက်စနိုးလေး ခေါင်းကို ငုံ့ချနေမိတော့ သူ အတင်းဆွဲမော့ရင်း မုံ့ မျက်နှာလေးကို ကြည့်မဝနိုင်သလို တစိမ့်စိမ့် ကြည့်နေမိသည်ပါပဲ။

သြော် ... တကယ် ကြွေရုပ်လေးနှယ်သာတည့်။ အလှတရားများ စုဝေး၍ စားနေပါသည့် သူ၏ ကြွေရုပ်လေးသည် သူ့ရင်ခွင်ဝယ် ရှိနေချေပြီတကား။

"တကယ်က မောင်ရော မုံရော မှားခဲ့ကြတာ ... တစ်ယောက်နဲ့တစ်ယောက် မာနပြိုင်ပြီး မချစ်ဘူးလို့ ပြိုင်ပြောကြ ... ပြီးတော့ လက်ထပ်ဖြစ်ကြ၊ အဲဒီ မချစ်ဘူးဆိုတဲ့ ဥစ္စာကြီးကို မစွန့်ချင်၊ တစ်ယောက်နဲ့ တစ်ယောက် ဖြစ်ကြနဲ့၊ ဟဲ ကောင်းလို့ဗျာ၊ ဒုက္ခရောက်ကြတော့မလို့"

ဟု နောင်တစိတ်ဖြင့် သူ ပြောတော့ မုံ မောင့်ကို မော့မော့ကြည့်ရင်းမှ ...

"မုံက မုံ့ကို မောင် မချစ်ဘူးလို့ ထင်ထားတာကိုး"

ဟု ကလေးလိုပြောတော့ သူ နဖူးချင်း ထိမိရင်းမှ ...

"မောင်ကလဲ မောင့်ကို မုံ မချစ်ဘူးလို့ ထင်မိတာကိုးဗျ"

ဟု ပြောပြီး ကြည်ကြည်မွေ့မွေ့ ရယ်သည်။

ထိုအခိုက်မှာပဲ တံခါးခေါက်သံ ကြားရတာမို့ သူ ထ၍ တံခါးဖွင့်တော့ ...

"ရန်ကုန်က ဖုန်းလာတယ်၊ ကိုမြင့်ဆောင်လို့ ပြောပါတယ်"

ဟု တည်းခိုခန်း ဝန်ထမ်းကောင်လေးက ပြောတော့ သူ ခေါင်းညိတ်ကာ မုံ့ကို ကြည့်သည်။ မြင့်ဆောင်နှင့် ဒေါ်ဒေါ်မှာ



ပဲခူးရှိ ပဒုမ္မာဦးတည်းခိုခန်းသို့ သူတို့နှစ်ယောက်ကို ပို့ပေးခဲ့ကာ ရန်ကုန်ပြန်လစ်ကြသည်လေ။

အဆောင်မှာလည်း အခြေအနေ စောင့်ကြည့်ဖို့ ကြည်စင့်ကို ထားခဲ့ကြသည်။

အကြောင်းတစ်ခုခု ထူး၍များ ဖုန်းဆက်လာခြင်းလား ဟု တွေးဖြစ်လျက် ...

"မုံ ခဏနေနော်၊ မောင် ဖုန်းသွားပြောလိုက်ဦးမယ်၊ မုံ နေရဲတယ် မဟုတ်လား"

ဟု မေးနေတော့ မုံ ခေါင်းလေးပဲ ညိတ်ပြသည်။ မျက်နှာလေးမှာ စိုးရိမ်ရိပ် ထင်နေတာမို့ သနားစိတ်ဖြင့် မုံ့ဘေးမှာ ခဏထိုင်လိုက်ကာ ...

"ဘာကြောက်စရာရှိလဲ မုံ ...၊ အကယ်၍ ဘွားတို့ ဖေဖေတို့ဘက်က မကျေနပ်လဲ သူတို့ မတတ်နိုင်ဘူး၊ မောင်နဲ့ မုံက တရားဝင် လက်ထပ်ထားကြတာပဲ၊ မောင်တို့ကို နှစ်ဖက်မိဘများက အမွေပြတ် ကြေညာတာပဲ အဆိုးဆုံး ဖြစ်နိုင်တာရှိတယ်၊ မုံနဲ့မောင် ဝေးစရာ မရှိဘူး၊ ဟုတ်လား၊ အဲဒီလိုဖြစ်လဲ မောင် လုပ်ကျွေးမှာပေါ့၊ ဒီမှာ တွေ့လား ... ဗလ"

ဟု မုံ စိတ်ထဲ အတန်အသင့် သက်သာအောင် ရယ်မောပြောခဲ့ အားပေးခဲ့ပြီးမှ သူ အောက်ထပ်သို့ ဆင်းခဲ့ကာ တယ်လီဖုန်း သွားကိုင်သည်။

"ဟယ်လို ... မာန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိးတဲ့မှ ဒီလောက်ကြာရလားကွ၊ သွားခေါ်ပေးတဲ့ ကောင်လေးက လာပြောတယ်၊ ခေါ်ထားပါပြီတဲ့၊ အဲဒီနောက်မှာ ဆယ်မိနစ်လောက် ကြာတော့မယ်"

ပထမဆုံး စ,ကြားလိုက်သည်ကတော့ မြင့်ဆောင်၏ စိတ်မရှည်သံကြီးပါ။

"မုံက ရန်ကုန်က ဆိုတာနဲ့ လန့်နေတာ၊ အားပေးရသားတာပေါ့ မြင့်ဆောင်ရ၊ မုံက သိပ်စိတ်နုးညံ့တာ"

"ဟင်း ... ဟုတ်ပါ့ကွာ၊ ကိုယ်မယားကို ချစ်လို့ ချစ်နေမှန်းမသိ၊ ကိုယ့်မယားက ချစ်နေလို့ ချစ်နေမှန်းလဲ မရိပ်မိ၊ အဲသလောက်ညံ့တဲ့ ကောင်က ခုကျတော့ မုံ့ စိတ်ထားလေး နုးညံ့တာတို့ ဘာတို့ အကျသား သိနေလိုက်တာ၊ မင်းဟာလေ ငါတို့မကူရင် မိန်းမနဲ့ ကွဲရလောက်အောင် ညံ့ခဲ့တာ မမေ့ပါနဲ့"

"အေးပါကွာ ... မင်းတို့ကား ရန်ကုန်ကို ရောက်မှရောက်နိုင်ပါ့မလားလို့ ငါက ပူနေမိတာ၊ ခုရောက်တယ်ဆိုတော့ တော်သေးတာပေါ့"

တည်းခိုခန်းအရောက် ဘယ်ကွေ့ ညာကွေ့ကို ဟိုဘက်ပြတင်းပေါက်က လက်ထုတ်၍ အချက်ပြလိုက်၊ သည်ဘက်ပြတင်းပေါက်က လက်ထုတ် အချက်ပြလိုက်နှင့် အရောက်ပို့ပေးခဲ့ကြပါသည့် မြင့်ဆောင်ကို သူ ပြောတော့ ထုံးစံအတိုင်း ရယ်သံပေါ်လာ၏။

သူ့ရင်ထဲမှာ အေးသွားရပါပြီ။ ကြည့်ရတာ အခြေအနေ ဆိုးတာမျိုးတော့ လုံမ်းပြောမှာ မဟုတ်ဟု နားလည်ဖြစ်သည်။



"အတိုဆုံး ပြောမယ်၊ မင့်ပေပေနဲ့ မေမေရော၊ ဘွားနဲ့ မုံ့ ပေပေရော၊ ငါတို့ အဆောင်ကို လိုက်လာတယ်၊ ပြီးတော့ ပုလဲရိပ်မြုံကို ခေါ်သွားတယ်ကွ၊ နေဦး ... ငါ ဆက်ပြောမယ်၊ သူတို့က မင်းတို့နှစ်ကောင် ဘယ်မှာရှိလဲလို့ မေးတယ်၊ ငါတို့က လူလည်တွေပဲ၊ မသိဘူးလို့ ဖြေတာပေါ့၊ အဟဲဟဲ ... အဲဒီအချိန်ထိတော့ ငါရော၊ ဇော်ဇော်ရော၊ အဲ ... အဆောင်မှာ အခြေအနေစောင့်ဖို့ ဆိုပြီး ကျန်ခဲ့ရတဲ့ ကြည်ဇင်ရော သုံးကောင်စလုံး ပုလဲရိပ်မြုံကို ရောက်နေကြပြီ၊ ကိုယ့်ကိုယ်ကိုယ်လဲ လူလည်ကြီးတွေ ထင်နေကြပြီပေါ့၊ မျက်နှာသေလေးတွေနဲ့ ဖြေကြတာ"

တစ်ဖက်မှ တစ်ချက် အသံပျောက်သွားတာမို့ ...

"ဟယ်လို ... ဟယ်လို"

ဟု လိုင်းပြတ်သွားတာများလားဟု စိုးရိမ်စိတ်ဖြင့် ခပ်ကျယ်ကျယ် အော်ခေါ်တော့ ...

"မောလို့ ခဏနားတာကွ၊ နင်းအော်မနေနဲ့၊ ငါ့နားကွဲသွားမယ်၊ နည်းကဲ့စကားလား၊ အရှည်ကြီး ပြောရတဲ့ဥစ္စာ၊ ခဏနားမှာပေါ့ ... အဟဲဟဲ"

သည်လောက် တဟဲဟဲ ဖြစ်နေလျှင် အခြေအနေ မဆိုးလောက်ပါဘူးလေဟု နားလည်နေမိပေမယ့် ရင်ထဲမှာတော့ ပူပင်နေမိသည်ပါပဲ။

"အံမယ်မင်း ... တကယ်တမ်း လူလည်တွေက မင်းပေပေနဲ့ မေမေရယ်၊ ဘွားနဲ့ မုံ့ ပေပေတို့ ဖြစ်နေကြတယ်ကွ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ မင်းတို့နှစ်ယောက်ကို ကားစုတ်ကြီးနဲ့ ပဲခူးအရောက် နိုးပို့ပေးရ ... ဘာရ ... အဟားဟား"

"ယော့ ... ရယ်မနေနဲ့၊ အလကားနေရင်း ရယ်လို့ကောင်းတိုင်း ရယ်နေတာ၊ ငါ့မှာ စိတ်ပူနေတာကွ၊ စိတ်ပူနေတာ"

"တယ် ဒေါ်ကြီးတာကိုး၊ သူတို့က ဒီလိုကွ ... မင်းတို့နှစ်ကောင် ရန်ချည်း ဖြစ်နေကြ၊ ကြီးကျယ်နေကြချိန်မှာ မုံကအဲ ... ငိုကြီးချက်မနဲ့ ပုလဲရိပ်မြိုကို ရောက်လာ၊ မင်းကလဲ ငါးရဲ့ပြာလူး ဖြစ်နေပြီဆိုတော့ သူတို့က မင်း မရောက်ခင်လေးမှာ စာကြည့်ခန်းမှာ တိုင်ပင်ကြတယ်တဲ့၊ လူကြီးချင်း အခန့်မသင့် ဖြစ်ကြတယ်ဆိုပြီး ဆက်လုပ်ကြမယ်ပေါ့၊ မင်းတို့ကိုလဲ ခဏခွဲထားလိုက်မယ်ပေါ့၊ လုံးဝ ပြတ်ပြတ်ထင်ထင် လုပ်ပြကြမယ်ပေါ့ကွာ၊ အဲဒီတော့မှ မင်းတို့ခံစားရမယ်ဆိုပြီး ဝိုင်းတိုင်ပင်ကြ၊ အဲဒီအတိုင်းပဲ၊ မင်းတို့ကို ခွဲထားခဲ့ကြတာပဲ"

သူ့ အံ့သြစိတ်ဖြင့် ဟင်ခနဲဖြစ်နိုက်မှာ နောက်တစ်ကျော့ ရယ်နေသည့် မြင့်ဆောင်က ... ၊

"မဟင်နဲ့ ကိုယ့်လူ ... ငါတို့ လူလည်လေးကောင် ခံလိုက်ရတာ ... မင်းတို့ လိပ်စာလဲ ပေးလိုက်ပြီးပြီ ... သူတို့ မနက်ဖြန် သရဖီဦးက စောင့်နေမယ်တဲ့ ... ပြန်လာခဲ့တဲ့ ... မလာရဲဘူး ဆိုရင်တော့ သူတို့ အဲဒီကို လာခေါ်မယ်တဲ့ ... ဘာမလာရဲစရာ ရှိလဲကွ ... လူကြီးတွေ ဒုက္ခမပေးနဲ့ ... မင်းတို့ မနက်ဖြန် ပြန်လာခဲ့တော့"



ဟု ပြောနေတော့ သူ တစ်ချက် တွေခနဲဖြစ်၏။

"မင်းတို့ဥစ္စာ သေချာရဲ့လားကွာ ... ငါတို့ကို အချိုသတ်ပြီး ပြန်ခွဲမလို့လား"

ဟု စိတ်မအေးသလို ပြောနေတော့ ...

"နှစ်ဖက်လူကြီးမိဘတွေ စုံညီရယ်မောနေရင်းနဲ့ ငါ့ကို အဲဒါတွေ ပြောကြတာ၊ ငါ မျက်စိနဲ့ မြင်ထားတာ ... သူတို့ချင်း တည့်နေကြ၊ ချစ်နေ ခင်နေကြတာ ... ငါ မျက်စိနဲ့ မြင်တယ်ကွာ၊ အဲဒါ မယုံဘူးလား၊ မယုံရင် ထပ်ပြောမယ်၊ အခု ငါဆက်နေတာက ပုလဲရိပ်မြိုက၊ ငါ့ဘေးမှာ ရပ်နေတာက ဘွား ခင်ဗျ"

"ဟင် ... ဘွား ရှိတယ်"

"ဟဲ ... ဟဲ ... ရှိတယ် ... ဘာပဲဖြစ်ဖြစ် အဲဒါကို ခုမှ ပြောတယ်ဆိုတာက မင်းကိုတော့ လူလည်တစ်ချက် ကျချင်လို့ပါ၊ ခုမှ မင်း သိတော့ ဘာတတ်နိုင်သေးလဲ၊ ကဲ ... ဘွားနဲ့ ပြော"

ဟု မြင့်ဆောင် ပြောပြီးတာနှင့် ခဏမှာ ...

"မြေးမောင် ... ပြန်လာခဲ့ကြတော့၊ မင်းရဲ့ မေမေနုလေးတို့ ဟတ်အတက် ဖြစ်ယောင်ဆောင်ပြီး မင်းတို့နှစ်ယောက်ကို ဘွားတို့ လက်ထပ်ပေးခဲ့ကြတယ်၊ ခု ... မင်းတို့ နှစ်ယောက် သဘောတူညီ ထပ်ပြီး နိုးပြေးကြတယ် ဟုတ်လား"

ဟု ချစ်စနိုးလေး ပြောနေတော့ သူ ရှက်ရယ် ရယ်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေ တကယ် မုန်းကုန်ပြီ ထင်လို့ပါ ဘွားရယ် ... ကန်တော့ပါတယ် ဘွား၊ အထင်လွဲမိခဲ့တာ ကန်တော့ပါတယ် ဘွားရယ်၊ မနက်ဖြန် မာန်တို့ ပြန်လာပါမယ် ... မုံ့ကို သွား ပြောလိုက်တော့မယ်နော် ဘွား"

ဟု ပြောပြီး သူ အမြနခက်နေတာရှိ ကမန်းကတန်း ကြီး ဖုန်းကို ချမိလိုက်ရပါပြီ။

ဘာကြောင့်ဆို ဘွားတို့ မသိအောင် မုံ့ကို ခိုးခဲ့သည် ကိုးလေ။ ဘွားတို့က ဒါကို အေးအေးဆေးဆေးလေးဖြင့် ဤကဲ့သို့ ဖြစ်လာမည့် အချိန်ကို စောင့်နေကြချေသည်ကိုး။ ပျော်သည့်စိတ် ဖြင့် လေလေးချွန်လျက် အခန်းတံခါးကို သူ ခေါက်တော့ မုံ လာ ဖွင့်၏။

မျက်နှာငယ်လေးနှင့် ကြောက်ရွံ့ မပြေသေးသည့် မုံ့ ကိုယ်လေးကို သိုင်းဖွဲ့၍ အခန်းတံခါးကို သူ ပိတ်သည်။

"ဘာတဲ့လဲ မောင်"

ဟု မုံမေးတော့ သူ လက်ကလေးကာ၍ မုံ့ မျက်နှာ လေးကို မေးယူ မော့လိုက်ကာ မျက်နှာနုနုလေးကို နမ်းရှိုက်မိပြန် ၏။

"နောက်မှ ပြောမယ် မုံရာ၊ ခု ... မောင့်အားမှာ ထိုင် ... မောင့်ပန်းကို ဟောလိုမှီထား"

ပြတင်းအားမှာ ခုံလေး ယှဉ်ချကာ သူ ပြောတော့ မုံ တစ်ချက် ငေးကြည့်သည်။

သူ ရယ်လိုက်လျက် ...



"မြင့်ဆောင် ပြောတာတွေ နောက်မှ မောင် ပြောပြမယ်၊ ဒီမှာ အရင်ထိုင် ... အို ... မထိုင်နဲ့ ... မောင့်အားမှာရပ် ... မောင်တို့နှစ်ယောက် ... ဟိုးက လမင်းကြီးကို ကြည့်ကြရ အောင်"

မောင် အရမ်းကို ပျော်နေမှန်း သိရတော့လည်း မုံ ရင်ထဲ အေးသွားရသည်ပါပဲ။ သတင်းကောင်းကိုပဲ မြင့်ဆောင်က လှမ်းပြောချေမည်ဟု နားလည်လာမိလျက် မောင် ပြောသလိုပဲ မောင့်ပန်းကို အားကိုးစိတ်ဖြင့် မှီနဲ့ထားမိရင်း မောင့်အားမှာ ရပ်မိ လိုက်ရသည်မှာ မုံပါ။

ဤပန်းသည် မုံ အာဝရ မှီခိုရပါမည့် ပန်း။ ဤရင် ခွင်သည်လည်း မုံ၏ အားကိုးမှီခိုရာ ယုံကြည်အားထားရပါသည့် ရင်ခွင် ပေပဲဟု ခံစားလျက် မောင့်မျက်နှာကို မုံ မော့ကြည့်မိရပါပြီ။ မောင့် လက်တွေက မုံ့ ပန်းလေးကို သိုင်းဖွဲ့ထားရင်းမှ ကျန်လက်တစ် ဖက်ဖြင့် လမင်းကြီးကို လက်ညှိုးထိုးပြသည်။

"ဟိုး ... လမင်းကြီးကို ကြည့်စမ်း မုံ ... မောင်ပြောတာကို လဲ သေချာနားထောင်၊ ပန်းပွင့်လေးတွေရဲ့ ရှင်းသော်လွှာ နဲ့ လေးတွေရဲ့ အထဲမှာ ဘာရှိလဲ ဆိုတော့ ဝတ်မှုန်လေးတွေ ရှိကြတယ်နော်၊ ဟော ... လေပြည်နုနုလေးတွေထဲမှာ ဘာရှိ သလဲ ဆိုတော့ ပန်းရနံ့လေးတွေ ရှိကြပြန်ရော ဟိုဟာ လမင်းကြီးထဲမှာကျတော့ တွေ့လား လူတစ်ယောက် ရှိနေ တယ်လေ ..."

သူ့အသံတွေက အရမ်းကို နူးနူးညံ့ညံ့။ အသံလေး လည်း သိမ်မွေ့အေးချမ်းနေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



မုံ မောင့်ကို မော့ကြည့်မိရင်းမှ မုံ၏ မောင့်ရင်တွင်းမှာ ဤမျှ နူးညံ့အေးချမ်းသည့် အတွေးလေးတွေ ရှိနေတာကို ကြည်နူးစိတ်ဖြင့် အထင်တကြီး ဖြစ်လာမိရပြန်ပါ၏။

ကြည့်စမ်း ... မောင့် စိတ်ထားတွေ အဘယ်မျှ နူးညံ့နေချေသည်တဲ့လဲ။

မုံက ... မောင့်ကို ... ဂျစ်တစ်တစ်နှင့် မာဆတ်ဆတ် လူစားဟု ထင်နေမိခဲ့သည်ကိုး။

လရောင်ရိပ် ဆမ်းထားသော မောင့်မျက်နှာ၊ မောင့်မျက်ဝန်းတွေမှာ ချစ်မြတ်နိုးသည့် အရိပ်တွေ ရွှန်းလဲ့ဖြာကျနေပျက် မုံ့ကိုပြုံး၍ ကြည့်နေတာမို့ မုံ့ လက်လေးတွေက မောင့်မျက်နှာကို ဖွဖွလေး ထိလိုက်မိရင်း ...

"ပြောတတ်လိုက်တာ မောင်ရယ်"

ဟု ပြောမိတော့ မုံ့လက်လေးကို သူ ညင်ညင်သာသာဆွဲယူ၍ ဖွဖွနမ်းရှိုက်ကာ မလွှတ်တော့ဘဲ သူ့ပါးမှာပဲ ဖေးအုပ်ထားလိုက်သည်ပါပဲ။ မုံ၏ခေါင်းလေးကိုလည်း ပခုံးထက်မှာ ဖေးကပ်ထားစေရင်းမှ ဆံစလေးများကို ကြင်နာသိမ်မွေ့စွာပဲ သပ်ပေးနေပါ၏။ မုံ့ကို အရမ်းချစ်ပါလားဟု သိလာရလေ၊ မောင့်ကို မုံ အားနာနေမိရလေပါ။ မုံက မောင့်အပေါ် အရမ်းကို စွာခဲ့ ဆိုးခဲ့သည်ကိုး။

"မောင်က သိပ်ချစ်တော့ ခုလို စကားတွေ ပြောတတ်လာတယ် မုံ၊ ဒီကောင်မလေးကြောင့်လေ ... ဒီကောင်မလေးကြောင့်"

ဟု ပြောတော့ မုံ မျက်ရည်ဝဲလာရင်းမှ လက်အုဒ်လေး ချီလိုက်ကာ ...



"မုံ ... ဆိုးခဲ့တာ ကန်တော့ပါတယ် မောင်ရယ်၊ မောင့်အချစ်ကို နားမလည်ခဲ့တဲ့ မိမုံကို ခွင့်လွှတ်ပါ"

ဟု ပြောတော့ သူ မျက်နှာတစ်ချက် ပျက်၏။ နောက်တော့ ရယ်သံဖြင့် ...

"ဟာ ... အရူးမလေး၊ ဒါ ... ငိုစရာလား၊ တိတ် ... ကြည့်စမ်း၊ မျက်ရည်ပေါက်ကကော့ နီးတူးပဲ"

ဟု ချော့နေစဉ်နိုက် သူ့ရင်ထဲမှာ ကြည်နူးနေမိရသည်ပါပဲ။ မုံ၏ မျက်ရည်လေးတွေ သုတ်ပေးလိုက်ပြီးမှ ...

"ဒီမှာကြည့် ... မောင့်မျက်နှာကိုကြည့်၊ မောင် ပြောတာသေချာနားထောင်၊ စောစောက မောင်ပြောခဲ့တဲ့ ပတ်ဝန်းမှုံလေးတွေဆိုတာ ပန်းဝတ်လွှာထဲမှာ ရှိတယ်၊ ဘယ်တော့မှ ပန်းဝတ်မှုံလေးတွေက အဲဒီ ဝတ်လွှာလေးတွေနဲ့ မခွဲနိုင်ဘူး၊ ဟော ... လေပြည်နုလေးတွေနဲ့ ပန်းရနံ့လေးတွေကလဲ မခွဲနိုင်ကြဘူး၊ ဟိုးက လမင်းထဲမှာ ရှိနေတဲ့လူ၊ အဲဒီလူကလဲ အဲဒီလမင်းကြီးနဲ့ ဘယ်လိုမှ မခွဲနိုင်ဘူး"

ပြောပြီးတော့ သူ မုံ၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးယူမော့စေ၍ အရိပ်ကို ကြည့်သလို တစိမ့်စိမ့်ကြည့်သည်။ သူ့မျက်ဝန်းတွေဆီမှာ ချစ်မြတ်နိုးခြင်း၏ သိမ်မွေ့အေးချမ်းသော အရိပ်များ စီးမျောပြည့်သိပ်လာနေကြပြီတည်း။

"မင်းဟာ ... လမင်းလေးပါ အချစ်ရယ်၊ မောင်က အဲဒီလမင်းထဲက လူပါကွယ်၊ မုံ့ကို ဘယ်လိုမှ မခွဲနိုင်တဲ့ လမင်းထဲကလူပါ ချစ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံတွေ အရှိန်ကို အေးချမ်းနေတာ။ စိတ်လှုပ်ရှား မြတ်နိုးစိတ်ဖြင့် မသိမသာ တုန်နေတာ။ အားလုံးကို မုံ ကြားနေရသည်။

အို ... အဘယ်မျှ ချစ်ဖို့ကောင်းလိုက်ပါသည့် စကားလေးပါလဲလေ။

အဘယ်မျှထိ စိတ်လှုပ်ရှား မြတ်နိုးဖို့ ကောင်းလိုက်ပါသည့် နူးညံ့လွန်းပါသော မောင့်စကားလေးတွေပါလဲ။

မောင့်ရင်ခွင်ထဲ တိုးဝင်မိရင်းမှ ...

"မောင့်အတွက် မုံဟာ လမင်း ဖြစ်သလို၊ မုံ့ အတွက် မောင်ဟာလဲ လမင်းပဲ ဖြစ်ပါတယ် မောင်ရယ်၊ တကယ်တော့ မုံရော မောင်ရော လမင်းနဲ့ မခွဲနိုင်ကြတဲ့ လမင်းထဲကလူတွေပါပဲ မောင်"

မုံ မောင့်ရင်ခွင်မှာ မျက်နှာလေးကို မှေးအပ်ရင်း တိုးဖွဖွ ပြောမိလိုက်စဉ်မှာ မောင်ကို ချစ်စိတ်ဖြင့် အားကိုးစွာပဲ မောင့်ကျောပြင်ကြီးကို သိုင်းဖက်ထားမိရပါပြီ။

"မုံရယ်"

မျက်နှာလေးကို ရင်ခွင်မှာ လက်ဖဝါးဖြင့် ဖေးကပ်ထားမိရင်းမှ မောင်၏ လက်ဖဝါးတွေက လျှောကျ၍ မုံ၏ ကျောပြင်ထက်မှာ ဖေးတင်သိုင်းပွေ့ထားလျက် မောင့် အနမ်းတွေက မုံ၏နဖူးပြင်ထက်မှာ နွေးထွေးရှိန်းမြစွာ ကျလာချေသည်တည်း။

လရောင်ဆမ်းထားသော အခန်းတွင်းဆီသို့ ပန်းရနံ့သင်းသော လေပြည်နုသည် တိုးတိုးဝဲဝဲဖြင့် ရှိနေချေသည် တကား ...။





မွှင့်ချစ်လွှာ ဝန်းရံခဲ့ချေတဲ့
ရွှေရှူတ်ဆံ ပန်းမုံနုရယ်တို့
မခွဲခွာ မွှင့်လွှာရှိချေမှ
ဘဝမှာ တည်ကာမြဲချေမပေါ့
ပန်းလွှာထဲက ရွှေဝတ်မှုံ ...။

ညင်းလေပြေ(ပြည်) ရွှေရင်ဦးမှာလ
တင့်ကျက်သရေ ဂုဏ်ရေမြင့်စွာပြင်
မွှေးကြိုင်ရှာ ရနံ့သင်းငယ်တို့
ကြည်မွေ့စွာ သစ္စာနှင်းချင်ရဲ့
လေနုထဲက သင်းထုံစေ။

လမင်းမှာ အရိပ်ထင်ကာပ
တည်မြဲစွာ ရှိနေရလေတဲ့
လူရဲ့အရိပ် မောင် ဖြစ်ရင် ...
လရင်ခွင် မင်းသာဖြစ်ချေသမို့
(လမင်းရယ် ...)
မင်းရင်ခွင် မွှင့်ကာပေးပါလှည့်
မြတ်နိုးစွာ သစ္စာမြဲသူမို့ ...
(မောင်ဟာလေ ...)
လမင်းထဲကလူ ...
ပြော် ...
လမင်းထဲကလူ ... ။ ။

www.burmeseclassic.com

www.burmeseclassic.com



မှုဝေခံစားခြင်းများစွာဖြင့်

မဟာရာ(လှိုင်ကော်)

၃၁-၃-၉၆

အမှတ်(၉၀)၊ အုန်းတောလမ်း၊

ဒေါ်ဥစ္စရပ်ကွက်၊ လှိုင်ကော်မြို့။

ဖုန်း — ၀၀၃-၂၁၃၂၃

BURMESE CLASSIC

www.burmeseclassic.com